တမူးမြို့ အ.လ.က(ခွဲ) အ.မ.က(၇) ကျောင်းအဆောက်အဦပျက်စီး နေမှုအား ပြုပြင်ပေးရေး၊ ကျောင်းရှိပရိဘောဂများ ဖြည့်တင်းပေးရေး၊ ကျောင်းဝင်း ခြံစည်းရိုးများလည်း ပြန်လည်ပြုပြင်ပေးနိုင်ရေး အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးမှ ဖြေကြားပေးရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစား အပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းဖြင့် ပြည့်စုံကြပါစေလို့ ဦးစွာ ဆုတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တမူးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်၏ တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျာ။

တမူးမြို့နယ်၊ အ.လ.က(ခွဲ) အ.မ.က(၇)၏ ကျောင်းအဆောက်အဦ ပျက်စီးနေမှုများအား ပြုပြင်ပေးရေး၊ ကျောင်းရှိ ပရိဘောဂများ ဖြည့်တင်းပေးရေး၊ ကျောင်းဝင်းခြံစည်းရိုးများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် အဆောက်အဦနှင့် ခြံစည်းရိုးများ ပျက်စီးသဖြင့် ပြုပြင်ရမည့် လုပ်ငန်းများ၏ ကုန်ကျစရိတ်များ တွက်ချက်ပြီး တင်ပြတောင်းခံရေး သက်ဆိုင်ရာကျောင်းအုပ်ကြီး၊ သက်ဆိုင်ရာ မြို့နယ်/ခရိုင်ပညာရေးမှူးရုံးများသို့ ဆက်သွယ်အကြောင်းကြားထားပြီး ဖြစ်ပါ တယ်။ တင်ပြပေးပို့မှုများ ရောက်ရှိလာပါက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာဦးစီးဌာနရုံးချုပ်သို့ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁)မှ ဦးအောင်မင်းကျော်သူအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ၊ အစည်းအဝေးသို့ လေ့လာရန် ရောက်ရှိလာကြသော မဲဆန္ဒရှင်ပြည်သူများနှင့် သတင်းမီဒီယာများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ဦးအောင်မင်းကျော်သူ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ဘုတလင်မြို့နယ်၊ အခြေခံပညာအထက်တန်း ကျောင်းတွင် မီးလောင်ပျက်စီးသွားသော ပင်မ(E)ပုံသဏ္ဌာန် နံကပ်၊ နှစ်ထပ်၊

သွပ်မိုးအဆောက်အဦးအား အမြန်ဆုံး အသစ်ပြန်လည်တည်ဆောက် ပေးနိုင်ရန်နှင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံ လက်ခံဆောင်ရွက်နိုင်ရန် ကျောင်းများဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြ အမှတ်အသား မေးခွန်းတစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါ တယ်ခင်ဗျာ။

ကျွန်တော်တို့ ဘုတလင်မြို့နယ်အခြေခံပညာအထက်တန်းကျောင်း ပင်မ (E) ပုံသဏ္ဌာန် နံကပ်၊ နှစ်ထပ်၊ သွပ်မိုးကျောင်းဆောင်ကြီးအား မလိုလားအပ်သော အဖွဲ့အစည်းများမှ (၂-၄-၂၀၂၅)ရက်နေ့မှာ မီးရှို့ဖျက်ဆီးခဲ့တဲ့အတွက် ကျောင်းကြီးမှာ မီးလောင်ပျက်စီးခဲ့ပါတယ်။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ဆောင် မလုံလောက်ခြင်းဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ၎င်း ကျောင်းဆောင်ကြီးအား အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ပါရန်နှင့် ဘုတလင်မြို့နယ်၊ ခုံမင်းကြီးရပ်ကွက်ရှိ ဖွင့်လှစ်ထားတဲ့ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)မှာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံရေး လက်ခံဆောင်ရွက်ခဲ့ပါတယ်။ မလိုလားအပ်တဲ့ အဖွဲ့အစည်းများရဲ့ ခြိမ်းခြောက်မှု အမျိုးမျိုးကြောင့် ကျောင်းသား/ကျောင်းသူများနှင့် ဆရာ/ဆရာမများ ကျောင်းအပ်နှံ လက်ခံနိုင်ထားခြင်း မရှိခဲ့သည်ကို တွေ့ရှိခဲ့ရပါတယ်။ နှစ်စဉ်ပညာသင်ကြားရေးအတွက် ဘုတလင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရဲ့ အောက်ထပ်မှာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား/ကျောင်းသူများကို ဒေသခံဝန်ထမ်းဆရာ/ဆရာမများအနည်းငယ်ဖြင့်သာ သင်ကြားပေးလျက်ရှိပါတယ်။ ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းအပ်နှံနိုင်ရေးအတွက် ကျောင်းများမှာ စာသင်ကြားပေးနိုင်မည့် အခြေခံအဆောက်အအုံများ လိုအပ်လျက်ရှိပြီး မြို့နယ်အတွင်း အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်နိုင်ခြင်းမရှိတဲ့ ကျောင်းများအား ကျောင်းသားမိဘ၊ ဆရာ/ဆရာမများ၊ ရပ်ကွက်နေပြည်သူများ၊ အစိုးရအဖွဲ့အစည်းများပူးပေါင်း၍ ဘုတလင်မြို့နယ်အတွင်း ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်လျက်ရှိပါတယ်။

သို့ပါ၍ ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် မီးလောင်ပျက်စီးသွားသော ပင်မ(E)ပုံသဏ္ဌာန် နံကပ်၊ နှစ်ထပ်၊ သွပ်မိုး အဆောက်အဦအား

အမြန်ဆုံး အသစ်ပြန်လည်တည်ဆောက်ပေးနိုင်ရန်နှင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံလက်ခံဆောင်ရွက်ရန် ကျောင်းများ ဖွင့်လှစ်ပေးနိုင်ရေး အစိုးရအနေဖြင့် မည်ကဲ့သို့ အထူးစီမံချက်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါသဖြင့် ဘုတလင်မြို့နယ် မဲဆန္ဒနယ် ပြည်သူများ၏ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အား ကြယ်ပွင့်ပြ အမှတ်အသား မေးခွန်းကို လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစား အပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ မေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘုတလင်မြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းကျော်သူ၏ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ဘုတလင်မြို့ အခြေခံပညာအထက်တန်းကျောင်းအသစ် ပင်မကျောင်းဆောင်ကြီး ဆောက်လုပ်နိုင်ရေး ဒေသအခြေအနေအရ မြို့နယ်မှတင်ပြတောင်းခံနိုင်ခြင်း မရှိသေးပါသဖြင့် သင့်တော်မည့် လာမည့်ဘဏ္ဍာရေးနှစ်များတွင် ရရှိနိုင်ရေးကို သက်ဆိုင်ရာ ခရိုင်/မြို့နယ်သို့ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေးအား ဒေသအာဏာပိုင်အဖွဲ့၊ လုံခြုံရေးအဖွဲ့များ၊ မိဘများ၊ ပညာရေး ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အ.လ.က(ခွဲ)ခုံမင်းကြီးကျောင်းတွင် ပူးတွဲလက်ခံဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ (၃၁-၅-၂၀၂၆) ရက်နေ့အထိ အပ်နှံကျောင်းသား မူလတန်းအဆင့်(၂)ဦး၊ အလယ်တန်းအဆင့်

(၃)ဦး၊ စုစုပေါင်း(၅)ဦး လက်ခံဆောင်ရွက်လျက်ရှိပါတယ်။ ဒေသအခြေအနေ ပိုမိုတည်ငြိမ်အေးချမ်းလာပါက အထက-ဘုတလင်(ပင်မ)နေရာတွင် လက်ခံဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်စန္ဒာသိန်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ လွတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ အားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ပဏာမ နူတ်ခွန်းဆက်သအပ်ပါတယ်ရှင်။

ကျွန်မကတော့ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဒေါ်စန္ဒာသိန်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေဖြင့် ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

မော်လိုက်မြို့နယ်၊ မော်လိုက်စာစစ်ဌာနများမှ တက္ကသိုလ်ဝင်တန်းအား ဖြေဆိုအောင်မြင်ခဲ့သည့် ကျောင်းသား/ကျောင်းသူအများစုဟာ မိသားစုအခက်အခဲအရ အဝေးသင်တက္ကသိုလ်ကို တက်ရောက်ရတဲ့သူဟာ ပိုမိုများပြားပါတယ်။ ကျောင်းသား/ကျောင်းသူများဟာ တက္ကသိုလ်တက်ရောက်လိုပါက အဝေးသင်တက္ကသိုလ်(ဟုမ္မလင်း)နှင့် အဝေးသင် တက္ကသိုလ်(မုံရွာ)များကို တက်ရောက်ကြရပါတယ်။ အဝေးသင်တက္ကသိုလ်(ဟုမ္မလင်း)ကို တက်ရောက်ရမဲ့ ကျောင်းသား/ကျောင်းသူများဟာ မော်လိုက်မှ ဟုမ္မလင်းကို သွားရောက်မည်ဆိုပါက ယခုကာလ(၅)နှစ်အတွင်းမှာ ရေလမ်းခရီးဟာ မည်သို့မှ သွားလာလို့မရပါ။ အဘယ့်ကြောင့်ဆိုသော် ရေလမ်းခရီးတစ်လျှောက်မှာ အကြမ်းဖက်(PDF)များ အများဆုံးစိုးမိုးထား၍ ဖြစ်ပါတယ်။ သွားစရာအနေနဲ့လည်း လေကြောင်းလမ်းတစ်ခုသာ ရှိပါတယ်။

လေကြောင်းလမ်းကနေ သွားရောက်မည်ဆိုပါကလည်း မော်လိုက်မြို့မှ ကလေးမြို့သို့ ကားလမ်းခရီးဖြင့် သွားရောက်ရပြီး ကလေးမြို့မှ ဟုမ္မလင်းသို့

တိုက်ရိုက် လေကြောင်းမရှိတဲ့အတွက် ကလေးမြို့မှ မန္တလေး သို့မဟုတ် ကလေးမြို့မှ မုံရွာသို့ သွားရောက်ရပါတယ်။ ထိုမှတစ်ဆင့် ဟုမ္မလင်းမြို့သို့ အဆင့်ဆင့် သောလေကြောင်းခရီးတွေနဲ့ သွားရောက်ရတဲ့အတွက် တည်ငြိမ်အေးချမ်းသော သာမန်အချိန်များထက် ကုန်ဈေးနှုန်းများ၊ ခရီးသွားလာစရိတ်များ အစစအရာရာ ကြီးမြင့်နေသော ယခုလိုအချိန်တွင် ကျောင်းသား/ကျောင်းသူများအနေနဲ့ များပြားလှသော ကုန်ကျစရိတ်များကြောင့် ကျောင်းဆက်လက်တက် ရောက်နိုင်ရန် အခက်အခဲဖြစ်နေရပါတယ်။ နိုင်ငံတော်အတွက်လည်း နစ်နာပြီး လူသား အရင်းအမြစ်များ ဆုံးရှုံးရပါတယ်။

သို့ဖြစ်ပါ၍ ၂၀၂၁ ခုနှစ်မှ စတင်ဖြစ်ပေါ်လာခဲ့သော နိုင်ငံရေး မတည်ငြိမ်မှုများကြောင့်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး အခက်အခဲနှင့်ကုန်ကျစရိတ်များပြားခြင်းတို့ကြောင့်လည်းကောင်း၊ တက္ကသိုလ်ပညာရေးအား ဆက်လက်တက်ရောက်ရန် ခက်ခဲနေကြပါတယ်။ သို့ပါ၍ မော်လိုက်မြို့နယ်မှ ကျောင်းသား/ကျောင်းသူများအား သွားလာရန်ခက်ခဲပြီး ခရီးစရိတ်ကုန်ကျမှုများသော ဟုမ္မလင်းမြို့သို့ သွားရောက်ရမည့်အစား မော်လိုက်မြို့နှင့် လမ်းပန်းဆက်သွယ်ရေးလွယ်ကူအဆင်ပြေစေမည့် ကလေးတက္ကသိုလ်နှင့် မုံရွာတက္ကသိုလ်များသို့ ပြောင်းရွှေ့သင်ကြားလိုပါသဖြင့် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြောင်းရွှေ့သင်ကြားခွင့်အားခွင့်ပြုပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းနှုတ်ခွန်း ဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မော်လိုက်မြို့နယ်၊

အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာသိန်း၏ တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုအောင်မြင်ပြီး တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရာတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိသော ဟုမ္မလင်းဒီဂရီကောလိပ်တွင် တက်ရောက်ကြရမည့်မြို့နယ်များမှာ ဟုမ္မလင်းမြို့နယ်၊ မော်လိုက်မြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့ ဖြစ်ကြပါတယ်။ အဲဒီမြို့နယ်များတွင်ရှိသော ကျောင်းသူ/ကျောင်းသားများကို ဟုမ္မလင်းဒီဂရီကောလိပ်တွင် တက်ရောက်ရန် တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့မှ ရွေးချယ်ချထားပေးခြင်းဖြစ်ပါတယ်။ မုံရွာတက္ကသိုလ်မှာ နေ့သင်တန်းများမှာ အထူးပြုဘာသာရပ်(၁၇)ခု၊ အဝေးသင်သင်တန်းများတွင် အထူးပြုဘာသာရပ်(၁၃)ခုတို့ဖြင့် သင်ကြားပို့ချပေးလျက်ရှိပြီး ကလေးတက္ကသိုလ်တွင် နေ့သင်တန်းများမှာ အထူးပြုဘာသာရပ်(၁၄)ခု၊ အဝေးသင်သင်တန်းတွင် အထူးပြုဘာသာရပ်(၁၂)ခုတို့ဖြင့် သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရှိရပါတယ်။ နေ့သင်တန်းတွင် တက်ရောက်နေသော ကျောင်းသား/ကျောင်းသူများအနေဖြင့် တက္ကသိုလ်တစ်ခုမှ အခြားတက္ကသိုလ်တစ်ခုသို့ ပြောင်းရွှေ့လိုပါက အောက်ဖော်ပြပါအချက်များကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ (၁) မိဘများရှိရာ တက္ကသိုလ်သို့ ပြောင်းရွှေ့ခြင်း၊ အိမ်ထောင်စုဇယားပြောင်း၊ (၂) မိဘ ဝန်ထမ်းပြောင်း အခြေအနေတွင် လိုက်ပါပြောင်းရွှေ့ခြင်း၊ (၃) ကန့်သတ်ဘာသာပြောင်းဖြစ်ပါက သက်ဆိုင်ရာတက္ကသိုလ်သို့ ပြောင်းရွှေ့ခြင်းတို့ ဆောင်ရွက်လို့ရပါတယ်။ အလားတူပဲ အဝေးသင်သင်တန်းတွင် တက်ရောက်နေသော ကျောင်းသား/ကျောင်းသူများအနေဖြင့် တက္ကသိုလ်တစ်ခုမှ အခြားတက္ကသိုလ်တစ်ခုသို့ ပြောင်းရွှေ့လိုပါက အောက်ဖော်ပြပါအချက်များကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ မိဘများရှိရာ မြို့ရွာရှိ တက္ကသိုလ်သို့ ပြောင်းရွှေ့ခြင်း၊ အိမ်ထောင်စုဇယားပြောင်း၊ (၂) မိဘ ဝန်ထမ်းပြောင်း အခြေအနေတွင် လိုက်ပါပြောင်းရွှေ့ခြင်း၊ (၃) ကျောင်းသား/ကျောင်းသူကိုယ်တိုင် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပြောင်းရွှေ့တာဝန် ထမ်းဆောင်ခြင်း၊ (၄) ကန့်သတ်ဘာသာပြောင်း ဖြစ်ပါက သက်ဆိုင်ရာတက္ကသိုလ်သို့ ပြောင်းရွှေ့ခြင်းတို့ ဆောင်ရွက်လို့ရပါကြောင်း တင်ပြ

အပ်ပါတယ်ခင်ဗျာ။ အထက်ပါ သတ်မှတ်ချက်တို့အပြင် အကြောင်းအမျိုးမျိုးကြောင့် မုံရွာမြို့နယ်၊ ကလေးမြို့နယ်နှင့် ဝန်းကျင်တွင် ရောက်ရှိနေကြသည့် အဝေးသင် သင်တန်းသား ကျောင်းသူ/ကျောင်းသားများကို အနီးကပ်သင်တန်း တက်ရောက်ခွင့် ယာယီစာမေးပွဲခန်းများထားရှိ၍ စာမေးပွဲ ဖြေဆိုခွင့်များကို သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူ၍ ဆောင်ရွက် ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ယခုမေးခွန်းနှင့်ပတ်သက်၍ မော်လိုက် မြို့နယ်တွင်နေထိုင်သော ကျောင်းသား/ကျောင်းသူများမှာ သွားလာရေးအခက် အခဲကြောင့် ဟုမ္မလင်းဒီဂရီကောလိပ်မှ မုံရွာတက္ကသိုလ် သို့မဟုတ် ကလေး တက္ကသိုလ်သို့ ပြောင်းရွှေ့တက်ရောက်လိုပါက အထက်ဖော်ပြပါ သတ်မှတ်ချက် များဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ မင်းကင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂)မှ ဦးမြင့်ကျော်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များ၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကျော် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို ဆွေးနွေး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ မင်းကင်းမြို့သည် လက်ရှိအခြေအနေအရ အခြားဒေသ များသို့ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အပြင် တယ်လီဖုန်းဆက်သွယ်ရေး မှာလည်း လွန်စွာခက်ခဲလျက်ရှိပါတယ်။ မင်းကင်းမြို့အနေနဲ့ လမ်းရဲ့ပိတ်ဆို့မှုများ ရှိသည့်အပြင် အတွင်းမှာ ပိတ်မိသလိုဖြစ်နေတယ်။ ဒီလိုဖြစ်နေတဲ့အပြင် တယ်လီဖုန်းဆက်သွယ်မှုများလည်း အော်ပရေတာများအားလုံးမှာ အခက်အခဲ ဖြစ်နေပါတယ်။ ဒါကြောင့်မို့ ဝန်ထမ်းများနှင့် အဖွဲ့အစည်းအသီးသီးက ပုဂ္ဂိုလ်

များအနေနဲ့ ခရီးသွားလာရန် ခက်ခဲမှုများကြောင့် တယ်လီဖုန်းလိုင်းများကို အားကိုးနေရပေမဲ့ ဖုန်းလိုင်းအားလုံး နီးပါးဟာ ရတဲ့အချိန်ကနည်းပြီး မရတာက များပါတယ်။ အရေးကြီးကိစ္စများအတွက် ဆက်သွယ်မှုလွန်စွာ ခက်ခဲလှတဲ့အပြင် လုပ်ငန်းများ ဆောင်ရွက်ရာမှာလည်း အဟန့်အတားတစ်ခုဖြစ်နေပါတယ်။ သို့ဖြစ်ပါ၍ တယ်လီဖုန်းဆက်သွယ်မှုများ အမြဲရနိုင်ရေး အော်ပရေတာများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးခင်မောင်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့်တကွ အစည်းအဝေးတက်ရောက်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းကင်းမဲဆန္ဒနယ်အမှတ်(၂)က ဦးမြင့်ကျော်၏ မေးခွန်းကို ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်မှာ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ဆက်သွယ်မှုအဆင်ပြေ ချောမွေ့စေဖို့အတွက် မိုဘိုင်းစခန်း (၂၅)ခုကို တည်ဆောက်ဖွင့်လှစ်ပြီးတော့ မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုကိုဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရေဦး-ကံထူးမ-ပျဉ်ကိုင်း-ကလေးဝ-ကလေးဖိုင်ဘာဆက်ကြောင်းဟာ ပျဉ်ကိုင်း-ကလေးဝကြားမှာ ချို့ယွင်းပြတ်တောက်လျက်ရှိပြီးတော့ ကလေး-ကလေးဝ-မင်းကင်း မိုက်ကရိုဝေ့ဗ် ဆက်ကြောင်းဟာလည်း စခန်းများအတွင်းမှာ ပျက်စီးမှုများရှိနေတဲ့အတွက် မိုဘိုင်းစခန်းတွေ ဆက်သွယ်မှုပြတ်တောက်လျက်ရှိပါတယ်။ ဒီပြတ်တောက်လျက်ရှိတဲ့ ဖိုင်ဘာ ဆက်ကြောင်းနဲ့ မိုက်ကရိုဝေ့ဗ်ဆက်ကြောင်းတွေကို နယ်မြေအခြေအနေပေါ်မှာ မူတည်ပြီးတော့ ပြန်လည်အစားထိုးပြုပြင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ရမှာ ဖြစ်ပြီး အဲလိုဆောင်ရွက်မှပဲ ဆက်သွယ်မှု လုပ်ငန်းတွေဟာ ပြန်လည်ရရှိမှာ

ဖြစ်ပါတယ်။ အဲတော့ ဒီလိုဖိုင်ဘာဆက်ကြောင်းနဲ့ မိုက္ကရိုဝေဗ် ဆက်ကြောင်းတွေ ပြုပြင်နိုင်ခြင်းမရှိခင်ကာလအတွင်း ကျွန်တော်တို့ မင်းကင်းမြို့နယ်အတွင်းမှာ ဆက်သွယ်မှုများရှိဖို့အတွက် ကျွန်တော်တို့ကလေးဝဘက်က လူထုဆက်သွယ်လိုင်းကနေပြီးတော့မှ ကျွန်တော်တို့ ယာယီဆက်ကြောင်းကို အသုံးပြုပြီးတော့ GSM မိုဘိုင်းစခန်း(၁)ခုကို ကျွန်တော်တို့ အသုံးပြုသော်လည်း မြို့ပြင်လောက်ပဲ ရပြီးတော့ မြို့ထဲအားနည်းတာကို တွေ့ရပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကနေပြီးတော့ ကောင်းမွန်အောင် ပြင်ဆင်လျက် ရှိပါတယ်။ နောက်ပြီး တခြား MPT အပါအဝင် အခြား မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုတွေကိုလည်းပဲ အော်ပရေတာတွေနဲ့ ညှိနှိုင်းပြီးတော့ ဆက်သွယ်မှု ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ် (၂)မှ ဒေါ်ကြူကြူစိန် အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ် (၂)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ လွတ်တော် ကိုယ်စားလှယ်အမှတ်(၂) တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန် ဖြစ်ပါတယ်။ ကျွန်မအနေဖြင့် လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြ မေးခွန်းတစ်ခု မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မုံရွာ-ဟုမ္မလင်း မြန်မာ့လေကြောင်းလမ်းခရီးစဉ်အား တစ်ပတ်လျှင် အနည်းဆုံး(၅)ရက်ခန့်တိုး၍ ပြေးဆွဲပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းကို မေးမြန်း သွားမှာဖြစ်ပါတယ်။ ခရီးသွားပြည်သူများ မော်တော်ယာဉ်၊ ရေယာဉ်ဖြင့် ခရီးသွား လာပါက လမ်းလုံခြုံမှုမရှိခြင်းတို့ကြောင့် လေယာဉ်ခရီးစဉ်ဖြင့်သာ သွားလာ ခြင်းဖြင့် လုံခြုံမှုရှိခြင်း၊ လိုရာခရီးကိုလည်း မြန်ဆန်လွယ်ကူစွာ ရောက်ရှိသည့် အတွက် လေယာဉ်ခရီးဖြင့် သွားလာမှုများကို စိတ်ပါဝင်စားလာကြသည်ကို ပြည်သူလူထုများ၏ စကားသံများမှ ကျယ်ကျယ်ပြန့်ပြန့်ကြားသိနေရပါတယ်။

လေယာဉ်လမ်းကြောင်းလိုင်းများအနေဖြင့် ၂၀၂၄/၂၀၂၅ ခုနှစ်များတွင် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် မုံရွာ-ဟုမ္မလင်း မြန်မာ့လေကြောင်းလိုင်းခရီးစဉ်များကို တစ်ပတ်လျှင် (၇)ရက် ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရှိရပါတယ်။ ၂၀၂၆ ခုနှစ်မှာတော့ မုံရွာ-ဟုမ္မလင်း မြန်မာ့လေကြောင်းလိုင်း ခရီးစဉ်ပျံသန်းမှုအနေဖြင့် တစ်ပတ်လျှင် (၃)ရက်သာ ခရီးစဉ်ပျံသန်းလျက်ရှိသဖြင့် ပြည်သူလူထုခရီးသည်တွေရဲ့ ခရီးသွားလာမှုနှင့် ကုန်စည်စီးဆင်းမှု အင်မတန်နှေးကွေးသွားတာကို တွေ့ရှိရပါတယ်။

ဒါကြောင့် မုံရွာ-ဟုမ္မလင်း မြန်မာ့လေကြောင်းလိုင်းခရီးစဉ်အား တစ်ပတ်လျှင် အနည်းဆုံး(၅)ရက်ခန့် ပြေးဆွဲပေးလျှင် ခရီးသွားပြည်သူများ အဆင်ပြေမည် ဖြစ်ပြီး ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှု မြန်ဆန်ချောမွေ့လာမည် ဖြစ်သည့် အတွက် မုံရွာ-ဟုမ္မလင်း လေကြောင်းလိုင်းကို ရက်တိုး၍ ပြေးဆွဲပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးခင်မောင်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့်တကွ အစည်းအဝေးတက်ရောက်သူအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မုံရွာမဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်၏ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လေကြောင်းလိုင်းနဲ့ပတ်သက်လို့ သက်ဆိုင်ရာဦးစီးဌာနရုံးချုပ်ကိုတင်ပြပြီး ဒီကမှတစ်ဆင့် ကျွန်တော်တို့က ဆက်လက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ယခင်ကလည်း ဒီလို ခန္ဓီးဘက်ကတစ်ခါ ကျွန်တော်တို့ နေပြည်တော်၊ ရန်ကုန်နဲ့ ဒီလိုပဲ ဆက်သွယ်ပြီးတော့ ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ အဲတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့က လေကြောင်းပို့ဆောင်ရေး ညွှန်ကြားရေးဦးစီးဌာနရုံးချုပ်ကို

တင်ပြခဲ့ပါတယ်။ ရုံးချုပ်ကနေမှ ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ပြည်ထောင်စုအစိုးရ အဖွဲ့ကို ဆက်လက်တင်ပြပြီးတော့ အစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်အတိုင်း လေကြောင်းခရီးစဉ်တွေ တိုးချဲ့ပြေးနိုင်ရေးအတွက် စီစဉ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်အမှတ် (၂)မှ ဒေါ်ကြူကြူစိန်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်မအနေနဲ့ တောင်သူများအတွက် သီးနှံများစိုက်ပျိုးရာတွင် မဖြစ်မနေလိုအပ်သော မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များအား သုတေသနပြုလုပ်၍ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ တောင်သူများအနေနဲ့ စိုက်ပျိုးထုတ်လုပ်မှုတွင် အထွက်နှုန်းမြင့်မားစေရန်၊ ပိုးမွှားရောဂါဒဏ် ခံနိုင်ရန်၊ မျိုးစေ့အရည်အသွေး ကောင်းမွန်ရန်နှင့် မျိုးရိုးဗီဇစစ်မှန်ပြီး အခြားမျိုးကွဲများ၊ ပေါင်းကူးမြက်စေ့များနှင့် အမှိုက်သရိုက်များ မရောနှောသော အရည်အသွေးမြင့် မျိုးစေ့များကို စိုက်ပျိုးနိုင်မှသာလျှင် အချိန်ကုန်ရက်ကျိုးနပ်ပြီး သီးနှံများစိုက်ပျိုးရိတ်သိမ်း ရောင်းချသည့်အခါတွင်လည်း ဈေးကွက်ဝင်သီးနှံများအဖြစ် ရောင်းချနိုင်မည်ဖြစ်ပြီး ဈေးကောင်းရရှိမှာ ဖြစ်ပါတယ်။ ဝယ်ယူစားသုံးသူများအတွက်လည်း ကောင်းမွန်သော အသီးအနှံများကို စားသုံးနိုင်မှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တောင်သူများအတွက် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှာ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့

များကို လုံလောက်စွာ ဖြန့်ဖြူးရောင်းချပေးနိုင်ခြင်းရှိ/မရှိကို သိရှိလိုပါကြောင်း တောင်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ရှင့်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးဆန်းဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ။ အားလုံး မင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့မှ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေး တက်ရောက်သူအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသော သုခနှင့် ပြည်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ ဒေါ်ကြူကြူစိန်ရဲ့ မေးမြန်းချက်မှာဖြစ်တဲ့ တောင်သူများအတွက် ဈေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေး သက်ဆိုင်ရာဌာနများမှ မျိုးကောင်း၊ မျိုးသန့်မျိုးစေ့များအား လုံလောက်စွာဖြန့်ဖြူးရောင်းချပေးနိုင်ရေး ရှိ/မရှိဆိုတဲ့ မေးခွန်းကို ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစဉ်းငုံ၊ ချည်မျှင်ချည်ဝါ၊ ချက်ကြံရင့်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူး၊ ပဲပုပ် စတဲ့ သီးနှံ(၁၄)မျိုးကို ပန်းတိုင်သီးနှံများအဖြစ် သတ်မှတ်ပြီး အဓိကစိုက်ပျိုးကြပါတယ်။ အခြားဝင်ငွေရ သီးနှံများဖြစ်တဲ့ ကုလားပဲ၊ စွန်တာပြာ၊ မြေထောက်ပဲ၊ ပဲကြီး၊ ပဲရင်း၊ လက်ဖက်စတဲ့ အခြားသီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ ယနေ့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ယနေ့ မေလအထိ မိုးစပါး (၁၃၇၀၇၅)တင်း၊ ပဲတီစိမ်း(၈၉၀၀)တင်း၊ ပဲစဉ်းငုံ(၂၁၅၆)တင်း၊ မတ်ပဲ တင်း(၅၀၀)၊ မြေပဲ(၆၈၂၇၃)တင်း၊ နှမ်း(၁၂၅၀၀) တင်းနဲ့ နေကြာ ပြည်တွင်းမျိုးဝါ(၁၂၀၁၀)တင်း၊ ပြည်ပမျိုးဝါ(၁၈၀၀၀)ကီလိုဂရမ်၊ အစေ့ထုတ်ပြောင်း(၉၀၄၇)ကီလိုဂရမ်၊ ဝါမှာ ပြည်တွင်းမျိုးဝါ(၇၂၃)တင်း၊ ပြည်ပမျိုး

ကတော့(၁၃၇၄)ကီလိုဂရမ်၊ ပိုက်ဆံလျှော်တင်းက (၉၆)တင်းကို မျိုးအဖြစ်နဲ့ ဖြန့်ဖြူးပေးထားပြီးဖြစ်ပါတယ်။ တောင်သူများ စျေးကွက်ဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် တောင်သူများလိုအပ်တဲ့ မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များကို မျိုးစေ့ထုတ်တောင်သူများ၊ မျိုးသန့်ခြံများ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့်ချိတ်ဆက်ပေးခဲ့လည်းကောင်း၊ တောင်သူအချင်းချင်း မျိုးဖလှယ်ခဲ့လည်းကောင်း၊ မျိုးရရှိမှုအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင်ဝင်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးတင်ဝင်း၊ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့်ဝန်ထမ်းများ၊ အစည်းအဝေးသို့ လေ့လာရေး လာရောက်ကြသော မဲဆန္ဒရှင်ပြည်သူများနှင့် သတင်းမီဒီယာများအားလုံး စိတ်ဓါတ်ချမ်းသာခြင်း၊ ကိုယ်ဓါတ်ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ အရာတော်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၊ ဦးတင်ဝင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်းတစ်ခု မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့အရာတော်မြို့ဟာ (၀.၇၂)စတုရန်းမိုင် (၄၄၇)ကေသာကျယ်ဝန်းပြီး မြို့ပေါ်(၃)ရပ်ကွက်ရှိပါတယ်။ အိမ်ခြေ(၂၂၀၀)ရှိပြီး လူဦးရေ တစ်သောင်းကျော်သာ နေထိုင်ပါတယ်။ ယခင်က ရွှေကိုမလို၊ ငွေကိုမလို ရေကိုသာလိုသည်ဟု ပြောစမှတ် ပြုရလောက်အောင် မိုးခေါင်ရေရှားတဲ့ နေရာဒေသတစ်ခုဖြစ်ကာ မူးမြစ်ဝှမ်းအနီးမှာ နေထိုင်ကြတဲ့ ပြည်သူအနည်းစုမှအပ အများစုဟာ ရေအင်မတန် ရှားပါးလှတဲ့အတွက်ကြောင့် သနပ်ခါးနှင့် ပဲစဉ်းငုံသာ စိုက်ပျိုးနိုင်ကြပြီး ယခုအခါ သနပ်ခါးမြို့တော်အဖြစ် အသိအမှတ်ပြု တင်စားထားကြတာ ဖြစ်ပါတယ်။ ယခုအခါ မြို့ရေပေးဝေရေးအတွက် အများသုံးရေတွင်း(၉)တွင်းရှိသည့်အနက် အမှတ်(၉)တောင်ကန်

ရေတွင်းသည် မပြီးသေးပါ။ အမှတ်(၇) မီးသတ်ရေတွင်းသည်လည်း ပျက်စီးနေပါတယ်။ ကျန်(၇)တွင်းသာလျှင် အသုံးပြု၍ ရပါတယ်။ အမှတ်(၄)စည်ပင်ရေတွင်းမှာဆိုရင် အိမ်ခြေ(၁၀၀)၊ အမှတ်(၅)ကျောက္ကာရပ် ရေတွင်းကတော့ အိမ်ခြေ(၅၀)၊ အမှတ်(၆) ကမ္ဘောဇရေတွင်းက အိမ်ခြေ(၅၀)ခန့် ရေပေးဝေနိုင်ပါတယ်။

အရာတော်မြို့ရဲ့ အဓိက ရေပေးဝေရေးဖြစ်တဲ့ မြို့အနောက်ဘက်(၂)မိုင် အကွာရှိ အောင်မင်္ဂလာရပ် တွင်းအမှတ်(၁/၂/၃/၈)တို့မှ အိမ်ခြေ(၇၀၀)ခန့် ရေဖြန့်ဖြူးပေးနေတာကို တွေ့ရပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကရေတွင်း(၁၀၀)ကျော်လည်း ရှိပါတယ်။ ဒါ့ကြောင့် စုစုပေါင်းအိမ်ခြေ(၁၀၀၀) မြို့ရဲ့ တစ်ဝက်ခန့်ကိုသာ ရေလုံလောက်စွာ ပေးဝေနိုင်တာကို တွေ့ရပါတယ်။ ဒီလို ရေပေးဝေရေး လွှမ်းခြုံနိုင်မှု နည်းပါးရခြင်းဟာ (၁) ရေတွင်းမလုံလောက်ခြင်း၊ (၂) ရေတွင်းဟောင်းများမှ ရေထွက်လျော့ပါးလာခြင်း၊ (၃) ရေစုပ်ပန့်များ၊ ခရူများ ဟောင်းနွမ်းပျက်စီးနေခြင်း၊ (၄) ပင်မရေပိုက်လိုင်းများ ဆွေးမြေ့ပေါက်ပြဲနေခြင်းတို့ကြောင့် ဖြစ်ပါတယ်။

လျှပ်စစ်မီးရသောနေ့များမှာ (၂၅)ကောင် ရေပန့်မော်တာများဖြင့်တင်၍ ရေပေးဝေနိုင်သော်လည်း မီးမရတဲ့နေ့များတွင် (၅၀)KVA မီးစက်ကြီးများဖြင့် မောင်းနှင် ရေပေးဝေရသောကြောင့် စက်မောင်းဆီ အခက်အခဲလည်း ဖြစ်ပေါ်နေရပါတယ်။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် အရာတော်မြို့ ရေပေးဝေရေး ရာနှုန်းပြည့်လွှမ်းခြုံနိုင်ရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနကို မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊

တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အရာတော်မြို့နယ်မှာ ရပ်ကွက်(၃)ခုရှိပြီး အိမ်ခြေ(၂၂၀၀)ခန့်နဲ့ လူဦးရေ တစ်သောင်းကျော်နေထိုင်တဲ့ မြို့တွင်းရေပေးဝေရေးဆောင်ရွက်ရာမှာ မြို့တစ်မြို့လုံး လွှမ်းခြုံနိုင်မှု နည်းပါးရခြင်းမှာ ရေတွင်းမလုံလောက်ခြင်း၊ ရေတွင်းဟောင်းများမှ ရေတွင်းဟောင်းများ ရေထွက်လျော့ပါးလာခြင်း၊ ရေစုပ်ပန့်များ၊ ခရူများ ဟောင်းနွမ်းပျက်စီးနေခြင်း၊ ပင်မရေပိုက်လိုင်းများ ဆွေးမြေ့ပေါက်ပြဲနေခြင်းနှင့် လျှပ်စစ်မီးရရှိတဲ့နေ့ရက်များမှာ (၂၅)ကောင် ရေပန့်မော်တော်ဖြင့်တင်၍ ရေပေးဝေနိုင်သော်လည်း မီးမရသည့်နေ့များတွင် (၅၀) KVA မီးစက်ကြီးများဖြင့် မောင်းနှင်ရေပေးရတဲ့အတွက် စက်မောင်းဆီအခက်အခဲလည်း ဖြစ်ပေါ်ရခြင်းတို့ကြောင့် အရာတော်မြို့ပေါ် ရေပေးဝေရေး ရာနှုန်းပြည့်လွှမ်းခြုံရေးအတွက် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း ဦးတင်ဝင်း၏ မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

အရာတော်မြို့ပေါ်မှာ ရပ်ကွက်(၃)ခု၊ အိမ်ခြေ(၂၂၀၀)ခန့်နဲ့ လူဦးရေတစ်သောင်းကျော်နေထိုင်တဲ့အတွက်ကြောင့်မို့ တစ်မြို့လုံး ရေပေးဝေရေးဆောင်ရွက်ရန် ကျွန်တော်တို့အနေနဲ့ အသေးစိတ် ကွင်းဆင်းလေ့လာတိုင်းတာတွက်ချက်ပြီးတော့မှ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ခု ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ဒေသန္တရ စီမံကိန်းမှာ ထည့်သွင်းလျာထားပြီးတော့မှ ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီးတော့မှ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ကနီမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးထိန်ဝင်းအောင်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် ဒု-ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး

အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ် ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)၊ ဦးထိန်ဝင်းအောင် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း တစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းဆွေးနွေးလိုတာကတော့ မုံရွာမြို့၊ မြို့ပတ်လမ်းနှင့် ကျွဲရဲကျေးရွာ ဆက်သွယ်ထားသော ကျေးလက်ကုန်ထုတ်လမ်းသည် အရှည် (၃၆၀၀)ပေ၊ အကျယ်(၂၅)ပေ၊ (၀.၆၈)မိုင်ခန့်ရှိပြီး ဂျင်းကျောက်လမ်းဖြစ်ပါသည်။ ၎င်းလမ်းဟာ ကျွန်တော်တို့ ကျွဲရဲတောင်ရွာ၊ မြောက်ရွာနှင့် ရှင်ငေယ်၊ သမန္တာ ကျေးရွာများမှ ဒေသထွက်ကုန်များဖြစ်သော ကြက်သွန်နီများ သယ်ဆောင်လာသော ကားများ နေ့စဉ်ဖြတ်သန်းသွားလာနေသော လမ်းဖြစ်ပါတယ်။ ၎င်းလမ်းဟာ ရာသီ မရွေးသွားလာရေးအတွက် ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့် ခင်းကျင်းပေးနိုင်ခြင်း အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ အစီအစဉ် ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါသည် ခင်ဗျား။ အားလုံးပဲ ကျန်းမာချမ်းသာကြပါစေ။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးဆန်းဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး။ အားလုံးမင်္ဂလာပါခင်ဗျာ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် စစ်ကိုင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစည်းအဝေးသို့ တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကနီမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်းအောင်ရဲ့ မုံရွာမြို့၊ မြို့ပတ်လမ်းနှင့် ကျွဲရဲကျေးရွာဆက်သွယ်ထားသော ကျေးလက်

ကုန်ထုတ်လမ်း အရှည်(၃၆၀၀)ပေ၊ အကျယ်(၂၅)ပေရှိတဲ့လမ်းကို ရာသီမရွေးသွားလာနိုင်တဲ့ လမ်းဖြစ်ဖို့အတွက် ကွန်ကရစ် (သို့မဟုတ်) ကတ္တရာလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းနဲ့ပတ်သက်လို့ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

မုံရွာမြို့ မြို့ပတ်လမ်း ကျွဲရဲ-သမန္တာ-တောင်ပုလူ မြို့ပတ်လမ်းဟာ မြေသားလမ်းအရှည် ၅ မိုင် ၆ ဖာလုံခန့်ရှိပြီး ကျေးရွာ(၄)ရွာ၊ အိမ်ခြေ(၁၁၅၀)အိမ်၊ လူဦးရေ(၅၂၈၁)ဦးကို အကျိုးပြုတဲ့ ပြည်ထောင်စုမှ စီမံခန့်ခွဲခွင့်ရှိတဲ့ Class-B လမ်းအမျိုးအစားဖြစ်ပါတယ်။ အဆိုပါလမ်းအား ၂၀၂၇-၂၀၂၈ ခု ဘဏ္ဍာရေးနှစ်မှ စတင်ပြီးတော့မှ မြေသားလမ်းမှ ကတ္တရာလမ်းနဲ့ ကျောက်ခင်းလမ်းသို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား လျာထားတင်ပြဆောင်ရွက်သွားမှာဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ တိုင်းဒေသကြီးရန်ပုံငွေ သို့မဟုတ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပြီ ဖြစ်ပါတယ်။

ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ "ချင်းတွင်းမြစ် အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှုလုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှုနှင့် ဆိုင်ယာနိုက် ဓာတုပစ္စည်းများ ဘေးအန္တရာယ်များမှ ကာကွယ် တားဆီးနိုင်ရေး" တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမှ ထောက်ခံဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ အစီအစဉ် (၆) ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မော်လိုက်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်စန္ဒာသိန်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရုံးဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်

နှစ်ဖြာ ကျန်းမာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။

ကျွန်မကတော့ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်စန္ဒာသိန်း ဖြစ်ပါတယ်ရှင်။ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ **"ချင်းတွင်းမြစ်အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှု လုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှုနှင့် ဆိုင်ယာနိုက် ဓာတုပစ္စည်းများ ဘေးအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရေး"** ချင်းတွင်းမြစ်အားကယ်တင်ပေးနိုင်ရေး တိုက်တွန်းကြောင်းအဆို တင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင့်။

ကျွန်မ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရခြင်း၏ အကြောင်းအရင်းအနေနဲ့ ချင်းတွင်းမြစ်ဟာ မြန်မာနိုင်ငံရဲ့ ဒုတိယအကြီးဆုံးမြစ်ဖြစ်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ အဓိက အသက်သွေးကြောလည်းဖြစ်ပါတယ်။ ချင်းတွင်းမြစ်ဟာ အရှည်မိုင်အားဖြင့် မိုင်ပေါင်း(၄၉၀)ကျော်ခန့်ရှိပြီး ကချင်ပြည်နယ်မှ အစပြုကာ စစ်ကိုင်းတိုင်းဒေသကြီးကို ဖြတ်သန်းစီးဆင်းပြီး မြင်းမူမြို့နှင့် ပခုက္ကူမြို့အနီးမှာ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သွားပါတယ်။ ဖြတ်သန်းသွားတဲ့ အဓိက မြို့နယ်များမှာ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ ကနီမြို့နယ်၊ မုံရွာမြို့နယ်၊ ယင်းမာပင် မြို့နယ်နှင့် ချောင်ဦးမြို့နယ်တို့ဖြစ်ပါတယ်။ အဆိုပါ မြို့နယ်များ၏ စိုက်ပျိုးမြေဧက သိန်းချီကာ ချင်းတွင်းမြစ်ရေကို မှီတည်နေကြရပါတယ်။ ယခုအခါ ချင်းတွင်းမြစ်အတွင်း မြစ်ကြောင်းတစ်လျှောက်နှင့် မြစ်ထဲဝင်ရောက်နိုင်တဲ့ မြစ်လက်တက်နေရာများမှာ ရွှေတူးဖော်မှုများ ရှိနေပါတယ်။ ရွှေတူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုဟာ ကြီးမားပြီး ငွေကြေးတန်ဖိုး သို့မဟုတ် ဆုံးရှုံးမှုကို ပမာဏအနေနဲ့ တွက်ချက်ရန် ခက်ခဲသော်လည်း အောက်ပါ အချက်(၄)ချက်အပေါ် အခြေခံပြီးတော့မှ ဆုံးရှုံးမှုအတိုင်းအတာကို ခန့်မှန်းနိုင်ပါတယ်။

နံပတ်(၁) မြစ်ကြောင်းများ ပြောင်းလဲခြင်းနှင့် ကမ်းပါးပြိုခြင်း၊ ရွှေတူးဖော်ရာမှာ သောင်တူးခြင်းကြောင့် မြစ်ကြမ်းပြင်မြေသားများ ပျက်စီးပြီးတော့ မြစ်ကြောင်းပြောင်းလဲခြင်း၊ မြစ်များကောလာခြင်းများ ဖြစ်လာပါတယ်။ အကျိုးဆက်အနေနဲ့ မြစ်ကမ်းပါးများ ပြိုကျခြင်းကြောင့် ကမ်းနားရှိ လူနေအိမ်နှင့်

စိုက်ပျိုးမြေကော ထောင်ချီ နှစ်စဉ် မြစ်ထဲသို့ ပါသွားခြင်း၊ မြစ်ကြောင်းပြောင်းလဲပြီး ကောက်ကွေ့လာခြင်းကြောင့် ရေကြောင်းသွားလာရေး အန္တရာယ်ပိုများလာပါတယ်။

နံပါတ်(၂) ပြဒါးနှင့် ဓာတုပစ္စည်း ညစ်ညမ်းမှုအန္တရာယ်၊ ရွှေဖမ်းရာမှာ အဓိကသုံးသည့် ပြဒါးတွေဟာ မြစ်ထဲကို တိုက်ရိုက်စီးဝင်နေပါတယ်။ ရွှေ(၁) ကီလိုဂရမ်ထုတ်ယူတိုင်း ပျမ်းမျှအားဖြင့် ပြဒါး(၁.၃)ကီလိုဂရမ်ခန့်ဟာ ပတ်ဝန်းကျင်ကိုရောက်ရှိသွားတယ်လို့ သုတေသနအချို့၏ ပြောကြားချက်များအရ သိရှိရပါတယ်။ ပြဒါးဟာ ရေထုအတွင်းရှိ ငါးများတွင် စုပုံနေပြီး ထိုငါးများကို စားသုံးတဲ့ ပြည်သူများဟာ ပြဒါးကြောင့် ဦးနှောက်နှင့် အာရုံကြောဆိုင်ရာ ရောဂါများကို ဖြစ်ပွားနိုင်ပါတယ်။

နံပတ် (၃) ရေထုနောက်ကျိခြင်း၊ ရွှေတူးဖော်ခြင်းကြောင့် မြစ်ရေအတွင်း အနည်အနှစ်များနှင့် ရွံ့နွံများ လွန်ကဲစွာ ပါဝင်လာပါသည်။ ရေနောက်ကျိမှုကြောင့် နေရောင်ခြည်ဟာ ရေအောက်မရောက်ရှိနိုင်တဲ့အတွက် ရေညှိရေမှော်များနှင့် အပင်များဟာ သေကြေပျက်စီးကာ ငါးများဥချရန်နှင့် ရှင်သန်ရန် ခက်ခဲပြီး ငါးမျိုးသုဉ်းခြင်းများ ဖြစ်ပေါ်လာပါတယ်။ တချို့နေရာများမှာ မြစ်ရေကို သောက်သုံးရေအဖြစ် သုံးနေကြရဆဲဖြစ်ရာ ရွှေတူးရာမှ ပြဒါးကဲ့သို့ ဓာတုပစ္စည်းများကြောင့် သန့်ရှင်းသော သောက်သုံးရေမဖြစ်ဘဲ ကျန်းမာရေး ထိခိုက်လာကြမှာ ဖြစ်ပါတယ်။

နံပတ်(၄) မြစ်ကြမ်းပြင် မြင့်တက်လာခြင်း၊ ရွှေတူးဖော်မှုကြောင့်ထွက်လာတဲ့ သဲနှင့်ကျောက်စရစ်တွေဟာ မြစ်ထဲပြန်လည်ကျရောက်သွားခြင်းကြောင့် မြစ်က တစ်နှစ်ထက် တစ်နှစ် တိမ်ကောလာခဲ့ပါတယ်။ မြစ်ကြမ်းပြင် မြင့်တက်လာတဲ့အတွက် မြို့၊ ရွာများအနေနဲ့ ရေကြီးရေလျှံမှုကို နှစ်စဉ် ဆိုးရွားစွာ ခံနေရပါတယ်။ ယခင်က ၃ နှစ်မှ တစ်ကြိမ်ခန့် မြစ်ရေလျှံခဲ့သော်လည်း ယခုအခါ နှစ်စဉ် ရေကြီးရေလျှံမှုများကို ကမ်းနားရှိ မြို့/ရွာများဟာ ခံစားနေကြရတာဟာ သာဓက ဖြစ်ပါတယ်။ ရေကြီးရေလျှံဖြစ်တဲ့အတွက် မြို့/ရွာနေအိမ်များ ရေကြီးနစ်မြုပ်ခြင်း၊ စိုက်ပျိုးသီးနှံများ နစ်မြုပ်ဆုံးရှုံးခြင်း ဖြစ်ပေါ်လျက်ရှိပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များရှင့်။

ခြံငုံ၍သုံးသပ်ရပါလျှင် ရွှေတူးဖော်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ဆိုးကျိုး အနေဖြင့် မြေထုအနေနဲ့ စိုက်ပျိုးမြေ ပြိုကျလျော့နည်းလာကာ စားနပ်ရိက္ခာ ဖူလုံမှု လျော့နည်းလာပါတယ်။ ရေထုအနေနဲ့လည်း ပြဒါးနှင့် ဓာတုပစ္စည်း ညစ်ညမ်းမှုကြောင့် ကျန်းမာရေးနှင့် မျိုးဆက်သစ်များရဲ့ အနာဂတ်ကို ထိခိုက် နိုင်ပါတယ်။ ဇီဝမျိုးစုံအနေနဲ့လည်း ငါးမျိုးစိတ်ရှားပါးလာတဲ့အတွက် ဇီဝပျက်စီးမှု ဖြစ်ခြင်းနှင့် ဒေသခံ တံငါသည်များ အလုပ်လက်မဲ့ ဖြစ်လာပါတယ်။ ဒေသ အနေနဲ့ မြစ်တိမ်ကောလာတဲ့အတွက် သယ်ယူပို့ဆောင်ရေးခက်ခဲလာခြင်း၊ ရေကြောင်းကို အဓိကထားသွားလာနေရတဲ့ ချင်းတွင်းမြစ်တစ်ကြောရှိတဲ့ မြို့၊ ရွာများဟာ ကုန်စည်စီးဆင်းမှု ခက်ခဲပြီးတော့ ကုန်ဈေးနှုန်း ကြီးမြင့်လာပါတယ်။ အရေးအကြီးဆုံးကတော့ သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးမှုဟာ ပြန်လည် ပြုပြင်၍မရနိုင်သောအခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း ပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များက သတိပေးလျက်ရှိနေကြပါတယ်။ ယခင်အစိုးရ အဆက်ဆက်မှာလည်း မြစ်ကြောင်းတွင် ရွှေတူးဖော်မှုကို အကြိမ်ကြိမ်တားမြစ် ခဲ့တာကို အားလုံးအသိပဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့အစိုးရသက်တမ်းမှာဆိုလျှင် သဘာဝ ပတ်ဝန်းကျင်နှင့် သစ်တောတွေကို ထိန်းသိမ်းနိုင်ဖို့ နိုင်ငံခြားဝင်ငွေရနေတဲ့ သစ်ထုတ်လုပ်တာကိုလည်း တားမြစ်ခဲ့တာ အားလုံးသိရှိမှာ ဖြစ်မှာပါ။ ယခုလို မြစ်ကြောင်းများအတွင်း ရွှေတူးဖော်ခြင်းမှာလည်း ရွှေမှရရှိသော အကျိုး အမြတ်ထက် ပျက်စီးသွားသော ဂေဟစနစ်ကို ပြန်လည်ကုစားရမည့် ကုန်ကျ စရိတ်က ဆယ်ဆမက ပိုမိုများပြားလာမှာ ဖြစ်ပါတယ်။

အဆို၏ အဓိက ရည်ရွယ်ချက်အနေနဲ့ မြစ်ကြောင်းတိမ်ကောမှုနှင့် ကမ်းပါးပြိုကျမှုကို ထိန်းချုပ်ရန်၊ မြစ်ရေအတွင်း ပြဒါးနှင့်အခြား ဓာတုပစ္စည်းများ စီးဝင်မှုကို တားဆီးကာ ပြည်သူ့ကျန်းမာရေးကို ကာကွယ်ရန်၊ တရားမဝင်နှင့် စနစ်မဲ့ ရွှေတူးဖော်မှုလုပ်ငန်းများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူရန် ဖြစ်ပါတယ်ရှင့်။

လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များရှင့်။

ယင်းပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတော်အစိုးရမှ အောက်ပါ အချက်များကို ဆောင်ရွက်ပေးနိုင်ပါရန် တိုက်တွန်းအပ်ပါတယ်။

နံပတ်(၁) ကန့်သတ်နယ်မြေများ သတ်မှတ်ခြင်း။ ချင်းတွင်းမြစ်ကြောင်းနှင့် မြစ်လက်တက်များ၏ နေရာများတွင် ရွှေတူးဖော်ခြင်းကို လုံး၀(လုံး၀) ခွင့်မပြု သည့် "သဘာ၀ပတ်၀န်းကျင်ထိန်းသိမ်းရေး ကန့်သတ်ဇုန်"များ သတ်မှတ်ရန်၊ နံပတ်(၂) စစ်ဆေးကြပ်မတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း။ သက်ဆိုင်ရာ ၀န်ကြီးဌာနများ၊ ပညာရှင်များနှင့် ဒေသခံကိုယ်စားလှယ်များပါ၀င်သော ကွင်းဆင်းစစ်ဆေးရေး အဖွဲ့များကိုဖွဲ့စည်းကာ လုပ်ငန်းခွင်အတွင်း ပြဒါးအသုံးပြုမှုနှင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများကို ပုံမှန်စစ်ဆေးရန်။ နံပတ်(၃) နည်းပညာပြောင်းလဲခြင်း။ ရွှေတူးဖော်ရာတွင် ပြဒါးအသုံးမပြုဘဲ ပတ်၀န်းကျင်ကို ထိခိုက်မှုနည်းသော နည်းပညာအသစ်များကို အသုံးပြုနိုင်ရေး နည်းလမ်းရှာဖွေကာ လမ်းညွှန်ချက် ထုတ်ပြန်ခြင်းနှင့် ပညာပေးခြင်းများလုပ်ဆောင်ရန်။ နံပတ်(၄) ဥပဒေအရ အရေး ယူခြင်း။ ခွင့်ပြုချက်မဲ့တူးဖော်နေသော လုပ်ငန်းများနှင့် သတ်မှတ်စည်းကမ်းချက် များအား ဖောက်ဖျက်သော ကုမ္ပဏီများကို မြန်မာ့သတ္တုတွင်းဥပဒေ၊ ပတ်၀န်းကျင် ထိန်းသိမ်းရေးဥပဒေတို့အရ ထိရောက်စွာ အရေးယူရန်။ နံပတ်(၅) မြစ်ကြောင်း ပြန်လည်ကုစားခြင်း။ ပျက်စီးသွားသော မြစ်ကမ်းပါးများနှင့် တိမ်ကောနေသော နေရာများကို ပြန်လည်ကုစားရန်အတွက် ရွှေလုပ်ငန်းရှင်များထံမှ "ပတ်၀န်းကျင် ထိန်းသိမ်းရေး ရန်ပုံငွေ" သီးသန့်ကောက်ခံကာ ကုစားဆောင်ရွက်ရေးလုပ်ငန်းများ စတင်ရန် ဖြစ်ပါတယ်ရှင့်။

ဒါကြောင့် ချင်းတွင်းမြစ်ကို အချိန်မီထိန်းသိမ်းကာ နောင်မျိုးဆက်သစ် များအတွက် သန့်ရှင်းသောရေနှင့် စိုက်ပျိုးမြေများ ဆုံးရှုံးမှုဘေးမှ ကယ်တင် နိုင်ရေး နိုင်ငံတော်၏ သဘာ၀သယံဇာတများကို ရေရှည်တည်တံ့စေရန်နှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ပါရန် အရေးကြီး တိုက်တွန်း ကြောင်းအဆိုကို လေးလေးနက်နက် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ မော်လိုက်မြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်စန္ဒာသိန်း တင်သွင်းသွားသည့်အဆိုကို ထောက်ခံမည့် လွတ်တော်ကိုယ်စားလှယ် (၁)ဦးအား ဖိတ်ခေါ်ပါတယ်။

ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ၊

ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ ရုံးဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ် နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ် ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးတင်မင်းထွဋ် ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ မော်လိုက်မဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)၊ ဒေါ်စန္ဒာသိန်း တင်သွင်းသွားသည့် **"ချင်းတွင်းမြစ် အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှု လုပ်ငန်းများကြောင့် မြစ်ကြောင်း ပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှုနှင့် ဆိုင်ယာနိုက်ဓာတုပစ္စည်းများ ဘေးအန္တရာယ် များမှ ကာကွယ်တားဆီးနိုင်ရေး"** တိုက်တွန်းကြောင်းအဆိုကို လေးနက်စွာ ထောက်ခံအပ်ပါတယ်ခင်ဗျာ။

ကျွန်တော့်အနေနဲ့ ဒေါ်စန္ဒာသိန်းရဲ့အဆိုကို ဘာကြောင့် ထောက်ခံရတယ် ဆိုတဲ့အကြောင်း အနည်းငယ် တင်ပြဆွေးနွေးလိုပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ချင်းတွင်းမြစ်ဟာ အဆိုတင်သွင်းသူ တင်ပြထားသလို မြန်မာနိုင်ငံရဲ့ ဒုတိယအကြီးဆုံးမြစ်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးရဲ့ အဓိကအသက်သွေးကြော လည်းဖြစ်ပါတယ်။ ဒါပြင့် ချင်းတွင်းမြစ်ဟာ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ ဖောင်းပြင်မြို့နယ်အပါအဝင် ခန္တီး၊ ဟုမ္မလင်း၊ မော်လိုက်၊ ကလေးဝ၊ မင်းကင်း၊ ကနီ၊ မုံရွာနဲ့ ယင်းမာပင်မြို့နယ်များကို ဖြတ်သန်းစီးဆင်းလျက်ရှိပြီး အဆိုပါ မြို့နယ်များရဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးဖမ်းလုပ်ငန်း၊ ရေကြောင်းခရီးသွား လာရေးကဏ္ဍများမှာ အဓိကမှီခိုအားထားရာလည်း ဖြစ်ပါတယ်။ ယခုအခါ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်နဲ့ မြစ်ဘေးဝဲယာတစ်လျှောက်မှာ တရားမဝင် ရွှေတူးဖော်ရေး လုပ်ငန်းများအား လုပ်ကိုင်နေကြတာ အားလုံးအသိပဲဖြစ်ပါ တယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် အရမ်းကာရော ရွှေတူးဖော်နေမှုများ ကြောင့် ရေထုညစ်ညမ်းမှု၊ ပြဒါးနှင့် ဆိုင်ယာနိုက်ဓာတုပစ္စည်းများ အသုံးပြုမှု

များကြောင့် ဒေသခံများ၏ ကျန်းမာရေးထိခိုက်မှု၊ လျှပ်စစ်နှင့် ထိခိုက်ပျက်စီးမှု၊ စိုက်ပျိုးမြေဆုံးရှုံးမှု၊ မြစ်ကြမ်းပြင်ပုံသဏ္ဌာန်ပြောင်းလဲမှုကြောင့် ရေစီးကြောင်းပြောင်းလဲတိုက်စားပြီး လူနေအိမ်များဆုံးရှုံးရမှု၊ မြစ်ရေကိုအခြေပြု၍ လုပ်ကိုင်ရသော ရေရှည်အကျိုး ဖြစ်ထွန်းစေမည့်လုပ်ငန်းများ ထိခိုက်ဆုံးရှုံးမှု စသဖြင့် ထိခိုက်ဆုံးရှုံးမှုများစွာထဲမှ မော်လိုက်မြို့နယ်လွတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာသိန်းရဲ့ တိုက်တွန်းကြောင်းအဆိုမှာ အဓိကအချက်(၄)ချက်ကို ထည့်သွင်းဆွေးနွေးထားတာ တွေ့ရပါတယ်။ အဲဟာတွေကတော့ (၁) မြစ်ကြောင်းပြောင်းလဲခြင်းနှင့် ကမ်းပါးပြိုခြင်း၊ နံပတ်(၂) ပြဒါးနှင့် ဓာတုပစ္စည်း ညစ်ညမ်းမှု၊ နံပတ်(၃) ရေထုနောက်ကျိခြင်း၊ နံပတ်(၄) မြစ်ကြမ်းပြင် မြင့်တက်လာခြင်းတို့ ဖြစ်ပါတယ်။ ဒီအချက်တွေနဲ့ပတ်သက်ပြီး အဆိုတင်သွင်းသူ ကိုယ်စားလှယ်ကြီးရဲ့ ဆွေးနွေးမှုများဟာ ငြင်းပယ်လို့မရ မှန်ကန်နေကြောင်း အားလုံးသိရှိပြီးဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

တိုက်တွန်းကြောင်း အဆိုတင်သွင်းသူ ကိုယ်စားလှယ်ကြီးဒေါ်စန္ဒာသိန်းရဲ့ အဆိုမှာ အဓိကရည်ရွယ်ချက်များနဲ့ ဆောင်ရွက်စေလိုတဲ့အချက်များကိုပါ ထည့်သွင်းအဆိုပြုထားပြီးဖြစ်ပါတယ်။ ရည်ရွယ်ချက်မှာ အနည်းငယ်သာ အကျဉ်းချုံးတင်ပြထားပေမဲ့ ချင်းတွင်းမြစ်တစ်လျှောက် အဆင်ခြင်မဲ့ ရွှေတူးဖော်မှု လုပ်ငန်းများကို ကာကွယ်တားဆီးနိုင်မည်ဆိုပါက ဒေသခံမိဘပြည်သူများရဲ့ လတ်တလော ထိခိုက်နစ်နာမှုများနဲ့ ရေရှည်မှာဖြစ်ပေါ်လာနိုင်မဲ့ ထိခိုက်နစ်နာမှု အများအပြားကို ကာကွယ်တားဆီးနိုင်မှာ ဖြစ်တဲ့အပြင် ရေရှည်အကျိုးစီးပွား အမြောက်အများကိုလည်း ကျွဲကူးရေပါဆိုသလို ရရှိခံစားကြရမှာဖြစ်ပါတယ်။ ဒါကြောင့် မော်လိုက်မဲဆန္ဒနယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဒေါ်စန္ဒာသိန်းတင်သွင်းတဲ့ **"ချင်းတွင်းမြစ် အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှု လုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှုနှင့် ဆိုင်ယာနိုက် ဓာတုပစ္စည်းများ ဘေးအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရေး"** တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်အနေနဲ့ အပြည့်အဝ ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း

ဥက္ကဋ္ဌ။ မော်လိုက်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာသိန်း တင်သွင်းတဲ့အဆိုကို လွှတ်တော် ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ ဒေါ်စန္ဒာသိန်း တင်သွင်းသွားတဲ့ အဆိုကို လွှတ်တော်မှာ လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူသွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မော်လိုက်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်စန္ဒာသိန်း တင်သွင်းတဲ့ အဆိုကို လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သဘောတူပါသလားခင်ဗျာ။ (သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ သဘောမတူတဲ့သူ ရှိပါသေးလားခင်ဗျာ။

လွှတ်တော်ကိုယ်စားလှယ်များ။ မရှိပါဘူး။

ဥက္ကဋ္ဌ။ သဘောမတူသူ မရှိတဲ့အတွက် မော်လိုက်မြို့နယ်၊ လွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာသိန်း၏ **"ချင်းတွင်းမြစ် အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှုလုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်း ပြဒါးညစ်ညမ်းမှုနှင့် ဆိုင်ယာနိုက်ဓာတုပစ္စည်းများ ဘေးအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရေး"** တိုက်တွန်းကြောင်းအဆိုအား လွှတ်တော်၌ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်သည့်အတွက် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

ဥက္ကဋ္ဌ။ ဆက်လက်ပြီး အစီအစဉ်(၈)ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

မော်လိုက်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်စန္ဒာသိန်း တင်သွင်းတဲ့အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည့်အတွက် ၂၀၂၆ ခုနှစ်၊ ဇွန်လ(၈)ရက်၊ တနလ်ာနေ့မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် များအနေနဲ့ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၅)ရက်၊ သောကြာနေ့ ညနေ(၁၅း၀၀)နာရီအချိန်

နောက်ဆုံးထား၍ ဆွေးနွေးချက် အကျဉ်းချုပ်နှင့်အတူ တိုင်းဒေသကြီး လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းကြရန် ဖြစ်ပါ တယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခု တတိယအကြိမ်စစ်ကိုင်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ပထမနေ့ကို ရုပ်နားပါမယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်း အဝေး ဒုတိယနေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ(၅)ရက် (သောကြာ)နေ့ နံနက်(၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(တူထုသည်)

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီခင်ဗျာ။

အခမ်းအနားမှူး။ ကိုယ်စားလှယ်တော်ကြီးများအားလုံး ပြန်လည်ထွက်ခွာနိုင် ပါပြီ ခင်ဗျာ။

{တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ကို (၁၁း၁၂)နာရီအချိန်တွင် ရုပ်နားပါသည်}

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှတ်တမ်း
၁၃၈၈ ခု၊ နယုန်လပြည့်ကျော် ၆ ရက်
(၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက်) (သောကြာနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

{အခမ်းအနားတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌတက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက်ပါသည်။}

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့အစီအစဉ်များကို စတင်ပါတော့မယ်ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျာ။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျာ။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် (၈၁)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့(၉၅.၂၉)ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်

ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ နည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာအပ်ပါတယ်။ (တူထုသည်)

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့ အတွက် အဆိုပါအစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက်
ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်နိုင်မှု အခြေအနေအား
လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ယနေ့ ၂၀၂၆ခုနှစ်၊ ဇွန်လ(၅)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)သို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအခြေအနေအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေး ဆိုင်ရာကော်မတီ၊ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂)၊ ကျွန်တော် ဦးအောင်လင်းဆန်းဦးမှ အောက်ဖော်ပြပါ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားသွားမည် ဖြစ်ပါတယ်-

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

(၁) ဦးကိုလေး၊ ဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(၂) ဦးငွန်ဘွလ်ထန်၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရမည့်ကိစ္စရပ်များ ဆောင်ရွက်ရန်ရှိသဖြင့် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ တက်ရောက်ရန် ပျက်ကွက်ခြင်းကို ၄င်းတို့ရဲ့ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားသူအားလုံးကိုခွင့်ပြုပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။။

ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် ယခင်နေ့က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၂)ဦး၊ ယနေ့ ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၂)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း (၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။ (သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။ (သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

ကြယ်ပွင့်ပြ မေးခွန်းများ မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ဆက်လက်ပြီး အစီအစဉ်(၅)ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ပထမဦးစွာ ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ဦးထွန်းထွန်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ အားလုံး မင်္ဂလာပါ။ လေးစားရပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေလို့ ဆုမွန်တောင်းရင်း နူတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဦးထွန်းထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်း(၁)ခုကို တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။

ကျွန်တော်တို့ ကလေးဝမြို့နယ်တရားရေးဌာနသည် အမှတ်(၁)ရပ်ကွက်၊ ဆေးရုံလမ်းတွင် မြေဧရိယာ(၁.၀၁၃)ဧက ဌာနပိုင်မြေနေရာရရှိထားသော်လည်း ရုံးအဆောက်အဦမရှိသေးပါ။ လက်ရှိအခြေအနေတွင် မြို့နယ်တရားရုံးအား စားသုံးသူ ရေးရာဌာနပိုင် ဂိုထောင်အဆောက်အဦအတွင်းတွင် ဖွင့်လှစ်ပြီး တရားရေးလုပ်ငန်း များကို လည်ပတ်နေရပါတယ်ခင်ဗျား။

ထို့ကြောင့် ကလေးဝမြို့နယ်တရားရေးဌာနပိုင် မြေဧရိယာ(၁.၀၁၃)ဧက ပေါ်တွင် RC နှစ်ထပ်ရုံး အဆောက်အဦအသစ်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေး နှစ်တွင် တည်ဆောက်ပေးမည်ကို လွှတ်တော်မှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တရားလွှတ်တော် တရားသူကြီးချုပ်က ဖြေကြားရန် ဖြစ်ပါတယ်။

ဦးဇော်ထူး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်။ လေးစားအပ် ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သ အပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးဇော်ထူးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးထွန်းထွန်း မေးမြန်းထားတဲ့ ကလေးဝမြို့နယ်၊ တရားရေးဌာနပိုင်မြေဧရိယာ (၁.၀၁၃)ဧက ပေါ်တွင် Rc နှစ်ထပ် ရုံးအဆောက်အဦ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့်စပ်လျဉ်းပြီး တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။

ကလေးဝမြို့နယ်တရားရုံးက လွန်ခဲ့သောနှစ်ပေါင်း(၃၀)ခန့်ကစပြီး ကိုယ်ပိုင်ရုံး၊ ကိုယ်ပိုင်အဆောက်အဦမရှိဘဲ ကလေးဝမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှာ ဌာနရုံးဖွင့်လှစ်ခဲ့ရတာ ဖြစ်ပါတယ်။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ၎င်းဌာနပိုင်အဆောက်အဦများ ဖျက်သိမ်းပြီး အသစ် ပြန်လည်တည်ဆောက်မှာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ ကလေးဝမြို့နယ်တရားရုံးကို နေရာရှာဖွေပြီးတော့ စီးပွားရေးရာကူးသန်းရောင်းဝယ်ရေးဦးစီးဌာနပိုင် စားသုံးသူရေးရာဂိုထောင်မှာ ၂၀၁၉ ခုနှစ် ကတည်းက ခေတ္တငှားရမ်းပြီး ဖွင့်လှစ်ခဲ့တာ (၇)နှစ်ကျော် ယနေ့ထိတိုင် တရားရေးဌာနများ ဖွင့်လှစ်ဆောင်ရွက်ထားလျက် ရှိပါတယ်။

ပြည်ထဲရေးဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ် (၈၅၉/၂၀၂၂)အရ ကျွန်တော်တို့ ကလေးခရိုင်၊ ကလေးဝမြို့၊ အမှတ်(၁)ရပ်ကွက်မှာရှိတဲ့ ကွင်းအမှတ် (၂၁/၁)မြေဧရိယာ (၁.၀၁၃)ဧကကို ကလေးဝမြို့နယ်တရားရုံးအဖြစ် အသုံးပြုရန် အတွက် အခမဲ့လွှဲပြောင်းပြီးဖြစ်တဲ့အတွက် တရားရုံးအနေနဲ့ မြေလည်း အခိုင်အမာ ရရှိပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၂၉-၁၁-၂၀၂၄)အမိန့်စာအမှတ်အရ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်အတွင်း ဝန်ထမ်းအိမ်ရာ အသစ်တည်ဆောက်ခြင်း၊ ရုံးအသစ်ဆောက်လုပ်ခြင်း၊ ရုံးတိုးချဲ့ဆောက်လုပ် ခြင်းများ ခွင့်ပြုမည်မဟုတ် ညွှန်ကြားထားတဲ့အတွက် (၂၀၂၅-၂၀၂၆)၊ (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်များမှာ ကလေးဝမြို့နယ်၊ တရားရုံးအသစ်ဆောက်လုပ်ဖို့ တင်ပြသော်လည်း ဆောင်ရွက်နိုင်ခြင်း မရှိပါကြောင်း တွေ့ရှိရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၁၆-၅-၂၀၂၆)ရက်နေ့မှာ စီမံကိန်းကနေ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်နှင့် (၂၀၃၀-၂၀၃၁)ဘဏ္ဍာရေးနှစ် ကာလတို (၅)နှစ်စီမံကိန်းမှာ ရေးဆွဲတင်ပြဖို့ ညွှန်ကြားတဲ့အတွက် (၂၀၂၇-၂၀၂၈)ဘဏ္ဍာရေးနှစ်မှာ ဦးစားပေးအဆင့်(၁) Rc နှစ်ထပ်အဆောက်အဦ တရားရုံးအဂိါရပ်နှင့်လျော်ညီစွာ တည်ဆောက်နိုင်ရေးအတွက် လျာထားတင်ပြထားခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ အများပြည်သူယုံကြည်ကိုးစားတဲ့ တရားဥပဒေပေါ်ပေါက်လာရေးဆောင်ရွက်ရာမှာ အခြားသောမဏ္ဍိုင်များ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရခြင်း၊ သတင်းမီဒီယာများနှင့်တွေ့ဆုံရခြင်း၊ တရားရုံးဝန်ဆောင်မှုများကို အပြည့်အဝရရှိနိုင်စေဖို့ စုံစမ်းမေးမြန်းရန် Intake ကောင်တာ၊ အမှုလက်ခံတဲ့ကောင်တာ၊ မိတ္တူကူး၊ လက်ထပ်ကျမ်းကျိန်၊ မှုခင်းစီမံခန့်ခွဲမှု၊ ကလေးများအတွက် ကလေးသူငယ်တရားရုံး၊ အကာအကွယ် လိုအပ်တဲ့သက်သေများအတွက် Virtual Room ၊ သက်သေများ၊ ဥပဒေအရာရှိများ၊ ရှေ့နေများ နားနေခန်းနှင့် သက်သေခံပစ္စည်းများထိန်းသိမ်းမှု Bullets Store၊ တချို့တရားခံများအတွက် ကျား/မအချုပ်ခန်းများ၊ တရားလိုများအပါအဝင် တရားရုံးအဂိါရပ်နှင့် လျော်ညီတဲ့ အဆောက်အဦးဆောက်လုပ်သွားရန် လိုအပ်မှာလည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့ စားသုံးသူရေးရာကိုထောင်ထဲမှာ ကျွန်တော်တို့ တရားရုံးဖွင့်လှစ်ထားသည်မှာ ရေရှည်မှာ တရားရုံးရဲ့ ဥပဓိရုပ်ကိုလည်း ထိခိုက်စေနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ မေးခွန်းနှင့်ပတ်သက်၍ ကလေးဝမြို့နယ် တရားရုံးကို RC နှစ်ထပ် ဆောက်လုပ်ရန်အတွက် (၂၀၂၇-၂၀၂၈)ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ရန် လျာထားတင်ပြထားပါကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဘတ်ဂျက်ခွင့်ပြုပါက တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ ယခုကဲ့သို့ ကလေးဝမြို့နယ် တရားရုံးတည်ဆောက်နိုင်ရေးအတွက် မေးခွန်းမေးမြန်းပေးတဲ့ ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းအားလည်း အထူးကျေးဇူးတင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မုံရွာမြို့နယ်တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် အမှတ်(၂)မှ ဒေါ်ကြူကြူစိန်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။

လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန် ဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပေါ်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများကို ပြန်လည်ပြုပြင် တည်ဆောက်ခြင်းနှင့် ရုံးခန်းများပြန်လည်ဖွင့်လှစ်ခြင်းတို့ကို လုပ်ဆောင်သွားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မုံရွာမြို့သည် စစ်ကိုင်းတိုင်းဒေသကြီး အနောက်မြောက်တိုင်းမြို့တော်တစ်ခုဖြစ်သလို လူဦးရေ(၄)သိန်းနီးပါး မှီတင်းနေထိုင်တဲ့ မြို့တော်တစ်ခုလည်းဖြစ်ပါတယ်။ မုံရွာမြို့ကို (၁၈၈၈)ခုနှစ်ကစတင်ပြီး မြို့အဖြစ်သတ်မှတ်၍ စီမံအုပ်ချုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်ရင်း တစ်ဆင့်ပြီးတစ်ဆင့် မြှင့်တင်လာခဲ့ကြတာဖြစ်ပါတယ်။ မုံရွာမြို့သည် မြို့ပေါ်ရပ်ကွက်(၃၁)ရပ်ကွက်၊ ကျေးရွာအုပ်စု(၅၄)အုပ်စု၊ ရပ်ကွက်နဲ့ကျေးရွာ စုစုပေါင်း(၈၅)ခုရှိပြီး စီမံအုပ်ချုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြပါသည်။ နိုင်ငံတစ်ခုရဲ့ အခြေခံအကျဆုံးအဖွဲ့အစည်းဟာ ရပ်ကျေးအဖွဲ့အစည်းများဖြစ်ကြပါသည်။

ရပ်ကျေးအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များသည်-

(၁) ပြည်သူလူထုကြား လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုများရှိအောင် ဆောင်ရွက်ပေးခြင်း။

(၂) ပြည်သူလူထုရဲ့ လိုအပ်ချက်များကို ဝန်ဆောင်မှုပေးခြင်း။

(၃) ပြည်သူလူထုနှင့် ဗဟိုအစိုးရကြား ပေါင်းကူးပမာဆောင်ရွက်ပေးခြင်း။

(၄) ဒေသခံပြည်သူလူထုများရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း။

(၅) ဒေသတွင်း စီမံအုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်ပေးကြရပါတယ်။

ယခုလိုဆောင်ရွက်ပေးကြတဲ့ ရပ်ကျေးအဖွဲ့ဝင်များနှင့်အတူ မိဘပြည်သူများက ရပ်ကွက်ကျေးရွာဖွံ့ဖြိုးရေးများကိုလည်း ပူးပေါင်းဆောင်ရွက်လာပြီ ဖြစ်သောကြောင့် စီမံအုပ်ချုပ်ရေးလုပ်ငန်းများဆောင်ရွက်ကြရာမှာ စုဖွဲ့နိုင်ဖို့အတွက် ရုံးအဆောက်အဦလည်း ရှိဖို့လိုအပ်ပါတယ်။ ကနဦးအနေဖြင့် မုံရွာမြို့ပေါ် ရပ်ကွက် (၃၁)ရပ်ကွက်ရဲ့ အခြေအနေကို တင်ပြသွားမှာ ဖြစ်ပါတယ်။

ရုံးခန်းဖွင့်လှစ်ပြီး ပြည်သူလူထုကြားမှာ စီမံအုပ်ချုပ်ရေးလုပ်ငန်းစဉ်များကို လုပ်ဆောင်နိုင်သည့် ရပ်ကွက်ရုံး(၁၇)ရုံး၊ ရုံးအဆောက်အဦပြုပြင်ပေးရန် လိုအပ်နေတဲ့ ရပ်ကွက်ရုံး(၉)ရုံး၊ အသစ်ပြန်လည်တည်ဆောက်ရမည့် ရပ်ကွက်ရုံး(၂)ရုံး၊ ဥပစာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ရမည့် ရပ်ကွက်ရုံး(၁)ရုံး၊ ပြန်လည်ဆောက်လုပ်နေသောရုံး(၁)ရုံး၊ လုံခြုံရေးအခြေအနေအရ မဖွင့်လှစ်နိုင်သေးသော ရပ်ကွက်ရုံး (၁)ရုံးတို့ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ အထက်ပါတင်ပြခဲ့သော မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၊ ရုံးခန်းများကို ပြုပြင်ခြင်းနှင့် ပြန်လည်ဖွင့်လှစ်နိုင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မိဘပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးဝင်းတင်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျာ။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်ကြူကြူစိန်၏ မေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မုံရွာမြို့နယ်အနေနဲ့ မြို့ပေါ်(၃၁)ရပ်ကွက်ရှိပြီးတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး စုစုပေါင်း(၃၁)ရုံးနဲ့ ဖွဲ့စည်းထားပါတယ်။ ဖွင့်လှစ်နိုင်တဲ့ ရပ်ကွက်ရုံး(၁၇)ရုံးရှိပါတယ်။ အိုးဘိုတောင်၊ အောင်ချမ်းသာ၊ အေးသာယာ၊ ဆူးလေကုန်း၊ ချမ်းမြသာစည်၊ ရုံးကြီး၊ ဒေါနခြံ၊ စစ်ပင်၊ ဗန္ဓုလ၊ အလယ်ရပ်ကွက်၊ မြို့သစ်ရပ်ကွက်၊ မုံရွာတောင်၊ ရန်ကင်း၊ အောင်မင်္ဂလာ၊ ရွှေပြည်အေး၊ ဘုရားကြီးနှင့် ကန်သာဦးရပ်ကွက်တို့ဖြစ်ပါတယ်။ ပြုပြင်ဆောင်ရွက်ရန်(၉)ရုံးကတော့ မြဝတီ၊ ချမ်းမြဝတီ၊ ဘုန်းစိုး၊ အလုံရပ်ကွက်၊ ထန်းတော၊ လယ်တီ၊ ရတနာပုံ၊ ကွေ့ကြီးနဲ့ သီတာရပ်ကွက်တို့ ဖြစ်ပါတယ်။ အကြမ်းဖက်အဖွဲ့များ၏ မီးရှို့ဖျက်ဆီးခံရပြီး အသစ်ပြန်လည်တည်ဆောက်ရန် ရပ်ကွက်ရုံး(၂)ရုံး ရှိပါတယ်။ ၎င်းတို့ကတော့ စက်မှုဇုန်ရပ်ကွက်နဲ့ နန္ဒဝန်ရပ်ကွက်ရုံးတို့ပဲဖြစ်ပါတယ်။ ပြန်လည်တည်ဆောက်ဆဲရုံးကတော့ နတ်လူထိပ်ပန် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးဖြစ်ပြီးတော့ ၂၀၁၈ ခုနှစ်မှာ ကိုယ်ထူကိုယ်ထအစီအစဉ်ဖြင့် ဆောက်လုပ်ခဲ့ရာ (၅၀)ရာခိုင်နှုန်းပြီးစီးပြီ ဖြစ်ပါတယ်။

ပြုပြင်ဆောင်ရွက်ရန် ရုံး(၉)ရုံး၊ အကြမ်းဖက်အဖွဲ့အစည်းများ မီးရှို့ဖျက်ဆီးခံရတဲ့ ရုံး(၂)ရုံး၊ ကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့် ဆောင်ရွက်ရသည့် ရုံး(၁)ရုံးတို့အား အပြီးတည်ဆောက်နိုင်ဖို့အတွက် (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှ တောင်းခံပြီး ရရှိပါက အမြန်ပြီးစီးအောင်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဘဏ္ဍာငွေ မရရှိပါက(၂၀၂၇-၂၀၂၈) ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေလျာထားဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ဥပစာပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ရန် လိုအပ်တဲ့ သလ္လာရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကိုတော့ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့မှာ အပြီးဆောင်ရွက်ပြီးဖြစ်ပါတယ်။ လုံခြုံရေးအခြေအနေအရ ဖွင့်လှစ်နိုင်ခြင်းမရှိသေးတဲ့ ရွှေဇလုတ်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကိုတော့ နယ်မြေတည်ငြိမ်အေးချမ်းမှု ရရှိပါက ပြန်လည်ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကသာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးကျော်လွင်ဦးအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးကျော်လွင်ဦး၊ ကသာမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ကသာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်လွင်ဦး ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျာ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

စစ်ကိုင်းတိုင်းအတွင်းရှိ တာဝန်ထမ်းဆောင်လျက်ရှိကြကုန်သော နိုင်ငံ့ဝန်ထမ်းများသည် အခြေအနေအမျိုးမျိုးကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းများ၏ အဓမ္မဖမ်းဆီးခံရခြင်းများ ရှိခဲ့ကြပါတယ်။ ပြန်လည်လွတ်မြောက်လာပြီး မိခင်ဌာနများဖြင့် ဆက်သွယ်စစ်ဆေးမှုအဆင့်ဆင့်ကို ခံယူခဲ့ကြပြီးဖြစ်သော်လည်း လုပ်ငန်းခွင်သို့ ဝင်ရောက်ခွင့်မှာ ကြန့်ကြာလျက် ရှိနေကြပါတယ်။ အချို့ဝန်ထမ်းများမှာ (၁)နှစ်ကျော်ကြာသည်အထိ ပြန်လည်ဝင်ရောက်ခွင့်မရရှိကြသေးပါ။ နိုင်ငံတော်အပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများ၏ ရသင့်ရထိုက်သော အခွင့်အရေးများ မဆုံးရှုံးစေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံတော်အပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ နိုင်ငံ့ဝန်ထမ်းများရဲ့ ရသင့်ရထိုက်သော အခွင့်အရေးများ မဆုံးရှုံးစေရန်

တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ကူညီဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်း မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နိုင်ငံတော်အပေါ် သစ္စာရှိစွာ တာဝန်ထမ်းဆောင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများ၏ ရသင့်ရထိုက်သော အခွင့်အရေးများ မဆုံးရှုံးစေနိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၁-၈-၂၀၂၄)ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၆၉/၂၀၂၄) ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးအောင်မင်းကျော်သူအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ၊ အစည်းအဝေးသို့ လေ့လာရေးလာရောက်ကြသော မဲဆန္ဒရှင်ပြည်သူများနှင့် သတင်းမီဒီယာများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးအောင်မင်းကျော်သူ ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် ဥက္ကဋ္ဌကြီး၏ခွင့်ပြုချက်အရ ဘုတလင်မြို့နယ်အတွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံကြီးအား အမြန်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူများအား ကျန်းမာရေးဆေးကုသမှု ဆောင်ရွက်ပေးနိုင်ရေး အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်း(၁)ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဘုတလင်မြို့နယ်မှာ ရပ်ကွက်ကြီး(၃)ရပ်ကွက်၊ အုပ်စု(၅၄)အုပ်စုနှင့် ကျေးရွာပေါင်း(၁၈၈)ရွာ၊ လူဦးရေ(၁၅၇၂၄၂)ဦးခန့် နေထိုင်လျက်ရှိသော မြို့နယ်ဖြစ်ပါတယ်။ အများပြည်သူများ၊ ရဟန်းသံဃာတော်များကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ကုတင်(၅၀)ဆံ့၊ မြို့နယ်ပြည်သူ့ဆေးရုံလည်းဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်၊ နိုင်ငံရေးဖြစ်စဉ်များဖြစ်ပွားပြီး (၂၃-၁၂-၂၀၂၃)ရက်နေ့တွင် မလိုလားအပ်တဲ့ အဖွဲ့အစည်းများမှ မြို့နယ်ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများအား ခြိမ်းခြောက်ခြင်း၊ ငွေကြေးများတောင်းခံခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်း စသည့်နည်းလမ်းပေါင်းများစွာဖြင့် ပြုလုပ်နေတဲ့အတွက် မြို့နယ်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ကျန်းမာရေး ဝန်ထမ်းများဟာ ထွက်ပြေးတိမ်းရှောင်နေရပါတယ်။

ဘုတလင်မြို့နယ်၊ ပြည်သူ့ဆေးရုံကြီးမှာ အများပြည်သူများ ဆေးကုသဆောင်ရွက်ပေးနိုင်ခြင်းမရှိသဖြင့် မြို့နယ်နေပြည်သူများမှာ နိုင်ငံတော်အစိုးရ၏ ကျန်းမာရေးစောင့်ရှောက်မှုမရရှိဘဲ အခက်အခဲဒုက္ခများဖြင့် ရင်ဆိုင်တွေ့ကြုံနေရပါတယ်။

သို့ဖြစ်ပါ၍ ဘုတလင်မြို့နယ်အတွင်းရှိ မြို့နယ်ပြည်သူ့ဆေးရုံကြီးအား အမြန်ဖွင့်လှစ်ပေးနိုင်ရေးနှင့် ပြည်သူများအား ကျန်းမာရေးဆေးကုသမှုဆောင်ရွက်ပေးနိုင်ရေး အစီအစဉ်ရှိ/မရှိ ဘုတလင်မြို့နယ်၊ မဲဆန္ဒနယ်ရှင်ပြည်သူများ၏ ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အား ကြယ်ပွင့်ပြ အမှတ်အသားမေးခွန်းဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းဖြင့် ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဘုတလင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းကျော်သူ၏

တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ဘုတလင်ပြည်သူ့ဆေးရုံသည် ဖွဲ့စည်းပုံအရ ကုတင်(၅၀)ဆံ့ ဆေးရုံဖြစ်ပြီး ခွင့်ပြုဝန်ထမ်း (၁၅၆)ဦးရှိပါတယ်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၁၈)ရက်နေ့ ညနေ (၀၅:၄၅)နာရီအချိန်ထိ ဆေးရုံလုပ်ငန်းများ လည်ပတ်ခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ(၁၈)ရက်နေ့ဖြစ်စဉ်တွင် မြို့နယ်ကုသရေးဦးစီးဌာနမှူးသည် ထွက်ပြေးရာမှာ လမ်းမှာ အမည်မသိ လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဖမ်းဆီးခြင်းခံခဲ့ရသည်ဟု ကြားသိရပါတယ်။ ၎င်းဖြစ်စဉ်တွင် ဝန်ထမ်း(၂၀)ဦးအနက် တိုင်းဒေသကြီးကုသရေးဦးစီးဌာန၊ မုံရွာသို့ လာရောက်သတင်းပေးပို့သူ(၉)ဦး၊ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနသို့ သတင်းပေးပို့သူ(၁)ဦး ရှိခဲ့ပါတယ်။ ကျန်ဝန်ထမ်းများ ဌာနနှင့် ဆက်သွယ်မှုမရရှိကြောင်း သိရှိရပါတယ်။ ဘုတလင်မှ ဝန်ထမ်းများအား လက်ရှိတွင် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးနှင့် တိုင်းဒေသကြီးကုသရေးဦးစီးဌာနတို့တွင် တွဲဖက်တာဝန်ချထားကြောင်း တင်ပြအပ်ပါတယ်။ ဘုတလင်မြို့နယ်တွင် နယ်မြေအခြေအနေကောင်းမွန်ပါက ပြည်သူ့ဆေးရုံကြီး အမြန်ဆုံးဖွင့်လှစ်၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ယခုလို မေးခွန်းမေးမြန်းပေးပါသော လွှတ်တော် ကိုယ်စားလှယ်ကြီးအား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ကျေးဇူးပါခင်ဗျာ။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ဦးရဲမိုးနိုင်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။
လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးနှင့်တကွ ဝန်ထမ်းများ၊ ရုပ်/သံမီဒီယာများ၊ လာရောက်လေ့လာပါသော ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရဲမိုးနိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို ဆွေးနွေးမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးခရိုင်၊ ရေဦးမြို့မှာ လျှပ်စစ်မီးကို ရွှေဘိုမြို့လျှပ်စစ်ဓာတ်အားခွဲရုံကနေပြီးတော့ သွယ်တန်းပြီး သုံးစွဲရပါတယ်။ အရင်က လျှပ်စစ်မီး ရရှိတဲ့အတွက် အစိုးရဌာနဆိုင်ရာလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး စတဲ့ လုပ်ငန်းတွေလုပ်ကိုင်ကြရာမှာ လွယ်ကူအဆင်ပြေ ချောမွေ့ခဲ့ပါတယ်။ ကျွန်တော်တို့ (၁၇-၅-၂၀၂၄)ရက်နေ့ကနေစပြီး ရေဦးမြို့ဟာ လျှပ်စစ်မီးမသုံးစွဲရတာ ဒီနေ့အချိန်ထိဆိုရင် (၂)နှစ်ကျော်ရှိပြီဖြစ်ပါတယ်။ စက်သုံးဆီနဲ့ အသုံးပြုမယ်ဆိုတော့လည်း အီရန်နိုင်ငံ-အမေရိကန်နိုင်ငံတို့ရဲ့ နိုင်ငံရေးကိစ္စကြောင့် ကန့်သတ်ချက်များရှိနေတယ်ဆိုတာ အားလုံးအသိပါ။ အဲဒါကြောင့် ကျွန်တော် မေးမြန်းလိုတာကတော့ ရေဦးမြို့အား လျှပ်စစ်မီးပြန်လည်သုံးစွဲနိုင်ရန်အတွက် မည်သို့စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံများ ကိုယ်စား လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးခင်မောင်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးတက်ရောက်သူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ရေဦးမြို့နယ်လွတ်တော်ကိုယ်စားလှယ် ဦးရဲမိုးနိုင်၏ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးခရိုင်၊ ရေဦးမြို့နယ်ကို ရွှေဘိုပင်မ ဓာတ်အားခွဲရုံကနေပြီးတော့ ဓာတ်အားဖြန့်ဖြူးထားတဲ့ (၃၃)ကေဗွီ ရွှေဘို၊ ခင်ဦး၊ ရေဦးဓာတ်အားလိုင်းနှင့် လျှပ်စစ်ဓာတ်အားသွယ်တန်းရယူထားတာ

ဖြစ်ပါတယ်။ ရေဦးမြို့နယ်မှာ အကြမ်းဖက်အဖွဲ့အစည်းတွေက (၃၃)ကေဗွီ ရွှေဘို၊ ခင်ဦး၊ ရေဦး ဓာတ်အားလိုင်းပေါ်ကနေပြီးတော့ ဓာတ်အားကို ကြားဖြတ်ပြီးတော့ သူတို့ရဲ့ တရားမဝင် ဓာတ်အားပေးထားတဲ့အတွက်ကြောင့် ဒါတွေကို အလားတူ ကိစ္စမဖြစ်ဖို့နဲ့ ဓာတ်အားလိုင်းရဲ့ လုံခြုံရေးအတွက် အခြေအနေအရ ၂၀၂၄ ခုနှစ်၊ မေလ(၂၇)ရက်နေ့ကစပြီးတော့ ရွှေဘိုပင်မဓာတ်အားခွဲရုံကနေပြီးတော့ ဓာတ်အား ဖြတ်တောက်ထားခြင်းဖြစ်ပါတယ်။ ရေဦးမြို့ကို လျှပ်စစ်ဓာတ်အား ပြန်လည် ဖြန့်ဖြူးနိုင်ဖို့ဆိုလျှင် ကျွန်တော်တို့က (၃၃)ကေဗွီ ရွှေဘို၊ ခင်ဦး၊ ရေဦး ဓာတ်အားလိုင်းကို ကျွန်တော်တို့က အသေးစိတ်ပြုပြင်ဖို့ လိုအပ်ပါတယ်။ လောလောဆယ်တော့ နယ်မြေဒေသ လုံခြုံရေးအခြေအနေအရ ကျွန်တော်တို့ သွားရောက်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါဘူး။ ဒါကြောင့် နယ်မြေအခြေအနေ အရ သွားရောက်နိုင်တဲ့အခါမှာတော့ ဓာတ်အားလိုင်းကို ပြုပြင်ဆောင်ရွက်ပြီး ရင်တော့ ဓာတ်အားပြန်လည်ဖြန့်ဖြူးရေးကို ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ကျွန်းလှမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ် (၁)မှ ဦးမြင့်တင်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များအားလုံး ကျွန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်း မေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ လွတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးမြင့်တင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို ဆွေးနွေးမေးမြန်းသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်အတွင်းရှိ သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် တစ်ရက်လျှင်(၃၀)မဂ္ဂါဝပ် ထုတ်လုပ်ကာ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။ ၎င်းလျှပ်စစ်ဓာတ်အားပေးစက်ရုံ ကြီးဟာ ကျွန်းလှမြို့နယ်နှင့် ကန့်ဘလူမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း(၁၁၀)ကို (၂၄)နာရီ မီးရရှိအောင် ဖြန့်ဖြူးပေးနေသော စက်ရုံကြီးဖြစ်ပါတယ်။ ထိုစက်ရုံကြီးကို (၁၉-၁၂-၂၀၂၅)ရက်နေ့တွင် အကြမ်းဖက်အဖွဲ့မှ သိမ်းယူသွားခဲ့ပြီး စက်ရုံအတွင်းရှိ

မီးပေးရာတွင်အသုံးပြုသော ထရန်စဖော်မာများ မီးရှို့သွားခြင်း၊ အရေးကြီးပစ္စည်းများ ဖျက်ဆီးပြီး ခိုးယူသွားခြင်းတို့ကို ပြုလုပ်သွားခဲ့ပါတယ်။ (၂၈-၃-၂၀၂၆)ရက်နေ့ည (၁၂:၃၀)အချိန်ခန့်တွင် တပ်မတော်ပြည်သူ့စစ်ပူးပေါင်းအဖွဲ့မှ လျှပ်စစ်ဓာတ်အားပေး စက်ရုံကြီးကို ပြန်လည်သိမ်းပိုက် ရရှိခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ ကျွန်းလှ၊ ကန့်ဘလူမြို့နယ်များအား (၂၄)နာရီလျှပ်စစ်မီး ပြန်လည်ရရှိရန် အတွက် မည်သို့ဆောင်ရွက်ပေးမည်ကို မိဘပြည်သူများကိုယ်စား မေးမြန်းအပ်ခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးခင်မောင်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ အစည်းအဝေးတက်ရောက်သူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကျွန်းလှမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)က လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်တင်ရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်မှာ ရှိတဲ့ သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို (၁-၆-၂၀၀၂)ခုနှစ်နေ့က စတင်ဖွင့်လှစ်ခဲ့ပြီးတော့၊ တပ်ဆင်အင်အား (၂၀)မဂ္ဂါဝပ် (၃)လုံးနဲ့ ဓာတ်အား ထုတ်လုပ်ပြီးတော့၊ (၁၃၂)ကေဗွီ သဖန်းဆိပ် ၄င်္ကျောတိုင်းဓာတ်အားလိုင်းနဲ့ ၄င်္ကျောတိုင်းပင်မဓာတ်အားခွဲရုံကို ပို့လွှတ်ပြီးတော့ အဲဒီမှတစ်ဆင့် ကျွန်တော်တို့ ၄င်္ကျောတိုင်း လက်ပန်းလှ ဓာတ်အားလိုင်းနဲ့ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင် ခရိုင်၊ စဉ့်ကူးမြို့နယ်မှာရှိတဲ့ လက်ပန်းလှပင်မဓာတ်အားခွဲရုံကို ဆက်လက်ပို့လွှတ် ပေးပြီးတော့၊ လက်ပန်းလှ ပင်မဓာတ်အားခွဲရုံမှာ Synchronizing ပြုလုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်နဲ့ ချိတ်ဆက်၍လည်းကောင်း၊ (၃၉)ကေဗွီ ဓာတ်အား လိုင်းမှာ ကန့်ဘလူနဲ့ ကျွန်းလှမြို့ကိုလည်းကောင်း၊ (၅-၁၀-၂၀၂၃)ရက်နေ့ထိ ကျွန်တော်တို့ ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါတယ်။ (၅-၁၀-၂၀၂၃)ရက်နေ့မှာတော့

(၄၂၃)ကေဗီ ၄က်ပျောတိုင်း ပင်မဓာတ်အားခွဲရုံအတွင်းမှာ အကြမ်းဖက်အဖွဲ့က ဝင်ရောက်ပြီးတော့ ဓာတ်အားခွဲရုံရှိ ဝန်ထမ်းတွေကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်း၊ ဓာတ်အားခွဲရုံ ပတ်ဝန်းကျင်မှာလည်း နယ်မြေလုံခြုံရေးအခြေအနေအရ ဝန်ထမ်းတွေက သွားရောက်တာဝန်ထမ်းဆောင်မှု မရှိတဲ့အတွက်ကြောင့် ၄က်ပျောတိုင်း ပင်မဓာတ်အားခွဲရုံဟာ ဓာတ်အားလက်ခံပို့လွှတ်နိုင်မှု မရှိတော့သလို၊ (၁၃၂)ကေဗီ သဖန်းဆိပ် ၄က်ပျောတိုင်း ဓာတ်အားလိုင်းကလည်း နယ်မြေလုံခြုံရေးအခြေအနေအရ လိုင်းထိန်းသိမ်းနိုင်မှုမရှိခြင်း၊ (၁၃၂)ကေဗီ ၄က်ပျောတိုင်း လက်ပန်လှ ဓာတ်အားလိုင်းကလည်း Tension တာဝါတိုင်တစ်တိုင်နဲ့၊ Suspension တာဝါတိုင် တစ်တိုင်တို့ ဖျက်ဆီးခံထားရတဲ့အတွက် ကျိုးကျနေခြင်းစသည်တို့ကြောင့်၊ ကန့်ဘလူနဲ့ ကျွန်းလှမြို့တို့ဟာ နိုင်ငံတော်ဓာတ်အားစနစ်ကနေပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်မှု မရှိတော့ဘဲနဲ့၊ သဖန်းဆိပ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကနေပြီးတော့ ဓာတ်အားကို (၁၃)ကေဗီဓာတ်အားလိုင်းနဲ့ ကန့်ဘလူနဲ့ ကျွန်းလှကို ကျွန်တော်တို့ တိုက်ရိုက်ချိတ်ဆက်ပြီးတော့ ဓာတ်အားကို ကျွန်တော်တို့ ဆက်လက်ဖြန့်ဖြူးခဲ့ပါတယ်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၉)ရက်နေ့မှာတော့ သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို အကြမ်းဖက်အဖွဲ့အစည်းတွေ ဝင်ရောက်စီးနင်းတဲ့ အချိန်မှာပြီးတော့ စက်ဟာ လည်ပတ်နိုင်မှု မရှိတော့ဘဲ ကန့်ဘလူနဲ့ ကျွန်းလှတို့ဟာ ဓာတ်အားပြတ်တောက်ခဲ့ပါတယ်။ (၂၈-၃-၂၀၂၆)ရက်နေ့မှာတော့ သဖန်းဆိပ် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံကို တပ်မတော်နဲ့ ပြည်သူ့စစ်အဖွဲ့တွေက ပြန်လည်သိမ်းပိုက် ရရှိခဲ့ပါတယ်။ အကြမ်းဖက်အဖွဲ့အစည်းတွေဟာ စက်ရုံထဲမှာ ရှိခဲ့တုန်းက ဓာတ်အားပေးစက်ရုံတွေရဲ့ စက်ပစ္စည်း လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းတွေ၊ ဓာတ်အားခွဲရုံရဲ့ (Switchyard)အတွင်းထဲကနေပြီးတော့ ဓာတ်အားလိုင်းလက်ခံပို့လွှတ်တဲ့ ပစ္စည်းတွေ၊ နောက်တစ်ခါ ၁၃၂/၃၃/၁၁ ကေဗီ၊ ၄၅ အမ်ဗွီအေ (MVA) Transformer (၁)လုံး၊ ၃၃/၁၁ ကေဗီ၊ (၂၀)အမ်ဗွီအေ (MVA) Transformer (၂)လုံးတို့ကိုလည်း ဖျက်ဆီးသွားခဲ့ပါတယ်။ အဆိုပါ ပစ္စည်းတွေကို အသေးစိတ်စစ်ဆေးပြီးတော့ ပြန်လည်ပြုပြင်ရန်အတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကော်ပိုရေးရှင်းက အင်ဂျင်နီယာ(၂)ဦး၊ လက်ထောက်အင်ဂျင်နီယာစက်မှု(၁)ဦး၊ လက်ထောက်အင်ဂျင်နီယာ လျှပ်စစ်(၃)ဦး ပေါင်း(၆)ဦးတို့ဟာ (၂၂-၅-

၂၀၂၆)ရက်နေ့မှာ တပ်မတော်ရဟတ်ယာဉ်နဲ့ ကန့်ဘလူကို ရောက်ပြီးတော့ စက်ရုံကို ဆက်လက်သွားရောက်ပြီး ပြုပြင်ထိန်းသိမ်းရေးများ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ အဆိုပါ ပျက်ဆီးဆုံးရှုံးခဲ့တဲ့ အပိုင်းတွေကို ပြုပြင်ဆောင်ရွက်ပြီးပါက ဓာတ်အားကို ပြန်လည်ဖြန့်ဖြူးပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးအောင်မင်းကျော်သူအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါရစေ။

ကျွန်တော်ကတော့ ဘုတလင်မြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးအောင်မင်းကျော်သူ ဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတဲ့ အကြောင်းအရာကတော့ စည်ပင်သာယာရေး ဆိုင်ရာကိစ္စရပ်တွေနဲ့ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ပေါင်း(၃၇)မြို့နယ်ရှိပါတယ်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မြို့နယ်အရွယ်အစား၊ တစ်နှစ်တာဝင်ငွေ၊ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ဖွဲ့စည်းပုံအဆင့်သတ်မှတ်ပြီး ဆောင်ရွက်နေတာကိုလည်း သိရှိရပါတယ်။

ယခုအခါ မြို့နယ်ပေါင်းတော်တော်များများဟာ နယ်မြေဒေသအခြေအနေများကြောင့် မိမိတို့မြို့နယ်များမှစွန့်ခွာကာ လုံခြုံစိတ်ချရတဲ့ မြို့များပေါ်မှာ တွဲဖက်ပြီး လုပ်ငန်းများကို တွဲဖက်လုပ်ဆောင်နေတာကိုလည်း သိရှိရပါတယ်။ မုံရွာမြို့ဟာလည်း ညွှန်ကြားရေးမှူးဦးစီးတဲ့ တိုင်းဒေသကြီးစည်ပင်သာယာရေးရုံးနဲ့ ဒုတိယညွှန်ကြားရေးမှူးဦးစီးတဲ့ မြို့နယ်စည်ပင်သာယာရေးရုံးတို့ရှိပြီး မြို့သန့်ရှင်းရေး၊ လှပရေးလုပ်ငန်းများကို ဆောင်ရွက်နေတာကိုလည်း တွေ့ရပါတယ်။ ထိုသို့ဆောင်ရွက်နေသော်လည်း မြို့ပေါ်ရပ်ကွက်အများစုဟာ လမ်းမကြီး

ဘေးမှာ ထားရှိပေးတဲ့ အမှိုက်ပုံးများ ပြည့်လျှံနေတဲ့အတွက် ဘေးမှာပဲ ဖြစ်သလို စုပုံနေကြပါတယ်။ အဲ့သလို စုပုံနေတဲ့အတွက် ခွေးလေခွေးလွင့်များ၊ အခြေနေမဲ့ သူများရဲ့ အမှိုက်ပုံ ဖွထားမှုများကြောင့် မြင်မကောင်းအောင် ဖြစ်နေတာကိုလည်း တွေ့နေရပါတယ်။ တချို့လမ်းကြားတွေမှာလည်း အမှိုက်များပစ်ထားတာကို တွေ့ရပါတယ်။ ကျွန်တော့်တို့အနေနဲ့ သိရှိလိုတာကတော့ စည်ပင်သာယာရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြို့နယ်များကို မည်သို့အဆင့်ဆင့် သတ်မှတ်၍ ဖွဲ့စည်းပေးထားပါသလဲ။ မြို့နယ်အဆင့်ဆင့်သတ်မှတ်ချက်အလိုက် ယာဉ်၊ ယန္တရား ဘယ်လောက်များထားရှိပါသလဲ၊ တစ်နှစ်တာ စည်ပင်သာယာ အရပ်ရပ်အခွန်ငွေ မည်သို့ကောက်ခံရရှိပြီး၊ မည်သို့ ခွဲဝေသုံးစွဲနေကြသည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေး ဝန်ကြီး ဒေါက်တာသောင်းနိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မုံရွာမြို့ပေါ် ရပ်ကွက် အများစုရှိ လမ်းမကြီးဘေးမှာထားရှိတဲ့အမှိုက်ပုံများ ပြည့်လျှံနေလျက်ရှိပြီး ဘေးတွင်အမှိုက်များ စုပုံနေတဲ့အတွက် ခွေးလေခွေးလွင့်များ အခြေနေမဲ့သူများရဲ့ အမှိုက်ဖွခြင်းတို့ကြောင့် မြင်မကောင်းဖြစ်နေတာတွေကို အချို့လမ်းမကြီးတွေပေါ်မှာလည်း အမှိုက်တွေဖြစ်သလို ပစ်ထားတယ်ဆိုတာကိုတွေ့ရှိရပါတယ် ဆိုပြီးတော့ ကိုယ်စားလှယ်တော်ကြီးကနေပြီးတော့ တင်ပြထားပါတယ်။ စည်ပင်သာယာရေး လုပ်ငန်းများဆောင်ရွက်ရန် မြို့နယ်များကို မည်သို့အဆင့်သတ်မှတ်၍ ဖွဲ့စည်းထားကြောင်း၊ မြို့နယ်အဆင့်သတ်မှတ်ချက်အလိုက် ယာဉ်ယန္တရား မည်မျှခွဲဝေထားရှိကြောင်း၊ တစ်နှစ်တာစည်ပင်သာယာရေး အရပ်ရပ်

အခွန်ငွေများကို မည်သို့ကောက်ခံရရှိပြီး မည်သို့ခွဲဝေသုံးစွဲသည်ကို သိရှိလိုပါကြောင်း ဦးအောင်မင်းကျော်သူရဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ဟာ အထူးအဆင့် ဖွဲ့စည်းပုံဖြစ်ပါတယ်။ အရာထမ်း(၁၄)ဦး၊ အမှုထမ်း(၁၅၇)ဦး စုစုပေါင်း(၁၇၁)ဦးနှင့် ဖွဲ့စည်းထားပြီး တော့မှ အရာထမ်း(၁၁)ဦး၊ အမှုထမ်း(၉၂)ဦး စုစုပေါင်း(၁၀၃)ဦးနှင့် ခန့်အပ်ပြီးတော့ စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်အတွက် အခွန်ရငွေကျပ်သန်းပေါင်း(၁၉၄၇)သန်း ကောက်ခံရရှိရန် လျာထားခဲ့ပြီးတော့ အသုံးစရိတ်တွေကတော့ လစာနှင့်စရိတ်ချီးမြှင့်ငွေအတွက် ကျပ်ငွေ(၂၇၂.၂၁၅)သန်း၊ လုပ်အားခ၊ လျှပ်စစ်ဓာတ်အားခ၊ စက်သုံးဆီ၊ လုပ်ငန်းသုံးပစ္စည်းများ၊ ရုံးသုံးအဆောက်အအုံ အသုံးအဆောင်ပစ္စည်းများအတွက် ဆောင်ရွက်ပေးငွေ ကုန်ကျစရိတ်(၂၈၄.၅၁၉)သန်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းစရိတ်အတွက် ကျပ်ငွေ(၁၂၀.၄၃)သန်းတို့နှင့် အခြားသာမန် အသုံးစရိတ်တို့အတွက် ကျပ်ငွေ(၁၉.၁၇၃)သန်း စုစုပေါင်း သာမန်အသုံးစရိတ်ကျပ်ငွေ(၃၂၅၄.၃၃၇)သန်းနှင့် ငွေလုံးငွေရင်းအသုံစရိတ် (၉၂၀၆.၁၇၇)သန်းသုံးစွဲရန် ခန့်မှန်းလျာထားချက်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

လက်ရှိမှာ မုံရွာမြို့ပေါ်မှာရှိတဲ့ အဓိကလမ်းမကြီး(၅)လမ်းဖြစ်တဲ့ ဗိုလ်ချုပ်လမ်း(လေဆိပ်မှ ကားကွင်းထိ ၁၄ မိုင်)၊ ပြည်ထောင်စုလမ်း(ကျွဲရဲအဝိုင်းမှ ကံကော်ဝတ်ဆံအထိ ၉ မိုင် ၇ဖာလုံ)၊ ချင်းတွင်းကမ်းနားလမ်း(၇)မိုင်၊ ကျက္ကာလမ်း မုံရွာတက္ကသိုလ်ထိ(၄)မိုင်၊ သာစည်လမ်း TTC ကျောင်းအထိ(၄)မိုင်၊ အခြားလမ်းတွေဖြစ်တဲ့ ရုံးကြီးလမ်း၊ ဘူတာလမ်း၊ ရေစင်လမ်းစတဲ့ မြို့တွင်းလမ်းများအပါအဝင် စုစုပေါင်း မိုင်(၄၀)ကို နေ့စဉ်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ အဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်(၂၆)စီးနှင့် ယာဉ်နောက်လိုက်ဝန်ထမ်း(၇၂)ဦး၊ လမ်းအပိုင်းလိုက် တံမြက်စည်းလှည်းဝန်ထမ်း(၄၉)ဦး၊ ယာဉ်မောင်း(၂၅)ဦး စုစုပေါင်း(၁၄၆)ဦးမှ အမှိုက်သိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ကွေ့ကြီး၊ အောင်ချမ်းသာ၊ ဒေါနခြံ၊ ရုံးကြီး၊ ဆူးလေကုန်း၊ အလယ်၊ အောင်မင်္ဂလာ၊ ရန်ကင်း၊ ဘုန်းစိုး၊ လယ်တီ၊ ဘုရားကြီး၊ မြဝတီရပ်ကွက်တွေမှာဆိုရင် ရက်ခြား

ခေါင်းလောင်းတီး စနစ်နဲ့ အမှိုက်သိမ်းလျက်ရှိပါတယ်။ နယ်မြေအခြေအနေအရ စက်မှုဇုန်၊ နန္ဒဝန်၊ သလွာ၊ ထန်းတော၊ ချမ်းမြဝတီ၊ မုံရွာတောင်၊ နတ်လူထိပ်ပန် စတဲ့(၇)ရပ်ကွက်ကို နယ်မြေအခြေအနေကောင်းမွန်တဲ့အခါမှာ ထပ်မံပြီးတော့မှ အမှိုက်သိမ်းဆည်းနိုင်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ မြို့သစ်၊ ရတနာပုံ၊ ကန်သာဦး၊ အေးသာယာ၊ အိုးဘိုတောင်၊ အလုံ၊ စစ်ပင်၊ ချမ်းမြသာစည်စတဲ့ ရပ်ကွက်(၈)ခုကိုလည်း အမှိုက်သိမ်းဖို့ရာအတွက် အမှိုက်သိမ်းယာဉ်တွေကိုလည်း ထပ်မံဖြည့်ဆည်းပြီးတော့မှ ဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာဆိုရင် မြို့နယ်(၃၇)မြို့နယ်၊ မြို့(၇)မြို့၊ မြို့အသွင်ဖွံ့ဖြိုးတိုးတက်လျက်ရှိတဲ့ ကျေးရွာကြီး(၁၂)ရွာအပါအဝင် စည်ပင်သာယာရေးအဖွဲ့ပေါင်း(၅၆)ဖွဲ့ ဖွဲ့စည်းထား၍ စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ဖွဲ့စည်းပုံအရ အဆင့်ခွဲခြားမှုအနေဖြင့် အထူးအဆင့် စည်ပင်သာယာရေးအဖွဲ့(၁)ဖွဲ့၊ ''က''ကြီးအဆင့် (၄)ဖွဲ့၊ ''ခ''အဆင့် (၈)ဖွဲ့၊ ''ဂ''အဆင့် (၁၂)ဖွဲ့၊ ''ဃ''အဆင့်(၁၉)ဖွဲ့၊ ''င''အဆင့်(၁၂)ဖွဲ့တို့နှင့် ဖွဲ့စည်းထားရှိပါတယ်။ စုစုပေါင်းယာဉ်ယန္တရား(၃၉၇)စီးနှင့် သန့်ရှင်းရေး၊ အမှိုက်သိမ်းဆည်းရေး၊ လမ်းတံတားတည်ဆောက်ရေး၊ ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ စည်ပင်သာယာရေးအဖွဲ့အနေနဲ့ အခွန်အခကောက် ကောက်ခံရရှိငွေကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေကို ပေးသွင်းရပါတယ်။ ရန်ပုံငွေ ခွဲဝေသုံးစွဲမှုအနေနဲ့ ဘဏ္ဍာရေးနှစ်အလိုက် ရသုံးခန့်မှန်းခြေရေးဆွဲတင်ပြပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ သုံးစွဲရပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီစဉ် ပြီးဆုံးပြီ ဖြစ်ပါတယ်။

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ "စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) နှင့် Non-Formal Middle Education ကျောင်းပြင်ပအလယ်တန်း ပညာရေး(NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန်" တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးမှ ထောက်ခံဆွေးနွေးခြင်း ဥက္ကဋ္ဌ။ ဆက်လက်ပြီး အစီအစဉ်(၆)ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မုံရွာမြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန်အား အဆို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန် ဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ တိုက်တွန်းကြောင်း အဆိုတစ်ခုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင့်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)နှင့် Non-Formal Middle Education ကျောင်းပြင်ပအလယ်တန်းပညာရေး (NFME) စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန် လုပ်ဆောင်ပေးနိုင်ခြင်းရှိ/မရှိကို တိုက်တွန်းတဲ့အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

ယခုအချိန်အခါမှာ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားခွင့် မရသော ရင်သွေးငယ်လေးများရှိနေသည်ကို နိုင်ငံတော်မှသိရှိပြီး အနာဂတ် လူငယ်တွေ အသိဉာဏ်ပညာပြည့်ဝသော အရည်အသွေးများ ရရှိလာစေရန်

အတွက် ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများကို နိုင်ငံအဆင့်လုပ်ငန်းစီမံချက် မဟာဗျူဟာတစ်ရပ် ချမှတ်ပြီး အကောင်အထည်ဖော် လုပ်ဆောင်လျက်ရှိပါသည်။

ကျောင်းပြင်ပ ပညာရေးအစီအစဉ်အရ ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)အဆင့်ကို အသက်(၁၀)နှစ်မှ (၁၄)နှစ်ကြားတွင်လည်းကောင်း၊ ကျောင်းပြင်ပ အလယ်တန်းပညာရေး (NFME)အဆင့်ကို အသက်(၁၃)နှစ်မှ (၁၈)နှစ်ကြားတွင်လည်းကောင်း၊ မုံရွာမြို့နယ်ပညာရေးမှူးရုံးများမှတဆင့် ဆက်သွယ်သင်ကြားရန်ိုင်သည်ကို သိရှိရပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျောင်းပြင်ပမူလတန်းပညာရေး(NFPE)နှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး(NFME)တို့ကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့မှာ အ.ထ.က(၂)မုံရွာမြို့တွင် ဖွင့်လှစ်ပေးခဲ့ပါတယ်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း ကျောင်းပြင်ပမူလတန်းနှင့် အလယ်တန်းကို အ.ထ.က(၁) မုံရွာနှင့် အ.ထ.က(၁)အလုံကျောင်းများတွင် ဖွင့်လှစ်သင်ကြားခဲ့ပါတယ်။

အ.ထ.က(၁) မုံရွာကျောင်းတွင် မူလတန်းအဆင့် ကျောင်းသားဦးရေ (၁၈၈)ဦးနှင့် အ.ထ.က(၁)အလုံကျောင်းတွင် မူလတန်းအဆင့် ကျောင်းသားဦးရေ (၆၇)ဦးကိုလည်းကောင်း စုစုပေါင်းကျောင်းသားဦးရေ(၂၅၅)ဦးကို ပညာသင်ကြားပေးနိုင်ခဲ့ပါတယ်။ ကျောင်းပြင်ပ ပညာရေးအလယ်တန်းအဆင့်ကို အ.ထ.က(၁) မုံရွာတွင် ကျောင်းသားဦးရေ(၇၀)ဦးနှင့် အ.ထ.က(၁)အလုံတွင် ကျောင်းသားဦးရေ(၄၃)ဦး စုစုပေါင်းကျောင်းသားဦးရေ(၁၁၃)ဦးကို ပညာသင်ကြားပေးနိုင်ခဲ့ပါတယ်။ မုံရွာမြို့တွင် အထက်တန်း၊ အလယ်တန်း၊ မူလတန်း၊ ခွဲကျောင်းများ၊ တွဲကျောင်းများ (၁၈၃)ကျောင်းရှိပါတယ်။ ယခင်နှစ်များက အကြောင်းအမျိုးမျိုးကြောင့် မဖွင့်လှစ်နိုင်ခဲ့သည့်ကျောင်းပေါင်း (၈၂)ကျောင်းရှိပြီး ဖွင့်လှစ်ခဲ့သော ကျောင်းပေါင်း(၁၀၁)ကျောင်းရှိပါတယ်။ ယခင်ကျောင်းပြင်ပ ပညာရေးအစီအစဉ်အရ ဆောင်ရွက်နေသော စာသင်ကြားသူ ကျောင်းသားဦးရေမှာ (၁၀၃၄)ဦးသာရှိတဲ့အတွက် လက်တွေ့မြေပြင်မှာ ပညာရေးနှင့်အလှမ်းဝေးနေသော ကျောင်းသားများ ကျန်ရှိနေဦးမည်လို့ တွက်ချက်မိပါတယ်။

(၂၀၂၅-၂၀၂၆)ပညာသင်နှစ်တွင် ကျောင်းပြင်ပပညာရေးကို ကသာမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ ရွှေဘိုမြို့နယ်၊ ကလေးမြို့နယ်၊ မုံရွာမြို့နယ်၊ အရာတော်မြို့နယ်များအပြင် ပညာသင်ကြားပေးနိုင်ခဲ့ပါတယ်။ ပြည်သူတွေ၊ အုပ်ထိန်းသူမိဘနှင့်

ကျောင်းသားရင်သွေးငယ်လေးများကိုယ်တိုင် ကျောင်းပြင်ပ ပညာရေးအစီအစဉ်ကို သိရှိမှု၊ နားလည်မှုနည်းနေသည့်အတွက်ကြောင့် စာသင်ကြားသူ ကျောင်းသားနည်းရခြင်းပင် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပညာသင်ယူ သင်ကြားခွင့် ဆုံးရှုံးနေသော နိုင်ငံရဲ့အနာဂတ် ရင်သွေးငယ်များကို အသိဉာဏ်ပညာနှင့် ပြည့်စုံသောသူတွေ ဖြစ်လာစေရန်အတွက် နိုင်ငံတော်မှ မဟာဗျူဟာချလုပ်ဆောင်နေသော ကျောင်းပြင်ပပညာရေးလုပ်ငန်း အကြောင်းကို ပြည်သူလူထုကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် ဆောင်ရွက်ပေးနိုင်ရန်နှင့် ဘေးကင်းလုံခြုံသော ပညာသင်ကြားရာနေရာ၊ ဌာနများ ယခင်ကထက် ပိုမိုဖွင့်လှစ်နိုင်အောင် စီမံဆောင်ရွက်ပေးနိုင်ရန် ကျောင်းသား/သူ၊ မိဘ အုပ်ထိန်းသူများကိုယ်စား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ မုံရွာမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန် တင်သွင်းသွားသည့် အဆိုကို ထောက်ခံမည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

ဦးတင်ဝင်း၊ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်ဓါတ်ချမ်းသာခြင်း၊ ကိုယ်ဓါတ်ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ အရာတော်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)၊ ဦးတင်ဝင်းဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ မုံရွာမြို့နယ်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်ကြူကြူစိန်၏ အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

တိုင်းပြည်ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ဖို့ဟာ အရေးကြီးဆုံးဆိုတာ အားလုံးသိရှိပြီးဖြစ်ပါတယ်။ တိုင်းပြည် လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးဖို့ဆိုရင် ကလေးတွေရဲ့ အနာဂတ်ပညာရေး ကောင်းဖို့လိုအပ်ပါတယ်။ ဒီကလေးတွေရဲ့ အနာဂတ်ပညာရေးကောင်းဖို့

ကလေးတိုင်းပညာသင်ယူခွင့်ရရှိမှသာ ဖြစ်နိုင်ပါတယ်။ ယနေ့ ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ အနေအထားကိုကြည့်ရင် ကလေးသူငယ် ရာပေါင်းများစွာ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူဖို့ အခက်အခဲဖြစ်နေရပါတယ်။ ဒါကြောင့် all children all in school ကလေးအားလုံး ကျောင်းတွင်းရောက်အောင် ကြိုးစားကြရမှာဖြစ်ပါတယ်။ လက်ရှိအနေအထားမှာ နိုင်ငံတော်အစိုးရအနေနဲ့ ကလေးအားလုံး ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေဘဲ ကျောင်းတွင်း ပြန်ရောက်ရေးအတွက် Non Formal Education ဆိုတဲ့ ကျောင်းပြင်ပပညာရေးကို Placement Test ဆိုတဲ့ အသက်နှင့်အတန်းကိုက်ညီအောင် ဆောင်ရွက်ပေးတဲ့ တိုင်းပြည်ပညာရေးစနစ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လာတာကို ဝမ်းမြောက်ဖွယ်တွေ့ရပါတယ်။

ဒီပညာရေးစနစ်ကို အောင်မြင်ဖို့ဆိုရင် ကျောင်းပြင်ပ ပညာရေးကျောင်းကို ကျွန်တော်တို့ ကျောင်းသားမိဘများအပါအဝင် ရပ်မိရပ်ဖများ၊ ပညာရေးကို စိတ်ပါဝင်စားသူများ၊ အလှူရှင်များအားလုံး ကျယ်ကျယ်ပြန့်ပြန့်သိရှိနားလည်ထားဖို့ လိုပါတယ်။ ဒီလိုသိရှိဖို့ဆိုလျှင် ရေဒီယို၊ ရုပ်မြင်သံကြား စတဲ့ မီဒီယာများအပြင် မြေပြင်မှာ ရောက်ရှိနိုင်သည့် နည်းလမ်းပေါင်းစုံကိုသုံးပြီး စည်းရုံးလှုံ့ဆော်ကြရမှာလည်းဖြစ်ပါတယ်။

သို့သော် မြေပြင်မှာ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေများစွာနှင့် ရင်ဆိုင်ကြုံတွေ့ကြရမှာ ဖြစ်ပါတယ်။ ဘယ်လိုအခက်အခဲတွေ စိန်ခေါ်မှုတွေ ကြုံတွေ့လာရစေ အစိုးရ၊ လွှတ်တော်နှင့် ပြည်သူခိုင်မြဲစွာ လက်တွဲပြီး ကျော်ဖြတ်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုကလေးတွေရဲ့ အနာဂတ်ဘဝနှင့် တိုင်းဒေသကြီးအနာဂတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တဲ့နေရာမှာ လွှတ်တော်ဘက်ကနေ အစုအဖွဲ့လိုက်ရော၊ တစ်ဦးချင်းစီကပါ အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်သွားကြရန် အသင့်ရှိပါကြောင်း လေးနက်စွာ ပြောကြားလိုပါတယ်။

ဒါကြောင့် တိုင်းဒေသကြီးအစိုးရအနေဖြင့် ဒေသတွင်းကလေးများရဲ့ သင်ယူမှုအခွင့်အလမ်းကောင်းများကို ပြန်လည်ရရှိစေရေး ဦးဆောင်မှုအခန်းကဏ္ဍမှနေ၍ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးပါရန်နှင့် ဘေးကင်းလုံခြုံသော သင်ယူမှုပတ်ဝန်းကျင်များ တည်ဆောက်ပေးပါရန် မုံရွာမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်ကြူကြူစိန်၏ တိုက်တွန်းကြောင်းအဆိုဟာ လျော်ကန်သင့်မြတ်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)မှ ဒေါ်ကြူကြူစိန် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒေါ်ကြူကြူစိန် တင်သွင်းတဲ့အဆိုကို လွှတ်တော်မှာ လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ် ရယူသွားမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန် တင်သွင်းတဲ့အဆိုကို လွှတ်တော်တွင် လက်ခံဆွေးနွေးရန် သဘောတူပါသလားခင်ဗျာ (သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ သဘော မတူတဲ့သူ ရှိပါသေးသလား ခင်ဗျာ။

လွှတ်တော်ကိုယ်စားလှယ်များ။ မရှိပါဘူး။

ဥက္ကဋ္ဌ။ သဘောမတူသူ မရှိသည့်အတွက် မုံရွာမြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန်၏ **"စစ်ကိုင်းတိုင်းဒေသကြီး အတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) နှင့် Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်း ပညာရေး(NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန်"** တိုက်တွန်းကြောင်း အဆိုအား လွှတ်တော်၌ လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။

အဆိုကို တိုင်းဒေသကြီးလွှတ်တော်က လက်ခံဆွေးနွေးရန်ဆုံးဖြတ်သည့်အတွက် အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန် တင်သွင်းတဲ့အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူသည့်အတွက် ၂၀၂၆ ခုနှစ်၊ ဇွန်လ(၉)ရက်(အင်္ဂါနေ့မှာ) ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၈)ရက်၊ (တနလ်ာနေ့)၊ ညနေ(၁၅:၀၀)နာရီအချိန် နောက်ဆုံးထား၍ ဆွေးနွေးချက်အကျဉ်းချုပ်နှင့်အတူ တိုင်းဒေသကြီးလွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးထံ အမည်စာရင်း တင်သွင်းကြရန် ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌမှ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ ဆက်လက်ပြီးအစီအစဉ်(၉)ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ(က)အရ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်က သတ်မှတ်ပေးရမှာဖြစ်ပါတယ်။ ကော်မတီမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် ကော်မတီဝင်ဦးရေ(၁၁)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပြီး ပေးပို့လာတဲ့စာရင်းပေါ်မူတည်ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ(ခ)အရ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ရွေးချယ်သတ်မှတ်ပေးသွားရမှာဖြစ်ပါတယ်။

ကော်မတီအနေနဲ့ လွှတ်တော်ကျင်းပချိန်မှာ လွှတ်တော်ကို တာဝန်ခံရမှာ ဖြစ်ပြီး လွှတ်တော်ကျင်းပချိန် မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကော်မတီ၏ သက်တမ်းဟာ လွှတ်တော်ရဲ့သက်တမ်းနှင့်အညီ (၅)နှစ်

ဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကော်မတီ၏သက်တမ်း(၁)နှစ် ပြည့်မြောက်သည့် အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို လဲလှယ်၊ အစားထိုး တာဝန်ပေးအပ်ရမှာ ဖြစ်ပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း

ဥက္ကဋ္ဌ။ ယခု တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာ ကော်မတီ ဖွဲ့စည်းမှာဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားပေးဖို့ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်းပြီး ကျွန်တော် ဖတ်ကြားတင်ပြသွားပါမယ်။

တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီသည် ၂၀၁၀ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ (ဇ)အရ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်း ဖြစ်ပါတယ်။

ကော်မတီ၏ သက်တမ်း

ကော်မတီ၏သက်တမ်းသည် တိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီသက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို အစားထိုးလဲလှယ် တာဝန်ပေးအပ်နိုင်ပါသည်။

ကော်မတီ၏ တာဝန်များ

(က) ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရ၊ တရားရေးအဖွဲ့အစည်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ သတင်းမီဒီယာများနှင့် သက်ဆိုင်သူအားလုံးတို့သည် တရားဥပဒေနှင့်အညီ နေထိုင်ပြုမူလိုက်နာ ဆောင်ရွက်နိုင်ရေးအတွက် နှိုးဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ထိန်းညှိကူညီခြင်းပြုရမည်။ အရေးယူ ဆောင်ရွက်ရန်ရှိပါက လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြရမည်။

(ခ) တရားစီရင်ရေးနှင့် ဥပဒေရေးဆိုင်ရာလုပ်ငန်းများ မှန်ကန်မှု၊ တရားမျှတမှုရှိစေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ဂ) ဥပဒေနှင့်အညီတရားစီရင်ရေး၊ တရားရုံးအဆင့်ဆင့်တွင် သက်ဆိုင်သူများ၏ ရပိုင်ခွင့်များကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ရရှိနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဃ) ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးတို့ကို နိုင်ငံသားတိုင်း ခံစားနိုင်ရေးအတွက် အားပေးကူညီရမည်။

(င) ကော်မတီသည် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြို့နယ်အလိုက် ထူးခြားသော အခြေအနေရှိပါလျှင် လိုအပ်သော နေရာဒေသများသို့ သွားရောက်လေ့လာ၍ ကော်မတီတွင် အသေးစိတ်ဆွေးနွေး တင်ပြရမည်။

(စ) သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း၊ ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(ဆ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့်ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို လေ့လာ

စိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

ကော်မတီသည် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်း အစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

ကော်မတီသည် ဆွေးနွေးရရှိသော မိမိကော်မတီဆိုင်ရာ လုပ်ငန်းများအတွက် လုပ်ဆောင်ဖွယ်ရာများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့တင်ပြရမည်။ လွှတ်တော်သို့ တင်ပြသင့်သော အခြေအနေဖြစ်က ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော်သို့တင်ပြရမည် သို့မဟုတ် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတို့ ဆောင်ရွက်ရန် ပေးပို့ရန် လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော်က ဆက်လက်တင်ပြရမည်။

ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်က အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရမည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များ

ကော်မတီ အစည်းအဝေးများကို ၂၀၁၀ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက် များနှင့်အညီ ကျင်းပရမည်။

ကော်မတီသည် ကော်မတီလုပ်ငန်းများနှင့် စပ်လျဉ်း၍-

(က) နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကိုစိစစ်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုများအပေါ် ပြင်ဆင်ရန်လိုအပ်ပါက သုံးသပ်ချက်နှင့်အတူ အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာ မူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဂ) ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် သဘာပတိတာဝန် ထမ်းဆောင်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း လက်မှတ်ရေးထိုး တင်ပြနိုင်သည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) လွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဆောင်ရွက်သော လုပ်ငန်းနှင့်စပ်လျဉ်းသော ကော်မတီ၏ အစီရင်ခံစာကို ပြုစုပြီးသည့် နေ့မှစ၍ ခုနှစ်ရက်အတွင်း(ရုံးပိတ်ရက်မပါ) လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(စ) လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်း ခံရသူသည် ကော်မတီအစီရင်ခံစာကို လွှတ်တော်တွင် တင်ပြရမည်။

ကော်မတီဝင်များသည်–

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွှတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့် ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက် နိုင်ခွင့် ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုး အကြောင်းဖော်ပြလျက် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့် ရှိသည်။

ရပိုင်ခွင့်နှင့် အခွင့်အရေးများ

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာ ဒေသတွင်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့် အပြင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့် ရှိသည်။

ကော်မတီဝင်များသည်–

(က) ကော်မတီ အစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲ အခြား ဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီ အစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ယခု ကျွန်တော် ဖတ်ကြားတင်ပြသွားတဲ့ တရားဥပဒေ စိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများဟာ ၂၀၁၀ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကောက်နုတ်ချက်များ ဖြစ်ပါတယ်။ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌမှ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို ယခု တင်ပြမည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးဖြင့် ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။ ပါဝင်ဖွဲ့စည်းရန်လျာထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကတော့-

(၁) ဒေါ်ဆန်းစစ်ရှိုး၊ လေရှိုးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၂) ဦးထွန်းလွင် ၊ ကနီမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၃) ဦးမင်းဇော်၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၆) ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၇) ဦးအောင်ဇော်မင်း ၊ ဝန်းသိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၈) ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၉) ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၁၀) ကြည်း-၃၃၆၈၈၊ ဗိုလ်မှူးမင်းဇော်၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်

(၁၁) ကြည်း-၅၁၄၂၂၊ ဗိုလ်ကြီးသန်းနိုင်ထွန်း၊တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်တို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ဒါကြောင့် ယခုတင်ပြထားသည့် ကိုယ်စားလှယ်(၁၁)ဦးထဲမှ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို ဥက္ကဋ္ဌအဖြစ် ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)တို့ကို တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ (၈)ရက် (တနလ်ာနေ့)၊ ညနေ(၁၅:၀၀)နာရီအချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံးအကြီးအမှူးထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးတတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ(၈)ရက်(တနလ်ာနေ့) နံနက်(၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ ကိုယ်စားလှယ်တော်ကြီးများအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

{တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို (၁၁း၀၅)နာရီအချိန်တွင် ရပ်နားပါသည်။ }

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့မှတ်တမ်း
၁၃၈၈ ခု၊ နယုန်လပြည့်ကျော် ၉ ရက်
(၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက်) (တနလင်္ဂနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် (၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

{အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌ တက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက်ပါသည်။}

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
တတိယနေ့ အခမ်းအနားအစီအစဉ်များ ကြေညာခြင်း

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျာ။ အားလုံး ထိုင်နိုင်ကြပါပြီးခင်ဗျာ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး
တတိယနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့မှာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစီစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်(၈၅)ဦး ရှိသည့် အနက် (၈၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ

ဦးရေစုစုပေါင်းရဲ့ (၉၄.၁၂)ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေ၏ သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ နည်းဥပဒေ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

(တူထုသည်)

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အဆိုပါအစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေး တက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက် ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ကို စတင်ဆောင်ရွက်ပါမယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များစီစစ်ရေးနှင့် လွှတ်တော်အဆွင့်အရေးဆိုင်ရာကော်မတီမှ ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

ဒေါ်သန်းအေး၊ မြောင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ ၂၀၂၆ ခုနှစ်၊ ဇွန်လ (၈)ရက်နေ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့ကို တက်ရောက်နိုင်ခြင်းမရှိသည့် တိုင်ဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအခြေအနေအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များစီစစ်ရေးနှင့် လွှတ်တော်အဆွင့်အရေးဆိုင်ရာကော်မတီ အဖွဲ့ဝင်၊ မြောင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ

ကျွန်မဒေါ်သန်းအေးမှ အောက်ဖော်ပြပါ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန် ကြားသွားမည်ဖြစ်ပါတယ်ရှင်။

တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင်။ ဗိုလ်မှူးကြီးဝင်းတင်စိုး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဦးအောင်ဇော်ဦး၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးတို့သည် ကိုယ်တိုင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ ဆောင်ရွက်ရန်ရှိသဖြင့် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့)ကို တက်ရောက်ရန် ပျက်ကွက်ခြင်းကို ၄င်းတို့ရဲ့ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် ယခင်နေ့က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၄)ဦး၊ ယနေ့ အစည်းအဝေးသို့ ပြန်လည်တက်ရောက်သူ(၁)ဦး၊ ယနေ့ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၂)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း(၅)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။(သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(တူထုသည်)

ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ "(၅-၆-၂၀၂၆)ရက်နေ့ (၁၀း၃၀)အချိန် စစ်ကိုင်းမြို့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး ဝင်ပေါက်ဝဲဘက်ဘေးတွင် Remote Mine ဟုယူဆရသော ဗုံးပေါက်ကွဲမှုကြောင့် နိုင်ငံ့ဝန်ထမ်း(၆)ဦးနှင့် အပြစ်မဲ့ပြည်သူ(၁၃)ဦး ထိခိုက်ဒဏ်ရာ ရရှိမှုအပေါ် ဝမ်းနည်းကြောင်းနှင့် ဗုံးထောင်ဖောက်ခွဲခဲ့သော အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ကန့်ကွက်ရှုတ်ချကြောင်းနှင့် အလားတူ ဖြစ်စဉ်မျိုး တစတစ လျော့နည်းကျဆင်းလာစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိဌာနများအနေဖြင့် ပြည်သူလူထု၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပြည်သူလူထုပူးပေါင်းပါဝင်သော လုံခြုံရေးစနစ်ဖြင့် အရှိန်မြှင့်တင် ဆောင်ရွက်ပေး စေလိုကြောင်း" အရေးကြီးအဆို တင်သွင်းခြင်းနှင့် အောက်ပါတိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်(၆)ဦးမှ ထောက်ခံဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ ဆက်လက်ပြီး အစီအစဉ်(၅)ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးထိန်မင်းအား ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၂၁(က)နှင့်အညီ အရေးကြီးအဆို တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးထိန်မင်းဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ စစ်ကိုင်းမြို့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ရုံးဝင်းပေါက် ဘယ်ဘက်ဘေးမှာ ချိန်ကိုက်ဗုံးဟုယူဆရတဲ့ ဗုံးပေါက်ကွဲမှုကြောင့် ဝန်ထမ်း(၆)ဦးနဲ့ အပြစ်မဲ့ပြည်သူ(၁၃)ဦး ထိခိုက်ဒဏ်ရာရရှိမှုအပေါ် စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော်နှင့် လွတ်တော်ကိုယ်စားလှယ်များမှ ပြည်သူများနှင့်အတူ ဝမ်းနည်းကြောင်းနှင့် ဗုံးထောင်ဖောက်ခွဲခဲ့သော အကြမ်းဖက် အဖျက်သမားများ၏ လုပ်ရပ်အား ကန့်ကွက်ရှုတ်ချကြောင်းနှင့် အလားတူဖြစ်စဉ်မျိုးများ တစ်စတစ်စ လျော့နည်း

ကျဆင်းစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိ ဌာနများအနေဖြင့် ပြည်သူလူထုများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ပြည်သူလူထု ပူးပေါင်း ပါဝင်သော လုံခြုံရေးစနစ်ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် အရေးကြီး တိုက်တွန်းကြောင်း အဆိုကို တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ကျွန်တော့်အနေနဲ့ အရေးကြီးအဆိုတင်သွင်းရခြင်းမှာ စစ်ကိုင်းမြို့ဟာ တစ်ချိန်က စစ်ကိုင်းတိုင်းဒေသကြီးရဲ့ မြို့တော်တစ်ခုဖြစ်ခဲ့ပါတယ်။ ယခုအချိန်မှာ ယဉ်ကျေးမှုဆိုင်ရာနဲ့ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်တဲ့မြို့တစ်မြို့ဖြစ်ပါတယ်။ စစ်ကိုင်းမြို့ဟာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ သမိုင်းဝင်မြို့တစ်မြို့ဖြစ်သလို သမိုင်းဝင်အမွေအနှစ်များနဲ့ ဗုဒ္ဓဘာသာသာသနာ ဗဟိုဌာနဖြစ်ပြီးတော့ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ တောင်ဘက်အစွန်ဆုံးမြို့အဖြစ် တည်ရှိနေပါတယ်။ ရှေးခေတ်က ဇေယျာပူရမြို့၊ ဇေယျာပူရအောင်ပွဲမြို့တော်အဖြစ်လည်းကောင်း အတုလဝတီမြို့ဟူ၍လည်းကောင်း ခေါ်ဆိုခဲ့ပါတယ်။ အကျယ်အဝန်းဧရိယာစတုရန်းမိုင် (၁၂.၆၁)မိုင်ကျယ်ဝန်းပြီးတော့ လူဦးရေ(၃)သိန်းခွဲခန့်နေထိုင်တဲ့ မြို့ကြီးတစ်မြို့ ဖြစ်ပါတယ်။ မြန်မာသက္ကရာဇ် ၁၃၁၅-၁၃၆၄ အထိ ပုဂံခေတ်နှောင်းပိုင်း ရှမ်းစော်ဘွား၊ သတိုးအသခ်ီရာစောယွန်း တည်ထောင်ခဲ့ပြီး စစ်ကိုင်းမင်းဆက် စတင်ကာ မင်း(၇)ဆက် စိုးစံခဲ့ပါတယ်။ ကုန်းဘောင်ခေတ် ၁၇၆၀-၁၇၆၄ နောင်တော်ကြီးမင်းက (၄)နှစ်တိုင်တိုင် စစ်ကိုင်းမြို့မှာ နန်းစံခဲ့ဘူးပါတယ်။ ပုဂံငယ်လို့တင်စားခဲ့ရတဲ့ စစ်ကိုင်းတောင်ပေါ်ရိုးမှာ ဘုရားစေတီနဲ့ ဘုန်းတော်ကြီးကျောင်းများ (၁၀၀၀)နီးပါးရှိကာ သတင်းသုံးနေသော ရဟန်းရှင်လူအပေါင်း(၃၀၀၀၀)ကျော်တို့ဖြင့် ကမ္ဘာနှံ့တရားအားထုတ်ပြီးတော့ တောင်ရိုးစခန်းများဖြင့် စည်ကားလျက်ရှိပါတယ်။ ပညာရေးကဏ္ဍမှာလည်း စစ်ကိုင်းတက္ကသိုလ်၊ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နဲ့ အဆင့်မြင့်ပညာအဖွဲ့အစည်းများတည်ရှိရာ နေရာဖြစ်ပြီးတော့ အထက်ဗမာပြည်ရဲ့ အဓိကကျတဲ့ဖြတ်သန်းရာ လမ်းဆုံမြို့ကြီးတစ်မြို့ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခုကဲ့သို့ သမိုင်းအစဉ်အလာကြီးမားပြီး တည်ငြိမ်အေးချမ်းလျက်ရှိတဲ့ စစ်ကိုင်းမြို့မှာ (၅-၆-၂၀၂၆)ရက်နေ့ (၁၀း၃၀)အချိန် မြို့နယ်လဝကရုံး၌ ချိန်ကိုက်

ဗုံးပေါက်ကွဲခဲ့ပြီးတော့ လဝက ဝန်ထမ်း(၆)ဦး၊ မှတ်ပုံတင်ကတ်ပြုလုပ်သူ ပြည်သူ (၁၃)ဦးတို့ ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း စိတ်မကောင်းဖွယ်ရာ ကြားသိခဲ့ရပါတယ်။ ဖြစ်စဉ်မှတ်တမ်းများကို Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပြုပါတယ်။

ဒီမှတ်တမ်းပုံများကတော့ ရုံးအဆောက်အဦများ ပျက်စီးမှု မှတ်တမ်းဓာတ်ပုံများဖြစ်ပါတယ်။ ဒီမှတ်တမ်းဓာတ်ပုံကတော့ ထိခိုက်ဒဏ်ရာရရှိတဲ့ ဝန်ထမ်းများနဲ့ အရပ်သားပြည်သူ ထိခိုက်ဒဏ်ရာရရှိတဲ့ မှတ်တမ်းဓာတ်ပုံများ ဖြစ်ပါတယ်။

ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်။

ဒီချိန်ကိုက်ဗုံးဟာ လက်သည်တရားခံကတော့ အကြမ်းဖက် အဖွဲ့များမှ ထောင်ထားတဲ့ ဗုံးဖြစ်သဖြင့် ဒီဖြစ်စဉ်ကို ကြားတဲ့အချိန်မှာ များစွာ စက်ဆုပ်ရွံရှာဖြစ်ခဲ့ရပါတယ်။ ယခုအချိန်ဟာ နိုင်ငံတော်အစိုးရရဲ့ ရက်(၁၀၀)စီမံချက်မှာ ပါဝင်တဲ့ ပြည်သူများ မှတ်ပုံတင်ပြုလုပ်နိုင်ရေး၊ ချောမွေ့စွာ ဆောင်ရွက်နိုင်ရေး အတွက် လမင်းစီမံချက်တွင် ပါဝင်နေသော ကာလလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ စစ်ကိုင်းမြို့နယ် လ.ဝ.က ရုံးဝင်ပေါက် ဝဲဘက်ခြမ်းဘက်မှာ အကြမ်းဖက်အဖွဲ့များမှ ထောင်ထားတဲ့ ချိန်ကိုက်ဗုံးတစ်လုံးပေါက်ကွဲမှုကြောင့် မြို့နယ်လ.ဝ.ကရုံး ဝန်ထမ်း(၆)ဦး၊ ၎င်းရုံးမှာရောက်ရှိနေတဲ့ မှတ်ပုံတင်ပြုလုပ်သူ ပြည်သူ(၁၃)ဦးတို့မှာ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းအတွက် ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အနေဖြင့် မိသားစုများနှင့်အတူ ထပ်တူဝမ်းနည်းရပါကြောင်းနှင့် ယခုအချိန်မှာ နိုင်ငံတော်အစိုးရအနေနဲ့ ငြိမ်းချမ်းရေးအတွက် လက်ကမ်း ကြိုဆိုနေတဲ့ အချိန်မှာ အကြမ်းဖက်အဖွဲ့များက ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများအား ထိခိုက်ဒဏ်ရာရအောင် ယုတ်မာစွာဖြင့် မိုင်းထောင်ဖောက်ခွဲခဲ့သော အကြမ်းဖက် အဖျက်သမားများ၏ လုပ်ရပ်အား ပြည်သူများ၏ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်မှ ပြင်းပြင်းထန်ထန်ရှုတ်ချကြောင်းနှင့် အလားတူဖြစ်စဉ်မျိုးများ တစ်စထက်တစ်စ လျော့နည်းကျဆင်းလာရေးအတွက် သက်ဆိုင်ရာဌာနများ အနေဖြင့် ပြည်သူလူထုပူးပေါင်းပါဝင်သော လုံခြုံရေးစနစ်ဖြင့် အရှိန် အဟုန်မြှင့် ဆောင်ရွက်သွားရန် အရေးကြီးတိုက်တွန်းကြောင်း အဆိုအား လေးလေးနက်နက် တင်သွင်းအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ပထမဦးစွာ အဆိုကို ထောက်ခံဆွေးနွေးမည့် ခင်ဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးကျော်စိုးဦးအား ဖိတ်ခေါ်ပါတယ်။

ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒု-ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးနှင့် ရုံးဝန်ထမ်းများ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ခင်ဦးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော် ဥက္ကဋ္ဌကြီး ခွင့်ပြုချက်အရ ဝန်းသိုမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)မှ ဦးထိန်မင်း တင်သွင်းသော အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

၂၀၂၆ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့ မနက်(၁၀း၃၀) အချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်အတွင်းရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေး နှင့်ပြည်သူ့အင်အားဦးစီးဌာနရုံးတွင် အကြမ်းဖက်သမားများက ချိန်ကိုက်ဗုံးတစ်လုံး ဖောက်ခွဲခဲ့သဖြင့် လ.ဝ.ကဝန်ထမ်း(၆)ဦးနှင့် မှတ်ပုံတင်ကိစ္စများဆောင်ရွက်ရန် ရောက်ရှိနေကြသော ပြည်သူ(၁၃)ဦး စုစုပေါင်း(၁၉)ဦးတို့တွင် ထိခိုက်ဒဏ်ရာများ မစိုးရိမ်ရ အသီးသီးရရှိခဲ့ပါကြောင်းကို ဝန်းသိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးထိန်မင်းမှ တင်သွင်းခဲ့ပါသည်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

နိုင်ငံတော်အစိုးရအဖွဲ့၏ ရက်ပေါင်း(၁၀၀)စီမံချက်တွင် ငြိမ်းချမ်းရေးစီမံချက်သည် ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စရပ်များတွင်ပါဝင်နေပြီး အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အသီးသီးကိုလည်း မိမိနိုင်ငံနှင့် ပြည်သူလူထု အကျိုးအတွက် ဆောင်ရွက်ရန် နွေးထွေးစွာဖိတ်ခေါ်နေတဲ့ အချိန်ကာလတစ်ခုလည်းဖြစ်ပါတယ်။

ထို့အပြင် နိုင်ငံသူနိုင်ငံသားတိုင်း မဖြစ်မနေလုပ်ဆောင်ရမည့် နိုင်ငံသားစိစစ်ရေးကတ်လုပ်ငန်းများ၊ အိမ်ထောင်စုစာရင်းဇယားလုပ်ငန်းများ အစရှိသော လူဝင်မှု

ကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန လုပ်ငန်းများကိုလည်း နိုင်ငံတော်မှ ရက်(၁၀၀)အတွင်း လမင်းစီမံချက်ဖြင့် အခမဲ့ လုပ်ဆောင်ပေးနေသော အချိန်ကာလလည်းဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရမှ နိုင်ငံတော်အေးချမ်းသာယာ ဖွံ့ဖြိုးရေးအတွက် ဘက်ပေါင်းစုံမှ စီမံချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ငြိမ်းချမ်းရေးလုပ်ငန်းများ ဆွေးနွေးရန် နွေးထွေးစွာဖိတ်ခေါ်နေသော အချိန်ကာလတွင် ပြည်တွင်းရှိ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့အချို့သည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်တို့ကို လုံးဝငဲ့ကွက်မှုမရှိပဲ နိုင်ငံ့ဝန်ထမ်းများနှင့် အများပြည်သူများ စုရုံးရောက်ရှိနေသောနေရာတွင် အချိန်ကိုက် ဗုံးဖောက်ခွဲခြင်းသည် ငြိမ်းချမ်းရေးလမ်းစဉ်နှင့် ဆန့်ကျင်နေပြီး ပြည်သူအများကို အထိတ်တလန့်ဖြစ်စေအောင် လှုံ့ဆော်ဖောက်ခွဲခြင်းမျိုး မဟုတ်ဘဲ ပြည်သူလူထုရဲ့ အသက်အန္တရာယ်ကို ထိပါးလာသော လုပ်ရပ်ဖြစ်ပါတယ်။ အဆိုပါလုပ်ရပ်ကြောင့် ထိခိုက်ဒဏ်ရာအနာတရ ရရှိခဲ့ကြသော နိုင်ငံ့ဝန်ထမ်း(၆)ဦးနှင့် ပြည်သူ(၁၃)ဦး၊ စုစုပေါင်း(၁၉)ဦးတို့ကိုလည်း မိမိ၏မိသားစုကဲ့သို့ ကိုယ်ချင်းစာနာမိပါကြောင်းကိုလည်း တင်ပြလိုပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ပြည်သူ့အစိုးရမှ ဖော်ဆောင်နေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဖျက်ဆီးခြင်း၊ နှောင့်ယှက်ခြင်း၊ ပြည်သူများ သေကျေပျက်ဆီးအောင် ဆောင်ရွက်ခြင်း၊ အထိတ်တလန့်ဖြစ်အောင် လှုံ့ဆော်ဖောက်ခွဲခြင်း၊ ဝန်ထမ်းနှင့်ပြည်သူအချို့အား ဖမ်းဆီးခေါ်ဆောင်၍ ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်းဆိုတဲ့ လုပ်ရပ်များဟာ ဘယ်လူ့အဖွဲ့အစည်းကမှ မနှစ်မြို့ပဲ လုံးဝလက်မခံနိုင်တဲ့ လုပ်ရပ်များဖြစ်ပါတယ်။ မိမိတို့တိုင်းဒေသကြီးအတွင်းမှာ အလားတူဖြစ်စဉ်မျိုး တစ်စတစ်စ လျော့နည်းကျဆင်းလာစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိဌာနများအနေဖြင့် ပြည်သူလူထု၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပြည်သူလူထု ပူးပေါင်းပါဝင်သော လုံခြုံရေးစနစ်ဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်ပေးစေလိုပါတယ်။ စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး၌ (၅-၆-၂၀၂၆)ရက်နေ့ နံနက်(၁၀)နာရီ ၃၀မိနစ်အချိန်တွင် ဖြစ်ပွားခဲ့သော ချိန်ကိုက်ဗုံး ဖောက်ခွဲမှုကြောင့် ထိခိုက်နစ်နာခဲ့

ကြသော နိုင်ငံ့ဝန်ထမ်းနှင့် အပြစ်မဲ့ပြည်သူ(၁၉)ဦးတို့အတွက်ကိုလည်း ပြည်သူလူထုနှင့်ထပ်တူ ဝမ်းနည်းရပါကြောင်းနှင့် ဗုံးဖောက်ခွဲခဲ့သော အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ကန့်ကွက်ရှုတ်ချပါကြောင်း ဦးထိန်မင်း၏အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြရင်း နိဂုံးချုပ် အပ်ပါတယ် ခင်ဗျာ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးသိန်းသန်းစိုးအား ထောက်ခံဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဦးသိန်းသန်းစိုး၊ ဘုတလင်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မြို့နယ်၊ အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းသန်းစိုး ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဝန်းသိုမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးထိန်မင်းရဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။

၂၀၂၆ ခုနှစ်၊ ဇွန်လ(၅)ရက်၊ နံနက်(၁၀)နာရီ၊ မိနစ်(၃၀)အချိန်တွင် စစ်ကိုင်းမြို့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူးရုံး၌ ဗုံးပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားခဲ့ပြီး နိုင်ငံ့ဝန်ထမ်း(၆)ဦးနှင့် ပြည်သူ(၁၃)ဦး၊ စုစုပေါင်း(၁၉)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း ဝမ်းနည်းဖွယ်ရာ ကြားသိခဲ့ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

၂၀၂၁ ခုနှစ် နောက်ပိုင်း ပေါ်ပေါက်လာသည့် တရားမဝင် အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများ၊ သံဃာတော်များ၊ ပြည်သူများအား မကြာခဏ ဖမ်းဆီးခေါ်ဆောင်သွားခြင်း၊ သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး နိုင်ငံပိုင်အဆောက်အဦများ၊ ဘာသာရေးကျောင်းများ၊ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲမှုများ ဆောင်ရွက်နေသည်ကို

စိတ်မကောင်းဖွယ်ရာ တွေ့မြင်ကြားသိနေရပါသည်။

အကြမ်းဖက်သမားများ၏ အဆိုပါ အဖျက်အမှောင့် လုပ်ရပ်များကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသော နိုင်ငံ့ဝန်ထမ်း(၆)ဦးနှင့် အပြစ်မဲ့ပြည်သူ(၁၃)ဦး အတွက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူများမှ ထပ်တူဝမ်းနည်းရပါကြောင်း၊ အဆိုပါ အကြမ်းဖက်လုပ်ရပ်များအား ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်းနှင့် ဦးထိန်မင်း၏ အရေးကြီးအဆိုအား လေးနက်စွာ ထောက်ခံအပ်ပါတယ်ခင်ဗျာ။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)မှ ဦးမင်းဇော်အား ထောက်ခံဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဦးမင်းဇော်၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။

လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ရှေးဦးစွာ မေတ္တာပို့ ဆုတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ လွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးမင်းဇော် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြု ချက်အရ ဝန်းသိုမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးထိန်မင်းရဲ့ အရေးကြီးအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။

၂၀၂၆ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့တွင် စစ်ကိုင်းမြို့မရဲစခန်း၏ မြောက်ဘက် (၁)မိုင်ခန့်အကွာ၊ ပါရမီရပ်ကွက်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနရုံးတွင် ဗုံး(၁)လုံးပေါက်ကွဲခြင်းကြောင့် ပြည်သူ(၁၃)ဦး၊ ဝန်ထမ်း(၆)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့မှုနှင့်ပတ်သက်၍ တင်သွင်းထားသော အရေးကြီး အဆိုကို ကျွန်တော့်အနေနဲ့ အပြည့်အဝ ထောက်ခံအပ်ပါတယ်။ ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများအား ကျန်းမာရေးနှင့်လုံခြုံရေးအတွက် ယခုကိစ္စ အရေးတကြီး ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပါတယ်ခင်ဗျာ။ ယခုဖြစ်စဉ်မှာ အပြစ်မဲ့ပြည်သူများကို ပစ်မှတ်ထားသည့် အကြမ်းဖက်လုပ်ရပ်ဖြစ်ပါတယ်။ အများပြည်သူ သွားလာ

လူပ်ရှားရာနေရာတွေမှာ မိုင်းထောင်ကာ ပြည်သူတို့၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေခြင်းက တရားဥပဒေစိုးမိုးခြင်းကို စိန်ခေါ်နေခြင်းဖြစ်ပါတယ်။

ထိုကဲ့သို့ အပြစ်မဲ့ပြည်သူများကို အကြမ်းဖက်လုပ်ရပ် ကျူးလွန်ခြင်းက လွန်စွာစက်ဆုပ် ရွံရှာဖွယ် ကောင်းလှပါတယ်။ ရန်ကိုရန်ခြင်းတုံ့နှင်းတာ မမှန်ဘူး ဆိုပေမယ့် အကြမ်းဖက်ကိုတော့ အကြမ်းဖက်လို ဆက်ဆံသင့်ပြီလို့ ကျွန်တော့် အနေနဲ့ ယူဆမိပါတယ်။

ဒါကြောင့် ယခုဖြစ်စဉ်အတွင်း အကြမ်းဖက်လုပ်ရပ် ဆောင်ရွက်ခဲ့သူ များအား ပြည်သူများနှင့်အတူ ပြင်းထန်စွာ ရှုတ်ချပါကြောင်းနှင့် ထိခိုက်ဒဏ်ရာ ရရှိသည့် ဝန်ထမ်းများနှင့် ပြည်သူများအား မိသားစုများနှင့်ထပ်တူ ဝမ်းနည်း စိတ်မကောင်းဖြစ်ရပါကြောင်းတင်ပြရင်း ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)၊ ဦးထိန်မင်း၏ အရေးကြီးအဆိုအား လေးလေးနက်နက် ထောက်ခံအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးတင်မောင်မြင့်အား ထောက်ခံဆွေးနွေးရန် ဖိတ်ခေါ် ပါတယ်။

ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သလိုက်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ လွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးတင်မောင်မြင့်ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဝန်းသိုမြို့နယ်မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးထိန်မင်းရဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါ တယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

၂၀၂၆ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့တွင် စစ်ကိုင်းမြို့မရဲစခန်း၏ မြောက်ဘက် (၁)မိုင်ခန့်အကွာ၊ ပါရမီရပ်ကွက်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဦးစီးဌာနရုံးတွင် ဗုံး(၁)လုံး ပေါက်ကွဲခြင်းကြောင့် ပြည်သူ(၁၃)ဦးနှင့်

ဝန်ထမ်း(၆)ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့မှုနှင့်ပတ်သက်၍ တင်သွင်းထားသော အရေးကြီးအဆိုကို ကျွန်တော့်အနေနဲ့ ပြည့်ပြည့်ဝဝ ထောက်ခံပါတယ်။ ၂၀၂၁ ခုနှစ် နောက်ပိုင်းဖြစ်ပေါ်လာသည့် အကြမ်းဖက်လုပ်ရပ်များကြောင့် ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား/ကျောင်းသူများနှင့် ရဟန်းသံဃာများတို့သည် မတရားဖမ်းဆီးခေါ်ဆောင်ခြင်း၊ ကြမ်းတမ်းရက်စက်စွာဖြင့် လူမဆန်စွာ သတ်ဖြတ်ခံခဲ့ရခြင်းများ ယနေ့အချိန်ထိ ဖြစ်ပေါ်လျက်ရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ယခုဖြစ်စဉ်သည် အပြစ်မဲ့ပြည်သူများအားလုံး ကြောက်ရွံ့စိုးရိမ်စွာဖြင့် သွားလာရေး၊ နေထိုင်ရေးများတွင် စိတ်အေးချမ်းမှုမရှိအောင် ဖော်ဆောင်နေသောလုပ်ရပ်ဖြစ်သည်ဟု ကျွန်တော့်အနေနဲ့ ဆင်ခြင်သုံးသပ်မိပါတယ်။ ဤကဲ့သို့ အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများသည် စိတ်ဒဏ်ရာ၊ ကိုယ်ဒဏ်ရာများ ဘဝတစ်လျှောက်လုံး ခံစားသွားရမည့် ဝေဒနာများဖြစ်ပါသောကြောင့် ၎င်းလုပ်ရပ်ကို ပြင်းထန်စွာ ရှုတ်ချပါကြောင်းနှင့် ဝန်သိုမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၊ ဦးထိန်မင်း၏ အရေးကြီးအဆိုကို လေးလေး နက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ပုလဲမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးရဲမင်းအောင်အား ထောက်ခံဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဦးရဲမင်းအောင်၊ ပုလဲမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။
လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးရဲမင်းအောင် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးထိန်မင်းရဲ့ အရေးကြီးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျာ။

၂၀၂၆ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့၊ နံနက်(၁၀:၃၀)အချိန်ခန့်တွင် စစ်ကိုင်းမြို့၊

ပါရမီရပ်ကွက်ရှိ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနရုံးတွင် အကြမ်းဖက်သမားများ၏ ဗုံးဖောက်ခွဲခြင်းကြောင့် ပြည်သူ(၁၃) ဦးနှင့် ဝန်ထမ်း(၆)ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျာ။

စစ်ကိုင်းမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးတွင် ဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များမှ ၎င်းတို့၏ မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်းနှင့် ဗုံးဖေါက်ခွဲသည့် အကြမ်းဖက်သမားများ၏ လုပ်ရပ်ကို ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း တင်ပြရင်း ဦးထိန်မင်း၏ အရေးကြီးအဆိုကို ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးသက်အောင်ဇော်အား ထောက်ခံဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးနှင့် ရုံးဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ စစ်ကိုင်းမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဦးသက်အောင်ဇော်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ဝန်းသိုမြို့နယ်၊ ကိုယ်စားလှယ် အမှတ်(၁)မှ ဦးထိန်မင်းတင်သွင်းသော အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

နိုင်ငံတော်အစိုးရအဖွဲ့သစ်၏ အဓိကစိန်ခေါ်ချက်မှာ ငြိမ်းချမ်းရေးပင် ဖြစ်ပါ တယ်။ မိမိနိုင်ငံနှင့် ပြည်သူလူထုအကျိုးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့် နိုင်ငံသူနိုင်ငံသားများအားလုံး

ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် နိုင်ငံသားများအတွက် မဖြစ်မနေ လုပ်ဆောင်ရမည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန လုပ်ငန်းများသည်လည်း အလွန်အရေးကြီးပါတယ်။ ယခုကဲ့သို့ နိုင်ငံတော်အတွက် နိုင်ငံသားများအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် လုပ်ငန်းများဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းများနှင့် အများပြည်သူများ စုရုံးရောက်ရှိနေသော နေရာတွင် အချိန်ကိုက် ဗုံးဖောက်ခွဲခြင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသော ကိစ္စရပ်ဖြစ်သည်။ ထိခိုက် ဒဏ်ရာရရှိခဲ့သော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူတို့အား မိမိ၏မိသားစုကဲ့သို့ ကိုယ်ချင်းစာနာမိပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ပြည်သူ့အစိုးရမှ ဖော်ဆောင်နေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို နှောင့်ယှက်ဖျက်ဆီးနေသော အကြမ်းဖက်မှု အားလုံးကို ပြည်သူလူထု၏ဆန္ဒနှင့်အညီ အရေးယူဆောင်ရွက်သင့်ပါကြောင်းနှင့် စစ်ကိုင်းမြို့၊ ပါရမီရပ်ကွက်ရှိ လ.ဝ.ကရုံး ဗုံးဖောက်ခွဲမှုဖြစ်စဉ်မျိုးအား ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်းနှင့် ဦးထိန်မင်း၏ အရေးကြီးအဆိုအား လေးလေးနက်နက် ထောက်ခံအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ တင်သွင်းသည့် အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်၌ မှတ်တမ်းတင်ကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးထိန်မင်း တင်သွင်းသည့် **"(၅-၆-၂၀၂၆)ရက်နေ့(၁၀း၃၀)အချိန် စစ်ကိုင်းမြို့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးဝင်ပေါက် ဝဲဘက်ဘေးတွင် ချိန်ကိုက်ဗုံးဟု ယူဆရသော ဗုံးပေါက်ကွဲမှုကြောင့် နိုင်ငံ့ဝန်ထမ်း**

(၆)ဦးနှင့် အပြစ်မဲ့ပြည်သူ(၁၃)ဦး ထိခိုက်ဒဏ်ရာရရှိမှုအပေါ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များမှ ပြည်သူများနှင့်အတူ ဝမ်းနည်းကြောင်းနှင့် ဗုံးထောင်ဖောက်ခွဲခဲ့ကြသော အကြမ်းဖက်သမားများ၏ လုပ်ရပ်အား ကန့်ကွက်ရှုတ်ချကြောင်းနှင့် အလားတူဖြစ်စဉ်မျိုး တစ်စတစ်စ လျော့နည်းကျဆင်း လာစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိ ဌာနများအနေဖြင့် ပြည်သူလူထု၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပြည်သူလူထုပူးပေါင်း ပါဝင်သော လုံခြုံရေးစနစ်ဖြင့် အရှိန်မြှင့်တင် ဆောင်ရွက်ပေးစေလိုကြောင်း'' အဆိုကို လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိရန် သဘောတူပါသလားခင်ဗျာ။ (သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ် အားလုံးက သဘောတူတဲ့အတွက် ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ တင်သွင်းသည့် **''(၅-၆-၂၀၂၆)ရက်နေ့(၁၀း၃၀)အချိန် စစ်ကိုင်းမြို့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး ဝင်ပေါက် ဝဲဘက်ဘေးတွင် ချိန်ကိုက်ဗုံးဟု ယူဆရသော ဗုံးပေါက်ကွဲမှုကြောင့် နိုင်ငံဝန်ထမ်း(၆)ဦးနှင့် အပြစ်မဲ့ပြည်သူ(၁၃)ဦး ထိခိုက်ဒဏ်ရာရရှိမှုအပေါ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များမှ ပြည်သူများနှင့်အတူ ဝမ်းနည်းကြောင်းနှင့် ဗုံးထောင်ဖောက်ခွဲခဲ့ကြသော အကြမ်းဖက်သမားများ၏ လုပ်ရပ်အား ကန့်ကွက်ရှုတ်ချကြောင်းနှင့် အလားတူဖြစ်စဉ်မျိုး တစ်စတစ်စ လျော့နည်း ကျဆင်းလာစေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိ ဌာနများအနေဖြင့် ပြည်သူလူထု၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပြည်သူလူထုပူးပေါင်း ပါဝင်သော လုံခြုံရေးစနစ်ဖြင့် အရှိန်မြှင့်တင် ဆောင်ရွက်ပေးစေလိုကြောင်း**'' အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ ၂၀၁၃ခုနှစ် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၂၇(က) အရ လွှတ်တော်တွင် မှတ်တမ်းတင်ထားရှိကြောင်း ကြေညာပါတယ်။(တူထုသည်)

ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို တိုင်းဒေသကြီးလွှတ်တော်
ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့်
အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၇)ကို ဆက်လက်ကျင်းပသွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခု မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ပထမဦးစွာ ရေဦးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ဦးရဲမိုးနိုင်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။

လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးနှင့်တကွ ဝန်ထမ်းများအားလုံး ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါ တယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၊ ဦးရဲမိုးနိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို ဆွေးနွေးမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်တို့ ရေဦးမြို့နယ်မှာ အခြေခံပညာအထက်တန်းကျောင်း(၁၂) ကျောင်း၊ အ.ထ.က(ခွဲ)(၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၁၁) ကျောင်း၊ အ.လ.က(ခွဲ)(၁၀)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၁၉) ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(၈၀) အခြေခံပညာမူလတန်းကျောင်း(ခွဲ)(၁)ကျောင်း၊ စုစုပေါင်း (၁၃၇)ကျောင်းရှိပြီးတော့ ဒေသအသီးသီးမှ ကျောင်းသား/ကျောင်းသူများ လာရောက်သင်ကြားမှုများရှိပြီး ပညာရေးမြို့တော် အဖြစ်လည်း ခေါ်ဝေါ်သတ်မှတ်ခြင်း ခံထားရပါတယ်။

အခုအခါမှာ ဒေသတည်ငြိမ်အေးချမ်းမှု မရှိတာကြောင့် ရေဦးမြို့နယ်မှာ တာဝန်ကျတဲ့ ပညာရေးဝန်ထမ်းအချို့ဟာ တာဝန်ကျရာ စာသင်ကျောင်းတွေ မဖွင့်နိုင်တာကတစ်ကြောင်း၊ ပုဂ္ဂိုလ်ရေးတိုက်ခိုက်ခံရပြီး အသက်အန္တရာယ် ခြိမ်းခြောက်ခံရတာကတစ်ကြောင်းကြောင့် ထွက်ပြေးတိမ်းရှောင် နေရပါတယ်။

ဒါကြောင့် ပညာရေးဌာနမှ ယာယီရပ်ဆိုင်းခံနေကြရပြီးတော့ လစာစရိတ် ဖြတ်တောက်ခံနေကြရပါတယ်။

အဲဒါကြောင့် ကျွန်တော်မေးမြန်းလိုတာကတော့ ရေဦးမြို့နယ်မှာ တာဝန် ကျပြီး ဌာနတာဝန်ယာယီရပ်ဆိုင်းခံထားရတဲ့ ပညာရေးဝန်ထမ်းများအား ၎င်းတို့ ရောက်ရှိရာ အရပ်ဒေသမှာရှိတဲ့ နီးစပ်ရာစာသင်ကျောင်းများမှာ တွဲဖက်တာဝန် ထမ်းဆောင်နိုင်စေရေးနှင့် လစာစရိတ်များ ပြန်လည်ခံစားခွင့် ရရှိနိုင်ရေးတို့ အတွက် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံများ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန်ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစား အပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရေဦးမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမိုးနိုင်၏ တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ပညာရေးဝန်ကြီးဌာနမှ ယာယီရပ်ဆိုင်း ဆိုင်းငံ့ခြင်းခံထားရသည့် ပညာရေး ဝန်ကြီးဌာန၊ ပညာရေးဝန်ထမ်းများအား ၎င်းတို့ရောက်ရှိရာ အရပ်ဒေသတွင် ရှိသည့် နီးစပ်ရာ စာသင်ကျောင်းများတွင် တွဲဖက်တာဝန်ထမ်းဆောင်ခွင့်အား ညွှန်ကြားချက် တစ်စုံတစ်ရာ မရှိသေးပါသဖြင့် တွဲဖက်တာဝန်ထမ်းဆောင်ခွင့် မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ လုပ်ငန်းခွင်သို့ အမှန်အလုပ်ဝင်ရောက်ခွင့် ရပြီး လုပ်ငန်းခွင်၌ အမှန်အလုပ်ဝင်ရောက် တာဝန်ထမ်းဆောင်မှသာလျှင် တွဲဖက် တာဝန်ထမ်းဆောင်ခွင့်လည်း ရရှိမှာဖြစ်ပါတယ်။ အမှန်အလုပ်ဝင်ရောက် တာဝန် ထမ်းဆောင်မှသာလျှင် တွဲဖက်တာဝန်ထမ်းဆောင်ခွင့်ရရှိပြီး လစာစရိတ် ခံစားခွင့်

များလည်း ရရှိမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးထိန်မင်းအား ခွင့်ပြုမေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဝန်းသိုမြို့နယ်၊ အမှတ်(၁)၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးထိန်မင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲနေတဲ့ မြို့နယ်များမှာ နေထိုင်ကြတဲ့ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်နိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှပံ့ပိုးလျက်ရှိတဲ့ ကုသရေးဆေးဝါးများ၊ ကာကွယ်ရေးဆေးဝါးများ သက်ဆိုင်ရာမြို့နယ်များသို့ အချိန်မီရောက်ရှိရေး မည်သို့စီစဉ် ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်းနှင့် အထူးသဖြင့် စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိတဲ့ ကာကွယ်ဆေးများ၊ တောင်သူများအတွက် မြွေဆိပ်ဖြေဆေးများကို မည်သို့ပံ့ပိုးသွားမည်ကို မည်သို့ပံ့ပိုးသွားရန် စီစဉ်ထားရှိသည်ကို သိရှိလိုပါကြောင်း လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း အပ်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝန်းသိုမြို့နယ်၊ မဲဆန္ဒနယ်

အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထိန်မင်း၏ တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ဒေသန္တရ ကျန်းမာရေးဌာန၊ ဌာနခွဲ၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၊ ကျေးလက် ကျန်းမာရေးဌာန၊ ဌာနခွဲစုစုပေါင်း (၁၉၂)ခုဖွင့်လှစ်၍လည်းကောင်း၊ စစ်ကိုင်း တိုင်းဒေသကြီးကုသရေးဦးစီးဌာနသည် ကုတင်(၅၀၀)ဆံ့ ဆေးရုံ(၁)ရုံ၊ ကုတင် (၃၀၀)ဆံ့ဆေးရုံ(၂)ရုံ၊ ကုတင်(၂၀၀)ဆံ့ဆေးရုံ(၂)ရုံ၊ ကုတင်(၁၀၀)ဆံ့ ဆေးရုံ(၅)ရုံ၊ ကုတင်(၅၀)ဆံ့ ဆေးရုံ(၉)ရုံ၊ (၂၅)ကုတင်ဆံ့ ဆေးရုံ(၇)ရုံ၊ (၁၆)ကုတင်ဆံ့ ဆေးရုံ(၁၂)ရုံ စုစုပေါင်းဆေးရုံ(၃၈)ရုံ ဖွင့်လှစ်၍လည်းကောင်း စစ်ကိုင်းတိုင်း ဒေကြီးအတွင်းတွင် နယ်မြေဒေသအခြေအနေအပေါ်အခြေခံလျက် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို တိုးချဲ့ကာကွယ်ဆေးထိုး လုပ်ငန်းအား အခြေခံ၍ မိခင်နှင့်ကလေးကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း၊ ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းကို ပေါင်းစည်း ကျန်းမာရေး စောင့်ရှောက်မှုအသွင်ဖြင့် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စစ်ကိုင်း တိုင်းဒေသကြီး ကုသရေးဦးစီးဌာနအနေဖြင့်လည်း အရည်အသွေးပြည့်ဝသော ကုသခြင်းကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ကျန်းမာရေး ဝန်ထမ်းများကို တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတွင် စီမံကော်မတီ ဖွဲ့စည်းထားရှိပြီး နေရာချထားဆောင်ရွက် ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျန်းမာရေးဌာနများနှင့် ဆေးရုံများအတွက် ဖြန့်ဖြူးပေးရမည့် ဆေးနှင့် ဆေးပစ္စည်းများကို သက်ဆိုင်ရာမြို့နယ်များမှ လာရောက် ထုတ်ယူခြင်းဖြင့်လည်းကောင်း၊ လမ်းခရီးခက်ခဲသော မြို့နယ်များ အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ရဟတ်ယာဉ်လမ်းကြောင်း နှင့်လည်းကောင်း၊ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်ရှိ မြို့နယ်များအတွက်

ရေကြောင်းလမ်း၊ ရေယာဉ်ယာဉ်တန်းဖြင့်လည်းကောင်း ဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိပါတယ်။ နယ်မြေဒေသအခြေအနေ ပြန်လည်ကောင်းမွန်လာပြီး အုပ်ချုပ်ရေးယန္တရား ပြန်လည်စတင်သည့် မြို့နယ်များတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အမြန်ပြန်လည်စတင်နိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများနေရာချထားရေးကို ကြိုတင်လျာထား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဆေးနှင့် ဆေးပစ္စည်းများကို အရန်ထားရှိကာ ကြိုတင်အစီအမံများဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ၎င်းအပြင် ယခင်က ကာကွယ်ဆေးများဟာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် အအေးလမ်းကြောင်းတာဝန်ခံမှ မိမိအစီအစဉ်ဖြင့် လာရောက်ထုတ်ယူခဲ့ပါတယ်။ ယခုအခါမှာ နယ်မြေဒေသအခြေအနေအရ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောကြောင့် မိမိအစီအစဉ်ဖြင့် လာရောက်ထုတ်ယူနိုင်ခြင်းမရှိပါဘူး။ သို့ဖြစ်ပါ၍ ၎င်းဆေးများအား အချိန်မီရောက်ရှိရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ဦးဆောင်မှုဖြင့် ကာကွယ်ဆေးများကို ဂျပ်ဖာ၊ ဖော့ဖာများဖြင့် ထည့်သွင်း၍ ဝန်းသိုမြို့နယ်အတွင်း ကာကွယ်ဆေးများ အချိန်မီ တပ်မတော်ရဟတ်ယာဉ် အကြိုဖြင့် ပေးပို့ပြီးတော့ သက်တမ်းမလွန်မီ ထိုးနှံရေးကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၎င်းကာကွယ်ဆေးများ ဆက်လက်ပေးပို့ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှု၊ ပံ့ပိုးကူညီမှုဖြင့် တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက် ပို့ဆောင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဟုမ္မလင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂)မှ ဦးအောင်ဇော်ဝင်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ မဲဆန္ဒနယ်အသီးသီးမှ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်၊ ကိုယ်စားလှယ် အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်ကတော့ ဟုမ္မလင်းမြို့နယ်၊ ကက်သာ စံပြကျေးရွာ၊ ကျေးရွာတွင်းလမ်းအား ကျောက်ရောမြေအမာခံ လမ်းခင်းခြင်းကိစ္စနှင့်ပတ်သက်တဲ့ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကက်သာစံပြကျေးရွာဟာ ဟုမ္မလင်းမြို့ရဲ့ တစ်ဖက်ကမ်းချင်းတွင်းမြစ်ကမ်းဘေးမှာ တည်ရှိနေတာဖြစ်ပါတယ်။ ကက်သာကျေးရွာအတွင်း အိမ်ခြေ(၁၁၃၉)အိမ်ရှိပြီး အိမ်ထောင်စု(၁၁၃၉)စုရှိလျက် နေထိုင်သူလူဦးရေ(၇၅၆၂)ဦးနေထိုင်လျက်ရှိပါတယ်။ ရပ်ကွက်အလိုက် အပိုင်းလိုက်အားဖြင့် ရွာဦးပိုင်း၊ ရွာလယ်ပိုင်း၊ ရွာမြီးပိုင်း၊ တောင်ရွာတောရပ်ကွက်၊ တောင်တန်းပြာရပ်ကွက်၊ ရွှေချောင်းသာရပ်ကွက်စတဲ့ (၆)ရပ်ကွက်ကြီးဖြင့် စုပေါင်းနေထိုင်ကြခြင်းဖြစ်ပါတယ်။ ရွာသူရွာသားများဟာ လယ်၊ ယာ၊ ကိုင်း၊ ကျွန်း စိုက်ပျိုးရေးလုပ်ငန်းများဖြင့် လုပ်ကိုင်စားသောက်သော တောင်သူများဖြစ်ပါတယ်။ ကက်သာကျေးရွာဟာ မိုးတွင်းကာလရောက်သောအခါ ရွာအတွင်းမြစ်ရေများဝင်ရောက်ကာ လမ်းများမှာ ရေနစ်မြုပ်ကုန်သဖြင့် သွားလာရန် နှစ်စဉ်အခက်အခဲများ ကြုံတွေ့နေရပါတယ်။ ကျွဲ၊ နွား၊ တိရစ္ဆာန်များအားလည်း ရေလွတ်ရာကုန်းမြေသို့ သွားရောက်ကာ ထိန်းသိမ်းစောင့်ရှောက်နေရပါတယ်။ ကျေးရွာတွင်းလမ်းများမှာ နိမ့်နေသည့်အတွက် ရေများဝပ်ခြင်း၊ ချိုင့်ခွက်များဖြစ်ခြင်း စသည်ဖြင့် ညီညာမှုမရှိ သွားလာရန်ခက်ခဲသောကြောင့် လမ်းများအားအဆင့်မြှင့်တင်၍ အမာခံလမ်းအဖြစ် ပြုပြင်ဆောင်ရွက်နိုင်ပါက ကျေးရွာနေပြည်သူလူထု၏ လူမှုစီးပွားဘဝ ပိုမို အဆင်ပြေချောမွေ့မည်ဖြစ်ပါသောကြောင့် အခုလို လွှတ်တော်ဥက္ကဋ္ဌကြီးအား တင်ပြတောင်းဆိုရခြင်း ဖြစ်ပါတယ်ခင်ဗျာ။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ဟုမ္မလင်းမြို့နယ်၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် လျာထားသည့် လမ်းစာရင်းတွင်ပါရှိသော လုပ်ငန်းအသေးစိတ်အနေအားဖြင့် ကက်သာကျေးရွာ ကျေးရွာတွင်းလမ်း ကျောက်ရောမြေအရှည်(၆)ဖာလုံ၊ အကျယ်(၁၈)ပေထူ (၁)ပေ (၆)လက်မအား ခွင့်ပြုငွေကျပ်သန်း

(၂၂၅.၅၅)အား ခန့်မှန်းအား တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျာ။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျာ။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးဆန်းဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါခင်ဗျာ။ လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ရုံးဝန်ထမ်းများ တက်ရောက်လာကြသူများ အားလုံး စိတ္တ၊ ကာယ နှစ်ဖြာသောသုခနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်ဝန်ကြီး ဦးဆန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟုမ္မလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်းရဲ့ ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာ၊ ရွာတွင်းလမ်းကျောက်ရောမြေ (၆)ဖာလုံ ခန့်မှန်းကုန်ကျငွေ (၂၅၅.၅၅)သန်းအား တိုင်းဒေသကြီးဘတ်ဂျက်နဲ့ ခွင့်ပြုပေးရန်အစီစဉ် ရှိ/မရှိ သိလိုကြောင်းနဲ့ပတ်သက်တဲ့ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ဟုမ္မလင်းမြို့နယ်၊ ကက်သာစံပြကျေးရွာမှာ အိမ်ခြေ(၁၁၃၉)အိမ်၊ လူဦးရေ (၇၅၆၂)ဦး နေထိုင်ကြပြီးတော့မှ ယခုတင်ပြတဲ့လမ်း ယခုလက်ရှိလမ်းဟာ မြေသားလမ်းဖြစ်တာကြောင့် မိုးတွင်းကာလ လမ်းများမှာ ရေနစ်မြုပ်သဖြင့် ချွံနှံများတင်ကျန်ခြင်း၊ လမ်းမျက်နှာပြင် မညီညာမှုကြောင့် လမ်းပေါ်မှာ ကျင်းချိုင့်များဖြစ်ပေါ်နေခြင်းတို့ကြောင့် မိုးတွင်းကာလ သွားလာရန်ခက်ခဲသော လမ်းပိုင်းဖြစ်ပါတယ်။

အဆိုပါလမ်းအား ဟုမ္မလင်းမြို့နယ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးရွာရဲ့တင်ပြချက်အရ ၂၀၂၅ ခုနှစ်၊ ဇွန်လ(၂၁)ရက်နေ့မှာ ကွင်းဆင်းတိုင်းတာပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့

လျာထားခဲ့သော်လည်း ရန်ပုံငွေကန့်သတ်ချက်အရ ပါဝင်ခဲ့ခြင်းမရှိပါ။ ဒီအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးဘတ်ဂျက်ရန်ပုံငွေမှာ မြေ+ဂျင်း ခင်းခြင်းလုပ်ငန်း ၆ ဖာလုံ၊ အကျယ် ၁၈ ပေ၊ ထု ၁ ပေ ၉ လက်မ ရှိတဲ့ လမ်းကို ကျွန်တော်တို့ ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ခန့်မှန်းကုန်ကျငွေ ကျပ်သန်း (၃၁၇.၈၄)သန်းဖြင့် လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးအောင်မင်းကျော်သူအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီး အမှူးနှင့် ဝန်ထမ်းများ၊ အစည်းအဝေးသို့ တက်ရောက်လာရောက်ကြသော မဲဆန္ဒရှင်ပြည်သူများနှင့် သတင်းမီဒီယာများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ ဘုတလင်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးအောင်မင်းကျော်သူ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့် အမှတ်အသားပြမေးခွန်းတစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းဆွေးနွေးလိုတဲ့ မေးခွန်းကတော့ ရွှေကြွေးကျန်ကိစ္စနှင့် ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒုတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် (၂၄)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(စတုတ္ထနေ့)မှာ စာရင်းစစ်ချုပ် ရုံးမှ ၂၀၁၆ခုနှစ်၊ ၂၀၂၀ပြည့်နှစ်အထိ (၅)နှစ်တာ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ တင်ပြရာမှာ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ဒုတိယအထွေထွေ မန်နေဂျာရုံး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် နှစ်ချုပ်စာရင်းတွင် ထာဝရကုမ္ပဏီ ကျောက်ပုထိုးမှ (၃၀-၉-၂၀၁၉)ရက်နေ့ထိ ပေးသွင်းရန်ကျန် ရွှေစင်အဖြစ် (၉၇၉၂.၁၈)ကျပ်သား ရရှိရန်ကျန်ရှိသည်ဟု ဖော်ပြထားပါတယ်။

လွှတ်တော်အတွင်း ကြွေးကျန်ကိစ္စဆွေးနွေးရန် ပြင်ဆင်နေစဉ် စာရင်း

စစ်ချုပ်ရုံးမှ (၂၁-၈-၂၀၂၀) ရက်စွဲပါစာအမှတ်ဖြင့် ပေးသွင်းရန် ရွှေစင်(၉၇၉၂.၁၈) အစား အမှန်ကိန်းဂဏန်းအဖြစ် (၆၇၉၂.၁၈)သို့ ပြင်ဆင်ပေးရန် အမှားပြင်ဆင်ချက် ပေးပို့လာတဲ့အပေါ် ယခင်ချိန်လွတ်တော် ကိုယ်စားလှယ်များကလည်း ဝေဖန် ထောက်ပြခဲ့ပြီးလည်းဖြစ်ပါတယ်။ ကျွန်တော်သိရှိလိုတဲ့အချက်ကတော့ ထာဝရ ကုမ္ပဏီအနေဖြင့် အဆိုပါရွှေကြေးကျန်များကို နိုင်ငံတော်သို့ အကုန်ပြန်လည် ပေးသွင်းပြီးခြင်းရှိ/မရှိ အခြေအနေကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးတင်သန်းဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးတင်သန်းဝင်းဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် ဘုတလင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဦးအောင်မင်းကျော်သူ မေးမြန်း ထားတဲ့ ကြယ်ပွင့်ပြမေးခွန်းဖြစ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ် အတွင်းရှိ ထာဝရကုမ္ပဏီအနေဖြင့် ရွှေကြေးကျန်များကို နိုင်ငံတော်သို့ အကုန် ပြန်လည် ပေးသွင်းပြီးခြင်းရှိ/မရှိ အခြေအနေအား သိရှိလိုခြင်းနှင့်စပ်လျဉ် သည့် မေးခွန်းနှင့်ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျာ။

လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကောလင်းမြို့နယ်၊ ထာဝရသတ္တု တူးဖော် ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက် ကျောက်ပုထိုးသတ္တုတွင်းရှိ ရွှေသန့်စင်စက်ရုံ ထုတ်လုပ်မှုလုပ်ငန်းမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်၊ နှစ်ချုပ်စာရင်းတွင် (၃၀-၉-၂၀၁၉)ရက်နေ့ရှိ ပေးသွင်းရန်ကျန်ရွှေစင် (၆၇၉၂.၁၈)ကျပ်သားအနက် ကုမ္ပဏီမှ

(၂၀၁၉-၂၀၂၀)၊ (၂၀၂၀-၂၀၂၁) ဘဏ္ဍာနှစ်တို့တွင် ရွှေစင်(၁၀၇၀.၈၄)ကျပ်သား ထပ်မံပေးသွင်းခဲ့သဖြင့် ပေးသွင်းရန်ကျန်ရွှေစင်(၅၇၂၁.၃၄)ကျပ်သား ကျန်ရှိခဲ့ပါတယ်။ ယင်းကဲ့သို့ ပေးသွင်းရန်ကျန် ကြွေးကျန်ဖြစ်ပေါ်ရခြင်းမှာ စာချုပ်ပါ စည်းကမ်းအရ ကုမ္ပဏီမှ ရွှေ(၈)ပိသာ (၁၅)ကျပ်သားကို လစဉ်ပေးသွင်းရမှာ ဖြစ်ပါတယ်။ သို့သော်လည်း အချို့လတွေမှာ စက်ရုံမှ ရက်အပြည့်အဝ လည်ပတ်နိုင်ခြင်း မရှိခဲ့သောကြောင့် လများရှိခဲ့တဲ့အတွက် ဌာနသို့ ပေးသွင်းရန်အချိုး၊ ကုမ္ပဏီမှ ရရန်အချိုး၊ ရွှေသတ္တုများ လျော့နည်းခဲ့တဲ့အတွက် ယခုကဲ့သို့ ကြွေးကျန်များ ဖြစ်ပေါ်ခဲ့ရခြင်းဖြစ်တယ်လို့ သိရပါတယ်။ နိုင်ငံတော်နှင့်အကျိုးတူ ရွှေသတ္တု တူးဖော်ထုတ်လုပ်တဲ့ ထာဝရသတ္တု တူးဖော်ရေးကုမ္ပဏီလီမိတက် ကျောက်ပုထိုး ရွှေထုတ်ရေး သတ္တုတွင်းလုပ်ငန်းဟာ အမှတ်(၂)သတ္တုတွင်း လုပ်ငန်း(ရုံးချုပ်)နေပြည်တော်နဲ့ တိုက်ရိုက်စာချုပ်ချုပ်ဆိုခဲ့သော လုပ်ငန်းဖြစ်ပါတယ်။ ကျောက်ပုထိုး သတ္တုတွင်းအား နယ်မြေလုံခြုံရေးအခြေအနေအရ လုပ်ငန်းများပြန် လုပ်ငန်းခွင်အတွင်း ဝင်ရောက်နိုင်ခြင်းမရှိဘဲ ဇာတိကျေးရွာများသို့ တိမ်းရှောင်နေရသဖြင့် ကျောက်ပုထိုးရွှေစက်ရုံအား (၈-၃-၂၀၂၁)ရက်မှစ၍ (၆-၁၁-၂၀၂၅)ရက်နေ့အထိ ကာလကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများမှာ မလွန်ဆန်နိုင်သော ဖြစ်ရပ်များကြောင့် ရပ်နားကာလများအဖြစ် ရွှေသန့်စင်စက်ရုံ ရပ်နားခွင့်အား မှတ်တမ်းတင် ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ (၇-၁၁-၂၀၂၅)ရက်မှ (၆-၅-၂၀၂၆)ရက်နေ့အထိ ဆက်လက်ရပ်နား ခွင့်ပြုနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ကျောက်ပုထိုးသတ္တုတွင်းရဲ့ ပေးသွင်းရန်ကျန်ရွှေစင်များကို ကုမ္ပဏီတွင် ပေးသွင်းရန် တာဝန်အပြည့်အဝရှိတဲ့အတွက် နယ်မြေအေးချမ်းလာပြီး ရွှေစက်ရုံပြန်လည် လည်ပတ်နိုင်တဲ့အချိန်မှာ ကုမ္ပဏီမှ ကျပွန်စွာ ဆက်လက် ပေးသွင်းစေရေးကို စာချုပ်ချုပ်ဆိုခဲ့တဲ့ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ရုံးချုပ်မှ ကြီးကြပ်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန်အား ခွင့်ပြုမေးခွန်း(၂)ခုကို တစ်ဆက်တစ်စပ်တည်း မေးမြန်းဖို့ ဖိတ်ခေါ်အပ်ပါတယ်။

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မုံရွာမြို့၊ မြဝတီရပ်ကွက်အတွင်းရှိ မန်ကျည်းပင်စျေးအား အဆင့်မြှင့်တင် ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း၊ မုံရွာတောင်ရပ်ကွက်အတွင်းရှိ မြေသားလမ်းများကို လမ်းအဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်း များကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များရှင်။

မန်ကျည်းပင်စျေးသည် မြဝတီရပ်ကွက်အတွင်းရှိပြီး ကျောက္ကာလမ်း မြောက်ဘက် ပေ(၁၀၀၀) ကျော် အကွာတွင် တောင်မှမြောက်သို့ ဖောက်လုပ်ထား သည့် ဗိုလ်တစ်ထောင်လမ်းပေါ်တွင်တည်ရှိပြီးတော့ ၎င်းစျေးသည် လွန်ခဲ့သော နှစ်(၇၀)ဝန်းကျင်ခန့်က အလျားပေ(၂၅၀)ကျော်၊ အနံ ပေ(၈၀)ခန့်ရှိ ရပ်ကွက် မြေပေါ်တွင် ပြည်သူတွေ တစ်နိုင်တစ်ပိုင်ရောင်းချခြင်း ဝယ်ယူသုံးစွဲခြင်းတို့ လုပ်ကိုင်ခဲ့ရာမှတစ်ဆင့် ယခုချိန်တွင် နေ့စဉ် နံနက်(၅း၀၀)နာရီမှ (၁၁း၀၀)နာရီ အထိ ရောင်း/ဝယ်စည်ကားလျက်ရှိပါတယ်။ ရောင်းသူ/ဝယ်သူတို့ စည်ကား ရှုပ်ထွေးနေတဲ့အချိန်များမှာ ဗိုလ်တစ်ထောင်လမ်း ပိတ်ဆို့မှုများ ဖြစ်သည် အထိတိုင် စည်ကားရှုပ်ထွေးလျက်ရှိပါတယ်။

မန်ကျည်းပင်စျေး၏ လက်ရှိအခြေအနေမှာ စျေးရုံအဆောက်အဦများသည် စျေးရောင်းချသူများ၏ ကိုယ့်အားကိုယ်ကိုး ဆိုင်ခန်းများ၊ ထီး၊ မိုးကာတို့ဖြင့်

အဆောက်အဦးများ ဆောက်လုပ်ပြီး ရောင်းချနေခဲ့ရာ ယခုဆိုလျှင် ဟောင်းနွမ်းပြီး သစ်ဝါးများ ဆွေးမြေ့ကျိုးပဲ့နေခြင်း၊ အဆောက်အဦများသည် နိမ့်လွန်းသည့် အတွက် လေဝင်လေထွက်အားနည်းမှုရှိပြီး ဈေးဏ်အင်္ဂါရုပ်များနှင့် ညီညွတ်မှု မရှိပါပဲ မိုးတွင်းကာလ မိုးများရွာသွန်းပြီး ဈေးရုံအတွင်းရှိ ဈေးဝယ်သူများ သွားလာသည့် လမ်းများပေါ်တွင် ရေအိုင်များ၊ ရွံ့နွံများ ဖြစ်ပေါ်နေသလို ဈေးရောင်းချသူများမှ စွန့်ပစ်သည့် ပိုလှိုပစ္စည်း၊ အမှိုက်သရိုက်များမှာလည်း စုပုံနေသည့်အတွက် ရောင်းသူ/ဝယ်သူ ပြည်သူများကို စိတ်လက် မကြည်မသာ ဖြစ်စေရသလို ရောင်းချသည့် ကုန်ပစ္စည်းများအပေါ်ကိုလည်း မသန့်မရှင်း ဖြစ်စေ ရပါတယ်။

ယင်းသို့ မသန့်ရှင်းသော အစားအစာများကို စားသုံးမိသော ပြည်သူတွေ သည် ကျန်းမာသန်စွမ်းမှုကို ထိခိုက်လာနိုင်ပါတယ်။ ပြည်သူတွေရဲ့ ကျန်းမာ ကြံ့ခိုင်မှု အားနည်းလာခြင်းသည် နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ်များကို ထိခိုက်ဆုံးရှုံးမှုများ ဖြစ်စေပါတယ်။

ယနေ့အချိန်အခါမှာ မန်ကျည်းပင်ဈေးသည် မုံရွာမြို့ရှိ ရပ်ကွက်များ၏ အလည်ဗဟိုတွင် တည်ရှိနေပြီဖြစ်သလို ဈေးကိုအမှီပြုသည့် လူဦးရေမှာလည်း ပိုပိုများပြားလာခဲ့သည့်အတွက် နွေ၊ မိုး၊ ဆောင်း ဥတုသုံးပါးလုံးမှာ ဈေးရောင်း ဈေးဝယ်ပြည်သူတွေ ဘေးကင်းလုံခြုံတဲ့ အစီအစဉ်များပါဝင်သော လေဝင် လေထွက်ကောင်းမွန်သော အမိုးအကာများပါရှိသော ဈေးရုံများကို တည်ဆောက် ပေးနိုင်ပါရန် ပြည်သူတွေက ဆန္ဒရှိကြပါတယ်။

သို့ဖြစ်ပါ၍ မုံရွာမြို့၊ မြဝတီရပ်ကွက်အတွင်းရှိ မန်ကျည်းပင်ဈေးအား အမိုးအကာများ ပါဝင်သော ဈေးအဖြစ်သို့ အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိနှင့် တည်ဆောက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း မိဘပြည်သူများမှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်ကြီးအား မေးမြန်းအပ်ပါတယ်ရှင်။

မေးခွန်း(၂) မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်သည် ပြည်ထောင်စုအမှတ် (၁)လမ်း၊ အောင်ဇေယျမြို့ပတ်လမ်းနှင့် ကမ်းနားလမ်းကြားမှာတည်ရှိပြီးတော့ မန္တလေး-မုံရွာမြို့အဝင် ကားလေးကွင်း၊ အစိုးရဌာနဆိုင်ရာရုံးများ၊ ပုဂ္ဂလိကဘဏ်များ၊ အိုးရှင်းဈေးဝယ်စင်တာနှင့် ကုန်စည်ဒိုင်တို့တည်ရှိသော လူနေရပ်ကွက်တစ်ခုဖြစ်ပါတယ်။

မုံရွာမြို့တွင် လမ်းများကို အဆင့်မြှင့်တင်နေသည့်လုပ်ငန်းများ ဆောင်ရွက်နေသောကြောင့် မုံရွာတောင်ရပ်ကွက်အတွင်းမှာရှိတဲ့ အောက်ဖော်ပြပါလမ်းများကို ဦးစားပေးအမှတ်စဉ်များအလိုက် လမ်းအဆင့်မြှင့်တင်ပေးပါရန် တင်ပြအပ်ပါ တယ်-

(၁) ဗိုလ်ချုပ်လမ်းနှင့် ကမ်းနားလမ်းကြား ပေ(၂၀) ပေ(၆၀၀)ခန့် ရှိသော အိုးရှင်းစင်တာအနီး မီးကင်းတဲအနီး ချင်းတွင်းရွှေဝါလမ်း၊

(၂) ဗိုလ်ချုပ်လမ်းနှင့် ကမ်းနားလမ်းကြား ပေ(၂၀) ပေ(၆၀၀)ခန့် ရှိသော ရပ်ကွက်ဓမ္မာရုံအနီးရှိ ချင်းတွင်းတေဇလမ်း၊

(၃) ဗိုလ်ချုပ်လမ်းနှင့် အမျိုးသမီးရေးရာ ကွန်ကရစ်လမ်းအကြား (၁၅)ပေ၊ ပေ(၆၀၀)ခန့်ရှိသော ရပ်ကွက်မီးကင်းတဲအနီးရှိ ပိတောက်ကုန်းလမ်း၊

(၄) ဗိုလ်ချုပ်လမ်းနှင့် အမျိုးသမီးရေးရာ ကွန်ကရစ်လမ်းကြားရှိ (၁၅)ပေ၊ ပေ(၆၀၀)ခန့်ရှိသော ဓမ္မပါလ ဓမ္မာရုံရှေ့ ပိတောက်ကုန်းလမ်း၊

(၅) အောင်ဇေယျမြို့ပတ်လမ်းနှင့် ပြည်လုံးချမ်းသာ ဘုရားကြားရှိ အိုးရှင်းစင်တာ နောက်ကျောနှင့် ကပ်လျက် ပေ(၂၀) ပေ(၆၀၀၀)ခန့် ရှိသော ကမ်းနားလမ်းတို့ ဖြစ်ပါတယ်ရှင်။

အထက်မှာတင်ပြခဲ့သော ရပ်ကွက်အတွင်းရှိ မြေသားလမ်းများသည် လက်ရှိမှာ နွေ၊ မိုး၊ ဆောင်း အသုံးပြုရန် အခက်ခဲများရှိနေသည့်အတွက် ၎င်းလမ်းများအား လမ်းအဆင့် မြှင့်တင်ပေးပါရန်နှင့် ဆောင်ရွက်ပေးမည်ဆိုလျှင်လည်း မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း ရပ်ကွက်နေ ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွတ်တော် ကိုယ်စားလှယ် မေးသွားတဲ့မေးခွန်း (၂)ခုအနက် ပထမမေးခွန်းဖြစ်တဲ့ မုံရွာမြို့၊ မြဝတီရပ်ကွက်အတွင်းမှာရှိတဲ့ မန်ကျည်းပင်ဈေးကို အမိုးအကာများပါဝင်သော ဈေးအဖြစ်သို့ အဆင့်မြှင့်တင်ပေးနိုင်ခြင်းရှိ/မရှိနှင့် တည်ဆောက်ပေးမယ်ဆိုပါက မည်သည့်အချိန်မှာ တည်ဆောက်ပေးမည်ကို သိလိုကြောင်း လွတ်တော် ကိုယ်စားလှယ် ဒေါ်ကြူကြူစိန်ရဲ့ မေးခွန်း ပထမမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌနှင့် လွတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

မုံရွာမြို့၊ မြဝတီရပ်ကွက်အတွင်းမှာရှိတဲ့ မန်ကျည်းပင်ဈေးမြေနေရာဟာ စည်ပင်သာယာရေးအဖွဲ့မှ မြေပိုင်ဆိုင်မှု ရရှိမှုမရှိသေးတဲ့ ကိုယ့်အားကိုယ်ကိုး ဈေးတစ်ခုသာ ဖြစ်ပါတယ်။ စည်ပင်သာယာရေးအဖွဲ့အနေနဲ့ လမ်းဘေးဈေးဆိုင်များ ယာယီခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊ ဖျက်သိမ်းခြင်း လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရတဲ့အတွက် လမ်းဘေးဈေးသည်တွေကို ကြီးကြပ်ကွပ်ကဲ၍ နေ့စဉ် မန်ကျည်းပင်ဈေးမှထွက်ရှိတဲ့ အမှိုက်တွေကို သိမ်းဆည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ၎င်းဈေးမြေနေရာကို အဖွဲ့ပိုင်မြေအဖြစ် ရရှိပိုင်ဆိုင်မှသာ ဈေးများဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရခြင်းဖြစ်ပါတယ်။ မန်ကျည်းပင်ဈေးဟာ သန့်ရှင်းသပ်ရပ်ပြီး စနစ်တကျရောင်းဝယ်နိုင်သော ဈေးဖြစ်ရန်အတွက် ဈေးသူဈေးသားများနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင်မြေနေရာ မဖြစ်သေးတဲ့အတွက် မန်ကျည်းပင်ဈေးအား အမိုးအကာများပါဝင်သော ဈေးအဖြစ်သို့ အဆင့်မြှင့်တင်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ မုံရွာမြို့တွင်းလမ်းများကို အဆင့်မြှင့်တင်ပေးနိုင်ပေးနေသော လုပ်ငန်းများဆောင်ရွက်သောကြောင့် ဗိုလ်ချုပ်လမ်းနှင့် ကမ်းနားလမ်းမှာရှိတဲ့ ပေ(၂၀)၊ (၆၀၀)ပေ ရှိတဲ့ အိုးရှင်းစင်တာအနီးရှိ မီးကင်းတဲအနီး ချင်းတွင်းရွှေဝါလမ်း၊ ဗိုလ်ချုပ်လမ်းနှင့် ကမ်းနားလမ်းကြားရှိ ပေ(၂၀)၊ (၆၀၀)ပေခန့်ရှိ ရပ်ကွက်ဓမ္မာရုံအနီးရှိ ချင်းတွင်းတေဇလမ်း၊ ဗိုလ်ချုပ်လမ်းနှင့် အမျိုးသမီးရေးရာ

ကွန်ကရစ်လမ်းအကြားရှိ (၁၅)ပေ၊ ပေ(၆၀၀)ရှိတဲ့ ရပ်ကွက်မီးကင်းတဲအနီး ပိတောက်ကုန်းလမ်း၊ ဗိုလ်ချုပ်လမ်းနှင့် အမျိုးသမီးရေးရာ ကွန်ကရစ်လမ်းကြားရှိ (၁၅)ပေ၊ ပေ(၆၀၀)ခန့်ရှိ ဓမ္မပါလဓမ္မာရုံရှေ့ ပိတောက်ကုန်းလမ်း၊ အောင်ဇေယျ မြို့ပတ်လမ်းနှင့် ပြည်လုံးချမ်းသာဘုရားကြားရှိ အိုးရှင်းနောက်ကျော ပေ(၂၀)၊ ပေ(၆၀၀၀)ခန့်ရှိ ကမ်းနားလမ်း စတဲ့ (၅)လမ်း အဆင့်မြှင့်တင်ပေးခြင်းအား ဦးစားပေးဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန်ရဲ့ မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

မုံရွာမြို့၊ မုံရွာတောင်ရပ်ကွက်အတွင်းမှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် တင်ပြထားတဲ့လမ်းများအား ကွင်းဆင်းတိုင်းတာ စစ်ဆေးခဲ့တဲ့နေရာမှာ ချင်းတွင်း ရွှေဝါလမ်းဟာ အရှည်(၇၃၀)ပေနဲ့ အကျယ်(၁၂)ပေ၊ ချင်းတွင်းတေဇလမ်းဟာ အရှည်(၆၁၀)ပေနဲ့ အကျယ်(၁၂)ပေရှိပါတယ်။ ကျွန်တော်တို့ အဲဒီလမ်းကို (၉)လက်မထူရှိတဲ့ ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်သင့်ပါတယ်။

နောက်တစ်ခုက ဓမ္မာရုံတောင်ဘက်လမ်း အရှည်ပေက (၅၅၀)ပေနဲ့ အကျယ်(၁၂)ပေ ဓမ္မာရုံရဲ့မြောက်ဘက်လမ်းဟာ အရှည်(၇၃၀)နဲ့ အကျယ်(၁၄)ပေ ဒီလမ်း(၂)လမ်းကိုလည်း နိုင်လွန်ကတ္တရာအဖြစ် အဆင့်မြှင့်တင် ပေးသင့်ကြောင်း တွေ့ရှိရပါတယ်။ နောက်ကမ်းနားလမ်းကိုလည်း ကျွန်တော်တို့ကတ္တရာလမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်သင့်ကြောင်းကိုလည်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့ ပြောရမယ်ဆိုရင် လမ်းလုပ်ငန်း စီမံတဲ့နေရာမှာ အဓိကကတော့ ရေနုတ်မြောင်းပါ ထည့်သွင်းပြီးတော့မှ စဉ်းစားဆောင်ရွက်ရပါတယ်။ လက်ရှိ လမ်းတွေဟာဆိုလို့ ရှိရင် (၁၂)ပေ အကျယ်သာရှိတဲ့လမ်းတွေဆိုလို့ရှိရင် ရေနုတ်မြောင်း လုပ်ဖို့ရာ အခက်အခဲတွေလည်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဘဏ္ဍာရေးနှစ်အလိုက် ဒေသန္တရစီမံကိန်းများကို ထည့်သွင်းလျာထားပြီးတော့မှ ရန်ပုံငွေရရှိတဲ့အပေါ်မှာ မူတည်ပြီးတော့မှ အကောင်အထည်ဖော် ဆောင်ရွက် ပေးနိုင်ရေး ဖြေရှင်းသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပြီ ဖြစ်ပါတယ်။

ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)၏ "ချင်းတွင်းမြစ် အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှုလုပ်ငန်း များကြောင့် မြစ်ကြောင်း ပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှုနှင့် ဆိုင်ယာနိုက် ဓာတုပစ္စည်းများ ဘေးအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရေး" တိုက်တွန်းကြောင်း အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၈)ကို ဆက်လက် ဆောင်ရွက်ပါ့မယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

အစည်းအဝေး ပထမနေ့က မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်စန္ဒာသိန်း တင်သွင်းသည့် **"ချင်းတွင်းမြစ် အထက် ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှုလုပ်ငန်းများကြောင့် မြစ်ကြောင်း ပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှုနှင့် ဆိုင်ယာနိုက်ဓာတုပစ္စည်းများ ဘေးအန္တရာယ်များမှ ကာကွယ် တားဆီးနိုင်ရေး"** တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော် ကိုယ်စားလှယ်(၆)ဦးက ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားပါတယ်။

ဥက္ကဋ္ဌ။ ပထမဦးစွာ ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)မှ ဦးအောင်ဇော်ဝင်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြို့နယ်အသီးသီးမှ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စား လှယ်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဟုမ္မလင်းမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ် (၂) ဦးအောင်ဇော်ဝင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ မော်လိုက်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၊ ဒေါ်စန္ဒာသိန်းမှ တင်သွင်း ထားသော **"ချင်းတွင်းမြစ် အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှု လုပ်ငန်း များကြောင့် မြစ်ကြောင်းပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှုနှင့် ဆိုင်ယာနိုက် ဓာတုပစ္စည်းများ ဘေးအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရေး"** တိုက်တွန်းကြောင်း အဆိုကို အလေးအနက် ထောက်ခံ ဆွေးနွေးအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းနေတဲ့ ချင်းတွင်းမြစ်ရေဟာ စစ်ကိုင်းတိုင်းဒေသကြီး၏ အသက်သွေးကြောဆိုရင် မမှားပါဘူး။ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်မှာ မှီတင်းနေထိုင်နေကြတဲ့ ကျွန်တော်တို့ မိဘပြည်သူအများစုဟာ ချင်းတွင်းမြစ်ရေကို အမှီပြုပြီး စားသောက်နေကြတာဖြစ်ပါတယ်။ ဒါပေမဲ့ အခုအခါမှာ အတ္တနှင့် ကိုယ်ကျိုးကိုသာ ကြည့်မြင်တတ်တဲ့ လူတစ်စုရဲ့ စနစ်မဲ့ရွှေတူးဖော်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ မြစ်ကမ်းပါးပြိုကျမှု၊ ရေတိုက်စားမှုတွေဟာ ဒေသခံပြည်သူတွေရဲ့ နှစ်စဉ်စိုက်ပျိုးလာတဲ့ ကိုင်းကျွန်းမြေတွေနဲ့ လယ်ယာမြေတွေကို ဝါးမြိုဖျက်ဆီးပစ်တာကို ခံစားနေကြရပါပြီ။ အဆိုးရွားဆုံးကတော့ မြစ်ရေထဲကို စီးဝင်နေတဲ့ ပြဒါးနဲ့ ဆိုင်ယာနိုက် ဓာတုအဆိပ်သင့်မှုကြောင့် မြစ်ကမ်းနား တစ်လျှောက် စိုက်ပျိုးတဲ့ သီးနှံးတွေမှာ အဆိပ်အတောက်တွေ ပါဝင်လာနိုင်သလို မြစ်ထဲက ငါး၊ ပုဇွန် အစရှိတဲ့ ရေနေသတ္တဝါများဟာလည်း မျိုးသုဉ်းမည့်အန္တရာယ်နဲ့ ရင်ဆိုင်နေရပါတယ်။ ဒါဟာ ချင်းတွင်းမြစ်ကြီးကို မှီခိုနေကြတဲ့ အများပြည်သူတွေရဲ့ စားနပ်ရိက္ခာ ဖူလုံရေးဆိုတဲ့ အခြေခံစီးပွားရေးအသက်သွေးကြောကို တိုက်ရိုက်ဖြတ်တောက် ပစ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။ ဒီအဆိုမှာပါရှိတဲ့ အချက်အလက်တွေဟာ ဒေသခံ တောင်သူလယ်သမား၊ ရေလုပ်သားများရဲ့ဘဝ ရပ်တည်ရှင်သန်ရေးအတွက် အရေးပေါ်ကယ်တင်ရမယ့် လုပ်ငန်းစဉ်တွေဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတွေရဲ့ စားဝတ်နေရေးနဲ့ ဒေသတွင်း စိုက်ပျိုးရေး၊ စီးပွားရေး၊ ရေရှည်တည်တံ့စေဖို့အတွက် ဤအဆိုကို လွှတ်တော်မှနေ၍ အမြန်ဆုံး အတည်ပြုပြဋ္ဌာန်းပေးပါရန် အလေးအနက် ထောက်ခံဆွေးနွေးအပ်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မင်းကင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမြင့်ကျော်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါစေသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်း

မြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးမြင့်ကျော်ဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)မှာ ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ တင်သွင်းသော **"ချင်းတွင်းမြစ်အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်ခြင်း လုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှု၊ ဆိုင်ရာနိုက်ဓာတုပစ္စည်းများ ဘေးအန္တရာယ်မှ ကာကွယ်တားဆီးရေး"** တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်တို့ ဒီ ရွှေတူးဖော်ရေးနှင့်ပတ်သက်လို့ အဆိုတင်တဲ့သူရော ထောက်ခံတဲ့သူတွေရောမှာ အန္တရာယ်တွေ အန္တရာယ်ကျရောက်နိုင်တဲ့ အခြေအနေတွေ ရှိပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့က ဒါတွေဂရုမစိုက်ပဲနဲ့ ဒီအဆိုနဲ့ ထောက်ခံဆွေးနွေးမှုများကို ဆက်လက်ပြီး ဆောင်ရွက်သွားခြင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီဆွေးနွေးချက်နဲ့ပတ်သက်လို့ကျွန်တော် အကျဉ်းချုပ်တင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော်တင်ပြတဲ့ အကျဉ်းချုပ်ဟာ အကျဉ်းချုပ်ဖြစ်သော်လည်းပဲ တာဝန်ရှိသူများနှင့်တကွ လွတ်တော်ကိုယ်စားလှယ်အားလုံးဟာ ကျယ်ကျယ်ပြန့်ပြန့် သိရှိပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။

ဆွေးနွေးမယ့် အချက်များကတော့ဖြင့် မြစ်ကြောင်းတစ်လျှောက် ရွှေတူးဖော်ခြင်းကြောင့် ရွှေတူးဖော်သူများသာ ကြီးပွားချမ်းသာကြပြီး ဒေသခံပြည်သူများမှာ ကုန်စျေးနှုန်းမြင့်မားခြင်း၊ ကျေးရွာလူငယ်များ အကျင့်ပျက်ခြင်းများသာ ကြုံတွေ့နေရခြင်း၊ အန္တရာယ်များပြားသော မြစ်ရေများကို သောက်သုံးရေအဖြစ် အသုံးပြုနေရခြင်း၊ အကြမ်းဖက် အဖွဲ့အစည်းများအတွက် ရန်ပုံငွေရှာဖွေထောက်ပံ့ရာ နေရာဖြစ်နေခြင်း၊ သူတို့ဒီ ရန်ပုံငွေရှာဖွေထောက်ပံ့ခြင်းမှာ ကျွန်တော်တို့ နည်းနည်းမဟုတ်ပါဘူး ဒီပမာဏဟာ ဒီရွှေမှော်တစ်ခုကိုဆိုလို့ရှိရင် ရန်ပုံငွေဟာ သိန်းပေါင်း ထောင်ချီ၊ သောင်းချီ ကျွန်တော်တို့ ဒီဥစ္စာတွေက သူတို့အတွက် ရန်ပုံငွေတိုးပွားနေခြင်း ဖြစ်ပါတယ်။ နောက် မူးယစ်ဆေးဝါး၊ လောင်းကစားနှင့် ရာဇဝတ်မှုများ တိုးပွားလာခြင်း၊ မြစ်ကြောင်းများ တိမ်ကောပျက်စီးခြင်း၊ မြစ်ကြောင်းများ ပြောင်းလဲမှုကြောင့် ကမ်းပါးပြိုမှုများဖြစ်၍ မြို့၊ ရွာများ ထိခိုက်

ပျက်စီးလာခြင်း၊ စိုက်ပျိုးမြေများ ဆုံးရှုံးလာခြင်း၊ ဓာတုအဆိပ် ဓာတ်များကြောင့် ငါး၊ ပုဇွန်များ မျိုးသုဉ်းမှုဖြစ်လာခြင်း၊ နိုင်ငံတော်အတွက် အခွန်ငွေ မရရှိသည့် အပြင် အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများ ပေါ်ပေါက်လာစေခြင်း တို့ကြောင့် အဆင်ခြင်မဲ့ ရွှေတူးဖော်မှုလုပ်ငန်းများကို လုံးဝ ရပ်ဆိုင်းသင့်ကြောင်း ဒေါ်စန္ဒာသိန်း၏ အဆိုကို အပြည့်အဝ ထောက်ခံအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးတင်မောင်မြင့်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက်ရောက်လာကြသော ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ဖောင်းပြင်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ မော်လိုက်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၊ ဒေါ်စန္ဒာသိန်း၏ **"ချင်းတွင်းမြစ် အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှုလုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်း ပြဒါးညစ်ညမ်းမှုနှင့် ဆိုင်ယာနိုက်ဓာတုပစ္စည်းများ ဘေးအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရေး"** တိုက်တွန်းကြောင်းအဆိုကို လေးနက်တည်ကြည်စွာ ထောက်ခံပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်တို့ရဲ့ရှေ့က ကိုယ်စားလှယ်တွေ ဆွေးနွေးသွားခဲ့တဲ့အတိုင်း ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ရေကြောင်းသွားလာရေး ကဏ္ဍစုံမှာ ချင်းတွင်းမြစ်ကြီးဟာ တစ်နေ့တစ်ခြား ပျက်စီးယိုယွင်းလာနေတာ အထင်အရှားပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်ပိုပြီး စိုးရိမ်တာကတော့ ကျွန်တော်တို့ရဲ့ "အနာဂတ် မျိုးဆက်သစ်တွေရဲ့ ကံကြမ္မာ" ဖြစ်ပါတယ်။

ချင်းတွင်းမြစ်ကမ်းဘေးနဲ့ မြစ်ဝှမ်းတစ်လျှောက်မှာ မှီတင်းနေထိုင်ကြတဲ့ ပြည်သူလူထု သန်းပေါင်းများစွာအတွက် ဒီမြစ်ရေဟာ တစ်ခုတည်းသော

သောက်သုံးရေ အသက်သွေးကြောကြီး ဖြစ်ပါတယ်။ ယခုလို အဆင်ခြင်မဲ့ ရွှေတူး ဖော်မှုတွေကြောင့် မြစ်ရေဟာ သောက်သုံးဖို့မပြောနဲ့ သာမန်သုံးစွဲဖို့တောင် မကောင်းလောက်အောင် ညစ်ညမ်းနေပါပြီ။ မြစ်ရေထဲက ပြဒါးနဲ့ အဆိပ်သင့် ဓာတုပစ္စည်းတွေဟာ ကလေးငယ်တွေရဲ့ ဦးနှောက်နဲ့အာရုံကြောဖွံ့ဖြိုးတွေမှုကိုပါ ရေရှည်မှာ ထိခိုက်စေနိုင်တဲ့အတွက် ဒါဟာ လူမျိုးသုဉ်း ပျက်စီးနိုင်တဲ့အထိ ကြောက်စရာကောင်းတဲ့ သဘာဝဘေးဆိုးကြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်တို့ ခေတ်အဆက်ဆက် သုံးစွဲလာခဲ့တဲ့ အမိချင်းတွင်းမြစ်ကြီးကို အခုခေတ်မှာရှိတဲ့ လုပ်ငန်းရှင်အချို့ရဲ့ လောဘတွေကြောင့် သောက်သုံးမရတဲ့ မြစ်သေတစ်စင်းအဖြစ် ပြောင်းလဲသွားခွင့် မပြုနိုင်ပါဘူး။ နောင်(၁၅)နှစ်၊ အနှစ် (၂၀)မှာ ကျွန်တော်တို့ရဲ့ သားသမီး၊ မြေးမြစ်တွေကို သန့်ရှင်းတဲ့ ရေအရင်း အမြစ်နဲ့ အမွေပေးနိုင်ခဲ့ဖို့ အခုအချိန်ဟာ နောက်ဆုံးအခွင့်အရေး ဖြစ်ပါတယ်ခင်ဗျာ။

ဒါကြောင့် ပြည်သူလူထုရဲ့ အခြေခံအသက်ရှင်သန်ပိုင်ခွင့်ဖြစ်တဲ့ သန့်ရှင်းသော သောက်သုံးရေရရှိဖို့နဲ့ အနာဂတ်မျိုးဆက်သစ်တွေရဲ့ ကျန်းမာရေးကို ကာကွယ် စောင့်ရှောက်ဖို့အတွက် ဤအဆိုကို အလေးအနက် ထောက်ခံဆွေးနွေးရင်း မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၊ ဒေါ်စန္ဒာသိန်း၏ အဆိုကို အလေးနက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂)မှ ဦးစိုင်းအောင်ခမ်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးမော်လိုက်မြို့နယ်၊ လွှတ်တော် ကိုယ်စားလှယ် အမှတ်(၂)၊ ဦးစိုင်းအောင်ခမ်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မော်လိုက်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၊

ဒေါ်စန္ဒာသိန်း၏ **“ချင်းတွင်းမြစ် အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှု လုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှုနှင့် ဆိုင်ယာနိုက် ဓါတုပစ္စည်းများ ဘေးအန္တရာယ်မှ ကာကွယ်တားဆီးရေး”** တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ကစ ချင်းတွင်းမြစ် အထက်ပိုင်းရှိ ကနီမြို့နယ်၊ မင်းကင်းမြို့နယ်၊ ကလေးဝမြို့နယ်၊ မော်လိုက်မြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်နှင့် ခန္တီးမြို့နယ် အစရှိသည်တို့တွင် နေထိုင်ကြသော ဒေသခံပြည်သူ၊ ပြည်သားတို့သည် နွေ၊ မိုး၊ ဆောင်း ရာသီမရွေး စီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ကြီးကို ကျေးဇူးရှင်ကြီးသဖွယ် အားကိုးအားထားပြုရခြင်း၊ မုံရွာမြို့နှင့် ချင်းတွင်းမြစ် အထက်ပိုင်းမြို့များသို့ ခရီးသွားလာခြင်းနှင့် ကုန်ပစ္စည်းများသယ်ယူပို့ဆောင်ရေးအတွက် အဓိကအားထားနေရခြင်း၊ ချင်းတွင်းမြစ် ဝဲယာရှိ တောင်သူလယ်သမားများ ချင်းတွင်းမြစ်ရေကို စိုက်ပျိုးရေးအဖြစ် သုံးစွဲနေရခြင်း၊ ၎င်းအပြင် ချင်းတွင်းမြစ်ဝဲယာတို့တွင် နေထိုင်ကြတဲ့ ဒေသခံပြည်သူများအတွက် သောက်ရေ၊ သုံးရေအဖြစ် ယနေ့တိုင် သုံးစွဲနေရခြင်းတို့ကြောင့် အဆင်ခြင်မဲ့ ရွှေတူးဖော်မှု လုပ်ငန်းများကြောင့် ဂေဟစနစ်ပျက်စီးလာပြီး မြစ်ရေတိမ်ကောခြင်း၊ ဘေးအန္တရာယ် အပေါင်းတို့မှ ချင်းတွင်းမြစ်ကြီးကို ကယ်တင်စောင့်ရှောက်ပေးနိုင်ရန်နှင့် လူနည်းစု ချမ်းသာကြွယ်ဝဖို့အတွက် လူအများစု ဆင်းရဲဒုက္ခမရောက်ရလေအောင် ကိုယ်စားလှယ်တော်ကြီး ဒေါ်စန္ဒာသိန်းရဲ့ အဆိုပြု တင်ပြတောင်းဆိုချက်ကို လွှတ်တော်အစည်းအဝေးမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ အလေးအနက်ပြုကာ အလျင်အမြန်အရေးယူဆောင်ရွက် ပေးနိုင်ရေးအတွက် မော်လိုက်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဒေါ်စန္ဒာသိန်းရဲ့ အဆိုကို ရဲဝံ့တည်ကြည်စွာ ထောက်ခံအပ်ပါတယ်ခင်ဗျာ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)မှ ဦးမင်းဇော်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဦးမင်းဇော်၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။

လေးစားအပ်ပါစေသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ၊ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့်ပြည့်စုံကြပါစေလို့ ရှေးဦးစွာမေတ္တာပို့ ဆုတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမင်းဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)မှာ ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ တင်သွင်းထားတဲ့ **"ချင်းတွင်းမြစ်အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်ခြင်းလုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှု၊ ဆိုင်ရာနိုက်ဓါတုပစ္စည်းများ ဘေးအန္တရာယ်မှ ကာကွယ်တားဆီးနိုင်ရေး"** တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်အနေနဲ့ ပြည်သူ့ကိုယ်စားလှယ်တစ်ဦးအနေဖြင့် ရာနှုန်းပြည့် လေးလေးနက်နက် ထောက်ခံပါကြောင်း အစပြုပြောကြားလိုပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီး ခင်ဗျာ။

ချင်းတွင်းမြစ်ကြီးဟာ စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် ကျွန်တော်တို့ မြန်မာနိုင်ငံသား အများအပြားအတွက် သောက်သုံးရေ၊ စိုက်ပျိုးရေနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် အစားထိုးမရတဲ့ အမိမြစ်ကြီးတစ်စင်း ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး အားကိုးနေရတာလည်း ချင်းတွင်းမြစ်ကြီး ဖြစ်ပါတယ်။

သို့သော်လည်း အခုအချိန်ခါမှာတော့ မြစ်အထက်ပိုင်းက အဆင်ခြင်မဲ့တဲ့ ရွှေတူးဖော်မှုတွေကြောင့် ဒီမြစ်ကြီးဟာ အကြီးအကျယ် နာမကျန်းဖြစ်နေရပါပြီ။ ဒီအဆိုကို ကျွန်တော့်အနေနဲ့ ဘာကြောင့် အရေးတကြီး ထောက်ခံရသလဲဆိုတဲ့ အချက်(၃)ချက်ရှိပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျာ။

ပထမအချက်ကတော့ ဒေသခံပြည်သူတွေရဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေတဲ့ "ပြဒါးအဆိပ်သင့်မှု" ပြဿနာဖြစ်ပါတယ်။ ရွှေခွဲထုတ်ရာမှာသုံးတဲ့ ပြဒါးတွေဟာ စနစ်တကျစွန့်ပစ်မှုမရှိဘဲ မြစ်ရေထဲသို့ တိုက်ရိုက်စီးဝင်နေပါတယ်။ ဒါဟာ ရေနေသတ္တဝါတွေကတစ်ဆင့် ဒေသခံပြည်သူတွေရဲ့ ခန္ဓာ

ကိုယ်ထဲကို ရောက်ရှိလာပြီး ရေရှည်မှာ အာရုံကြော ချို့ယွင်းတာ၊ မွေးရာပါ ကိုယ်လက်အင်္ဂါမစုံလင်တဲ့ ကလေးငယ်တွေ မွေးဖွားလာနိုင်တဲ့ ကြောက်မက်ဖွယ် ကျန်းမာရေး ဘေးန္တရာယ်တွေကို ရင်ဆိုင်နေရပြီ ဖြစ်ပါတယ်။

ဒုတိယအချက်ကတော့ မြစ်ကြောင်းတိမ်ကောမှုနဲ့ သဘာဝဘေးအန္တရာယ် ဖြစ်ပါတယ်။ စက်ယန္တရားကြီးတွေနဲ့ မြစ်ကြမ်းပြင်ကို တူးဖော်မှုတွေကြောင့် မြစ်ကမ်းပါးတွေ ပြိုကျပြီး သဘာဝမြစ်ကြောင်းတွေဟာ ပျက်စီးကုန်ပါပြီ။ ဒါကြောင့် နွေရာသီမှာ သဘော်၊ စက်လှေတွေ သွားလာလို့မရအောင် တိမ်ကောခဲ့သလို မိုးရာသီမှာလည်း ရေကြီးရေလျှံမှုတွေ ပိုမိုဆိုးရွားစွာ ခံစားနေကြရပါတယ်။

တတိယအချက်ကတော့ ဒေသခံတွေရဲ့ လူမှုစီးပွားဘဝ ပျက်စီးခြင်း ဖြစ်ပါတယ်။ မြစ်ကမ်းပါးဘေးက စိုက်ပျိုးမြေတွေ ကမ်းပြိုမှုနဲ့အတူ ပါသွားသလို၊ ရေထုညစ်ညမ်းမှုကြောင့် အဓိကအသက်မွေးဝမ်းကျောင်းဖြစ်တဲ့ ရေလုပ်ငန်းလုပ်နေကြတဲ့ ပြည်သူများလည်း လုပ်ငန်းစားသောက်လို့ မရတော့တဲ့အခြေအနေကို ဆိုက်ရောက်နေကြပါပြီ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။

အဆိုရှင်တင်သွင်းထားတဲ့ "သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ကန့်သတ်ဇုန်" သတ်မှတ်ဖို့၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့တွေ ဖွဲ့စည်းဖို့နဲ့ ဥပဒေအရ ထိရောက်စွာ အရေးယူဖို့ဆိုတဲ့ အချက်တွေဟာ အလွန်ပဲလက်တွေ့ကျပြီး အချိန်မဆိုင်းဘဲ အကောင်အထည်ဖော်ရမယ့် ကိစ္စရပ်တွေဖြစ်ပါတယ်။ ကျွန်တော်တို့ သယံဇာတတွေကို ထုတ်ယူသုံးစွဲတဲ့နေရာမှာ အနာဂတ်မျိုးဆက်သစ်တွေအတွက် မြစ်ကြီးရဲ့ ဂေဟစနစ်ကို မဖျက်ဆီးမိဖို့ အလွန်ပဲအရေးကြီးလှပါတယ်။

ဒါကြောင့် နိုင်ငံတော်ရဲ့ အဓိကမြစ်ကြီးတစ်စင်းကို ကယ်တင်ဖို့၊ ဒေသခံပြည်သူသန်းပေါင်းများစွာရဲ့ ကျန်းမာရေးနဲ့ လူမှုစီးပွားရေးဘဝကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ဤအဆိုကိုလွှတ်တော်ကနေ အတည်ပြုပေးပြီး နိုင်ငံတော်အစိုးရအနေနဲ့ ထိရောက်စွာ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ကျွန်တော်အနေဖြင့် အလေးအနက် ထောက်ခံဆွေးနွေးအပ်ပါတယ် ဥက္ကဋ္ဌကြီး ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကြည်း-၅၃၇၅၈၊ ဗိုလ်မှူးငြိမ်းချမ်းကို တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဗိုလ်မှူးငြိမ်းချမ်းကို၊ ကြည်း-၅၃၇၂၈၊ တပ်မတော်သား လွတ်တော်ကိုယ်စားလှယ်။

လေးစားအပ်ပါသော စစ်ကိုင်းတိုင်ဒေသကြီးလွတ်တော် လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်များ၊ လွတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ တပ်မတော်သား လွတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်- ၅၃၇၂၈၊ ဗိုလ်မှူးငြိမ်းချမ်းကို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွတ်တော်ဥက္ကဋ္ဌကြီးခွင့်ပြုချက်အရ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်အမှတ်(၁)၊ ဒေါ်စန္ဒာသိန်း တင်သွင်းသွားခဲ့တဲ့ **"ချင်းတွင်းမြစ်အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှုလုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှု ဘေးအန္တရာယ်များမှ ကာကွယ် တားဆီးနိုင်ရေးတိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျာ

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော့်အနေနဲ့ ၎င်းအရေးကြီးအဆိုကို ထောက်ခံတင်ပြရတဲ့ အကြောင်းအရင်းကတော့ ပထမဦးစွာ Severe ecosystem damage and destruction ဂေဟစနစ်ပြင်းထန်စွာ ထိခိုက်ပျက်ဆီးခြင်းအနေဖြင့် ချင်းတွင်းမြစ်ဟာ ဇရာဝတီမြစ်ရဲ့ အကြီးဆုံးမြစ်လက်တက်ဖြစ်ပြီး ပြီးခဲ့တဲ့ဆယ်စုနှစ် အနည်းငယ်အတွင်းမှာ ဥပဒေမဲ့ သတ္တုတူးဖော်ခြင်း၊ မိုင်းတွင်းများဖြစ်သော ရွှေ၊ ကျောက်စိမ်းနှင့် သဲတူးဖော်မှုများဟာ အဆိုးရွားဆုံးသော ခြိမ်းခြောက်မှုများဖြစ်ပြီး သတ္တုအတွင်းမာကျူရီနှင့် အာဆင်းနစ်ကဲ့သို့သော စွန့်ပစ်ပစ္စည်းများဖြင့် မြစ်ရေကို ညစ်ညမ်းစေခဲ့ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ချင်းတွင်းမြစ်အထက်ပိုင်းတွင် ကျောက်စိမ်း၊ အလယ်ပိုင်းတွင် ရွှေကို အများဆုံး တူးဖော်နေတာဖြစ်ပါတယ်။ ချင်းတွင်းမြစ်အလယ်ပိုင်းရှိ ဟုမ္မလင်းမြို့နယ်၊ ချင်းတွင်းမြစ်အတွင်း မြစ်ကြမ်းပြင်မှ ရွှေတူးဖော်မှုများ ပြုလုပ်ကြပါတယ်။ ဖောင်းပြင်မြို့နယ်၊ ခန္တီးမြို့နယ်နှင့် မင်းကင်းမြို့နယ် တို့တွင်လည်း ချင်းတွင်းမြစ်တစ်လျှောက် တရားမဝင်ရွှေတူးဖော်မှုများ အများဆုံးဖြစ်ပွားရာ

နေရာများထဲမှ တစ်နေရာဖြစ်ပါတယ်။ ၎င်းရွှေတူးဖော်တဲ့ လုပ်ငန်းများကြောင့် မြစ်အတွင်း အနည်အနှောက်များ ပါဝင်မှုမြင့်တက်လာပြီး ရေလမ်းကြောင်းများ ပြောင်းလဲကာ မြစ်ကြမ်းပြင်ကျဉ်းမြောင်းခြင်း သို့မဟုတ် တိမ်ကောခြင်းကို ဖြစ်စေပါတယ်။ ရွှေတူးဖော်ရေးလုပ်ငန်းတွေမှာ ပြဒါးကို အသုံးပြုခြင်းဟာ မြစ်ရေကို ညစ်ညမ်းစေပြီး ပြင်းထန်တဲ့ ပတ်ဝန်းကျင်ဂေဟစနစ်နဲ့ ချင်းတွင်းမြစ်ကို မှီခိုနေရတဲ့ ဒေသခံပြည်သူများ၏ သောက်သုံးရေ၊ စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်းနှင့် နေ့စဉ်လူမှုဘဝကို ပြင်းထန်စွာ ထိခိုက်စေလျက် ရှိနေပါတယ်။ ဒါ့အပြင် ချင်းတွင်းမြစ်ဟာ ရေနေ ဇီဝမျိုးစုံ အလွန်ပေါကြွယ်ဝတဲ့ ဒေသဖြစ်ပြီး သုတေသနစာတမ်းများအရ ချင်းတွင်းမြစ်အတွင်း ငါးမျိုးစိတ်(၁၅၀)ကျော် တွေ့ရှိရပြီး ငါးတန်ဆေး၊ ငါးပုံချော၊ ငါးပုံစင်း ကဲ့သို့သော မျိုးသုဉ်းလုနီးပါး ငါးမျိုးစိတ်၊ ရေနေမျိုးစိတ်များရဲ့ မျိုးသုဉ်းမှုကို အဓိကစိန်ခေါ်လျက် ရှိနေပါတယ်။

လေးစားရပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ပြဒါးရဲ့အန္တရာယ်ကို အသေးစိတ်ဖော်ပြရရင်တော့ ရွှေတူးဖော်ရေးမှာ ပြဒါးအသုံးပြုပုံမှာ အသေးစား သို့မဟုတ် လက်လုပ်ရွှေတူးဖော်ရေး လုပ်ငန်းများတွင် ကျောက်သားများထဲမှ ရွှေကို သီးခြားထုတ်ယူရန် ပြဒါးဖြင့် ပေါင်းစပ်သည့် နည်းလမ်းကို အဓိကသုံးစွဲကြပါတယ်။ ၎င်းနည်းလမ်းဟာ ရိုးရှင်းပြီး ကုန်ကျစရိတ် သက်သာသော်လည်း ပတ်ဝန်းကျင်ဂေဟစနစ်အတွက် ကြီးမားတဲ့အန္တရာယ် တစ်ရပ်ကို ဖြစ်ပေါ်စေပါတယ်။ ရွှေတူးဖော်ရန် ပြဒါးကို ကျောက်သားများနှင့် ရောစပ်ပြီး ကြိတ်ချေသည့်အခါ အောက်ပါအတိုင်းမြစ်ထဲသို့ စွန့်ထုတ်ရာ၌ ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်ပါတယ်-

(၁) **မြစ်ရေအတွင်းစီးဝင်ခြင်း။** ပြဒါးဟာ ရေစီးကြောင်းအတွင်း အလွယ်တကူ ပျော်ဝင်ကာ မြစ်ရေနှင့်အတူ စီးဆင်းသွားနိုင်ပါတယ်။ သန့်စင်ရေးလုပ်ငန်းစဉ် အကြွင်းအကျန်များကိုလည်း ရေထဲကို တိုက်ရိုက်စွန့်ပစ်လေ့ရှိပါတယ်။

(၂) **အနည်အနှစ်များထဲစုပ်ယူခြင်း။** ပြဒါးအမှုန်များဟာ မြစ်အောက်ခြေရှိ ရွှံ့နွံများထဲသို့ စုပ်ယူဝင်ရောက်သွားနိုင်ပြီး အနည်အနှစ်များထဲတွင် အလွန်မြင့်မားသော ပြဒါးပါဝင်မှု (တစ်ဂရမ်လျှင် ၁၀ မိုက်ခရို ဂရမ်ထက်ပိုသော) အဆင့်အထိ ရှိနိုင်ပါတယ်။

(၃) **လေထုထဲ လွင့်မြောခြင်းနှင့် ပြန်လည်ကျဆင်းခြင်း။** ပြဒါးကို အပူပေးခြင်းဖြင့် ရွှေနှင့်ခွဲထုတ်သည့်အခါ ပြဒါးငွေ့များဟာ လေထုထဲကို လွင့်စင်သွားပြီး မိုးရွာချိန်တွင် မြစ်ထဲသို့ပြန်လည် ရောက်ရှိနိုင်ပါတယ်။

ယခုလို အစရှိတဲ့ အကြောင်းရင်းများကြောင့် ဒေသခံများအနေဖြင့် ကျန်းမာရေး ထိခိုက်မှုများကို သိသိသာသာသော်လည်းကောင်း၊ မသိမသာသော်လည်းကောင်း ခံစားနေကြရပြီး အစုအဖွဲ့အလိုက် ဖျားနာခြင်းမရှိသော်လည်း မိုင်ပေါင်း(၄၉၀)မိုင် ရှည်လျားတဲ့ ချင်းတွင်းမြစ်ဘေးတစ်လျှောက်ရှိ မြို့ရွာများမှာ နေထိုင်တဲ့ ပြည်သူလူထုမှာ ဓါတုဗေဒ စွန့်ပစ်ပစ္စည်းများကြောင့် ရောဂါပေါင်းစုံကို ပုံနှံ့ပြင်းထန်စွာ ခံစားနေရကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျာ။

ဒီအချက်အလက်တွေကို ကြည့်မယ်ဆိုရင် ချင်းတွင်းမြစ်ဟာ သတ္တုတူးဖော်ရေးအတွက် အဓိကပစ်မှတ်ထားခံရတဲ့ မြစ်တစ်ခုဖြစ်နေတာကို တွေ့ရပါတယ်။ အထူးသဖြင့် ခန္တီးနဲ့ ဟုမ္မလင်းမြို့နယ်ကြားဒေသဟာ တရားမဝင်ရွှေတူးဖော်မှုရဲ့ ဗဟိုချက်ဖြစ်ပြီး ပြဒါးအသုံးပြု၍ အလွန်အကျွံတူးဖော်ခြင်း၊ ဆိုင်ယာနိုက်ဓာတု ပစ္စည်းများကြောင့် ကျန်းမာရေးထိခိုက်မှုကြီးမားခြင်းအပြင် ခွင့်ပြုချက်မရှိပဲ တူးဖော်၍ အခွန်ရှောင်ရှားခြင်းတို့ကြောင့် နိုင်ငံတော်၏ အခွန်စည်းကြပ်ငွေများစွာ နစ်နာလျက် ရှိနေကြောင်းနှင့် မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)၊ ဒေါ်စန္ဒာသိန်း ဆွေးနွေးသွားခဲ့သော ချင်းတွင်းမြစ် အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှုလုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်ဆီးခြင်းနှင့် ပြဒါးညစ်ညမ်းမှုဘေးအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရေး တိုက်တွန်းကြောင်းအဆိုကို အပြည့်အဝ ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁)မှ ဒေါ်စန္ဒာသိန်းတင်သွင်းသော အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ

တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

ဦးတင်သန်းဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ အားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးအရဖွဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးတင်သန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မော်လိုက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါ်စန္ဒာသိန်း မေးမြန်းထားတဲ့ အရေးကြီးအဆိုဖြစ်တဲ့ ချင်းတွင်းမြစ်အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှုလုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်ဆီးခြင်းနှင့် ပြဒါးညစ်ညမ်းမှုဘေးအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရေးနဲ့ စပ်လျဉ်းတဲ့မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။

ယခင် NLD အစိုးရလက်ထက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဓာတ်သတ္တုအသေးစား လုပ်ကွက် (၂၇၆)ကွက်နဲ့ လက်လုပ်လက်စား တစ်ဇကလုပ်ကွက်(၇၄)ကွက်၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ အသေးစား(၃၈၂)ကွက်၊ လက်လုပ်လက်စား(၂၀၁)ကွက်၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှာ အသေးစား(၃၁)ကွက်၊ လက်လုပ်လက်စား(၁၇)ကွက်၊ စုစုပေါင်း အသေးစားလုပ်ကွက် (၆၈၉)ကွက်အား ခွင့်ပြုမိန့်သက်တမ်း (၅)နှစ်နဲ့ လက်လုပ်လက်စား လုပ်ကွက်(၂၉၂)ကွက်အား ခွင့်ပြုမိန့်သက်တမ်း(၁)နှစ်ဟူ၍ ခွင့်ပြုမိန့်များ ထုတ်ပေးခဲ့ပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ထမ်းဆောင်ခဲ့တဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလမှာ ဓာတ်သတ္တုရွှေ အသေးစားလုပ်ကွက်များနဲ့ လက်လုပ်လက်စား လုပ်ကွက်များအတွက် ရွှေတူးဖော်ခွင့်၊ ထုတ်လုပ်ခွင့် ခွင့်ပြုမိန့်များ လုံးဝ

ထုတ်ပေးခဲ့ခြင်း မရှိပါဘူးခင်ဗျာ။

အလားတူ ယခုအစိုးရသစ် တာဝန်ယူစဉ်ကာလမှာလည်း ဓာတ်သတ္တုရွှေ အသေးစားလုပ်ကွက်များနဲ့ လက်လုပ်လက်စားလုပ်ကွက်များအတွက် ရွှေတူးဖော်ခွင့်၊ ထုတ်လုပ်ခွင့် ခွင့်ပြုမိန့်များ လုံးဝထုတ်ပေးခဲ့ခြင်း မရှိပါဘူးခင်ဗျာ။ လက်လုပ် လက်စား(၂၉၂)ကွက်ဟာ ခွင့်ပြုမိန့်သက်တမ်း တစ်နှစ်သာ ရှိတဲ့အတွက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှာ ခွင့်ပြုမိန့်သက်တမ်းအားလုံး ကုန်ဆုံးသွားပြီဖြစ်တဲ့အတွက် (၁၇-၃-၂၀၂၃)ရက်နေ့မှာ ကျင်းပတဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet အစည်းအဝေးအမှတ်စဉ်(၉/၂၀၂၃)ဆုံးဖြတ်ချက်အပိုဒ် ၂၁ အရ ခွင့်ပြုမိန့် စာရင်းမှ ပယ်ဖျက်ခဲ့ပြီး ဖြစ်ပါတယ်။

NLD အစိုးရ ထုတ်ပေးခဲ့တဲ့ ခွင့်ပြုမိန့်ထုတ်ထားသော အသေးစားလုပ်ကွက် (၆၈၉၀အနက် (၃၉၈)ကွက်မှာ ကုမ္ပဏီများမှ ပြန်လည်အပ်နှံကြောင်း တင်ပြ စာများ ရရှိခဲ့တဲ့အတွက် ကျွန်တော်တို့ လက်ခံရရှိခဲ့ပါတယ်။ အပ်နှံခွင့် ပြုခဲ့ပြီး လည်းဖြစ်ပါတယ်။ ကျန်အသေးစားလုပ်ကွက် (၃၁၁)ကွက်အား (၁၂-၆-၂၀၂၃) ရက်နေ့တွင်ကျင်းပတဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ Cabinet အစည်းအဝေး အမှတ်စဉ်(၁၈/၂၀၂၃) ဆုံးဖြတ်ချက်အပိုဒ်(၈)အရ မြန်မာ့သတ္တုတွင်း နည်းဥပဒေများ အပိုဒ် ၂၂၅ အရ ဆိုင်းငံ့ထားရန် ဆုံးဖြတ်ခဲ့ပြီး ယင်းဆုံးဖြတ်ချက်အား ဆိုင်းငံ့ ခွင့်ပြုပါရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခဲ့မှုအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ စီးပွားရေးရာဌာနကြီး၏ (၁၄-၇-၂၀၂၃)ရက်စွဲပါစာအမှတ်၊ ၇၉(၁၅/၁၁၅၀)/၇/ကောင်စီရုံးဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ခွင့်ပြုကြောင်း အကြောင်းကြားလာသဖြင့် (၁၂-၆-၂၀၂၃)ရက်မှစ၍ စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း ကုန်းတွင်းပိုင်းနေရာများ၊ မြစ်များ၊ ဆည်များနှင့် ချောင်းများ တစ်လျှောက် မည်သည့်နေရာမျှ ရွှေတူးဖော်လုပ်ကိုင်ခွင့်များ ရွှေမျောဖောင်များ လုံးဝမရှိစေရေးအတွက် လိုအပ်သည့် လုံခြုံရေးအင်အားရယူ၍ ရှင်းလင်းဖယ်ရှား ဖမ်းဆီးပြီး ဥပဒေနဲ့အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်သွားရန် စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့မှ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် သက်ဆိုင်ရာဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်ကိုယ်စားလှယ် မေးမြန်းထားတဲ့ အရေးကြီးအဆိုနဲ့ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မည်သည့်နေရာမှ ရွှေတူးဖော်ခြင်းကို လုံးဝ ခွင့်မပြုထားတဲ့အတွက် ကန့်သတ်

နယ်မြေသတ်မှတ်ခြင်း၊ စီစစ်ကြပ်မတ်ခြင်းအဖွဲ့ ခေါ်ယူခြင်း၊ ဖွဲ့စည်းခြင်း၊ နည်းပညာ ပြောင်းလဲခြင်းတို့နှင့်ပတ်သက်၍ ဆောင်ရွက်ရန် မလိုအပ်တော့ပါ ကြောင်းနှင့် တရားမဝင်ရွှေတူးဖော်နေမှုများအား ရှင်းလင်းဖယ်ရှားပြီး ဥပဒေနှင့် အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက် ရှိပါတယ်။ ဆက်လက်ပြီးတော့ လည်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် မြစ်ကြောင်း ပြန်လည်ကုစားခြင်းနှင့်ပတ်သက်၍ ယခင် NLD အစိုးရလက်ထက်က ခွင့်ပြုမိန့်ပေးခဲ့သော နေရာများသည် ကုန်းတွင်းပိုင်း (၄)ဧက လုပ်ကွက်နှင့် (၁)ဧက လုပ်ကွက်များသာရှိခဲ့တဲ့အတွက် ယင်းကုန်းမြေနေရာများ အတွက်သာလျှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေ သီးသန့် ကောက်ခံထား ကြောင်း သိရှိရပါတယ်။ ဒီအဆိုနဲ့ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် သဘောတူ ထောက်ခံပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်တွင် အဆုံးအဖြတ် ရယူခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်စန္ဒာသိန်း တင်သွင်းသော **"ချင်းတွင်းမြစ် အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှု လုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှုနှင့် ဆိုင်ယာနိုက် ဓာတုပစ္စည်းများ ဘေးအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရေး"** တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီး အတည်ပြု/မပြု ဆုံးဖြတ်နိုင်ရန် လွှတ်တော်ရဲ့ သဘောထားကို ရယူမှာဖြစ်ပါတယ်။

မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်စန္ဒာသိန်း တင်သွင်းသော **"ချင်းတွင်းမြစ် အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှု လုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှု၊ ဆိုင်ယာနိုက် ဓာတုပစ္စည်းများ ဘေးအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရေး"** တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်မှ အတည်ပြုရန် သဘောတူပါသလား ခင်ဗျာ။ (သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များ အားလုံးက သဘောတူတဲ့အတွက် မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်စန္ဒာသိန်း တင်သွင်းသော **"ချင်းတွင်းမြစ် အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှု လုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်း၊ ပြဒါးညစ်ညမ်းမှု၊ ဆိုင်ယာနိုက် ဓာတုပစ္စည်းများ ဘေးအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရေး"** တိုက်တွန်းကြောင်း အဆိုကို ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၇ (က)အရ လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (တူထုသည်)

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခု တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့ကို ရပ်နားပါ့မယ်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်း အဝေး စတုတ္ထနေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ(၉)ရက်(အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(တူထုသည်)

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာ ပါပြီခင်ဗျာ။

အခမ်းအနားမှူး။ ကိုယ်စားလှယ်တော်ကြီးများအားလုံး ပြန်လည် ထွက်ခွာ နိုင်ပါပြီ ခင်ဗျာ။

{တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို (၁၁:၃၂)နာရီအချိန်တွင် ရပ်နားပါသည်။}

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့မှတ်တမ်း
၁၃၈၈ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်
(၂၀၂၆ ခုနှစ်၊ ဇွန်လ ၉ ရက်) (အင်္ဂါနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် (၁၀:၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

{အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌ တက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက်ပါသည်။}

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်များကို စတင်ပါတော့မယ်ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျာ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထိုင်နိုင်ကြပါပြီခင်ဗျာ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့အထမြောက်ကြောင်းနှင့်
စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ ကျင်းပတဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့မှာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များစီစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးရှိတဲ့ အနက် (၇၉)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေ စုစုပေါင်းရဲ့ (၉၂.၉၄)ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏

သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ နည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အဆိုပါ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေး တက်ရောက်နိုင်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူ၍မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၄) ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

ဦးမော်လိပ်၊ တမူးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။

ယနေ့ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၉)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်နိုင်ခြင်း မရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှု အခြေအနေအား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေး ဆိုင်ရာကော်မတီ တမူးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂)မှ ကျွန်တော် ဦးမော်လိပ်မှ အောက်ဖော်ပြပါ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်-

တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

(၁) ဦးရှူမောင်၊ လေရှိုးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)

(၂) ဦးဟာမန်၊ လဟယ်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ် (၁)

(၃) ဦးထန်ဋ္ဌ၊ လဟယ်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)တို့သည် ကိုယ်တိုင်ဆောင်ရွက်ရမည့်ကိစ္စရပ်များ ဆောင်ရွက်ရန်ရှိပါသဖြင့် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်ရန် ပျက်ကွက်ခြင်းကို ၄င်းတို့ရဲ့ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် ယခင်နေ့က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၅)ဦး၊ ယနေ့ အစည်းအဝေးသို့ ပြန်လည်တက်ရောက်သူ(၂)ဦး၊ ယနေ့ ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၃)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက် သူမရှိပါ။

ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါ့မယ်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုနိုင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။ (သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ကို ဆက်လက်ဆောင်ရွက်သွားပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပထမဦးစွာ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ဦးရဲမိုးနိုင်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။

လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးနှင့်တကွ ဝန်ထမ်းများအားလုံး ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)၊ ဦးရဲမိုးနိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြ မေးခွန်းတစ်ခုကို ဆွေးနွေးမေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့၊ ကုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ (၃၁-၁-၂၀၁၃)ရက်နေ့တွင် ကျင်းပပြုလုပ်သော အစည်းအဝေးခွင့်ပြုချက်အရ (၁-၃-၂၀၁၃)နေ့မှစပြီး ကုတင်-၁၀၀ဆံ့ ဆေးရုံကြီးအဆင့်ကို တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ ဝန်ထမ်းအင်အားအနေနဲ့ အထူးကု ဆရာဝန်များ၊ လ/ထဆရာဝန်များအပါအဝင် အရာထမ်း(၂၉)ဦး ခွင့်ပြုပြီးတော့ (၂၁)ဦး တာဝန်ထမ်းဆောင်ပြီး (၈)ဦးလစ်လပ်ခဲ့ပါတယ်။ သူနာပြု-၂၊ သူနာပြုဆရာမကြီး (၅)ဦးအပါအဝင် အမှုထမ်း(၁၇၂)ဦး ခွင့်ပြုပြီး(၁၁၀)ဦး တာဝန်ထမ်းဆောင်ကာ (၆၂)ဦးလစ်လပ်ခဲ့ပါတယ်။ အဲဒီအချိန်ကစပြီး ရေဦး၊ ခင်ဦး၊ တန့်ဆည်၊ ဒီပဲယင်းမြို့နယ်များမှာရှိတဲ့ မိဘပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများရဲ့ ကျန်းမာရေးကိစ္စရပ်များဟာ အဆင်ပြေချောမွေ့ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလကစပြီး ယနေ့အချိန်ထိ ရေဦးပြည်သူ့ဆေးရုံကြီးမှာ တာဝန်ကျ ဆရာဝန်များ၊ သူနာပြု

ဆရာမများ အပါအဝင် ဝန်ထမ်းအများစုဟာ လုပ်ငန်းခွင်မှ စွန့်ခွာသွားခြင်း၊ အခြားမြို့နယ်များမှာ တွဲဖက်တာဝန် ထမ်းဆောင်နေခြင်းတို့ကြောင့် သူနာပြု ဆရာမကြီး(၁)ဦး အပါအဝင် ဝန်ထမ်း(၂၂)ဦးကသာ တာဝန်ထမ်းဆောင်နေကြ ပါတယ်။ ဆေးရုံမှာ ကျွမ်းကျင်တဲ့ အထူးကုဆရာဝန်များ၊ လက်ထောက်ဆရာဝန် များနဲ့ သူနာပြုဆရာမများ မရှိတဲ့အပြင် ဆေးဝါးလိုအပ်ချက်များရှိတဲ့အတွက် အများပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု ပြုလုပ်ပေးတဲ့နေရာမှာ အခက်အခဲပေါင်းမြောက်များစွာ ရင်ဆိုင်ကြုံတွေ့ နေရပါတယ်။ ရေဦးပြည်သူ့ ဆေးရုံတွင် ဆရာဝန်များ၊ သူနာပြုဆရာမများ၊ လိုအပ်တဲ့ဆေးဝါးများ မရှိတဲ့ အတွက် လုံခြုံရေးတာဝန်ဆောင်ရွက်နေတဲ့ ရဲတပ်ဖွဲ့ဝင်ဖြစ်တဲ့ ရဲတပ်သား တိုးတိုးနိုင်ရဲ့ လက်မှာအနာတရဖြစ်ရာကနေ တဖြည်းဖြည်းနဲ့ဒဏ်ရာဟာ အတွင်းကိုလှိုက်စားမှုများဖြစ်ပြီး နောက်ဆုံးမှာ အသက်ပေးဆပ်ခဲ့ရပါတယ်။ (၈-၁-၂၀၂၆)နေ့နံနက်ပိုင်းအချိန်ခန့်မှာ ရေဦးမြို့အနောက်ဖက်မှာရှိတဲ့ လုံခြုံရေး တပ်ဖွဲ့ဝင်များ လုံခြုံရေးယူထားတဲ့ သံသည်ဂိတ်ကို အကြမ်းဖက်ကနေပြီးတော့ ဒရုန်းနဲ့ တိုက်ခိုက်ခဲ့ရာမှာ ရဲတပ်ကြပ်စိုးဝင်း ထိခိုက်ဒဏ်ရာရရှိပြီးတော့ အချိန်မီ ကုသမပေးနိုင်တဲ့အတွက် သူရဲ့ မျက်လုံးတစ်လုံး ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။ ထို့အတူပဲ (၂၈-၁-၂၀၂၆)ရက်နေ့မှာလည်း ရေဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ခင်ဟာ ကျန်းမာရေးမကောင်းလို့ ရေဦးဆေးရုံမှာ ဆေးကုသမှုခံတဲ့အခါ ကုသပေးမည့် ကျွမ်းကျင်တဲ့ဆရာဝန်မရှိလို့ မန္တလေးပြည်သူ့ ဆေးရုံကြီးကိုလွှဲခဲ့ပါတယ်။ အဲဒီနေ့ နေ့လည်(၁၂း၃၀)နာရီခန့်မှာ ကားနဲ့မန္တလေးကို သွားရာမှာ ဒီပဲယင်းမြို့နယ်၊ ညောင်လှရွာကိုရောက်တော့ အကြမ်းဖက်အဖွဲ့ရဲ့ တားဆီးခြင်းကို ခံခဲ့ရပါတယ်။ အချိန်(၂)နာရီကျော်သည့်အထိ တားဆီးခံခဲ့ရပြီး နောက်မှာ သူ၏ညီမဖြစ်သူကို ထားခဲ့ရပြီးတော့ မန္တလေးကိုဆက်သွားခဲ့ရပါတယ်။ မန္တလေးပြည်သူ့ဆေးရုံကြီးကို ည(၇)နာရီခန့်အချိန်ရောက်ရှိပြီး ဆေးကုသမှုခံယူ ခဲ့ရာကနေ (၂၉-၁-၂၀၂၆)နေ့ နံနက်(၀၃း၀၀)နာရီခန့်မှာ သေဆုံးသွားခဲ့ပါတယ်။ ဒီလို နိုင်ငံ့ဝန်ထမ်းတွေ အသက်မသေသင့်ပါပဲ သေဆုံးသွားရသလို မိမိတို့ မြို့က နေပြီး အခြားမြို့နယ်များသို့ သွားလာမရတဲ့ အများပြည်သူတွေ ဆေးကုသမှု ကောင်းမွန်စွာ မခံယူရတဲ့ အတွက် အသက်ဆုံးရှုံးရတာတွေလည်း ဖြစ်နေပါတယ်။ ဒါဟာ ကျွန်တော်တို့မြို့မှာ ဆေးရုံရှိပြီး ဆေးကုသပေးမယ့် ဆရာဝန်တွေ၊ လူနာ

တွေကိုပြုစုစောင့်ရှောက်မှုပေးမဲ့ သူနာပြု ဆရာမတွေနဲ့ကျန်းမာရေး ဝန်ထမ်းတွေ မရှိတာနဲ့ လိုအပ်တဲ့ဆေးဝါးများ ပြည့်စုံမှုမရှိတာတွေရဲ့ နောက်ဆက်တွဲ ဆိုးကျိုး ရလဒ်တွေပဲဖြစ်ပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ တင်ပြခွင့်ပြုပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်တို့ ရေဦးမြို့ဟာ ခရိုင်မြို့ဖြစ်ပါတယ်။ ဆေးရုံမှာ ဆရာဝန်၊ သူနာပြု၊ ကျန်းမာရေးဝန်ထမ်းတွေ လိုအပ်နေတာ (၅)နှစ်ကျော်ရှိပြီဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်မေးမြန်းလိုတာကတော့ ရေဦးမြို့၊ ကုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် လိုအပ်သော ဆေးဝါးများနှင့် အများပြည်သူ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်စွာ ရရှိခံစားနိုင်စေရန် လိုအပ်သော အရာထမ်းဆရာဝန်များ၊ သူနာပြု ဆရာမကြီးအပါအဝင် အမှုထမ်းများကို ပြည့်စုံစွာ ဖြည့်ဆည်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စီစဉ်ထားရှိပါက မည်သည့်အချိန်ကာလတွင် ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဒေသခံပြည်သူများကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစား အပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ ပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရေဦးမြို့နယ်မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမိုးနိုင်၏ တိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။

ရေဦးမြို့ ကုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံတွင် လိုအပ်နေသော ဆေးဝါး များကို ဘဏ္ဍာနှစ် တစ်နှစ်အတွင်း တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ တင်ဒါ ခေါ်ယူ၍ တင်ဒါ အောင်မြင်သော ကုမ္ပဏီများမှ ဆေးရုံသို့ အရောက်ပို့စနစ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိပါတယ်။ ရုံးချုပ်မှ ထောက်ပံ့သော ဆေးနှင့်ဆေးပစ္စည်းများအား

တိုင်းဒေသကြီးကုသရေးဦးစီးဌာန မုံရွာမှ မိမိဆေးရုံ၏ အစီအစဉ်ဖြင့် လာရောက်ထုတ်ယူရမှာ ဖြစ်ပါတယ်။ ရေဦးမြို့ ကုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံကြီးမှာ လစ်လပ်လျက်ရှိသော အထူးကု ဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များ ဦးစားပေးခန့်ထားပေးနိုင်ပါရန် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တိုင်းကျန်းမာရေးဦးစီးဌာန၏ (၂၆-၅-၂၀၂၆) ရက်စွဲပါစာအမှတ်၊ ၁၉၃၂/အစရဖ/၂၀၀၆ ဖြင့် တင်ပြ တောင်းခံထားပါကြောင်းနှင့် ရေဦးဆေးရုံသို့ ကုသရေးဦးစီးဌာနက ဆရာဝန်များ မခန့် ထားနိုင်သည့်ကာလ အတွင်း စစ်ကိုင်းဆေးရုံကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာ သက်ထားဦးအား ယာယီတာဝန်ချထားပြီး ရေဦးဆေးရုံသို့ သွားရောက်တာဝန်ထမ်း ဆောင်ရန် တာဝန်ပေးအပ်ပြီးဖြစ်ပါတယ်။ ၎င်းဆရာဝန်သည် မုံရွာမြို့သို့ ရောက်ရှိပြီး (ပ)ကြံ့စောင့်ဆိုင်းလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ရေဦးဆေးရုံကြီးမှာ သူနာပြုကြီး(၁)ဦး၊ အကူသူနာပြုအပါအဝင် စုစုပေါင်း(၃)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ သူနာပြုကြီး(၁)ဦးနှင့် နောက်ထပ် သူနာပြု(၃)ဦးကိုလည်း ရေဦးမြို့သို့ သွားရောက်တာဝန်ထမ်းဆောင်ရန် (ပ)ကြံ့စောင့်ဆိုင်းလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၂၆ ခုနှစ်မေလကုန်မှ သင်တန်းဆင်းခဲ့သော သူနာပြု (သစ်လွင်)များထဲမှ (သစ်လွင်)သူနာပြု (၂)ဦးကိုလည်း ခန့်ထားပေးပြီးဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

အထက်တင်ပြပါ ဆရာဝန်နှင့် သူနာပြုများ ရေဦးမြို့သို့ ရောက်ရှိတာဝန်ထမ်းဆောင်နိုင်ပါက ဆရာဝန်(၁)ဦး၊ သူနာပြုကြီး(၃)ဦး၊ သူနာပြု(၃)ဦး၊ သူနာပြုအကူ(၂)ဦး၊ ပေါင်း(၉)ဦးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ် (၁)မှ ဦးတင်မင်းထွဋ်အား ခွင့်ပြုမေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ် (၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါ တယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်မင်းထွဋ် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြမေးခွန်း(၁)ခု တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့နယ်ရဲ့ (၁၆) ကုတင်ဆံ့ဆေးရုံကို ဖောင်းပြင်မြို့၊ ကျွန်းရွှေဝါရပ်ကွက်၊ ချင်းတွင်းမြစ်ကမ်း ဘေးတွင် စတင်ပြီး ဖွင့်လှစ်ခဲ့ပါတယ်။ (၉-၁၀-၁၉၉၀)နေ့တွင် (၂၅)ကုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပြီး (၁-၆-၁၉၉၂)ရက်နေ့မှာ ဆေးရုံကို အင်ကြင်းမြိုင် ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းသို့ ယခုလက်ရှိနေရာမှာပြောင်းရွှေ့ဖွင့်လှစ်ခဲ့ ပါတယ်။ (၇-၃-၂၀၁၄)မှာ ကုတင်(၅၀)ဆံ့ဆေးရုံအဖြစ်ကို တိုးမြှင့်ဖွင့်လှစ်ခဲ့ ပါတယ်။ ဖောင်းပြင်ပြည်သူ့ဆေးရုံကြီးမှာ မြို့နယ်ကုသရေးဦးစီးဌာနမှူး(၁)ဦး၊ လက်ထောက်ဆရာဝန်(၆)ဦး လက်ထောက်ဆရာဝန်သွားနှင့်ခံတွင်း(၁)ဦး စုစုပေါင်း ခွင့်ပြုအင်အား ဆရာဝန်(၈)ဦး ရှိတယ်လို့ သိရပါတယ်။ လက်ရှိအခြေအနေတွင် မြို့နယ်ကုသရေး ဦးစီးမှူး Dr.ချမ်းသာထွန်းအား(၂၂-၉-၂၀၂၅)ရက်နေ့ အမိန့် ကြော်ငြာစာအရ ပြင်ဦးလွင်ဆေးရုံကို ဆေးရုံအုပ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားပြီး ဖြစ်ပါတယ်လို့ သိရှိရပါတယ်။ ဖောင်းပြင်မြို့နယ်မှာ PDF သောင်းကျန်းသူ အဖျက်သမားတွေရဲ့ အန္တရာယ်ကြောင့် ရေကြောင်း၊ ကုန်းကြောင်းသွားလာရေး အခက်အခဲများရှိပါတယ်။ အထူးသဖြင့် ယခင် နစက အစိုးရနဲ့ ယခုလက်ရှိအစိုးရ အဖွဲ့အား ထောက်ခံသူများအတွက် သွားလာ၍ လုံးဝမဖြစ်နိုင်သည့် အနေအထား ရှိနေပါတယ်။ ဖောင်းပြင်မြို့နယ် ပြည်သူများဟာ ကျန်းမာရေး အခက်အခဲ ဖြစ်ပေါ်လာပါက လမ်းပန်းဆက်သွယ်ရေး အခက်အခဲများကြောင့် အခြားမြို့ကြီး ဆေးရုံကြီးများသို့လည်း သွားရောက်ကုသနိုင်ခြင်းမရှိသည့်အပြင် ဆရာဝန် မပြည့်စုံမှု၊ ပစ္စည်းကိရိယာ မလုံလောက်မှုတို့ကြောင့် ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝမရရှိဘဲ မဆုံးရှုံးသင့်ဘဲ အသက်ဆုံးရှုံးခဲ့ရမှုများ ကြုံတွေ့နေရပါတယ်။ ဒါ့အပြင် လက်ရှိ Dr.ချမ်းသာထွန်း ပြောင်းရွှေ့သွားပါက ဖောင်းပြင် ပြည်သူ့ ဆေးရုံတွင် ဆရာဝန်(လုံးဝ)မရှိမည့် အခက်အခဲပေါ်လာမှာဖြစ်ပါတယ်။ ဖောင်းပြင်

ပြည်သူ့ဆေးရုံတွင် ၄-ခန်းတွဲ၊ (၄)ထပ်ဆောင်၊ ဝန်ထမ်းအိမ်ရာကို (၂၃-၄-၂၀၁၉) ရက်နေ့မှ စတင်ဆောက်လုပ်ခဲ့ပါတယ်။ ပြီးစီးမှုမှာ (၄၇)ရာခိုင်နှုန်းရှိပြီလို့ သိရပါတယ်။ PDF အကြမ်းဖက်တွေရဲ့ အဖျက်လုပ်ငန်းများကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလကစပြီး အဆောက်အဦဆောက်လုပ်ရေးလုပ်ငန်းမှာ လုံးဝ ရပ်တန့်သွားခဲ့ရပါတယ်။ တာဝန်ယူဆောက်လုပ်ခဲ့သော ကုမ္ပဏီမှာ ဖြိုးသိမ့်စံ ကုမ္ပဏီဖြစ်ပြီး ယခုအခါ လုံးဝဆက်သွယ်၍ မရရှိတော့ကြောင်း သိရပါတယ်။ သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ် ပြည်သူလူထုအားလုံးအတွက် အထူးအရေးကြီး လိုအပ်ချက်ဖြစ်တဲ့ ကျန်းမာရေးကိစ္စများအတွက် လိုအပ်သော ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဆေးဝါးကိရိယာများ ခွင့်ပြုပေးနိုင်ခြင်းရှိ/မရှိ၊ လိုအပ်သောဝန်ထမ်းအိမ်ရာ တည်ဆောက်ရေးလုပ်ငန်းအား အပြီးသတ်ဆောင်ရွက်ပေးနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်သို့ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ပထမဦးစွာ ပြောကြားလိုတာကတော့ ပြည်သူလူထုအတွက် မေးမြန်းပေးပါသော လွှတ်တော်ကိုယ်စားလှယ်ကြီးအား ကျေးဇူးတင်ရှိကြောင်း တင်ပြလိုပါတယ်။

ကျွန်တော့်အနေနဲ့ ဖောင်းပြင်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မင်းထွဋ်၏ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။

ဖောင်းပြင်မြို့၊ ပြည်သူ့ဆေးရုံသည် ကုတင်(၅၀)ဆံ့ ဆေးရုံဖြစ်ပြီး မြို့နယ်ဆရာဝန်(၁)ဦးရှိပါတယ်။ လက်ရှိတာဝန်ထမ်းဆောင်နေသော မြို့နယ်ဆရာဝန်

ဒေါက်တာချမ်းသာထွန်းဟာ ပြောင်းရွှေ့အမိန့် ခွင့်ပြုချက်ကျထားပြီးဖြစ်ပါတယ်။ ၎င်း ဆရာဝန် ဒေါက်တာချမ်းသာထွန်းအစား မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အလှပ်တိုက်နယ်ဆေးရုံမှ ဒေါက်တာစည်လွင်ဦးအား နေပြည်တော်ရုံးချုပ်မှ မြို့နယ်ကုသရေးဦးစီးဌာနမှူးအဖြစ် ပြောင်းရွှေ့တာဝန်ချထားခံရသော်လည်း အလုပ်ဝင်ရောက်ထမ်းဆောင်ခြင်းမရှိပါသဖြင့် ဌာနဆိုင်ရာစစ်ဆေးပြီး ဤရုံး၏ (၂၀-၃-၂၀၂၆)ရက်စွပါစာအမှတ်၊ ၁၁၉၅/ဝခရ-၄/၂၀၀၆ ဖြင့် အရေးယူထားကြောင်းအစီရင်ခံစာား တင်ပြထားပြီးဖြစ်ပါတယ်။ လက်ရှိအခြေအနေအရ နေပြည်တော်ရုံးချုပ်၏ ညွှန်ကြားချက်အရအသစ် ဆေးရုံအုပ် ဝန်ထမ်းရောက်ရှိမှသာ အဟောင်းဆေးရုံအုပ် ဝန်ထမ်းမှ ပြောင်းရွှေ့ရမည်ဟု ညွှန်ကြားထားသဖြင့် ဒေါက်တာချမ်းသာထွန်းဟာ ဖောင်းပြင်ဆေးရုံမှာ တာဝန်ထမ်းဆောင်ရင်း စောင့်ဆိုင်းလျက်ရှိကြောင်း သိရှိရပါတယ်။ ဖောင်းပြင်ဆေးရုံမှာ သူနာပြုအင်အားအနေဖြင့် အကူသူနာပြုအပါအဝင် စုစုပေါင်း(၇)ဦး၊ ရှိပါတယ်။ ယခု ၂၀၂၆ ခုနှစ်၊ မေလတွင် သင်တန်းဆင်းသူနာပြု(သစ်လွင်)များမှ သူနာပြု(၁)ဦးကိုလည်း ထပ်မံတာဝန်ချထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဆေးရုံအတွက် လိုအပ်သောဆေးဝါးများကို တိုင်းဒေသကြီးကုသရေးဦးစီးဌာန မုံရွာမြို့မှတစ်ဆင့် ဖြန့်ဖြူးပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၎င်းဆေးဝါးများကို တပ်မတော်ရဟတ်ယာဉ် အကြံုဖြင့်လည်းကောင်း၊ မိုးတွင်းကာလ ရေယာဉ်လိုင်းများ တက်သည့်အချိန်တွင်လည်းကောင်း ပေးပို့သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဖောင်းပြင်မြို့၊ ပြည်သူ့ဆေးရုံမှာ (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းလုပ်ငန်းများကို ဖြိုးသိမ့်စံကုမ္ပဏီမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် တင်ဒါအောင်၍ စတင်ဆောက်လုပ်ခဲ့ပြီး လုပ်ငန်းတစ်ခုလုံး ပြီးစီးမှု (၄၇)ရာခိုင်နှုန်းပြီးစီးခဲ့ပြီးဖြစ်ပါတယ်။ (၂၀၂၀-၂၀၂၁)၊ (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်များတွင် ခွင့်ပြုရန်ပုံငွေများ ပါရှိသော်လည်း ကုမ္ပဏီမှ လုပ်ငန်း ဆက်လက်ဆောင်ရွက်ခြင်းမရှိသောကြောင့် ကုမ္ပဏီအား အကြောင်းကြားခဲ့ရာ လုပ်ငန်းဆက်လက်ဆောင်ရွက်ရန် မဖြစ်နိုင်တော့ပါသဖြင့် စာချုပ်ရပ်စဲပေးနိုင်ပါရန် ကုမ္ပဏီမှ တင်ပြလာ၍ ကုမ္ပဏီနှင့်စာချုပ်ရပ်စဲနိုင်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဌာနဆိုင်ရာကျွမ်းကျင်သူများပါဝင်သည့် စစ်ဆေးရေးအဖွဲ့(ရာပြတ်)ဖြင့် ဆောင်ရွက်၍ ကျန်ရှိသော လုပ်ငန်းများအား ကုသရေးဦးစီးဌာန နေပြည်တော်သို့တင်ပြပြီး လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ၵင်းလုပ်ငန်းများအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းထားကြောင်းသိရှိရပါတယ်။ ၵင်းတင်ပြပါ ဘဏ္ဍာရေးနှစ်တွင် လျာထားငွေများပါရှိပါက ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ကသာမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးကျော်လွင်ဦးအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးကျော်လွင်ဦး၊ ကသာမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ၊ လွတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာ ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ကသာမြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်လွင်ဦး ဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြန်မာ့တပ်မတော်မှ လုံခြုံရေးပြန်လည်ထိန်းချုပ်နိုင်သော မြို့နယ်များတွင် သက်ဆိုင်ရာ ဌာနဆိုင်ရာ ဌာနအသီးသီးမှ အုပ်ချုပ်မှုလုပ်ငန်းများ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ကသာခရိုင်အတွင်းရှိ မြို့နယ်များမှာ လျှပ်စစ်မီးနှင့် တယ်လီဖုန်းဆက်သွယ်ရေးများ ပြတ်တောက်နေသည်မှာ နှစ်အတန်ကြာနေပြီ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါဒေသများမှာ လျှပ်စစ်မီးနှင့်တယ်လီဖုန်း ဆက်သွယ်ရေးလုပ်ငန်းများ အမြန်ဆုံး ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ သိလိုပါကြောင်း မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးခင်မောင်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ အစည်းအဝေးတက်ရောက်သော လွတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ကသာမြို့နယ်အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်ဦး၏ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကသာမြို့မှာ (၂၇-၃-၂၀၂၅)ရက်နေ့ကစပြီးတော့ (၂၃၀၀)ကေဗွီအေ နဘားပင်မဓာတ်အားခွဲရုံဟာ ဓာတ်အားပို့လွှတ်ပေးနိုင်ခြင်းမရှိပါဘူး။ အဓိကကတော့ မိန်းထရန်စဖော်မာ လောင်သွားပြီးတော့ ဒါကိုပြင်ပြီးမှ ကျွန်တော်တို့ ပေးနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခုက ရွှေဘိုနဲ့နဘားကြားမှာလည်း ဓာတ်အားလိုင်းတွေဟာ ကျွန်တော်တို့ ပြင်စရာတွေ အများကြီးရှိပါသေးတယ်။ အဲတော့ ဓာတ်အားပြတ်တောက်ပြီးတဲ့ နောက်ပိုင်းမှာ ကသာခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်အသီးသီးဟာလည်း ဓာတ်အားလိုင်းနဲ့ ဓာတ်အားခွဲရုံ ထရန်စဖော်မာနဲ့ ဆက်စပ်ပစ္စည်းအများအပြား ထိခိုက်ပျက်စီးခဲ့ပါတယ်။ (၂၃၀)ကေဗွီအေ နဘားပင်မဓာတ်အားခွဲရုံမှာ ဓာတ်အားလက်ခံပို့လွှတ်ဖြန့်ဖြူးပေးနိုင်ဖို့အတွက် ဓာတ်အားခွဲရုံမှာရှိတဲ့ ပင်မထရန်စဖော်မာနဲ့ ဆက်စပ်ပစ္စည်းတွေ စနစ်တကျ ပြုပြင်သွားနိုင်ဖို့ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကသာခရိုင်အတွင်းမှာ (၂၃၀)ကေဗွီအေ နဘားပင်မဓာတ်အားခွဲရုံ ပြန်လည်ပြုပြင်နိုင်ခြင်း၊ တိုက်ပွဲကြောင့်ပျက်စီးသွားတဲ့ ကျွန်တော်တို့ ဒီဓာတ်အားခွဲရုံနဲ့ ထရန်စဖော်မာနဲ့ဆက်စပ်ပစ္စည်းတွေ စတာတွေကို အစားထိုးပြုပြင်ပြီးမှ ပြန်လည်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီ ပြုပြင်ရမဲ့လုပ်ငန်းတွေကိုလည်း ကျွန်တော်တို့ ဒီနှစ် ဘဏ္ဍာရေးမှစပြီးတော့ ကျွန်တော်တို့နှစ်အလိုက် ရန်ပုံငွေများချထားပြီးတော့ ပြုပြင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

နောက်တခုကတော့ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေနဲ့ကတော့ ဆက်သွယ်ရေး အဆင်ပြေချောမွေ့ဖို့အတွက် ကျွန်တော်တို့က မိုဘိုင်းစခန်း(၁၃၀) တို့ကို တည်ဆောက်ပြီးတော့ ဝန်ဆောင်မှုပေးနေပါတယ်။ ဒါကြောင့်မို့ ကသာခရိုင်အတွင်းမှာ မိုဘိုင်းစခန်းတွေ ဆက်သွယ်ထားတဲ့ အဝေးဆက်ကြောင်းတွေဖြစ်တဲ့ ရွှေဘို-ကန့်ဘလူ-ကောလင်း-အင်းတော် ဖိုက်ဘာဆက်ကြောင်းဟာ ရွှေဘိုနဲ့ ကန့်ဘလူအကြား နောက်တခါ ကောလင်းနှင့် အင်းတော်ကြားမှာလည်းကောင်း၊ မန္တလေး-မတ္တရာ-စဉ့်ကူး-တကောင်း-ထီးချိုင့်-အင်းတော်ဆက်ကြောင်းဟာ စဉ့်ကူးနဲ့ တကောင်း၊ ထီးချိုင့်နဲ့အင်းတော်ကြားမှာလည်းကောင်း ချို့ယွင်းပြတ်တောက်

လျက်ရှိပါတယ်။ နောက်တခါ ရွှေဘို-ကန့်ဘလူ-ချပ်သင်း-ဝန်းသို-နဘား-အင်းတော် မိုက်ခရိုဝေ့ ဆက်ကြောင်းဟာလည်း ချပ်သင်း မိုက်ခရိုဝေ့စခန်းဟာ ကျွန်တော်တို့ လုံခြုံမှုမရှိခြင်းနှင့် ချို့ယွင်းပြတ်တောက်မှုဖြစ်ပေါ်နေတဲ့အတွက် မိုဘိုင်းစခန်းတွေ ဆက်သွယ်မှု ပြတ်တောက်နေတဲ့အတွက် ဒါတွေကို ပြုပြင်ပြီးမှသာလျှင် ဒါတွေဟာ အကုန်လုံး ကောင်းမှာဖြစ်တယ်။ ဒါပေမဲ့ ကျွန်တော်တို့ မိုက်ခရိုဝေ့ ဆက်ကြောင်းတွေ ပြုပြင်နိုင်ခြင်းမရှိမီ ကာလအတွင်းမှာ ကျွန်တော်တို့ ကသာ ခရိုင်အတွင်း ဆက်သွယ်မှုရဖို့အတွက် ယာယီအားဖြင့် လူထုဆက်ကြောင်းကို အသုံးပြုပြီးတော့ ကျွန်တော်တို့ ကသာ-ထီးချိုင့်ကို ဝန်ထမ်းတွေပို့တဲ့အချိန် နောက်ရက်မှာပဲ ကျွန်တော်တို့ တိုင်းဆက်သွယ်ရေးမှူးကိုယ်တိုင် လိုက်သွားပြီး ကျွန်တော်တို့ ဆက်သွယ်ရေးပစ္စည်းတွေယူပြီးတော့ ကိုယ်တိုင်ဆောင်ရွက်လိုက်တဲ့ အတွက်ကြောင့် ကသာမြို့ဟာ (၂၁-၅-၂၀၂၆)ရက်နေ့မှာလည်းကောင်း၊ ထီးချိုင့်ဟာ (၂၃-၅-၂၀၂၆)ရက်နေ့မှာလည်းကောင်း ဆက်သွယ်မှုများပြန်လည်ရရှိပြီဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ် (၂)မှ ဦးမင်းဇော်အား ခွင့်ပြုမေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးမင်းဇော်၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။

အားလုံးပဲ မင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော် ကိုယ်စားလှယ်များ၊ လွတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးမင်းဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက် အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။

မော်လိုက်မြို့တွင် ၂၀၂၁ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေးမတည်မငြိမ်မှု များကြောင့် ဆက်သွယ်ရေးဌာနမှ အင်တာနက်လိုင်းသုံးစွဲခွင့်အား ၂၀၂၁ ခုနှစ်မှ ယနေ့အချိန်ထိ (၅)နှစ်ကျော်ဖြတ်တောက်ထားခဲ့ပါသည်။ ထိုကဲ့သို့ ပြတ်တောက်

ထားမှုများကြောင့် ဌာနဆိုင်ရာများအနေဖြင့် ဌာနအချင်းချင်း ဆက်သွယ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ အခြားဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင်လည်းကောင်း အခက်အခဲများ ကြုံတွေ့ရပါတယ်။ ပြည်သူများအနေဖြင့်လည်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကုန်ပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေးကိစ္စများ ဆက်သွယ်ဆောင်ရွက်ကြရာတွင် အင်တာနက်လိုင်း မရရှိသောကြောင့် အခက်အခဲအမျိုးမျိုး ကြုံတွေ့ကြရပါတယ်။ မော်လိုက်မြို့ရှိ ပြည်သူများမှာလည်း အင်တာနက်လိုင်းများ ပြန်ဖွင့်ပေးရန် မျှော်လင့်တောင်းဆိုနေကြပါသဖြင့် ပြည်သူများကိုယ်စားပြည်သူ့အသံအနေဖြင့် တင်ပြရခြင်းဖြစ်ပါတယ်။

ယခုအခါ ခေတ်အခြေအနေမှာလည်း ရွေးကောက်ပွဲများ ကျင်းပပြီးစီး၍ အစိုးရသစ်ဖွဲ့စည်းပြီး အစိုးရယန္တယားများ ကောင်းမွန်စွာလည်ပတ်နေပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မော်လိုက်မြို့နယ်တွင် ပိတ်ထားသော အင်တာနက်လိုင်းများအား ပြန်လည်ဖွင့်လှစ်ပေး၍ အင်တာနက်လိုင်းသုံးစွဲခွင့်ပြုပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးခင်မောင်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ အစည်းအဝေးတက်ရောက်သူအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလေးမြို့နယ်၊ မဲဆန္ဒနယ်ကဦးမင်းဇော်ရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားပေးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့နယ်မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေနဲ့ ဆက်သွယ်မှု အဆင်ပြေချောမွေ့ဖို့အတွက်ကို

မိုဘိုင်းစခန်း(၁၅)ခု တည်ဆောက်ပြီးတော့ ဝန်ဆောင်မှုပေးခဲ့ပါတယ်။ ကလေး-တမူး ထရန်စမစ်ရှင်း ဖိုင်ဘာလမ်းကြောင်းအသုံးပြုပြီးတော့ ပေးတာဖြစ်ပါတယ်။ လတ်တလောမှာတော့ ထရန်စမစ်ရှင်း ပြတ်တောက်နေပြီးတော့ ခမ်းပတ်မြို့နယ် အတွင်းမှာ လုံခြုံရေးအခြေအနေအရ ကျွန်တော်တို့ ဝင်ရောက်ပြုပြင်နိုင်ခြင်းမရှိသေးပါဘူး။ ဒါကြောင့် နယ်မြေအခြေအနေပေါ်မှာ မူတည်ပြီးတော့မှ ကျွန်တော်တို့ဟာ ဒီဟာကို ပြုပြင်ပြီးတော့ မော်လိုက်မြို့အတွင်း ဖုန်းနဲ့အင်တာနက်လိုင်းများ ကောင်းမွန်ရေး ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ လောလောဆယ်တော့ ကျွန်တော်တို့ ယာယီအသုံးပြုဖို့ဆိုပြီးတော့ ဂြိုလ်တုဆက်ကြောင်းအသုံးပြုပြီးတော့ GSM မိုဘိုင်းစခန်း(၂)ခုကိုတော့ ဖုန်းခေါ်ဆိုမှုအသံနဲ့ စာတိုပေးပို့မှု၊ SMS အသုံးပြုနိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ အဲတော့ ကျွန်တော်တို့ဒီ မိုဘိုင်းစခန်းတွေ ဖျက်ဆီးခံရပြီးတော့ ဒေတာနဲ့ ဝန်ဆောင်မှုပေးနိုင်ဖို့အတွက် အသုံးပြုရတဲ့ဖိုင်ဘာဆက်ကြောင်းတွေ လောလောဆယ် ချို့ယွင်းပြတ်တောက်နေတဲ့အတွက် လုံခြုံရေးအခြေအနေပေးပါက သွားရောက်ပြုပြင်နိုင်ရေး ဆောင်ရွက်ပေးသွားမှာဖြစ်ပြီးတော့ 3 G နဲ့ 4G အတွက် ဒီဆက်ကြောင်းတွေ ပြန်လည်ကောင်းမွန်လာလို့ ရှိရင်တော့ မိုဘိုင်းအင်တာနက်လိုင်းတွေ အသုံးပြုနိုင်ရေး ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ တမူးမြို့နယ်၊ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးခင်မောင်လွင်အား ခွင့်ပြုမေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးခင်မောင်လွင်၊ တမူးမြို့နယ်တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ လွတ်တော်ရုံးဝန်ထမ်း အကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင် ဖြစ်ပါတယ်။

ကျွန်တော်အနေနဲ့ လွတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်းတင်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ ဟဲဇင်းကျေးရွာ အိမ်ခြေ(၂၅၅)၊ အိမ်ထောင်စု(၂၆၉)၊ လူဦးရေ(၁၂၈၁)ဦးနေထိုင်ပြီး တမူးမြို့ရဲ့ အရှေ့တောင်ဘက်နှင့် မြို့နဲ့တစ်ဆက်တည်း နီးပါးရှိသော ကျေးရွာကြီးဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံဘက်မှ စီးဆင်းလာသည့် ပါဟဲချောင်းရေသည် ယခင်ကကျေးရွာနဲ့ အသင့်အတင့်ကွာဝေးသော်လည်း နှစ်ကာလ ကြာလာသည်နဲ့အမျှ ချောင်းရေ လမ်းကြောင်းများပြောင်းကာ ရွာဘက်သို့ ရေတိုက်စားလာခဲ့သည်မှာ ရွာဦး ဘုန်းကြီးကျောင်း စေတီအနီးသို့ ရောက်ရှိလာသည့်အတွက် ရွာသူ/ရွာသားများက နှစ်စဉ်တတ်နိုင်သမျှ လူအား၊ ငွေအားဖြင့်၊ မိမိကျေးရွာရေတိုက်စားမှုမှ ကာကွယ်စေ ရေးအတွက် စုပေါင်းအားဖြင့် စက်ကြီးများကိုငှားရမ်းပြီး ရေလမ်းကြောင်းလွဲခြင်း၊ ရေထိန်းနံရံကာရံခြင်းများကို သစ်သား၊ ကျောက်ထုပ်များဖြင့် ကြိုးစားဆောင်ရွက် ခဲ့သော်လည်း နှစ်စဉ် မိုးရာသီ ရောက်ရှိချိန်တွင် ရေစီးအားကြောင့် ရေထိန်းနံရံများ ပျက်စီးမှုများရှိခြင်း၊ ခိုင်ခန့်စွာ ရေထိန်းနံရံ မဆောင်ရွက်နိုင်ပါက ရွာဦးဘုန်းကြီး ကျောင်းစေတီအနီးမှ ရေတိုက်စားထိုးဖောက်ပြီး ရွာအတွင်း အိမ်ခြေများ ပျက်စီး ဆုံးရှုံးမှုများ ဖြစ်သွားနိုင်ပါတယ်ခင်ဗျာ။ နိုင်ငံတော်အကြီးအကဲများကလည်း သဘာဝဘေးအန္တရာယ်ကို မဖြစ်မီက ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံးဟု လမ်းညွှန်မှု ပြုထားသည်ကိုလည်း ကြားသိရပါတယ်။

ဒါကြောင့် မဲဆန္ဒရှင် ကျေးရွာဒေသခံပြည်သူများ၏ကိုယ်စား ကျွန်တော် အနေဖြင့် အောက်ပါမေးခွန်းများကို လွတ်တော်မှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

တမူးမြို့နယ်၊ ဟဲဇင်းကျေးရွာနှင့် ရွာဦးဘုန်းကြီးကျောင်း စေတီအနီး ချောင်းရေတိုက်စားမှုမှ ကာကွယ်ပေးနိုင်ရန် ပေ(၅၀၀)ခန့်ရှိသော ရေတိုက်စား မှုအား မည်သို့အစီအမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ ဆောင်ရွက်ပေးမည် ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးခင်မောင်အေး ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ အစည်းအဝေးတက်ရောက်သူအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေ နှုတ်ခွန်း ဆက်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ တမူးမဲဆန္ဒနယ်က ဦးခင်မောင်လွင်ရဲ့ မေးခွန်းကို ပြန်လည် ဖြေကြားပေးမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီချောင်းရေမြစ်ရေတိုက်စားမှုနဲ့ပတ်သက်လို့ ကျွန်တော်တို့ရဲ့ အဓိကကဏ္ဍကတော့ ရေမြစ်ဖြုန်ခေါ်တာပေါ့နော် အဲတော့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနက ကျွန်တော်တို့ ကလေးခရိုင် ကလေးဝမှာ ဒေသခွဲ(၈)ဆိုပြီးတော့ ဦးစီးမှူးရုံးဖွင့်လှစ်ထားရှိပါတယ်။ ကလေးဝမှာ အခြေပြုတဲ့ ဦးစီးဌာနမှာ ဝန်ထမ်းတွေပါဝင်တဲ့ ကွင်းဆင်းတိုင်းတာစစ်ဆေးရေး အဖွဲ့အနေနဲ့ ဒီဒေသကို ခရီးသွားလာရေးအတွက် လောလောဆယ်မှာတော့ လမ်းခရီးအခက်အခဲရှိနေတာရယ်၊ လမ်းခရီးလုံခြုံရေးနဲ့ နယ်မြေလုံခြုံရေးအခြေ အနေတွေကြောင့် အဲဘက်ကိုသွားဖို့ နည်းနည်းအခက်အခဲရှိနေပါတယ်။ ဒါကြောင့် လမ်းခရီး အခြေအနေပေါ်မူတည်ပြီးတော့မှ ကျွန်တော်တို့ ဟဲဇင်းကျေးရွာမှာရှိတဲ့ ကမ်းပြိုမှုအခြေအနေကို အသေးစိတ်ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းများ မဆောင် ရွက်နိုင်သေးတာဖြစ်ပါတယ်။ ဒါကြောင့် နယ်မြေအခြေအနေပေါ်မှာမူတည်ပြီး တော့မှ ကျွန်တော်တို့က ဒီအဖွဲ့ကို အဲဒီနေရာကို သွားရောက်ပြီးတော့ ကွင်းဆင်း တိုင်းတာစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ပြီးမှပဲ ကျွန်တော်တို့တစ်တွေဟာ ခုနကပြောတဲ့ ကမ်းပြိုကာကွယ်ရေး အစီအစဉ်ကို အသေးစိတ်တွက်ချက်ပြီးတော့မှ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့က ဒီကမ်းပြို ကာကွယ်ရေးလုပ်ငန်းတွေအား မြစ်ရေကျသွားမှပဲ လုပ်ရတာဖြစ်ပါတယ်။ ဒါကြောင့် လောလောဆယ်တော့ နယ်မြေအခြေအနေအရ သွားရောက်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါကြောင်းနှင့် နယ်မြေအခြေအနေပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ ကွင်းဆင်းတိုင်းတာ

စစ်ဆေးပြီးတာနဲ့ အသေးစိတ်တွက်ချက်ပြီးရင်တော့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန်အား ခွင့်ပြုမေးခွန်း(၂)ခုကို တစ်စက်တစ်စပ်တည်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော တိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ လွတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့အတွင်းရှိ လမ်းအရှည်(၇)မိုင်နှင့် (၁.၁၂)ဖာလုံရှိသော ပြည်ထောင်စုအမှတ်(၂)လမ်းမှ ကျန်ရှိနေသေးသော အပိုင်းများရဲ့ ကတ္တရာခင်းခြင်း၊ တံတားများတည်ဆောက်ပေးခြင်းနှင့် အခြားလိုအပ်ချက်များကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌနှင့် လွတ်တော်ကိုယ်စားလှယ်များရှင့်။

မုံရွာမြို့သည် စစ်ကိုင်းတိုင်းဒေသကြီး၏ တိုင်းမြို့တော်တစ်ခုဖြစ်သလို ချင်းတွင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာတည်ရှိသော ရပ်ကွက်ကြီး(၃၁)ရပ်ကွက်နှင့် ဖွဲ့စည်းထားတဲ့ မြို့တစ်ခုလည်းဖြစ်ပါသည်။ မုံရွာမြို့ရဲ့ပုံပန်းသဏ္ဌာန်ဟာဆိုရင် မြစ်ကမ်းဘေး မြို့ရွာဖြစ်တဲ့အတွက် မြစ်ကြောင်းနဲ့အပြိုင် ရှည်လျားပုံစံရှိသော မြို့တစ်ခုဖြစ်ပါတယ်။ ထို့ကြောင့် မုံရွာမြို့သည် တောင်အရပ်မှ မြောက်အရပ်ထိ မိုင်(၂၀)ကျော်ရှည်လျားပြီး အရှေ့အရပ်မှ အနောက်အရပ်ထိ အကျယ်ဆုံးနေရာသည် (၁၃)မိုင်ခန့် ကျယ်ဝန်းပါတယ်။ မုံရွာမြို့သည် လူဦးရေသုံးသိန်းခွဲနီးပါး မှီတင်းနေထိုင်သော တိုင်းမြို့တစ်ခုဖြစ်တာနဲ့အညီ စီးပွားရေး၊ လူမှုရေးစတဲ့ နယ်ပယ်တွေမှာဆိုလျှင် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အခြေခံကျတဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရေးကို ကြိုလင့်စောင့်ဆိုင်းနေတဲ့ မြို့ပြတစ်ခုလည်း

ဖြစ်ပါသည်။ မုံရွာမြို့ရဲ့ မြို့တွင်းမြို့ပြင် ဆက်သွယ်သွားလာနိုင်ဖို့အတွက် ဖောက်လုပ်ထားသော လမ်းမကြီးများသည်လည်း တောင်အရပ်မှ မြောက်အရပ်သို့ ဦးတည်ဖောက်လုပ်ထားသော အဓိကလမ်းမကြီး(၄)ခုရှိပါသည်။

၎င်းလမ်းများဟာဆိုလျှင် (၁) ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ (၂) ကမ်းနားလမ်း၊ (၃) ပြည်ထောင်စုအမှတ်(၁)လမ်း၊ (၄) ပြည်ထောင်စုအမှတ်(၂)လမ်းတို့ ဖြစ်ပါတယ်။ ၎င်းလမ်းမကြီး(၄)ခုအတွင်းမှ အမှတ်စဉ်(၁)၊ (၂)၊ (၃)မှာရှိသော လမ်းများသည် ရှေးယခင်ကာလကတည်းက အသုံးပြုနေခဲ့သောလမ်းများဖြစ်သည့်အတွက် ယနေ့အချိန်အခါမှာဆိုလျှင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကိုသာ အဓိကလုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ဆက်လက်တင်ပြမည့် အမှတ်စဉ်(၄)မှာရှိသော ပြည်ထောင်စုအမှတ်(၂)လမ်းသည် မုံရွာ-မန္တလေးရထားသံလမ်း၏ အရှေ့ဘက်တွင်ရှိသော ကားလမ်းတစ်ခုဖြစ်ပါသည်။ မုံရွာ-မန္တလေးကားလမ်း မုံရွာမြို့အဝင် မုံရွာတောင်ရပ်ကွက်၊ ဘိုးဘွားရိပ်သာအဝိုင်းပတ်မှ အိုးဘိုတောင်ရပ်ကွက်၊ အောင်မင်္ဂလာအဝိုင်းအထိ လမ်းအရှည်ပေ(၃၇၇၀၄)ပေရှိပြီး မိုင်အားဖြင့် (၇)မိုင်နှင့် (၁.၁၂)ဖာလုံ ရှည်လျားပါတယ်။ ပြည်ထောင်စုအမှတ်(၂)လမ်းကို (၂၀၁၁/၂၀၁၅) ပထမဒီမိုကရေစီအစိုးရ လက်ထက်မှ စတင်ပြီး လမ်းကြောင်းအစီအစဉ်တွေ ရေးဆွဲခြင်း၊ လမ်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အကြိုပြင်ဆင်ခြင်းများ ပြုလုပ်ခဲ့သည်ဟုလည်း လေ့လာမှုများအရ သိရှိရပါတယ်။

ပြည်ထောင်စုအမှတ်(၂)လမ်းသည် မြို့တွင်းလမ်းဖြစ်သော်လည်း လုပ်ဆောင်ရမည့် လုပ်ငန်းဆောင်တာများ များပြားသည့်အတွက် လမ်းအရှည်ပေကို အပိုင်း(၄)ပိုင်းခွဲခြားပြီး ဌာနကြီး(၄)ခုမှ တာဝန်ယူဆောင်ရွက်ခဲ့ကြသည်ကိုလည်း သိရှိရပါတယ်။ အပိုင်း(၁)သည် အောင်မင်္ဂလာအဝိုင်းမှ ကန်ပတ်လမ်းအထိ အရှည်ပေ(၁၇၃၃၀)ပေရှိအပိုင်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ဂျင်းမြေဖို့ခြင်း လုပ်ငန်းများကို တစ်စိတ်တစ်ပိုင်းသာ ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ အပိုင်း(၂)သည် ကန်ပတ်လမ်းမှ လယ်တီလမ်းအထိ အရှည်ပေ(၄၅၇၄)ပေရှိအပိုင်းကို ဆည်မြောင်းဦးစီးဌာနအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့ရာမှာ နိုင်လွန်ကတ္တရာလမ်းခင်းခြင်းနှင့် ဂျင်းမြေဖို့ခြင်းလုပ်ငန်းတို့ကို တစ်စိတ်တစ်ပိုင်း ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။ အပိုင်း(၃)သည် လယ်တီလမ်းမှ သီရိမင်္ဂလာလမ်းအထိ အရှည်ပေ(၇၉၀၀)ပေရှိ အပိုင်းကို စည်ပင်သာယာရေးကော်မတီအဖွဲ့မှ

တာဝန်ယူဆောင်ရွက်ခဲ့ရာမှာ နိုင်လွန်ကတ္တရာလမ်းခင်းခြင်း၊ ကျောက်ကြမ်းခင်းခြင်း၊ ဂျင်းမြေ ဖို့ခြင်း လုပ်ငန်းတို့ကို အပိုင်းလိုက် ဆောင်ရွက်ပြီးစီးခဲ့ပါတယ်။

အပိုင်း(၄)သည် သီရိမင်္ဂလာလမ်းမှ မုံရွာတောင်ဘိုးဘွားရိပ်သာအပိုင်းအထိ အရှည်ပေ (၇၉၀၀)ပေရှိအပိုင်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့ရာမှာ ဂျင်းမြေဖို့ခြင်းလုပ်ငန်းများကို တစ်စိတ်တစ်ပိုင်းမျှ ပြီးစီးခဲ့ပါတယ်။ ပြည်ထောင်စုအမှတ်(၂)လမ်း၏ လက်ရှိလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအားလုံးကို တိုင်းဒေသကြီး၏ ရန်ပုံငွေမှသုံးစွဲခဲ့ခြင်းဖြစ်ပါတယ်။ ဆက်လက်လုပ်ဆောင်ရန် ကျန်ရှိနေသေးသော လမ်းအကျယ်ပေ(၂၀)ရှိတဲ့လမ်းကို နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းအတွက် ပေ(၃၁၂၈၄)ပေကျန်ရှိနေသလို ဂျင်းမြေဖို့ခြင်းလုပ်ငန်းအတွက် မြေကျင်းပေါင်း(၄၃၄၄၃)ကျင်း၊ Box Culvert (၄)စင်း၊ ရိုးရိုး RCတံတား(၁)စင်း တို့ဆောင်ရွက်ပေးရန် ကျန်ရှိနေသေးသည်ကိုလည်း အချက်အလက် မှတ်တမ်းများအရ လေ့လာသိရှိရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။

မြန်မာနိုင်ငံမှာ မည်သို့သော အုပ်ချုပ်ရေးစနစ် တွေပြောင်းလဲကျင့်သုံးနေစေကာမူ မြို့တစ်ခု ရပ်ရွာတစ်ခု ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှု အားလုံးရဲ့ အခြေခံသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုပင်ဖြစ်ပါတယ်။ နိုင်ငံအတွင်းမှာရှိတဲ့ မြို့တိုင်း၊ ရွာတိုင်းမှာရှိသော လူဦးရေဟာဆိုလျှင် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသလို ယာဉ်သုံးစွဲမှုတွေ လမ်းသုံးစွဲမှုတွေသည်လည်း ပိုမိုမြင့်မားလာခဲ့ပါတယ်။ ယခုလို လမ်းသုံးစွဲသောလူဦးရေ၊ ယာဉ်ယန္တရားနှင့် ဘေးကင်းလုံခြုံတဲ့ မြို့ပြလမ်းတွေဟာ မမျှမတဖြစ်နေတဲ့အတွက် ပြည်သူတွေရဲ့ လူမှုစီးပွားလုပ်ငန်း၊ ခရီးသွားလာ ခြင်း လုပ်ငန်းတွေဟာ နှောင့်နှေးကြန့်ကြာမှုတွေကို နေ့စဉ် မကြာခဏာကြုံတွေ့နေကြရပါတယ်။

သို့အတွက်ကြောင့် လမ်းအသုံးပြုသူ ပြည်သူတွေဟာ ယာဉ်ကြောကြပ်တည်းမှုနှင့် ယာဉ်စည်းကမ်းကို လိုက်နာခြင်းများ အားနည်းလာမှုရဲ့ဒဏ်ကို စိတ်မသက်မသာ ခံစားနေရပါတယ်။ မုံရွာမြို့သည် စစ်ကိုင်းတိုင်းဒေသကြီးရဲ့ တိုင်းရုံးများအခြေစိုက်ရာ မြို့တစ်ခုဖြစ်သလို အနောက်မြောက်ဒေသရဲ့ သလွာဝတီ မြို့တော်တစ်ခုလည်း ဖြစ်ပါသည်။ မြို့တော်ရဲ့ဂုဏ်အင်္ဂါနဲ့အညီ ဖြစ်စေဖို့ မြို့တွင်းလမ်းတွေဟာ ဘေးကင်းလုံခြုံချောမွေ့တဲ့ လမ်းတွေဖြစ်ဖို့လို

အပ်သလို မြို့နေလူထုအတွက် လမ်းအသုံးပြုသူ ပြည်သူတွေအတွက်လည်း အလွန်ပင်လိုအပ်နေသော လမ်းတစ်ခု ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မုံရွာမြို့တွင်း ပြည်ထောင်စုအမှတ်(၂)လမ်းကို အပြီးသတ် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး၏ရန်ပုံငွေမှ ဆက်လက်ဆောင်ရွက် ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက် ပေးနိုင်မည်ကိုလည်း သိရှိလိုပါကြောင်း မုံရွာမြို့ပြည်သူများကိုယ်စား မေးမြန်း အပ်ပါတယ်။

တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

မုံရွာမြို့ပေါ်ရပ်ကွက်များသို့ ရေမီတာ(Unit)၊ Prepaid Cardဖြင့် ဖြန့်ဖြူး ရောင်းလျက်ရှိသော ချင်းတွင်းမြစ်ရေသန့်နှင့်ပတ်သက်၍ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

မုံရွာမြို့ပေါ်ရပ်ကွက်များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသော **Aqua Pura** သည် မုံရွာမြို့ အခြေစိုက် ရေသန့်စင်မှုစနစ်များနှင့် ရေပေးဝေရေးလုပ်ငန်းများကို လုပ်ကိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ပြီး ရေပိုက်သွယ်တန်းခြင်းနှင့် HDPE ပိုက်ဆက်ခြင်း နည်းပညာများဖြင့် သန့်ရှင်းသော သောက်သုံးရေရရှိရန် ဝန်ဆောင်မှု ပေးနေသည်ကို သိရှိရပါသည်။ အဓိကဝန်ဆောင်မှုအနေဖြင့် အိမ်သုံး၊ စက်မှုသုံး ရေစစ် စက်များနှင့် ရေယူနစ်စက်များတပ်ဆင်ပေးခြင်း၊ HDPEပိုက်လိုင်း သွယ်တန်းခြင်းနှင့် သောက်သုံးရန်မသင့်သော ရေများကိုစစ်ထုတ်ပြီး ကျန်းမာရေး နှင့်ညီညွတ်သော ရေရရှိအောင် ဆောင်ရွက်ပေးသည်ဟု သိရှိရပါသော်လည်း ယခုအခါ ရပ်ကွက်အချို့တွင် **Aqua Pura** ကုမ္ပဏီမှ ရယူသော ရေပိုက်လိုင်းမှ ရေများသည် ကြည်လင်သန့်ရှင်းမှုမရှိခြင်း၊ ရေညှိများကပ်ပါလာခြင်းတို့ကြောင့် ကျန်းမာရေးနှင့် ညီညွတ်မှုမရှိခြင်း၊ ပြည်သူများအနေဖြင့် ငွေကိုကြိုတင်သွင်းထားရ ပေးထားရသော်လည်း သန့်ရှင်းသောရေကို မရရှိသဖြင့် ကျန်းမာရေးထိခိုက်မည်ကို စိုးရိမ်၍ ရေသန့်ဗူးများကို ဝယ်ယူသောက်သုံးနေရသည့်အတွက် အပိုကုန်ကျ စရိတ်များ ဖြစ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ မုံရွာမြို့ပေါ်ရပ်ကွက်များသို့ ဖြန့်ဖြူးရောင်းချလျက်ရှိသော **Aqua Pura** ကုမ္ပဏီ ရေပေးဝေရေးလုပ်ငန်း၏ ရေအရည်အသွေးနှင့် ဖြန့်ဝေမှုစနစ်အား ပြည်သူများကျန်းမာရေးနှင့် ညီညွတ်စွာအသုံးပြုနိုင်ရေးအတွက် ပြန်လည်

စိစစ်ပေးနိုင်ပါရန် မိဘပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင် ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ။ လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန် ကောင်းတောင်းပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မဲဆန္ဒနယ်အမှတ်(၂)ဒေါ်ကြူကြူစိန်ရဲ့ မေးခွန်း(၂)ခုကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းအနေနဲ့ ပြည်ထောင်စု အမှတ်(၂)လမ်းအား မြို့တွင်းလမ်းဖြစ်သော်လည်း လုပ်ဆောင်ရမည့် လုပ်ငန်း ဆောင်တာများ များပြားတဲ့အတွက်ကြောင့်မို့လို့ လမ်းအရှည်ပေကို အပိုင်း(၄) ပိုင်းခွဲခြားပြီးတော့မှ ဌာနကြီး(၄)ခုမှ တာဝန်ယူဆောင်ရွက်ခဲ့ကြရာ ဆက်လက် ဆောင်ရွက်ရန်ကျန်ရှိနေသော လမ်းအကျယ် ပေ(၂၀)ရှိတဲ့လမ်းကို နိုင်လွန်ကတ္တရာ ခင်းခြင်းလုပ်ငန်းအတွက် ပေ(၃၁၂၈၄)ပေ ကျန်ရှိနေသလို ဂျင်းမြေဖို့ခြင်း လုပ်ငန်း များအတွက် မြေကျင်းပေါင်း(၄၃၄၄၃)ကျင်း၊ Box Culvert (၄)စင်း၊ ရိုးရိုးRC တံတား (၁)စင်း တို့ဆောင်ရွက်ပေးရန် ကျန်ရှိနေတာကို တွေ့ရှိရတဲ့အတွက် အပြီးသတ် ဆောင်ရွက်ပေးနိုင်ရန် တိုင်းဒေသကြီးရန်ပုံငွေမှ ဆက်လက်ဆောင်ရွက်ပေးပါရန်၊ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိ လိုကြောင်း လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါ တယ်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ်များခင်ဗျာ။

ပြည်ထောင်စု အမှတ်(၂)လမ်းမဟာ မြို့တွင်းလမ်းဖြစ်သော်လည်း လုပ်ဆောင်ရမည့် လုပ်ငန်းအခြေအနေများပြားတဲ့အတွက်ကြောင့်မို့ လမ်းအရှည် ပေအလိုက် အပိုင်း(၄)ပိုင်းခွဲခြားပြီးတော့မှ အပိုင်း(၁)ကို ပြည်သူ့ဆောက်လုပ်ရေး

လုပ်ငန်းအဖွဲ့ကနေပြီးတော့မှ အောင်မင်္ဂလာအဝိုင်းကနေပြီး ကန်ပတ်လမ်းအထိ အရှည်ပေ (၁၇၃၃၀)ပေအား ဂျင်းမြေဖို့ခြင်းလုပ်ငန်း၊ အပိုင်း(၂)ကန်ပတ်လမ်းမှ လယ်တီလမ်းအထိ အရှည်ပေ(၄၅၇၄)ပေအား ဆည်မြောင်းဦးစီးဌာနမှ နိုင်လွန်ကတ္တရာနဲ့ ဂျင်းမြေဖို့ခြင်းလုပ်ငန်း၊ အပိုင်း(၄) သီရိမင်္ဂလာလမ်းကနေပြီးတော့မှ မုံရွာတောင်ဘိုးဘွားရိပ်သာအဝိုင်းအထိ အရှည်ပေ(၇၉၀၀)အား ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဂျင်းမြေဖို့ခြင်းလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခဲ့ကြပါတယ်။ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ ဆောင်ရွက်ခဲ့တဲ့ အပိုင်း(၃)ဟာ ဆိုလို့ရှိရင် ပြည်ထောင်စုဓွေးထောင့်ကနေပြီးတော့မှ ကျောက္ကာလမ်းအထိ အရှည် (၆၂၆၀)ပေအား အကျယ်ပေ(၂၀)နိုင်လွန်ကတ္တရာအဖြစ်လည်းကောင်း၊ ကျောက္ကာ လမ်းကနေပြီးတော့မှ သီရိမင်္ဂလာလမ်းအထိ အရှည်(၃၆၀၀)ပေအား အမာခံ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးထားပြီး ဖြစ်ပါတယ်။ ကျန်ရှိတဲ့ အမာခံလမ်း အရှည်ပေ(၃၆၀၀)ကို နိုင်လွန်ကတ္တရာလမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ကျန်ရှိတဲ့ ကျောက္ကာလမ်းကနေပြီးတော့မှ သီရိမင်္ဂလာလမ်းအထိကို နိုင်လွန် ကတ္တရာခင်းနိုင်ဖို့ရာအတွက် ဒေသန္တရစီမံကိန်းထဲမှာထည့်သွင်းလျာထားပြီးတော့မှ ရန်ပုံငွေ ရရှိမှုအပေါ်မှာမူတည်ပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ကျွန်တော်တို့ **Aqua Pura** ကုမ္ပဏီကနေပြီးတော့မှ မုံရွာမြို့ပေါ်ရပ်ကွက်တွေကို ရေဖြန့်ဖြူးရောင်းချပေးလျက်ရှိတဲ့ ရေအရည်အသွေးနဲ့ ရေဖြန့်ဖြူးတဲ့စနစ်ကို ပြည်သူလူထုကျန်းမာရေးနဲ့ ညီညွတ်စွာအသုံးပြုနိုင်ရေး အတွက် ပြန်လည်စိစစ်ပေးနိုင်ပါရန် သိရှိလိုပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ရဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ်များ ခင်ဗျာ။

မုံရွာမြို့ပေါ်ရပ်ကွက်များကို ရေဖြန့်ဖြူးရောင်းချရန် မုံရွာမြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ **Aqua Pura** ကုမ္ပဏီလိမစ်တက်တို့မှ BOT စနစ်နဲ့ (၂၀၁၇)ခုနှစ်မှာ စတင်ပြီးတော့မှ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ မုံရွာမြို့ပေါ်မှာရှိတဲ့ ရပ်ကွက် (၂၂)ရပ်ကွက်အား Smart Card Meter System နဲ့ ရေပေးဝေ လျက်ရှိပါတယ်။ လက်ရှိမှာဆိုလို့ရှိရင် ရေမီတာပေါင်း(၁၄၇၅၀)လုံး တပ်ဆင်

ဆောင်ရွက်ပေးထားပြီးတော့မှ ရေယူနစ် တစ်ယူနစ်ကို (၂၂၀၀)ကျပ်နှုန်းနဲ့ ကောက်ခံလျက်ရှိပါတယ်။ ရေယူနစ် တစ်ယူနစ်မှာဆိုရင် ဂါလံပေါင်း(၂၂၀)ရှိပါတယ်။ ရေပေးဝေမှုအနေနဲ့ တစ်ရက်ကို ရေဂါလံပေါင်း ၅ သိန်းခန့် ပေးဝေလျက်ရှိပါတယ်။ ရေပေးဝေရာမှာဆိုရင် ချင်းတွင်းမြစ်ရေကို တင်ပြီးတော့မှ Lamella Water Treatment System ရေသန့်စင်တဲ့ စနစ်နဲ့ အဆင့်ဆင့်သန့်စင်ပြီးတော့မှ ရေပေးဝေရေးကို ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ Lamella System ဟာဆိုလို့ရှိရင် နိုင်ငံတကာရေပေးဝေရေးလုပ်ငန်းမှာ အသုံးပြုလျက်ရှိတဲ့ စနစ်ဖြစ်ပါတယ်။ နည်းပညာကတော့ ဂျာမနီရဲ့ နည်းပညာဖြစ်ပြီးတော့ Lamella စက်တစ်လုံးဟာဆိုလို့ရှိရင် တစ်နာရီကို ရေဂါလံ(၂၅၀၀၀)သာထွက်ရှိပါတယ်။ Lamella Systemရဲ့ လုပ်ငန်းဆောင်ရွက်ပုံတွေကတော့ ရိုးရှင်းပြီးတော့မှ ပြင်ဆင်ထိန်းသိမ်းရန်လည်း လွယ်ကူတဲ့စနစ်ပုံစံ ဖြစ်ပါတယ်။ ရေသန့်စင်တဲ့စနစ်အဆင့်ဆင့်ကတော့ ချင်းတွင်းမြစ်ရေကို ကျွန်တော်တို့ ရေအနည်ထိုင်ကန်ထဲကို တင်ပို့ခြင်း၊ အနည်ထိုင်ကန်အတွင်းမှာ ဆိုလို့ရှိရင် နုံးနဲ့ ရွံ့မြေကို အနည်ထိုင်စေခြင်း၊ Lamella စနစ်နဲ့ အနည်စစ်ခြင်းနှင့် အနည်ထိုင်စေခြင်း၊ Multi Sand Filtration ဖြင့် သေးငယ်တဲ့ အမှုန်အမွှားတွေကို စစ်ခြင်း၊ ပိုးသတ်ခြင်း၊ ရေဖြန့်ဖြူးခြင်း ဖြစ်ပါတယ်။ စက်ရုံမှာဆိုလို့ရှိရင် ကိုယ်ပိုင်ဓာတ်ခွဲခန်းရှိပြီးတော့မှ တစ်နာရီကို တစ်ကြိမ်ကျ ရေအရည်အသွေးစစ်ဆေးတဲ့ဌာနကနေပြီးတော့မှ ရေစစ်ဆေးတဲ့မှတ်တမ်းတွေထား ရှိပါတယ်။ PH, Turbidity, Total Hardness, Iron, Total Dissolved Solids များကို တိုင်းတာပါတယ်။ WHO စံသတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှုရှိပြီးတော့မှ ရန်ကုန်မြို့မှာရှိတဲ့ ISO လက်မှတ်ရ ISO Tech Laboratory ဓာတ်ခွဲခန်းကို တစ်လကိုတစ်ကြိမ် စစ်ဆေးဆောင်ရွက်လျက်ရှိတဲ့အပြင် မုံရွာစည်ပင်သာယာရေးအဖွဲ့ကလည်း တစ်ပတ်လျှင် တစ်ကြိမ် အရည်အသွေးစစ်ဆေးချက်များကို ကြီးကြပ်ပေးလျက်ရှိပါတယ်။ ကိုယ်စားလှယ်ကြီး ပြောတဲ့ပုံစံဟာ ရေဟာ ပြည်သူလူထုကနေပြီးတော့ ရေသန့်စင်မှုမရှိဘူးဆိုတဲ့ အနေအထားကိုလည်း ကျွန်တော်တို့ လက်တွေ့ကျကျ ကွင်းဆင်းပြီးတော့မှ သူ့ရဲ့ စမ်းသပ်မှုတွေဟာ တကယ်တမ်းဖြစ်သလားဆိုတာကို ကျွန်တော်တို့ ကြီးကြပ် ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ **Aqua Pura** ကုမ္ပဏီကနေပြီးတော့မှ ရေသုံးစွဲနေသူများအား ရေသုံးစွဲမှုအတွက် ကျသင့်ငွေကို ငွေသားဖြင့် ပေးချေမှု စနစ်မဟုတ်ဘဲနဲ့ Prepaid Card ကြိုတင်ငွေဖြည့်ကဒ် ငွေဖြည့်တဲ့စနစ်နဲ့

ဆောင်ရွက်နေပါတယ်။ ရေရှယူသုံးစွဲသူများအနေနဲ့ သွယ်တန်းထားတဲ့ ပိုက်များ ပေါက်ခြင်း၊ ပျက်စီးခြင်းစတဲ့ အခက်အခဲများရှိပါက **Aqua Pura** ကုမ္ပဏီနဲ့ ဆက်သွယ်ရန် ဖုန်းဖြင့် ၀၉-၇၇၀၂၀၃၀ သို့ ဖြစ်စေ၊ ရပ်ကွက်အလိုက်မှာ တာဝန်ပေးအပ်ထားတဲ့ ရေပေးဝေရေးဝန်ထမ်းများကို ဖြစ်စေဆက်သွယ်ပြီးတော့ ဆောင်ရွက်၍ရပါကြောင်းနဲ့ မုံရွာစည်ပင်သာယာရေးအဖွဲ့သို့လည်း အကြောင်း ကြားပြီးတော့မှ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ် (၁)မှ ဦးအောင်မင်းကျော်သူအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စား လှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ လွတ်တော်ရုံးအကြီး အမှူးနှင့် ဝန်ထမ်းများ၊ အစည်းအဝေးသို့ လေ့လာရေးလာရောက်ကြသော မဲဆန္ဒရှင်ပြည်သူများနှင့် သတင်းမီဒီယာများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ။

ကျွန်တော်ကတော့ ဘုတလင်မြို့နယ်မှ လွတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်မင်းကျော်သူ ဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ နယ်မြေ(၆)တွင် တည်ရှိ သော နန္ဒဝန်စျေးကြီးသည် လွန်ခဲ့သော နှစ်ပေါင်း(၃၀)ခန့်က တည်ရှိခဲ့သော စျေး(၁)ခုဖြစ်ပါတယ်။ စတင်တည်ဆောက်ခဲ့စဉ်က စျေးသည်အနည်းငယ် ဖြင့်သာ မြို့အနီးအနားရှိ ကျေးရွာများမှ ရွာထွက်အသီးအနှံများ၊ ပန်းမာန်များ လာရောက်ရောင်းချလျက်ရှိပြီး မြို့ပေါ်စျေးသည်၊ အသားငါးသည်များ အနည်းငယ် သာရှိခဲ့သော စျေးတစ်ခုဖြစ်ပါတယ်။ စျေးသည်အနည်းငယ်ဖြင့်သာရောင်းချ၍ ရပ်ကွက်စျေး အသေးစားလေးသာ ဖြစ်ခဲ့ပါသည်။ စျေးစတင်ရောင်းချခဲ့သည့် အချိန်က ရပ်ကွက်မှာလည်း လူနေအိမ်ခြေနည်းပါးခဲ့ပြီး စျေးရောင်း၊ စျေးဝယ် နည်းပါးခဲ့သော စျေးဖြစ်ပါသည်။ နောက်ပိုင်းတွင် ရပ်ကွက်များတိုးချဲ့ခဲ့ရာ နန္ဒဝန်

ရုပ်ကွက်တွင် လူနေအိမ်ခြေများလာပြီး စျေးမှာလည်း လူစည်ကားစပြုလာပါသည်။ စျေးစည်ကားလာသည့်အချိန်တွင် မိုးလုံသည့်စျေးရုံကြီး (၂)ရုံ ဆောက်လုပ်ပေးခဲ့ပါသည်။ ယင်းစျေးရုံကြီးထဲတွင် စျေးသည်များ ရောင်းချစေပြီး စျေးသည် တဖြည်းဖြည်း စည်ကားလာခဲ့ပါသည်။ နန္ဒဝန်ရုပ်ကွက်သာမက အနီးအနားရှိ ရုပ်ကွက်များမှာလည်း လာရောက်၍ စျေးရောင်း၊ စျေးဝယ်များရှိလာပြီး အလယ် အလတ်စျေးအဆင့်သို့ ရောက်ရှိခဲ့ပါသည်။ စျေးရောင်း၊ စျေးဝယ်များ စည်ကား လာသည့်အခါမှာ တည်ဆောက်ထားသော စျေးရုံကြီးနှင့်မဆံ့၍ အချို့သော စျေးသည်များသည် မိမိတို့တစ်ပိုင်တစ်နိုင် စျေးခုံလေးများ တည်ဆောက်၍ ရောင်းချသူများရှိသကဲ့သို့ စျေးခုံမတည်ဆောက်နိုင်သော စျေးသည်လေးများ ဟာလည်း မြေကြီးပေါ်တွင် အခင်းများခင်း၍ရောင်းချခဲ့ကြပါသည်။ နှစ်ကာလ ကြာမြင့်လာသည်နှင့်အမျှ စည်ကားသောစျေးတစ်ခု ဖြစ်လာခဲ့ပြီး စျေးရောင်း၊ စျေးဝယ်များ များပြားလာခဲ့ကာ ယခုအခါစျေးရောင်းချရန် နေရာအခက်အခဲ များဖြစ်ပေါ်လျက်ရှိပါတယ်။ ယခင်နှစ်ပေါင်း(၂၀)ခန့်က တည်ဆောက်ခဲ့သော စျေးရုံ(၂)ရုံမှာလည်း နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ယိုယွင်းလာပြီး မိုးများ မလုံခြင်း၊ ပျက်စီးခြင်းများဖြစ်ပေါ်နေပါသဖြင့် စျေးသည်များမှာ အသားငါး သည်များ၊ အသီးအရွက်သည်များ ရောထွေးရောင်းချနေသောကြောင့် ကျန်းမာရေး အရသော်လည်းကောင်း၊ စည်းစနစ်အရသော်လည်းကောင်း၊ အားနည်းချို့ယွင်း မှုများဖြစ်ပေါ်နေပါတယ်။ ထို့ကြောင့် စျေးရောင်း၊ စျေးဝယ်များ အဆင်ပြေ ချောမွေ့စေရန် နောက်ထပ်စျေးရုံအသစ် (၂၀ပေ×၄၀ပေ)(၃)ရုံ တည်ဆောက်ပေးပြီး အသားငါးတန်း သပ်သပ်၊ အသီးအရွက်တန်းသပ်သပ်၊ ပန်းမာန်တန်းသပ်သပ်၊ စားသောက်ဆိုင် တန်းသပ်သပ် နေရာချထားပေးပါက စျေးရောင်းသူများ အပါအဝင် စျေးဝယ်သူများမှာလည်း စည်းစနစ်ကျစွာ စျေးရောင်းစျေးဝယ်ပြုလုပ်နိုင်ပြီး ကျန်းမာရေးအရလည်း ပိုမိုကောင်းမွန်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စျေးရောင်းစျေးဝယ်များ အဆင်ပြေချောမွေ့စွာ ရောင်းဝယ် ဖောက်ကားနိုင်ရန်အတွက် (၂၀ ပေ × ၄၀ ပေ)ရှိ စျေးရုံကြီးအသစ်(၃)ရုံအား တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာ ရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှ

တစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေး ဝန်ကြီး ဒေါက်တာသောင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မုံရွာမြို့ နန္ဒဝန်ရုပ်ကွက် နယ်မြေ(၆)မှာရှိတဲ့ နန္ဒဝန်စျေးအား စျေးရောင်းစျေးဝယ်များအဆင်ပြေစွာ ရောင်းဝယ်နိုင်ရေးအတွက် (ပေ ၂၀ × ပေ ၄၀ ရှိစျေးရုံအဆင့် စျေးရုံကြီးအသစ် (၃)လုံး တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနဲ့ တည်ဆောက်ပေးမည်ဆိုပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မင်းကျော်သူရဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ်များခင်ဗျာ။

မုံရွာမြို့၊ နန္ဒဝန်ရုပ်ကွက် နယ်မြေ(၆)မှာတည်ရှိတဲ့ နန္ဒဝန်စျေးအား မြေဧရိယာ ဧက(၂၀၅)ဧကပေါ်မှာ (၈၄ ပေ × ၃၂ ပေ)ရှိတဲ့ စျေးရုံ(၂)ရုံနဲ့ (၆ ပေ × ၆ ပေ) အကျယ်ရှိတဲ့ ဆိုင်ခန်းပေါင်း (၉၆)ခန်းတည်ဆောက်ထားပါတယ်။ အဲဒီ နန္ဒဝန်စျေးမှာဆိုလို့ရှိရင် စျေးရုံ(၂)ရုံရှိပြီးတော့မှ ဆိုင်ခန်းပေါင်း (၉၆) ခန်းရှိတဲ့ အနက် (၄၅)ခန်းဟာ စျေးရောင်းချ လျက်ရှိပြီးတော့မှ (၅၁)ခန်းဟာဆိုလို့ရှိရင် လစ်လပ်လျက်ရှိပါတယ်။ စျေးပတ်ဝန်းကျင် မြေနေရာအလွတ်များဟာဆိုရင် မိမိသဘောနဲ့ယာယီစျေးခုံတွေ ဆောက်လုပ်ရောင်းချနေတဲ့ စျေးသည်ပေါင်း (၂၅၀) ဝန်းကျင်ရှိပါတယ်။ စျေးရောင်းစျေးဝယ် အဆင်ပြေစွာနဲ့ စနစ်တကျရောင်းဝယ် နိုင်ရေးအတွက် စျေးခေါင်းဝန်ထမ်း(၁)ဦးနဲ့ စျေးထိန်းဝန်ထမ်း(၁)ဦး၊ စည်းကမ်းထိန်း ဝန်ထမ်း(၁)ဦးကို ကြီးကြပ်နိုင်ဖို့ တာဝန်ပေးအပ်ထားပါတယ်။ စည်ပင်သာယာရေး အဖွဲ့အနေနဲ့ နန္ဒဝန်ရုပ်ကွက် လူဦးရေတိုးတက်များပြားလာမှုနဲ့ စီးပွားရေးတိုးတက်

ဖြစ်ထွန်းလာမှုအရ နန္ဒဝန်ဈေးကို တိုးချဲ့ပြုပြင်ပေးဖို့အတွက် လက်ရှိဈေးရုံဟောင်း (၂)ရုံကို အမိုးနဲ့ကြမ်းပြင်တွေပြုပြင်ဖို့လိုအပ်နေပါတယ်။ တိုးတက်များပြားလာတဲ့ ဈေးသည်တွေကို နေရာချထားပေးဖို့အတွက်လည်း ဈေးရုံတစ်ရုံလျှင် (၈ ပေ ၆ ပေ ဆိုင်ခန်းပေါင်း ၄၀ ရှိတဲ့ (၄၀ ပေ × ၆၀ ပေ)ရှိတဲ့ဈေးရုံသစ်(၆)ရုံ ၊ ဈေးခန်းပေါင်း (၂၄၀)၊ ဈေးရုံအတွင်းမှာဆိုလို့ရှိရင် (၈)ပေအကျယ်ရှိတဲ့ လျှောက်လမ်း၊ ဈေးရုံတစ်ရုံနဲ့တစ်ရုံကြားမှာ ပေ(၂၀)အကျယ်ရှိတဲ့ လျှောက်လမ်းတွေကိုပါ ဆောင်ရွက်ပေးနိုင်ဖို့ ပုံစံထုတ်ထားပြီးဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဒေသန္တရစီမံကိန်းများမှာ ထည့်သွင်းလျာထားပြီးတော့မှ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပြီ ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွတ်တော် ဥက္ကဋ္ဌမှ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေ ရေးရာကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့် ရပိုင်ခွင့်နှင့် သက်တမ်းတို့ ကို လွတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ အစီအစဉ် (၆) ကိုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

အစည်းအဝေးဒုတိယနေ့မှာ လွတ်တော်ဥက္ကဋ္ဌမှ တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှာ ပါဝင်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များရဲ့ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် လွတ်တော်ဒုတိယဥက္ကဋ္ဌမှ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့် ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွတ်တော်၌ ရှင်းလင်းဖတ်ကြားတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့်ပတ်သက်ပြီး ဆွေးနွေးလိုသော လွတ်တော်ကိုယ်စားလှယ်ရှိပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ(၈)ရက်၊ (တနလ်ာနေ့) ညနေ (၁၅း၀၀)နာရီအချိန်အရောက် အမည်စာရင်းတင်ပြရန် ကြေညာခဲ့တဲ့အခါမှာ ကိုယ်စားလှယ်(၁)ဦးက လာရောက်ဆွေးနွေးခြင်းအပေါ်မှာလည်း ဆောင်ရွက်ပြီး ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒါကြောင့် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့် ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့် ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။

ဥက္ကဋ္ဌ။ လွှတ်တော်က သဘောတူပါသလားခင်ဗျာ။ (သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

လွှတ်တော်က သဘောတူတဲ့အတွက် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) တို့အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁) ဒေါ်ဆန်းစစ်ရှိုး၊ လေရှိုးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၂) ဦးထွန်းလွင်၊ ကနီမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၃) ဦးမင်းဇော်၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးအောင်ဇော်မင်း၊ ဝန်းသိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၈) ကြည်း-၃၃၆၈၈ ဗိုလ်မှူးမင်းဇော်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်၊

(၉) ကြည်း-၅၁၄၂၂ ဗိုလ်ကြီးသန်းနိုင်ထွန်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့် ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(တူထုသည်)

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏ "စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)နှင့် Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်းပညာရေး (NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးဆောင်ရွက်ပေးရန်" တိုက်တွန်းကြောင်း အဆိုကို အောက်ပါလွတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း ဥက္ကဋ္ဌ။ အစီအစဉ် (၇) ဖြစ်ပါတယ်။

လွတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

အစည်းအဝေး ဒုတိယနေ့က မုံရွာမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ် (၂)မှ ဒေါ်ကြူကြူစိန် တင်သွင်းသည့် **"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)နှင့် Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်းပညာရေး (NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန်"** တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွတ်တော်ကိုယ်စားလှယ် (၉)ဦးက ဆွေးနွေးရန် အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ ကျွန်းလှမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ် အမှတ် (၂)မှ ဒေါ်မာမာဝင်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဒေါ်မာမာဝင်း၊ ကျွန်းလှမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ် (၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ရှင့်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မာမာဝင်း ဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီး၏ခွင့်ပြုချက်အရ မုံရွာမြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်ကြူကြူစိန်၏ **"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)နှင့် Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်းပညာရေး (NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသား မိဘများ**

ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန်" တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်ရှင့်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ကျေးရွာများစွာတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမတက်ရသူ၊ ကျောင်းမနေရသူများမှာ ကျောင်းနေရသူများထက်များစွာရှိနေပါတယ်။ အချို့မှာ စစ်ဘေးဒဏ်ကို ခံနေရ၍လည်းကောင်း၊ အချို့နေရာများတွင် အကြမ်းဖက်များ စိုးမိုးရာနယ်မြေ ဖြစ်သောကြောင့် ကျောင်းတက်ချင်သော်လည်း ခြိမ်းခြောက်ခံရခြင်းကြောင့်လည်းကောင်း၊ ကျောင်းသား၊ ကျောင်းသူများဟာ ပညာသင်ယူခွင့်ကို လက်လွတ်ဆုံးရှုံးခဲ့ရသူများ ပိုမိုများပြားနေပါတယ်။

ထို့ကြောင့် လက်ရှိအစိုးရမှ ပညာရေးနှင့်ကင်းကွာနေသော အသက်နှင့်အတန်း ကွာဟနေသည့် ကျောင်းသား၊ ကျောင်းသူများအတွက် Non-Formal Education စနစ် ဖြင့် ပညာသင်ယူခွင့်ကို ပြန်လည်ရရှိစေပြီး ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးခရီးလမ်းကို ဆက်လက်လျှောက်လှမ်းနိုင်စေရန် အခွင့်အလမ်းတစ်ရပ်အဖြစ် ဆောင်ရွက်ပေးလျက်ရှိတာကို တွေ့ရပါတယ်။ သို့သော်လည်း ကျောင်းပြင်ပ ပညာရေးစနစ်ကို ပြည်သူများနှင့် ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အလွန်လိုအပ်ပါတယ်။

သို့ပါ၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် လူမှုကွန်ရက်နှင့် ဒီဂျစ်တယ်မီဒီယာများကို အသုံးချခြင်း၊ ယခုခေတ်တွင် ပြည်သူအများစုသည် (Smart Phone) စမတ်ဖုန်းနှင့် (Internet) အင်တာနက်ကို အဓိကအသုံးပြုနေကြသဖြင့် ဒီဂျစ်တယ်နည်းလမ်းဖြစ်သော Facebook နှင့် Tiktokများမှ ကျောင်းပြင်ပ ပညာရေးနှင့်ပတ်သက်သော ဗဟုသုတပညာပေးဇာတ်လမ်းတိုများ၊ ပညာရေးဆိုင်ရာ တာဝန်ရှိသူများမှ ကျောင်းပြင်ပ ပညာရေးအခန်းကဏ္ဍသည် ကျောင်းသူ၊ ကျောင်းသားတိုင်းအတွက် ကောင်းကျိုး သက်ရောက်မှုရှိကြောင်း ပြောပြသော Vedioအတိုလေး များကို ဖန်တီးကာ အများပြည်သူများ ကြည့်ရှုမှုများပြားသော လူမှုကွန်ရက်စာမျက်နှာများတွင် ထုတ်လွှင့်ခြင်း၊ ဖတ်ရလွယ်ကူပြီး ရုပ်ပုံပါဝင်သော (Digital Poster & Infographics) ပိုစတာများကို အွန်လိုင်း (online)မှတစ်ဆင့် ထုတ်လွှင့်ခြင်း၊ ရပ်ရွာအခြေပြု လှုံ့ဆော်မှုများဖြစ်သော ကျေးရွာ၊ ရပ်ကွက်များတွင် အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများပူးပေါင်းကာ

ကျေးရွာအလိုက်၊ ရပ်ကွက်အလိုက် အိမ်တိုင်ရာရောက်သွားကာ ကျောင်းမတက်နိုင်သော ကလေးသူငယ်များ၊ လူငယ်များရှိ၊ မရှိစာရင်းကို ကောက်ယူခြင်း၊ စာသင်ကျောင်းများတွင် ဆရာ၊ ဆရာမများနှင့် ကျောင်းကော်မတီဝင်များ ပူးပေါင်းကာ ကျောင်းပြင်ပ ပညာရေးနှင့်ပတ်သက်သော ပညာရေးအစီအစဉ် ရှိကြောင်း လမ်းညွှန်ဟောပြောပေးခြင်း၊ အနုပညာနှင့် ဖျော်ဖြေရေးကဏ္ဍမှ တစ်ဆင့် ကျောင်းပြင်ပ ပညာရေးနှင့်ပတ်သက်သော ကောင်းကျိုးများအကြောင်း ပညာပေးဇာတ်လမ်းတိုများ၊ သီချင်း၊ ကာတွန်းများဖြင့် Facebook ၊ Tiktokနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှတစ်ဆင့် တင်ဆက်ပြသခြင်း၊ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်သည့် (NGOs)နှင့် ပညာရေးဌာနများမှ ပူးပေါင်းဆောင်ရွက်ကာ အများပြည်သူ ကျောင်းသားမိဘများကို ကျောင်းပြင်ပ ပညာရေးအကြောင်း ဟောပြောပွဲများပြုလုပ်ပေးခြင်း၊ အင်တာနက်လိုင်းများ၊ ဖုန်းလိုင်းများ မရရှိသော အလှမ်းဝေးသော ဒေသများအတွက် ရေဒီယိုနှင့် ရုပ်မြင်သံကြား(TV) အစီအစဉ်များမှတစ်ဆင့်ကြေညာခြင်း၊ လူစည်ကားရာ လမ်းဆုံ လမ်းခွများ၊ စျေးများ၊ ကားဂိတ်များတွင် လက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် ဗီဒီယိုပိုစတာကြီးများ ချိတ်ဆွဲခြင်းများဖြင့် ပြည်သူများနှင့် ကျောင်းသား မိဘများအကြား ထိရောက်မှုရှိစေရန် “ကျောင်းပြင်ပ ပညာရေး”ဆိုသည်မှာ “ပညာရေး အဆင့် အတန်း နိမ့်သူများ တက်ရောက်သည့်ကျောင်း” မဟုတ်ဘဲ “ဘဝအတွက် ဒုတိယ အခွင့်အလမ်း (Second Chance) ကို ပေးစွမ်းနိုင်သော စနစ်ကျသည့် ပညာရေး ဖြစ်ကြောင်း” (Positive Image) ပုံရိပ်ကောင်းကို ပေါ်လွင်အောင် အဓိကထား စည်းရုံး လှုံ့ဆော်ရမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျောင်းပြင်ပ ပညာရေးစနစ်ကို ပြည်သူများနှင့် ကျောင်းသား မိဘများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိရေး ဆောင်ရွက်ရန် ဒေါ်ကြူကြူစိန်၏ အဆိုကို အလေးအနက်ထောက်ခံအပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ယင်းမာပင်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ် အမှတ်(၂)မှ ဦးကျော်နိုင်ဝင်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌကြီးနှင့်

ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော ဧည့်သည်တော်များ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးကျော်နိုင်ဝင်း ဖြစ်ပါတယ်။ လွတ်တော် ဥက္ကဋ္ဌကြီး၏ခွင့်ပြုချက်အရ မုံရွာမြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန်၏ **"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)နှင့် Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်းပညာရေး (NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသား မိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန်"** အဆိုကို အပြည့်အဝ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ရသူများ၊ ပုံမှန်ကျောင်းပညာရေး စနစ်အတွင်း ဆက်လက်ပညာသင်ယူနိုင်ခြင်း မရှိသူများ ရှိနေဆဲဖြစ်ပါတယ်။ ကလေးသူငယ်များနှင့်လူငယ်များအတွက် Non-Formal Primary Education နှင့် Non-Formal Middle Education စနစ်များဖြင့် ပညာသင်ကြားခွင့် ပြန်လည်ရရှိစေသော အရေးကြီးသည့် အခွင့်အလမ်းတစ်ခု ဖြစ်ပါတယ်။ ပြည်သူများနှင့်ကျောင်းသားမိဘအများစုမှာ ယင်းအစီအစဉ်များ၏ ရည်ရွယ်ချက်၊ တက်ရောက်နိုင်သည့် အခြေအနေများ၊ ဆက်လက်ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများကိုလုံလောက်စွာမသိရှိကြသေးသည်ကိုတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ယင်းမာပင်မြို့နယ်အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အချို့ဒေသများတွင် လတ်တလော နှစ်များအတွင်းဖြစ်ပေါ်ခဲ့သော အခြေအနေအမျိုးမျိုးကြောင့် ကျောင်းတက်ရောက်မှု ရပ်နားခဲ့ရသည့် လူငယ်များနှင့် ပညာရေးအခွင့်အလမ်းလက်လှမ်းမမီသူများ ရှိနေဆဲဖြစ်ပါတယ်။ မိသားစုအခက်အခဲများကြောင့်ကျောင်းထွက်ခဲ့ရသူများ နေရာပြောင်းရွှေ့နေထိုင်ခဲ့ရသော ကျောင်းသားများ၊ ပုံမှန်ကျောင်းပညာရေးစနစ်သို့ ပြန်လည်ဝင်ရောက်ရန် အခက်အခဲရှိနေသူများအတွက် Non-

Formal Education စနစ်သည် ဒုတိယအခွင့်အရေးတစ်ရပ်အဖြစ် အလွန်အရေးပါလှပါတယ်။ ဒါပေမဲ့ အကျိုးရှိသော ပညာရေးအစီအစဉ်တစ်ရပ်ဖြစ်သော်လည်း မရောက်ရှိနိုင်သေးတဲ့ အခြေအနေ တစ်ရပ်ရှိနေတာ တွေ့ရှိရပါတယ်။ Non-Formal Education စနစ်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ပါက ကျောင်းထွက်နှုန်း လျော့နည်းလာမည်ဖြစ်ပြီး ပညာရေးနှင့်ဝေးကွာနေသော လူငယ်များကိုလည်း ပညာရေးလမ်းကြောင်းအတွင်း ပြန်လည်ရောက်ရှိစေနိုင်မည် ဖြစ်ပါတယ်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာ အထောက်အကူပြုမည် ဖြစ်ပါတယ်။

ထို့ကြောင့် သက်ဆိုင်ရာ ပညာရေးဌာနများအနေဖြင့် Non-Formal Education စနစ်များနှင့် ပတ်သက်၍ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ အသိပညာ ပေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ကျောင်းသားမိဘများနားလည်လွယ်ကူစေရန် ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပပေးခြင်း၊ လူမှုကွန်ရက်များနှင့် ဒေသခံ မီဒီယာများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်အသိပေးခြင်းတို့ကို ဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ကျောင်းပြင်ပ ပညာရေးစနစ်များကို ပြည်သူများနှင့် ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ဆောင်ရွက်ပေးရန် ရည်ရွယ်သည့် မုံရွာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန်၏ အဆိုအား အပြည့်အဝ ထောက်ခံပါကြောင်း လေးစားစွာ ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရွှေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁)မှ ဦးရဲမိုးနိုင်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဦးရဲမိုးနိုင်၊ ရွှေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)။ လေစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရဲမိုးနိုင် ဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်အရ မုံရွာမြို့နယ်တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန်တင်သွင်းသွားသော **"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) နှင့် Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်းပညာရေး (NFME) စနစ်ကို ပြည်သူများ၊ ကျောင်းသား မိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း"** အဆိုကို ထောက်ခံတင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျောင်းပြင်ပ ပညာရေးဆိုသည်မှာ ပုံမှန်စာသင်ကျောင်းစနစ် Formal Education System ရဲ့ပြင်ပမှာ စနစ်တကျရေးဆွဲထားတဲ့ သင်ရိုးညွှန်းတမ်းများ အစီအစဉ်များအတိုင်း လေ့လာသင်ယူရတဲ့ ပညာရေးအမျိုးအစားဖြစ်ပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရသူများ၊ ကျောင်းထွက်ခဲ့ရသူများနှင့် သက်ကြီးရွယ်အိုများအတွက် အဓိကရည်ရွယ်ပြီး ဘဝတစ်သက်တာ သင်ယူမှု Life Long Lending ကို အားပေးတဲ့စနစ်တခုဖြစ်ပါတယ်။ ကျောင်းပြင်ပ ပညာရေးရဲ့ အဓိကရည်ရွယ်ချက်များအနေဖြင့် (က) စာတတ်မြောက်ရေး၊ အခြေခံစာရေးစာဖတ်အတွက်အချက် မတက်မြောက်သူများကို စာတတ်မြောက်အောင်သင်ကြားပေးရန်၊ (ခ) အခွင့်အရေးတန်းတူရရှိရေး၊ ပုံမှန်ကျောင်းမတက်နိုင်တဲ့သူများကို ပညာသင်ယူ၍ အခွင့်အလမ်းများ ပြန်လည်ရရှိစေရန်၊ (ဂ) အသက်မွေးဝမ်းကြောင်းပြုနိုင်ရေး၊ အတတ်ပညာနှင့် ကျွမ်းကျင်မှု Skill ကို ဖြည့်ဆည်းပေးရန်တို့ ဖြစ်ပါတယ်။ ထူးခြားချက်များနဲ့ အားသာချက်များအနေဖြင့် ပြောင်းလွယ် သင်လွယ်ရှိခြင်း၊ သင်ယူသူတွေရဲ့အချိန်နေရာနဲ့ အခြေအနေပေါ်မူတည်ပြီး စာသင်ရမဲ့ အချိန်ဇယားကို ပြောင်းလဲပေးနိုင်ပါတယ်။ (ခ) အသက်ကန့်သတ်ချက်မရှိခြင်း၊ ကလေး၊ လူငယ်၊ လူကြီးမရွေး သင်ယူလိုစိတ်ရှိလျှင် တက်ရောက်နိုင်ပါတယ်။ (ဂ) လက်တွေ့ဆန်ခြင်း၊ သီအိုရီတွေထက် မိမိတို့ရဲ့ နေ့စဉ်ဘဝနဲ့အလုပ်အကိုင်မှာ တိုက်ရိုက်အသုံးချရမဲ့ အသိပညာကို ဦးစားပေးသင်ကြားပေးပါတယ်။ ကျွန်တော်တို့နိုင်ငံမှာဆိုလို့ရှိရင် ကျောင်းပြင်ပ ပညာရေးအမျိုးအစားအနေဖြင့် (ဃ) အခြေခံစာတတ်မြောက်ရေး၊ စာလုံးဝ မတတ်သူများကို

စာရေးစာဖတ် အတွက်အချက်အခြေခံသင်ကြားပေးခြင်း၊ (ခ) ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)မူလတန်းအဆင့် ကျောင်းမနေဖူးသူ မူလတန်း တက်ရောက်ခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ကျောင်းထွက်ခဲ့ရသူများကို (၂)နှစ်အတွင်း မူလတန်းအောင်မြင်အောင် သင်ကြားပေးခြင်း၊ (ဂ) ကျောင်းပြင်ပ အလယ်တန်းပညာရေး (NFME) အလယ်တန်းအဆင့် ပညာဆုံး ခန်းတိုင်အောင် မသင်ကြားခဲ့သူ လူငယ်များအတွက် အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရန် လမ်းစဖွင့်ပေးခြင်း၊ (က) အသက်မွေးဝမ်းကြောင်း တက္ကသိုလ်များ၊ စက်ချုပ်၊ ကွန်ပျူတာ၊ လျှပ်စစ်၊ စိုက်ပျိုးရေး စသည့်လက်တွေ့လုပ်ငန်းသုံး သင်တန်းများ သင်ကြားပေးခြင်းစသည်ဖြင့် ကျင့်သုံးနေတယ်လို့ လေ့လာသိရှိရပါတယ်။ ကျောင်းပြင်ပ မူလတန်းပညာရေးမှာ Level 1 နှင့် Level 2 သာ ရှိပြီး ပညာသင်နှစ် (၂၀နှစ် သင်ယူပြီးမြောက်ပါက အခြေခံပညာကျောင်းပညာရေးသို့ ဆက်လက် ကူးပြောင်းသင်ယူနိုင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနများနဲ့ သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးတို့မှ သင်ယူပြီးမြောက်ခြင်းလက်မှတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးတယ်လို့လည်း လေ့လာသိရှိရပါတယ်။ ကျောင်းပြင်ပ မူလတန်း ပညာရေး Level 1 ပြီးမြောက်ပါက အခြေခံပညာမူလတန်း အဆင့် Grade 4 သို့ လည်းကောင်း၊ Level 2 ပြီးမြောက်ပါက အခြေခံပညာ အလယ်တန်း အဆင့် Grade 6 သို့လည်းကောင်း ဆက်လက်တက်ရောက် သင်ယူခွင့်ရရှိမှာဖြစ်တယ်လို့လည်း သိရပါတယ်။ ကျောင်းပြင်ပ အလယ်တန်းပညာရေးမှာ Level 1 နှင့် Level 3 ထိ ၃ နှစ်တက်ရောက်ပြီးရင် အောင်မြင်ပြီးမြောက်ကြောင်းလက်မှတ်ထုတ်ပေးကာ ၎င်းလက်မှတ်ဖြင့် အခြေခံပညာအထက်တန်းအဆင့် Grade 10 သို့လည်းကောင်း၊ အခြား အသက်မွေးဝမ်းကျောင်းပညာရေးကျောင်းများသို့လည်းကောင်း ဆက်လက် တက်ရောက်သင်ယူခွင့် ရရှိမှာဖြစ်တယ်လို့လည်း လေ့လာသိရှိရပါတယ်။ ကျောင်းပြင်ပ မူလတန်းပညာရေးဟာ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝ မနေဖူးသူ ကျောင်းနေခဲ့သော်လည်း မူလတန်းပညာမပြီးဆုံးမီ ကျောင်းထွက်စော ခဲ့သူ အသက်(၁၀၀နှစ်မှ (၁၄)နှစ်အတွင်း ကလေးများဟာ (NFPE) Level 1 ပထမအဆင့် နှင့် (NFPE) Level 2 ဒုတိယအဆင့်တို့ကို တက်ရောက်ရမှာ ဖြစ်ပါတယ်။ ထို့အတူ အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာအလယ်တန်း အဆင့်သို့တက်ရောက်ရန် အခက်အခဲရှိသော ကလေးများ၊ အခြေခံပညာ

ကျောင်းများမှ အလယ်တန်းအဆင့်မပြီးမီ ကျောင်းထွက်ခဲ့ရသော အသက် (၁၃)နှစ်မှ (၁၈)နှစ်အတွင်းရှိ ကလေးများကို အခြေခံပညာအထက်တန်းအဆင့်သို့ ကူးပြောင်းသင်ယူနိုင်ရန်နှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းကျောင်းများသို့ တက်ရောက်ပြီး ဘဝသာယာစေရန်အတွက်(NFME) Level 1 ၊ Level 2 နှင့် Level3 တို့ကို တက်ရောက်ရမှာ ဖြစ်ပါတယ်။ မူလတန်းပညာမပြီးဆုံးသေးသည့် ကလေးငယ်များအနေဖြင့် ကျောင်းပြင်ပမူလတန်းပညာရေးကို တက်ရောက်ရန် ဖြစ်ပြီး အလယ်တန်း ပညာမပြီးဆုံးသေးသည့် ကလေးငယ်များအနေဖြင့် ကျောင်းပြင်ပ အလယ်တန်း ပညာရေးကို တက်ရောက်ရန်ဖြစ်ပြီး အရည်အချင်းစစ်ဆေးလွှာ Text ကတ်ဖြင့် စစ်ဆေးခံရမည်ဖြစ်ပြီး တာဝန်ရှိသူများက Level သတ်မှတ်ပေးပြီးနောက် သက်ဆိုင်ရာသင်ကြားရေးစခန်းမှာ သင်ကြားသင်ယူမှုဆက်လက်ဆောင်ရွက်ရမှာဖြစ်တယ်လို့ လေ့လာသိရှိရပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ကျောင်းပြင်ပ ပညာရေးလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနကို ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ ယနေ့အချိန်အထိ ဆောင်ရွက်ခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် (NFPE) (၈၃)မြို့နယ်၊ (NFME) (၂၈)မြို့နယ် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ကျောင်းပြင်ပမူလတန်း ကလေးငယ်(၅၀၀၀၀) ကျော်အားလည်းကောင်း၊ ကျောင်းပြင်ပအလယ်တန်း ကလေးငယ်(၂၇၀၀)ကျော်အားလည်းကောင်း သင်ကြားပေးနိုင်ခဲ့ရာ အဆိုပါ(NFPE)၊(NFME)တို့ကနေအခြေခံပညာအထက်တန်းအဆင့်ထိ တက်ရောက်ကာ တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့သူ (၁၂၀)ကျော်ရှိခဲ့ပြီဖြစ်တယ်လို့လည်း လေ့လာသိရှိရပါတယ်။ ကျွန်တော်တို့ ရေဦးမြို့မှာဆိုလို့ရှိရင် မြို့ပေါ်(၅)ရပ်ကွက်၊ ကျေးရွာ(၆၂)အုပ်စု၊ ကျေးရွာပေါင်း(၁၉၁)ရွာရှိပါတယ်။ အခြေခံပညာအထက်တန်းကျောင်း (၁၂)ကျောင်း၊ အထက်တန်းကျောင်းခွဲ(၄)ကျောင်း၊ အလယ်တန်းကျောင်း(၁၁)ကျောင်း၊ အလယ်တန်းကျောင်းခွဲ(၁၀)ကျောင်း၊ မူလတန်းလွန်(၁၉)ကျောင်း၊ မူလတန်းကျောင်း(၈၀)၊ မူလတန်းကျောင်းခွဲ(၁)ကျောင်းရှိပြီး စုစုပေါင်းစာသင်ကျောင်း(၁၃၇)ကျောင်းရှိပါတယ်။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာ အထက(၂)ကျောင်း၊ အမက(၄)ကျောင်း၊

မူလွန်ကျောင်း(၃)ကျောင်း၊ စုစုပေါင်း(၉)ကျောင်းသာ ဖွင့်လှစ်နိုင်တာဖြစ်တယ်လို့ သိရှိရပါတယ်။ ကျောင်းဖွင့်လှစ်နိုင်မှုကို ကြည့်ခြင်းအားဖြင့် ကျောင်းမနေရသည့် ကလေးငယ်များပြားတယ်ဆိုတာ သိရှိနိုင်ပါတယ်။ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေများကြောင့် ကျောင်းတက်ရန်အခက်အခဲ ဖြစ်ပေါ်နေမှုများဟာလည်း ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်များအားလုံး ရင်ဆိုင်နေရပါတယ်။ ကျောင်းနေအရွယ် ကလေးများအနေဖြင့် ကျောင်းနေချင်သော်ငြားလည်းဘဲ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်တက်ခွင့်မရတဲ့ကလေးငယ်များအတွက် (NFPE) (NFME) စနစ်ဟာ အကောင်းမွန်ဆုံး စနစ်ဖြစ်ပါတယ်။ ဒီစနစ်အတွက် ပညာရေးဌာနမှ ဆရာ/ဆရာမများကို သင်တန်းများပို့ချခြင်းတွေ ဆောင်ရွက်နေတယ်ဆိုတာကိုလည်း သိရတဲ့အတွက်လည်း အတိုင်းမသိ ဝမ်းသာပီတိဖြစ်ရပါတယ်။ ကျေးဇူးလည်းအထူးတင်ရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းဆက်မတက်နိုင်တဲ့ ကလေးငယ်များ ပညာဆက်လက်သင်ယူနိုင်တဲ့ (NFPE) (NFME) ကို ပြည်သူများနှင့် ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် လုပ်ဆောင်မှုလိုအပ်နေတယ်ဆိုတာ ထင်ရှားမြင်သာနေပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ မုံရွာမြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်ကြူကြူစိန် တင်သွင်းသွားသော **"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)နှင့် Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်း ပညာရေး (NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန်"** အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးသက်အောင်ဇော်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။ **ဦးသက်အောင်ဇော်၊ စစ်ကိုင်း မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊

လွတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းမြို့နယ်၊တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)မှ ဦးသက်အောင်ဇော် ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ ယနေ့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မုံရွာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဒေါ်ကြူကြူစိန်၏ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းအကြောင်းကို ပြည်သူလူထု အကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင်ဆောင်ရွက်ပေးနိုင်ရန်နှင့် ဘေးကင်း လုံခြုံသော ပညာသင်ကြားရေးဌာနများ ယခင်ကထက် ပိုမိုဖွင့်လှစ်နိုင်အောင် စီမံ ဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းကြောင်းအဆိုကို ထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်တို့ တိုင်းဒေသကြီးအပါအဝင် နိုင်ငံရဲ့ဒေသအချို့မှာ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်နောက်ပိုင်းကစလို့ နိုင်ငံတည်ငြိမ်အေးချမ်းမှု ပျက်ပြားနေတဲ့အတွက် ကျောင်းနေအရွယ်ကလေးတွေဟာ ပညာသင်ယူမှု အခွင့်အလမ်းတွေ ဆုံးရှုံးခဲ့ရပါ တယ်။ အထူးသဖြင့် ကျေးလက်ဒေသမှာရှိတဲ့ ကလေးငယ်တွေရဲ့ ပညာရေး အနာဂတ်ဟာ ပျောက်ဆုံးရတော့မယ် အနေအထားကို ရောက်ရှိနေတာကို မျက်ဝါး ထင်ထင် မြင်တွေ့နေကြရမှာဖြစ်ပါတယ်။ ဒီကလေးငယ်တွေဟာ တစ်ချိန်မှာ တိုင်းပြည်ရဲ့တာဝန်ကို ပုခုံးပြောင်းထမ်းဆောင်ကြမဲ့ တိုင်းပြည်ရဲ့ အနာဂတ် ပဲ့ကိုင်ရှင်များပဲဖြစ်ပါတယ်။ ဒါကြောင့် ယခု ပြည်သူကရွေးချယ်ပေးတဲ့ ပြည်သူ့ အစိုးရလက်ထက်မှာ ကလေးများရဲ့ ပညာရေးကို အဓိက မဆုံးရှုံးစေရေးအတွက် ပညာရေးမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ပေးနေတာကိုလည်း ဝမ်းမြောက်ဖွယ် မြင်တွေ့ရပါတယ်။ အဲဒီ ပညာရေးအစီအစဉ်တွေထဲမှာ Non-Formal Education ဆိုတဲ့ ကျောင်းပြင်ပပညာရေးနှင့် အသက်နဲ့အတန်းညှိပေးတဲ့ Placement Test ဆိုတဲ့ တန်းညှိပညာရေး တို့လည်း ပါဝင်လာပါတယ်။ ကျွန်တော်အနေနဲ့ Non-Formal Education ကျောင်းပြင်ပ ပညာရေးစနစ်ကို ထောက်ခံဆွေးနွေး သွားမှာဖြစ်ပါတယ်။

ကျောင်းပြင်ပ ပညာရေးမှာ အသက်(၁၀)နှစ်ကစပြီး အသက်(၁၄)နှစ် အရွယ်အတွင်း အခြေအနေအမျိုးမျိုးကြောင့် ကျောင်းမတက်ရတဲ့ ကလေးသူငယ်

တွေကို ကျောင်းပြင်ပ ပညာရေးမူလတန်း Non-Formal Primary Education Level (1) Level (2) အား (၂)နှစ်ပညာသင်စနစ်ဖြင့် မူလတန်းပညာကို သင်ယူပြီးမြောက်စေမှာဖြစ်ပါတယ်။ အသက်(၁၃)နှစ်မှ(၁၈)နှစ်အတွင်း အလယ်တန်းပညာ မပြီးဆုံးသေးတဲ့ ကလေးများကို ကျောင်းပြင်ပ ပညာရေးအလယ်တန်း Non-Formal Middle Education Level (1)(2)(3) ကို (၃)နှစ် ပညာသင်စနစ်ဖြင့် အလယ်တန်းပညာကို ပြီးမြောက်စေမှာဖြစ်ပါတယ်။ ပြည်သူ့လိုအပ်ချက်ကို အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးတဲ့ ပြည်သူ့အစိုးရအဖွဲ့ကိုလည်း ပြည်သူများကိုယ်စား ကျေးဇူးအထူးတင်ရှိပါကြောင်း ဂါရဝရှေ့ထား လေးစားစွာပြောကြားလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

နိုင်ငံတော်က စေတနာထားဆောင်ရွက်ပေးသော်လည်း မြေပြင်မှာအခက်အခဲပေါင်းများစွာကြောင့် ရာနှုန်းပြည့်မလွမ်းခြုံနိုင်သေးပါဘူး။ အဲဒီအခက်အခဲတွေကတော့ ငယ်ရွယ်သော ကလေးငယ်များ ကျောင်းရှိရာသို့ သွားလာဖို့အခက်အခဲ၊ အကြမ်းဖက်ရန်ကိုအံတု၍ ကျောင်းထားရမည့် မိဘများရဲ့လုံခြုံမှုအခက်အခဲ၊ သင်ကြားရေး ဆရာ/ဆရာမ လုံလောက်မှုအခက်အခဲ၊ ဘေးကင်းလုံခြုံသော သင်ယူမှုပတ်ဝန်းကျင် တည်ဆောကရေး အခက်အခဲ၊ သင်ကြား၊ သင်ယူမှု ပစ္စည်းအခက်အခဲ တို့ဖြစ်ပါတယ်။

ဒါ့အပြင် ပြည်သူများအနေနဲ့ ကျောင်းပြင်ပ ပညာရေးရဲ့လိုက်နာရမည့် စည်းကမ်းများ၊ ဆောင်ရွက်ရမည့်လုပ်ငန်းများနဲ့ ကျောင်းပြင်ပပညာရေးရဲ့မူဝါဒများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိထားဖို့ လိုအပ်ပါတယ်။ ဒါမှသာ ကျောင်းနေနှုန်းမြင့်တက်လာပြီး ကလေးငယ်များရဲ့ အနာဂတ်ဘဝ(တစ်နည်း) တိုင်းပြည်ရဲ့ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ကလေးများရဲ့ပညာသင်ယူမှု အခွင့်အလမ်း မဆုံးရှုံးစေဘဲ၊ ကလေးများရဲ့ ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ္တ၊ ဘောဂ ဆိုတဲ့ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးဖို့ မူဝါဒချမှတ် ဆောင်ရွက်ပေးတဲ့ ကျောင်းပြင်ပ ပညာရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိပါဝင် လာစေရေး ဆောင်ရွက်ပေးပါရန် မုံရွာမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)

ဒေါ်ကြူကြူစိန်၏ အဆိုကို လေးနက်စွာ ထောက်ခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဝက်လက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ် အမှတ်(၂)မှ ဒေါ်ထားယုခိုင်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဒေါ်ထားယုခိုင်၊ ဝက်လက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ အားလုံးဘဲ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ လွတ်တော်ရုံး ဝန်ထမ်း အကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ဘေးရန်ကင်းလို့ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ရဆုတောင်း မေတ္တာပို့သအပ်ပါတယ်ရှင့်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်ထားယုခိုင် ဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ မုံရွာမြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်ကြူကြူစိန်၏ **"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပမူလတန်းပညာရေး (NFPE)နှင့် Non-Formal Middle Education ကျောင်းပြင်ပအလယ်တန်းပညာရေး (NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန်"** တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်ရှင့်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။

ကျောင်းနေအရွယ်ကလေးများ အများစုဟာ ခေတ်အခြေအနေများအရ ကိုဗစ်ဖြစ်လို့နားခဲ့ရသလို နိုင်ငံရေးအခြေအနေအရ ကျောင်းပြင်ပသို့ရောက်ရှိပြီး ကျောင်းမတက်လိုက်ရတဲ့အတွက် ကလေးများရဲ့ အနာဂတ်ဟာ အတန်းပညာ အသက်အပိုင်းခြားအလိုက် နစ်နာဆုံးရှုံးခဲ့ရပါတယ်။ ဒီလို အခြေခံပညာ ကျောင်းနေအရွယ် ကလေးများအတွက် ပညာရေးနစ်နာဆုံးရှုံးမှုများကို နိုင်ငံတော်အစိုးရက အထူးအစီအစဉ်တစ်ရပ်အနေနဲ့ မနစ်နာရအောင် ပညာရေးဝန်ကြီးဌာနက (၂၀၂၅ - ၂၀၂၆)ခုနှစ်များတွင် ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) အလယ်တန်း

ပညာရေး (NFME)တို့နှင့် Placement Text အသက်နှင့် အတန်းညီအောင် တန်းညှိ ပညာရေးများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေး လျက်ရှိပါတယ်ရှင်။

ဒါဟာ ကျောင်းသား/ကျောင်းသူများ ကျောင်းသားမိဘများအတွက် ဝမ်းသာ စရာ ကြီးမားတဲ့ မဟာအခွင့်အရေးကြီးတစ်ခုပဲ ဖြစ်ပါတယ်။ ဒါကိုကြည့်ရင် တိုင်းပြည်အပေါ် ပြည်သူများနှင့် ကလေးများအပေါ် အရောင်အသွေးမခွဲခြားတဲ့ အစိုးရရဲ့စိတ်စေတနာတွေကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။ ပညာတတ်တွေများမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး စနစ်တကျ ဆောင်ရွက်နိုင်မှာဖြစ်သလို ကမ္ဘာနှင့်အညီ ရင်ဘောင်တန်းနိုင်ဖို့ နိုင်ငံတော်အတွက် အားကိုးရတဲ့ ပညာတတ်လူငယ်အများ အပြား ထွက်ပေါ်လာစေဖို့ မိဘပြည်သူများကလည်း အင်တိုက်အားတိုက် တက်ညီ လက်ညီ စည်းလုံးညီညွတ်စွာဖြင့် အခက်အခဲမှန်သမျှ ပူးပေါင်းဖြေရှင်းဆောင်ရွက် ပေးကြရမှာ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း အခက်အခဲရှိသလို တစ်ဖက်ကလည်း ယိုပေါက်စားပေါက် ပြဿနာတွေ လုံခြုံရေးခြိမ်းခြောက်မှု အခက်အခဲတွေလည်း ရှိနေအုံးမှာ ဖြစ်ပါတယ်ရှင်။ ဒါတွေကို အဂတိတရားကင်းကင်းနှင့် စေတနာ ထားပြီး ပညာမဏ္ဍိုင်၊ စာရိတ္တမဏ္ဍိုင်မယိမ်းယိုင်စေရန်အတွက် ပူးပေါင်းဆောင်ရွက် ပေးကြရမှာ ဖြစ်ပါတယ်။ ခြိမ်းခြောက်သူ၊ ပညာရေးဖျက်ဆီး နှောင့်ယှက် ဟန့်တားသူ၊ သတ်ဖြတ်သူမှန်သမျှကိုလည်း ဥပဒေနှင့်အညီ ဖော်ထုတ်အရေးယူ ဆောင်ရွက်ရမှာဖြစ်သလို အကြမ်းဖက်များကိုလည်း ကန့်ကွက်ဆန့်ကျင်ရှုတ်ချကြ ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ပညာရေး ဆောင်ရွက်ခြင်းများ လုပ်သင့်လုပ်ထိုက်သည်များကို သက်ဆိုင်ရာဌာနဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ လွှတ်တော်အဖွဲ့အစည်းများ ရပ်မိရပ်ဖများ၊ ဒေသခံ ပြည်သူများ၊ NGOများ၊ ဆရာ/ ဆရာမများ၊ ကျောင်းသားမိဘများအားလုံးမှ စည်းလုံး ညီညွတ်စွာဖြင့် ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ပေးနိုင်ရန်နှင့် ကလေးတိုင်း ပညာတတ်ဖြစ်ဖို့ ပညာရေးကိုအားပေးပြီး အနာဂတ်ရဲ့ခေါင်းဆောင်ဖြစ်ကြမည့် ကျောင်းသား၊ ကျောင်းသူပန်းကလေးများ အမိမြန်မာနိုင်ငံတော်ကြီးထဲ လှပစွာ ဖူးပွင့်နိုင်ကြပါစေလို့ ဆုတောင်းရင်း မုံရွာမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂) ဒေါ်ကြူကြူစိန်၏ တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံ ဆွေးနွေးလိုက်ရပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဗန်းမောက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးကျော်စိုးအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ လွတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ၊ သတင်းမီဒီယာများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဗန်းမောက်မြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်စိုးဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ မုံရွာမြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်ကြူကြူစိန်၏ ကျောင်းပြင်ပ ပညာရေး(မူ/လယ်)တန်းပညာရေးကို ကျောင်းသား/ကျောင်းသူ မိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရန်အတွက် တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ယခုကာလမှာ အကြောင်းအမျိုးမျိုးကြောင့် ကလေးငယ်များဟာ ပညာသင်ကြားခွင့် ဆုံးရှုံးနေတာကို နိုင်ငံတော်အကြီးအကဲများမှ သိရှိပြီးဖြစ်တဲ့အတွက် ပညာရေး ကဏ္ဍကို မဟာဗျူဟာ တစ်ရပ်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ သို့သော် နိုင်ငံတော်၏ စေတနာကို နားလည်ပေမဲ့ ကျောင်းသားမိဘအချို့ဟာ ပညာရေးအမြင်မကျယ်ခြင်း၊ စီးပွားရေး အဆင်မပြေခြင်းတို့ကြောင့် ကျောင်းပြင်ပ ရောက်နေတာကို တွေ့ရှိရပါတယ်။ မည်သို့ပင်ဆိုစေကာမူ ပညာရေးအားပေးတဲ့ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ ပညာရေးအဖွဲ့များ၊ မြို့ရွာများရှိ ဆရာတော်၊ သံဃာတော်များနှင့် ပရဟိတအဖွဲ့များ ပူးပေါင်းကာ ပညာရေးအမြင် ကျယ်လာစေရန်အတွက် စည်းရုံးတိုက်တွန်းပေးဖို့ လိုအပ်ပါနေပြီဖြစ်ပါတယ်။

ဒါကြောင့် နောင်အနာဂတ်အတွက် ဘက်ပေါင်းစုံမှ ပညာတတ်ကြယ်ပွင့်များပေါများပြီး ကမ္ဘာ့အလယ်မှာ မြန်မာပေ့လို့ ဝင့်ကြွားနိုင်မှာဖြစ်တဲ့အတွက် ကျွန်တော်တို့လွတ်တော်အဖွဲ့နှင့် အစိုးရအဖွဲ့တွေဟာ လက်တွဲညီစွာ ပူးပေါင်းပြီး ဆောင်ရွက်သင့်ပါကြောင်းပြောရင်း မုံရွာမြို့နယ် လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ ဒေါ်ကြူကြူစိန်၏ ကျောင်းပြင်ပ ပညာရေး

ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် ဆောင်ရွက် နိုင်ရန် အဆိုကို လေးနက်စွာဖြင့် ထောက်ခံဆွေးနွေးအပ်ပါတယ်ခင်ဗျာ။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ချောင်းဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးသောင်းထိုက်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်ကတော့ ချောင်းဦးမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးသောင်းထိုက် ဖြစ်ပါတယ်။ ကျွန်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မုံရွာမြို့နယ်မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်ကြူကြူစိန်ရဲ့ အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျာ။

ယနေ့အချိန်ခါမှာ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားခွင့်မရကြသေးတဲ့ ကလေးငယ်များအတွက် နိုင်ငံတော်မှ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများကို မဟာဗျူဟာတစ်ရပ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးလာတာကို တွေ့ရပါတယ်။ အဲဒီလိုဆောင်ရွက်ပေးလာတဲ့အတွက် ကျောင်းအပ်မှန်နှုန်းမြင့်တက်လာတာကိုဝမ်းမြောက်ဖွယ် တွေ့ရှိရမှာ ဖြစ်ပါတယ်။ သို့သော် အားလုံးပါဝင်လာတဲ့ ပညာသင်ယူမှုတော့ ဖြစ်မလာနိုင်သေးပါဘူး။ ဘာကြောင့် လဲဆိုတော့ ကျောင်းပြင်ပ ပညာရေးကို ကျောင်းသားမိဘများထဲထဲဝင်ဝင် မသိသေးတာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းသားမိဘများအပါအဝင် ပညာရေးကို စိတ်ပါဝင်စားသူ ပြည်သူအားလုံး ကျောင်းပြင်ပ ပညာရေးကို သိရှိနားလည် သဘောပေါက် လက်ခံလာစေရန် မီဒီယာများနဲ့သာမက မြေပြင်မှာ ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးလှုံ့ဆော် ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ ဒါမှသာ ကျောင်းသားအားလုံး ကျောင်းတက်လာပြီး အားလုံးလွှမ်းခြုံသော ပညာရေး ဖြစ်လာမှာပါ။

ဒါကြောင့် မုံရွာမြို့နယ်မှ တိုင်းဒေသကြီးကိုယ်စားလှယ်အမှတ်(၂) ဒေါ်ကြူကြူစိန်ရဲ့ ကျောင်းပြင်ပ ပညာရေးကို ပြည်သူများ သိရှိနားလည် လက်ခံလာအောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးပါရန် တိုင်းဒေသကြီးအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း တင်ပြဆွေးနွေးအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တမူးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးခင်မောင်လွင်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဦးခင်မောင်လွင်၊ တမူးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့အပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးခင်မောင်လွင်ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် မုံရွာတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဒေါ်ကြူကြူစိန်၏ အစည်းအဝေး (၅-၆-၂၀၂၆)ရက်နေ့က အဆိုတင်သွင်းသွားတဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျောင်းပြင်ပ မူလတန်းကျောင်း(NFPE)၊ အလယ်တန်းပညာရေး(NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့်သိရှိရန် ဆောင်ရွက်ပေးရန် တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျောင်းပြင်ပ ပညာရေးဟာ အကြောင်းအမျိုးမျိုးကြောင့် ပညာဆက်လက်မသင်ကြားနိုင်ခဲ့တဲ့ ကလေးအတွက် ပညာသင်ခွင့်မဆုံးရှုံးစေရန် နိုင်ငံတော်အဆင့် လုပ်ငန်းစီမံချက် မဟာဗျူဟာတစ်ရပ်ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်သည့်အတွက် ကြိုဆိုထောက်ခံအပ်ပါသည်။ တည်ငြိမ်အေးချမ်းသည့် ကျောင်းဖွင့်လှစ်နေသည့် ဒေသများရှိ စစ်ဘေးရှောင်မိသားစု အနည်းစုများကတော့ နည်းလမ်းအမျိုးမျိုးဖြင့် ပညာဆက်လက်သင်ကြားခွင့်ရှိသော်လည်း စစ်ဘေးရှောင်မိဘကလေးအများစုကတော့ ပညာသင်ကြားခွင့်များကို မရရှိသေးပါဘူး။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

အဆိုရှင်တင်ပြချက်အရ မုံရွာမြို့တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ ထက်၊ လယ်၊ မူ(၁၀၁)ကျောင်း ဖွင့်လှစ်နိုင်ခဲ့သော်လည်း ကျောင်းပြင်ပ ပညာရေးကို အ.ထ.က(၁)မုံရွာ၊ အ.ထ.က(၁)အလုံတို့ကိုသာ ဖွင့်လှစ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ သင်ကြားသည့် ကျောင်းသားဦးရေမှာလည်း မူလတန်း(၂၅၅)ဦးနှင့် အလယ်တန်း(၁၁၃)ဦးသာရှိကြောင်း တွေ့ရှိရပါတယ်။ မုံရွာမြို့ရဲ့အခြေအနေအတိုင်းအတာနဲ့ဆိုရင် ပညာရေး သင်ကြားသူနည်းသည်ဟု ယူဆမိပါတယ်။ ဒီလို သင်ကြားမှုနည်းခြင်းဟာ (၁) ကျောင်းပြင်ပ ပညာရေးကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းစွာ နားလည် သဘောပေါက်မှု နည်းပါးခြင်း၊ (၂) ပညာသင်ရမည့် နေရာနည်းသဖြင့် ခရီးဝေးသွား၍ သွားလာရခက်ခဲမှုကြောင့်လည်း ဖြစ်နိုင်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော့်မဲဆန္ဒနယ်၊ တမူးခရိုင်အတွင်းမှာ ရပ်ကွက်(၁၂)ရပ်ကွက်၊ ကျေးရွာအုပ်စု(၂၂)အုပ်စု၊ ကျေးရွာ(၆၁)ရွာရှိသော်လည်း နယ်မြေတည်ငြိမ်မှုအခြေအနေအရ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တမူးမြို့ပေါ်(၄)ရပ်ကွက်နှင့် ဟဲစိမ်းကျေးရွာသာ ကျောင်းဖွင့်လှစ် သင်ကြားနိုင်ခဲ့ပါတယ်။၂၀၁၉-၂၀၂၀ ပညာသင်နှစ် ပုံမှန်အခြေအနေတွင် တမူးခရိုင်အတွင်း မူလတန်းကျောင်းသားဦးရေ(၁၃၈၅)ဦးနှင့် အလယ်တန်းကျောင်းသားဦးရေ(၁၃၈၅၀)ဦးနှင့် အထက်တန်းကျောင်းသားဦးရေ(၁၀၀၅၁၀၀)ဦးခန့် ပညာသင်ကြားခဲ့ကြောင်း သိရှိရပါတယ်။ ယမန်နှစ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် မူလတန်း(၆၃၉၂)ဦး၊ အလယ်တန်း(၂၀၀၄)ဦးသာ တက်ရောက် ပညာသင်ကြားခဲ့တယ်လို့ သိရပါတယ်။ ဒီအခြေအနေကို ကြည့်ခြင်းအားဖြင့် ပုံမှန် အခြေအနေတွင် တက်ရောက်နိုင်သည့် ကလေးအရေအတွက်နှင့် နှိုင်းယှဉ်ကြည့်ရင် ခန့်မှန်း မူလတန်း(၅၀)ရာခိုင်နှုန်း၊ အလယ်တန်းမှာ(၂၀)ရာခိုင်နှုန်းသာ တွေ့ရှိရပါတယ်။ လူသားအရင်းအမြစ်များ ဆုံးရှုံးနေတာကို တွေ့ရှိရပါတယ်။ ကျွန်တော့်ရဲ့ တမူးမြို့ကမဲဆန္ဒရှင်များကလည်း ကျောင်းပြင်ပ ပညာရေးကို တမူးမြို့တွင် ဖွင့်လှစ်ခွင့်ရရှိရေးအတွက် ဆောင်ရွက်ပေးဖို့ တင်ပြခဲ့ကြပါတယ်။

ကျွန်တော်တို့ ဒေသလိုပဲ တည်ငြိမ်အေးချမ်းမှုမရှိသည့် အခြား မြို့နယ်များမှာလည်း ကျောင်းပြင်ပ ပညာရေးဖွင့်လှစ်ပေးဖို့ ကျောင်းသားမိဘများ မျှော်လင့် နေသည်မှာ အမှန်ဖြစ်မှာပါ။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ယခုလက်ရှိဆောင်ရွက်နေသည့် ကျောင်းပြင်ပ ပညာရေးကို ပြည်သူအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင်ဆောင်ရွက်ပေးခြင်း၊ ကျောင်းပြင်ပ ပညာရေးကျောင်းများ ကျယ်ပြန့်စွာဖွင့်လှစ်သင်ကြားပေးခြင်းနှင့် လိုအပ်သော ကူညီထောက်ပံ့မှုများ ပံ့ပိုးပေးခြင်းတို့ ဆောင်ရွက်ပေးရန် အထူးလိုအပ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ လူတိုင်းအခြေခံပညာ အလယ်တန်းအဆင့် ပြီးဆုံးသည်အထိ ပညာသင်ယူခွင့်ရရှိရေးကို အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။

ဒါကြောင့် မုံရွာမြို့လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ ဒေါ်ကြူကြူစိန်၏ ကျောင်းပြင်ပ ပညာရေး ပြည်သူလူထုကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိရန်၊ ဘေးကင်းလုံခြုံသော ပညာရေးဌာနများ ယခုထက်ပိုမိုဖွင့်လှစ်နိုင်ရေးအတွက် တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးကြည်းင်္ဘာ၇၂ ဗိုလ်မှူးကြည်သာအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

ဗိုလ်မှူးကြည်သာအောင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။ မင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းရင်း မေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြည်သာအောင် ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

မုံရွာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ လွှတ်တော်ကိုယ်စားလှယ်ဒေါ်ကြူကြူစိန်တင်သွင်းထားတဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားခွင့်ဆုံးရှုံးနေသော ရင်သွေးငယ်များအတွက် ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)နှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး (NFME) စနစ်ကို ကျယ်ကျယ်ပြန့်ပြန့် အတည်ပြုပေးရန် တိုက်တွန်းကြောင်းအဆိုကို ကျွန်တော့်အနေနဲ့ လေးနက်စွာ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

နိုင်ငံတော်ရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် လူသားအရင်းအမြစ်ဟာ အဓိကကျပြီး အနာဂတ်လူငယ်များ အသိဉာဏ်ပညာ ပြည့်ဝလာစေရန် ကျောင်းပြင်ပ ပညာရေးကို အမျိုးသားအဆင့် မဟာဗျူဟာတစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်နိုင်ခြင်းဟာ အလွန်ကောင်းမွန်သော လုပ်ငန်းစဉ်ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျောင်းပြင်ပပညာရေး ဖွင့်လှစ်မှုအခမ်းအနားကို ၂၀၂၅ ခုနှစ် အောက်တိုဘာ လတွင် မုံရွာမြို့ အထက ၂တွင် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် မုံရွာ အ.ထ.က(၁)နှင့် အလုံ အ.ထ.က(၁)တို့တွင် (NFPE) (NFME)အစီအစဉ်များဖြင့် မူလတန်းအဆင့် (၂၅၅)ဦး၊ အလယ်တန်းအဆင့် (၁၁၃)ဦး၊ စုစုပေါင်း(၃၆၈)ဦးကို ပညာ သင်ကြားပေးနိုင်ခဲ့တာကို တွေ့ရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးအနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် မုံရွာမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ ကလေးမြို့နယ်၊ အရာတော်မြို့နယ်၊ ကသာမြို့နယ်နှင့် ရွှေဘိုမြို့နယ်များတွင် မူလတန်းအဆင့် ကျောင်းသားဦးရေ(၁၀၃၄)ဦး၊ အလယ်တန်းအဆင့် ကျောင်းသားဦးရေ(၃၆၆)ဦး စုစုပေါင်း(၁၄၀၀)ဦးသာ သင်ကြားပေးနိုင်ခဲ့တဲ့အတွက် လက်တွေ့မှာ ပညာရေးနှင့် အလှမ်းဝေးနေဆဲ ရင်ဆွေးငယ်များစွာ ကျန်ရှိနေအုံးမည်ဖြစ်ကြောင်း တွေ့မြင်နိုင်ပါတယ်။ ကျွန်တော်တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ အရာတော်မြို့နယ်ကြည့်မယ်ဆိုရင်လည်း ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ မူလတန်း၊ အလယ်တန်း ကျောင်းသားဦးရေ(၁၄၈၅၈)ဦးရှိခဲ့ပြီးတော့ ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာတော့ မူလတန်း၊ အလယ်တန်းကျောင်းသားဦးရေ (၂၆၁၀)ဦးခန့်သာ ရှိတဲ့အတွက်ကြောင့် (၁၂၂၄၈)ဦး ကွာခြားနေတာကို တွေ့ရပါတယ်။ ကျောင်းပြင်ပ ပညာရေးအစီအစဉ်ဖြင့်လည်း(၁၂)ဦးသာ သင်ကြားပေးနိုင်တဲ့အတွက်ကြောင့် အကြောင်းအမျိုးမျိုးကြောင့် ပညာမသင်ကြားနိုင်တဲ့ ကလေးငယ်များစွာ ရှိနေအုံးမယ်ဆိုတာကို တွေ့ရပါတယ်။ ဒါ့အပြင် မိဘအုပ်ထိန်းသူများနှင့် ပြည်သူများအကြား ကျောင်းပြင်ပ ပညာရေးစနစ်ကို သိရှိနားလည်မှု အားနည်းနေခြင်းဟာ ကျောင်းသားဦးရေနည်းပါးခြင်း အဓိကအကြောင်းအရင်းဖြစ်ပါတယ်။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာ မြို့နယ်များနှင့် သင်ကြားမှုများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်တဲ့အတွက်ကြောင့် အဆိုပါအခွင့်အလမ်းများကို ပြည်သူများ ထိထိရောက်ရောက် အသုံးချနိုင်ရန် အောက်ပါအချက်(၃)ချက်ကို ဖြည့်စွက်အကြံပြု ထောက်ခံအပ်ပါတယ်။ နံပတ်(၁)အနေနဲ့ အသိပညာပေးလုပ်ငန်းများ

အရှိန်အဟုန်မြှင့်ခြင်း၊ မြို့နယ်ပညာရေးမှူးရုံးများနှင့် ဒေသန္တရအုပ်ချုပ်ရေး အဖွဲ့များ ပူးပေါင်းကာ ကျောင်းပြင်ပပညာရေး အသက်အရွယ်အပိုင်းအခြား အလိုက် (NFPE) (NFME) တက်ရောက်နိုင်ဖို့အခွင့်အလမ်းများကို ရပ်ကွက် ကျေးရွာများအထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် နှိုးဆော်ပေးရန်၊ နံပတ်(၂) လုံခြုံစိတ်ချရသော ပညာသင်ကြားရေး ပတ်ဝန်းကျင် ဖန်တီးပေးခြင်း၊ ကလေးငယ်များစိတ်အေးချမ်းသာစွာ ပညာသင်ယူနိုင်ရေးအတွက် ဘေးကင်း လုံခြုံသော ပညာသင်ကြားရာနေရာ ဌာနများကို ယခင်ထက် ပိုမိုတိုးချဲ့ဖွင့်လှစ် ပေးရန်၊ နံပတ်(၃) ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေခြင်း၊ မိဘအုပ်ထိန်းသူများ အနေဖြင့် မိမိတို့၏ ရင်သွေးငယ်များကို ကျောင်းပြန်အပ်နှံရန်အတွက် လူထု အခြေပြုလှုံဆော်မှုအသွင်ဖြင့် ဆောင်ရွက်ပေးရန်တို့ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပညာသင်ယူခွင့် ဆုံးရှုံးနေသော နိုင်ငံတော်၏ အဖိုးတန် ရတနာရင်သွေးငယ်များ အသိဉာဏ်ပညာနှင့်ပြည့်စုံသော လူငယ်များဖြစ်လာ စေရေး အတွက် မုံရွာမြို့နယ်၊ မဲဆန္ဒရှင်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန် တင်သွင်းထားသော ကျောင်းပြင်ပ ပညာရေးစနစ်အား ပြည်သူ လူထုကြား ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ဆောင်ရွက်ပေးရန်နှင့် တိုက်တွန်း ကြောင်းအဆိုသည် အချိန်အခါ လွန်စွာ အရေးကြီးသောအဆိုဖြစ်ပါသဖြင့် ၎င်းအဆိုအား အလေးအနက် ထောက်ခံအပ်ပါကြောင်း လေးစားစွာတင်ပြအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း

ဥက္ကဋ္ဌ။ မုံရွာမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန် တင်သွင်းသော အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစား အပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မုံရွာမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန်၏ တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးသို့ တင်သွင်းသော အဆိုအပေါ် ထောက်ခံရှင်းလင်း ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

(NFPE) (NFME)၏ ရည်ရွယ်ချက်များနှင့် စည်းကမ်းသတ်မှတ်ချက်များအား လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် အများပြည်သူများသိရှိရန် အနည်းငယ်ရှင်းလင်း ပြောကြားလိုပါတယ်။ ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပအလယ်တန်း ပညာရေး(NFPE)နှင့် (NFME)၏ ရည်ရွယ်ချက်များမှာ (က) ကျောင်းပညာရေး သင်ယူခွင့် မရရှိသည့်ကလေးများ မူလတန်းပညာရေး ပြီးဆုံးအောင် မသင်ယူ လိုက်နိုင်သည့် ကလေးများ၊ မိသားစုစီးပွားရေးအတွက် ပါဝင်လုပ်ဆောင်နေရ သဖြင့် ကျောင်းနေရန် အခက်အခဲရှိသည့်ကလေးများကို ကျောင်းပြင်ပ ပညာရေး နည်းလမ်းဖြင့် မူလတန်းပညာရေးပြီးဆုံးအောင် ဒုတိယအကြိမ် ပညာရေးအခွင့် အလမ်းတစ်ရပ်အနေဖြင့် သင်ယူနိုင်စေရန်၊ (ခ) ကျောင်းလုံးဝ မနေဖူးသော ကလေးများနှင့် ကျောင်းနေဖူးသော်လည်း မူလတန်းအောက်အဆင့် မပြီးမြောက် သည့် ကျောင်းပြင်ပ မူလတန်းပညာရေး၏ ပထမအဆင့်တွင် ပညာဆက်လက် သင်ယူခွင့် ရရှိနိုင်စေရန်၊ (ဂ) အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာ အလယ်တန်းအဆင့်သို့ တက်ရောက်ရန် အခက်အခဲရှိသူ ကလေးများနှင့် ပုံမှန် ကျောင်းများမှ အလယ်တန်းအဆင့် မပြီးမြောက်မီ ကျောင်းထွက်ခဲ့ရသော ကလေးများအတွက် ပညာသင်ယူမှု အခွင့်အလမ်းထပ်မံရရှိစေရန်၊ (ဃ) ကျောင်းနေ ခဲ့ဖူးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ကျောင်းရပ်နားထားရသူများနှင့် နောက်ဆုံးနေခဲ့ရသော အတန်းနှင့် တစ်ဆက်တစ်စပ်တည်း ပညာသင်နှစ် (၃)နှစ် အထက် ကျော်လွန်ကင်းကွာခဲ့သော ကျောင်းသား၊ ကျောင်းသူများ၏ ပညာ သင်ယူမှုအခွင့်အလမ်းများ ဆက်လက်ရရှိစေရန်၊ (င) ကျောင်းနေအရွယ် ကလေး အားလုံး ပညာရေးအစီအစဉ်တစ်ခုခုတွင် ပညာဆက်လက်သင်ယူနိုင်ခွင့်ရရှိပြီး စဉ်ဆက်မပြတ်ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများရရှိစေရန် (NFPE)နှင့် (NFME)၏ အမျိုးသားပညာရေးမူဝါဒအပါ ပြဋ္ဌာန်းခဲ့ပါတယ်။ ၎င်းပြဋ္ဌာန်းချက်အရ

(၁) အသက်သတ်မှတ်ချက်မှာ ကျောင်းပြင်ပမူလတန်း ပညာရေး တန်းညှိအစီအစဉ် အတွက် အသက်(၁၀)နှစ်မှ (၁၄)နှစ်အကြား၊ (ခခ) ကျောင်းပြင်ပ အလယ်တန်း ပညာရေး တန်းညှိအစီအစဉ်၏ ဦးတည်အုပ်စုအသက်သတ်မှတ်ချက်ကို အသက် (၁၃)နှစ်မှ (၁၈)နှစ်အထိ အခြေခံပညာမူလတန်းပြီးဆုံးသည့် သို့မဟုတ် ကျောင်းပြင်ပ မူလတန်းပညာရေးကို ပြီးမြောက်ပြီး အကြောင်းအမျိုးမျိုးကြောင့် အလယ်တန်း ပညာရေးကို သင်ယူခွင့်မရရှိခဲ့သော သို့မဟုတ် သင်ယူပြီးမြောက်မှုမရှိခဲ့သော ကလေးများ ဖြစ်ရမှာဖြစ်ပါတယ်။ ဝင်ခွင့်သတ်မှတ်ချက်မှာ ဦးတည်အုပ်စု သတ်မှတ်ချက်အရ အသက်(၁၃)နှစ်အတွင်းရှိ ကလေးများ၊ အသက်(၁၈)နှစ် ကလေးများ ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်တွင် ဝင်ရောက်သင်ယူ နိုင်ရေးအတွက် စစ်မှန်သော တရားဝင်လက်မှတ် တင်ပြထားသူများအား ဝင်ရောက် ဖြေဆိုရန်မလိုဘဲ လက်ခံဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ကျောင်းပြင်ပ မူလတန်း ပညာရေးတက်ရောက်သည့် ကလေးများ အခြေခံပညာကျောင်းမှ Grade 5 အောင်မြင်ပြီးသော ကလေးများနှင့် အခြေခံပညာကျောင်းမှ Grade 6 တက်ရောက်ခဲ့ဖူးသော ကလေးများသည် ကျောင်းပြင်ပ အလယ်တန်း ပညာရေး ပထမနှစ်ဖြစ်ပါတယ်။ အခြေခံပညာကျောင်းမှ Grade 6 အောင်မြင်ပြီးသော ကလေးများနှင့် အခြေခံပညာကျောင်းမှ Grade 7 တက်ရောက်ခဲ့ဖူးသော ကလေး များသည် ကျောင်းပြင်ပ အလယ်တန်းပညာရေး ဒုတိယနှစ်ဖြစ်ပါတယ်။ အခြေခံ ပညာကျောင်းမှ Grade 7 အောင်မြင်ပြီးသော ကလေးများ အခြေခံပညာကျောင်းမှ Grade 8 တက်ရောက်ခဲ့ဖူးသော သို့မဟုတ် အောင်မြင်ခဲ့ဖူးသော ကလေးများနှင့် အခြေခံပညာကျောင်းမှ Grade 9 ထိ တက်ရောက်ခဲ့ဖူးသော ကလေးများသည် ကျောင်းပြင်ပ အလယ်တန်းပညာရေး တတိယနှစ်အသီးသီးကို ဝင်ခွင့်ပြုမှာ ဖြစ်ပါတယ်။ ကျောင်းပပြင်မူလတန်းပညာရေး သင်ရိုးသစ်အရ ကျောင်းပြင်ပ မူလတန်းပညာရေး ပထမဆင့် Level 1 ပြီးပါက အခြေခံပညာမူလတန်းအောက် အဆင့်ပြီးမြောက်မှုနှင့်ညီမျှသော Grade 3 ပြီးမြောက်ပြီးဖြစ်၍ Grade 4 သို့ လည်းကောင်း၊ ကျောင်းပြင်ပမူလတန်းပညာရေး ဒုတိယဆင့် Level 2 ပြီးပါက အခြေခံပညာမူလတန်းပညာရေး ပြီးမြောက်ပြီးဖြစ်သဖြင့် အခြေခံပညာရေး အလယ်တန်းအဆင့် Grade 6 သို့လည်းကောင်း ကူးပြောင်းတက်ရောက်နိုင်မှာ ဖြစ်ပါတယ်။ ကျောင်းပြင်ပ အလယ်တန်းပညာရေး တန်းညှိအစီအစဉ်အဖြစ်

မည်သည့်စာသင်နှစ်မှာမဆို ဝင်ရောက်သည်ဖြစ်စေ၊ တတိယနှစ်ပြီးမြောက်သည် အထိ တစ်ဆက်တစ်စပ်တည်း သင်ယူကြရန်နှင့် တတိယနှစ်ပြီးမြောက်ပြီးမှသာ အောင်မြင်ပြီးကြောင်း လက်မှတ် Complete Certificate ထုတ်ပေးမည်ဖြစ်ပြီး အခြေခံပညာအထက်တန်း ဒသမတန်း Grade 10 သို့ ကူးပြောင်းတက်ရောက် သင်ယူနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းပြင်ပ ပညာရေးကို မြို့နယ်(၇)မြို့နယ်တွင် ကျောင်း(၁၅)ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး မူလတန်းအဆင့် ကျောင်းသားဦးရေ(၁၄၉၄)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ဦးရေ(၆၃၆)ဦး စုစုပေါင်း(၂၁၃၀)ဦးဖြင့် ဖွင့်လှစ်သင်ကြား ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် မူလတန်းအဆင့် ကျောင်းပြင်ပပညာရေးကို မြို့နယ် (၆)မြို့နယ်ရှိ ကျောင်း(၁၄)ကျောင်းတွင် ဖွင့်လှစ်နိုင်ခဲ့ပြီး မူလတန်းအဆင့် ကျောင်းသားဦးရေ(၃၈၃၂)ဦး လက်ခံထားရှိပြီးဖြစ်ပါတယ်။ ၂၀၂၅-၂၀၂၆ ပညာသင် နှစ်၏ ကျောင်းပြင်ပအလယ်တန်းအဆင့် ပညာရေးနှစ် နှစ်ဆုံးစာမေးပွဲကို (၈-၆-၂၀၂၆)မှ (၁၀-၆-၂၀၂၆)ရက်နေ့အထိ ကျင်းပမည်ဖြစ်ပါသဖြင့် ယင်းစာမေးပွဲ ဖြေဆို ပြီးမှသာ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အပ်နှံ ကျောင်းသားဦးရေ ရရှိမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျောင်းနေအရွယ်ကလေးများ စာသင်ကျောင်းသို့ ရောက်ရှိရေး စာသင်ကြား နိုင်ရေးအတွက် ရည်ရွယ်ပြီးတော့ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် Placement Text စာမေးပွဲ ဖြေဆိုနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်း Placement Text ဆောင်ရွက်တဲ့နေရာမှာ လျှောက်လွှာပိတ်သိမ်းရက် (၅-၆-၂၀၂၆)ရက်နေ့အထိ လျှောက်ထားသော ထက်/လယ်/မူ ကျောင်းသားဦးရေ စုစုပေါင်း(၃၄၂၆၈)ဦးရှိပါ တယ်။ ၂၀၂၆ ခုနှစ် ကျောင်းပြင်ပ ပညာရေးနှင့် ပညာရေးဆိုင်ရာ ဆောင်ရွက်ချက် များအား အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် ရည်ရွယ်ပြီးတော့ ပညာရေးဝန်ကြီးဌာနမှလည်း ရေဒီယို၊ ရုပ်မြင်သံကြားများမှ ထုတ်လွှင့်ခြင်း၊ နေ့စဉ်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခြင်းတို့ကို ဆောင်ရွက်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။ ၎င်းအပြင် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်တွင်

ပညာရေးဝန်ကြီးကိုယ်တိုင် တွေ့ဆုံမေးမြန်းတဲ့အစီအစဉ်အား ရိုက်ကူးထုတ်လွှင့်ပေးနိုင်ခဲ့ပါတယ်။ ၎င်းအပြင် ၂၀၂၆ ခုနှစ်၊ ကျောင်းအပ်နှံရေး သတင်းပတ်ဆိုင်ရာ မြေစိုက်ပိုစတာများကိုလည်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခရိုင်၊ မြို့နယ်အားလုံး မေလအတွင်းမှာ စတင်စိုက်ထူသတိပေးကြေညာနိုင်ခဲ့ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ကျောင်းအပ်နှံရေးသတင်းပတ်ဆိုင်ရာ မြေစိုက်ပိုစတာစိုက်ထူခြင်းအခမ်းအနားကိုတော့ (၂၄-၅-၂၀၂၆)ရက်နေ့ နံနက် (၈း၀၀)နာရီအချိန်မှာ မုံရွာမြို့မှာ ကျင်းပခဲ့ပါတယ်။ တိုင်းဒေသကြီးအဆင့်ကျောင်းအပ်နှံရေးအခမ်းအနားကို မုံရွာမြို့ အ.ထ.က(၂) သလွှာဝတီခန်းမမှာ စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ပါတယ်။ မုံရွာမြို့ပေါ်မှာရှိတဲ့ ရပ်ကွက်အားလုံးမှာလည်း ၂၀၂၆ ခုနှစ်၊ ကျောင်းအပ်နှံရေးဆိုင်ရာ အသိပေး ကြေညာချက်များအား လူအများမြင်သာသည့်နေရာများတွင် အသိပေးကြော်ငြာခြင်းတို့ဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြဖို့ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျောင်းသားလူငယ်များအားလုံး ကျောင်းအပ်နှံရေးအတွက် ပြည်သူလူထုများ သိရှိစေရန် အုပ်ချုပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကျောင်းသားမိဘများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

မုံရွာမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန် တင်သွင်းသော **“စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)နှင့် Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်းပညာရေး (NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန်”** တိုက်တွန်းကြောင်း အဆိုနှင့် စပ်လျဉ်းပြီး အတည်ပြုမပြု ဆုံးဖြတ်နိုင်ရန် လွှတ်တော်ရဲ့ သဘောထားကို ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန် တင်သွင်းသော **“စစ်ကိုင်းတိုင်းဒေသကြီးအတွင်း (NFPE)နှင့် (NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန်”**

တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်က အတည်ပြုရန် သဘောတူပါသလားခင်ဗျာ။

ဥက္ကဋ္ဌ။ လွှတ်တော်က သဘောတူပါသလားခင်ဗျာ။(သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူတဲ့အတွက် မုံရွာမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန် တင်သွင်းသော **"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပမူလတန်းပညာရေး (NFPE)နှင့် Non-Formal Middle Education ကျောင်းပြင်ပအလယ်တန်းပညာရေး(NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးဆောင်ရွက်ပေးရန်"** တိုက်တွန်းကြောင်း အဆိုကို ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှ တ်တော်ဆိုင်ရာ နည်းဥပဒေ အပိုဒ် ၁၂၇ (က)အရ လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခု တတိယအကြိမ် စစ်ကိုင်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၁)ရက်(ကြာသပတေးနေ့) နံနက်(၁၀၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(တူထုသည်)

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျာ။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျာ။

{တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို (၁၁း၅၄)နာရီအချိန်တွင် ရပ်နားပါသည်။}

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့မှတ်တမ်း
၁၃၈၈ ခု၊ နယုန်လပြည့်ကျော် ၁၂ ရက်
(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၁ ရက်) (ကြာသပတေးနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် (၁၀:၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

{အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌ တက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက်ပါသည်။}

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်များကို စတင်ပါတော့မယ်ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျာ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထိုင်နိုင်ကြပါပြီခင်ဗျာ။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့မှာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အဆွင့်အရေးဆိုင်ရာကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးရှိတဲ့အနက် (၇၉)ဦးတက်ရောက် ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ (၉၂.၉၄)ရာခိုင်နှုန်း ရှိပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၃၄(ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ နည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အဆိုပါ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေး တက်ရောက်နိုင်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ကို စတင်ဆောင်ရွက်ပါမယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစား အပ်ပါသော တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။

ယနေ့ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၁)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ တက်ရောက်နိုင်ခြင်းမရှိသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှု အခြေအနေအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေး ဆိုင်ရာကော်မတီအဖွဲ့ဝင်၊ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ကျွန်တော် ဦးတင်ဝင်းမှ ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့သို့ ခွင့်ပန်ကြားသည့် လွှတ်တော်ကိုယ်စားလှယ်မရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျာ။

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် ယခင်နေ့က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၆)ဦးဖြစ်၍ လွတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ဥက္ကဋ္ဌ။ ယခု လွတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွတ်တော်က သဘော တူပါသလားခင်ဗျာ။ (သုံးကြိမ်မေးသည်)

လွတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူတဲ့အတွက် လွတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ကို ဆက်လက်ဆောင်ရွက်သွားပါမယ်။

လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ကို စတင် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပထမဦးစွာ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ် (၂)။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ လွတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ လွတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန်

ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်း(၂)ခု မေးမြန်းသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကန်သာယာအရှေ့ဘက် ပြည်ထောင်စု အမှတ်(၂)လမ်းဘေး ပြည်ထောင်စုဈေးနှင့်ကပ်လျက် လယ်တီရပ်ကွက်အတွင်းရှိ အကျယ်ဧက(၃.၂၁) ဧရိယာရှိသော လှည်းကူးအင်းရဲ့ နယ်နိမိတ်အတွင်းမှာ မြေဖို့ ပြုပြင်ခြင်းလုပ်ငန်းများကို လတ်တလောအလျင်အမြန် အခိုင်အမာ တည်ဆောက် ပေးခြင်းများကို တွေ့မြင်နေရပါတယ်။ ၎င်းလုပ်ငန်းမြေနေရာသည် အင်းမြေ နယ်နိမိတ် လွတ်ကင်းမှုရှိ/မရှိနှင့် ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်ခွင့်လုပ် ထားခြင်းဟုတ်/မဟုတ်ကို သိရှိလိုပါကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ မြို့တွင် မီးရထားသံလမ်း၏အရှေ့ဘက် ထန်းတောရပ်ကွက်အတွင်းရှိ အကျယ်ဧက (၃၆၆.၄၉)ဧရိယာရှိသော ညောင်ကိုင်းအင်းကို ပြန်လည်ပြုပြင်ထိန်းသိမ်းပြီး တိုင်းဒေသကြီးရဲ့ ဘဏ္ဍာငွေများ တိုးပွားလာရေးအတွက် အင်းလေလံတင်ဒါ ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုသည့်အတွက် မေးမြန်းခြင်း ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များရှင့်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့သည် သမိုင်းကြောင်း အစဉ်အလာ အားကောင်းခဲ့သော မြို့တစ်ခုဖြစ်သလို ၁၉၈၈ ခုနှစ် နောက်ပိုင်းမှစပြီး ကူးသန်း ရောင်းဝယ်မှုများလည်း ပိုမိုအားကောင်းလာကြပါတယ်။ လူမှုစီးပွားလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ပြောင်းလဲလာမှုနှင့်အတူ မုံရွာမြို့နယ်လူဦးရေသည်လည်း တစ်စ ထက်တစ်စ ပိုမိုများပြားလာခဲ့ပါတယ်။ ယခုလိုများပြားလာတဲ့ လူဦးရေနှင့်အညီ အခြေခံလိုအပ်ချက်များကို တည်ဆောက်နိုင်ရန်အတွက် ပြည်သူများသည် သဘာဝအတိုင်းရှိနေခဲ့သော ချောင်းများ၊ အင်းအိုင်တွေကို နည်းလမ်းမျိုးစုံဖြင့် ပိတ်ဆို့ခြင်း၊ မြေဖို့ခြင်းနှင့် သစ်ပင်များခုတ်လှဲခြင်းတွေကို လုပ်ဆောင်ကြပြီး အခြေတကျနေထိုင်နိုင်ရန် ကြိုးစားလာခဲ့ကြပါတယ်။ မုံရွာမြို့ရဲ့ အပူချိန် သည်လည်း ယခုအခါမှာဆိုရင် တဖြေးဖြေးနဲ့ မြင့်မားလာနေတဲ့အတွက် အရိပ်ရ သစ်ပင်များ ရှင်သန်ကြီးထွားနိုင်ဖို့ မြေအောက်ရေအစိုဓာတ် ဖြန့်ကျက်မှုပေး နိုင်သော ချောင်းများ၊ အင်းအိုင်များ ပျက်စီးဆုံးရှုံးမှု နည်းစွာဖြင့် ရေပေါ်ရှိနေဖို့ လိုအပ်ပါတယ်။ ၎င်းအင်းအိုင်များ ရေရရှိစေရန်အတွက် ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရေဝင်ရေလဲလုပ်ငန်းများ မြစ်ရေဝင်ရန် တပ်ဆင်ထားသော ရေထိန်းတံခါးများအား

အသစ်လဲလှယ်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက အင်းအတွင်း ရှင်သန်ပေါက်ဖွားနေသော ရေနေသတ္တဝါများလည်း တိုးပွားလာနိုင်မှာဖြစ်သလို လူသားတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာနိုင်မှာဖြစ်ပါတယ်။ ညောင်ကိုင်းအင်းမြေနဲ့ထိစပ်နေတဲ့ ပြည်ထောင်စုအမှတ်(၂)လမ်းကိုလည်း ဖောက်လုပ်ပြီးစီးသွားပြီဆိုပါက လမ်းအသုံးပြုသူ ပြည်သူတွေအနေဖြင့် အင်းပတ်ဝန်းကျင်ကို ရောက်ရှိသွားခဲ့လျှင် အင်း၏ သဘာဝအလှအပများကို ခံစားကြရတဲ့အတွက် စိတ်လက်ကြည်နူးမှုများ ခံစားရရှိပြီး ကျန်းမာကြံ့ခိုင်မှုများလည်း ရရှိလာနိုင်မှာဖြစ်ပါ တယ်။

သို့ဖြစ်ပါ၍ အင်းမြေနယ်နိမိတ်အတွင်း မြေပြုပြင်ဆောင်ရွက်မှုများလုပ်ကိုင်ပြီး အခြေတကျနေထိုင်ရန် လုပ်ဆောင်နေမှုများသည် သက်ဆိုင်ရာဌာနများမှ မည်သို့သော စီမံချက်များ ချမှတ်ထားရှိသည့်အတွက် ဆောင်ရွက်ခွင့်ယူထားခြင်းနှင့် အင်းမြေ၊ ကန်မြေများ တိမ်ကောမှု၊ ထိခိုက်မှုမရှိအောင် ထိန်းသိမ်းစောင့်ရှောက်ပြီး နိုင်ငံတော်နှင့် တိုင်းဒေသကြီးအတွက် အခွန်ဘဏ္ဍာငွေများရရှိလာအောင် အင်းလေလံလုပ်ငန်းများ လုပ်ဆောင်ရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါကြောင်း မုံရွာမြို့နေ ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက မေးခွန်း (၂)ခုကို တစ်ဆက်တစ်စပ်တည်း ဖြေကြားရန် ဖြစ်ပါတယ်။

ဦးဆန်းဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံး မင်္ဂလာနံနက်ခင်းပါခင်ဗျာ။ လွှတ်တော်သို့ တက်ရောက်လာကြပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်အကြီးအမှူးနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၊ လွှတ်တော်သို့ တက်ရောက်လာကြသော ပုဂ္ဂိုလ်များအားလုံး စိတ္တသုခ၊ ကာယသုခနှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်ကြူကြူစိန်ရဲ့ မေးခွန်းအမှတ်(၁)ဖြစ်တဲ့ မုံရွာမြို့၊ ကန်သာယာအရှေ့ဘက် ပြည်ထောင်စု

အမှတ်(၂)လမ်းဘေး ပြည်ထောင်စုဈေးနှင့်ကပ်လျက် လယ်တီရပ်ကွက်အတွင်းရှိ အကျယ်ကေ (၃.၂၁)ကေရှိတဲ့ လှည်းကူးအင်းရဲ့ နယ်နိမိတ်အတွင်းမှာ မြေဖို့ ပြုပြင်ခြင်းလုပ်ငန်းများကို လတ်တလော အလျင်အမြန် အခိုင်အမာ တည်ဆောက် နေခြင်းများကို တွေ့မြင်နေရပါသဖြင့် ၎င်းလုပ်ငန်းမြေနေရာဟာ အင်းမြေ နယ်နိမိတ် လွတ်ကင်းမှုရှိ/မရှိနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဥပဒေနှင့်အညီ တရားဝင်ခွင့်ပြုထားခြင်း ဟုတ်/မဟုတ် သိရှိလိုပါကြောင်း မေးခွန်းနှင့်ပတ်သက်လို့ ဖြေကြားသွားမှာဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

မေးခွန်းပါနေရာဟာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနရဲ့ ၁၈၉၇-၁၈၉၈ ကိုလိုနီခေတ် ကွင်းဖွဲ့တိုင်းတာခဲ့တဲ့ စာရင်းမြေပုံအရ မုံရွာမြို့၊ လယ်တီရပ်ကွက် ကွင်းအမှတ်(၆၈၀)၊ လှေကူးမြောက်ကွင်း တောင်သူပေါင်း(၁၀)ဦး၊ ဦးပိုင်ပေါင်း (၁၆)ခု အတွင်းမှာရှိတဲ့ ယာမြေအမျိုးအစားအတွင်းမှာကျရောက်တဲ့ မြေနေရာဖြစ်ပါ တယ်။ တောင်သူများမှ ၁၉၅၃ ခုနှစ်၊ လယ်ယာမြေနိုင်ငံပိုင် အက်ဥပဒေ၊ ၁၉၆၃ ခုနှစ် သီးစားချထားရေးဥပဒေတို့နှင့်အညီ လယ်ယာမြေကို ခေတ်အဆက်ဆက် လုပ်ကိုင် ခဲ့ကြတာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအသစ် ပြဋ္ဌာန်းပြီးတဲ့နောက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇) လျှောက်ထားရယူခဲ့တဲ့ မြေနေရာများလည်း ဖြစ်ပါတယ်။ မိုးရာသီမှာ ရေဝင်ရောက် သဖြင့် စိုက်ပျိုးနိုင်ခြင်းမရှိဘဲ ဆောင်းရာသီမှသာ တောင်သူများက စိုက်ပျိုးရတဲ့ မြေနေရာဖြစ်ပါတယ်။ အင်းမြေရဲ့ သဘောတရားအရ ရေဝင်လာရင် ငါးလုပ်ငန်း ဦးစီးဌာနက ပိုင်ဆိုင်ပြီး ရေကျသွားရင် တောင်သူက ပိုင်ဆိုင်ရတဲ့ မြေအမျိုးအစား ဖြစ်ပါတယ်။ ပါဝါပွိုင့်သုံးစွဲခွင့်ပြုရန် တင်ပြ ပါတယ်ခင်ဗျာ။

ဒါကတော့ အနီနဲ့ဝိုင်းပြထားတဲ့နေရာကတော့ မူလလက်ရှိ အင်းမြေနေရာ ဖြစ်ပါတယ်။ အလယ်မှာ ပြည်ထောင်စုဈေးရှိပါတယ်။ ဈေးရဲ့မြောက်ဘက်ကနေရာ ကတော့ အစိမ်းရောင်နဲ့ ဝိုင်းပြထားတဲ့နေရာအထိ မြေဖို့ထားတဲ့ မြေနေရာဖြစ်ပါ တယ်။ ဒီနေရာလေးကတော့ ငါးလုပ်ငန်းဦးစီးဌာနမှ ယနေ့အချိန်အထိ ပိုင်ဆိုင် ထားတဲ့ အင်းမြေနေရာ၊ လွတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ (၃.၂၁)ကေဟာ အဲဒီနေရာပဲဖြစ်ပါတယ်။

မေးခွန်းမှာပါတဲ့ ငါးလုပ်ငန်းဦးစီးဌာန လေလံတင်ရောင်းချခဲ့တဲ့ ဧရိယာ (၃၅.၅၇)ဧကကို ၁၉၈၆-၁၉၈၇မှ စတင်ပြီးတော့မှ လေလံတင်ရောင်းချခဲ့သော်လည်း ၂၀၂၀-၂၀၂၁ ခုနှစ်၊ လုပ်ငန်းရာသီတွင် လေလံဆွဲဝယ်တဲ့သူမရှိတဲ့အတွက် (၁၆-၉-၂၀၂၄) ရက်စွဲပါစာအမှတ်၊ တငလ-စက/ဖခ-၁/၂၀၂၄(၃၀၉၈)၊ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၂၄ ဖြင့် (၂၆.၅၈)ဧကကိုလည်းကောင်း၊ (၂၀.၃.၂၀၂၆)ရက်စွဲပါစာအမှတ်၊ တငလ-စက/ဖခ-၁/၂၀၂၆(၅၃၈)အမိန့်ကြေငြာစာအမှတ်၊ ၁/၂၀၂၆ ဖြင့် (၅.၇၈)ဧကကိုလည်းကောင်း၊ စုစုပေါင်း(၃၂.၃၆)ဧကကို အင်းမြေအဖြစ်မှ ပယ်ဖျက်ခဲ့တဲ့အတွက် ငါးလုပ်ငန်းဦးစီး ဌာနမှ သတ်မှတ်တဲ့အင်းဧရိယာအရ(၃.၂၁)ဧကပဲ ကျန်ရှိပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနရဲ့ ကျန်ရှိတဲ့အင်းဧရိယာ (၃.၂၁)ဧကဟာ ကြေးတိုင်နဲ့မြေစာရင်း ဦးစီးဌာနရဲ့ မြေစာရင်းမြေပုံအရ တောင်သူ(၄)ဦး၊ ဦးပိုင်ပေါင်း(၄)ဦး၊ ဧရိယာ (၃.၂၁)ဧကအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးထားသော မြေနေရာများ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ မြေခွန်စည်းကြပ်ခံရသူ ဦးဇော်မျိုးထက်မှ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)လျှောက်ထားခဲ့ရာမှာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်ရဲ့ စိစစ်ထောက်ခံတင်ပြချက်နဲ့ ဦးဇော်မျိုးထက်အား (၂၃-၉-၂၀၁၃)ခုနှစ်ရက်စွဲနဲ့ လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)ထုတ်ပေးခဲ့ပြီး ဦးဇော်မျိုးထက်ဟာ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန်အတွက် လယ်ယာမြေအခြားနည်းသုံးစွဲခွင့်နဲ့ (လယ-၃၀) လျှောက်ထားခဲ့ရာမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့ရဲ့ (ဖ-၄-၂၀၂၁) ရက်စွဲပါစာအမှတ်၊ ၃/ဖ-၃(၁၆)/၂၈၇ အခြားနည်း(၂)အရ လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့် ခွင့်ပြုပေးခဲ့ပါတယ်။ ဦးဇော်မျိုးထက်မှ ဆက်လက်ပြီးတော့မှ စက်မှုစီးပွားဂရန် လျှောက်ထားခဲ့ရာမှာ မုံရွာခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့ မြို့မြေအမှုတွဲအမှတ် 250 VRP 2019-2020 အရ ဦးဇော်မျိုးထက် အမည်နဲ့ (၁၅-၅-၂၀၂၁) မှ (၁၄-၂-၂၀၅၁)အထိ ဧရိယာ(၅.၇၈)ဧကကို စက်မှုစီးပွားနှစ် (၃၀)ဂရန်အား ချထားပေးခဲ့ပါကြောင်းနှင့် အဆိုပါမြေနေရာအား ဦးမင်းဆန်း (၉/တသန(နိုင်)၀၇၄၃၃၀)အား ဦးဇော်မျိုးထက်ထံမှ ဝယ်ယူခဲ့ပြီး သတ်မှတ်တဲ့ အခွန် ထမ်းဆောင်ပြီးတော့မှ စာချုပ်မှတ်ပုံတင်အမှတ်-၀၆၆/၂၀၂၁(၂.၁၁.၂၀၂၁)ရက်စွဲနှင့် မှတ်ပုံတင်ပြီးတော့မှ မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ စက်မှုစီးပွားဂရန် အမည်ပြောင်းလျှောက်ထားခဲ့ပါတယ်။ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ မြို့မြေအမှုတွဲအမှတ်-24 VRP 2022-2023 အရ (၁၃-၁-၂၀၂၆)ရက်နေ့မှစပြီး ဦးမင်းဆန်း

အမည်နဲ့ (၁၅-၂-၂၀၂၁)ကနေပြီး (၁၄-၂-၂၀၅၁)အထိ ဇရီယာ(၅.၇၈)ဧကအား စက်မှုစီးပွားဂရန် နှစ်(၃၀)မြေငှားဂရန်ချထားပေးခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကန်သာယာအရှေ့ဘက် ပြည်ထောင်စုအမှတ်(၂)လမ်းဘေး၊ ပြည်ထောင်စုဈေးနှင့်ကပ်လျက် လယ်တီရပ်ကွက် အတွင်းမှာရှိတဲ့ အကျယ်ဇရီယာ(၃.၂၁)ဧကရှိတဲ့ လှေကူးမြောက် ကွင်းနယ်နိမိတ်မြေ နေရာဟာ အင်းနယ်နိမိတ်ဖြစ်ပြီးတော့မှ ယခုမြေဖို့နေတဲ့ လုပ်ငန်းမြေနေရာဟာ အင်းနယ်နိမိတ်မှ လွတ်ကင်းမှုရှိပါကြောင်းနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဥပဒေနှင့် အညီ တရားဝင်ခွင့်ပြုထားသည့်မြေဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။

မေးခွန်းနံပတ်(၂)ကို ဆက်လက်ပြီး တစ်ဆက်တစ်စပ်တည်း ဖြေကြားခွင့် ပြုပါခင်ဗျာ။

မေးခွန်းအမှတ်(၂)ဖြစ်တဲ့ မုံရွာမြို့အဝင် မီးရထားသံလမ်းရဲ့အရှေ့ဘက် ထန်းတော ရပ်ကွက်အတွင်းရှိ အကျယ်ဧက(၃၆၆.၄၉)ဧကရှိတဲ့ ညောင်ကိုင်းအင်းကို ပြန်လည်ပြုပြင်ထိန်းသိမ်းပြီး တိုင်းဒေသကြီးရဲ့ အခွန်ဘဏ္ဍာငွေများ တိုးပွားလာရေး အတွက် အင်းလေလံလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုရှိ/မရှိ သိရှိလိုပါကြောင်း လွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဒေါ်ကြူကြူစိန်က မေးမြန်းထားပါတယ်။

ဒီမေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် မြေနေရာဟာ စစ်ကိုင်းတိုင်း ဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ ထန်းတောရပ်ကွက်မှာရှိတဲ့ ညောင်ကိုင်းအင်းဟာ မြောက်ဘက်မှာ ထန်းတောရပ်ကွက်၊ အရှေ့ဘက်မှာ နန္ဒဝန်ရပ်ကွက်နှင့် စက်မှုဇုန် ရပ်ကွက်၊ တောင်ဘက်မှာ စက်မှုဇုန်ရပ်ကွက်၊ အနောက်ဘက်မှာ မုံရွာ-မန္တလေး မီးရထားလမ်းနဲ့ ပြည်ထောင်စုကားလမ်းမကြီးတို့ တည်ရှိပြီး ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနရဲ့ ၁၈၉၇-၁၈၉၈ ခုနှစ်၊ ကိုလိုနီခေတ်တိုင်းတာခဲ့တဲ့ ကွင်းအမှတ်(၆၇၀) ပိတောက်ပင်ကွင်း၊ ဇရီယာ(၈၈.၄၃)ဧကနဲ့ ကွင်းအမှတ်(၆၈၃)ကူးတို့ကုန်းကွင်း၊ ဇရီယာ(၂၁၆.၀၈)ဧက စုစုပေါင်း(၃၆၆.၄၉)ဧကရှိတဲ့ ညောင်ကိုင်းအင်းမြေဖြစ်ပါ တယ်။ (၂၇-၁၁-၁၉၉၇)ရက်နေ့မှာပြုလုပ်တဲ့ စစ်ကိုင်းတိုင်းဒေသကြီးအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ အစည်းအဝေးမှတ်တမ်း(၁၅/၁၉၉၇) ဆုံးဖြတ်ချက်ကို ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့မှာလည်းကောင်း၊ (၁၀-၈-၁၉၉၈)ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ စစ်ကိုင်း တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်

ဖွံ့ဖြိုးရေးကောင်စီရဲ့ အစည်းအဝေးအမှတ်စဉ်(၁၁/၁၉၉၈) ဆုံးဖြတ်ချက်အပိုဒ် (၁၃)ကို ၁၉၉၈ ခုနှစ်၊ ဩဂုတ်လ(၁၈) ရက်နေ့မှာလည်းကောင်း ဆုံးဖြတ်ခဲ့ပြီးတော့မှ မြို့မြေအဖြစ် သတ်မှတ်လိုက်တဲ့အတွက် မြို့ဧရိယာအတွင်းမှာ ပါဝင်သွားတဲ့ အင်းအိုင်မြေဖြစ်သွားပါတယ်။ မြို့ဧရိယာအတွင်းမှာ ပါဝင်သွားတဲ့ အင်းအိုင်မြေဖြစ်တဲ့အတွက် နှစ်စဉ် လေလံခေါ်ယူဆောင်ရွက်လျက်ရှိသော်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစတင်ပြီး လေလံရောင်းချရခြင်းမျိုးမရှိတော့ပါ။ ယခုနှစ်လည်း လေလံရောင်းချရန် ကြေညာများကပ်ထားသော်လည်း ယနေ့အချိန်အထိ လျှောက်လာသူ မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်းသည် အရေးကြီးဆောင်ရွက်ရမည့် လုပ်ငန်းများရှိသဖြင့် အစည်းအဝေးခန်းမအတွင်းမှ ထွက်ခွာခွင့်ပြုပါတယ်။

ဥက္ကဋ္ဌ။ ဗန်းမောက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂)မှ ဦးကျော်စိုးအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးကျော်စိုးဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးဇ၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို ဆွေးနွေးမေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းဆွေးနွေးလိုတာကတော့ စေတနာဝန်ထမ်း(Volunteer) ပြည်သူ့စစ်အဖွဲ့များ ဆက်လက်ဖွဲ့စည်းမည့် အစီအစဉ် ရှိ/မရှိ ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့နိုင်ငံမှာ လက်နက်ကိုင်အဖွဲ့အစည်းအမျိုးမျိုးက အကြမ်းဖက်လုပ်ငန်းများနှင့် အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ဆောင်နေကြတာဟာ ယနေ့အထိပဲဖြစ်ပါတယ်။ နိုင်ငံပိုင်လမ်း၊ တံတား၊ အဆောက်အဦများကို ရည်ရွယ်ချက်ရှိရှိဖျက်ဆီးခြင်း၊ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်များကိုလည်း ငါနဲ့မတူငါ့ရန်သူ၊ ငါ့လမ်းစဉ်ကိုမလိုက်တဲ့သူ ငါ့ရန်သူဟု သတ်မှတ်ကာ သတ်ဖြတ် နေသည်များလည်း ယနေ့တိုင် ရှိနေဆဲဖြစ်ပါတယ်။ အဆိုးဆုံးအနေအထားကတော့ ကျွန်တော်တို့ တိုင်းဒေသကြီးပဲဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်ခင်ဗျာ။

အကြမ်းဖက်များဆိုတာဟာလည်း ပညာရေးအားနည်းသူတွေ၊ အတင်း အကြပ်စေခိုင်းခံရသူတွေ၊ အတွေးအခေါ်အားနည်းသူတွေက အများဆုံးဖြစ်ပါ တယ်။ ၎င်းအားနည်းသူတွေကို လူသတ်၊ မိုင်းခွဲ စသည့် စစ်သင်တန်းများပေး တာတွေ၊ နိုင်ငံတော်ကိုဖျက်ဆီးမဲ့ စိတ်ဓာတ်အတွေးအခေါ်တွေကို သင်ကြားပေး နေသူများဟာလည်း တိုင်းတစ်ပါးသားတို့ရဲ့ခိုင်းဖတ် တစ်နည်းဆိုရလျှင် မိမိ ကိုယ်ကျိုးစီးပွားအတွက်ပဲလုပ်တဲ့ တိုင်းတစ်ပါးတို့ရဲ့ကျွန် EAOများပဲ ဖြစ်ပါတယ်။ EAOများသင်ကြား ပေးထားတဲ့ "ငါတို့လက်ထဲက သေနတ်သည် ဥပဒေပဲ"ဆိုတဲ့ မူဝါဒကို အမြစ်ပြတ် ချေမှုန်းပြစ်ရမှာပဲဖြစ်ပါတယ်။ ချေမှုန်းတယ်ဆိုရာမှာလည်း လက်ရှိနိုင်ငံတော်ရဲ့ ရက်(၁၀၀)စီမံချက်ပါ PDF၊ EAOများအပေါ် ဆောင်ရွက် နေတာကလည်း တစ်ပိုင်းဖြစ်ပြီး ရေရှည်မှာ တစ်မြို့နယ်ချင်း တည်ငြိမ်မှုရရှိခဲ့စေ ဦးတော့ ခိုးဆိုးလုယက်မှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲမှု၊ သယံဇာတများ တရားမဝင်ရောင်းဝယ်မှုများလည်း ဆက်ရှိနေဦးမှာဖြစ်ပါတယ်။ ဖော်ပြပါကိစ္စရပ် များကိုထိန်းချုပ်ဖို့ဆိုရင် တပ်မတော်သားအင်အား၊ ရဲတပ်ဖွဲ့အင်အားများနှင့် ပြီးပြည့်စုံစွာ လွှမ်းခြုံနိုင်ဖို့အတွက် ခက်ခဲနိုင်ပါတယ်။ ဒါကြောင့် ကျေးရွာတိုင်း၊ ကျေးရွာအုပ်စုတိုင်းမှာ စေတနာဝန်ထမ်း (Volunteer) ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းရန် လိုအပ်မှာဖြစ်ပါတယ်။ အခန်း(၈)ခန်းပါ ပြည်သူ့စစ်မှု ထမ်းဥပဒေပါ ဆောင်ရွက်နေမှုအပြင် ရေရှည်မှာ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုဖြင့် လိုအပ်လျှင် လက်နက်ကိုင် တိုက်ပွဲဝင်နိုင်သော စေတနာဝန်ထမ်း(Volunteer) ပြည်သူ့စစ်အဖွဲ့များဖွဲ့စည်းရန် လိုအပ်မှာဖြစ်တယ်လို့ ထပ်မံတင်ပြ လိုပါတယ် ခင်ဗျာ။ ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်တို့ တင်ပြရခြင်းမှာလည်း ပြည်သူ့စစ်များရဲ့ ဆောင်ရွက်မှုများ ထဲက ကောက်နုတ်တင်ပြရရင် ပင်လည်ဘူးမြို့နယ်နယ်စပ် ဗန်းမောက်မြို့နယ် တောင်ပိုင်း၊ လယ်ကျင်းကျေးရွာက တက်လာသော ကွန်မြူနစ်ပါတီ လက်နက်ကိုင် များကို နားမော်ကျေးရွာက ပြည်သူ့စစ်များက တိုက်ထုတ်လိုက်သည့် ထန်းကုန်း တိုက်ပွဲ၊ ကနန်း တိုင်းရင်းသားတို့ရဲ့ကွန်မြူနစ်အောင်ပွဲများသည် စေတနာဝန်ထမ်း (Volunteer)ပြည်သူ့စစ်အောင်ပွဲများရဲ့ ဆောင်ရွက်မှုများပဲဖြစ်ပါတယ်။ အခြား အခြားသော သာဓကများ လည်း များစွာရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ။

ဗန်းမောက်မြို့နယ် တစ်ခုတည်းကို ဥပမာထားတင်ပြရမယ်ဆိုလျှင် ကသာခရိုင်နဲ့ ကောလင်းခရိုင်တို့တွင် မြို့နယ်ဧရိယာအားဖြင့် အကျယ်ဆုံး မြို့နယ်ဖြစ်ပါတယ်။ ကျေးရွာအုပ်စု(၅၁)အုပ်စုရှိပြီး ကျေးရွာပေါင်း(၂၂၂)ရွာမျှသာရှိပါသော်လည်း ကျေးရွာတစ်ရွာနဲ့တစ်ရွာ အလှမ်းကွာဝေးခြင်း၊ ပထဝီအနေအထားအရ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းစတဲ့ လူမှုရေးခက်ခဲသောဒေသဖြစ်ပါတယ်။ တစ်မြို့နယ်လုံးမှာ ရဲတပ်ဖွဲ့အင်အားဆိုလျှင်လည်း အယောက်(၅၀)ပင်မပြည့်ပါ။

သို့ဖြစ်ပါ၍ နောင်ရေရှည်အတွက်ရော ယခုလက်ရှိ တည်ငြိမ်မှုရရှိနေသော နေရာများမှာပါ လိုအပ်လျှင် လိုအပ်သလို ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုဖြင့် လိုအပ်သော လက်နက်ခဲယမ်း၊ ရိက္ခာ၊ အထောက်အပံ့များ ထုတ်ပေးကာ အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်နိုင်သော စေတနာ့ဝန်ထမ်း (Volunteer) ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းရန် အစီအစဉ်ရှိ/မရှိ တင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးဝင်းတင်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီး ဗန်းမောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးရဲ့ မေးမြန်းချက်များအပေါ် လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

ဗန်းမောက်မြို့ဟာ KIA, PDF အကြမ်းဖက်အဖွဲ့ဝင်များမှာ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ(၁၅)ရက်နေ့မှာ သာလွန်အင်အားဖြင့် တိုက်ခိုက်ခဲ့မှုကြောင့် ခေတ္တလက်လွတ်ခဲ့ရပြီး လုံခြုံရေးအဖွဲ့ဝင်များဟာ ဟုမ္မလင်းမြို့တွင်အခြေပြုပြီးတော့ ဗန်းမောက်မြို့အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် တပ်မတော်မှခြေလျင်

တပ်ရင်းများ၊ ဗန်းမောက်မြို့မ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ကြောင်လည်ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ မြနန္ဒာပြည်သူ့စစ်တပ်ဖွဲ့ဝင်များဖြင့် ဗန်းမောက်မြို့အား ပြန်လည်ချီတက် သိမ်းပိုက်ခဲ့ရာမှာ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့မှာ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပါတယ်။ ဗန်းမောက်အား ပြန်လည်ထိန်းချုပ်ချိန်မှစ၍ တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များပူးပေါင်းပြီးတော့ ဗန်းမောက်မြို့အနီးတစ်ဝိုက်မှာရှိတဲ့ KIA, PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဝင်များအား ရှင်းလင်းခြင်းနှင့် နယ်မြေစိုးမိုးခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိပါတယ်။ ဗန်းမောက်မြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များ ပြန်လည်သိမ်းပိုက်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ်၊ မတ်လ(၁၆)ရက်နေ့မှစတင်ကာ ဗန်းမောက်ဒေသခံပြည်သူများ မြို့အတွင်းသို့ စတင်ဝင်ရောက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၀)ရက်နေ့အထိ အိမ်ထောင်စု(၆၁၅)စု၊ အမျိုးသား(၅၈၃)ဦး၊ အမျိုးသမီး(၆၈၀)ဦး စုစုပေါင်း(၁၂၆၃)ဦး ဝင်ရောက်နေထိုင်ပြီးလည်းဖြစ်ပါတယ်။ လတ်တလောမှာ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ အသစ်ထပ်မံတိုးချဲ့ ဖွဲ့စည်းလိုကြောင်း ဆန္ဒပြုပါက အထက်ဌာနကိုတင်ပြပြီး စေတနာ့ဝန်ထမ်း(Volunteer) ပြည်သူ့စစ် တပ်ဖွဲ့ဝင်များအနေဖြင့် ဖွဲ့စည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်စန္ဒာသိန်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ အားလုံးဘဲမင်္ဂလာပါရှင့်။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ လွတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ အားလုံး စိတ်ဓါတ်ချမ်းသာခြင်း၊ ကိုယ်ဓါတ်ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်း ဆက်သအပ်ပါတယ်ရှင့်။

ကျွန်မကတော့ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဒေါ်စန္ဒာသိန်းဖြစ်ပါတယ်။ ကျွန်မအနေဖြင့် ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း တစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မော်လိုက်မြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား/ကျောင်းသူများ၊ လုပ်သားပြည်သူများအနေနဲ့ ခရီးသွားလာရေးနှင့် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆောင်ရွက်ရာမှာ ရေလမ်းခရီးမှသွားမည်ဆိုပါက လမ်းခရီး တစ်လျှောက်မှာ အကြမ်းဖက်(PDF)များ အခြေပြု စိုးမိုးထားသည့်အတွက် ခရီးသွားလာရာ မလွယ် ကူပါဘူးရှင်။ မော်လိုက်မြို့နယ်ရှိ ပြည်သူအများစုမှာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးစသည့် စားဝတ်နေရေးကိစ္စများအတွက် ခရီးသွားလာကြရာတွင် မော်လိုက်-ကလေးဝ-ကားလမ်းကိုသာ အဓိကထား၍ မှီခိုအားထား သုံးစွဲနေကြရပါသည်။

မော်လိုက်နှင့် ကလေးဝမြို့ကြားမှာရှိတဲ့ ချင်းတွင်းမြစ်အရှေ့ဘက်ကမ်းတွင် အကြမ်းဖက်PDFများ စိုးမိုးထားသည့် နေရာအများစုဖြစ်နေပါတယ်၊ မော်လိုက်နှင့် ကလေးဝကားလမ်းပေါ်မှာရှိတဲ့ လမ်းတံတားများအား အကြိမ်ကြိမ်မိုင်းခွဲ ဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းသား/ကျောင်းသူများအား တွေ့ရှိပါက ဖမ်းဆီးခေါ်ဆောင်သွားခြင်းများ မကြာခဏလုပ်ဆောင်ကြတာကို သိရှိရပါသည်။ (၃-၅-၂၀၂၆)ရက်နေ့မှာ ပြည်သူ့စစ်မှုထမ်းသင်တန်းသားများကို မော်လိုက်မြို့မှ ကလေးမြို့သို့ ယာဉ်တန်းဖြင့် ပို့ဆောင်ရာမှာ မနက်(၁၀း၃၀)နာရီ အချိန်တွင် ပလူဇဝ ကျေးရွာအနီးအရောက်မှာ ချင်းတွင်းမြစ် အရှေ့ဘက်ကမ်း ရွာသာရွာမှာ အခြေချနေတဲ့ PDF များက လက်နက်ငယ်ဖြင့် ပစ်ခတ်ခံခဲ့ရပါတယ်။ ထိုသို့ပစ်ခတ်ခဲ့မှုကြောင့် ပြည်သူ့စစ်မှုထမ်း သင်တန်းတက်ရောက်ရန် လိုက်ပါလာခဲ့သော မော်လိုက်မြို့၊ တံတားဦးရပ်နေ (အဖ)ဦးနေလင်းဏ်သား မောင်ရဲထက်ဟိန်း အသက် (၁၉)နှစ်ဟာ လက်နက်ထိမှန်ပြီး သေဆုံးခဲ့ကြောင်း သိရှိရပါတယ်ရှင်။ မိုင်(၃၀)ကျော်သာဝေးတဲ့ မော်လိုက်နဲ့ ကလေးဝ ကားလမ်းပေါ်မှာ မော်လိုက်နှင့် မိုင်(၂၀)အကွာမှာရှိတဲ့ နန်းမော်ကယ်ရွာတွင်သာ တပ်မတော်လုံခြုံရေးစခန်း တစ်ခုတည်းသာရှိပြီး ကျန်နေရာ လမ်းတစ်လျှောက်လုံးမှာ လုံခြုံစိတ်ချရသော အခြေအနေမရှိပါဘူးရှင်။

သို့ဖြစ်ပါ၍ မော်လိုက်မြို့နယ်တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာဝန်ထမ်းများ ကျောင်းသား/ကျောင်းသူများ၊ ပြည်သူများ ခရီးသွားလာရာတွင် လည်းကောင်း၊ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း၊ လုံခြုံ ချောမွေ့စွာ ခရီးသွားလာနိုင်စေရန်အတွက် မော်လိုက်-ကလေးဝ ကားလမ်း

ကြောင်းအား လုံခြုံစိတ်ချစွာသွားလာနိုင်ရေးအတွက် ယခုထက်ပိုမို၍ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးဝင်းတင်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီးဝင်းတင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်မြို့၊ မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာသိန်းရဲ့ မေးမြန်းချက်အပေါ် လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက် အရ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

မော်လိုက်-ကလေးဝ ကားလမ်းဟာ မိုင်(၆၀)ခန့်ရှည်လျားပြီး ဒေသခံပြည်သူများအေးချမ်းစွာ နေထိုင်လျက်ရှိသည်ကို မလိုလားတဲ့ PDF အကြမ်းဖက်အဖွဲ့ဝင်များမှ လမ်းပေါ်မှ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်စီးခြင်း၊ လမ်းပိတ်ဆို့ခြင်းများ လုပ်ဆောင်ခဲ့တဲ့အတွက် တပ်မတော်မှ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား အခြေပြု၍ မရအောင်ရှင်းလင်းရေးလုပ်ငန်းများ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ပါတယ်။ မော်လိုက်မြို့နယ်ရှိ ပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ကုန်စည်များ သယ်ယူပို့ဆောင်ရေးစတဲ့ စားဝတ်နေရေးကိစ္စများအတွက် ခရီးသွားလာရာမှာ မော်လိုက်-ကလေးဝ-ကလေးကားလမ်းအား အဓိကထား၍ သွားလာရတဲ့အတွက် ဒေသခံပြည်သူများအေးချမ်းစွာသွားလာနိုင်ရန်အတွက် အကြမ်းဖက်အဖွဲ့များရဲ့ လှုပ်ရှားသွားလာမှုသတင်းများရရှိပါက ကလေးတပ်နယ်နဲ့ ကျီကုန်းတပ်နယ်မှ လုံခြုံရေးတပ်ဖွဲ့များဖြင့် ကားလမ်းတစ်လျှောက်နှင့် အနီးတစ်ဝိုက်အား အကြမ်းဖက်အဖွဲ့များ အဖျက်အမှောက်လုပ်ငန်းများ မလုပ်နိုင်ရန် ရှင်းလင်းခြင်းများ မကြာခဏ ဆောင်ရွက်လျက်လည်းရှိပါတယ်။ ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် PDF အကြမ်းဖက်

အဖွဲ့အစည်းများ အဆိုပါကားလမ်းတစ်လျှောက်၌ ယခုအချိန်အထိ အခြေချ နေထိုင်ခြင်း မရှိကြောင်းလည်း တွေ့ရပါတယ်။ လက်ရှိအချိန်မှာလည်း မော်လိုက်-ကလေးဝ ကားလမ်းပေါ်သို့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့ များလာရောက်၍ အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နိုင်မှု မရှိစေရေး နန်းမော်ကယ် ကျေးရွာမှာ နယ်မြေရဲစခန်းထားရှိနိုင်သဖြင့် အကြမ်းဖက်အဖွဲ့များရဲ့ သတင်း ရရှိချိန်မှာ လမ်းကြောင်းတစ်လျှောက် လုံခြုံရေးကင်းများချထားပြီး နယ်မြေ စိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သောကြောင့် မော်တော်ယာဉ်များ ပုံမှန် သွားလာလျက်ရှိပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ ကျောင်းသား/ကျောင်းသူများနှင့် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရန် အမြဲအသင့်ရှိပြီး အကြမ်းဖက်အဖွဲ့များရဲ့ လှုပ်ရှားမှု သတင်းများရရှိပါက အကြမ်းဖက်အဖွဲ့အစည်းများအား ရှင်းလင်းနိုင်ရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ကနီမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးထိန်ဝင်းအောင်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌနှင့် လွတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်လွတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးထိန်ဝင်းအောင် ဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း တစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းဆွေးနွေးလိုတာကတော့ မုံရွာမြို့၊ အေးသာယာရပ်ကွက် အမှတ်(၂၀) အခြေခံပညာမူလတန်းကျောင်းတွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ကျောင်းသားဦးရေ မ(၁၃၅)ဦး၊ ကျား(၁၀၄)ဦး၊ စုစုပေါင်း(၂၃၉)ဦး ပညာသင်ကြား လျက်ရှိပါတယ်။ ၎င်းကျောင်းတွင် ခွင့်ပြုအင်အား ကျောင်းအုပ်ကြီး(၁)ဦး၊ ပညာရေးဆရာ/ဆရာမ (၆)ဦးဖြစ်ပါတယ်။ လက်ရှိ(၂)ဦးသာ ရှိတဲ့အတွက် လစ်လပ်လျက်ရှိသော ဆရာ/ဆရာမ(၄)ဦးအား ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင်

ခန့်ထားပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင် ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကို ယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကနီမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်းအောင်၏ တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

မုံရွာမြို့၊ အေးသာယာရပ်ကွက်၊ အမှတ်(၂၀)အခြေခံပညာမူလတန်းကျောင်းညောင်တပင်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ ကျောင်းသား(၁၁၁)ဦး တက်ရောက်ပညာသင်ကြားခဲ့ပါတယ်။ ၎င်းကျောင်း၏ဖွဲ့စည်းပုံအရ ခန့်အပ်အင်အား ကျောင်းအုပ် (၁)ဦး၊ မူလတန်းပြ(၁)ဦး၊ ဒုတိယမူလတန်းပြ(၂)ဦး၊ လက်ထောက်မူလတန်းပြ (၃)ဦး စုစုပေါင်း(၇)ဦးခွဲဝေရရှိခဲ့ပြီး မူလတန်းပြ(၄)ဦး ခန့်ထားပြီးဖြစ်သဖြင့် (၃)ဦးလစ်လပ်လျက် ရှိပါတယ်။ ၎င်းလစ်လပ်နေတဲ့ (၃)ဦးကို ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၌ အခြေခံပညာဦးစီးဌာနရုံးချုပ်၏ (၁၄-၅-၂၀၂၆)ရက်စွဲပါစာအမှတ်၊ ဌာနခွဲ(၂-က)၆၇၄၂/(ပြောင်း/တိုး)၂၆ ခွင့်ပြုချက်အရ (၃)ဦးခန့်ထားဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး ရက်သတ္တပတ်နောက်ဆုံးရက်ဖြစ်သည့် (၃၁-၅-၂၀၂၆)ရက်နေ့အထိ ၎င်းကျောင်း၌ ကျောင်းသားအပ်နှံစာရင်းအရ (၁၆၃)ဦးရှိပါသဖြင့် ဆရာနှင့်ကျောင်းသား (၁း၂၃)ရှိကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁)မှ ဦးအောင်မင်းကျော်သူအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ၊ အစည်းအဝေးသို့ လာရောက်ကြသော မဲဆန္ဒရှင်ပြည်သူများနှင့် သတင်းမီဒီယာများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ။

ကျွန်တော်ကတော့ ဘုတလင်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်မင်းကျော်သူ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြမေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် တိုင်းဒေသကြီး(၁)ခု၊ ခရိုင်(၁၄)ခု၊ မြို့နယ်ပေါင်း (၃၇)မြို့နယ် ရှိပါတယ်။ ၂၀၂၁ ရှေ့ပိုင်းကာလများမှာ မြို့နယ်တစ်ခုချင်းစီမှာ ခရိုင်၊ မြို့နယ်တွေမှာ ဌာနဆိုင်ရာ များစွာရှိသလို ဝန်ထမ်းတွေဟာလည်း မြောက်မြားစွာ တာဝန်ထမ်းဆောင်ခဲ့ကြပါတယ်။ ၂၀၂၁ ခုနှစ် နောက်ပိုင်း တာဝန်ကျမြို့နယ်များမှာရှိတဲ့ ဌာနဆိုင်ရာဝန်ထမ်းအများစုဟာ နယ်မြေဒေသ အခြေအနေကြောင့် လုံခြုံစိတ်ချရတဲ့မြို့ကြီးတွေမှာ သွားရောက်ပူးတွဲပြီး တာဝန်ထမ်းဆောင်နေကြရတယ်ဆိုတာ သိရှိရပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ မုံရွာမြို့မှာဆိုရင်လည်း နယ်မြေဒေသတည်ငြိမ်မှု အားနည်းနေတဲ့ဒေသက ဌာနဆိုင်ရာတွေ၊ ဝန်ထမ်းတွေ လာရောက်ပူးတွဲပြီး တာဝန်ထမ်းဆောင်နေကြပါတယ်။ မုံရွာမြို့ပေါ်ရှိ ဌာနဆိုင်ရာများမှာလည်း တာဝန်ထမ်းဆောင်နေတဲ့ သန္ဓေဝန်ထမ်းများလည်း ရှိကြပါတယ်။ ဌာနဆိုင်ရာအသီးသီးက ထိုသန္ဓေဝန်ထမ်းတွေအနေနဲ့လည်း မိမိဌာနက ဝန်ထမ်းအဆောက်အဦ မလုံလောက်မှု အိုးအိမ်တိုက်ခန်းများကို လုံလောက်စွာမပေးနိုင်မှုတို့ကြောင့် ရပ်ကွက်များအတွင်းမှာ အိမ်ငှားပြီး နေထိုင်နေရတယ်ဆိုတာလည်း ကြားသိနေရပါတယ်။ လက်ရှိအခြေအနေအရ ရပ်ကွက်အတွင်း နေထိုင်တာဟာ လုံခြုံစိတ်ချမှုမရှိဘဲ အန္တရာယ်အလွန်ကြီးမားလှပါတယ်။

သို့ဖြစ်ပါ၍ တိုင်းဒေသကြီးအိုးအိမ်ဦးစီးဌာနအနေနဲ့ ဝန်ထမ်းအိမ်ရာများကို ဆောက်လုပ်တဲ့ အဌားအိမ်ရာ ဆောက်လုပ်ထားရှိမှုအခြေအနေ၊ ငှားရမ်းရာ

တွင်လည်း မည်သို့သော မူဝါဒများချမှတ်၍ ဌားရမ်းထားရှိမှုနှင့် မြို့ပေါ်မှာ တာဝန်ထမ်းဆောင်ပြီး ဌာနဝန်ထမ်းအိမ်ရာ ရရှိထားသော အိမ်ပိုင်ဝန်းပိုင်ရှိသော ဝန်ထမ်းအချို့မှ အိုးအိမ် တိုက်ခန်းများရရှိအောင် တစ်ဆင့်ဌားရမ်းထားသည်များကို ကြားသိရသဖြင့် မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုပါကြောင်း လွတ်တော် ဥက္ကဋ္ဌကြီးမှတဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနအား မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး(ကိုယ်စား) ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး(ကိုယ်စား) ဘုတလင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ ဦးအောင်မင်းကျော်သူမှ တိုင်းဒေသကြီးလွတ်တော် အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနအနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နိုင်ငံ့ဝန်ထမ်းများစိတ်အေးချမ်းသာစွာဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်နိုင်ရေးအတွက် မြို့(၄၂)မြို့မှာ ဝန်ထမ်းအိမ်ရာ တိုက်(၂၃၅)လုံး၊ အခန်းပေါင်း(၃၂၅၄)ခန်းကို အကောင်အထည်ဖော် ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ တိုင်းရဲ့မြို့တော် မုံရွာမြို့မှာဆိုလို့ရှိရင် နိုင်ငံ့ဝန်ထမ်းများ နေထိုင်မှုအဆင်ပြေစေရေးအတွက် နန္ဒဝန် ဝန်ထမ်းအိမ်ရာကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး လက်ရှိအားဖြင့် ဝန်ထမ်းအိမ်ရာ တိုက်(၃၉)လုံး၊ အခန်းပေါင်း(၈၂၄)ခန်းရှိပြီး ဝန်ကြီးဌာန(၂၈)ခုမှ ဝန်ထမ်း(၈၂၄)ဦးအား နေရာချထားပေးခဲ့ပြီး ဖြစ်ပါတယ်။ ယနေ့အချိန်အထိ မုံရွာမြို့သို့ တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်း(၁၄၇)ဦး နဲ့ အခြားဒေသမှ တွဲဖက်ဖြင့် လာရောက်တာဝန်ထမ်းဆောင်ကြသည့်

တိုက်ပွဲရှောင် ဝန်ထမ်း(၂၂၃)ဦး စုစုပေါင်း(၃၇၀)ဦးဟာ ဆိုရင်လည်း အိမ်ခန်းများမှာ နေထိုင်ခွင့်ရရှိရေးအတွက် လျှောက်ထားထားရှိကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ဝန်ထမ်းများကို အိမ်ရာနေရာချထားပေးတဲ့နေရာမှာ ဌာနမှ သတ်မှတ်ပေးထားသော တည်မြဲအမိန့်ပါ အိမ်ခန်းချထားရေးမူဝါဒ (၁၀)ချက်နှင့်အညီ ချထားပေးလျက်ရှိပါတယ်။ အဓိကအားဖြင့် မုံရွာမြို့နယ်အတွင်း အိုးပိုင်အိမ်ပိုင်မရှိသော ဝန်ထမ်းများ၊ အခြားဒေသမှ မုံရွာမြို့နယ်အတွင်း ပြောင်းရွှေ့ရောက်ရှိ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအား ချထားပေးပါကြောင်း တင်ပြအပ်ပါတယ်။ ၎င်းအပြင် အခြားမြို့နယ်များမှ ဒေသအခြေအနေအရ မုံရွာမြို့ပေါ်ဌာနများသို့ တွဲဘက်ဖြင့်လာရောက် တာဝန်ထမ်းဆောင်သော ဝန်ထမ်းများနှင့် မုံရွာမြို့ပေါ်မှာ နေတဲ့ ဝန်ထမ်းများဟာ မိမိ၏ အိမ်ပတ်ဝန်းကျင်အနေအထားနှင့် ဖြစ်ပေါ်လာနေသော နယ်မြေအခြေအနေအရ မိမိနေအိမ်မှာ နေထိုင်ဖို့အခက်အခဲရှိသော ဝန်ထမ်းများကိုလည်း နေထိုင်မှု အခက်အခဲပေါ်စိစစ်ပြီး အိမ်ခန်းအားလပ်မှုအပေါ် မူတည်၍ နေရာချထားပေးပါကြောင်း တင်ပြအပ်ပါတယ်။ အိမ်ခန်းရရှိထားသူအချို့မှ အိမ်ခန်းတစ်ဆင့် ငှားရမ်းမှုမရှိစေရေးကိုလည်း စစ်ဆေးကြပ်မတ်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၎င်းတိုက်ခန်းများမှာနေတဲ့ ဝန်ထမ်းများ ပြောင်းရွှေ့ချိန်မှာ ဌာနသို့အိမ်ခန်းပြန်လည်အပ်နှံခြင်းမရှိဘဲ ဆက်လက်နေထိုင်ကြောင်း သိရှိရပါက ရုံးသို့ခေါ်ယူတွေ့ဆုံ၍ အိမ်ငှားစည်းကမ်းချက်နှင့်အညီ အိမ်ခန်းပြန်လည်အပ်နှံစေခြင်းများ ဆောင်ရွက်ပြီး အသစ်ပြန်လည်နေရာချထားပေးပါကြောင်း တင်ပြအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနဟာ တိုက်အလိုက် တိုက်ကိုယ်စားလှယ်များခန့်ထားခြင်း၊ တိုက်ကိုယ်စားလှယ်များမှ ရွေးချယ်ခန့်ထားသော အိမ်ရာစခန်းသာယာရေးကော်မတီများဖွဲ့စည်း၍ ကြီးကြပ်ဆောင်ရွက်ခြင်း၊ တိုက်ခန်းငှားရမ်းမှုကို တစ်နှစ်တစ်ကြိမ်သက်တမ်းတိုးဆောင်ရွက်ခြင်းဖြင့် နေထိုင်မှုကို စိစစ်ခြင်း၊ တိုက်ခန်းနေထိုင်ခွင့်ရရှိသည့် ဌာနများသို့ နှုတ်ထွတ်/ထုတ်ပယ်/ပင်စင်/ပြောင်းရွှေ့မှုများနှင့် ပတ်သက်၍ ညှိနှိုင်းစာများ ထုတ်ပြန်စိစစ်ခြင်း၊ အခါအားလျော်စွာ ဌာနမှဝန်ထမ်းများနှင့် လျှပ်တပြတ်စိစစ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ထားသည့် အိမ်ငှားစည်းကမ်းချက်များကို ဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိရပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်

အညီ တိုက်ခန်းပြန်လည် သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ တမူးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးခင်မောင်လွင်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးခင်မောင်လွင်၊ တမူးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ လွတ်တော်ရုံးဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်း(၁)ခု တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်သည် ရပ်ကွက်(၁၂) ရပ်ကွက်၊ ကျေးရွာ(၂၂)အုပ်စု၊ ကျေးရွာပေါင်း(၆၁)ရွာ၊ အိမ်ထောင်စု အနေဖြင့် (၂၃၈၆၃)စု လူဦးရေစုစုပေါင်း(၁၂၂၇၅၉)ဦးရှိပြီး ဗမာနှင့်ချင်းတိုင်းရင်းသား အများဆုံးနေထိုင်သော အိန္ဒိယ-မြန်မာနယ်စပ်မြို့ဖြစ်ပါတယ်။ တမူးမြို့နယ်တွင် (၁-၂-၂၀၂၁) ရက်နေ့မှစ၍ ဖုန်း/အင်တာနက်အသုံးပြု၍မရခြင်း၊ (၄-၁-၂၀၂၅)ရက်နေ့မှစ၍ ဖုန်းလိုင်းများ အသုံးပြု၍ မရရှိခဲ့ပါ။ တမူးမြို့သည် မည်သည့်ဖုန်း၊ အင်တာနက်မှ မရတော့ဘဲ အဆက်အသွယ် ပြတ်တောက်သွားခဲ့ပါတယ်။ ဆက်သွယ်ရေးပြတ်တောက်မှုကြောင့် ဌာနဆိုင်ရာများ၊ ပြည်သူများသည် များစွာအခက်အခဲနဲ့ တွေ့ကြုံခဲ့ရပါတယ်။ လက်ရှိအခြေအနေမှာ တော့ အများစုက တဘက်အိန္ဒိယနိုင်ငံမိုးရေးမြို့မှ အိန္ဒိယကတ်များကို ဝယ်ယူကာ အင်တာနက်၊ မက်ဆင်ဂျာ၊ Viber တို့ဖြင့် အသုံးပြုနေကြပြီး အချို့နေရာများတွင်လည်း လိုင်းသုံးစွဲ၍မရပါ။ ပြည်သူများနှင့်ဌာနဆိုင်ရာများသည် လိုင်းသုံးစွဲ၍ရသည့် နေရာများကို သွားရောက်၍ အသုံးပြုနေကြရပါသည်။ အိန္ဒိယဖုန်းကတ်များ ဝယ်ယူအသုံးပြုနေရသော်လည်း ဖုန်းလိုင်း၊ အင်တာနက်လိုင်းများအနေဖြင့် နေ့လည်ပိုင်းကျရင် လိုင်းကျနေတတ်ပြီး

ညပိုင်းအချိန်မှသာလျှင် အဆက်အသွယ် ပြုလုပ်ကြရပါတယ်။ အကြောင်း အမျိုးမျိုးကြောင့် အိန္ဒိယဘက်မှ ဖုန်းလိုင်းကျသွားပြီဆိုပါက အဆက်အသွယ်မရ တော့ဘဲ များစွာအခက်အခဲနဲ့ ကြုံတွေ့ရပါတယ်။

ဒါ့ကြောင့် မဲဆန္ဒရှင် ဒေသခံပြည်သူများ၏ကိုယ်စား ကျွန်တော့်အနေဖြင့် တမူးမြို့နယ်အတွင်း ဖုန်းလိုင်း၊ အင်တာနက်လိုင်းများ ပြန်လည်ပြုပြင်ကောင်းမွန် စေရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း တင်ပြအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး(ကိုယ်စား) ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစား အပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စား လှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ မေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး(ကိုယ်စား) တမူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်လွင် တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အနေဖြင့် ဆက်သွယ်မှုအဆင်ပြေချောမွေ့စေရေးအတွက် မိုဘိုင်းစခန်း(၃၀)ခု တည်ဆောက်ဖွင့်လှစ်ပြီး မိုဘိုင်းဆက်သွယ်ရေးစနစ်ဝန်ဆောင်မှုများကို ဆောင်ရွက် ပေးနိုင်ခဲ့ပါတယ်။ တမူးမြို့နယ်အတွင်း နယ်မြေအခြေအနေအရ ထရန်စမစ်ရှင်း ဖိုင်ဘာပြတ်တောက်မှု ဖြစ်ပေါ်ခဲ့၍ မိုဘိုင်းစခန်းများ ဆက်သွယ်မှုပြတ်တောက်ခဲ့ရ ပါတယ်။ တမူးမြို့ဟာဆိုရင် ကလေး-တမူး ထရန်စမစ်ရှင်း ဖိုင်ဘာ လမ်းကြောင်းကို အသုံးပြုပြီးတော့ လတ်တလောအသုံးပြုပြီးဆောင်ရွက်တဲ့ ဆက်သွယ်ရေးစနစ်ဖြစ် ပါတယ်။ လတ်တလောနယ်မြေအခြေအနေအရ လတ်တလောကာလမှာ

ထရန်စမစ်ရှင်း ပြတ်တောက်နေသော ခမ်းပတ်မြို့တွင် လုံခြုံရေးအခြေအနေအရ ဝင်ရောက်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်၍မရသေးပါ၍ နယ်မြေအခြေအနေ ပေါ်မူတည်ပြီး တမူးမြို့အတွင်း ဖုန်းနှင့်အင်တာနက်လိုင်းများ ကောင်းမွန်စေရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ် (၂)မှ ဦးတင်မောင်မြင့်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ၊ ဧည့်သည်တော်များ၊ လွတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း(၁)ခု တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

စစ်ကိုင်းတိုင်း၊ ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်နှင့် ညောင်ပင်သာရပ်ကွက်ကူး ဥပုသ်ချောင်းတံတား (63'× 14')သည် မြောက်ဘက် မိုးလေဝသလမ်းမှ အနောက်ဘက် ကလေး-ကလေးဝလမ်းမကြီး၊ တောင်ဘက် ဘုရားသုံးဆူလမ်းမှ ဗိုလ်ချုပ်လမ်းမကြီးသို့ တိုက်ရိုက်ဆက်သွယ်ပြီး ပြည်သူများအနေဖြင့် ကျန်းမာရေးကိစ္စများ၊ ကုန်စည်စီးဆင်းမှုများနှင့် တောင်သူလယ်သမားများအတွက် ကုန်ထုတ်လမ်းအဖြစ်သာ မဖြစ်မနေအသုံးပြုနေရသော တံတားတစ်စင်းဖြစ်ပါတယ်။ ယခုလက်ရှိ တံတားအခြေအနေမှာ သံဘောင်ဘေလီသစ်သားကြမ်းခင်းတံတားဖြစ်ပြီး ၂၀၁၅ ခုနှစ်၊ ရေကြီးရေလျှံမှု ဖြစ်ပြီးနောက်ပိုင်း တံတား၏ကြံ့ခိုင်မှုမှာ အလွန်အားနည်းနေပြီဖြစ်ပြီး အဆိုပါတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်ပေးနိုင်ပါရန် ရပ်ကွက်နေမိဘ

ပြည်သူများကိုယ်စား အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိကို မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ၊ လွတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်နှင့် ညောင်ပင်သာရပ်ကွက်ကူး ဥပုသ်ချောင်းတံတား (63'× 14')ဟာ မြောက်ဘက် မိုးလေဝသလမ်းနဲ့ အနောက်ဘက် ကလေး-ကလေးဝလမ်းမကြီး၊ တောင်ဘက် ဘုရားသုံးဆူလမ်းနှင့် ဗိုလ်ချုပ်လမ်းမကြီးကို တိုက်ရိုက်ဆက်သွယ်ထားပြီးတော့မှ ပြည်သူများအနေနဲ့ ကျန်းမာရေးကိစ္စများ၊ ကုန်စည်စီးဆင်းမှုများနဲ့ တောင်သူလယ်သမားများအတွက် ကုန်ထုတ်လမ်းများအတွက် မဖြစ်မနေအသုံးပြုနေရသော တံတားတစ်စင်း ဖြစ်ပါတယ်။ ယခုလက်ရှိ တံတားအခြေအနေမှာ သံဘောင်ဘေလီသစ်သားကြမ်းခင်းတံတားဖြစ်ပြီးတော့ ၂၀၁၅ ခုနှစ်၊ ရေကြီးရေလျှံမှု ဖြစ်ပြီးတော့မှ နောက်ပိုင်း တံတား၏ ကြံ့ခိုင်မှုမှာ အားနည်းနေပြီဖြစ်တဲ့အတွက် အဆိုပါတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အသစ်တည်ဆောက်ပေးနိုင်ပါရန်၊ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိလိုကြောင်း လွတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့်၏ မေးခွန်းအား ဖြေကြားသွားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌနှင့် လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။

ကလေးမြို့ပေါ်မှာဆိုရင် ဥပုသ်ချောင်းကူးတံတား (၆)စင်းရှိပါတယ်။ ဗိုလ်ချုပ်လမ်းမကြီးပေါ်မှာ တံတား (၁)စင်း၊ ဘုရင့်နောင် လမ်းမကြီးပေါ်မှာ တံတား (၁)စင်း၊ ဆိပ်ကမ်းသာလမ်းပေါ်မှာ တံတား(၁)စင်း၊ သြဘာလမ်းပေါ်မှာ တံတား(၁)စင်း၊ ဝေဇယန္တာလမ်းပေါ်မှာ တံတား(၁)စင်းနဲ့ နွားတောင်လမ်းပေါ်မှာ

ဆိုရင် တံတား(၁)စင်း စုစုပေါင်း(၆)စင်းရှိရာ ဗိုလ်ချုပ်လမ်း၊ ဘုရင့်နောင်လမ်း၊ ဆိပ်ကမ်းသာလမ်းပေါ်မှာရှိတဲ့ တံတား (၃)စင်းဟာ လက်ရှိအခြေအနေအထိ ကောင်းမွန်လျက်ရှိပါတယ်။ ကျန်တံတား (၃)စင်းဖြစ်တဲ့ သြဘာလမ်းပေါ်မှာ တံတား (၄၁ ပေ × ၁၆ ပေ)မှာ ချောင်းရဲ့မြောက်ဘက်ကမ်း ကမ်းကပ်ခုံ ပျက်ပြီးတော့မှ ချောင်းအတွင်းသို့ လျှောကျပြီး နိမ့်ဝင်သွားသဖြင့် တံတား ကြမ်းခင်းတစ်ဖက် နိမ့်ကျနေသောကြောင့် ယာဉ်ကြီးများ ဖြတ်သန်းသွားလာခြင်း မရှိဘဲနဲ့ စက်ဘီး၊ ဆိုင်ကယ်ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာလျက်ရှိပါတယ်။ ဝေဇယန္တာ လမ်းပေါ်မှာရှိတဲ့ တံတား (60'× 14')ဟာဆိုလို့ရှိရင် တံတားရဲ့ကြံ့ခိုင်မှု အားနည်းနေသဖြင့် တံတားယက်မမှ ထုတ်တန်းများ ကွေးညွှတ်ပြီးတော့မှ တံတားရဲ့ကြမ်းခင်းမှာ နိမ့်ဝင်သွားတဲ့အတွက်ကြောင့်မို့ ယာဉ်ကြီးများ ဖြတ်သန်း သွားလာခြင်းမရှိဘဲနဲ့ စက်ဘီး၊ မော်တော်ဆိုင်ကယ်နဲ့ယာဉ်ငယ်များသာ ဖြတ်သန်း သွားလာလျက်ရှိပါတယ်။ နွားတောင်လမ်းပေါ်မှာရှိတဲ့ တံတား (ပေ ၆၀ × ၁၂ ပ) ရဲ့ တံတားဟာဆိုလို့ရှိရင် ယက်မနဲ့ကြမ်းခင်းများဟာ နှစ်ကာလကြာမြင့်ပြီ ဖြစ်တဲ့ အတွက်ကြောင့် ဆွေးမြေ့ပြီး ပျက်စီးစပြုနေတဲ့အတွက်ကြောင့်မို့ မော်တော် ယာဉ်ကြီးများ ဖြတ်သန်းသွားလာခြင်းမရှိဘဲ စက်ဘီး၊ မော်တော်ဆိုင်ကယ်နဲ့ ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာလျက်ရှိပါတယ်။ ဦးတင်မောင်မြင့်၊ ဖောင်းပြင် မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) မေးမြန်းထားတဲ့တံတားကတော့ ဝေဇယန္တာလမ်းပေါ်မှာရှိတဲ့ တံတားဖြစ်ပါတယ်။ မင်္ဂလာဥယျာဉ်ရပ်ကွက်နှင့် ညောင်ပင်သာရပ်ကွက် ဥပုသ်ချောင်းတံတားဟာဆိုလို့ရှိရင် ကွင်းဆင်းလေ့လာချက် အရ ပေ(60'×14') တံတား ဖြစ်ပါတယ်။ ကျွန်တော်တို့ တည်ဆောက်မယ်ဆိုလို့ ရှိရင် ကမ်းကပ်ခုံနဲ့ မူလကမ်းကပ်ခုံ တွဲဆက်မှု ဒါတွေကိုလည်း မရှိတော့ဘဲနဲ့ ပေ(60'×14')သံကူတံတား တည်ဆောက်ဖို့ရာအတွက် သင့်တော်တယ်ဆိုပြီး တော့မှ ကွင်းဆင်းတိုင်းတာချက်တွေကို တင်ပြထားတာရှိပါတယ်။ အဆိုပါ ပေ(60'×14')ကွန်ကရစ်တံတား တည်ဆောက်နိုင်ဖို့ရာအတွက် ဒေသန္တရစီမံကိန်း ထဲမှာ ထည့်သွင်းလျာထားပြီးတော့မှ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ မင်းကင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမြင့်ကျော်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။
။ လေးစားရပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကျော် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း(၁)ခုကို ဆွေးနွေးမေးမြန်းသွားမှာဖြစ်ပါတယ်။

မင်းကင်းမြို့နယ်ဟာ လုံခြုံရေးအခြေအနေဆိုးဝါးတဲ့ မြို့နယ်တွေထဲမှာ ပါပါတယ်။ မြို့နယ်အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများမလုပ်ရသည်မှာလည်း ကြာမြင့်ပြီဖြစ်သလို မြို့နယ်အတွင်းရှိ လမ်းတံတားများမှာလည်း အခြေအနေဆိုးဝါးစွာ ပျက်စီးနေပါတယ်။ ပျက်စီးနေတဲ့လမ်းတွေထဲက လုံခြုံရေး ကောင်းမွန်တဲ့ မြို့အတွင်းနှင့် အနီးအပါး ကျေးရွာတွေနှင့် ဆက်သွယ်ထားတဲ့လမ်းတွေလည်း ပါဝင်ပါတယ်။ အဲဒီလမ်းတွေကတော့ မင်းကင်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ တောင်တော်လမ်း၊ ဦးဖိုးကြောင်း နေအိမ်အရှေ့မှ ဦးသိန်းအောင်ကြီး နေအိမ်ရှေ့အထိ သုံးဖာလုံခန့်ပျက်စီးနေသည့် ကွန်ကရစ်လမ်း ပြန်လည်ပြင်ဆင်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ဖော်ပြပါလမ်းအတွက် သွားလာမှုအဆင်ပြေချောမွေ့ရေး အတွက် ဒေသဖွံ့ဖြိုးမှုကိုရှေးရှုပြီး ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။
။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး

လွတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့ ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေး ဝန်ကြီး ဒေါက်တာသောင်းနိုင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မင်းကင်းမြို့အမှတ်(၂)ရပ်ကွက်၊ တောင်တော်လမ်း၊ ဦးဖိုးကြောင်း နေအိမ်အရှေ့မှ ဦးသိန်းအောင်ကြီးနေအိမ်ရှေ့အထိ (၃)ဖာလုံ ပျက်စီးနေတဲ့ ကွန်ကရစ်လမ်း ပြန်လည်ပြုပြင်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းကို လွတ်တော်ကိုယ်စားလှယ် ဦးမြင့်ကျော်ရဲ့ မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌကြီးနှင့်လွတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

မင်းကင်းမြို့အမှတ်(၂)ရပ်ကွက်၊ တောင်တော်လမ်း၊ ကန်တော်မင်္ဂလာလမ်းလို့လည်းခေါ်ပါတယ်။ ဦးဖိုးကြောင်းရဲ့ နေအိမ်အရှေ့ကနေပြီးတော့မှ ဦးသိန်းအောင်ရဲ့ နေအိမ်အရှေ့အထိ (၃)ဖာလုံဟာ ပျက်စီးနေတဲ့ ကွန်ကရစ်လမ်းကို မင်းကင်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ကနေပြီးတော့မှ ကွင်းဆင်းတိုင်းတာတဲ့နေရာမှာ အဆိုပါ အိမ်နှစ်အိမ်ကြားမှာရှိတဲ့ မူလကွန်ကရစ်လမ်းဟာ ပေအရှည်(၁၈၉၀) အကျယ်ဟာ (၁၈)ပေ၊ အနက်က ပေ(၁၈၉၀)ရှိတဲ့ အနက်က (၆၇၀)ပေဟာ ကွန်ကရစ်လမ်းသားတွေပျက်စီးနေပြီးတော့မှ ပေ(၅၀၀)ဟာ တစ်စိတ်တစ်ပိုင်း အက်ကွဲပျက်စီးနေတာကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ကွန်ကရစ်ပျက်စီးနေတဲ့ စုစုပေါင်း(၁၁၇၀)ပေ၊ အကျယ်(၁၈)ပေအား ဒေသန္တရစီမံကိန်းများမှာ ထည့်သွင်းလျာထားပြီးတော့မှ ရန်ပုံငွေ ရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပြီ ဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌမှ အထူးကိစ္စရပ်များလေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ် (၆) ကိုဆောင်ရွက်သွားပါမယ်။

လွတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ က အရ အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အသီးသီးမှ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များ ပါဝင်ဖွဲ့စည်းခြင်း၊ အဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်က သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းမည့်အဖွဲ့မှာ လွှတ်တော်ကိုယ်စားလှယ် (၄)ဦး၊ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်(၂၄)ဦး စုစုပေါင်း(၂၈)ဦးဖြင့်ဖွဲ့စည်းမှာဖြစ်ပြီး ပေးပို့လာသည့် စာရင်းပေါ်မူတည်ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ ခ အရ လွှတ်တော်ကိုယ်စားလှယ်များထဲမှ အဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ရွေးချယ်သတ်မှတ်ပေးသွားရမှာ ဖြစ်ပါတယ်။ အဖွဲ့အနေနဲ့ လွှတ်တော်ကျင်းပချိန်မှာ လွှတ်တော်ကို တာဝန်ခံရမှာ ဖြစ်ပြီး လွှတ်တော်ကျင်းပချိန်မဟုတ်ရင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမှာ ဖြစ်ပါတယ်။ ထို့အပြင် အဖွဲ့၏ သက်တမ်းဟာ လွှတ်တော်၏ သက်တမ်းနှင့်အညီ (၅)နှစ်ဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ အဖွဲ့၏သက်တမ်း (၁)နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက အဖွဲ့ဝင်များကို သင့်တော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်ရမှာ ဖြစ်ပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ အထူးကိစ္စရပ်များလေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း

ဥက္ကဋ္ဌ။ ယခု အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ ဖွဲ့စည်းမှာဖြစ်ပါတယ်။ အဖွဲ့ရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားပေးဖို့ ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ။

အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေး ဆိုင်ရာ အဖွဲ့ ဖွဲ့စည်းနိုင်ရန်အတွက် အဖွဲ့ရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း

နှင့်စပ်လျဉ်းပြီး ကျွန်တော်ဖတ်ကြားတင်ပြသွားပါမယ်။ အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ဟာ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ ၈ အရ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဖြစ်ပါတယ်။

အဖွဲ့၏သက်တမ်း

အဖွဲ့၏ သက်တမ်းသည် တိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌသည် အဖွဲ့၏ သက်တမ်း(၁) နှစ်ပြည့်မြောက်သည့် အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက အဖွဲ့ဝင်များကို သင့်တော်သလို အစားထိုး လဲလှယ်တာဝန်ပေးအပ်ရမှာဖြစ်ပါတယ်။

အဖွဲ့၏တာဝန်များ

အဖွဲ့သည်-

(က) ဒို့တာဝန် အရေး(၃)ပါးကို အမျိုးသားရေးတာဝန်တစ်ရပ်ကဲ့သို့ လိုက်နာစောင့်ထိန်းရန်၊

(ခ) ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လိုက်နာစောင့်ထိန်းရန်၊

(ဂ) အထူးကိစ္စရပ်များ လေ့လာစုံစမ်း စိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။ မြို့နယ်အလိုက် ထူးခြားသော အခြေအနေများရှိလျှင် လိုအပ်သည့်နေရာများသို့ သွားရောက်လေ့လာ၍ အဖွဲ့တွင် အသေးစိတ်ဆွေးနွေး တင်ပြရမည်။

(ဃ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို လေ့လာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

(င) ယာယီနေရပ်စွန့်ခွာသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေး၊ သင့်တင့်သော ဝင်ငွေရရှိရေးစသည့် အခြေခံလူမှုစီးပွားဘဝလိုအပ်ချက်များအား လေ့လာသုံးသပ်၍ ပြန်လည်တည်ဆောက်ရေးအတွက် တင်ပြသွားရမည်။

(စ) သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သော နေရာများအား ပြန်လည်တည်ဆောက်ရေးအဖွဲ့ ကွင်းဆင်းလေ့လာသုံးသပ်ကာ ပြန်လည်တင်ပြသွားရမည်။

(ဆ) ကုန်စည်စီးဆင်းမှုများ သွက်လက်မြန်ဆန်ချောမွေ့စွာ သွားလာနိုင်ရေးကို ရှေးရှု၍ အထူးကိစ္စရပ်တစ်ရပ်အနေဖြင့် လေ့လာဆန်းစစ်ပြီး ပြည်သူများ ဈေးနှုန်းတည်ငြိမ်စွာ ဝယ်ယူနိုင်ရေးအတွက် လိုအပ်ချက်များကို ပေါင်းစပ် ဆောင်ရွက်သွားရမည်။

(ဇ) စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ဒေသအလိုက် သုတေသနပြုဖော်ထုတ် ဆောင်ရွက်သွားရမည်။

(စျ) နယ်မြေဒေသ လုံခြုံအေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဒေသခံ ပြည်သူများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရမည်။

(ည) သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် မပျက်စီးစေရေးအတွက် လိုအပ် သည့်အစီအမံများကို ဆက်စပ်ဌာနများနှင့် ဒေသခံ ပြည်သူများအကြား ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်သွားရမည်။

(ဋ္ဌ) ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့်အညီ စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော်မှ ဖွဲ့စည်းထားသည့် ကော်မတီနှင့်အဖွဲ့များက ဥပဒေ ရေးရာကိစ္စရပ်များနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အများပြည်သူ ဆိုင်ရာ ကိစ္စရပ်များနဲ့ပတ်သက်၍ အကြံဥာဏ်ကောက်ခံသည့်အခါ အကြံပြု ချက်များပေးရမည်။

(ဌ) တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက လုပ်ငန်းလိုအပ်ချက်များအရ အကြံဉာဏ် တောင်းခံသည့်အခါ အကြံပြုချက်များပေးရမည်။

အဖွဲ့သည် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၄ နှင့်အညီ ဖြေကြားနိုင်မည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ် နေသော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအား လည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

အဖွဲ့အစည်းအဝေးတွင် အဖွဲ့ဝင်(၁)ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ အဖွဲ့တွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော် လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ၊ အဖွဲ့အစည်းအဝေးမှ မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ အဖွဲ့က အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှ မှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။

လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့် အတူပူးတွဲ၍ အမှုတွဲဖြင့် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။ အဖွဲ့သည် ဆွေးနွေးရရှိသော မိမိအဖွဲ့ဆိုင်ရာလုပ်ငန်းများ အတွက် လုပ်ဆောင်ဖွယ်ရာများကို လိုအပ်သလိုဆက်လက်ဆောင်ရွက်နိုင်ရန် လွှတ်တော် ဥက္ကဋ္ဌထံသို့ ပေးပို့တင်ပြရမည်။ လွှတ်တော်သို့တင်ပြသော အခြေအနေဖြစ်က ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော်သို့တင်ပြရမည်။ သို့မဟုတ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းသို့ ဆက်လက်တင်ပြရန်လိုအပ်ပါက လွှတ်တော် ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော်ကဆက်လက်တင်ပြရမည်။

အဖွဲ့သည် တိုင်းဒေသကြီး လွှတ်တော်က အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

အဖွဲ့၏ လုပ်ပိုင်ခွင့်များ

အဖွဲ့သည် အစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပ ရမည်။

အဖွဲ့သည် အဖွဲ့လုပ်ငန်းများနှင့်စပ်လျဉ်း၍

(က) နိုင်ငံတော် တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်း စေမည့် အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ နိုင်ခွင့်ရှိသည်။

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေအကြံပြု ချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုများအပေါ် ပြင်ဆင်ရန် လိုအပ်ပါက သုံးသပ်ချက်နှင့်အတူ အကြံပြုချက်များကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

အဖွဲ့က အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍

(က) အဖွဲ့ဥက္ကဋ္ဌသည် အစီရင်ခံ စာမူကြမ်းကိုပြုစု၍ အဖွဲ့အစည်းအဝေးတွင် တင်ပြရမည်။

(ခ) အစီရင်ခံစာမူကြမ်းကို အဖွဲ့ကသဘောတူလျှင် အဖွဲ့ဥက္ကဋ္ဌသည် အစီရင် ခံစာကို လက်မှတ်ရေးထိုး၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဂ) အဖွဲ့ဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် သဘာပတိတာဝန်ထမ်းဆောင်သော ကော်မတီဝင် (၁)ဦးကသော်လည်းကောင်း လက်မှတ်ရေးထိုး တင်ပြနိုင်သည်။

(ဃ) အစီရင်ခံကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) အဖွဲ့သည်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များအပေါ် မူတည်၍ လုံခြုံမှုအဆင့်အတန်းကို သတ်မှတ်ဆောင်ရွက်နိုင်သည်။

(စ) လွှတ်တော်ဥက္ကဋ္ဌ၏ သီးခြား ညွှန်ကြားချက်မရှိလျှင် ဆောင်ရွက်သော လုပ်ငန်းနှင့်စပ်လျဉ်းသော အဖွဲ့၏ အစီရင်ခံစာကို ပြုစုပြီးသည့်နေ့မှစ၍ (၇)ရက်အတွင်း ရုံးပိတ်ရက်များမပါ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဆ) လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်းခံရသူက အဖွဲ့၏အစီရင်ခံစာကို လွှတ်တော်တွင် တင်ပြရမည်။

အဖွဲ့ဝင်များသည်

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွှတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့် ရှိသည်။

(ခ) အဖွဲ့ဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြ လျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

ရပိုင်ခွင့်နှင့် အခွင့်အရေးများ။

(က) အဖွဲ့ဝင်များသည် အဖွဲ့လုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် အဖွဲ့အစည်းအဝေး တက်ရောက်ရန်နှင့် အခါအားလျော်စွာခေါ်ယူသော အစည်းအဝေးများ တက်ရောက်ခြင်း လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားရောက်ခြင်း၊ ခရီးစရိတ်နှင့် နေ့တွက်စရိတ်များကို ဥပဒေပါ ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် အခြားရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

အဖွဲ့ဝင်များသည်

(က) အဖွဲ့အစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့် ရှိသည်။

(ခ) အဖွဲ့အစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်နှင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမှီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အဖွဲ့အစည်းအဝေးများသို့ တက်ရောက် ခွင့်ရှိသည်။

အဖွဲ့ဝင်ဦးရေကို တိုးခြင်း၊ လျှော့ခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်း

အဖွဲ့ဝင်ဦးရေကို တိုးခြင်းလျှော့ခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်းများအတွက် လွှတ်တော်ဥက္ကဋ္ဌသည် -

(က) လွှတ်တော်အစည်းအဝေး ကျင်းပသည့်ကာလဖြစ်ပါက လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်နိုင်သည်။

(ခ) လွှတ်တော်အစည်းအဝေး ရပ်နားထားသည့်ကာလဖြစ်ပါက လိုအပ်သလို ဆောင်ရွက်ပြီး အနီးကပ်ဆုံးကျင်းပသည့် လွှတ်တော်အစည်းအဝေးတွင် အတည်ပြုချက်ရယူရမည်။

ယခု ကျွန်တော်ဖတ်ကြားတင်ပြသွားတဲ့ အထူးကိစ္စရပ်များ လေ့လာ စုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများဟာ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကောက်နုတ်ချက် များဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ။

အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေး ဆိုင်ရာ အဖွဲ့ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာ အဖွဲ့ကို ယခုတင်ပြမည့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိ/မြို့ဖ(၂၅)ဦးဖြင့် ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ပါဝင်ဖွဲ့စည်းရန်လျာထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများကတော့-

(၁) ဦးမင်းမင်းဇေယျာမြင့်၊ စစ်ကိုင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)
(၂) ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၃) ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)
(၄) ဦးဌေးအောင်၊ ကလေးမြို့
(၅) ဦးသန်းအေး၊ ကလေးမြို့
(၆) ဦးတင်ဝင်း၊ ကသာမြို့
(၇) ဦးစိန်ထွန်း၊ ကသာမြို့
(၈) ဦးစိုးနိုင်၊ စစ်ကိုင်းမြို့
(၉) ဦးရဲမြင့်အောင်၊ စစ်ကိုင်းမြို့
(၁၀) ဦးဟန်ဇော်ထွန်း၊ မုံရွာမြို့
(၁၁) ဦးမျိုးဝင်းကြီး၊ မုံရွာမြို့
(၁၂) ဦးထွန်းထွန်းဦး၊ မုံရွာမြို့
(၁၃) ဦးကျော်စိုး၊ မုံရွာမြို့
(၁၄) ဦးသိန်းဇော်၊ မော်လိုက်မြို့
(၁၅) ဦးခင်မောင်ဆွေ၊ ဟုမ္မလင်းမြို့
(၁၆) ဦးမောင်ဆွေ၊ ယင်းမာပင်မြို့
(၁၇) ဦးစိုးမြင့်၊ ရွှေဘိုမြို့
(၁၈) ဦးကျော်ဝင်း၊ ကောလင်းမြို့
(၁၉) ဦးတင်မြင့်၊ တန့်ဆည်မြို့
(၂၀) ဦးရှိသီး၊ လေရှိုးမြို့
(၂၁) ဦးခင်မောင်ရွှေ၊ တမူးမြို့
(၂၂) ဦးသန်းစိန်၊ ကန့်ဘလူမြို့
(၂၃) ဦးညဏ်တင့်၊ ကန့်ဘလူမြို့

(၂၄) ဦးစိန်သောင်း၊ ထီးချိုင့်မြို့

(၂၅) ကြည်း-၄၁၂၇၂ ဗိုလ်မှူးကြည်သာအောင်၊ တပ်မတော်သားလွတ်တော်ကိုယ်စားလှယ်တို့ဖြစ်ကြပါတယ်။

ယခု တင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိ/မြို့ဖ(၂၅)ဦး ထဲမှ အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဦးမင်းမင်းဇေယျာမြင့်၊ စစ်ကိုင်းမြို့နယ် တိုင်းဒေသကြီးကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူး(၁)အဖြစ် ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ် တိုင်းဒေသကြီးကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူး(၂)အဖြစ် ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)တို့ကို တာဝန်ပေးအပ်သွားမှာဖြစ်ပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၂)ရက်(သောကြာနေ့) ညနေ(၁၆း၃၀)နာရီအချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံးအကြီးအမှူးထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခု တတိယအကြိမ် စစ်ကိုင်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၂)ရက်၊ (သောကြာနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(တူထုသည်)

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျာ။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျာ။

{တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို (၁၁း၀၇)နာရီအချိန်တွင် ရပ်နားပါသည်။}

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှတ်တမ်း
၁၃၈၈ ခု၊ နယုန်လပြည့်ကျော် ၁၃ ရက်
(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်) (သောကြာနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက်(၁၀:၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

{အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌ တက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက်ပါသည်။}

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်များကို စတင်ပါတော့မယ်ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျာ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထိုင်နိုင်ကြပါပြီခင်ဗျာ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့မှာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များစီစစ်ရေးနှင့် လွှတ်တော်အဆွင့်အရေးဆိုင်ရာကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးရှိတဲ့အနက် (၇၅)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ (၈၈.၂၄)ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၃၄(ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ နည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အဆိုပါအစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေး တက်ရောက်နိုင်မှုအခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ကို ဆောင်ရွက်ပါမယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီမှ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

ဗိုလ်မှူးအောင်ကိုကိုဝင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။ တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။

ယနေ့ ၂၀၂၆ခုနှစ်၊ ဇွန်လ(၁၂)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်နိုင်ခြင်းမရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှု အခြေအနေအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေး ဆိုင်ရာကော်မတီမှ ကျွန်တော် ပြန်တမ်းဝင်အမှတ်၊ ကြည်း-၅၀၉၂၉၊ ဗိုလ်မှူးအောင်ကိုကိုဝင်းမှ အောက်ဖော်ပြပါ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များအတွက် ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်-

(၁) ဦးအောင်ဇော်ဦး၊ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး

(၂) ဦးငွန်ဘွလ်ထန်၊ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး၊

(၃) ဦးစိန်ဖေ၊ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး၊

(၄) ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)တို့သည် ၎င်းတို့ကိုယ်တိုင်ဆောင်ရွက်ရမည့် ကိစ္စရပ်များဆောင်ရွက်ရန်ရှိသဖြင့် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေး(ဆဋ္ဌမနေ့)သို့ တက်ရောက်ရန် ပျက်ကွက်ခြင်းကို ၎င်းတို့၏ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်(၈၅)ဦး ရှိသည့်အနက် ယခင်နေ့က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၆)ဦး၊ ယနေ့အစည်းအဝေးသို့ ပြန်လည်တက်ရောက်သူ မရှိပါ။ ယနေ့ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၄)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၁၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါ့မယ်။ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။ (သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကသဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅) ကို ဆက်လက်ဆောင်ရွက်သွားပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ ပထမဦးစွာ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်

အမှတ်(၂)မှ ဒေါ်ကြူကြူစိန်အား ခွင့်ပြုမေးခွန်း(၂)ခုကို တစ်ဆက်တစ်စပ်တည်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂)။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံး အကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါ စေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဒေါ်ကြူကြူစိန် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသထွက်ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် အဆင်ပြေချောမွေ့လွယ်ကူလုံခြုံမြန်ဆန်စွာ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ စစ်ကိုင်းတိုင်းဒေသကြီးသည် ဒေသထွက်ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းဟူ၍ နည်းလမ်း(၃)သွယ်ဖြင့် သယ်ယူပို့ဆောင်နိုင်ခဲ့တဲ့ တိုင်းတစ်တိုင်း ဖြစ်ပါတယ်။ ကုန်းလမ်းနှင့်ရေလမ်းကို အဓိကထားအသုံးပြုသူ များပြားသည် ကိုလည်းတွေ့ရှိရပါတယ်။ ယခင်က ဒေသထွက်ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် ကုန်စည်များ သယ်ယူပို့ဆောင်မည့် မြို့ရွာများမှ မည်သည့်မြို့ရွာကိုမဆို သက်သာသော ဈေးနှုန်းဖြင့် သယ်ယူပို့ဆောင်နိုင်ခြင်း၊ ဒေသထွက်ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် လုံခြုံမှုရှိခြင်း၊ လမ်းခရီးတွင် ကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာ ရောက်ရှိသည့်အတွက် ဒေသထွက်ကုန်စည်များ လေလွင့်မှု မရှိခြင်းနှင့် ကုန်စည်များ ပြန်လည်ရောင်းချရာတွင်လည်း သက်သာသော ဈေးနှုန်းဖြင့် သယ်ယူပို့ဆောင်ရသဖြင့် ဒေသထွက်ကုန်စည်များကို ပြန်လည် ရောင်းချရာတွင်လည်း ပြည်သူများအနေဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို မခံစားရခြင်း၊ စိုက်ပျိုးရောင်းချသော တောင်သူများအနေဖြင့်လည်း သယ်ယူ ပို့ဆောင်စရိတ်များ သက်သာသဖြင့် အကျိုးအမြတ်များ ပြည့်ဝစွာရရှိခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားကြရပါတယ်။ ယခုအခါ ဒေသထွက် ကုန်စည်များ

ကားဖြင့် သယ်ဆောင်ရာတွင် လမ်းခရီး၌ ဂိတ်များ၊ အဖွဲ့များ များပြားနေပြီး ဂိတ်နှင့်အဖွဲ့များကို ပေးဆောင်ရသည်များရှိသည့်အတွက် ဒေသထွက်ကုန်စည်များ သယ်ယူပို့ဆောင်သူများမှ တန်ဆာခများ များပြားစွာကုန်ကျခြင်းများကြောင့် ဒေသထွက် စိုက်ပျိုးလုပ်ကိုင်နေသူများအနေဖြင့်လည်း ထိုက်တန်သည့် အကျိုး အမြတ်များကို မခံစားရခြင်း၊ အခြားဒေသထွက်ကုန်စည်များကို ဈေးကြီးပေး၍ အသုံးပြုနေရခြင်းတို့ကြောင့် မိသားစုစားဝတ်နေရေးခက်ခဲနေခြင်း၊ စသည်တို့ကို မြင်တွေ့ကြားသိနေရပါတယ်။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဒေသထွက်ကုန်စည်များ သယ်ယူပို့ဆောင်ရာတွင် အဆင်ပြေချောမွေ့လွယ်ကူလုံခြုံမြန်ဆန်စွာ သယ်ယူ ပို့ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအနေဖြင့် အမြန်ဆုံးဆောင်ရွက်ပေး နိုင်ခြင်းရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူများကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းအနေဖြင့် မုံရွာမြို့နယ်လဝကရုံးအနေဖြင့် မှတ်ပုံတင် ပြုလုပ်ရာ၌ အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအတွင်းသို့ ကွင်းဆင်းပြီး One Stop Service ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ပြည်သူများကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

မုံရွာမြို့ရှိ ပြည်သူများအနေဖြင့် အသက်(၁၀)နှစ်နှင့်အထက် မှတ်ပုံတင် အသစ်များပြုလုပ်ခြင်း၊ အသက်(၁၈)နှစ်ပြည့်၊ အသက်(၃၀)နှစ်ပြည့်၊ အသက် (၄၅)နှစ်ပြည့် မှတ်ပုံတင်လဲလှယ်ခြင်း၊ ဟောင်းနွမ်းပျက်စီးပျောက်ဆုံးမှတ်ပုံတင် များကို အသစ်လဲလှယ်မိတ္တူထုတ်ပေးခြင်း၊ အိမ်ထောင်စုဇယားအသစ်ပြုလုပ်ခြင်း၊ နယ်ပြောင်းဝင်၊ နယ်ပြောင်းထွက်ခြင်း၊ သေဆုံးသူအမည်စာရင်း ပယ်ဖျက်ခြင်း၊ မွေးဖွားသူအမည်စာရင်းတိုးခြင်းနှင့် UID ကတ်များပြုလုပ်ခြင်း စသည့်လုပ်ငန်း များကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊မြို့နယ်ဦးစီးမှူးရုံးများ အခြေပြုရာ နေရာများကို သွားရောက်လုပ်ကိုင်ဆောင် ရွက်ရပါတယ်။,

ယင်းသို့ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အဆင့်ဆင့်တွေ များပြားခြင်း၊ ကြန့်ကြာခြင်းများ ကြုံတွေ့နေရပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား

ဝန်ကြီးဌာန၊ မြို့နယ်ဦးစီးရုံးများရှိရာ မြို့နယ်စုပေါင်းရုံးရှေ့နှင့် လမ်းများပေါ်တွင် သုံးဘီးကားများ၊ မော်တော်ယာဉ်ဆိုင်ကယ်များ၊ ခါတော်မှီ ပုံကျစေ့းသည်များနှင့် ရှုပ်ထွေးလျက်ရှိပါတယ်။ သက်ဆိုင်ရာရုံးများမှာလည်း ရက်ကြာကြာ ခပ်ခွာခွာ ချိန်းဆိုသော ရက်ချိန်းများကြောင့် လာရောက်ဆက်သွယ် လုပ်ဆောင်နေသည့် ပြည်သူတွေရဲ့ တစ်နေ့တာ လူမှုအကျိုးစီးပွားလုပ်ငန်းများ ထိခိုက်နစ်နာမှုများရှိနေသလို ရုံး၏ပတ်ဝန်းကျင်အနီး ဘေးကင်းလုံခြုံမှုကိုလည်း တစ်ရက်မဟုတ် တစ်ရက် ထိခိုက်လာနိုင်ပါတယ်။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများအတွင်းသို့ ကွင်းဆင်းပြီး စုရပ်/ဆုံရပ်များ စီမံအုပ်ချုပ်မှုကောင်းသော အစီအစဉ်များပါဝင်သည့် One Stop Service ဝန်ဆောင်မှုလုပ်ငန်းများဖြင့် ပြည်သူတွေကို အကူအညီပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း ရပ်ကွက်/ကျေးရွာ ပြည်သူများကိုယ်စားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက မေးခွန်း(၂)ခု ကို တစ်ဆက်တစ်စပ်တည်း ဖြေကြားရန် ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးဝင်းတင့်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒု-ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျာ။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်ကြူကြူစိန်ရဲ့ မေးခွန်းများအပေါ် လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။

ပထမမေးခွန်းအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အစိုးရအနေဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်ရာမှာ လမ်းခရီးခွဲ စစ်ဆေးရေးဂိတ်များ၊ လုံခြုံရေးအဖွဲ့များအား ငွေကြေးကောက်ခံမှုမရှိစေရေးအတွက် သက်ဆိုင်ရာ နာဂကိုယ်ပိုင်

အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများသို့ လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ သက်ဆိုင်ရာကွပ်ကဲမှု ဌာနချုပ်နဲ့တပ်နယ်များသို့လည်းကောင်း ညွှန်ကြားချက်များထုတ်ပြန်ပြီး အကြိမ်ကြိမ် ညွှန်ကြားထားရှိပြီးလည်းဖြစ်ပါတယ်။ လုံခြုံရေးအဖွဲ့ဝင်များအနေဖြင့် ဖြတ်သန်း သွားလာတဲ့ ကုန်ပစ္စည်းများအား ငွေကြေးကောက်ခံမှုမရှိစေရေး၊ ကောက်ခံပါက ပြင်းပြင်းထန်ထန် ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ကိုလည်း ၂၀၂၅ ခုနှစ်၊ ဧပြီလ(၁၇)ရက်နေ့မှာ (၁)ကြိမ်၊ ဇွန်လ(၂၁)ရက်နေ့မှာ (၁)ကြိမ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့မှာ (၁)ကြိမ်၊ ၂၀၂၆ ခုနှစ်၊ မတ်လ(၁၀)ရက်နေ့မှာ (၁)ကြိမ် စုစုပေါင်း (၄)ကြိမ် လုံခြုံရေး ဆောင်ရွက်လျက်ရှိတဲ့ အရာရှိစစ်သည်များနှင့် ဌာနဆိုင်ရာများ သိရှိကြောင်း၊ အကြိမ်ကြိမ်သတိပေးပြီးတော့ လက်မှတ်ရေးထိုး မှတ်တမ်းထားရှိပါ တယ်။ ငွေကြေးကောက်ခံမှုနှင့်ပတ်သက်၍လည်း တာဝန်ရှိသူ အရာရှိ(၇)ဦး၊ အခြားအဆင့်(၁)ဦး စုစုပေါင်း(၈)ဦးအား စစ်စည်းကမ်းအရ ထိရောက်စွာ အရေးယူထားပြီးလည်းဖြစ်ပါတယ်။ ထို့အပြင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း(၃)ဦး၊ ရဲတပ်ဖွဲ့ဝင်(၄၀ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာနမှ(၁)ဦး၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်း(၁)ဦး၊ အကောက်ခွန်ဦးစီးအရာရှိ (၁)ဦး၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်(၁)ဦး စုစုပေါင်း(၁၁)ဦးအား ဝန်ထမ်းစည်းမျဉ်း စည်းကမ်းအရလည်း အရေးယူဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ အများပြည်သူ များအနေဖြင့် ပူးပေါင်းဂိတ်များမှ တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင် မှုရှိ/မရှိစစ်ဆေးမှုများကို ကြည်ဖြူစွာစစ်ဆေးခြင်းကို ပူးပေါင်းဆောင်ရွက်ပေးပါ ရန်နှင့် ငွေကြေးကောက်ခံလာပါက သက်ဆိုင်ရာဂိတ်များတွင် တာဝန်ရှိသူများသို့ တိုင်ကြားနိုင်ရန် ဖုန်းနံပါတ်များ မြင်သာအောင် ဗဟိုနိုင်းချိတ်ဆွဲထားရှိပါသဖြင့် တိုင်ကြားခြင်းဖြင့် ကူညီပေးပါရန်လည်း တင်ပြလိုပါတယ်။

လမ်းတစ်လျှောက် အကြမ်းဖက်သောင်းကြမ်းသူများမှ ဂိတ်များဖွင့်လှစ်ကာ ငွေကြေးကောက်ခံမှုများ သိရှိပါကလည်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မိတ်ဖက်အဖွဲ့များအနေဖြင့် အကြမ်းဖက်သောင်းကြမ်းသူများအား အခြေပြု၍ မရအောင် ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါ တယ်။

ဆက်လက်ပြီး ဒုတိယမေးခွန်းအား ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဖြေကြားသွားမှာဖြစ်ပါတယ်။ မုံရွာမြို့ဟာ ရပ်ကွက်(၃၁)ရပ်ကွက်၊ ကျေးရွာအုပ်စု(၅၄) အုပ်စု၊ ကျေးရွာ(၁၇၁)ရွာ၊ အိမ်ထောင်စု(၁၁၁၀၀၀)ကျော်၊ လူဦးရေ(၃၅၃၀၀၀)ကျော်ဖြင့် နေထိုင်တဲ့မြို့ဖြစ်ပါတယ်။ မုံရွာမြို့အတွင်းမှာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက သက်ဆိုင်တဲ့လုပ်ငန်းများအား လူဝင်မှုစုပေါင်းရုံးနှင့်ဌာနဆိုင်ရာရုံးများ၊ လုံခြုံရေးကောင်းမွန်တဲ့ ပြည်သူသွားလာနိုင်တဲ့ အားကစားရုံများမှာ OneStop Service ဖြင့် မုံရွာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန တာဝန်ရှိသူများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆောင်ရွက်ပေးမှု အခြေအနေများကိုလည်း ဆိုရှယ်မီဒီယာမှတစ်ဆင့် ပြည်သူများအား အသိပေးခဲ့တဲ့အတွက် ယခုကာလအတွင်း ပြည်သူများမှ အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား (၃၆၂)ဦး၊ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား(၃၁၁)ဦး၊ အသက်(၁၀)ပြည့်မှ (၁၈)ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား လဲလှယ်ထုတ်ပေးသူ(၅၃၆)ဦး၊ နိုင်ငံ သားစိစစ်ရေးကတ်ပြား ပျောက်ဆုံးပျက်စီး ဟောင်းနွမ်းဆွေးမြေ့ မထင်ရှားဖြစ်၍ မိတ္တူထုတ်ပေးသူ(၆၇၁)ဦး၊ မွေးဖွားကြောင်း မှတ်ပုံတင်သူ(၇၃၉)ဦး၊ သေစာရင်းပယ်ဖျက်သူ(၇၈)ဦး၊ အိမ်ထောင်စုအတွင်း ပြောင်းဝင်လာသူ(၁၇၂)ဦး၊ အိမ်ထောင်စုအတွင်းမှ ပြောင်းထွက်သွားသူ(၁၀၇)ဦးတို့အား ရုံးပိတ်ရက်များအပါ အပြီးဆောင်ရွက်ပေးလျက် ရှိပါတယ်။

၂၀၂၆ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့မှစ၍ အသက်(၁၀)နှစ်ပြည့်နှင့် အသက်(၁၈)နှစ်အောက် နိုင်ငံသားများအား တိုင်းဒေသကြီးပညာရေးမှူးရုံးနှင့် ပေါင်းစပ်ညှိနှိုင်း၍ စာရင်းရယူကာ လမင်းစီမံချက်ဖြင့် အခြေခံပညာကျောင်းများမှာ မြေပြင်ကွင်းဆင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်းလုပ်ငန်းအား အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံထားရှိပြီးလည်းဖြစ်ပါတယ်။ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနအနေဖြင့် သက်ဆိုင်တဲ့လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပေးရန်ဖိတ်ခေါ်တဲ့ ရပ်ကွက်/ကျေးရွာများရှိပါက ကွင်းဆင်းဆောင်ရွက်ပေးနိုင်ရေး လုံခြုံရေးအစီအမံများရေးဆွဲကာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁)မှ ဦးထိန်မင်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဝန်းသိုမြို့နယ်၊ အမှတ်(၁)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထိန်မင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မြို့နယ်များအနေဖြင့် အာဏာထိမ်း အစိုးရသက်တမ်း (၅)နှစ်ကာလအတွင်းမှာ ဖြစ်ပေါ်နေသော နိုင်ငံရေးအခင်းအကျင်းကြောင့် နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစား ဝန်ထမ်းပင်စင်လစာများ လစဉ်ပုံမှန်မရရှိဘဲ (၂)လ၊ (၃)လကြာမှ ရရှိနေတာကို ကိုယ်စားလှယ်ကြီးများအားလုံးသိရှိပြီးဖြစ်ပါတယ်။ ယခု အစိုးရသစ်ကာလမှာလည်း လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ မြို့နယ်များမှာ နိုင်ငံ့ဝန်ထမ်းလစာများ၊ အငြိမ်းစားပင်စင်လစာများ၊ လစဉ်ပုံမှန် သတ်မှတ်ရက်များမှာ ထုတ်ယူခွင့် မရရှိသေးကြောင်း သိရှိရပါတယ်။

နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအနေဖြင့် မိမိတို့မိသားစုစားဝတ်နေရေးအတွက် ဝန်ထမ်းလစာ၊ ပင်စင်လစာများကို မှီခိုအားထားနေရသည့်အတွက် လစဉ်သတ်မှတ်ရက်များအတွင်း ပုံမှန်ထုတ်ယူခွင့်ရရှိရေး မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး(ကိုယ်စား) ဦးဆန်းဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံး မင်္ဂလာပါ ခင်ဗျာ။ ယနေ့လွှတ်တော်အစည်းအဝေးသို့ ကြွရောက်လာကြပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၊

အခမ်းအနားသို့ တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်းဖြစ်ပါတယ်။ ယနေ့မေးတဲ့ မေးခွန်းမှာ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဖြေကြားရမဲ့ မေးခွန်းအဖြေကို လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော်က (ကိုယ်စား) ဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဝန်းသိုမြို့၊ မဲဆန္ဒနယ်အမှတ်(၁)၊ ဦးထိန်မင်းရဲ့ မေးခွန်းဖြစ်တဲ့ နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအနေဖြင့် မိမိတို့မိသားစုစားဝတ်နေရေးအတွက် ဝန်ထမ်းလစာ၊ ပင်စင်လစာများကို မှီခိုအားထားနေရတဲ့အတွက် လစဉ်သတ်မှတ်ရက်တွေမှာ နိုင်ငံ့ဝန်ထမ်းလစာများ၊ အငြိမ်းစားပင်စင်လစာများ ပုံမှန်ထုတ်ယူခွင့်ရရှိရေး မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်း မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

နိုင်ငံ့ဝန်ထမ်းများ၊ အငြိမ်းစားဝန်ထမ်းများအနေနဲ့ လစဉ်သတ်မှတ်ရက်တွေမှာ နိုင်ငံ့ဝန်ထမ်းလစာများ၊ အငြိမ်းစားပင်စင်လစာများ ထုတ်ယူခွင့်ရရှိရေးအတွက် မြန်မာ့စီးပွားရေးဘဏ်မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလာတဲ့ ဘဏ္ဍာငွေသယ်ယူခွင့်ကိစ္စရပ်များအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောထားနှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ကာကွယ်ရေးဦးစီးချုပ်ရုံးသို့ ဆက်လက်တင်ပြခဲ့ပါတယ်။ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အနောက်မြောက်တိုင်း စစ်ဌာနချုပ်သို့ ညွှန်ကြားဆောင်ရွက်ခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ အချိန်မီ နိုင်ငံ့ဝန်ထမ်းလစာနှင့် အငြိမ်းစားပင်စင်လစာများ သက်ဆိုင်ရာဘဏ်များတွင် ရောက်ရှိရေးအတွက် သင့်ရာနည်းလမ်းဖြင့် ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဘဏ်များသို့ ရောက်ရှိပါက နိုင်ငံ့ဝန်ထမ်းလစာများနှင့် အငြိမ်းစားပင်စင်လစာများကို သတ်မှတ်ရက်အတွင်း အချိန်မီထုတ်ပေးရန် ညွှန်ကြားထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ တမူးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ် (၁)မှ ဦးခင်မောင်လွင်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးခင်မောင်လွင်၊ တမူးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ် (၁)။ လေးစားအပ်ပါသော တိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌနှင့် လွတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးခင်မောင်လွင်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်း(၁)ခု တင်သွင်းဆွေးနွေးသွားမှာဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်တို့ တမူးမြို့နယ်အတွင်း ပညာရေးကျောင်းများတွင် နိုင်ငံတော်မှ ထောက်ပံ့ခဲ့သည့် ပုံနှိပ်စာအုပ်နဲ့ စာရေးကိရိယာများအကြောင်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ တမူးခရိုင်အတွင်း အခက်အခဲအမျိုးမျိုးကြောင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်မှစပြီး ၂၀၂၄-၂၀၂၅ပညာသင်နှစ်အထိ မြို့ပေါ်ပညာရေးကျောင်းများနှင့် ဟဲဇင်းကျေးရွာရှိ ပညာရေးကျောင်းများသာ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၌သာ နိုင်ငံတော်မှထောက်ပံ့ပေးသည့် ပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများသည် ယခင်နှစ်လက်ကျန်ပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများကိုသာ လက်ကျန်ရှိသလောက် အခမဲ့ထောက်ပံ့ပေးနိုင်ခဲ့ပြီး ကျောင်းသူ/ကျောင်းသားအားလုံးကို လောက်ငှအောင် ဆောင်ရွက်မပေးနိုင်ခဲ့ပါ။ နောင်နှစ်များမှစ၍ ကလေး-တမူးကားလမ်းကို အခြားအဖွဲ့အစည်းများက စိုးမိုးထားသဖြင့် ပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများသယ်ယူ၍ မရတော့ပါ။ ကျောင်းသူ/ကျောင်းသားများအား နိုင်ငံတော်မှအခမဲ့ ထောက်ပံ့ပေးသော ပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများကို မရရှိသည်မှာ (၅)နှစ်ရှိပါပြီ ကျောင်းသူ/ကျောင်းသားများနှင့် မိဘများ အခက်အခဲဖြစ်ပြီး နစ်နာမှုများရှိခဲ့ပါသည်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

မကြာမီတွင် ၂၀၂၆-၂၀၂၇ပညာသင်နှစ် စတင်ဖွင့်လှစ်တော့မှာ ဖြစ်သည့် အတွက် တမူး-ကလေးကားလမ်း အဆင်ပြေလုံခြုံစွာသွားလာခွင့်ရမှသာ ကလေးမြို့မှနေ၍ နိုင်ငံတော်မှအခမဲ့ ထောက်ပံ့ပေးသော ကျောင်းသူ/ကျောင်းသားများအတွက် ပုံနှိပ်စာအုပ်နဲ့ စာရေးကိရိယာများ သယ်ယူနိုင်မည်ဖြစ်ပါတယ်။ လမ်းခရီးအဆင်မပြေပါက ကျောင်းသားတစ်ဦးစီအတွက် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသောပစ္စည်းများ၏ တန်ဖိုးများနဲ့ညီမျှသော သင့်ငွေကို ကူညီထောက်ပံ့သင့်သည်ဟု ထင်မြင်ယူဆမိပါတယ်။

ကျွန်တော်မေးမြန်းလိုတာကတော့ နိုင်ငံတော်မှ ကျောင်းသူ/ကျောင်းသားများအား အခမဲ့ထောက်ပံ့ပေးသော ပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများအား တမူးမြို့သို့ ရောက်ရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ၊ မဆောင်ရွက်ပေးနိုင်ပါက ၄င်းပစ္စည်း တန်ဘိုးနှင့်ညီမျှသော တန်ဘိုးငွေအား ကူညီထောက်ပံ့ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားရပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သ အပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး၊ ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တမူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်၏ တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

နိုင်ငံတော်မှ ကျောင်းသူ/ကျောင်းသားများအား အခမဲ့ထောက်ပံ့ပေးလျက်ရှိသော ပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများအား တမူးမြို့သို့ ရောက်ရှိရေးအတွက် ရနိုင်သမျှသော နည်းလမ်းများအသုံးပြု၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ ၂၀၂၄-၂၀၂၅ပညာသင်နှစ်နှင့် ၂၀၂၅-၂၀၂၆

ပညာသင်နှစ်များတွင် တမူးခရိုင်အတွက် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသော ကျောင်းသုံးပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ပေးသော လုံခြုံရေးပါသဘော်ဘားဖြင့် မန္တလေးမြို့ ဂေါဝိန်ဆိပ်ကမ်းမှ ကလေးဝဆိပ်ကမ်းထိ လည်းကောင်း၊ ကလေးဝဆိပ်ကမ်းမှ ကလေးခရိုင် ဂိုထောင်ထိလည်းကောင်း ပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။ ၎င်းမှတစ်ဆင့် ကလေးမှ တမူးသို့သွားလာနေသော ခရီးသည်တင်ယာဉ်ကားများ၊ ကုန်တင်ကားများတွင် သိုဝှက်၍ ပို့ဆောင်ခြင်း၊ ရဟတ်ယာဉ်အကြုံဖြင့် ပို့ဆောင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ လမ်းခရီးမှာ မသမာသူအဖျက်သမားများမှ ရှာဖွေတွေ့ရှိသွားပါကလည်း ဖျက်ဆီးခံရသည့် သာဓကများ၊ ဖြစ်စဉ်များလည်း ရှိခဲ့ဖူးပါတယ်။ သို့ဖြစ်ပါ၍ အချို့သော ပစ္စည်းများကို လမ်းခရီးလုံခြုံရေးအခက်အခဲကြောင့် ပေးပို့နိုင်ခြင်းမရှိဘဲ ကလေးခရိုင်ဂိုထောင်များတွင် သိမ်းဆည်းထားရှိကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသော ကျောင်းသုံးပစ္စည်းများကိုလည်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ပေးသော လုံခြုံရေးပါသဘော်ဘားဖြင့် မန္တလေးဂေါဝိန်ဆိပ်ကမ်းနှင့် မုံရွာဆိပ်ကမ်းအသီးသီးတို့မှတင်ဆောင်၍ ကလေးဝဆိပ်ကမ်းအထိလည်းကောင်း၊ ကလေးဝဆိပ်ကမ်းမှ ကလေးခရိုင် ဂိုထောင်ထိလည်းကောင်း ပို့ဆောင်၍ စီစဉ်ထားပြီးဖြစ်ပါတယ်။ လမ်းခရီးလုံခြုံရေးကောင်းမွန်ပါက ကလေးခရိုင်ဂိုထောင်မှ တမူးခရိုင်ထိ ဆက်လက် ပို့ဆောင်ပေး သွားမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

လမ်းခရီးလုံခြုံရေးအခြေအနေများကြောင့် တမူးမြို့သို့ ပေးပို့ဖြန့်ဝေနိုင်ခြင်းမရှိသော ကျောင်းသုံးပစ္စည်းများအတွက် ၎င်းပစ္စည်းတန်ဖိုးနှင့်ညီမျှသော တန်ဖိုးငွေအား ကူညီထောက်ပံ့ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ဦးတင်ဝင်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးတင်ဝင်း၊ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်

အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ၊ အစည်းအဝေးသို့လာရောက်ကြသော မဲဆန္ဒရှင်ပြည်သူများနှင့် သတင်းမီဒီယာများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ အရာတော်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးတင်ဝင်း ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းဆွေးနွေးလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ အရာတော်မြို့နယ်ဟာ ရပ်ကွက်၊ ကျေးရွာ၊ အုပ်စုပေါင်း(၄၂)အုပ်စု၊ ရွာပေါင်း(၁၅၅)ရွာ ရှိပါတယ်။ ၂၀၂၂ ခုနှစ်၊ စာရင်းအရ အိမ်ထောင်စုပေါင်း(၃၉၀၆၆)အိမ်၊ လူဦးရေ စုစုပေါင်း(၁၈၂၅၄၃)ယောက် နေထိုင်ပါတယ်။ ဒါ့အပြင် ၁၉၈၆ ခုနှစ်မှာ မြန်မာနိုင်ငံတစ်နိုင်ငံလုံးအနေဖြင့် ကမ္ဘာ့ကျန်းမာရေး ဆာဆာကာဝါဆုရရှိခဲ့တဲ့ တစ်ခုတည်းသော မြို့နယ်လည်းဖြစ်ပါတယ်။ မြို့နယ်အတွင်းမှာ (၂၅)ကုတင်ဆံ့ဆေးရုံတစ်ရုံ၊ (၁၆)ကုတင်ဆံ့ဆေးရုံ(၂)ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၇)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ (၃၃)ခု၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးဌာန(၁) ခုရှိပါတယ်။ အခုအခါမှာ အကြမ်းဖက်သမားရဲ့ရန်ကြောင့် (၂၅)ကုတင်ဆံ့ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၅)ခု၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန (၁)ခုတို့သာ ဖွင့်လှစ်နိုင်ပါတော့တယ်။ ဒါ့အပြင် မြို့နယ်ကုသရေးဦးစီးဌာနမှာ လက်ထောက်ဆရာဝန်(၁)ဦး၊ သူနာပြု(၃)ဦးသာ ရှိပါတယ်။ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှာတော့ ကျန်းမာရေးမှူး(၁)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ(၂)ဦးနှင့် သားဖွားဆရာမ (၈)ဦး၊ ကျန်းမာရေး-၄ (၁၆)ဦးရှိပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

အရာတော်မြို့နယ်ဟာ ကားလမ်းတစ်မျိုးတည်းကိုသာ အားထားရတဲ့ မြို့နယ် တစ်ခုဖြစ်ပါတယ်။ အခုအခါမှာ အကြမ်းဖက်များရဲ့ မကြာခဏ လမ်းပိတ်ခြင်း၊ ရှောင်လမ်းများမှ မောင်းနှင်စေခြင်းတို့ကြောင့် လူနာများဟာ မြို့ကြီးများမှာရှိတဲ့ ဆေးရုံတွေကို အချိန်မီရောက်ရှိရန် ခက်ခဲပါတယ်။ ဒါကြောင့် မိမိတို့နဲ့ အနီးစပ်ဆုံး အရာတော်ဆေးရုံကြီးတစ်ခုတည်းကိုသာ အားကိုးအားထားပြုနေရတာဖြစ်ပါတယ်။ ဒါကြောင့် အရာတော်မြို့နယ်ပြည်သူများရဲ့ ကျန်းမာရေး

စောင့်ရှောက်မှုကို မြှင့်တင်နိုင်ရန် အရာတော်မြို့ ပြည်သူ့ဆေးရုံကြီး၌ ကုသရေးဦးစီးဌာန၏ လိုအပ်နေတဲ့ ကျန်းမာရေးဝန်ထမ်းများကို အမြန်ဆုံးဖြည့်ဆည်းခန့်ထားဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနကို မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားရပါသော စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာချမ်းသာပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် အရာတော်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်း၏ တိုင်းဒေသကြီးလွတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

အရာတော်မြို့ ပြည်သူ့ဆေးရုံဟာဆိုရင် (၂၅)ကုတင်ဆံ့ဆေးရုံတစ်ရုံ ဖြစ်ပါတယ်။ ၂၀၂၅-၂၀၂၆ ဆေးရုံလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ ဦးစီးဇယားများအရ (၁)ရက်လျှင် ပျမ်းမျှ ပြင်ပလူနာ(၁၇)ဦးနှင့် အတွင်းလူနာ(၇)ဦးခန့် ဆေးကုသမှု ခံယူလျက်ရှိကြောင်း သိရှိရပါတယ်။ လက်ရှိဝန်ထမ်းအင်အားအခြေအနေအရ လက်ထောက်ဆရာဝန်(၁)ဦး၊ အကူသူနာပြုများအပါအဝင်(၅)ဦး၊ ကျွမ်းကျင်ဝန်ထမ်း(၄)ဦး၊ အခြားဝန်ထမ်း(၆)ဦးတို့ဖြင့် ကျန်းမာရေးကုသမှုလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ ဆေးဝါးများ ထုတ်ယူပို့ဆောင်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ ကျေးရွာရပ်ကွက်များရှိ ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက်လည်း ပြည်သူ့ကျန်းမာရေး

ဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်-၁ (၁)ဦး၊ အဆင့်-၂ (၂)ဦး၊ အဆင့်-၄ (၁၇)ဦး၊ သားဖွားဆရာမ(၈)ဦး၊ ၄င်္ဂဖျားဆေးဖြန်း(၁)ဦး၊ ဓာတ်ခွဲကျွမ်းကျင်(၁)ဦးတို့ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၎င်းအပြင် ၂၀၂၆ ခုနှစ်၊ မုံရွာသူနာပြုသိပ္ပံကျောင်းမှ သင်တန်းဆင်းသူနာပြုသင်တန်းသားများအထဲမှ သူနာပြု(၂)ဦးကိုလည်း အရာတော်ပြည်သူ့ဆေးရုံကြီးသို့ ခန့်အပ်ထားပြီးဖြစ်ပါတယ်။ မြို့နယ်အတွက် လိုအပ်လျက်ရှိသော မြို့နယ်ကုသရေးဦးစီးဌာနမှူး(၁)ဦး ခန့်ထားနိုင်ရေးအတွက်လည်း တိုင်းကျန်းမာရေးဦးစီးဌာနမှ ကုသရေးဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြတောင်းခံထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ဒေါ်စန္ဒာသိန်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၁)။ အားလုံးမင်္ဂလာပါရှင့်။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော် ကိုယ်စားလှယ်များ၊ လွတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နူတ်ခွန်း ဆက်သအပ်ပါတယ်ရှင့်။

ကျွန်မကတော့ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဒေါ်စန္ဒာသိန်း ဖြစ်ပါတယ်ရှင်။ ကျွန်မအနေဖြင့် ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မော်လိုက်ခရိုင် ကုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံသည် လက်ရှိတွင် ခရိုင်ဆရာဝန်ကြီး(၁)ဦးနှင့် လက်ထောက်ဆရာဝန်(၁)ဦးသာ ဝန်ထမ်းဆောင်လျက်ရှိပါသည်။ လက်ထောက်ဆရာဝန်မှာလည်း ကင်းတပ်တိုက်နယ်ဆေးရုံမှာသွားရောက်တာဝန် ထမ်းဆောင်နေရသည့်အတွက် မော်လိုက်ခရိုင်ဆေးရုံကြီးမှာ ဆရာဝန်(၁)ဦးသာ ရှိနေပါသည်။ မော်လိုက်ခရိုင်ဆေးရုံကြီးမှာ ယခင်ကတော့ အထွေထွေရောဂါကုဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီးများနှင့် သွားဆရာဝန်များ အပြည့်အစုံတာဝန်ထမ်းဆောင်ခဲ့ကြပါသည်။ ယနေ့အချိန်တွင် ခရိုင်ဆရာဝန်ကြီး တစ်ဦးတည်းသာ ရှိသည့်အတွက် ကျန်းမာရေးအတွက် သာမန်မဟုတ်တဲ့ရောဂါ

မဟုတ်ဘဲ အထူးကုသရန်လိုအပ်ပါက ကလေးမြို့ဆေးရုံသို့သာ သွားရောက်ကုသနေရပါတယ်။

သို့ဖြစ်ပါ၍ မော်လိုက်ခရိုင်ဆေးရုံကြီးတွင် လိုအပ်နေသော ဆရာဝန်၊ ဆရာမများအား ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး ။ လေးစားရပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာချမ်းသာပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မော်လိုက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာသိန်း၏ တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

မော်လိုက်မြို့မှာ ကုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ တစ်ရုံရှိပါတယ်။ ၎င်းဆေးရုံမှာ ဆေးရုံအုပ်(၁)ဦး၊ အထက်တန်းသူနာပြု(၂)ဦး၊ သူနာပြု(၃)ဦး၊ အကူသူနာပြု(၇)ဦး၊ ကျွမ်းကျင်ဝန်ထမ်း(၇)ဦး၊ ရုံးဝန်ထမ်း(၂)ဦးနှင့် အငယ်တန်းဝန်ထမ်း(၆)ဦး စုစုပေါင်း(၂၈)ဦးဖြင့် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ ၎င်းဆေးရုံမှ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်စိုးဟာ (၂၄-၄-၂၀၂၆)ရက်နေ့မှာ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ခွင့်ပြုမိန့်ကျထားပြီဖြစ်သော်လည်း အစားထိုး တာဝန်ထမ်းဆောင်မည့်သူ မရောက်သေးသည့်အတွက် မော်လိုက်ပြည်သူ့ဆေးရုံတွင် ဆက်လက် တာဝန်ထမ်းဆောင်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၎င်းနေရာမှာ အစားထိုးရန်အတွက် မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇော်ထွန်း (ခေါ်)သန့်ဇော်မျိုးအား (၂၄-၄-၂၀၂၆) ရက်စွဲပါစာအမှတ်၊ ၃မက(က)၂၀၂၆/၁-၉၄ ဖြင့် အမိန့်စာ ထွက်ရှိထားပြီး လာရောက်

တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တိုင်းဒေသကြီးဦးစီးဌာနမှ (၈-၆-၂၀၂၆) ရက်စွဲပါစာအမှတ်ဖြင့် ခေါ်ယူထားပြီးဖြစ်ပါတယ်။ လစ်လပ်လျက်ရှိသော အထူးကု ဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များ ဦးစားပေးခန့်ထားပေးနိုင်ပါရန် အတွက်လည်း ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ (၂၆-၅-၂၀၂၆)ရက်စွဲပါစာအမှတ်၊ ၁၉၄၂/ အစရ-၆/၂၀၂၆ ဖြင့် တင်ပြတောင်းခံထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လက်ရှိအခြေအနေတွင် သူနာပြုဖွဲ့စည်းပုံအရ အင်အားပြည့်ခန့်ထားပြီးဖြစ်ပါသဖြင့် ကင်းတပ်တိုက်နယ် ဆေးရုံအတွက် (သစ်လွင်)သူနာပြု(၁) ဦးခန့်ထားခဲ့ပြီး ယခုလက်ရှိမော်လိုက်ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ဦးအောင်မင်းကျော်သူအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ၊ အစည်းအဝေးသို့ လေ့လာရေး လာရောက်ကြသော မဲဆန္ဒရှင်ပြည်သူများနှင့် သတင်း မီဒီယာများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးအောင်မင်းကျော်သူဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ “ဘုတလင်မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ၂၀၂၁ ခုနှစ်၊ ဇွန်လမှစ၍ ရုံးဖွင့်လှစ် လည်ပတ်နိုင်ခြင်း မရှိသဖြင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် လျှပ်စစ်မီးအခွန်အခများ မရရှိခြင်းနှင့် နိုင်ငံတော်ပိုင်ပစ္စည်းများ ပျက်စီး/ပျောက်ဆုံးမှုများ ရှိနေခြင်းများအပေါ် မည်သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် ဘုတလင်မြို့ပေါ်ရှိ ရပ်ကွက်

များတွင် လျှပ်စစ်မီး ပြန်လည်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊မရှိ” ကြယ်ပွင့်အမှတ်အသားပြ မေးခွန် (၁)ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဘုတလင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းသည် ရပ်ကွက်ကြီး(၃)ရပ်ကွက်ရှိသည့်အနက် ခုံမင်းကြီးရပ်ကွက်မှာ လျှပ်စစ်ရုံးဖွင့်လှစ် လည်ပတ်လျက်ရှိပါသည်။ နိုင်ငံရေးဖြစ်စဉ်ကာလအတွင်း မလိုလားအပ်သော အဖွဲ့အစည်းများ၏ ခြိမ်းခြောက်ခြင်း၊ ငွေကြေးတောင်းခံခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်း၊ သတ်ဖြတ်ခြင်းများကြောင့် မြို့နယ်လျှပ်စစ်ရုံးရှိ ဝန်ထမ်းများနှင့် တာဝန်ရှိဝန်ထမ်းများအားလုံးမှာ ၂၀၂၁ ခုနှစ်၊ ဇွန်လမှစ၍ ရုံးဖွင့်လှစ်လည်ပတ်နိုင်ခြင်း မရှိခဲ့သဖြင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် လျှပ်စစ်မီးအခွန်အခများ မရရှိသည့်အပြင် နိုင်ငံတော်ပိုင်ပစ္စည်းများ ပျက်ဆီး၊ ပျောက်ဆုံး၊ ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံတော်အတွက် များစွာထိခိုက်နစ်နာလျက်ရှိပါသည်။ (၁၄-၆-၂၀၂၄)ရက်မှစ၍ မြို့ပေါ်ရပ်ကွက်များတွင်၊ ဘုတလင်မြို့နယ်အတွင်း လျှပ်စစ်မီးဖြတ်တောက်ထားသဖြင့် လျှပ်စစ်မီး မရရှိခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါတယ်။ ယခင်က လျှပ်စစ်မီးဖြင့် ရေစက်များမှ ရေပေးဝေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရပ်ကွက်(၃)ရပ်ကွက်အား ရပ်ကွက်(၁)ရပ်ကွက်ချင်းစီအလိုက် မြို့နယ်အတွင်း ရေရရှိရေးအတွက် တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံရေးဖြစ်စဉ်ကာလအတွင်း မလိုလားအပ်တဲ့ အဖွဲ့အစည်းများ၏ နှောင့်ယှက်၊ ဖျက်ဆီး၊ ဟန့်တားမှုများကြောင့် ရေစက်မှ ရေပေးဝေနိုင်ခြင်းမရှိခဲ့သဖြင့် အများပြည်သူများ သောက်ရေ/ သုံးရေလုံလောက်မှု မရှိပါ။ မြို့နယ်လုံခြုံရေးအဖွဲ့များ၊ တာဝန်ရှိ အဖွဲ့အစည်းများမှပူးပေါင်း၍ အများပြည်သူများ သောက်သုံးရေရရှိရေးအတွက် ဆိုလာဖြင့် ရေစက်လည်ပတ်နိုင်ရေးအတွက် ဆိုလာတပ်ဆင်ရန်အတွက် မတည်ငွေသိန်း(၂၀)ဖြင့် မဟာဗန္ဓုလ ရပ်ကွက်ရှိ ရေစက်တစ်လုံးမှ မြို့ပေါ်ရှိ ရပ်ကွက်(၃)ရပ်ကွက်အတွင်း ရေရရှိရေးကို တာဝန်ရှိ လုံခြုံရေးတပ်ဖွဲ့နှင့် ရပ်မိ/ရပ်ဖများမှ ဆိုလာမီးဖြင့် ရေရှိရန်အတွက် ဆောင်ရွက်ပေးထားသော်လည်း အများပြည်သူများ သောက်ရေ/သုံးရေ လုံလောက်မှု မရှိသေးပါခင်ဗျာ။ လျှပ်စစ်မီးရရှိမှသာလျှင် ရပ်ကွက်(၃)ရပ်ကွက်ရှိ ရေစက်များ လည်ပတ်နိုင်ပြီး မြို့နယ်အတွင်းနေထိုင်လျက်ရှိသည့် အများပြည်သူများ သောက်ရေ/သုံးရေ အပြည့်အဝ သုံးစွဲရရှိနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ “ဘုတလင်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် ၂၀၂၁ ခုနှစ်၊ ဇွန်လမှစ၍ ရုံးဖွင့်လှစ် လည်ပတ်နိုင်ခြင်းမရှိသဖြင့် နိုင်ငံတော်မှ ရသင့်ရထိုက်သည့် လျှပ်စစ်မီး အခွန်အခများ မရရှိခြင်းနှင့် နိုင်ငံတော်ပိုင်ပစ္စည်းများ ပျက်စီး/ပျောက်ဆုံးမှုများရှိနေခြင်းများအပေါ် မည်သို့ စီစဉ်ဆောင်ရွက်ပေးမည်နှင့် ဘုတလင်မြို့နှင့် မြို့ပေါ်ရှိ ရပ်ကွက်များတွင် လျှပ်စစ်မီး ပြန်လည်ရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ” သိရှိလိုပါသဖြင့် ဘုတလင်မြို့နယ် မဲဆန္ဒရှင် ပြည်သူများကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အား ကြယ်ပွင့်အမှတ် အသားပြမေးခွန်းကို လေးစားစွာ မေးမြန်းအပ်ပါသည်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးခင်မောင်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ အစည်းအဝေးတက်ရောက်သူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ ဘုတလင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းကျော်သူရဲ့ မေးခွန်း ကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဘုတလင်မြို့နယ်မှာ မြို့နယ်လျှပ်စစ် ဓာတ်အားပေးရုံးကနေပြီးတော့ ဓာတ်အားကောက်တဲ့လုပ်ငန်းများကို ၂၀၂၄ ခုနှစ်၊ (၆)လပိုင်းကနေ ဆောင်ရွက်ခဲ့ပြီးတော့ နယ်မြေလုံခြုံရေးတည်ငြိမ်မှုမရှိခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများက နေပြီးတော့ ဝန်ထမ်းတွေကို ခြိမ်းခြောက်ခြင်း၊ ငွေတောင်းခံခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်းနှင့် နှောင့်ယှက်ဖျက်ဆီးခြင်းတွေကြောင့် ဘုတလင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းတွေနဲ့ မိသားစုတွေဟာ မုံရွာမှာရှိတဲ့ တိုင်း/ခရိုင်/မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးကို ပြောင်းရွှေ့ပြီးတော့ ယာယီရုံးခန်းဖွင့်လှစ်ပြီးတော့ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ၏ ကြီးကြပ်မှုနှင့် ရုံးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်က ရသင့်ရထိုက်တဲ့ လျှပ်စစ်ဓာတ်အား

အခွန်အခတွေ မရတဲ့အတွက်ကြောင့် တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံးနှင့် ဒေသအာဏာပိုင်တွေရဲ့ ခွင့်ပြုချက်နဲ့ (၁၄-၆-၂၀၂၄)ရက်နေ့မှာ ဘုတလင်မြို့နယ်တစ်ခုလုံးကို လျှပ်စစ်ဓာတ်အားဖြတ်တောက်ပြီးတော့ ၁၅-၆-၂၀၂၄ကနေစပြီးတော့ မီးသုံးစွဲသူတွေရဲ့ ဓာတ်အားခတွေကို ယာယီ ပိတ်ခဲ့ပါတယ်။ ဓာတ်အားခရရှိတဲ့ ရေဘုတလင်၊ မြစ်ရေတင်ရုံးခွဲ ခွဲရုံ(၁)ခုကိုပဲ ဓာတ်အားဆက်လက်ပေးထားခဲ့ပါတယ်။ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဘဏ္ဍာရေးဝန်ထမ်းတွေဟာ အများပြည်သူတွေရဲ့ ဓာတ်အားခ ကြွေးကျန်တွေကို ဖုန်းနဲ့ဆက်သွယ်၍တောင်းခံခြင်း၊ အခြားဌာနဆိုင်ရာတွေနဲ့ ရုံးစာထုတ်၍ တောင်းခံခြင်းတို့ကိုဆောင်ရွက်ပြီးတော့ ရရှိတဲ့ဓာတ်အားခတွေကိုတော့ မုံရွာမြို့မှာရှိတဲ့ ဘုတလင်ဘဏ်ခွဲမှာ လျှပ်စစ်ဌာနရဲ့ဘဏ်အကောင့်မှာ ပေးသွင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျန်ကြွေးကျန်တွေကိုလည်း ဆက်လက်တောင်းခံလျက်ရှိပါတယ်။ ဘုတလင်မြို့နယ်မှာ လက်ရှိအချိန်အထိ နယ်မြေလုံခြုံရေးအခြေအနေအရ နိုင်ငံတော်ပိုင် လျှပ်စစ်ကဏ္ဍ အခြေခံအဆောက်အဦနှင့် ဆက်စပ်ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုရှိ/မရှိကို စာရင်းအတိအကျ မကောက်ခံနိုင်သေးပါဘူး။ ဒါကြောင့် ကျွန်တော်တို့ ဘုတလင်မြို့နယ် မီးပြန်ရဖို့ဆိုလို့ရှိရင် နယ်မြေလုံခြုံရေးအခြေအနေ ကောင်းမွန်ပြီးတော့ ဝန်ထမ်းတွေ ပြန်လည်သွားရောက် တာဝန်ထမ်းဆောင်နိုင်မှသာလျှင် ဓာတ်အားခွဲရုံ ထရန်စဖော်မာကျန်တဲ့ဆက်စပ်ပစ္စည်းတွေကို စနစ်တကျ စစ်ဆေးပြုပြင်ပြီးတော့မှသာလျှင် လျှပ်စစ်အန္တရာယ်ကို ကင်းရှင်းစွာဖြင့် ဓာတ်အားများ ပြန်လည်ဖြန့်ဖြူးပေးနိုင်မှာဖြစ်ပါတယ်။ နောက်ပြီး လျှပ်စစ်ဓာတ်အားခတွေရမှပဲ ကျွန်တော်တို့က ဓာတ်အားပေးစက်ရုံတွေ ဓာတ်အားလိုင်းတွေနဲ့ ဓာတ်အားခွဲရုံတွေ ပြန်လည်လည်ပတ်ဖို့အတွက် ပြန်လည်ရရှိမှာဖြစ်ပြီးတော့ တကယ်လို့လျှပ်စစ်ဓာတ်အားခကြွေးကျန်တွေမရဘူး ဆိုလို့ရှိရင်လည်း ဒါတွေကို ပြန်လည်ထူထောင်တဲ့အချိန်မှာ အခက်အခဲရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် လျှပ်စစ်ဓာတ်အားခရရှိရေးအတွက်လည်း အများပြည်သူကို ကူညီစည်းရုံးပေးဖို့လည်း တင်ပြလိုပါတယ်။ အချုပ်အားဖြင့် ဘုတလင်မြို့နယ် နယ်မြေလုံခြုံရေးအခြေအနေ ကောင်းမွန်လာတဲ့အခါမှာတော့ ဝန်ထမ်းတွေက ပြန်လည်သွားရောက်ပြီးတော့ လိုအပ်တာတွေ စနစ်တကျ

စစ်ဆေးပြုပြင်ပြီးတဲ့အခါမှာတော့ လျှပ်စစ်ဓာတ်အားများ ပြန်လည်ဖြန့်ဖြူးပေးနိုင်မှာဖြစ်ကြောင်း ဖြေရှင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ဦးတင်မင်းထွဋ်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးတင်မင်းထွဋ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ် အသားပြ မေးခွန်း(၁)ခု တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဖောင်းပြင်မြို့နယ်၊ ပင်သာအုပ်စု၊ ပင်သာကျေးရွာတွင် အိမ်ခြေ(၂၇၃)အိမ်၊ အိမ်ထောင်စု(၂၇၃)စုနဲ့ လူဦးရေ(၉၃၈)ဦးနေထိုင်ကြပြီး ကျေးရွာနေပြည်သူများမှာ သောက်သုံးရေ အခက်အခဲကြုံတွေ့ နေကြရပါတယ်။ ကျေးရွာတွင်းတွင် တွင်းတိမ်(၂၀)တွင်း၊ လက်တူးတွင်း(၄)တွင်းရှိသော်လည်း ရရှိသောရေမှာ သောက်သုံးရန်မသင့်လျော်သော ရေနီရေညစ်များဖြစ်နေပါတယ်။ ပင်သာကျေးရွာ၏ တောင်ဘက် ခန့်မှန်းပေ(၄၀၀၀)ခန့်မှာ စိမ့်စမ်းချောင်းမှ ကျေးရွာတွင်းသို့ သွယ်ယူအသုံးပြုနိုင်မည်ဆိုပါက သောက်သုံးရေ အလုံအလောက် ရရှိမှာ ဖြစ်ပါတယ်။ သောက်သုံးရေရရှိရန် စိမ့်စမ်းရေသွယ်ယူဖြန့်ဝေခြင်းလုပ်ငန်း လုပ်ဆောင်နိုင်ရန်အတွက် လိုအပ်သော ရေစုကန်နှင့် ပိုက်အရွယ်အစား၊ ပိုက်အမျိုးအစား၊ လေချဘား၊ အနယ်ထုတ်ဘား၊ ပိုက်လိုင်းထောက်၊ အရှိန်ထိန်း တုံးများပါဝင်သည့် (hydrolic profile)ရေးဆွဲရန်အတွက် တိုင်းတာမည့် စက်ကိရိယာများ၊ မြေအနိမ့်အမြင့် တိုင်းတာလုပ်ဆောင်ရန် ကျွမ်းကျင်ပညာရှင် ဝန်ထမ်းများ မပြည့်စုံသဖြင့် စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းဆောင်ရွက်ရန် အခက်

အခဲ ကြံ့တွေ့နေရပါတယ်လို့ ကျေးလက်ဒေသဦးစီးဌာနမှာ စုံစမ်းတဲ့အချိန်မှာ သိရှိရပါတယ်။

ဒါကြောင့်မို့ လိုအပ်သော စက်ပစ္စည်းကိရိယာများနှင့် ကျွမ်းကျင်ပညာရှင်များအားစေလွှတ်၍ တိုင်းဒေသကြီးအစိုးရမှ ပင်သာကျေးရွာမှာ ရေရရှိနိုင်ရေး တာဝန်ယူ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ရှိသည်ဆိုပါက မည်သည့်အချိန်တွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်မည်ကို သိရှိလိုပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးဆန်းဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါခင်ဗျာ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်အကြီးအမှူးနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၊ အစည်းအဝေးသို့ တက်ရောက်သူများ အားလုံး စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖောင်းပြင်မြို့နယ်၊ အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့ ဦးတင်မင်းထွဋ်ရဲ့ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

မေးခွန်းမှာပါဝင်တဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဖောင်းပြင်မြို့၊ ပင်သာကျေးရွာသို့ ပညာရှင်များစေလွှတ်၍ စိမ့်စမ်းချောင်းမှ ရေရရှိရေးအတွက် လိုအပ်တဲ့ ပစ္စည်းကိရိယာများရရှိရေး တာဝန်ယူဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းထားပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ဖောင်းပြင်မြို့နယ်၊ ပင်သာကျေးရွာဟာ အိမ်ခြေ(၂၇၃)အိမ်၊ လူဦးရေ(၉၃၈)ဦးနေထိုင်လျက်ရှိပြီး လက်ရှိရေသုံးစွဲမှုအနေနဲ့ တွင်းတိမ်(၂၀)တွင်း၊ လက်တူးတွင်း(၄)တွင်းကနေပြီးတော့မှ သောက်သုံးရေကို အသုံးပြုနေရသော်လည်း သောက်သုံးရေဟာ ကျန်းမာရေးနှင့်မညီညွတ်တဲ့ရေတွေဖြစ်နေတယ်ဆိုတာကို သိရှိရပါတယ်။ အဆိုပါ ပင်သာကျေးရွာရဲ့ တောင်ဘက် ပေ(၄၀၀၀)ခန့် အကွာမှာရှိတဲ့ စိမ့်စမ်းရေထွက်တဲ့နေရာဟာ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပေးရန်အတွက် ကျေးရွာမှတင်ပြလာမှုအပေါ် (၇-၂-၂၀၂၅)ရက်နေ့မှာ ကွင်းဆင်းတိုင်းတာမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ကွင်းဆင်းတိုင်းတာမှုတွေ ဆောင်ရွက်တဲ့အခါမှာ နွေရာသီ ဧပြီလနှင့်မေလများမှာ သူရဲ့ ရေထွက်နှုန်းဟာ နည်းကြောင်းသိရှိရပါတယ်။ ဒါကြောင့်မို့ တစ်နှစ်ပတ်လုံး ရေလုံလောက်စွာ ရရှိနိုင်တဲ့ ရေထွက်နေရာကို ရှာဖွေပြီးတော့မှ ကောင်းမွန်တဲ့ ရေထွက်နေရာတွေ့ရှိရေးအတွက် တိုင်းတာရေးလုပ်ငန်းတွေ လုပ်ဆောင်ရန်အတွက် ကျွမ်းကျင်ပညာရှင်တွေ ခေါ်ရမှာဖြစ်ပါတယ်။ ကျွမ်းကျင်ပညာရှင်များ ကွင်းဆင်းစစ်ဆေးရန် အခြေအနေကောင်းမွန်တဲ့ ကာလတစ်ခုကို ရောက်လာတဲ့အချိန်မှာ ကျွမ်းကျင်ဝန်ထမ်းများအနေနဲ့ ကွင်းဆင်းတိုင်းတာ တွက်ချက်ပြီး ရန်ပုံငွေ တင်ပြတောင်းခံသွားမှာဖြစ်ပြီး ရန်ပုံငွေ ရရှိမှုအပေါ်မှာမူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးသက်အောင်ဇော်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ မဲဆန္ဒနယ်အသီးသီးမှ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်အောင်ဇော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။

စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်၊ အမှတ်(၂၀)အ.မ.ကမူလွန်ကျောင်း မျက်နှာစာရှိ အကျယ်(၆၀)ပေ၊ အရှည်(၄၈၅)ပေ ရှိသောလမ်းနှင့် ကျောင်းတောင် ဘက်ရှိ လမ်းအကျယ် (၆၀)ပေ၊ အရှည်(၉၇၀)ပေရှိသော လမ်းတို့အား ကျောင်းသားကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ၊ သွားလာရေးအဆင်ပြေ စေရန် မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင် သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းမြို့၊ ပတ္တမြားရပ်ကွက်၊ အမှတ်(၂၀)၊ အ.မ.က(မူလွန်ကျောင်း)၊ မျက်နှာစာ မှာရှိတဲ့ ပေ(၄၈၅ × ၆၀)လမ်းနှင့် ပေ(၉၇၀ × ၆၀) လမ်းရှိတဲ့ လမ်းဟာဆိုရင် ကျောင်းသား/ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ သွားလာရေးအဆင်ပြေ စေရန် မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ခြင်း ရှိ/မရှိ သိလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးသက်အောင်ဇော်ရဲ့ မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျာ။

စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်၊ အမှတ်(၂၀) အ.မ.က(မူလွန်)ကျောင်းကို ၁၉၉၀ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပြီးတော့မှ လက်ရှိမှာတော့ ကျောင်းသား/ ကျောင်းသူ(၃၃၄)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ ပတ္တမြားရပ်ကွက်မှာလည်း အိမ်ခြေ(၂၄၅)အိမ်၊ လူဦးရေ(၉၁၁)ဦးရှိပြီးတော့မှ အ.မ.က(မူလွန်)ကျောင်းရဲ့ မျက်နှာစာ အမာခံမြေသားလမ်းဟာဆိုလို့ရှိရင် လမ်းအရှည် ပေ(၄၈၅)ပေနဲ့

လမ်းအကျယ် (၆၀)ပေ၊ လမ်းအနားဟာ(၁၄)ပေနဲ့ လမ်းဘေးဝဲယာ မြေလမ်းမြောင်း (၃)ပေအကျယ်ရှိပါတယ်။ ကျောင်း၏အရှေ့ဘက် တောင်မြောက်လမ်းဟာဆိုလို့ ရှိရင် အမာခံမြေသားလမ်းဖြစ်ပြီးတော့မှ လမ်းအရှည် (၉၄၀)ပေနဲ့ လမ်းအကျယ် (၆၀)ပေ၊ လမ်းအနားဟာ(၁၂)ပေဖြစ်ပါတယ်။ ရွှေမင်းဝံရပ်ကွက်နဲ့ ပတ္တမြား ရပ်ကွက်ဆက်သွယ်ထားတဲ့ ၂၃ လမ်းမကြီးနဲ့ ဆက်သွယ်ထားတဲ့ လမ်းဖြစ်တဲ့ အတွက်မို့ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရေးကို ဒေသန္တရစီမံကိန်း ထဲမှာ ထည့်သွင်းရေးဆွဲပြီးတော့မှ ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီး ဦးစားပေး အကောင် အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပြီဖြစ်ပါတယ်။

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ

ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ် (၆)ကိုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ ၊ နည်းဥပဒေခွဲ(က)အရ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် များဖြင့် ဖွဲ့စည်းခြင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း တို့ကို တိုင်းဒေသကြီးလွှတ်တော်က သတ်မှတ်ပေးရမှာဖြစ်ပါတယ်။ ကော်မတီမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး အပါအဝင် ကော်မတီဝင်ဦးရေ (၁၁)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပြီး ပေးပို့လာသည့် စာရင်းပေါ်မူတည်ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (ခ)အရ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ရွေးချယ်သတ်မှတ်ပေးသွားရမှာဖြစ်ပါတယ်။ ကော်မတီအနေနဲ့ လွှတ်တော်ကျင်းပချိန်မှာ လွှတ်တော်ကို တာဝန်ခံရမှာဖြစ်ပြီး လွှတ်တော် ကျင်းပချိန် မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကိုတာဝန်ခံရမှာ ဖြစ်ပါတယ်။ ထို့အပြင် ကော်မတီ၏သက်တမ်းဟာ လွှတ်တော်ရဲ့သက်တမ်းနှင့်အညီ (၅)နှစ်ဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကော်မတီရဲ့သက်တမ်း (၁)နှစ်ပြည့်မြောက်သည့်အခါ

ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို လဲလှယ် အစားထိုးတာဝန်ပေးအပ်ရမှာ ဖြစ်ပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တို့နှင့်စပ်လျဉ်းပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားပေးဖို့ဖြစ်ပါ တယ်။

ဒုတိယဥက္ကဋ္ဌ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌနှင့် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဖွဲ့စည်းနိုင်ရန်အတွက် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး ကျွန်တော်က ဖတ်ကြားတင်ပြ သွားမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီဟာ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (၈) အရ တိုင်းဒေသကြီးအဆင့် ကော်မတီအဖွဲ့အစည်းဖြစ်ပါ တယ်။

ကော်မတီ၏ သက်တမ်း

ကော်မတီ၏ သက်တမ်းဟာ တိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့် အညီ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီရဲ့သက်တမ်း (၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို အစားထိုးတာဝန်ပေးအပ်နိုင်ပါတယ်။

ကော်မတီ၏ တာဝန်များ

ကော်မတီသည်-

(က) ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေး ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။ မြို့နယ် အလိုက် ထူးခြားသော အခြေအနေများရှိပါလျှင် လိုအပ်သည့် နေရာများသို့ သွားရောက်လေ့လာ၍ ကော်မတီတွင် အသေးစိတ်ဆွေးနွေးတင်ပြရမည်။

(ခ) ကုန်းလမ်းနှင့် ရေလမ်းကြောင်းပို့ဆောင်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပြည်သူတို့ ခရီးသွားလာရေးနှင့်စပ်လျဉ်းပြီး လုံခြုံရေးနှင့် အဆင်ပြေ ချောမွေ့ရေးတို့ကို ညှိနှိုင်းကူညီ ဆောင်ရွက်ပေးရမည်။

(ဂ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ အမိန့်ကြေညာစာ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေ များနှင့်လည်းကောင်း ညီညွတ်စေရအောင် ဆောင်ရွက်စေပြီး ညီညွတ် ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းသိမ်းကူညီ ရမည်။

(ဃ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ် လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို လေ့လာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။ ကော်မတီသည် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့် ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆရသူ များအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။ ကော်မတီ အစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ် သောကိစ္စကိုလည်းကောင်း ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက် များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီ အစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲဖြင့် တပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။ ကော်မတီသည် ဆွေးနွေးရရှိသော မိမိကော်မတီဆိုင်ရာ လုပ်ငန်းများ အတွက် လုပ်ဆောင်ဖွယ်ရာများကို လိုအပ်သလိုဆက်လက်ဆောင်ရွက် နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့တင်ပြရမည်။ လွှတ်တော်သို့ တင်ပြ

သင့်သော အခြေအနေဖြစ်က ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော်သို့ ပေးပို့တင်ပြရမည်။ သို့မဟုတ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းသို့ ပေးပို့ရန်လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော်က ဆက်လက်တင်ပြရမည်။ ကော်မတီသည် တိုင်းဒေကြီးလွှတ်တော်က အခါအားလျော်စွာပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များ

ကော်မတီသည် အစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။ ကော်မတီသည် ကော်မတီလုပ်ငန်းများနှင့်စပ်လျဉ်း၍

(က) နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေ၊ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုများအပေါ်ပြင်ဆင်ရန်လိုအပ်ပါက သုံးသပ်ချက်နှင့်အတူ အကြံပြုချက်များကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

ကော်မတီက အစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍

(က) ကော်မတီဥက္ကဋ္ဌက အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဂ) ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် သဘာပတိ တာဝန်

ထမ်းဆောင်သော ကော်မတီဝင်(၁)ဦးက သော်လည်းကောင်း လက်မှတ်ရေးထိုး တင်ပြနိုင်သည်။

(ဃ) အစီရင်ခံကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ် ခွင့်မရှိ။

(င) လွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဆောင်ရွက် သောလုပ်ငန်းနှင့်စပ်လျဉ်းသော ကော်မတီ၏ အစီရင်ခံစာကို ပြုစုသည့်နေ့မှစ၍ (၇)ရက်အတွင်း ရုံးပိတ်ရက်များမပါ လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။

(စ) လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်းခံရသူသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်တွင် တင်ပြရမည်။

ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေး ခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီ အများဆုံး (၂)ခုထိသာ ပါဝင်ဆောင်ရွက် နိုင်ခွင့်ရှိသည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြ နိုင်ခွင့်ရှိသည်။

ရပိုင်ခွင့်နှင့် အခွင့်အရေးများ

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီ အစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာ ဒေသတွင် ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင်

ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့် ရှိသည်။

ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးတွင် တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေများအရ အရေးယူခံရခြင်းမှ ကင်းလွတ် ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်နှင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများကို တက်ရောက်ခွင့် ရှိသည်။

ယခုကျွန်တော် ဖတ်ကြားတင်ပြသွားတဲ့ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း များအား ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကောက်နုတ်ချက်များဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၏ အမည်စာရင်းကို လွှတ်တော်သို့တင်ပြခြင်းနှင့် ဆွေးနွေးလိုသောကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၈) ကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ယခု တင်ပြမည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးဖြင့် ဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကတော့-

(၁) ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၂) ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဒေါ်ခင်ဝင်းကြည်၊ ထီးချိုင့်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)

(၄) ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးမော်လိပ်၊ တမူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)

(၇) ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၈) ဦးကျော်သူ၊ ကောလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၉) ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)

(၁၀) ကြည်း-၅၁၆၄၀၊ ဗိုလ်မှူးနေလင်းထွန်း၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်၊

(၁၁) ကြည်း-၅၃၄၁၇၊ ဗိုလ်ကြီးရဲရန်နိုင်၊ တပ်မတော်သားလွှတ်တော် ကိုယ်စားလှယ်တို့ ဖြစ်ပါတယ်။

ယခုတင်ပြထားသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၁)ဦး ထဲမှာ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနဲ့ ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို ဥက္ကဋ္ဌအဖြစ် ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူး(၁)အဖြစ် ဦးကျော်သူ၊ ကောလင်း မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး(၂) အဖြစ် ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) တို့ကို တာဝန်ပေးအပ်သွားမှာဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များရှိပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၅)ရက်(တနင်္လာနေ့)၊ ညနေ (၁၅း၀၀)နာရီအချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံးအကြီးအမှူးထံ အမည် စာရင်းပေးပို့ကြဖို့ဖြစ်ပါတယ်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခု တတိယအကြိမ် စစ်ကိုင်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကို ရပ်နားပါမယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၅)ရက်(တနလ်ာနေ့)၊ နံနက်(၁၀း၀၀) နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။(တူထုသည်)

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျာ။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျာ။

{တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို (၁၁း၁၅)နာရီအချိန်တွင် ရပ်နားပါသည်။}

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့မှတ်တမ်း
၁၃၈၈ ခု၊ ပထမဝါဆိုလဆန်း ၁ ရက်
(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက်) (တနလာနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက်(၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

{အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌ တက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက်ပါသည်။}

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ သတ္တမနေ့ အစီအစဉ်များကို စတင်ပါတော့မယ်ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျာ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထိုင်နိုင်ကြပါပြီခင်ဗျာ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ ကျင်းပတဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့မှာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် (၇၆)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့(၈၉.၄၁)ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် တိုင်းဒေသကြီး

လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၃၄(ခ)အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် နည်းဥပဒေ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်းကြေညာပါတယ်။ (တူတုသည်)

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့ အတွက် အဆိုပါ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်နိုင်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ကို ဆောင်ရွက်သွားပါ့မယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄(ဂ)အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီမှ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

ဦးတင်ဝင်း၊ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ယနေ့ ၂၀၂၆ခုနှစ်၊ ဇွန်လ(၁၅)ရက်၊ တတိယအကြိမ်စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့သို့ တက်ရောက် နိုင်ခြင်းမရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှု အခြေအနေအား တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ အရာတော်မြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ကျွန်တော် ဦးတင်ဝင်းက အောက်ဖော်ပြပါ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားသွားမည် ဖြစ်ပါတယ်-

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ-

(၁) ဗိုလ်မှူးကြီးဝင်းတင်စိုး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး

(၂) ဦးဆန်းဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး တို့သည် ကိုယ်တိုင်ဆောင်ရွက်ရမည့်ကိစ္စရပ်များ ဆောင်ရွက်ရန်ရှိသဖြင့် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်ရန် ပျက်ကွက်ခြင်းကိုငဲ့တို့၏ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားသူအားလုံးကိုခွင့်ပြုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် ယခင်နေ့ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၁၀)ဦး ယနေ့ အစည်းအဝေးသို့ ပြန်လည်တက်ရောက်သူ(၃)ဦး ယနေ့ ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၂)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။ (သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။ (သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးက သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူတုသည်)

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ကို ဆက်လက်ဆောင်ရွက်ပါ့မယ်။

လွှတ်တော်ကိုယ်စား လှယ်များခင်ဗျား။

ယခု မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးတင်မောင်မြင့်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ အားလုံးမင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ၊ လေ့လာရေးလာပါသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်း(၁)ခု တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကလေးမြို့နယ်၊ ခုတင်(၃၀၀)ဆုံ ပြည်သူ့ဆေးရုံကြီးသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့နယ်တို့သာမက တမူးခရိုင်၊ မော်လိုက်ခရိုင်၊ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါခရိုင်မှ မြို့နယ်/ကျေးရွာများ၊ ချင်းပြည်နယ်မှ မြို့နယ်ကျေးရွာများမှပါ အားကိုးအားထားပြု၍ လာရောက်ဆေးကုသနေရသော ပြည်သူ့ဆေးရုံကြီးဖြစ်ပါသည်။

ကျွန်တော်တို့ ကလေးမြို့နယ်သည် လက်ရှိလူဦးရေ သုံးသိန်းလေးသောင်း ကျော်ရှိ၍ ဒေသအသီးသီးမှ နယ်မြေမငြိမ်းချမ်း၍ ကလေးမြို့သို့ လာကြသော လူဦးရေမှာလည်း တစ်သိန်းနီးပါးရှိ၍ ကလေးမြို့နယ် ခုတင်-၃၀၀ဆုံ ဆေးရုံကြီးသည် လက်ရှိအခြေအနေအရ ဝန်ထမ်းအင်အား မလုံလောက်မှု၊ ဆေးဝါးမလုံလောက်မှုများရှိနေပြီး မြို့နေပြည်သူလူထုများအနေဖြင့် ကျန်းမာရေးအခက်အခဲများ ရင်ဆိုင်နေရပါသည်။ ကလေးမြို့နယ် ခုတင်-၃၀၀ဆုံ ဆေးရုံကြီးတွင် ဖွဲ့စည်းပုံအရ ခွင့်ပြုဝန်ထမ်း အင်အား(၇၆၆)ဦးရှိ၍ လက်ရှိ ဝန်ထမ်းအင်အားမှာ (၁၄၉)ဦးသာရှိသောကြောင့် ဆေးရုံတက်လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဝန်ထမ်းမလုံလောက်မှု ဖြစ်နေရပါတယ်။

သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအင်အားအပြည့် ဖြည့်တင်းမပေးနိုင်ပါက လုံလောက်သော ဝန်ထမ်းအင်အား ဖြည့်တင်းပေးနိုင်ရန် လိုအပ်လျက်ရှိပါသည်။

ဆေးရုံကြီးတွင် အသုံးပြုရန် ဆေးဝါးသယ်ယူရာတွင်လည်း လမ်းခရီး လုံခြုံရေး စိတ်မချရမှုကြောင့် ဆေးဝါးလုံလောက်မှုမရှိသည့် အခက်အခဲများလည်း ရှိနေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်တို့ ကလေးမြို့သည် ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ မဟာ ဓာတ်အားလိုင်းမှ ရရှိနေသည့် လျှပ်စစ်မီးပြတ်တောက်နေမှုကြောင့် ပြည်သူ့ ဆေးရုံတွင် အသုံးပြုလျက်ရှိသော စီတီစကင်၊ အာထရာဆောင်း၊ ကျောက်ကပ် ဆေးစက်၊ အောက်ဆီဂျင်စက်ရုံ၊ လျှပ်စစ်ဖြင့်အသုံးပြုရသော ဆေးရုံသုံးလုပ်ငန်း များကို အဆင်ပြေချောမွေ့အောင် လုပ်ဆောင်နိုင်ရန် 240 KW Solar Power System လည်း လိုအပ်လျက် ရှိပါသည်။

ထို့ကြောင့် မဲဆန္ဒရှင်ပြည်သူလူထု၏ တောင်းဆိုချက်များနှင့် ရွေးကောက်ပွဲ ကာလ ကတိကဝတ်များအရ

(က) ကလေးမြို့ ခုတင်-၃၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် လိုအပ်လျက် ရှိသော လုံလောက်သောဝန်ထမ်း၊ ဆရာဝန်များနှင့် သူနာပြုများ ဆရာများ ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိ

(ခ) ပြည်သူ့ဆေးရုံတွင် လမ်းခရီးအခြေအနေများကြောင့် ဆေးဝါးမလုံ လောက်မှုများ ရှိနေသောကြောင့် လုံလောက်သော ဆေးဝါးများ ကလေး မြို့သို့ ရောက်ရှိနိုင်ရေးကို မည်သို့စီမံပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့်

(ဂ) ပြည်သူ့ဆေးရုံတွင် ဆေးရုံသုံးလုပ်ငန်းများ အသုံးပြုနိုင်ရေးအတွက် လိုအပ်သော Solar Systemဖြင့် လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက် ပေးနိုင်ခြင်းရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံး ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး၊ ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဖောင်းပြင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့်၏ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကလေးမြို့၊ ခုတင်ခုဝဂဆံ့ ပြည်သူ့ဆေးရုံကြီးမှာ ကုသရေးဌာနအနေနဲ့ ဖျားနာ၊ ခွဲစိတ်၊ သားဖွားမီးယပ်၊ ကလေး၊ အရိုး၊ မျက်စိ၊ စိတ်ကျန်းမာရေးဆိုပြီး ဌာနကြီးများ ရှိပါတယ်။ ကုသဌာန၊ ဓာတ်ခွဲဓာတ်မှန်ဌာနဆိုပြီး ဌာန(၉)ခုရှိပါတယ်။ ၎င်းဌာနများတွင် အထူးကုဆရာဝန်ကြီး၊ အထူးကုဆရာဝန်၊ လက်ထောက်အထူးကုဆရာဝန် စုစုပေါင်း(၁၂)ဦးဖြင့် လည်ပတ်လျက်ရှိပါတယ်။ လက်ထောက်ဆရာဝန်(၁၄)ဦးရှိပြီး လက်ထောက်ဆရာဝန်(၁၄)ဦး တာဝန်ချထားပြီးဖြစ်ပါတယ်။ ၎င်းအပြင် ထပ်မံလိုအပ်သည့် လက်ထောက်ဆရာဝန်ရရှိရေးအတွက် ကုသရေးဦးစီးဌာန(ရုံးချုပ်)သို့ (၂၅.၅.၂၀၂၆) ရက်စွဲပါစာအမှတ်၊ ၁၉၃၁/အစရ-၆/၂၀၀၆ဖြင့် တင်ပြတောင်းခံထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

သူနာပြုအင်အားအနေဖြင့် အကူသူနာပြုအပါအဝင် စုစုပေါင်း(၆၀)ဦး ခန့်ထားတာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ပြီးခဲ့သော မေလကုန်မှာ သင်တန်းဆင်းသော (သစ်လွင်)သူနာပြုများကိုလည်း တာဝန်ချထားပေးပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကလေးပြည်သူ့ဆေးရုံကြီးအတွက် ဘဏ္ဍာနှစ်(၁)နှစ်အတွက် လိုအပ်သောဆေးဝါးများကို ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ ခွင့်ပြုရန်ပုံငွေ အသုံးပြုပြီးတော့ တင်ဒါစနစ်ဖြင့် ဝယ်ယူ၍ တင်ဒါအောင်မြင်သော ကုမ္ပဏီများမှ ဆေးရုံသို့ အရောက်ပို့စနစ်ဖြင့် ဝယ်ယူသုံးစွဲလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ရုံးချုပ်မှ ထောက်ပံ့သော ဆေးနှင့်ဆေးပစ္စည်းများကို ဗဟိုဆေးသို လှောင်ရေးဌာန(ရန်ကုန်/မန္တလေး)တို့ကနေပြီးတော့ မိမိတို့ဆေးရုံအစီအစဉ်ဖြင့် ထုတ်ယူရမှာဖြစ်ပြီး ၎င်းတို့ရဲ့ ထုတ်ယူမှုများကိုလည်း တိုင်းဒေသကြီးအစိုးရမှ သယ်ဆောင်ရေးလုပ်ငန်းတွေမှာ တိုင်းဒေသကြီးအစိုးရမှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ရုံးချုပ်မှ တင်ဒါဖြင့် ဝယ်ယူထားသော ဆေးများနှင့် ဆေးပစ္စည်းများ တင်ဒါအောင်မြင်သောကုမ္ပဏီများမှ ဆေးရုံသို့ အရောက်ပို့ဆောင်ပေးလျက်ရှိပါတယ်။ တိုင်းဒေသကြီးကုသရေးဦးစီးဌာနအနေဖြင့်လည်း တိုင်းဒေသကြီးအစိုးရရဲ့ ဦးဆောင်လမ်းညွှန်ပံ့ပိုးမှုဖြင့် ဆေးပစ္စည်းတွေကို ဆေးရုံတွက် လိုအပ်သော ဆေးပစ္စည်းများကို ရေလမ်းကြောင်း၊ လေယာဉ်လမ်းကြောင်းများဖြင့် ရောက်ရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ကလေးမြို့ ခုတင်၃၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးမှာ ဆေးရုံသုံးလုပ်ငန်းများတွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် လိုအပ်လျက်ရှိသော Solar system တပ်ဆင်နိုင်ရေးအတွက် ကလေးမြို့ ခုတင်၃၀၀ဆံ့ ပြည်သူ့ဆေးရုံကြီးသို့ ခန့်မှန်းတွက်ချက်မှုနှင့်အတူ တင်ပြတောင်းခံထားပြီး ရရှိပါက ကုသရေးဦးစီးဌာန(ရုံးချုပ်)သို့ ဆက်လက်တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးထိန်မင်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးထိန်မင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တိုင်းဒေသကြီးဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်နဲ့ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို ကျွန်တော်တို့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ကျွန်တော်တို့ ဝန်းသိုမြို့နယ်အပါအဝင် မြို့များစွာရှိပါတယ်။ ဒီမြို့နယ်တွေအနေနဲ့ နှစ်စဉ်ပညာသင်နှစ်အလိုက် ကျောင်းဖွင့်ရာသီမှာဖွင့်လှစ်ပြီး ပညာသင်ကြားလျက်ရှိသော်လည်းပဲ ပညာရေးဝန်ကြီးဌာနမှ နှစ်စဉ်ပံ့ပိုးလျက်ရှိတဲ့ သင်ကြားရေးအထောက်အကူပစ္စည်းများ၊ စာရေးကိရိယာ၊ ဝတ်စုံ၊ ကျောင်းပရိဘောဂများ နှစ်စဉ်ပုံမှန် (လုံး၀) မရရှိသည်မှာ (၂)နှစ်၊ (၃)နှစ်မက ကြာမြင့်ခဲ့ပြီဖြစ်တယ်။

ဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုတာကတော့ ယခုအစိုးရသစ်လက်ထက် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်နှင့်ပတ်သက်ပြီး သင်ရိုးညွှန်းတမ်းပြဋ္ဌာန်းစာအုပ်များ၊ စာရေးကိရိယာဝတ်စုံများ၊ သင်ထောက်ကူပစ္စည်းများ အချိန်မီရောက်ရှိရေး မည်သို့ ဆောင်ရွက်ထားသည်ကို သိရှိလိုပါကြောင်းနှင့် သယ်ယူရန် ခက်ခဲတဲ့ ကျောင်းသုံးပရိဘောဂများကို အခြားနည်းလမ်းဖြင့် ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ မေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး၊ ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝန်းသိုမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထိန်မင်း၏ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် သင်ရိုးညွှန်းတမ်းပြဋ္ဌာန်းစာအုပ်များ၊ စာရေးကိရိယာများ၊ ဝတ်စုံ၊ သင်ထောက်ကူပစ္စည်းများကို နယ်မြေဒေသအခြေအနေအရ မုံရွာမြို့တွင် တွဲဘက်ဖွင့်လှစ်ထားသည့် ကောလင်း

ခရိုင်၊ ပညာရေးမှူးရုံးသို့ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ မြို့နယ်များမှ သက်ဆိုင်ရာခရိုင်ရုံးများသို့ ချိတ်ဆက်ပြီး ဆက်လက်ထုတ်ယူဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ဒေသအခြေအနေအရ အလွန်ခက်ခဲသော မြို့နယ်များအားလည်း ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အချိန်မီရောက်ရှိရေး သက်ဆိုင်ရာကုန်တင်ယာဉ် ယာဉ်တန်းများ၊ တပ်မတော်ယာဉ်တန်းများဖြင့် အချိန်မီပို့ဆောင်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သယ်ယူရန်ခက်ခဲသော ကျောင်းသုံးပရိဘောဂများကို အခြားနည်းလမ်းဖြင့် ထောက်ပံ့ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂)မှ ဦးအောင်လင်းဆန်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ် (၂)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးအောင်လင်းဆန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွတ်တော်ဥက္ကဋ္ဌကြီးဇ၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း(၁)ခုကို တင်သွင်းမေးမြန်း သွားမှာဖြစ်ပါတယ်။

ကျွန်တော် မေးမြန်းဆွေးနွေးလိုတာကတော့ ရေဦးမြို့တွင် လက်ရှိလျှပ်စစ်မီးပြတ်တောက်ခြင်း ခံထားရပါသည်။ ထို့ကြောင့် စာသင်ကျောင်းများနှင့် ပညာရေးရုံးများတွင် ရုံးပိုင်းဆိုင်ရာကိစ္စများ၊ ကျောင်းပိုင်းဆိုင်ရာကိစ္စများ ဆောင်ရွက်ရာတွင် ခက်ခဲမှုများရှိနေပါသဖြင့် ဆိုလာစနစ်တပ်ဆင်ရန် အထူးလိုအပ်နေပါသည်။ ယခု လက်ရှိ ရေဦးမြို့ပေါ်တွင် ဆိုလာစနစ်တပ်ဆင်ပေးဖို့ လိုအပ်နေသော စာသင်ကျောင်းများနှင့် ပညာရေးရုံးများမှာ-

၁။	ခရိုင်ပညာရေးမှူးရုံး	အောင်ဆန်းရပ်
၂။	မြို့နယ်ပညာရေးမှူးရုံး	အောင်ဆန်းရပ်
၃။	အ.ထ.က(၁)ရေဦး	အောင်ဆန်းရပ်
၄။	အ.ထ.က(၂)ရေဦး	ဗိုလ်အောင်ဇေယျာရပ်

၅။	မူလွန်(၁)	အောင်ချမ်းသာရပ်
၆။	မူလွန် မကြီးတော	မကြီးတောကျေးရွာ
၇။	မူလွန် အောင်သာယာ	အောင်သာယာကျေးရွာ
၈။	အ.မ.က အောင်ဆန်း	အောင်ဆန်းရပ်
၉။	အ.မ.က အောင်ချမ်းသာ	အောင်ချမ်းသာရပ်
၁၀။	အ.မ.က ရွှေပြည်သာ	ရွှေပြည်သာရပ်
၁၁။	အ.မ.က ရေဦးကုန်း	ရေဦးကုန်းရွာ
၁၂။	အ.မ.က ထန်းတော	ထန်းတောကျေးရွာ

စသည့်စာသင်ကျောင်းများဖြစ်ပါသည်။

အဆိုပါကျောင်းများနှင့် ပညာရေးရုံးများတွင် ပညာသင်ကြားမှု၊ စီမံခန့်ခွဲမှုနှင့် အရေးပေါ်ဆက်သွယ်ရေး၊ ညှိနှိုင်းလုံခြုံရေး၊ ကွန်ပျူတာအသုံးပြုမှု၊ စာကြည့်တိုက် သုံးစွဲမှုတို့အတွက် အစိုးရမှ ဆိုလာစနစ် တပ်ဆင်ပေးပါက အဆင်ပြေချောမွေ့သွားမည်ဖြစ်ပါသည်။ ထို့ကြောင့် ဆိုလာစနစ် တပ်ဆင်နိုင်ခြင်း ရှိ/မရှိကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာ/ချမ်းသာပါစေကြောင်း ဦးစွာမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး၊ ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရေဦးမြို့၊ မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်လင်းဆန်းရဲ့ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးသို့ မေးမြန်းချက်အပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစာအပ်ပါသောလွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ရေဦးမြို့ပေါ်မှာ ခရိုင်ပညာရေးမှူးရုံး၊ မြို့နယ်ပညာရေးမှူးရုံး အပါအဝင် အခြေပညာကျောင်း(၈)ကျောင်း ရှိပါတယ်။ ယခင်က ၎င်းရုံးများနှင့် ၎င်းကျောင်းများသည် လျှပ်စစ်မီးရရှိ အသုံးပြုခဲ့ပါတယ်။ ယင်းကျောင်း(၈)ကျောင်းသည်လည်း လက်ရှိ ပညာသင်နှစ်တွင်လည်း ဖွင့်လှစ်သင်ကြားနေသော ကျောင်းများဖြစ်ကြောင်းသိရှိရပါတယ်။ ယခုလက်ရှိကာလမှာ ရေဦးမြို့ပေါ်၌ လျှပ်စစ်မီးမရသဖြင့် အထက်တင်ပြပါ ခရိုင်ရုံး၊ မြို့နယ်ရုံး(၂)ရုံးနှင့် အခြေခံပညာကျောင်းများတွင် ရုံးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် မီးစက်ငယ်များ၊ လက်စွဲမီးစက်များဖြင့် အသုံးပြုဆောင်ရွက်လျက်ရှိပါတယ်။ ရေဦးမြို့၊ ခရိုင်ပညာရေးမှူးရုံး၊ မြို့နယ်ပညာရေးမှူးရုံးအပါအဝင် အထက(၁) ရေဦး၊ အထက(၂)ရေဦးတို့အတွက် ရုံးသုံး/ကျောင်းသုံးကွန်ပျူတာများ၊ Laptop များ၊ Printer များ အသုံးပြုရန်လိုအပ်သည့် 3.5 KW Hight Brake Solar System တပ်ဆင်နိုင်ရေးအတွက် ခွဲဝေခွင့်ပြုပေးနိုင်ပါရန် ခရိုင်ပညာရေးမှူးရုံး၏ (၁.၆.၂၀၂၆)ရက်စွဲပါစာဖြင့် တောင်းခံလာပါသဖြင့် တိုင်းပညာရေးမှူးရုံးမှ (၁၁.၆.၂၀၂၆)ရက်စွဲပါစာဖြင့် ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်တွင် ခွဲဝေချထားပေးနိုင်ပါရန် အခြေခံပညာဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြတောင်းခံထားပြီးဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လေရှိုးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်ဆန်းစစ်ရှိုးအား ခွင့်ပြုမေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်ဆန်းစစ်ရှိုး၊ လေရှိုးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော်ရုံးအကြီးအမှူးနှင့် ရုံးအဖွဲ့များအားလုံး ကျန်းမာ/ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှိုးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဒေါ်ဆန်းစစ်ရှိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးရှင့်။

ကျွန်မအနေနဲ့ ကျွန်မတို့ ထမံသီ-လေရှီး-ဆွမ်ဝရာလမ်းပိုင်းကိစ္စကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်မတို့ လေရှီးမြို့နယ်ဟာ မိုးများသည့် တောင်ပေါ်ဒေသဖြစ်တဲ့အတွက် မိုးတွင်းကာလမှာ မြေပြိုခြင်း၊ တောင်ကျရေ များကြောင့် လမ်းပေါက်၊ လမ်းပျက်စီးခြင်းများပြီး လမ်းပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ရပါတယ်။ ထို့ပြင် ဤလမ်းပိုင်းမှာ သစ်သားတံတားအားလုံးနီးပါး ပျက်စီးနေပြီး ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး မပြတ်တောက်သွားစေရန် သစ်သားတံတားများအား ဒေသခံများ၏ ဝိုင်းဝန်း ပူးပေါင်းမှုဖြင့် ယာယီဒေါက်ထောက် အသုံးပြုနေရခြင်း၊ အန္တရာယ်ရှိ လမ်းကျဉ်း များအား တောင်ဖြိုလမ်းချဲ့ခြင်းနှင့် Grade ချ ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်နေခြင်းနှင့် အတက်အဆင်း မတ်စောက်နေပြီး ပျက်စီးနေသော ကတ္တရာ လမ်းပိုင်းနေရာများအား အရည်အသွေးမီကွန်ကရစ်လမ်းများ ဦးစားပေး ဆောင်ရွက်ပေးရန် လိုအပ်နေပါတယ်။ အဆိုပါ သစ်သားတံတားများကို အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်များတွင် အသစ်တည်ဆောက်ခြင်း မပြုနိုင်ပါက ခရီးသွားပြည်သူများအတွက် အလွန်အန္တရာယ်များလှပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကို Powerpoint အသုံးပြုခွင့်ပြုပါရှင်။ (Powerpoint ဖြင့်တင်ပြသည်)။ Powerpointဖြင့် ပြလိုက်တာတွေကတော့ နှစ်တိုင်းကြုံနေရတဲ့ လမ်းပိုင်းဟာ အခက်အခဲတွေဖြစ်ပါတယ်။ တစ်လမ်းလုံး ဒီလိုမျိုးလေးတွေ ရှိနေတဲ့ အတွက်ကြောင့်မို့ ကျွန်မတို့အတွက် လမ်းပန်းဆက်သွယ်ရေး အရမ်းခက်ခဲ နေတာကို နမူနာအနေနဲ့ ပြတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး တင်ပြခွင့်ပေးပါရှင်။ ကျွန်မတို့ ထမံသီ-လေရှီး-ဆွမ်ဝရာ လမ်းပိုင်းဟာ မိုင်အားဖြင့် (၈၀/၆)မိုင် ရှိပြီး တာဝန်ယူဆောင်ရွက်နေရတဲ့ လမ်းဦးစီးဌာနအနေဖြင့် ဝန်ထမ်းအင်အား၊ ယာဉ်ယန္တရားအင်အား၊ ရန်ပုံငွေ အင်အား၊ လုံလောက်မှုမရှိတဲ့အတွက် ရာသီမရွေး သွားလာနိုင်ရန် ဆောင်ရွက်ဖို့ လုံးဝအားနည်း လျက်ရှိပါတယ်။

ဤလမ်းပိုင်းဟာ ဒေသခံပြည်သူလူထုများ အဓိက မှီခိုအားထားရာ တစ်ခုတည်းသောလမ်းဖြစ်ပါတယ်။ ဤလမ်းပိုင်းသာ ရာသီမရွေး သွားလာနိုင်မည် ဆိုပါက လေရှီးမြို့နယ်ရှိ ပြည်သူလူထုရဲ့ လူမှုစီးပွားနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊

ဒေသထွက်ကုန်များ မြန်ဆန်လွယ်ကူစွာ ပို့ဆောင်ရောင်းဝယ်နိုင်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကဏ္ဍများ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်မှာ ဧကန်မုချ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အောက်ပါ ကြယ်ပွင့်ပြမေးခွန်းများအား အထူးအလေးပေး ဆောင်ရွက်ပေးရန်ရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါက အဘယ့်ကြောင့်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည်ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ မေးမြန်းအပ်ပါတယ်ရှင်။ ကြယ်ပွင့်ပြမေးခွန်း

(က) ယာယီဒေါက်ထောက် အသုံးပြုလျက်ရှိသော အန္တရာယ်ရှိ တံတားများအား အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် RC တံတားဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊

(ခ) အန္တရာယ်ရှိ လမ်းကျဉ်းများအား တောင်ဖြုတ်လမ်းချဲ့ခြင်းနဲ့ Grade ချခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ၊

(ဂ) အတက်အဆင်း မတ်စောက်ပြီး ပျက်စီးနေသော ကတ္တရာလမ်းပိုင်းများအား အရည်အသွေးမီ ကွန်ကရစ်လမ်း ဦးစားပေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိတို့ ဖြစ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး(ကိုယ်စား)၊ ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေးသို့တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး၊ ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေး

ဝန်ကြီး ဦးခင်မောင်အေးသည် အရေးကြီး အစည်းအဝေးသို့ တက်ရောက်နေသည့်အတွက် ၎င်း၏ကိုယ်စား ဖြေကြားသွားမည်ဖြစ်ပါကြောင်း ဦးစွာ တင်ပြအပ်ပါတယ်။ ကျွန်တော်ဖြေကြားပေးသွားမှာကတော့ ဒေါ်ဆန်းစစ်ရှိုး၊ လေရှိုးမြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏ မေးခွန်းအား ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ထမံသီ-လေရှိုး-ပန်ဆက်- ဆွမ္မရာလမ်းဟာ ဆိုရင် မိုင်တိုင်(၀/၀မှ ၈၀/၆အထိ ၈၀မိုင် ၆ ဖာလုံ ရှိပါတယ်။ တိုင်းဒေသကြီးအစိုးရမှ စီမံခန့်ခွဲသည့်လမ်းစာရင်းတွင် ပါဝင်ပါတယ်။ လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း (၁၄ မိုင် ၃.၇၈၃)ဖာလုံ ကတ္တရာလမ်း၊ (၃၁ မိုင် ၄.၃၉၇ဖာလုံနဲ့ ကျောက်ခင်းလမ်း(၃၄ မိုင် ၅.၈၂ဖာလုံ)ရှိပါတယ်။

မေးခွန်း(က)အား ဖြေဆိုရမည်ဆိုလျှင် အဆိုပါလမ်းပေါ်မှာ ကြုံခိုင်မှုအားနည်းနေသော ပြုပြင်ရန်လိုအပ်သည့် ဘေလီတံတားနှင့် သစ်သားတံတားစုစုပေါင်း(၈)စင်း ရှိပါတယ်။ အဆိုပါ တံတား(၈)စင်းအနက် တံတား(၃)စင်းအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ ကျပ်သန်း(၃၄၇)သန်းဖြင့် ကျောက်စီကမ်းကပ်ခုံနှင့် ကွန်ကလစ်ကြမ်းခင်းလမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျန်တံတား(၅)စင်းအား သံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်နိုင်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်များတွင် နှစ်အလိုက်ရန်ပုံငွေ လျာထားတင်ပြဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေ ခွင့်ပြုရရှိမှုအပေါ်မူတည်၍ လုပ်ငန်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်း(ခ)အနေဖြင့် ထမံသီ-လေရှိုး-ပန်ဆက်-ဆွမ္မရာလမ်းမှာ မျက်ကွယ်ကွေ့လမ်းကျဉ်းနေရာများအား တောင်ဖြိုလမ်းချဲ့ခြင်း/ Grade ချခြင်းကို မိုင်တိုင်(၆ မိုင် ၄ ဖာလုံ)မှ မိုင်တိုင် (၅၂ မိုင် ၄ ဖာလုံ)ကြား လမ်းမိုင် (၁၀ မိုင် ၁ ဖာလုံ) စုစုပေါင်းလမ်းမိုင် (၁၀ မိုင် ၁ ဖာလုံ)မှာ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရှိရပါတယ်။ ရန်ပုံငွေကန့်ကတ်ချက်အရ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေ လျာထားတင်ပြနိုင်ခြင်း မရှိခဲ့ပါဘူး။ သို့ဖြစ်ပါ၍ လာမည့်ဘဏ္ဍာရေးနှစ်များတွင် လမ်းအပိုင်းအလိုက် နှစ်စဉ် ရန်ပုံငွေများ တင်ပြသွားမည် ဖြစ်ပါကြောင်း

ရန်ပုံငွေခွင့်ပြုရရှိမှုအပေါ် မူတည်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်း(၈)အနေနဲ့ အတက်အဆင်းမတ်စောက်ပြီး ပျက်စီးနေသော ကတ္တရာလမ်းပိုင်းများအား အဆင့်မြှင့်တင်ဆောင်ရွက်ရန် လက်ရှိမှာ မိုင်တိုင်(၄၁ မိုင် ၆ ဖာလုံ)နှင့် (၄၂ မိုင်)ကြားမှာ (၁)ဖာလုံ၊ ၄၄မိုင်နှင့် ၄၄မိုင် ၄၄ဖာလုံကြားမှာ (၁)ဖာလုံ၊ မိုင်တိုင်၄၉မိုင် ကြားမှာ (၁)ဖာလုံ၊ မိုင်တိုင်(၅၀)ကြားမှာ (၁)ဖာလုံ၊ မိုင်တိုင်(၃၆ မိုင်) ကြားမှာ (၁)ဖာလုံနဲ့ မိုင်တိုင် (၃၆ မိုင် ၅ဖာလုံ)၊ (၃၆ မိုင် ၆ ဖာလုံ)ကြားမှာ (၁)ဖာလုံ စုစုပေါင်း (၆)ဖာလုံ (၆)နေရာ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါတယ်။ ရန်ပုံငွေကန့်သတ်ချက်အရ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားတင်ပြနိုင်ခြင်းမရှိခဲ့ပါဘူး။ သို့ဖြစ်ပါ၍ လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေလျာထား တင်ပြသွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးစိုင်းစံလှစိုးအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားရပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးစိုင်းစံလှစိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြ မေးခွန်းတစ်ခုကို ဆွေးနွေးမေးမြန်းသွားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်အတွင်းရှိ မဟာဗျူဟာလမ်း သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး လမ်းအပိုင်းမှာပါဝင်တဲ့ ဟုမ္မလင်း-နောင်ပိုအောင်ကြားမှာရှိတဲ့ မြေသားလမ်းကို ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် လမ်းအရှည်(၅)မိုင် (၄)ဖာလုံခန့် ကျန်ရှိနေပါတယ်။

ကွန်ကရစ်လမ်းခင်းရန်ကျန်ရှိနေတဲ့ လမ်းအပိုင်းနဲ့ တစ်ဆက်တစ်စပ်တည်းရှိတဲ့ သဖန်းကုန်း ကျေးရွာဘက်အခြမ်း ဥရုတံတား ချဉ်းကပ်လမ်း အရှည်(၁)မိုင်ကို

ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကွန်ကရစ်လမ်းခင်းရန် ကျန်ရှိတဲ့ လမ်းအပိုင်းဟာ မဟာဗျူဟာလမ်းပေါ်မှာတည်ရှိပြီး ဟုမ္မလင်း-မုံရွာသွားရာလမ်းမကြီး ဖြစ်တဲ့အပြင် ဒေသတွင်းပြည်သူများမှ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကုန်စည်စီးဆင်းရေးအတွက် အဓိကအားထား အသုံးပြု နေကြရတဲ့ တစ်ခုတည်းသောလမ်းဖြစ်ပါတယ်။ ပြည်သူများသွားလာရာမှာ ပွင်းလင်းရာသီကလွဲပြီး ကျန်မိုးတွင်းကာလများမှာ ကွန်ကရစ်လမ်းခင်းရန် ကျန်ရှိတဲ့လမ်းအပိုင်းမှာ ဆိုးရွားစွာ လမ်းပျက်စီးမှုဖြစ်ပေါ်ပြီး သွားလာသည့် ယာဉ်များ အချိန်ကြာမြင့်စွာ ဖြတ်သန်းရသည့်အတွက် ကြီးစွာသော အခက်အခဲ ဒုက္ခများနှင့် ရင်ဆိုင်ကြရပါတယ်။

သို့ဖြစ်ပါ၍ မဟာဗျူဟာလမ်း သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး လမ်းအပိုင်းမှာပါဝင်တဲ့ ဟုမ္မလင်း-နောင်ပိုအောင်ကြားရှိ ကွန်ကရစ်ခင်းရန် ကျန်ရှိတဲ့လမ်းအပိုင်းကို အနီးစပ်ဆုံးဘတ်ဂျက်မှာ ဦးစားပေးဆောင်ရွက်ပေး နိုင်ရန် အစီအစဉ်ရှိ/မရှိနဲ့ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့် ဘဏ္ဍာရေး နှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံ ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြား ရန် ဖြစ်ပါတယ်။

လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး(ကိုယ်စား)၊ ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစား အပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အစည်းအဝေး တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံပါစေလို့ နူတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာ ဝန်ကြီး၊ ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး၏ကိုယ်စား ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းအား ဖြေကြား သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်းဟာဆိုရင် စုစုပေါင်းမိုင်အရှည် (၃၃၅)မိုင် ရှိပါတယ်။ တိုင်းဒေသကြီးမှ စီမံခန့်ခွဲသည့် လမ်းစာရင်းတွင် ပါဝင်ပါတယ်။ မေးခွန်းအကြောင်းအရာပါ ဟုမ္မလင်း-နောင်ပိုအောင်လမ်းပိုင်းသည် မိုင်တိုင်(၁၉၉ မိုင် / ၄ဖာ လုံမှ ၁၈၆/၀ဖာလုံ)အတွင်း လမ်းပိုင်းဖြစ်ပြီး (၁၃ မိုင် ၄ ဖာလုံ) ရှိပါတယ်။ လက်ရှိအခြေအနေမှာ ကွန်ကလစ်လမ်း (၈)မိုင်၊ ကတ္တရာလမ်း (၁.၇၁)ဖာလုံ၊ အမာခံလမ်း(၅)မိုင် (၂.၃)ဖာလုံဖြစ်ပါတယ်။ ဟုမ္မလင်း-နောင်ပိုအောင်လမ်းပိုင်း မိုင်တိုင် (၁၉၉/၄ နှင့် ၁၈၆ မိုင်) အတွင်း (၁၈ပေ)အကျယ် ကွန်ကလစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် (၁၈ပေ)အကျယ် ကွန်ကလစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန် မပါရှိသော်လည်း ရန်ပုံငွေ (၄၄၀.၅)သန်းဖြင့် Box Culvert တည်ဆောက်ခြင်း(၂)စင်း၊ ကွန်ကရစ်တံတား တည်ဆောက်ခြင်း(၁)စင်း၊ တိုင်းဒေသကြီး သာမန်ရန်ပုံငွေ (၁၉.၃)သန်းဖြင့် လမ်းမျက်နှာပြင် ပျက်စီးခြင်းများအား ကျောက်ရောမြေဖြင့် ပြုပြင်ခြင်း၊ (၁.၇၅)ဖာလုံ ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ အမာခံလမ်းအဖြစ် ကျန်ရှိသည့် (၅ မိုင်၊ ၂.၃ ဖာလုံ)အား သတ်မှတ်လမ်းအကျယ် ရရှိရန် (၄၀ပေ)အကျယ် လမ်းတာပေါင်တင်ခြင်းနှင့် (၁၈ပေ)အကျယ် ကွန်ကလစ်လမ်းခင်းခြင်း လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်များတွင် လမ်းအပိုင်းအလိုက် ရန်ပုံငွေလျာထားတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွင့်ပြုရရှိမှုပေါ်မူတည်၍ လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ခင်ဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)မှ ဦးကျော်စိုးဦးအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ် (၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်ရောစိတ်ပါ ကျန်းမာကြပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးကျော်စိုးဦး ဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ မေးခွန်းတစ်ခုကို တင်သွင်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျာ။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော် မေးမြန်းလိုတာကတော့ စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အတွင်းရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ဆောင်ရွက်နေကြတဲ့ စပါးစိုက်တောင်သူလယ်သမားများအတွက် ရည်ရွယ်ခြင်းဖြစ်ပါတယ်။ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်ဟာ ဧရိယာစတုရန်းမိုင်ပေါင်း (၅.၅၈)ဧက ကျယ်ဝန်းပြီး မြို့ပေါ်(၄)ရပ်ကွက်၊ ကျေးရွာ(၄၈)အုပ်စု စုစုပေါင်း(၅၂)အုပ်စုဖြင့် ဖွဲ့စည်းတည်ဆောက်ထားပြီး လူဦးရေ ကျား/မ စုစုပေါင်းမှာ (၁၁၈၇၂၁)ယောက် ဖြစ်ပါတယ်။ လူဦးရေစုစုပေါင်း၏ (၇၅)ရာခိုင်နှုန်းမှာ တောင်သူလယ်သမား ဖြစ်ပါတယ်။ မြို့နယ်၏ စိုက်ပျိုးမြေဧရိယာ စုစုပေါင်းမှာ (၁၆၅၀၃၃)ဧကဖြစ်ပြီး လယ်မြေဧရိယာမှာ (၂၈၁၁၂)ဧက ရှိပါတယ်။ ၎င်းတို့မှာ ဆည်ရေသောက်လယ် (၆၉၀)ဧက၊ လျှပ်စစ်/ဆိုလာ မြစ်ရေတင်နဲ့စိုက်တဲ့ လယ်(၄၇၀၀)ဧကနှင့် တာတမံရေထိန်းတံခါးစနစ်နဲ့ စိုက်တဲ့လယ်မြေကဟာ(၄၈၀၀) ဧကဖြစ်ပါတယ်။ စုစုပေါင်း စပါးစိုက်တဲ့ဧကဟာ (၁၀၁၉၀)ဧက ဖြစ်ပါတယ်။ ကျန် လယ်မြေ (၁၇၉၂၂)ဧကမှာ မိုးကောင်းသောက်များဖြစ်ပြီး နှစ်စဉ်စိုက်ပျိုး၍မရတဲ့ လယ်မြေများ ဖြစ်ပါတယ်ခင်ဗျာ။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ကျွဲနွှဲနွားများကို အသုံးပြုရသည့်အပြင် လက်တွန်းထွန်စက်(၂၈၂)စီးနှင့် လယ်ထွန်စက်အကြီး(၇၈၀)စီးကိုလည်း လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက်လည်းကောင်း၊ လက်မှုနိုင်ငံမှ စက်မှုနိုင်ငံ အဖြစ်သို့ ကူးပြောင်းရန်အတွက် အဆိုပါ လယ်ယာသုံး ကိရိယာများကို အသုံးပြုလျက်ရှိကြပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော် မေးမြန်းဆွေးနွေးလိုတာကတော့ မြင်းမူမြို့နယ်မှာ နှစ်စဉ်စိုက်ပျိုးလျက်ရှိတဲ့ စပါးစိုက်ဧရိယာ(၁၀၁၉၀)ဧကအတွက် လိုအပ်သော ဓာတ်မြေဩဇာ၊ ပိုးမွှားအန္တရာယ် ကာကွယ်ဆေး၊ ပိုးသတ်ဆေးအစရှိတဲ့ စိုက်ပျိုးရေးသုံး သွင်းအားစုများကို ပုဂ္ဂလိကဆိုင်များမှ ဝယ်ယူသုံးစွဲနေရသည်မှာ

တန်ဖိုးအဆမတန် မြင့်မားနေမှုတို့ကြောင့် သက်ဆိုင်ရာ ဌာနများမှ သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ရောင်းချပေးရန် အစီအစဉ်ရှိ/မရှိနှင့် လယ်ယာလုပ်ငန်းသုံး စက်ကိရိယာ(၁၀ဖြ၂)စီးအတွက် အသုံးပြုနိုင်ရန် စက်သုံးဆီများကိုလည်း သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ရောင်းချပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းကို မြင်းမူမြို့နယ်၊ စပါးစိုက် တောင်သူလယ်သမားကိုယ်စားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ လေးစားစွာဖြင့် မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး(ကိုယ်စား) ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ဧည့်သည်တော်အပေါင်း မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ပထမဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင် ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်းဟာ အရေးကြီးတဲ့ လုပ်ငန်းတာဝန်တွေရှိတဲ့အတွက်ကြောင့်မို့ သူရဲ့ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ခင်ဦးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်စိုးဦးရဲ့ မေးခွန်းဟာဆိုရင် မြင်းမူမြို့နယ်မှာ နှစ်စဉ်စိုက်ပျိုးလျက်ရှိတဲ့ စပါးစိုက်ဧက(၁၀၁၉၀)ကေအတွက် လိုအပ်သော ဓာတ်မြေဩဇာ ပိုးမွှားကာကွယ်ဆေးအစရှိတဲ့ စိုက်ပျိုးရေးသုံးသွင်းအားစုများ ပုဂ္ဂလိကဆိုင်များမှ ဝယ်ယူသုံးစွဲနေရသည်မှာ တန်ဖိုးအဆမတန်မြင့်မားနေကြောင်း သက်ဆိုင်ရာဌာနများမှ သင်တင့်မျှတတဲ့ ဈေးနှုန်းများနဲ့ ရောင်းချပေးရန် အစီအစဉ်ရှိ/မရှိနဲ့ လယ်ယာသုံးလုပ်ငန်း စက်ကိရိယာ (၁၀ဖြ၂)စီးအတွက် အသုံးပြုရန် စက်သုံးဆီများကို သင့်တင့်မျှတသော ဈေးနှုန်းဖြင့် ရောင်းချပေးရန် အစီအစဉ်ရှိ/မရှိ၊ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုသော မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များခင်ဗျာ။ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်မှာ ၂၀၂၆-၂၀၂၇ မိုးစပါး စိုက်ပျိုးရာသီ၌ (၁၂၁၃၈)ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ရာ မိုးစပါးပန်းတိုင် အထွက်နှုန်းရရှိရေး (၂၅၀၀)ဧကစိုက်ပျိုးရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပြီး တော့မှ မျိုး၊ မြေ၊ ရေ နည်းလမ်းများဖြင့်အညီ လိုအပ်တဲ့သွင်းအားစု ဓာတ်မြေဩဇာများကို ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိရေးအတွက် မိုးစပါးပန်းတိုင် (၂၅၀၀)ဧကအတွက် ယိုးဒယားဓာတ်မြေဩဇာ စွမ်းအင်ကနေပြီးတော့မှ (၃၃၇၅)အိတ် သမကျေးလက်မှ(၃၇၅)အိတ် စုစုပေါင်း(၃၇၅၀)အိတ် တင်ပြထားရှိပြီးဖြစ်ပါတယ်။ ၎င်းအပြင် ကျန်မိုးစပါးစိုက်ဧက (၉၆၃၈)ကေအတွက် လိုအပ်သော ယိုးဒယားဓာတ်မြေဩဇာများကိုလည်း ထပ်မံတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဓာတ်မြေဩဇာလိုလားချက်များအား ရောင်းချရန် ခွင့်ပြုချက်ရှိပါက တောင်သူများလက်ဝယ်သို့ သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချနိုင်ရေးကို သက်ဆိုင်ရာဌာနများကနေပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ ဈေးနှုန်းတွေများတဲ့ သွင်းအားစုများဖြစ်တဲ့ ဓာတုပိုးသတ်ဆေးများအစား သဘာဝပိုးသတ်ဆေးများ ပြုလုပ်၍လည်းကောင်း၊ တမာပိုးသတ်ဆေးများ ဝယ်ယူဖြန့်ဖြူးခြင်းဖြင့်လည်းကောင်း အစားထိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြင်းမူမြို့နယ်အတွင်းမှာဆိုရင် လယ်ယာသုံးစက်သုံးဆီတွေအတွက် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးကော်မတီများနှင့်တစ်ဆင့် မြင်းမူမြို့နယ်အတွင်း ရောင်းချလျက်ရှိတဲ့ ဆီဆိုင်များနဲ့ ချိတ်ဆက်ပြီးတော့မှ မိုးစပါးစိုက်ဧက ပြည့်မီရေး၊ မြေပြုပြင်ခြင်းလုပ်ငန်းများအတွက် (၈၀၈၈)ဧကအတွက် ဒီဇယ်(၄)ဂါလံနှုန်း (၃၂၃၅၂)ဂါလံ၊ ရေတင်ခြင်းလုပ်ငန်းအတွက် (၂၀၈၃)ဧကအတွက် ဒီဇယ်(၄)ဂါလံနှုန်း (၈၃၃၂)ဂါလံ၊ ရိတ်သိမ်းခြင်းလုပ်ငန်းများအတွက် (၄၀၄၅)ဧကအတွက် ဒီဇယ်(၄)ဂါလံနှုန်း (၁၆၀၈၀)ဂါလံ၊ ချေလှော်သယ်ယူခြင်းလုပ်ငန်းအတွက် (၆၀၆၆)ဧကမှာ ဒီဇယ် (၁.၅)ဂါလံနှုန်းဖြင့် (၉၀၉၉)ဂါလံ စုစုပေါင်း (၆၅၆၉၃)ဂါလံ တင်ပြထားပြီးဖြစ်ရာ ခွင့်ပြုချက်ရရှိပါက စက်သုံးဆီဆိုင်များမှတစ်ဆင့် တောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးရောင်းချနိုင်ရေးကို သက်ဆိုင်ရာဌာနများဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန်အား ခွင့်ပြုမေးခွန်း(၂)ခုကို တစ်ဆက်တစ်စပ်တည်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ် (၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန် ဖြစ်ပါတယ်ရှင်။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း များကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင့်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၁၁(က)ပါ ဥပဒေပြုရေးကဏ္ဍ ဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး၏ အဓိကပြယုဂ်ဖြစ်သည့် လွှတ်တော် အဆောက်အဦ ပတ်ဝန်းကျင် (၁၂)ရာသီစိမ်းလန်းစိုပြေ သန့်ရှင်းသာယာလှပရေး အတွက် ဆောင်ရွက်ပေးမည့် စည်ပင်သာယာရေးအဖွဲ့၏ ဌာနတစ်ခုအား သီးသန့် တာဝန်ပေးရန် အစီအစဉ် ရှိ /မရှိ မေးမြန်းသွားမှာဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ နိုင်ငံတော်၏ အချုပ်အခြာအာဏာ ခတ်မသုံးဖြာဖြစ်သည့် ဥပဒေ ပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း နှင့်အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ကို ပြဋ္ဌာန်း ထားရှိပါတယ်။ နိုင်ငံတော ၏ ဥပဒေပြုရေးအာဏာကို ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များအား ခွဲဝေအပ်နှင်းခြင်း၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စုများအား ဖွဲ့စည်းပုံအခြေခံဥပဒေက သတ်မှတ်သော ဥပဒေ ပြုရေးအာဏာကို ခွဲဝေအပ်နှင်းခဲ့ကြပြီး၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် လွှတ်တော်များ၏ မျှော်မှန်းချက်၊ ဦးတည်ချက်နှင့် အဓိကစံနှုန်းများအတိုင်း အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိနေသော်လည်း ရုပ်ပိုင်းဆိုင်ရာဖြစ်သည့် လွှတ်တော်အဆောက်အဦ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တည်းခိုသည့်

ရိပ်သာဆောင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်စွာ ဖြစ်ပေါ်စေရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် ဆောင်ရွက်ထားရှိမှသာ မိမိတို့၏ တိုင်းအတွင်းသို့ နိုင်ငံတကာသံတမန်အဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများသည် လေ့လာရေးခရီးရောက်ရှိပါက စစ်ကိုင်းတိုင်းဒေသကြီး၏ အဓိကပြယုဂ်ဖြစ်သည့် လွတ်တော်အတွက် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေး၊ သန့်ရှင်းသပ်ရပ်စွာ ဖြစ်ပေါ်စေရေး အမြဲဆောင်ရွက်ရန် လိုအပ်ပါတယ်။

ဥပမာအားဖြင့် တင်ပြရလျှင် ပြည်ထောင်စုလွတ်တော်၊ ပြည်သူ့လွတ်တော်၊ အမျိုးသားလွတ်တော်၊ ရန်ကုန်တိုင်းလွတ်တော်တို့တွင် လွတ်တော်စိမ်းလန်းစိုပြည်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး သာယာလှပရေးအတွက် အမြဲတာဝန်ယူဆောင်ရွက်ရသည့် မြို့တော်စည်ပင်၊ အိုးအိမ်ဌာန၊ လျှပ်စစ်စသည့် ဌာနများမှ တာဝန်ယူဆောင်ရွက်နေသည်ကို တွေ့ရှိရပါတယ် ။

စစ်ကိုင်းတိုင်းဒေသကြီး၏ အဓိကပြယုဂ်ဖြစ်သည့် လွတ်တော်ကြီးအား လွတ်တော်အဆောက်အဦ၊ လွတ်တော်ကိုယ်စားလှယ်များ တည်းခိုသည့် ရိပ်သာဆောင် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး သန့်ရှင်းသာယာလှပရေးအတွက် ရုပ်ပိုင်းဆိုင်ရာကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးမည့် စည်ပင်သာယာရေးအဖွဲ့ဌာနများမှ ဌာနစုအလိုက် တာဝန်ချထားပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါတယ်ရှင့်။

ဒုတိယမေးခွန်းကို တင်ပြခွင့်ပြုပါရှင်။

မုံရွာမြို့၊ မြို့ပေါ်ရပ်ကွက်များရှိ လမ်းများ၊ ပြည်သူများသွားလာနေသော လမ်းမကြီးများအပေါ်ထိရောက်အောင် ကျူးကျော်ရောင်းချသည့် ပစ္စည်းများ စုပုံခြင်းတို့ကို သက်ဆိုင်ရာဌာနများမှ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မုံရွာမြို့ မြို့ပေါ်ရပ်ကွက်ရှိ လမ်းများ၊ ဗိုလ်ချုပ်လမ်းမကြီး၊ ပြည်ထောင်စုလမ်းမကြီး၊ ကျောက္ကာလမ်း၊ သာစည်လမ်းစသည့်လမ်းများတွင် လမ်းဧရိယာအတွင်း ခွင့်ပြုချက်မရှိဘဲ ပစ္စည်းများ စုပုံထားခြင်း၊ ဈေးဆိုင်ခန်းပိုင်ရှင်များအနေဖြင့်လည်း ဆိုင်ခန်းဧရိယာအတွင်း၌သာမက လမ်းဧရိယာအတွင်း ပစ္စည်းများခင်းကျင်းထားခြင်းတို့ကြောင့် အများပြည်သူများသွားလာရာတွင် လမ်းပိတ်ဆို့မှုများဖြစ်ပေါ်ပြီး စိတ်အနှောင့်အယှက်ဖြစ်ခြင်း၊ ယာဉ်မတော်ဆမှုများ ဖြစ်ပွား

နိုင်ခြင်းကြောင့် အများပြည်သူ သွားလာနေရသော လမ်းမကြီးများပေါ်တွင် ကျူးကျော်၍ ခွင့်ပြုချက်မရှိ ဈေးဆိုင်ခန်းများခင်းခြင်း၊ ပစ္စည်းများ စုပုံထားခြင်းတို့ကို သက်ဆိုင်ရာဌာနများမှ အရေးယူဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိနှင့် အရေးယူဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မုံရွာမြို့နေ ပြည်သူများကိုယ်စား မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက မေးခွန်း(၂)ခုကို တစ်ဆက်တစပ်တည်းဖြေကြားပေးရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌနှင့် လွတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မေးခွန်း(၂)ခုကို တစ်ပြိုင်တည်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပထမမေးခွန်းအနေနဲ့ မိမိတို့ တိုင်းဒေသကြီးရဲ့ အဓိကပြဿနာဖြစ်တဲ့ လွတ်တော်ကြီးဟာ လွတ်တော်အဆောက်အဦ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာရေးတို့အတွက် ရုပ်ပိုင်းဆိုင်ရာကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးမဲ့ ဌာနများမှ ဌာနစုအလိုက် တာဝန်ချထားနိုင်မှု အစီအစဉ်ရှိ/မရှိ သိလိုကြောင်း လွတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန်ရဲ့ မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်အဆောက်အဦ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ အမှိုက်သိမ်းဆည်းရေး၊ ရေစီးရေလာ ကောင်းမွန်ရေးနှင့် သာယာလှပရေးလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ရုံးဝန်းအတွင်းမှာ ဆောင်ရွက်လျက်ရှိတဲ့ သန့်ရှင်းရေးအဖွဲ့တို့မှ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လွတ်တော်အဆောက်အဦ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနဲ့ သန့်ရှင်းသာယာလှပရေးအတွက် ရုပ်ပိုင်းဆိုင်ရာကဏ္ဍများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးမဲ့

ဌာနများကနေပြီးတော့မှ ဌာနစုအလိုက် တာဝန်ပေးအပ်နိုင်ရေး တိုင်းဒေသကြီး လွှတ်တော် သန့်ရှင်းသာယာလှပရေးအတွက် သီးသန့်သန့်ရှင်းရေးအဖွဲ့ထားရှိဖို့ရာ လိုအပ်တဲ့ အသုံးစရိတ်များအား ရသုံးခန့်မှန်းခြေစာရင်းမှာ ထည့်သွင်းရေးဆွဲ ပြီးတော့မှ ခွင့်ပြုချက်ရရှိပါက သီးသန့်သန့်ရှင်းရေးအဖွဲ့ ထားရှိဆောင်ရွက်သွား မည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ မုံရွာမြို့၊ မြို့ပေါ်ရပ်ကွက်များမှာရှိတဲ့ လမ်းများ ဗိုလ်ချုပ်လမ်းမကြီးနဲ့ ပြည်ထောင်စုလမ်းမကြီးမှာ လမ်းဧရိယာပေါ်၊ လမ်းဧရိယာ အတွင်း ခွင့်ပြုချက်မရှိဘဲ ပစ္စည်းများစုပုံခြင်း၊ ဈေးဆိုင်ခန်းပိုင်ရှင်များမှ ဈေးခန်း ဧရိယာအတွင်းသာမက လမ်းဧရိယာအတွင်းပစ္စည်းများ ခင်းကျင်းထားခြင်း တို့ကြောင့် အများပြည်သူများ သွားလာရာမှာ လမ်းပိတ်ဆို့မှု ဖြစ်ပေါ်ပြီးတော့ စိတ်အနှောက်အယှက်ဖြစ်ခြင်း၊ ယာဉ်မတော်တဆများ ဖြစ်ပွားနိုင်ခြင်းတို့ကြောင့် အများပြည်သူ သွားလာနေတဲ့လမ်းမကြီးပေါ်မှာ ကျူးကျော်၍ ခွင့်ပြုချက်မရှိ ဈေးဆိုင်ခန်းများ ခင်းကျင်းခြင်း၊ ပစ္စည်းများစုပုံထားခြင်းတို့ကို သက်ဆိုင်ရာဌာန များမှ အရေးယူ ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိနှင့် အရေးယူဆောင်ရွက်မည်ဆိုပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်းမေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

မုံရွာမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ကျူးကျော်ဈေးသည်များကို လမ်းမကြီးများ၊ လမ်းဘေးဝဲယာတစ်လျှောက်မှာ ဈေးရောင်းချမှုမပြုဘဲ သတ်မှတ် ထားတဲ့ ဈေးများတွင်သာ သွားရောက်ရောင်းချရန် လမ်းမကြီးများပေါ်မှာ ယာဉ် အန္တရာယ်မဖြစ်ပေါ်စေရေး၊ လမ်းကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေး၊ စက်ဘီး၊ ဆိုင်ကယ်၊ မော်တော်ယာဉ်များ၊ စနစ်တကျ ရပ်နားထားရှိရန်နှင့် အမှိုက်များကို လမ်းမကြီးပေါ်မှာ လွယ်လင့်တကူ မစွန့်ပစ်ဘဲ အဖွဲ့မှ သတ်မှတ်ထားတဲ့ အမှိုက်ကန်၊ အမှိုက်ပုံးများမှာ သွားရောက်စွန့်ပစ်စေရေး (၇.၅.၂၀၂၆) ရက်နေ့မှ စပြီးတော့ စည်ပင်သာယာရေးဝန်ထမ်း(၂)ဖွဲ့နဲ့ မေတ္တာရပ်ခံတဲ့ နည်းလမ်းတွေ၊ စည်းရုံးတဲ့နည်းလမ်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနည်းလမ်း၊ အသိပညာ ပေးတဲ့နည်းလမ်းတို့နဲ့ စည်းကမ်းထိန်းသိမ်း ဆောင်ရွက်နေပါတယ်။ ပတ်ဝန်းကျင် သန့်ရှင်းရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်ရန် ပြည်သူများ ပူးပေါင်း

ပါဝင်ရေး၊ စည်ပင်သာယာရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ ပြစ်မှုပြစ်ဒဏ်များကို သိရှိလိုက်နာစေရေး အသိပညာပေးဆိုင်းဘုတ်များ စိုက်ထူ၍ နှိုးဆော်စည်းရုံးခြင်း တို့ကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ လိုက်နာဆောင်ရွက်ခြင်း မရှိတဲ့သူများကိုလည်း သတိပေးအကြောင်းကြားစာ(၃)ကြိမ် ပေးပို့သွားမှာ ဖြစ်ပြီးတော့မှ လိုအပ်ပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ရယူ၍ ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ပိုပြီးတော့ အသေးစိတ်ရှင်းပြရမယ်ဆိုရင် ကျွန်တော်တို့ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကို (၈)ဦးနဲ့ (၂)ဖွဲ့ ဖွဲ့ထားပါတယ်။ လက်ရှိမှာတော့ ဦးဆောင်တာရှိပါတယ်။ ကျွန်တော်တို့ လုပ်ဆောင်မဲ့ ပြည်ထောင်စုလမ်းမကြီးပေါ်မှာဆိုရင် ယခင်ကဆိုရင် စျေးသည်တွေရှိပါတယ်။ ကျွန်တော်တို့ လုပ်ဆောင်ချက်တွေဟာ လုံးဝကြီး ပပျောက်တဲ့အနေအထားတော့ မရှိသေးပါဘူး။ ဒါပေမဲ့ လျော့နည်းသွားတဲ့ အနေအထားကတော့ မြင်တွေ့ရမှာဖြစ်ပါတယ်။ နောက်တစ်ချက် ကျွန်တော်တို့ လုပ်နေတဲ့ လုပ်ငန်းတစ်ခုရှိပါတယ်။ ပြင်ပရွှေရောင်းဝယ်တဲ့ ဆိုင်တွေ ဒါတွေကိုလည်း လမ်းဘေးပလက်ဖောင်းပေါ်မှာ ကျူးပြီးလုပ်နေတဲ့ ဟာတွေကိုလည်း ကျွန်တော်တို့ ဆိုင်းဘုတ်တွေ လုံးဝဖြုတ်ဖို့ရာဆိုပြီး ဒါတွေလည်း ဆောင်ရွက်လျက်ရှိကြောင်း တစ်ပါတည်း တင်ပြအပ်ပါတယ်။ နောက်တစ်ချက်ကလည်း ရွှေတော်ဝင် ဆေးခန်းရှေ့မှာဆိုလည်း ကျွန်တော်တို့ ဆိုင်ကယ်တွေ၊ ကားတွေ ရပ်နားမှုတွေ စနစ်မကျဘူးလို့လည်း သွားရောက်ပြီးတော့မှ ပိုင်ရှင်တွေ ဒါတွေကိုလည်း ခေါ်ယူပြီးတော့မှ သူတို့ကိုလည်း အသိပေးခြင်းတွေ လုပ်နေပါတယ်။ နောက် ကျောက္ကာလမ်းမကြီးပေါ်မှာရှိတဲ့ မြနဂါးစတိုးဆိုင်ရှေ့မှာလည်း စည်းကားတဲ့ ဆိုင်တစ်ဆိုင် ဖြစ်ပါတယ်။ သူတို့ကိုလည်း လမ်းဘေးမှာ Traffic Jam တွေ သူရဲ့ဆိုင်ရဲ့ရှေ့မှာ ရပ်ထားတဲ့ဟာတွေ ကိုလည်း ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိကြောင်း ထပ်မံပြီးတော့ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပြီဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး အစီအစဉ်(၆)ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

လွှတ်တော်အစည်းအဝေး ပဉ္စမနေ့မှာ လွှတ်တော်ဥက္ကဋ္ဌမှ အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့မှာ ပါဝင်တဲ့ အဖွဲ့ဝင် ဦးရေ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ အဖွဲ့၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်၌ ရှင်းလင်း/ ဖတ်ကြားတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဆိုပါအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်မှုနဲ့ပတ်သက်ပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်ရှိပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၂)ရက်၊ (သောကြာနေ့)၊ (၁၆:၃၀)နာရီအချိန်အရောက် အမည်စာရင်းတင်ပြရန် အကြောင်းကြားခဲ့ရာ ကိုယ်စားလှယ်အချို့ လာရောက်တင်ပြဆွေးနွေးနဲ့အပေါ်မှာ လွှတ်တော်ဥက္ကဋ္ဌနှင့် အတူ လွှတ်တော်အကြီးအမှူးတို့ အကောင်းဆုံးစဉ်းစားဆွေးနွေးပြီး အချို့ကို လိုအပ်မည်ထင်၍ ထပ်မံ ဖြည့်စွက်ထည့်သွင်းဖွဲ့စည်းသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် အဖွဲ့ရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။ (သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့မှာ ဥက္ကဋ္ဌအဖြစ် ဦးမင်းမင်းဇေယျာမြင့်၊

စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူး(၁)အဖြစ် ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူး(၂)အဖြစ် ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)တို့အား လည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁) ဦးဌေးအောင်၊ ကလေးမြို့
(၂) ဦးသန်းအေး၊ ကလေးမြို့
(၃) ဦးတင်ဝင်း၊ ကသာမြို့
(၄) ဦးစိန်ထွန်း၊ ကသာမြို့
(၅) ဦးစိုးနိုင်၊ စစ်ကိုင်းမြို့
(၆) ဦးရဲမြင့်အောင်၊ စစ်ကိုင်းမြို့
(၇) ဦးဟန်ဇော်ထွန်း၊ မုံရွာမြို့
(၈) ဦးမျိုးဝင်းကြီး၊ မုံရွာမြို့
(၉) ဦးထွန်းထွန်းဦး၊ မုံရွာမြို့
(၁၀) ဦးကျော်စိုး၊ မုံရွာမြို့
(၁၁) ဦးမင်းဆန်း၊ မုံရွာမြို့
(၁၂) ဦးသိန်းဇော်၊ မော်လိုက်မြို့
(၁၃) ဦးခင်မောင်ဆွေ၊ ဟုမ္မလင်းမြို့
(၁၄) ဦးတင်မောင်ဦး၊ ဟုမ္မလင်းမြို့
(၁၅) ဦးမောင်ဆွေ၊ ယင်းမာပင်မြို့
(၁၆) ဦးစိုးမြင့်၊ ရွှေဘိုမြို့
(၁၇) ဦးကျော်ဝင်း၊ ကောလင်းမြို့
(၁၈) ဦးတင်မြင့်၊ တန့်ဆည်မြို့
(၁၉) ဦးရှိသီး၊ လေရှိုးမြို့
(၂၀) ဦးခင်မောင်ရွှေ၊ တမူးမြို့
(၂၁) ဦးသန်းစိန်၊ ကန့်ဘလူမြို့

(၂၂) ဦးဥာဏ်တင့်၊ ကန့်ဘလူမြို့

(၂၃) ဦးစိန်သောင်း၊ ထီးချိုင့်မြို့

(၂၄) ကြည်း- ၄၁၂၇၂ ၊ ဗိုလ်မှူးကြည်သာအောင်၊ တပ်မတော်သား လွတ်တော်ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် အထူးကိစ္စ ရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။**(တူတုသည်)**

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ဆက်လက်ကျင်းမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခု တတိယအကြိမ် စစ်ကိုင်တိုင်းဒေသကြီးလွတ်တော် ဒုတိယပုံမှန် အစည်းအဝေး သတ္တမနေ့ကို ရပ်နားပါမယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော် ဒုတိယပုံမှန်အစည်း အဝေး အဋ္ဌမနေ့ကို ၂၀၂၆ခုနှစ်၊ ဇွန်လ(၁၆)ရက် (အင်္ဂါနေ့)နံနက်(၁၀း၀၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (တူတုသည်)

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီ ခင်ဗျာ။

အခမ်းအနားမှူး။ လွတ်တော်ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျာ။

{တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့ကို (၁၁:၀၅)နာရီအချိန်တွင် ရပ်နားပါသည်}

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှတ်တမ်း
၁၃၈၈ ခု၊ ပထမဝါဆိုလဆန်း ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်) (အင်္ဂါနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို နံနက်(၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

{အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌ တက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက်ပါသည်။}

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်များကို စတင်ပါတော့မယ်ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျာ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျာ။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်(၈၅)ဦးရှိတဲ့အနက် (၇၅)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ (၈၈.၂၄)ရာခိုင်နှုန်း ရှိပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၃၄(ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ နည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အင်္ဂမနေ့အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ကြေငြာ ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အဆိုပါအစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေး တက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူ၍မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ကို စတင်ပါမယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီမှ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

ဗိုလ်ကြီးထက်အောင်ရှိုင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်။ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ယနေ့ ၂၀၂၆ခုနှစ်၊ ဇွန်လ(၁၆)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အင်္ဂမနေ့သို့ တက်ရောက်နိုင်ခြင်း မရှိသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအခြေအနေအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ ကျွန်တော်တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်ပြန်တမ်းဝင်အမှတ် ကြည်း-၇၄၅၅၀၊ ဗိုလ်ကြီးထက်အောင်ရှိုင်းမှ အောက်ဖော်ပြပါ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်-

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

(၁) ဦးစိန်ဖေ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး၊

(၂) ဦးငွန်ဘွလ်ထန် ချင်းတိုင်းရင်းသားရေးရာဝန်ကြီး၊

(၃) ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)တို့သည် ကိုယ်တိုင် ဆောင်ရွက်ရမည့်ကိစ္စရပ်များ ဆောင်ရွက်ရန်ရှိပါသဖြင့် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့သို့ တက်ရောက်ရန် ပျက်ကွက်ခြင်းကို ၎င်းတို့ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ် ။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် ယခင်နေ့က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၉)ဦး၊ ယနေ့ အစည်းအဝေးသို့ ပြန်လည်တက်ရောက်သူ(၂)ဦး၊ ယနေ့ ထပ်မံခွင့်ပန်ကြား၍ ခွင့်ပြုထားသူ (၃)ဦးဖြစ်တဲ့အတွက် လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၁၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။

ဥက္ကဋ္ဌ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူ ပါသလားခင်ဗျာ။ (သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

ဥက္ကဋ္ဌ။ **ဆက်လက်ပြီး** အစီအစဉ် (၅)ကို ဆောင်ရွက်မှာဖြစ်ပါတယ်။

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ယခု မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပထမဦးစွာ ကသာမြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးကျော်လွင်ဦးအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးကျော်လွင်ဦး၊ ကသာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ကသာမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးကျော်လွင်ဦး ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းသွားမဲ့ မေးခွန်းကတော့ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ လုံခြုံရေးပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီးဖြစ်သော မြို့နယ်များတွင် တာဝန် ထမ်းဆောင်ကြမည့် နိုင်ငံ့ဝန်ထမ်းများသည် ဘေးအန္တရာယ်ကင်းရှင်းပြီး စိတ်အေး ချမ်းသာစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ကြရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် ရေရှည်မည်သို့ စီမံထားရှိမှုများရှိ/မရှိ သိလိုကြောင်းဖြစ်ပါတယ်။

အင်းတော်မြို့နယ်အတွင်း ပြန်လည်တာဝန်ထမ်းဆောင်ကြမည့် ပညာရေး ဝန်ထမ်းများသည် ရေတွင်းကုန်း အ.ထ.ကသို့ (၁၁-၅-၂၀၂၆)ရက်နေ့တွင် ယာဉ်တန်းဖြင့်ရောက်ရှိပြီး နောက်တစ်နေ့ (၁၂-၅-၂၀၂၆)ရက်နေ့တွင် အကြမ်းဖက် အဖွဲ့များမှ FPV Suicide Drones များဖြင့် တိုက်ခိုက်ခြင်းခံခဲ့ရ၍ ဝန်ထမ်း(၃)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သောကြောင့် မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြား ရန် ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးဝင်းတင်စိုး ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ

ဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များနှင့် အထူး ဖိတ်ကြားထားသော ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ဗိုလ်မှူးကြီး ဝင်းတင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီး လွတ်တော် ကိုယ်စားလှယ် ဦးကျော်လွင်ဦးရဲ့ မေးမြန်းချက်များအပေါ် လွတ်တော် ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အင်းတော်မြို့အား KIA/PDF သောင်းကျန်းသူများမှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၃)ရက်နေ့မှာ တိုက်ခိုက်ခဲ့သဖြင့် ခေတ္တ လက်လွတ်ခဲ့ရပြီး မိမိလုံခြုံရေး တပ်ဖွဲ့ဝင်များဟာ ကသာမြို့မှာ အခြေပြု၍ နဘား၊ အင်းတော်၊ မော်လူးသို့ ချီတက်သိမ်းပိုက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၃၀)ရက်နေ့မှာ အင်းတော်ကို ပြန်လည် ထိန်းချုပ်နိုင်ခဲ့ပါတယ်။ အင်းတော်မြို့အား မိမိလုံခြုံရေးတပ်ဖွဲ့ဝင်များ ပြန်လည် သိမ်းပိုက်ခဲ့ပြီးတဲ့နောက်မှာ မြို့နေပြည်သူလူထု လုံခြုံရေးအတွက် နယ်မြေ ရှင်းလင်းခြင်း၊ မိုင်းရှင်းလင်းခြင်းလုပ်ငန်းများအား စနစ်တကျ ဆောင်ရွက်ခဲ့ပြီး၊ ၂၀၂၆ ခုနှစ်၊ မေလ(၁၀)ရက်နေ့မှစ၍ အင်းတော်ဒေသခံပြည်သူများ စတင် ဝင်ရောက်နေထိုင်ခဲ့ကြပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းများအား မုံရွာမြို့မှတစ်ဆင့် စစ်ကိုင်း၊ ထီးချိုင့်၊ ကသာ၊ အင်းတော်လမ်းကြောင်းအတိုင်း လုပ်ငန်းယာဉ်များဖြင့် လုံခြုံရေးလိုက်ပါကြ၍ ၂၀၂၆ ခုနှစ်၊ မေလ(၁၁)ရက်နေ့မှာ အင်းတော်မြို့ကို ပို့ဆောင်နိုင်ခဲ့ပါတယ်။ ဒေသခံပြည်သူများ စတင်ဝင်ရောက်နေထိုင်ခဲ့တဲ့ ၂၀၂၆ ခုနှစ်၊ မေလ(၁၀)ရက်နေ့မှာ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၅)ရက်နေ့အထိ အမျိုးသား (၃၅)ဦး၊ အမျိုးသမီး(၇၄)ဦး စုစုပေါင်း(၁၀၉)ဦး ဝင်ရောက်နေထိုင်လျက်ရှိပြီး ယခုအခါ မန္တလေးမြို့မှ အင်းတော်မြို့သို့ ယခင်အခြေအနေများထက်ပိုပြီးတော့ လုံခြုံရေးကောင်းမွန်စွာ သွားလာနိုင်ပြီပဲ ဖြစ်ပါတယ်။ မြို့နေပြည်သူလူထု လုံခြုံရေးအတွက် လိုအပ်တဲ့လုံခြုံရေးဆိုင်ရာကိစ္စများအား တပ်မတော်၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များဖြင့် ပူးပေါင်းပြီးတော့ ဆက်လက်ဆောင်ရွက် လျက်ရှိပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးအောင်မင်းကျော်သူအား ခွင့်ပြုမေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ လွှတ်တော်ရုံး အကြီးအမှူးနှင့်တကွ ဝန်ထမ်းများအားလုံး၊ မင်္ဂလာပါလို့ ဦးစွာပဏာမ နူတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ ဘုတလင်မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်အမှတ် (၁)မှ ဦးအောင်မင်းကျော်သူ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့် အမှတ်အသားပြမေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းဆွေးနွေးလိုသည့် မေးခွန်းကတော့ နိုင်ငံရေးဖြစ်စဉ် ကာလအတွင်း နိုင်ငံတာဝန်ကို ထမ်းဆောင်နေကြသော ဝန်ထမ်းများကို ၎င်းတို့ နေအိမ် သို့မဟုတ် ရုံးတက်ရောက်စဉ် အမျိုးမျိုးနှောက်ယှက်ပြီး CDM (Civil Disobedience Movement)ပြုလုပ်စေခြင်း၊ အရက်တကွဲဖြစ်အောင် ပြုလုပ်ခြင်း များရှိခဲ့တာကိုလည်း အားလုံးသိရှိပြီးဖြစ်ပါတယ်။ ထို့နောက်မသမာသူများရဲ့ မြှောက်ပင့်ပြောဆိုစည်းရုံး သိမ်းသွင်းမှုများကြောင့် လူငယ်တော်တော်များများဟာ လမ်းမှားလိုက်ကာ တော်လှန်ပုန်ကန်ခဲ့ကြတာလည်း ယနေ့အထိဖြစ်ပါတယ်။ တော်လှန်ပုန်ကန်ကြတဲ့ အဖွဲ့အစည်းများဟာ နိုင်ငံတာဝန်ကို ရိုးရိုးသားသား သစ္စာရှိစွာ တာဝန်ထမ်းဆောင်နေကြတဲ့ ဝန်ထမ်းများကိုလည်း ၎င်းတို့နှင့် အမြင် မတူသူ ဆန့်ကျင်ဘက်ရပ်တည်သူဟု သဘောထားကာ ဖမ်းဆီးချုပ်နှောင် သတ်ဖြတ်ကြတာကိုလည်း အားလုံးအသိပဲ ဖြစ်ပါတယ်။ ထိုသို့ အခြေအနေမျိုးမှာ ဝန်ထမ်းများဟာ နိုင်ငံတာဝန်ကို သစ္စာရှိရှိ ထမ်းဆောင်နေခဲ့ကြတာကိုလည်း ကြားသိ မြင်သိဖြစ်ခဲ့ပြီးလည်းဖြစ်ပါတယ်။ သို့သော် အကြမ်းဖက် အဖွဲ့အစည်း များကြောင့် တာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများဟာ နိုင်ငံတော်ရဲ့တာဝန်များကို ဆက်လက်ထမ်းဆောင်လိုကြသော်လည်း မိမိနှင့် မိမိမိသားစု အသက်အန္တရာယ်ကို စိုးရိမ်ရသဖြင့် နှစ်ပေါင်းများစွာ နိုင်ငံတာဝန်ကို ထမ်းဆောင်ခဲ့ကြသော်လည်း ဝမ်းနည်းစိတ်မကောင်းစွာဖြင့် နုတ်ထွက်ခဲ့ကြသလို CDM လုပ်ပြီး ထွက်ခဲ့ကြရတဲ့

ဝန်ထမ်းများ ကျွန်တော်တို့ရဲ့ ပတ်ဝန်းကျင်မှာ များစွာတွေ့မြင် ကြားသိရ ပြီးလည်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အကြမ်းဖက်အဖွဲ့အစည်းများကြောင့် ဝန်ထမ်းလောကကို သံယောဇဉ်ရှိသော်လည်း ခြိမ်ခြောက်အကြပ်ကိုင်မှုများကြောင့် ဌာနမှနုတ်ထွက် ခဲ့ကြရတဲ့ ဝန်ထမ်းများစွာရှိနေတဲ့အတွက် ငဲ့ညှာသနားသောအားဖြင့် စိစစ်ကာ ပြန်လည်အလုပ်ဝင်လိုပါက ပြန်လည်ဝင်နိုင်ရေး အကြောင်းကြောင်းကြောင့် အလုပ်မဝင်နိုင်သည့် သူများကိုလည်း သေချာစွာစိစစ်၍ သင့်တင့်တဲ့ပင်စင်မျိုး ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေး ဝန်ကြီး။

လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘုတလင်မြို့နယ်၊ မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်မင်းကျော်သူရဲ့ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်ဖြင့် ဖြေကြား ရှင်းလင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ အမိန့်ကြော်ငြာစာကို ကျွန်တော် ရှင်းလင်း ဖြေကြားရမှာ ဖြစ်တဲ့အတွက် အချိန်အနည်းငယ်ခန့် ယူခွင့်ပြုပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ဒီအကြမ်းဖက်ဖြစ်စဉ်မှာ ပါဝင်ပတ်သက်ခဲ့ရတဲ့ ဝန်ထမ်းများနဲ့ပတ်သက်ပြီးမှ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ကနေပြီး အမိန့် ကြော်ငြာစာအမှတ်(၆၉/၂၀၂၄)နဲ့ ကျွန်တော်တို့ ထုတ်ဝေထားတာရှိပါတယ်။ ကျွန်တော်တို့ ဒီအတိုင်းပဲ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဆောင်ရွက်

လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အမိန့်ကြော်ငြာစာအမှတ်ကို ရှင်းလင်း တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၇၆ ပုဒ်မခွဲ(ခ)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဝန်ထမ်း၏ပြုလုပ်မှု (သို့မဟုတ်)ပျက်ကွက်မှုကြောင့် မဟုတ်ဘဲ မမျှော်မှန်း နိုင်သည့်အခြေအနေကြောင့် အလုပ်ခွင်မှကင်းကွာနေသောဝန်ထမ်း ဌာနသို့ ပြန်လည်ရောက်ရှိ သတင်းပို့လာသည့်ဝန်ထမ်း၊ အလုပ်ခွင်မှကင်းကွာနေစဉ် သေဆုံးသည့် ဝန်ထမ်းများ၏ ဝန်ထမ်းရေးရာခံစားခွင့်များ ရရှိနိုင်ရေး ဆောင်ရွက် ရာတွင် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအနေဖြင့် တစ်ပြေးညီဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်သတ်မှတ်လိုက်သည်။ ဒီမှာ ကျွန်တော်တို့ အပိုင်း(၃)ပိုင်း ရှိပါတယ်။ အပိုင်း(၁)ကတော့ ဝန်ထမ်း၏ပြုလုပ်မှု (သို့မဟုတ်) ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့် အခြေအနေကြောင့် အလုပ်ခွင်မှ ကင်းကွာနေတဲ့ဝန်ထမ်းများနဲ့ ပတ်သက်လို့ဖြစ်ပါတယ်။ ဒုတိယ အချက်ကတော့ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့် အခြေအနေကြောင့် အလုပ်ခွင်မှ ကင်းကွာနေပြီး ဌာနသို့ ပြန်လည်ရောက်ရှိ သတင်းပို့လာတဲ့ ဝန်ထမ်းဖြစ်ပါတယ်။ တတိယအချက် ကတော့ ဝန်ထမ်း၏ပြုလုပ်မှု (သို့မဟုတ်) ပျက်ကွက်မှုကြောင့် မဟုတ်ဘဲ မမျှော်မှန်း နိုင်သည့် အခြေအနေကြောင့် အလုပ်ခွင်မှကင်းကွာနေစဉ် သေဆုံး သွားတဲ့ ဝန်ထမ်းနဲ့ ပတ်သက်ပြီးဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးမြန်း တာကတော့ ကျွန်တော်အမှတ်(၂)နဲ့ ပတ်သက်တာဖြစ်ပါတယ်။ အမှတ်(၂)ကို ဆက်လက်ပြီး ရှင်းလင်းဖြေကြားပေးမှာဖြစ်ပါတယ်။ ဝန်ထမ်း၏ပြုလုပ်မှု (သို့မဟုတ်)ပျက်ကွက်မှုကြောင့် မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့် အခြေ အနေကြောင့် အလုပ်ခွင်မှ ကင်းကွာနေပြီး ဌာနသို့ပြန်လည်ရောက်ရှိ သတင်းပို့ လာတဲ့ ဝန်ထမ်းများနဲ့ပတ်သက်ပြီး (က) ဝန်ထမ်း၏ ပြုလုပ်မှု(သို့မဟုတ်) ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ မမျှော်မှန်းနိုင်သည့် အခြေအနေကြောင့် အလုပ် ခွင်မှကင်းကွာပြီး ဝန်ထမ်းပျောက်ဆုံးမှုအခြေအနေကြောင့် အကြောင်းရင်းမှန်ကို သိရှိနိုင်ရန် ဌာန(သို့မဟုတ်) အလုပ်ခွင်သို့ပြန်လည်ရောက်ရှိ သတင်းပို့သည့် နေ့မှစ၍ (၁)လအတွင်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ (၁၈၂)ပါ ပြဋ္ဌာန်းချက်အရ ရှေးဦးစုံစမ်းမှုကို စစ်ဆေးဆောင်ရွက်ရမှာဖြစ်ပါတယ်။ ရှေးဦး

စုံစမ်းမှု ပြုလုပ်ရာတွင် တွေ့ရှိရသည့်အချက်များအရ ဌာနဆိုင်ရာစစ်ဆေးရန် လိုအပ်ကြောင်း ခိုင်လုံစွာတွေ့ရှိရလျှင် ဌာနဆိုင်ရာစစ်ဆေးမှုကို နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ နည်းဥပဒေ ၁၉၄ ပါ ပြဋ္ဌာန်းချက်အရ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး (သို့မဟုတ်) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက တာဝန်ပေးအပ်ဆောင်ရွက်ရမည်။ (ခ) ရှေးဦးစုံစမ်းရန် တာဝန်ပေးအပ်သည့်အကြီးအမှူးသည် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ နည်းဥပဒေ(၁၉၁)အရ ရှေးဦးစုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာကို အဖွဲ့ဖြင့် စိစစ်လေ့လာသုံးသပ်ချက် (သို့မဟုတ်) နည်းဥပဒေ ၂၀၄ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာပေါ် စိစစ်သုံးသပ်၍ အဆုံးအဖြတ်ပေး နိုင်ရေးအဖွဲ့၏ စိစစ်သုံးသပ်ချက်များအရ ဝန်ထမ်းသည် မရိုးသားခြင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှု မရှိခြင်း၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်အက်ဥပဒေတို့ပါ ပြဋ္ဌာန်းချက်များနဲ့ ငြိစွန်းခြင်း နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့်လှုပ်ရှားမှု တစ်ခုခုတွင် ပါဝင်ခြင်း (သို့မဟုတ်) လှုံ့ဆော်ခြင်း (သို့မဟုတ်) အားပေး ကူညီခြင်းတို့အား ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိရပါက အဆိုပါဝန်ထမ်းကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၃ ပါ ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်ဒဏ်များ ချမှတ်နိုင်ရေးအပြင် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၃၈ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေ ၁၆၈ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဥပဒေကြောင်းအရ အရေးယူရမည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ဆောင်ရွက်ရမည်။ (ဂ) ရှေးဦးစုံစမ်းရန် တာဝန်ပေးအပ်သည့် အကြီးအမှူးသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ(၁၉၁)အရ ရှေးဦးစုံစမ်းရေးအဖွဲ့၏ အစီရင်ခံစာကို အဖွဲ့ဖြင့် စိစစ်လေ့လာသုံးသပ်ချက် (သို့မဟုတ်) နည်းဥပဒေ(၂၀၄)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာအပေါ် စိစစ်သုံးသပ်၍ အဆုံးအဖြတ်ပေးနိုင်ရေးအဖွဲ့၏ စိစစ်သုံးသပ်ချက်များအရ အလုပ်ခွင်မှ ကင်းကွာပြီးနောက် ဌာနသို့ပြန်လည် ရောက်ရှိသတင်းပို့လာသည့် ဝန်ထမ်းသည် မရိုးသားခြင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုမရှိခြင်း၊ မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက် အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့ငြိစွန်းခြင်း နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ခြင်း(သို့မဟုတ်) လှုံ့ဆော်ခြင်း(သို့မဟုတ်)

အားပေးကူညီခြင်းတို့အား ကျူးလွန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါက အဆိုပါ ဝန်ထမ်းအား မူလရာထူးနေရာတွင် တာဝန်ပြန်လည်ပေးအပ်နိုင်ရေး အလုပ်ခွင်မှ ကင်းကွာနေသည့် ကာလအတွက် ဝန်ထမ်းလက်ရှိခံစားနေသော လစာနှုန်း ပြည့်နှင့် စရိတ်ခံစားခွင့်ပြုနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အဖွဲ့ အစည်း၏ စီမံခန့်ခွဲရေးကော်မတီနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့၏ သဘောတူညီချက်ဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာနနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးတို့၏ သဘောထားမှတ်ချက်များရယူ၍ ယင်းသဘောထားမှတ်ချက်များနှင့်အတူ ပြည်ထောင်စုရာထူးဝန်အဖွဲ့သို့ပေးပို့၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောထားမှတ်ချက်ကို ရယူရပါမယ်။

(ဃ) ဝန်ထမ်းပြန်လည်ရောက်ရှိ သတင်းပို့လာသည့်အချိန်တွင် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ နည်းဥပဒေ ၂၅၄ ၊ နည်းဥပဒေခွဲ(က)ပါ ဒဏ်ရာအနာတရ ဖြစ်စေခြင်းနှင့် အကျိုးဝင်ပါက အထူးပင်စင်ကို နည်းဥပဒ ၂၅၉၊ ၂၆၀၊ ၂၆၁ နှင့် ၂၆၂ တို့ပါ အနာတရဖြစ်မှုအဆင့်အလိုက် အထူးပင်စင် ခံစားခွင့်ပြုရပါမယ်။

(င) ပြည်ထောင်စုရာထူးဝန်အဖွဲ့က နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများနှင့် ညီညွတ်မှုရှိ/မရှိ စိစစ်၍ သဘောထားမှတ်ချက် ပြန်ကြား ရမည်ဖြစ်ပါတယ်။ (စ) ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ သဘောထား ပြန်ကြားချက်နှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းက ပြန်လည် သတင်းပို့လာသည့် ဝန်ထမ်းကို ဆက်လက်တာဝန်ပေးအပ်ရန်၊ အလုပ်ခွင်မှ ကင်းကွာနေသည့် ကာလအတွက် ဝန်ထမ်းလက်ရှိ ခံစားနေသော လစာနှင့် စရိတ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ ခံစားခွင့်ပြုနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူရမှာဖြစ်ပါတယ်။ (ဆ) ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်မဟုတ်ဘဲ အလုပ်ခွင်မှ ကင်းကွာပြီး တစ်နှစ်ပြည့်မြောက်ပြီးနောက် ပြန်လည်ရောက်ရှိသတင်းပို့လာသည့် ဝန်ထမ်းများ အတွက် ဥပဒေနှင့်ငြိစွန်းခြင်းရှိ/မရှိ အမှုကိစ္စတစ်ခုချင်းအလိုက် စိစစ်ပြီးတော့မှ ဆက်လက်ပြီးတော့ တင်ပြရမှာဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ကိုယ်စားလှယ်တော်ကြီးမေးတဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ရဲ့ ညွှန်ကြားချက်အတိုင်း ကျွန်တော်တို့ ဆောင်ရွက်လျက် ရှိပါကြောင်း လေးစားစွာဖြင့် တင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အသေးစိတ် ရှင်းလင်းတင်ပြပါသော တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးအား လွှတ်တော်မှ မှတ်တမ်းတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင်မင်းထွဋ်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးတင်မင်းထွဋ်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်း(၁)ခု မေးမြန်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဖောင်းပြင်မြို့၊ ကျွန်းရွှေဝါရပ်ကွက်၊ အမှတ်(၈၇)မူလတန်းလွန်ကျောင်းအား ယခင်က ဖောင်းပြင်မြို့၊ အခြေခံပညာအထက်ကျောင်းအဖြစ် ဖွင့်လှစ်ခဲ့တဲ့ ကျောင်းတည်နေရာဖြစ်ပါတယ်။ ၁၉၉၀-ခုနှစ်မှာ အထက်တန်းကျောင်းနေရာ ပြောင်းရွှေ့ ဖွင့်လှစ်တဲ့အခါမှာ မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ ၂၀၀၂ ခုနှစ်မှာ ကျောင်းသားဦးရေ များပြားလာတဲ့အတွက် မူလတန်းလွန် ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့ပါတယ်။ စတင်ဖွင့်လှစ်တဲ့ အချိန်မှစပြီး Covid ရောဂါကြောင့် ပိတ်ထားရတဲ့ အချိန်မှလွဲပြီး ပုံမှန်ကျောင်းဖွင့်လှစ်နိုင်ခဲ့တဲ့ ကျောင်းဖြစ်ပါတယ်။ ယခုအခါ နယ်ဘက်မှ စစ်ဘေးရှောင်လာသော မိသားစု များ၏ သားသမီးများမှာလည်း မြို့လယ်ခေါင်တွင် တည်ရှိတဲ့ အမှတ်(၈၇) မူလတန်းလွန်ကျောင်းတွင်သာ ကျောင်းအပ်နှံကြရတဲ့အတွက် ကျောင်းသား/သူ ဦးရေများပြားလာခြင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းသားသမီးအများစု ကျောင်းအပ်နှံ ခြင်းတို့ကြောင့် ကျောင်းသားဦးရေမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်များပြား လာပါတယ်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ ကျောင်းသားဦးရေဟာ မူလတန်း

အဆင့် ကျောင်းသား/သူ(၄၆၄)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား/သူ(၂၂၃)ဦး၊ စုစုပေါင်း(၆၈၇)ဦး တက်ရောက်ပညာသင်ကြားခဲ့တဲ့အတွက် အခြားအခြားသော မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းခွဲများထက်ပင် ကျောင်းသား၊ ကျောင်းသူဦးရေ ပိုမိုများပြားနေခဲ့ပါတယ်။ ကျောင်းသား/ကျောင်းသူဦးရေ များပြားလာတဲ့ အလျောက် စာသင်ဆောင်၊ ပရိဘောဂပစ္စည်းများ၊ သောက်သုံးရေ၊ သန့်စင်ခန်းများကို လုံလောက်မှုရှိအောင် ဆောင်ရွက်ထားရှိပြီးဖြစ်တယ်လို့လည်း တွေ့ရှိရပါတယ်။ ပညာရေးဌာန၏ ညွှန်ကြားချက်များနှင့်အညီ မိဘ/ဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်၊ ကျောင်းကောင်စီအသင်းများကိုလည်း ဖွဲ့စည်းပြီး စိတ်ပါဝင်စားစွာ ဆောင်ရွက်လျက်ရှိတဲ့ ကျောင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။

မူလတန်းကျောင်းရဲ့ ကျောင်းသားမိဘများမှာ အလယ်တန်းအဆင့် ပြီးမြောက်စွာ သင်ကြားပေးနိုင်သော ကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရေး ဆန္ဒပြင်းပြလျက်ရှိကြပါတယ်။ ကျောင်းသား၊ သူများဟာ G-9 အတန်း တက်ရောက်ဖို့အတွက် အ-ထ-က (၁) ဖောင်းပြင်ကို သွားရောက်နေကြရတဲ့အတွက် ကျောင်းသွားရောက်ရတဲ့ ခရီးကွာဝေးခြင်း၊ အများစုက စစ်ဘေးရှောင်တွေဖြစ်တဲ့ အတွက် စက်ဘီး၊ ဆိုင်ကယ်များ သုံးစွဲနိုင်မှုမရှိခြင်း၊ ယာဉ်အန္တရာယ်စိုးရိမ်ရခြင်း၊ ကိုယ်ပိုင်စာလေ့လာရန်နှင့် မိဘများအပေါ် ကူညီပံ့ပိုးနိုင်ရန် အချိန်များ ဆုံးရှုံးနေရခြင်းတို့ကြောင့် မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများရဲ့ ပညာသင်ကြားရန် ခက်ခဲပင်ပန်းစွာ ရင်ဆိုင်ဖြေရှင်းနေရပါတယ်။

သို့ဖြစ်ပါ၍ ဒေသခံမိဘပြည်သူများ၏ လိုအင်ဆန္ဒနှင့်အညီ ရပ်နီးရပ်ဝေးမှ ကျောင်းတက် ရောက်လာကြသော ကျောင်းသူ၊ ကျောင်းသားများ၏ အခက်အခဲများကို ဖြေရှင်းနိုင်ရန် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေးကို မျှော်တွေး၍ အနာဂတ် လူတော်လူကောင်းများပေါ်ထွက် လာစေရန် ကျွန်းရွှေဝါရပ်ကွက်၊ အမှတ်(၈၇) မူလတန်းလွန်ကျောင်းကို အလယ်တန်းကျောင်း(ခွဲ) သို့မဟုတ် အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ပါရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် ဆောင်ရွက်ပေးနိုင် မည်ဆိုပါက မည်သည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသော ဝန်ကြီးများအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး၊ ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဖောင်းပြင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မင်းထွဋ်၏ တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

အမှတ်(၈၇)မူလတန်းကျောင်းဟာဆိုရင် ဖောင်းပြင်မြို့နယ် ကျွန်းရွှေဝါရပ်၌ တည်ရှိပါတယ်။ ၎င်းစာသင်ကျောင်းဟာ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ မူလတန်းအဆင့်(၄၆၄)ဦး၊ အလယ်တန်းအဆင့်(၂၂၃)ဦး ပညာသင်ကြားခဲ့ပါတယ်။ ၎င်းမူလတန်းလွန် ကျောင်းဟာဆိုရင် KG မှ Grade(8)အထိ ပညာသင်ကြားခွင့်ရှိပါတယ်။ အလယ်တန်းကျောင်း(ခွဲ) လယ်တန်းကျောင်းတွေကတော့ KG မှ Grade(9)အထိ ပညာသင်ကြား ခွင့်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။

၂၀၂၆ ခုနှစ်၊ ဧပြီလ(၂၇)ရက်နေ့မှ (၂၈)ရက်နေ့အထိ အခြေခံပညာဦးစီးဌာန နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့တဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်းများအရ မူလတန်းကျောင်း တစ်ကျောင်း၏ အကျယ်အဝန်းအားမြေ(၃)ကော၊ အလယ်တန်းကျောင်း တစ်ကျောင်း၏ မြေအကျယ်အဝန်းအားမြေ(၅)ကေနှင့် အထက်တန်းကျောင်း တစ်ကျောင်း၏ အကျယ်အဝန်းအားမြေ(၇)ကော ရှိရမည့် စံသတ်မှတ်ချက်များအား သတ်မှတ်ထားရှိကြောင်း ဦးစွာတင်ပြလိုပါတယ်။ ၎င်းအပြင် မူလတန်း(လွန်)ကျောင်းမှ အလယ်တန်းကျောင်းသို့ တိုးမြှင့်ဖွင့်လှစ်လိုပါက ဆောင်ရွက်ရမည့်လုပ်ငန်း စဉ်များရှိပါတယ်။ ၎င်းလုပ်ငန်းစဉ်များအား အချိန်ကိုင့်ညှာသောအားဖြင့် အစဆုံး ဖတ်မပြသော်လည်း

အရေးကြီးသောအချက်များအား တင်ပြလိုပါတယ်။ မူလတန်း(လွန်)အဆင့်မှ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်မည်ဆိုပါက အလယ်တန်း ကျောင်းအဆင့် ကျောင်းသားဦးရေ (၂၅၀)ဦးနှင့်အထက် ရှိရန်လိုအပ်ပါတယ်။ စံကိုက်ကျောင်း အကျယ်အဝန်းရှိရန် လိုအပ်ပါတယ်။ အလယ်တန်းကျောင်းဟာဆိုရင် အနီးဆုံး အုတ်အထက်တန်းကျောင်းနှင့် (၃)မိုင်ခန့် အကွာအဝေးမှာရှိပြီးတော့ တောင်ပေါ် မြစ်ချောင်းများခံပါက (၂)မိုင်အကွာအဝေးနှင့်အထက်ရှိရမည်လို့ သတ်မှတ်ထားရှိ ပါတယ်။ ကျောင်းအဆင့်တိုးမြှင့်လိုပါက ကျောင်းအကျိုးတော်ဆောင်အဖွဲ့၏ သဘောတူညီချက်၊ တောင်းဆိုချက်များနှင့် သက်ဆိုင်ရာကျောင်းအုပ်မှ မြို့နယ် ပညာရေးမှူးရုံးသို့ တင်ပြလျှောက်ထားရမှာဖြစ်ပါတယ်။ မြို့နယ်ပညာရေးမှူးရုံးမှ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိ/မရှိစစ်ပြီး ခရိုင်ပညာရေးမှူးရုံး၊ ၎င်းမှ တိုင်းပညာရေးမှူးရုံး၊ ၎င်းမှ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည် ဖြစ်ပါတယ်။ ကျောင်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်းစဉ် များအား ပညာရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြ အပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျာ။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ အ.မ.က မူလတန်း(လွန်)ကျောင်း ကျွန်းရွှေဝါဟာဆိုရင် အထက်တန်းကျောင်းဖောင်းပြင်နှင့် (၂)မိုင်ခန့်သာ ကွာဝေး ပါတယ်။ ကျောင်းရဲ့အကျယ်အဝန်းဟာဆိုရင် (၁.၆၉၈)ဧကသာ ရှိပါတယ်။ သို့ဖြစ်ပါ၍ မူလတန်းလွန်ကျောင်း ကျွန်းရွှေဝါကျောင်းဟာ အလယ်တန်း ကျောင်း(ခွဲ)အဆင့်သို့ တိုးမြှင့်ခြင်းအား ဆောင်ရွက်လိုပါက အထက်တင်ပြပါ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် အဆင့်ဆင့်တင်ပြ တောင်းခံနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂)မှ ဦးအောင်လင်းဆန်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂)။ လေးစားရပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါ စေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ် ခင်ဗျာ။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဦးအောင်လင်းဆန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြ မေးခွန်း(၁)ခုကို တင်သွင်းမေးမြန်းသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျာ။

ကျွန်တော်မေးမြန်းဆွေးနွေးလိုတာကတော့ ရေဦးမြို့သည် ယခု လက်ရှိ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် ကျောင်းဖွင့်ချိန် ရောက်ရှိလို့နေပါတယ်။ ထို့ကြောင့် ကျောင်းပညာရေးအတွက် အရေးတကြီးလိုအပ်နေသည့် အချက်(၂)ချက်ရှိပါတယ်။ ပထမတစ်ချက်ကတော့ ယခုလက်ရှိဖွင့်လှစ်ထားသော စာသင်ကျောင်း(၁၀)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဖွင့်ချိန်အမီ ကျောင်းသုံးဗလာစာအုပ်၊ ကျောင်းသုံးပုံနှိပ်စာအုပ်၊ စာရေးကိရိယာများနှင့် မူလတန်းကျောင်းသား/ကျောင်းသူများအတွက် ကျောင်းဝတ်စုံများကို အရေးတကြီး လိုအပ်နေပါတယ်။ ယခုအခါ ထိုကျောင်းသုံးပစ္စည်းများကိုသယ်ယူရန် လမ်းပန်းဆက်သွယ်ရေး အခက်အခဲများ ရှိနေပါသောကြောင့် ကျောင်းဖွင့်ချိန်အမီ အဆင်ပြေချောမွေ့စွာ သယ်ယူရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်နေပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ ကျောင်းဖွင့်ချိန်တွင် ဆရာ/ဆရာမများနှင့်ဝန်ထမ်းများ သွားလာရေးအဆင်ပြေချောမွေ့စေရေးအတွက် ဓာတ်ဆီလုံလောက်စွာရရှိနိုင်ရန် အထူးလိုအပ်နေပါတယ်။ ထို့ကြောင့် အထက်ဖော်ပြပါ အချက်နှစ်ချက်တို့ကို အဆင်ပြေချောမွေ့စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာချမ်းသာပါစေလို့ ဦးစွာမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး ဦးညွှန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရေဦးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်လင်းဆန်း၏ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျာ။

နိုင်ငံတော်မှ ထောက်ပံ့ပေးတဲ့ ပုံနှိပ်စာအုပ်များ၊ စာရေးကိရိယာများကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ခရိုင်၊ မြို့နယ်ရုံးများသို့အရောက် ပို့ဆောင်ပေးလျက်ရှိပါတယ်။ လမ်းခရီးလုံခြုံရေးအခြေအနေအရ သွားလာရန်ခက်ခဲသော ခရိုင်၊ မြို့နယ်များသို့လည်း ရနိုင်သမျှသော နည်းလမ်းများအသုံးပြု၍ ပို့ဆောင်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာ ရေဦးမြို့နယ်အတွင်း ဖွင့်လှစ်ထားသောကျောင်း (၁၀)ကျောင်းရှိပါတယ်။ ၎င်းကျောင်းမှ ကျောင်းသူ/ကျောင်းသားများအတွက် ကျောင်းသုံးပစ္စည်းများကို လမ်းခရီးလုံခြုံရေးအခြေအနေများကြောင့် ပေးပို့ဖြန့်ဝေရန် အခက်အခဲရှိပါကြောင်း တင်ပြအပ်ပါတယ်။ သို့သော် ကျောင်းသုံးဗလာစာအုပ် (၃၀၀)ဒါဇင်အား (၂၅-၃-၂၀၂၆) ရက်နေ့မှာ တပ်မတော်ရဟတ်ယာဉ်(ပ)ကြီးဖြင့် ပေးပို့ထားပြီးဖြစ်ပါတယ်။ ပေးပို့ရန်ကျန်ရှိသော ကျောင်းသုံးပစ္စည်းများကိုလည်း ထပ်မံ၍ တပ်မတော်ရဟတ်ယာဉ်အကြီးဖြင့် ပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ရေဦးခရိုင်ပညာရေးမှူးရုံးနှင့် တိုင်းဒေသကြီးပညာရေးမှူးရုံးတို့ ချိတ်ဆက်ညှိနှိုင်း၍ မော်တော်ကားလမ်းဖြင့်လည်း အနည်းငယ်စီခွဲ၍ ပေးပို့နိုင်ရေးအတွက် ရေဦးခရိုင်ပညာရေးမှူးရုံးနှင့်တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းအနေဖြင့် ရေဦးမြို့မှာ ပဂ္ဂလိကဓါတ်ဆီအရောင်းဆိုင် (၅)ဆိုင်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၎င်းအရောင်းဆိုင်များသို့ တစ်ပတ်လျှင် နိုင်ငံတော်မှ ခွင့်ပြုပေးထားသော စက်သုံးဆီ 92 (၇၈၇၃)ဂါလန်၊ 95 (၁၂၁၃)ဂါလန်၊ ရိုးရိုးဒီဇယ်(၄၉၄၄)ဂါလန်၊ ပရီမီယံဒီဇယ်(၇၈၅၂)ဂါလန်ကို အပတ်စဉ်ဖြန့်ဖြူးရောင်းချပေးလျက်ရှိသဖြင့် လုံလောက်မှုရှိကြောင်း တင်ပြအပ်ပါတယ်။ ဆရာ/ဆရာမများအနေဖြင့် ၎င်းစက်သုံးဆီအရောင်းဆိုင်များတွင် လွတ်လပ်စွာ ဝယ်ယူနိုင်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးတော့ ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးမြတ်ကိုအား ခွင့်ပြုမေးခွန်း(၂)ခုကို တစ်ဆက် တစ်စပ်တည်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးမြတ်ကို၊ ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာပါ စေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးမြတ်ကို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခု တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျာ။

ကျောင်းဖွင့်ချိန်အမီ ဆရာ/ဆရာမများခန့်ထားရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးကိုယ်တိုင်က ပညာရေးကိုမြှင့်တင်ဖို့ ပြောနေချိန်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့ ခန္ဓီးမြို့နယ်မှာဆိုရင် ပညာရေးကဏ္ဍမှာ ကြည့်မယ်ဆိုရင် ဆရာ/ဆရာမ လိုအပ်ချက် အရမ်းများပါတယ်။ မူလတန်းအဆင့်ဆိုတဲ့ ကျေးလက်ဆရာ/ဆရာမတွေဟာ ကျောင်းတွေမှာ ဆရာ/ဆရာမရှိတယ်ဆိုတာ အင်မတန်နည်းပါတယ်။ ဆရာ/ဆရာမ(၁)ယောက်ရှိတဲ့ကျောင်း (၂၁)ကျောင်းရှိပြီး ဆရာ/ဆရာမ လုံးဝမရှိတဲ့ ကျောင်း(၁၉)ကျောင်းရှိပါတယ်။ ဆရာ/ဆရာမမရှိတဲ့ ကျောင်းတွေဆို ငှားပြီး သင်နေရပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ မှာ နိုင်ငံတော်အခြေခံမူရမဲ့ အချက်တွေထဲမှာ အတိအလင်း ပြဋ္ဌာန်း ထားတဲ့အပိုဒ်ရှိပါတယ်။ အပိုဒ် ၂၈ ၊ ပုဒ်မခွဲ(ဂ)မှာ အခမဲ့ပညာ မသင်မနေရ မူလတန်းပညာရေးစနစ် ဖော်ဆောင်ရမည်လို့ တရားဝင်ပြဋ္ဌာန်းထားပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြည်သူတွေကတော့ အဲဒီဟာကို မခံစားရပါဘူး။ မိဘတွေဟာ ငွေစိုက်ထုတ်ပြီးတော့မှ ငှားပြီးတော့မှ သင်နေရပါတယ်။ တချို့ မငှားနိုင်တဲ့ ရွာတွေမှာဆိုရင် ကျွန်တော်တို့ဟာ ငွေလည်းမပေးနိုင်ဘူး။ လစဉ် မထောက်ပံ့နိုင်ဘူးဆိုရင် ကျွန်တော်တို့က သူ့အတွက် တောင်ယာတစ်ကွက် ခုတ်ပြီးတော့မှ စိုက်ပေးပြီးတော့မှ သင်ယူနေရပါတယ်ဆိုတာကိုလည်း

ကိုယ့်အရပ်ဒေသနဲ့အညီ ဖြေရှင်းနေတာကို တင်ပြခြင်းဖြစ်ပါတယ်။ အခြေခံကျတဲ့ ပညာရေးကျောင်းတွေကို ပြောနေတာဖြစ်ပါတယ်။ ပြီးရင် ထိုနည်းအတူပဲ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် ပညာရေးကျောင်းတွေမှာဆိုလည်း အခြေခံပညာကျောင်းတွေမှာဆိုရင်လည်း ဆရာ/ဆရာမလိုအပ်ချက်များ ရှိပါတယ်။ မူလတန်းအဆင့်မှာဆို ကျွန်တော်တို့ ခန့်ထားအင်အား (၄၉၀)ရှိပါတယ်။ ခန့်ထားနိုင်တာ(၁၅၈)ဦးပဲ ရှိပါတယ်။ ရာခိုင်နှုန်းနဲ့ကြည့်မယ်ဆိုရင် (၃၂)ရာခိုင်နှုန်း ရှိပါတယ်။ အလယ်တန်းအဆင့်မှာဆိုရင် (၂၀၃)ယောက် ခန့်ထားနိုင်ပါတယ်။ (၄၁)ဦးပဲ ကျွန်တော်တို့ ခန့်ထားပါတယ်။ ရာခိုင်နှုန်းနဲ့ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ (၂၀) ရာခိုင်နှုန်းပဲ ရှိပါတယ်။ အထက်တန်းအဆင့်မှာဆိုရင် ထိုနည်းလည်းကောင်းပါပဲ (၁၂၈)ဦးခန့်ထားနိုင်ပါတယ်။ ဒါပေမဲ့ ခန့်ထားနိုင်တာကတော့ (၅၇)ဦးပဲရှိပါတယ်။ ရာခိုင်နှုန်းနဲ့ကြည့်မယ်ဆို (၄၄)ရာခိုင်နှုန်းပဲရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က ကျောင်းဖွင့်ချိန်အမီကို ကျွန်တော်တို့က အရင်တုန်းက သုံးနှုန်းထားပါတယ်။ ဒီနေ့ဒီအချိန်မှာတော့ အဲလိုမဟုတ်တော့ ပါဘူး။ ကျောင်းလည်းဖွင့်နေပါပြီ။ ပညာသင်နှစ်လည်း စနေပါပြီ။ စနေတာ ဖြစ်တဲ့အတွက် လိုအပ်နေတဲ့ ဆရာ/ဆရာမတွေကို ခန့်အပ်သွားရန် အစီအစဉ် ရှိ/မရှိကို ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြ အပ်ပါတယ်။

ဒုတိယမေးခွန်းကို ကျွန်တော် ဆက်လက်မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

အရှေ့ကောက်တောင်းကျေးရွာ၊ မိုင်းနောင်ကျေးရွာ၊ လင်းဖားကျေးရွာ၊ လောင်ပကျေးရွာ၊ မင်းဆင်ကျေးရွာ၊ ဇီးဖြူကုန်းရပ်ကွက်တို့ရှိ စာသင်ကျောင်းများ ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းမေးမြန်း သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော် ယခုတင်ပြမယ့် ကျောင်းတွေဟာ အန္တရာယ်ရှိပြီးတော့မှ တကယ့်ကို အိုမင်းနေပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း မြင်ခဲ့ပါတယ်။ ဓာတ်ပုံတွေလည်း ရိုက်ခဲ့ပါတယ်။ ဒီမှာတော့ Projector နဲ့မပြတော့ပါဘူး။ ဘာလို့လဲဆိုတော့ ကလေးတွေကို ပညာသင်တဲ့အချိန်မှာ စိတ်လုံလုံခြုံခြုံနဲ့

သင်စေချင်တာပါ။ ပြီးရင် သူတို့ အန္တရာယ်ကင်းကင်းနဲ့ ကျွန်တော်တို့ သင်စေချင်တာပါ။ ဒါကြောင့်မို့ ကျွန်တော်တို့ အဓိကလိုအပ်တဲ့ ဖြည့်ဆည်းရမဲ့ စာသင်ကျောင်းတွေကို တင်ပြခြင်းဖြစ်ပါတယ်။

ဒါကြောင့်မို့ ဖော်ပြပါကျောင်းများဖြစ်တဲ့ အရှေ့ကောက်တောင်းကျေးရွာ၊ မိုင်းနောင်ကျေးရွာ၊ လင်းဖားကျေးရွာ၊ အ.လ.က ဇီးဖြူကုန်း၊ လောင်ပအဲဒီမှာဆို ကျွန်တော်တို့ လောင်ပနဲ့ ဇီးဖြူကုန်းကျေးရွာမှာဆိုရင် ကျွန်တော်တို့ အသစ်ဆောက်ခိုင်းတာပါ။ ဇီးဖြူကုန်းကျောင်းမှာဆိုရင် ကျွန်တော်တို့ ကျေးရွာတွေကနေလာပြီးတော့မှ ဇီးဖြူကုန်းရပ်ကွက်မှာနေပြီးတော့မှ ကျောင်းလာတက်ရတာဖြစ်ပါတယ်။ ကျောင်းသားနဲ့ အခန်းတွေနဲ့ လုံလောက်မှုမရှိတော့ပါဘူး။ လောင်ပကျေးရွာဆိုရင်လည်း ကျွန်တော်တို့ အရင်တုန်းက နိုင်ငံတော်ဘတ်ဂျက်နဲ့ ဆောက်ပေးထားပါတယ်။ ကျေးရွာရဲ့ လူနေမှုနဲ့ ကျောင်းဆောင်တွေနဲ့ မလုံလောက်တော့ပါဘူး။ ဒါကြောင့်မို့ တင်ပြရခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ တင်ပြတာတွေဟာ ကိုယ်တိုင်ကွင်းဆင်းကြည့်ပြီးတော့မှ တင်ပြနေခြင်းဖြစ်တဲ့အတွက် ဒီကျေးရွာတွေကို ကျောင်းဆောင် ဆောက်ပေးနိုင်အောင် တင်ပြပြီးတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် တင်ပြမေးမြန်းရခြင်းဖြစ်ပါတယ်ဆိုတဲ့အကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက မေးခွန်း (၂)ခုကို တစ်ဆက်တစ်စပ်တည်း ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ခန္ဓီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးမြတ်ကို၏ တိုင်းဒေသကြီးလွတ်တော်အစည်းအဝေးသို့ မေးမြန်းမှုများအပေါ် တစ်ဆက်တစ်စပ်တည်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ယခုလို မိမိဒေသပညာရေးအတွက် မေးခွန်းများ မေးမြန်းပေးပါသော လွတ်တော်ကိုယ်စားလှယ်ကြီးအား ကျေးဇူးတင်ကြောင်း ဦးစွာပြောကြားလိုပါတယ်။

ခန္ဓီးမြို့နယ်မှာ အထက်တန်းအဆင့်သင်ကျောင်း (၈)ကျောင်းရှိပါတယ်။ အလယ်တန်းအဆင့်သင်ကျောင်း (၃၂)ကျောင်း၊ မူလတန်းအဆင့်သင်ကျောင်း (၉၂)ကျောင်းရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ အထက်တန်းအဆင့်သင် ကျောင်းသားဦးရေမှာ(၁၃၂၀)ဦး၊ အထက်တန်းအဆင့်သင်တဲ့ ဆရာဦးရေဟာ(၄၅)ဦးရှိပါတယ်။ အလယ်တန်းအဆင့်သင်တဲ့ ကျောင်းသားဦးရေ(၂၄၉၇)ဦး၊ အလယ်တန်းအဆင့်သင်တဲ့ ဆရာဦးရေဟာ(၃၆)ဦးရှိပါတယ်။ မူလတန်းအဆင့်သင် ကျောင်းသားဦးရေ(၆၂၈၃)ဦးရှိပြီး မူလတန်းအဆင့်သင်တဲ့ ကျောင်းဆရာ/ဆရာမဦးရေ (၁၅၆)ဦးရှိကြောင်း တင်ပြအပ်ပါတယ်။ ယခု ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းဖွင့်အမီ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)ကနေပြီးတော့ ၎င်းဒေသအတွက် ဆရာမများ ခန့်ထားရေးအတွက် (၉-၂-၂၀၂၆)ရက်စွဲပါစာဖြင့် BED သင်တန်းဆင်း ဆရာ/ဆရာမ(၆)ဦးကို အထက်တန်းပြအဖြစ်လည်းကောင်း၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၏ (၁၄-၅-၂၀၂၆)ရက်စွဲပါ ပြောင်းတိုး ခွင့်ပြုချက်စာဖြင့် အထက်တန်းပြ အပြောင်းအရွှေ့(၄)ဦး၊ မူလတန်းကျောင်းအုပ်၊ မူလတန်းပြမှ အလယ်တန်းပြရာထူးတိုး(၁)ဦး၊ ဒုတိယအလယ်တန်းပြမှ အထက်တန်းပြရာထူးတိုး(၅)ဦး၊ ဒုတိယမူလတန်းပြမှ မူလတန်းကျောင်းအုပ်ရာထူးတိုး(၂)ဦး၊ မူလတန်းပြအပြောင်းရွှေ့(၁)ဦး၊ မူလတန်းကျောင်းအုပ် အပြောင်းအရွှေ့(၃)ဦး၊ ဒုတိယအလယ်တန်းပြ အပြောင်းအရွှေ့(၂)ဦး၊ ဒုတိယအလယ်တန်းပြ အပြောင်းအရွှေ့(၂)ဦး၊ ဒုတိယမူလတန်းပြ အပြောင်းအရွှေ့(၁)ဦး၊ လက်ထောက်မူလတန်းပြ အပြောင်းအရွှေ့(၁၀)ဦး စုစုပေါင်း(၃၅)ဦး ခန့်ထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် (၁-၆-၂၀၂၆)ရက်နေ့အထိ အပ်နှံကျောင်းသား/သူများအနေဖြင့် အထက်တန်းအဆင့်(၄၄၃)ဦး၊ အလယ်တန်းအဆင့်(၁၇၀၆)ဦး၊ မူလတန်းအဆင့်(၃၄၂၅)ဦးရှိပြီးတော့ အထက်တန်းအဆင့်ဆရာ(၅၉)ဦး၊ အလယ်တန်းအဆင့်ဆရာ(၃၈)ဦး၊ မူလတန်းအဆင့်ဆရာ (၁၉၈)ဦးရှိပါတယ်။ သို့ဖြစ်၍ ဆရာနှင့်ကျောင်းသားအချိုးမှာ ခန္ဓီးမြို့နယ်အတွင်း

အထက်တန်းအဆင့်အချိုး (၁း၈)ဦး၊ အလယ်တန်းအဆင့်မှာ(၁း၄၅)ဦး၊ မူလတန်းအဆင့်မှာ(၁း၁၇)ဦးရှိကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံတင်ပြလိုသည်မှာ ကျောင်းသားပျော်ကျောင်းများဖြစ်ရေး ဆရာပျော်သော ကျောင်းများဖြစ်ရေး ရပ်ရွာပြည်သူလူထုနှင့် တာဝန်ရှိသူများမှလည်း ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရေး မေတ္တာရပ်ခံတင်ပြလိုပါတယ်။

ဆက်လက်၍ မေးခွန်းအမှတ်(၂)အား ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ မူလတန်းလွန် အရှေ့ကောက်တောင်းကျေးရွာမှာ (၆၀ ပေ × ၃၀ ပေ) သွပ်မိုးပျဉ်ကာ (၂)ထပ်ကျောင်းဆောင် (၁)ဆောင်သာရှိပြီးတော့ မူလတန်းအဆင့်ကျောင်းသားဦးရေ(၆၇)ဦး၊ အလယ်တန်းအဆင့် ကျောင်းသားဦးရေ(၃၉)ဦး စုစုပေါင်း(၁၀၆)ဦးရှိပါတယ်။ အ.မ.က လောင်ပကျေးရွာမှာ (၈၀ ပေ × ၃၀ ပေ)သွပ်မိုးပျဉ်ကာ ပျဉ်ခင်းပျဉ်ကာ ကျောင်းဆောင် (၁)ဆောင်ရှိပြီး မူလတန်းအဆင့် ကျောင်းသား(၁၂၂) ဦး ရှိပါတယ်။ အ.မ.က ဇီးဖြူကုန်းကျေးရွာမှာ (၈၀ ပေ × ၃၀ ပေ) သွပ်မိုးပျဉ်ခင်းပျဉ်ကာ (၁)ထပ်ကျောင်းဆောင်(၁)ဆောင်၊ (၉၀ ပေ× ၃၀ ပေ) သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်တစ်ဆောင်၊ (၁၂၀ ပေ × ၃၀ ပေ) သွပ်မိုးအုတ်ညှပ်တစ်ထပ်ဆောင်တစ်ဆောင် စုစုပေါင်း ကျောင်းဆောင်(၃)ဆောင် ရှိပါတယ်။ မူလတန်းအဆင့်ကျောင်းသား(၁၃၃)ဦး၊ အလယ်တန်းအဆင့် ကျောင်းသား(၁၂၇)ဦး စုစုပေါင်း(၃၂၀)ဦးရှိကြောင်း တင်ပြအပ်ပါတယ်။ မူလတန်းလွန်ကျောင်း မိုင်းတောင်ကျေးရွာမှာ (၆၀ ပေ× ၃၀ ပေ) သွပ်မိုးပျဉ်ခင်းပျဉ်ကာ ကျောင်းဆောင် တစ်ဆောင်ရှိပြီး မူလတန်းအဆင့် ကျောင်းသူ/သားဦးရေ(၄၁)ဦး၊ အလယ်တန်းအဆင့် ကျောင်းသူ/သားဦးရေ(၁၇)ဦး စုစုပေါင်း(၅၈)ဦးရှိကြောင်း တင်ပြအပ်ပါတယ်။ အသစ်ဆောက်ကျောင်းဆောင်များစာရင်းတွင် ၎င်းကျောင်းများအတွက် အသစ်ဆောက်ကျောင်းဆောင်များစာရင်းလျာထားပြီး ဤရုံး၏ (၂၆-၅-၂၀၂၆)ရက်စွဲပါစာဖြင့် တိုင်းဒေသကြီးစီမံကိန်းရုံး၊ မုံရွာမြို့သို့ (၅)နှစ်ကာလအကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းအသစ်များတွင် တင်ပြတောင်းခံပေးပို့ထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လင်းဖာကျေးရွာနှင့် မင်းဆင်ကျေးရွာတို့အားလည်း ထပ်မံ

တင်ပြတောင်းခံနိုင်ရေး သက်ဆိုင်ရာခရိုင်/မြို့နယ်များသို့ ဆက်သွယ် အကြောင်းကြား ဆောင်ရွက်ထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးမြတ်ကို၊ ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားရပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်တို့ဒေသမှာ ကျေးရွာပေါင်း အများကြီးရှိတယ်။ မူလတန်းပညာရေးမှာ ဆရာ/ဆရာမ မလောက် ငှလို့တင်ပြရခြင်းဖြစ်တယ်။ အများကိုဖြေသလိုပဲ ဖြေမယ်ဆိုရင် ဆရာနဲ့ ကျောင်းသားအချိုး ချိုးမယ်ဆိုရင် ကျွန်တော်တို့ဒေသက မူလတန်းပညာတောင် သင်ယူဖို့အခွင့်အလမ်းမရှိဘူး။ ဦးသိန်းစိန် လက်ထက်မှာဆိုရင် ကျေးလက် ကျေးရွာတွေမှာဆိုရင် ကျောင်းရှိရင် ဆရာ/မ(၅)ယောက်ပေးတယ်။ အခု (၅)ယောက်တောင်းနေတာ မဟုတ်ဘူး။ ဒေသမှာ တကယ်ကို လိုအပ်လို့ တကယ်ကို ဆက်သွယ်တဲ့အချိန်ကြရင် ခက်ခဲလို့မို့လို့ အစိုးရကချပေးတဲ့ ဆရာ/ဆရာမတွေ ရရှိအောင်ပြောနေခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ ကိုယ်စားလှယ်ကြီး ခင်ဗျာ။ ကိုယ်စားလှယ်ကြီးအနေနဲ့ မေးခွန်း အပေါ်မှာ ထပ်မံပြီးတော့ မရှင်းလင်းရှိဖြစ်စေ၊ အားမရရှိဖြစ်စေ မေးမြန်းလို တယ်ဆိုရင် လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ အရ ကျွန်တော်တို့က အများ ပြည်သူအတွက် အရေးကြီးသော ကိစ္စများဖြစ်သည်ကို ဥက္ကဋ္ဌက ဆုံးဖြတ်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် နေ့ရက်နှင့်အချိန်များကို ဥက္ကဋ္ဌက သတ်မှတ်ပေးရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့်မို့လို့ အသေးစိတ်ထပ်မံ ဆွေးနွေးနိုင်ရန်နှင့် ဖြေကြားရမဲ့သူအတွက်လည်း အချိန်ရရှိနိုင်ရန်အတွက် မနက်ဖြန်မှာ ဆက်လက်ဆွေးနွေးဖို့ရန် ပြောကြားလိုပါတယ်။

ဦးမြတ်ကို၊ ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ **ဟုတ်ကဲ့** ကျေးဇူးတင်ပါတယ် ခင်ဗျာ။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး တမူးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ဦးခင်မောင်လွင်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးခင်မောင်လွင်၊ တမူးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်အမှတ် (၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွတ်တော်

ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်ကိုယ်စားလှယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင် ဖြစ်ပါ တယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်း(၁)ခု တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်တို့ တမူးမြို့သည် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကဘော် ချိုင့်ဝှမ်းဒေသ၊ တစ်ဘက်အိန္ဒိယနိုင်ငံ၊ မိုးရေးမြို့နဲ့ နယ်နိမိတ်ချင်း ထိစပ်နေသည့် မြို့တစ်မြို့ဖြစ်ပါတယ်။ တမူးခရိုင်၊ တမူးမြို့သည်၊ ရပ်ကွက်(၁၂)ရပ်ကွက်၊ ကျေးရွာ အုပ်စု(၂၂)အုပ်စု၊ ကျေးရွာပေါင်း(၆၁)ရွာ၊ အိမ်ထောင်စုအနေဖြင့် (၂၃၈၆၃)စု၊ လူဦးရေစုစုပေါင်း (၁၂၂၇၅၉)ဦးနေထိုင်သော အများဆုံးမှာ တောင်သူ လယ်သမား များဖြစ်ကြပါတယ်။ ကျွန်တော်တို့ တမူးမြို့ ပြည်သူ့ဆေးရုံတွင် ၂၀၂၁ ခုနှစ်၊ တပ်မတော်မှ နိုင်ငံတော်အာဏာကို ခေတ္တထိန်းသိမ်းစဉ်ကာလတွင် ဆရာဝန် များသည် CDM ပြုလုပ်သွားသည့်အတွက် ဆရာဝန်လုံလောက်မှုမရှိပါ။ ဌာန ဆိုင်ရာဝန်ထမ်းများ၊ ပြည်သူလူထုများ ကျန်းမာရေးစောင့်ရှောက်မှု အရေးကြီး လိုအပ်သည်မှာ တမူးမြို့မှ ကလေးမြို့ပြည်သူ့ဆေးရုံသို့ သွားရောက်မည်ဆိုပါက လမ်းခရီးလုံခြုံမှုမရှိသည့်အတွက် သွားလာရန်အခက်အခဲရှိခြင်း၊ ငွေကြေး တတ်နိုင်သူများကလည်း ငွေကိုလမ်းခင်းပြီး ကလေးမြို့၊ မန္တလေးမြို့၊ ရန်ကုန်မြို့ များသို့သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကုသဆောင်ရွက်ခဲ့ကြ ပါတယ်။ အကြမ်းဖက်ကို မထောက်ခံတဲ့ ပြည်သူများနဲ့ ဌာနဆိုင်ရာဝန်ထမ်းများ မြို့မှထွက်ခွာ၍ မရပါဘူး။ ကျန်းမာရေးအတွက် ပြည်သူ့ဆေးရုံတွင်လည်း ဆရာဝန်မပြည့်စုံ၍ များစွာအခက်အခဲနဲ့ ကြုံတွေ့နေရသည်မှာ (၅)နှစ်ခန့်ရှိပါပြီ။

ထို့အပြင် မိမိတို့ဒေသတွင် နယ်မြေမအေးချမ်းတော့ အကြမ်းဖက်နှင့် ထိတွေ့တိုက်ပွဲများဖြစ်သည့်အခါ ဒဏ်ရာရရှိသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်များကို ဒဏ်ရာပြင်းထန်ပါက ကလေးမြို့သို့ ပို့ဆောင်ရန် ရဟတ်ယာဉ် လာကြိုမည့်ရက်ကို စောင့်မျှော်နေရသည်မှာ တွေ့ရှိ

ပါသည်။ တစ်ခါတစ်ရံ လနဲ့ချီမှ လာကြိုသည်ကိုလည်း တွေ့ရပါတယ်။ လက်ရှိ တမူးမြို့ပြည်သူ့ ဝန်ထမ်းဖွဲ့စည်းပုံနှင့် လက်ရှိ တာဝန်ထမ်းဆောင်မှုစာရင်း အနေဖြင့် စုစုပေါင်း(၂၀၁)ဦးရှိပေမဲ့လည်း ယခု လက်ရှိတွင် ဆေးရုံအုပ်ကြီး(၁)ဦး၊ အထက်တန်းသူနာပြု(၁)ဦး၊ သူနာပြု(၃) ဦး၊ အထွေထွေ(၁၅)ဦး စုစုပေါင်း (၂၁)ဦးသာ တာဝန်ထမ်းဆောင်လျက် ရှိပါတယ်။ ယခုလို တမူးမြို့ကုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဖွဲ့စည်းပုံအပြည့် မခန့်ထားနိုင်ပါက သင့်တော်သည့် ဆရာဝန်နှင့် သူနာပြုများရှိခဲ့ပါက အခက်အခဲများကို ကျော်လွှားနိုင်မည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုတာကတော့ တမူးမြို့ကုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် ဆရာဝန်များနှင့် သူနာပြုဆရာ၊ ဆရာမများ ခန့်ထားပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါတယ်။ (ခ) တမူးမြို့ရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာ ဝန်ကြီး၊ ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တမူးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လွင်၏ တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

တမူးမြို့ ကုတင်(၁၀၀) ပြည်သူ့ဆေးရုံဟာ လက်ရှိ ဆေးရုံအုပ်ကြီး (၁)ဦးနှင့် အထူးကုဆရာဝန် သွား(၁)ဦးရှိပါတယ်။ ၎င်းအနက် အထူးကုဆရာဝန် သွားဆရာဝန်ဟာ ရန်ကုန်မြို့တွင် ဘွဲ့လွန်သင်တန်းတက်ရောက်လျက်ရှိပါတယ်။ လက်ရှိ ဆေးရုံအုပ်ကြီးနှင့် သူနာပြုကြီး(၃)ဦး၊ အထက်တန်းသူနာပြု(၁)ဦး၊

သူနာပြု(၃)ဦး၊ အကူသူနာပြု(၄)ဦး၊ စုစုပေါင်း(၁၁)ဦး တာဝန်ထမ်းဆောင်လျက် ရှိကြောင်း တင်ပြအပ်ပါတယ်။ ၎င်းအပြင် ချင်းပြည်နယ်၊ ဟားခါးပြည်သူ့ ဆေးရုံကြီးမှ ပြောင်းရွှေ့ဝင်ရောက်လာသော သူနာပြု(၁)ဦးကိုလည်း (၈-၅-၂၀၂၆) ရက်နေ့ ရက်စွဲပါစာဖြင့် တာဝန်ချထားခဲ့ရာ လုံခြုံရေးအခြေအနေအရ တမူးမြို့သို့ သွားရောက်ရန်အတွက် ကလေးမြို့မှာ စောင့်ဆိုင်းလျက်ရှိကြောင်း သိရှိရပါတယ်။ (သစ်လွင်)သူနာပြု(၁)ဦးကိုလည်း (၂၉-၅-၂၀၂၆) ရက်စွဲပါစာဖြင့် ခန့်ထားပြီးဖြစ်၍ တမူးမြို့ဆေးရုံသို့သွားရောက်တာဝန် ထမ်းဆောင်ရန် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ တမူးမြို့ ကုတင်(၁၀၀)ဆေးရုံအတွက် လစ်လပ်လျက်ရှိသော အထူးကုဆရာဝန်များဖြစ်သည့် ကလေးအထူးကု၊ ဆေးပညာအထူးကု၊ သားဖွားမီးယပ်အထူးကု၊ မေ့ဆေးအထူးကု၊ ခွဲစိတ်အထူးကု စုစုပေါင်း အထူးကုဆရာဝန် (၅)ဦးနှင့် လက်ထောက်ဆရာဝန်(၄)ဦးတို့အား ခန့်ထားပေးနိုင်ရေးအတွက် ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်သို့ (၂၀-၈-၂၀၂၅) ရက်နေ့မှာ တင်ပြတောင်းခံထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကျွန်းလှမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ် အမှတ်(၂)မှ ဒေါ်မာမာဝင်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်မာမာဝင်း၊ ကျွန်းလှမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ လေးစားရပါသော စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ ဝန်ကြီးများ လွတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ရှင်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဒေါ်မာမာဝင်းဖြစ်ပါတယ်။ ကျွန်မ အနေနဲ့ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း(၁)ခုကို တင်သွင်းမေးမြန်း သွားမှာဖြစ်ပါတယ်ရှင်။

လွတ်တော်ဥက္ကဋ္ဌကြီးရှင့်။

ကျွန်းလှမြို့၊ သဖန်းဆိပ်ဆည်နှင့် ဆည်၏အနောက်ဘက်ခြမ်းရှိ ကျေးရွာအုပ်စုနှင့် ကျေးရွာများသို့ အဓိကထားအသုံးပြုသည့်လမ်းကို ယခင်က ကျွန်းလှမြို့ဟောင်း၊ သစ်ရာပင်အုပ်စုနှင့် သစ်ရာပင် မီးရထားဘူတာသို့သွားသည့် (၁၉၁၃၊ ၁၉၁၄) ခုနှစ်ခန့်က ကျောက်ကြမ်းလမ်းဟောင်းကို အစိုးရရန်ပုံငွေဖြင့် (၉)မိုင်ခန့်ကို ကတ္တရာလမ်းခင်းပေးခဲ့ပါတယ်။ ယင်းလမ်းဟောင်းကို (၉)မိုင်လမ်းမှ သဖန်းဆိပ်ဆည် အရှေ့ဘက်တမံမုဒ်ဦးထိပ်အထိ ကတ္တရာလမ်းဆက်လက်ခင်းထားခဲ့ပါသည်။ ထိုလမ်းအကျယ်မှာ(၁၂)ပေဖြစ်ပါတယ်။ လက်ရှိလမ်းကို အသုံးပြုနေရသည်မှာ ကတ္တရာသားများပေါက်ပြီး အချို့နေရာများတွင် ချိုင့်ခွက်များဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ ထိုလမ်းကို ကတ္တရာထပ်ပိုးလွှာခင်းရန် အထူးလိုအပ်နေပြီဖြစ်ပါတယ်။ လမ်းကောင်းမွန်ပါက ထိုလမ်းကို အားကိုးအသုံးပြုနေကြရသည့် ပြည်သူအများ၏ လူမှုဘဝပိုမိုအဆင်ပြေကြမှာဖြစ်ပါတယ်။ လက်ရှိလမ်းဟောင်းသည် ရာခိုင်နှုန်းအားဖြင့် (၈၀)ရာခိုင်နှုန်းခန့် ယိုယွင်းပျက်စီးနေပြီဖြစ်ပါတယ်။ ထိုလမ်းကောင်းမွန်ပါက လမ်းကိုအားကိုအသုံးပြုနေရသည့် ကျေးရွာအုပ်စုနှင့် ကျေးရွာများ၏ ဒေသဖွံ့ဖြိုးရေးအတွက် ကောင်းကျိုးရှိစွာ အသုံးပြုနိုင်ကြမှာဖြစ်ပါတယ်။ ဆည်၏အရှေ့ဘက်ခြမ်းတွင် ကျေးရွာအုပ်စု(၆)အုပ်စုနှင့် ကျေးရွာပေါင်း(၂၂)ရွာခန့်က ပြည်သူများသည် လူမှုရေး၊ စီးပွားရေး၊ ပညာရေးအပြင်၊ နိုင်ငံရေး၊ စစ်ရေးတို့သည်လည်း အေးချမ်းတည်ငြိမ်နေပါသည်။ တဖန် နိုင်ငံရေး တည်ငြိမ်လာပါက ဆည်၏အနောက်ဘက်ခြမ်းရှိ ကျေးရွာများမှ ပြည်သူများပါ မှီခိုအားထားရသည့် မြို့နယ်အတွင်း အဓိကကျတဲ့ ဆက်သွယ်ရေးလမ်းမကြီးဖြစ်ပါတယ်။ ထိုလမ်းဟောင်းသည် အနှစ်(၂၀)နီးပါးခန့် အသုံးပြုခဲ့ပြီးဖြစ်၍ ပျက်စီးခဲ့ခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ထိုလမ်းကို ကတ္တရာဖြင့် ထပ်ပိုးလွှာခင်းရန် ဆောင်ရွက်သင့်ပြီဟု သုံးသပ်မိပါတယ်။ ထိုလမ်းကို ကတ္တရာထပ်ပိုးလွှာခင်းခဲ့ပါလျှင် လမ်းအသုံးပြုမှု ပိုမိုကောင်းမွန်စေရန် လမ်း၏တစ်ဖက်စီတွင် လမ်းပခုံးသားကို အကျယ် (၃)ပေအထိချဲ့၍ ခင်းပေးရန်လိုအပ်ကြောင်းအကြံပြုအပ်ပါတယ်။ ယခုလက်ရှိအချိန်တွင် သဖန်းဆိပ်ဆည်၏ အနောက်ဘက်ခြမ်းမှာ (KIA / PDF)တို့၏ စိုးမိုးနယ်မြေကဲ့သို့ဖြစ်နေပါတယ်။ နိုင်ငံတော်အစိုးရမှ သိမ်းပိုက်ထိန်းချုပ်လိုက်လျှင် စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးကိစ္စအဝဝတို့အပြင်

သဖန်းဆိပ်ဆည်ကိုလည်း လုံခြုံရေးအရ ထိရောက်စွာ ထိန်းနိုင်မှာဖြစ်ပါတယ်။ ဆည်နှင့်ရေအားလျှပ်စစ် စက်ရုံကိုလည်း ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၉)ရက် နေ့တွင် (KIA/PDF)များက စိုးမိုးသိမ်းပိုက်ပြီး ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်(၂)မြို့နယ်စလုံး လျှပ်စစ်မီးပြတ်တောက်ခဲ့ရပါတယ်။ ၂၀၂၆ ခုနှစ်၊ မတ်လ(၂၉)ရက်နေ့မှသာ နိုင်ငံတော်အစိုးရမှ ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပါတယ်။ သို့သော်(KIA/PDF)တို့မှ လျှပ်စစ်စက်ရုံတွင် ပစ္စည်းများကို ရိုက်ခွဲခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်သွား၍ ယနေ့အချိန်ထိ လျှပ်စစ်မီးမသုံးစွဲနိုင်သေးပါ။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအရာများကို ပြန်လည်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ဖို့အတွက် မြို့နယ်အတွင်းက အဓိကကျသော ဆက်သွယ်ရေးလမ်းမကြီးအား ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးခင်မောင်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ အစည်းအဝေးတက်ရောက်သူများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နူတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်းလှမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မာမာဝင်း၏ မေးမြန်းမှုကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ မေးခွန်းအကြောင်းအရာပါလမ်းဟာ ပြည်ထောင်စုကစီမံခန့်ခွဲတဲ့ Class-A လမ်းစာရင်းမှာပါဝင်တဲ့ ကျွန်းလှ-သဖန်းဆိပ် လမ်းမိုင်တိုင်(၀/၀)ကနေပြီးတော့ (၁၀/၀)ထိ (၁၀)မိုင်အကွာအဝေးရှိတဲ့လမ်း ဖြစ်ပါတယ်။ လက်ရှိလမ်းအခြေအနေဟာ (၁၂)ပေအကျယ် ကတ္တရာလမ်း ဖြစ်ပေမဲ့လို့လည်း ဆောင်ရွက်ခဲ့တာ သက်တမ်းကြာမြင့်နေတာဖြစ်ပြီးတော့ နယ်မြေလုံခြုံရေးအခြေ အနေတွေအရလည်း ရန်ပုံငွေကန့်သတ်ခွင့်ပြုချက်တို့အရ အဆိုပါ

လမ်းကို ထိန်းသိမ်းရေးလုပ်ငန်းနှင့် တိုးတက်ပြုပြင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ပါဘူး။ နောက် ဒီလမ်းဟာလည်း ကျွန်တော်တို့ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့ လွှဲပြောင်းယူခဲ့တဲ့ လမ်းတစ်လမ်းလည်းဖြစ်ပါတယ်။ ယခု ဒီနှစ် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှာတော့ တိုင်းဒေသကြီးရဲ့ ငွေလုံးငွေရင်းရန်ပုံငွေ (၅၁၇.၂၃၀)သန်းနဲ့ မိုင်တိုင်(၀/၀)ကနေပြီးတော့ (၀/၄.၂၂)ထိ (၄.၂၂)ဖာလုံကို မူလ(၁၂)ပေ အကျယ်ကတ္တရာလမ်းကနေပြီးတော့ (၁၈)ပေအကျယ်ကတ္တရာလမ်းချဲ့ပြီးတော့ ထပ်ပိုးလွှာခင်းခြင်းကိုတော့ လမ်းပခုံးတစ်ဖက်မှာ (၃)ပေအကျယ်နဲ့ ကျွန်တော်တို့ဆောင်ရွက်ပေးသွားပါမယ်။ နောက်တစ်ခါ တိုင်းဒေသကြီးရဲ့ သာမန်ရန်ပုံငွေ (၁၆.၆၀၇)သန်းနဲ့ ကျွန်တော်တို့ စမြိတ်ချောင်းဘေလီတံတားရဲ့ ကြမ်းခင်းလက်ရမ်းပြုပြင်ဖို့နဲ့ သစ်သားလက်ရန်းများ ဆေးသုတ်ခြင်းတွေကို ကျွန်တော်တို့ ဒါတွေလည်း ဆောင်ရွက်ပေးသွားပါမယ်။ လမ်း၊ တံတားအဆင့်မြှင့်တင်ခြင်း လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်နိုင်ဖို့အတွက် လာမည့် ဘဏ္ဍာရေးနှစ်တွေမှာ ကျွန်တော်တို့ရန်ပုံငွေ လျာထားတင်ပြတောင်းခံသွားမှာဖြစ်ပြီးတော့ ရန်ပုံငွေရရှိတဲ့အပေါ် မူတည်ပြီးတော့ လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးစိုင်းစံလှစိုးအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁)။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးစိုင်းစံလှစိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြ မေးခွန်းတစ်ခုကို ဆွေးနွေးမေးမြန်းသွားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်အတွင်း မဟာဗျူဟာလမ်း သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး လမ်းအပိုင်းမှာပါဝင်တဲ့ ဥရုချောင်းဖြတ် ဥရုတံတားဟာ အရှည်(၁၀၉၀)ပေ၊ အကျယ်(၂၆)ပေရှိပြီး

မဟာဗျူဟာလမ်းပေါ်မှာ တည်ရှိတဲ့အတွက် ပြည်သူများ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ကုန်စည်စီးဆင်းမှုအတွက် အဓိကထားဖြတ်သန်းသွားလာရတဲ့ တံတား တစ်ခုဖြစ်ပါတယ်။ ဥရုတံတားကို စတင်တည်ဆောက်စဉ်က သံမဏိကြိုးတံတား အဖြစ် ဆောက်လုပ်ခဲ့ပြီး ၂၀၀၈ ခုနှစ်မှာ စတင်ဖွင့်လှစ် အသုံးပြုခဲ့တယ်။ ၂၀၂၂ ခုနှစ်မှာ ဥရုတံတားကို သံမဏိကြိုးတံတားမှ သံကူကွန်ကလစ်တံတားအဖြစ် အဆင့်မြှင့်တင် တည်ဆောက်ခဲ့ပြီး ၂၀၂၂ ခုနှစ်မှာ စတင် အသုံးပြုခဲ့ပါတယ်။

ဥရုတံတားချဉ်းကပ်လမ်း သဖန်းကုန်းဘက်ခြမ်း တံတားချဉ်းကပ်လမ်းနဲ့ ပေ(၃၀၀)ခန့်အကွာမှာ ဥရုချောင်းရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျပြီး သဖန်းကုန်းရွာအဝင်လမ်း တစ်ဝက်ခန့် ပါရှိခဲ့ပါတယ်။ ယခုကာလဟာ မိုးရာသီ ဖြစ်တာကြောင့် ချောင်းရေတိုက်စားမှုကြောင့်လည်းကောင်း၊ မိုးရေတိုက်စားမှု ကြောင့်လည်းကောင်း ကမ်းပါပြိုမှုများ ဆက်လက်ဖြစ်ပွားလာမှာကို စိုးရိမ်နေရ ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျာ (Power Point) အသုံးပြုခွင့်ပေးပါ ခင်ဗျာ။

ဥက္ကဋ္ဌ။ ခွင့်ပြုပါတယ်။

မှတ်တမ်းဓာတ်ပုံများကို (Power Point) ဖြင့် ရှင်းလင်းတင်ပြသွားပါသည်။

သို့ဖြစ်ပါ၍ ဥရုချောင်းတံတား ချဉ်းကပ်လမ်းအနီး ရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုမှုကို အလျင်အမြန် အချိန်မီ ကာကွယ်ထိန်းသိမ်းနိုင်မှု မပြု နိုင်ဘူးဆိုရင် ဥရုတံတားထိခိုက်လာနိုင်သည့်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကမ်းပါးထိန်းလုပ်ငန်းကို လုပ်ငန်းဆောင်ရွက်ရန် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် ဆောင်ရွက် မည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးခင်မောင်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ အစည်းအဝေးတက်ရောက်သူများအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါ စေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟုမ္မလင်းဒေသက လွတ်တော်ကိုယ်စားလှယ်၊ ဦးစိုင်းစံလှစိုးရဲ့ မေးခွန်းကို ဖြေကြားသွားပါမယ်။

ကျွန်တော်တို့ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချင်းတွင်းမြစ်တစ်လျှောက်မှာရှိတဲ့ မုံရွာ၊ ကလေး၊ ကလေးဝ၊ ဟုမ္မလင်း၊ ခန္တီး ဒီဒေသမှာရှိတဲ့ ချင်းတွင်းမြစ်ကြောင်း ရေကြောင်းသွားလာရေးနှင့် ကမ်းပြိုထိန်းသိမ်းကာကွယ်ရေးများကို နှစ်စဉ် ကျွန်တော်တို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ ဟုမ္မလင်းမြို့နယ်၊ သဖန်းကုန်းကျေးရွာ၊ ဥရုမြစ် ကမ်းပြိုကျမှုအခြေအနေကို သိရှိရဖို့အတွက် ကျွန်တော်တို့ ကွင်းဆင်းတိုင်းတာစစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ပါတယ်။ ဒီကွင်းဆင်းတိုင်းတာစစ်ဆေးတွေ့ရှိချက်အရ ဘိုးပိုင်အခြေပြု သံကူကွန်ကရစ် မြေထိန်းနံရံနဲ့ ကွန်ကရစ်ပြားကပ်တမံ အလျား(၂၇၀)ပေ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ အသေးစိတ်ခန့်မှန်းခြေစာရင်း ကျွန်တော်တို့တွက်ကြည့်တဲ့အခါကြတော့ ရန်ပုံငွေ (၉၆၇.၀၀၀)သန်း ကုန်ကျသွားမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်မှာမပါတဲ့အတွက် လာမည့် RE မှာ လျာထားတောင်းခံသွားပြီးတော့ ရရှိတဲ့ ရန်ပုံငွေအပေါ် မူတည်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပါမယ်။ လွတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့အတွက်လည်း ဒါကို ဆောင်ရွက်ပေးပါမယ်။ ဒီ RE မှာရရင်လည်း ဆောင်ရွက်ပေးပါမယ်။ တကယ်လို့မရခဲ့ရင်လည်း လာမည့် ဘဏ္ဍာရေးနှစ်တွေမှာ ရအောင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂)မှ ဦးမင်းဇော်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးမင်းဇော်၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ။

ကျွန်တော်ကတော့ ကလေးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမင်းဇော်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်း(၁)ခု မေးမြန်း သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ ကလေးမြို့မှာ ညောင်ပင်သာရပ်ကွက်၊ မင်္ဂလာဥယျာဉ် ရပ်ကွက် နယ်မြေ(၁)ရှိ ဥပုဒ်ချောင်းကူးတံတားဟာ ပြည်သူ့ဆေးရုံကြီး၏ နောက်ကျောလမ်းတွင်တည်ရှိပြီး အဆိုပါတံတားအနီးတွင် မြို့မဈေး၊ ဗလီကြီး စျေးများရှိသော သံကူကွန်ကရစ်တံတား ၂၀၁၅ ခုနှစ်၊ ကလေးမြို့ ရေကြီး ရေလျှံမှုဖြစ်ပြီးနောက်ပိုင်းတွင် တံတား၏ကမ်းကပ်ခုံ တစ်ဖက်ခြမ်းမှာ နိမ့်ဆင်း သွားပြီး အန္တရာယ်ရှိသော တံတားအခြေအနေတစ်ခု ဖြစ်ပါတယ်။ ထိုတံတားဟာ အရှည်(၂၅ ပေ × အကျယ် ၁၅ ပေ)ရှိ သံကူကွန်ကရစ် တံတားဖြစ်ပြီး ပြည်သူ လူထုများအတွက် ဆေးရုံ၊ စျေးနှင့်အနီးဆုံး တံတားဖြစ်သည့်အလျောက် ပြည်သူ အများအပြားအသုံးပြုနေသော တံတား(၁)စင်းပဲဖြစ်ပါတယ်။

ကလေးမြို့ဟာ မိုးရာသီအချိန်တွင် ဥပုဒ်ချောင်းတံတားမှတစ်ဆင့် ရေကြီး ရေလျှံမှုများ နှစ်တိုင်းဖြစ်ပေါ်နေပြီး ရေကြီးရေလျှံသည့်အချိန်တွင် အဆိုပါ သံကူကွန်ကရစ်တံတားသည် အချိန်မရွေးပျက်စီးသွားနိုင်ပါသဖြင့် တံတားအသစ် တည်ဆောက်ပေးနိုင်ရန်ရှိ/မရှိ မဲဆန္ဒရှင်ပြည်သူများကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။
လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ တိုင်းဒေသကြီးအဆင့် ဝန်ကြီးများ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ပထမဦးစွာ ဆုမွန်ကောင်းတောင်း ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေး ဝန်ကြီး ဒေါက်တာသောင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ကလေးမြို့၊

ညောင်ပင်သာရပ်ကွက်၊ မင်္ဂလာဥယျာဉ်ရပ်ကွက်၊ နယ်မြေ(၁)ရှိ ဥပုဒ်ချောင်း တံတားဟာဆိုရင် ပြည်သူ့ဆေးရုံကြီးရဲ့ အနောက်ဘက်ကျောကပ်လမ်းမှာတည်ရှိပြီးတော့ တံတားအနီးမှာ မြို့မစျေး၊ ဗလီလမ်းကြားစျေးများရှိပါတယ်။ လက်ရှိတည်ရှိနေတဲ့ သံကူကွန်ကရစ်တံတားဟာ ၂၀၂၅ ခုနှစ်၊ ကလေးမြို့ ရေကြီးရေလျှံဖြစ်ပွားပြီးတော့ နောက်ပိုင်းမှာဆိုရင် တံတားရဲ့ ကမ်းကပ်ခုံတစ်ဖက်ခြမ်းမှာ နိမ့်ဆင်းသွားပြီးတော့မှ အန္တရာယ်ရှိတဲ့ တံတားအခြေအနေ တစ်ခုဖြစ်သွားခဲ့ပါတယ်။ ၎င်းတံတားဟာဆိုရင် (၂၅ ပေ × ၁၅ ပေ) ရှိတဲ့ သံကူကွန်ကရစ်တံတားဖြစ်ပြီး ပြည်သူလူထုအတွက် ဆေးရုံ၊ စျေးနဲ့အနီးဆုံး တံတားဖြစ်တဲ့အတွက် ကြောင့်မို့ မိုးရာသီအချိန်မှာ ဥပုဒ်ချောင်းကနေပြီးတော့မှ ရေကြီးရေလျှံနှစ်စဉ်ဖြစ်ပေါ်နေပြီး ရေကြီးရေလျှံတဲ့အချိန်မှာ ၎င်းတံတားဟာ အချိန်မရွေးပျက်စီးသွားနိုင်သဖြင့် တံတားအသစ်တစ်စင်း တည်ဆောက်ပေးနိုင်ရန်ရှိ/မရှိ သိရှိလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဇော်ရဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ဒီမေးခွန်းဟာဆိုရင် အရင်(၁၁.၆.၂၀၂၆)ရက်နေ့မှာလည်း ဖောင်းပြင်မဲဆန္ဒနယ်အမှတ်(၂) ဦးတင်မောင်မြင့်ကလည်း ဒီချောင်းကူးတံတားတစ်ခုကို မေးမြန်းထားတဲ့ အတွက်ကြောင့် ဖြေကြားထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ ကလေးမြို့ဟာဆိုရင် ဥပုဒ်ချောင်းကူးတံတား(၆)စင်းရှိပြီးတော့မှ ဗိုလ်ချုပ်လမ်းမကြီးပေါ်မှာ တံတား(၁)စင်း၊ ဘုရင့်နောင်လမ်းမကြီးပေါ်မှာ တံတား(၁)စင်း၊ ဆိပ်ကမ်းသာလမ်းပေါ်မှာ တံတား(၁) စင်း၊ သြဘာလမ်းမပေါ်မှာတံတား(၁)စင်း၊ ဝေဇယန္တာလမ်း(ဘုရားသုံးဆူလမ်း)ပေါ်မှာ တံတား(၁)စင်းနှင့် နွားတောင်လမ်းမပေါ်မှာ တံတား(၁)စင်း စုစုပေါင်းတံတား(၆)စင်းရှိပြီးတော့မှ ဗိုလ်ချုပ်လမ်း၊ ဘုရင့်နောင်လမ်းနှင့် ဆိပ်ကမ်းသာလမ်းပေါ်ရှိ တံတား(၃)စင်းဟာ လက်ရှိအခြေအနေအထိ ကောင်းမွန်လျက်ရှိပါတယ်။

ကျန်တံတား(၃)စင်းဖြစ်တဲ့ သြဘာလမ်းပေါ်မှာရှိတဲ့ တံတား(၄၀ပေ× ၁၆ပေ)မှာ ချောင်းရဲ့မြောက်ဘက်ကမ်း ကမ်းကပ်ခုံမှာပျက်ပြီးတော့မှ ချောင်းအတွင်းသို့ လျှောကျပြီးတော့မှ နိမ့်ဝင်သွားသဖြင့် တံတားကြမ်းခင်းတစ်ဖက် နိမ့်ကျနေတဲ့အတွက်ကြောင့်မို့ ယာဉ်ကြီးတွေဖြတ်သန်းသွားလာခြင်းမရှိဘဲနဲ့ စက်ဘီး၊ ဆိုင်ကယ်

ယာဉ်ငယ်များသာ ဖြတ်သန်းလျက်ရှိပါတယ်။ ဝေဖယန္တာလမ်းပေါ်မှာရှိတဲ့ တံတားဟာဆိုရင် (၆၀ပေx၁၄ပေ)မှာ တံတားရဲ့ကြံ့ခိုင်မှု အားနည်းနေတဲ့အတွက် ကြောင့်မို့ အားနည်းနေတဲ့အပြင် တံတားယက်မနဲ့ ထုတ်တန်းများ ကွေးညွတ် ပြီးတော့မှ တံတားရဲ့ကြမ်းခင်းမှာလည်း နိမ့်ဝင်တဲ့အတွက်ကြောင့်မို့ ယာဉ်ကြီးများ ဖြတ်သန်းသွားနိုင်ခြင်းမရှိဘဲ စက်ဘီး၊ ဆိုင်ကယ်ယာဉ်ငယ်များသာ ဖြတ်သန်းလျက် ရှိပါတယ်။ နွားတောင်လမ်းပေါ်မှာရှိတဲ့ တံတားဟာဆိုရင် (၆၀ ပေ × ၁၂ပေ)ဟာ ဆိုရင် ယက်မနဲ့ ကြမ်းခင်းများမှာလည်း နှစ်ကာလကြာမြင့်လာပြီ ဖြစ်တဲ့အတွက် ကြောင့်မို့ ဆွေးမြေ့ပြီး ပျက်စီးနေတဲ့အတွက်ကြောင့်မို့ မော်တော်ယာဉ်ကြီးတွေ ဖြတ်သန်းသွားလာခြင်းမရှိဘဲနဲ့ စက်ဘီး၊ ဆိုင်ကယ်ယာဉ်ငယ်များသာဖြတ်သန်း လျက်ရှိပါတယ်။

ယခုမေးမြန်းသွားတဲ့ ဦးမင်းဇော် မေးမြန်းထားတဲ့ တံတားဟာဆိုရင် ကလေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်နှင့် မင်္ဂလာဥယျာဉ်ရပ်ကွက် နယ်မြေ(၁) သြဘာလမ်းပေါ်မှာ ရှိတဲ့ ဥပုဒ်ချောင်းတံတားကို (ပေအရှည် ၄၀ × အကျယ် ၁၄ပေ) သံကူကွန်ကရစ်အသစ် ပြန်လည်တည်ဆောက်နိုင်ရန် ဒေသန္တရစီမံကိန်းမှာ ထည့်သွင်းလျာထားပြီးတော့မှ ရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ အကောင် အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပြီ ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ကို ဆက်လက်ဆောင်ရွက်ပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်ဥက္ကဋ္ဌမှ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှာ ပါဝင်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်

စာရင်းနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်၌ ရှင်းလင်း/ဖတ်ကြား တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဆိုပါကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနဲ့ပတ်သက်ပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်ရှိပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၅)ရက် (တနလ်ာနေ့)၊ ညနေ(၁၅:၀၀)နာရီအချိန်အရောက် အမည်စာရင်းတင်ပြရန် အကြောင်းကြားခဲ့သော်လည်း ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မျှ တင်ပြလာခြင်း မရှိတာကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါ သလားခင်ဗျာ။ (သုံးကြိမ်မေးသည်။)

လွှတ်တော်ကိုယ်စားလှယ်များ။ (သဘောတူပါတယ်) သုံးကြိမ်ဖြေသည်။

လွှတ်တော်က သဘောတူတဲ့အတွက် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဒေါ်စန္ဒာသိန်း၊ မော်လိုက် မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူး(၁)အဖြစ် ဦးကျော်သူ၊ ကောလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး(၂)အဖြစ် ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁) ဦးကျော်စိုး၊ဗန်းမောက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဒေါ်ခင်ဝင်းကြည်၊ထီးချိုင့်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)

(၃) ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးမော်လိပ်၊ တမူးမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၅) ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်လွတ်တော်ကိုယ်စားလှယ် အမှတ်(၂)

(၆) ဦးရဲမိုးနိုင် ၊ ရေဦးမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၇) ကြည်း-၅၁၆၄၀၊ ဗိုလ်မှူးနေလင်းထွန်း၊ တပ်မတော်သားလွတ်တော် ကိုယ်စားလှယ်

(၈) ကြည်း-၅၃၄၁၇၊ ဗိုလ်ကြီးရဲရန်နိုင်၊ တပ်မတော်သားလွတ်တော် ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

လွတ်တော်ဥက္ကဋ္ဌမှ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေး ဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၇)ကို ဆက်လက်ဆောင်ရွက်ပါမယ်။

လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ နည်းဥပဒေခွဲ (က)အရ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွတ်တော်က သတ်မှတ်ပေးရမှာဖြစ်ပါတယ်။ ကော်မတီမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် ကော်မတီဝင်ဦးရေ(၁၁)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပြီး ပေးပို့လာတဲ့ စာရင်းအပေါ်မူတည်ပြီး တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌက နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ(ခ)အရ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ရွေးချယ်သတ်မှတ်ပေးသွားရမှာဖြစ်ပါတယ်။

ကော်မတီအနေနဲ့ လွတ်တော်ကျင်းပချိန်မှာ လွတ်တော်ကို တာဝန်ခံရမှာ ဖြစ်ပြီး လွတ်တော်ကျင်းပချိန် မဟုတ်လျှင် လွတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမှာ ဖြစ်ပါတယ်။ ထို့အပြင် ကော်မတီ၏ သက်တမ်းဟာ လွတ်တော်ရဲ့သက်တမ်းနှင့် အညီ (၅)နှစ်ဖြစ်ပြီး လွတ်တော်ဥက္ကဋ္ဌအနေနဲ့ ကော်မတီ၏သက်တမ်း(၁)နှစ်

ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို လဲလှယ်၊ အစားထိုး တာဝန်ပေးအပ်ရမှာ ဖြစ်ပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာ ရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း

ဥက္ကဋ္ဌ။ သို့ဖြစ်ပါ၍ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီကို ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းလင်း ပြောကြားပေးဖို့ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီ ဖွဲ့စည်းနိုင်ရန်အတွက် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး ကျွန်တော်က ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီဟာ ၂၀၁၃ခုနှစ်၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ(၂)၊ ပုဒ်မခွဲ (ဇ)အရ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဖြစ်ပါတယ်။

ကော်မတီ၏သက်တမ်း-

ကော်မတီ၏ သက်တမ်းဟာ တိုင်းဒေသကြီးလွှတ်တော်ရဲ့သက်တမ်းနှင့် အညီဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီသက်တမ်း(၁)နှစ် ပြည့်မြောက်သည့်အခါမှာ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို အစားထိုး လဲလှယ်၊ တာဝန်ပေးအပ်နိုင်ပါတယ်။

ကော်မတီ၏တာဝန်များ-

ကော်မတီသည်

(က) စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။ မြို့နယ်အလိုက် ထူးခြားသော အခြေအနေများရှိပါလျှင် လိုအပ်သည့်နေရာဒေသများသို့ သွားရောက်လေ့လာ၍ ကော်မတီတွင် အသေးစိတ် ဆွေးနွေး တင်ပြရမည်၊

(ခ) စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်ခြင်းကို ပျက်ပြား စေရန် တစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့ကဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု သို့မဟုတ် စျေးကစားမှုပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ ကာကွယ်ရာတွင် ကူညီ ဆောင်ရွက်ပေးရမည်၊

(ဂ) စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ရာတွင် ခရိုင်အလိုက်၊ မြို့နယ်အလိုက်၊ ကျေးရွာအလိုက် မျှတစေရန် စိစစ်ညှိနှိုင်း ဆောင်ရွက်ပေးရမည်၊

(ဃ) သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့် လည်းကောင်း ညီညွတ်ဆီလျော်အောင်ဆောင်ရွက်စေပြီး ညီညွတ် ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီ ရမည်၊

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့်ဆက်စပ်လျက် ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို လေ့လာ စိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံ ရမည်။

ကော်မတီသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့် ညှိနှိုင်းပြီး ဖြေကြား နိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင် ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာ မိတ္တူကို အစည်းအဝေးမှတ်တမ်းနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

ကော်မတီသည် ဆွေးနွေးရရှိသော မိမိကော်မတီဆိုင်ရာ လုပ်ငန်းများ အတွက် ဆောင်ရွက်ဖွယ်ရာများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့တင်ပြရမည်။ လွှတ်တော်သို့ တင်ပြသင့်သော အခြေအနေဖြစ်က ဥက္ကဋ္ဌ၏သဘောတူညီချက်ဖြင့် လွှတ်တော်သို့ တင်ပြရမည် သို့မဟုတ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းသို့ ပေးပို့ရန်လိုအပ်ပါက လွှတ်တော် ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော်က ဆက်လက်တင်ပြရမည်။ ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များ

ကော်မတီသည် အစည်းအဝေးများကို ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၆၅ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

ကော်မတီသည် ကော်မတီလုပ်ငန်းများနှင့် စပ်လျဉ်း၍ –

(က) နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို တိုင်းဒေသကြီး လွှတ်တော်သို့တင်ပြနိုင်ခွင့်ရှိသည်၊

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာ ကျွမ်းကျင်သူများ၏ ဥပဒေအကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ နိုင်ခွင့်ရှိသည်၊

(ဂ) လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုများအပေါ် ပြင်ဆင်ရန် လိုအပ်ပါက သုံးသပ်ချက်နှင့်အတူအကြံပြုချက်များကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့် စပ်လျဉ်း၍ –

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်၊

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(ဂ) ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး မရှိလျှင် သဘာပတိ တာဝန်ထမ်းဆောင်သော ကော်မတီဝင်တစ်ဦးကသော်လည်းကောင်း လက်မှတ်ရေးထိုး တင်ပြနိုင်သည်၊

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ၊

(င) လွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဆောင်ရွက်သော လုပ်ငန်းနှင့်စပ်လျဉ်းသော ကော်မတီ၏ အစီရင်ခံစာကို ပြုစုပြီးသည့် နေ့မှစ၍ ခုနှစ်ရက်အတွင်း (ရုံးပိတ်ရက်များမပါ) လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(စ) လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်းခံရသူသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်တွင် တင်ပြရမည်။

ကော်မတီဝင်များသည် –

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်၊

(ခ) လွတ်တော်ကော်မတီအများဆုံး နှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည်၊

(ဂ) ကော်မတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

ရပိုင်ခွင့်နှင့် အခွင့်အရေးများ

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန် ကော်မတီရုံးစိုက်ရာ ဒေသတွင် ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားရာ၌လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စုအစိုးအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။ ကော်မတီဝင်များသည်

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေး ချက်များနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲ အခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေးတက်ရောက် နေစဉ်အတွင်း လွှတ်တော် ဥက္ကဋ္ဌ ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့် ရှိသည်။

ယခု ကျွန်တော်ဖတ်ကြားတင်ပြသွားတဲ့ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့်စည်ပင်သာယာရေးဆိုင်ရာကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းများဟာ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကောက်နုတ်ချက်များ ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ။

လွတ်တော်ဥက္ကဋ္ဌမှ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေး ဆိုင်ရာကော်မတီ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွတ်တော်သို့ တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာ ကော်မတီကို ယခုတင်ပြမည့် တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်(၁၁)ဦးဖြင့် ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ပါဝင်ဖွဲ့စည်းရန်လျာထားတဲ့ လွတ်တော်ကိုယ်စား လှယ်များကတော့-

(၁) ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်လွတ်တော်ကိုယ်စားလှယ် အမှတ်(၁)

(၂) ဦးကျော်လွင်ဦး၊ ကသာမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးမြင့်လေး၊ မြင်းမူမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးသက်လွင်၊ အင်းတော်မြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးခင်မောင်လွင်၊ တမူးမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၈) ဒေါ်အေးအေးသန်း၊ ကသာမြို့နယ် လွတ်တော်ကိုယ်စားလှယ် အမှတ်(၁)

(၉) ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ် လွတ်တော်ကိုယ်စားလှယ် အမှတ်(၁)

(၁၀) ကြည်း၅၁၆၄၀၊ ဗိုလ်မှူးနေလင်းထွန်း၊ တပ်မတော်သားလွတ်တော် ကိုယ်စားလှယ်

(၁၁) ကြည်း-၇၄၄၅၀၊ ဗိုလ်ကြီးထက်အောင်ရှိုင်း၊ တပ်မတော်သား လွတ်တော်ကိုယ်စားလှယ်တို့ဖြစ်ပါတယ်။

ယခုတင်ပြထားသည့် တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်(၁၁)ဦး ထဲမှ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့်စည်ပင်သာယာရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် ဦးသက်ကိုကိုကျော် ကန့်ဘလူမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်

ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူး(၁)အဖြစ် ဒေါ်အေးအေးသန်း၊ ကသာမြို့နယ်၊တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၊အတွင်းရေးမှူး(၂) အဖြစ် ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)တို့ကို တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၆)ရက်၊ ယနေ့ညနေ (၁၆း၀၀)နာရီအချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံးအကြီးအမှူးထံ အမည် စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်း အဝေး နဝမနေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၇)ရက်(ဗုဒ္ဓဟူးနေ့)၊ နံနက်(၁၀:၀၀)နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီ ခင်ဗျာ။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျာ။

{တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို (၁၁း၃၀)နာရီတွင် အောင်မြင်စွာပြီးစီးခဲ့ပါသည်။}

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့မှတ်တမ်း
၁၃၈၈ ခု၊ ပထမဝါဆိုလဆန်း ၃ ရက်
(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်) (ဗုဒ္ဓဟူးနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို နံနက် (၁၀:၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

{အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌ တက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက်ပါသည်။}

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျာ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျာ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့မှာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးရှိသည့် အနက် (၇၇)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေ စုစုပေါင်းရဲ့ (၉၀.၅၉) ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ

နည်းဥပဒေ ၃၄(ခ)အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် နည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေးစတင်ကြောင်း ကြေညာပါတယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အဆိုပါ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေး တက်ရောက်နိုင်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူ၍မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ကို ဆောင်ရွက်သွားပါမယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၄(ဂ)အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)။ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။

ယနေ့ ၂၀၂၆ခုနှစ်၊ ဇွန်လ(၁၇)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့သို့ တက်ရောက်နိုင်ခြင်း မရှိသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအခြေအနေအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ကျွန်တော် ဦးထိန်မင်းမှ အောက်ဖော်ပြပါတိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် အတွက်ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်-

(၁) ဦးအောင်ဇော်ဦး၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးသည် ကိုယ်တိုင်ဆောင်ရွက်ရန်ကိစ္စရပ်များ ဆောင်ရွက်ရန်ရှိသဖြင့် တတိယအကြိမ်

စစ်ကိုင်း တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်ရန် ပျက်ကွက်ခြင်းကို ၎င်း၏ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျာ။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားသူကို ခွင့်ပြုပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် ယမန်နေ့ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၁၀)ဦး ယနေ့ အစည်းအဝေးသို့ ပြန်လည်တက်ရောက်သူ(၃)ဦး ယနေ့ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၁)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါ့မယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုနိုင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။ (သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်အားလုံးကသဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

ဥက္ကဋ္ဌ။ ဆက်လက်ပြီးအစီအစဉ် (၅)ကို ဆောင်ရွက်ပါ့မယ်။

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခု မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပထမဦးစွာ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးအောင်မင်းကျော်သူအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် လွတ်တော်ကိုယ်စားလှယ်များ၊ လွတ်တော်ရုံး အကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ။

ကျွန်တော်ကတော့ ဘုတလင်မြို့နယ်မှ လွတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးအောင်မင်းကျော်သူ ဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့် အမှတ်အသားပြမေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျာ။

လေးစားအပ်ပါသောလွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်မေးမြန်းဆွေးနွေးလိုသည့် မေးခွန်းကတော့ နိုင်ငံတော်အစိုးရ အနေဖြင့် အမျိုးသားပညာရေးကဏ္ဍ မြှင့်တင်ရန်အတွက် "နှစ် ၃၀ အမျိုးသားရေး စီမံကိန်း"ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာ အဆင့်တွင် KG 9 စနစ် ပြီးမြောက်အောင်မြင်ရေးကို အားပေး ဆောင်ရွက်နေ သည်ကိုလည်း ဝမ်းမြောက်ဖွယ်ဖြစ်ပါတယ်။ သို့ရာတွင် မိမိတို့ မုံရွာမြို့နယ်ကဲ့သို့ စီးပွားရေးအချက်အချာကျသောဒေသ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသားလူငယ်များ မိသားစုစားဝတ်နေရေးအခက်အခဲနှင့် အခြားသော ဒေသတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခက်အခဲများကြောင့် အကြောင်း အမျိုးမျိုးကြောင့် ကျောင်းပညာရေးကို ဆုံးခန်းတိုင်အောင် မသင်ယူနိုင်ဘဲ လမ်းခုလတ်တွင် ကျောင်းထွက်ရမှုများ ရှိနေသည်ကို ၂၀၁၉ ခုနှစ်၊ ကြားဖြတ် သန်းခေါင်စာရင်း အချက်အလက်များအရ စိစစ်တွေ့ရှိရပါတယ်။ အထူးသဖြင့် အသက်(၁၅)နှစ်မှ (၂၄)နှစ်ကြားအုပ်စုတွင် ကျောင်းတက်ရောက်မှုနှုန်း သိသိသာသာ လျော့ကျသွားခြင်းသည် ဒေသတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးနေ ခြင်းကို ဝမ်းနည်းဖွယ် တွေ့ရှိရပါတယ်ခင်ဗျာ။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ မုံရွာမြို့နယ်ဟာ စိုက်ပျိုးရေးနှင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်း (MSME)များအပေါ် အခြေခံမည့် ဒေသဖြစ်တဲ့အတွက် ကျောင်းနေအရွယ် လူငယ်များအနေဖြင့် မိမိတို့ ဒေသနှင့်ကိုက်ညီသော အသက်မွေးဝမ်းပညာရေးအခြေခံပညာ အထက်တန်း အဆင့် (Grade 10, 11, 12) စသဖြင့် စနစ်တကျသင်ယူခွင့် ရရှိရန် အလွန် အရေးကြီးလျက်ရှိပါတယ်။ လက်ရှိတွင် နိုင်ငံတော်က Naypyitaw State Academyနှင့် Polytechnic University များကို ဖွင့်လှစ်ပေးနေသကဲ့သို့ မုံရွာမြို့နယ်ရှိ အခြေခံပညာကျောင်းများတွင်လည်း စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် စက်မှုနည်းပညာရပ်များကို စာတွေ့သာမက လက်တွေ့အသုံးချနိုင်သည့် အဆင့်အထိ သင်ကြားပေးနိုင်မည့် အခြေခံအဆောက်အအုံများ လိုအပ်လျက် ရှိပါတယ်ခင်ဗျာ။ အဲဒါကြောင့်-

(၁) အခြေခံပညာအထက်တန်းကျောင်းများတွင် “စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှု အခြေခံနည်းပညာရပ်များကို KG၊ 10၊ 11၊ 12 အတန်းများ၌ ထိရောက်စွာ လက်တွေ့ကျကျ သင်ကြားပေးနိုင်မည့် အစီအမံများ မည်မျှထိ အကောင်အထည်ဖော်နေပြီကိုလည်း သိရှိလိုပါတယ်။

(၂) အဆိုပါ ပညာရပ်များကို သင်ယူပြီးမြောက်သော လူငယ်များ အတွက် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန် ကိုလည်း သိရှိလိုပါတယ်။

(၃) ကျောင်းထွက်နှုန်း လျော့ကျစေရန်အတွက် အစိုးရအနေဖြင့် မည်ကဲ့သို့သော အထူးစီမံချက်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ”ကို သိရှိလိုပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး၊ ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘုတလင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းကျော်သူ၏ တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းများကို ဖွင့်လှစ်ထားလျက်ရှိပါတယ်။ ၎င်းကျောင်းများကို ဖွင့်လှစ်ရတဲ့အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးဖြစ်သော လူသားအရင်းမြစ်ကျွမ်းကျင်လုပ်သားများကို အောက်ခြေအဆင့်မှစ၍ ပြုစုပျိုးထောင်ရန်ဖြစ်ကြောင်း သိရှိရပါတယ်။ အခြေခံပညာ Grade-9 အောင်မြင်ပြီးတဲ့ ကျောင်းသူ၊ ကျောင်းသားတွေဟာဆိုရင် ၎င်းကျောင်းများ၊ ၎င်းအတန်းများသို့ တက်ရောက်ခွင့်ရှိပါတယ်။ ၎င်းကျောင်းသူ၊ ကျောင်းသားတွေဟာ Grade-12 ထိ ပညာသင်ယူပြီးပါက ၎င်းတို့၏ ပညာအရည်အချင်းထူးချွန်မှု ပေါ်မူတည်၍ မိမိတို့ဝါသနာပါရာ ပညာရပ်များဖြစ်သော စက်မှုတက္ကသိုလ်(TU)၊ နည်းပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ် (သို့မဟုတ်) မွေးမြူရေးဆိုင်ရာ တက္ကသိုလ်များသို့ ဆက်လက်တက်ရောက်ခွင့်ရှိပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ် မတက်ဖြစ်ရင်လည်း စက်မှု Instutue (GTI)၊ စိုက်ပျိုးရေးသိပ္ပံ၊ မွေးမြူရေးသိပ္ပံကျောင်းများသို့ ဆက်လက်တက်ရောက်ခါ ဒီပလိုမာဘွဲ့များ ရယူနိုင်မည့်အခွင့်လမ်းများ ရှိပါတယ်။ Grade-12 ပြီးဆုံးသွားပြီး အထက်တင်ပြပါ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များသို့ တက်ရောက်နိုင်ခြင်းမရှိပါကလည်း သက်ဆိုင်ရာဌာနများမှ ဌာနဝန်ထမ်းများအဖြစ် တာဝန်ချထားဆောင်ရွက်ပေးပြီး ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ကြောင်း သိရှိရပါတယ်။ အသက်မွေးဝမ်းကြောင်းဆိုင်ရာအခွင့်အလမ်းများ၊

ငင်းကျောင်းများ၊ ငင်းသင်တန်းများဟာဆိုရင် အသက်မွေး ဝမ်းကြောင်းဆိုင်ရာ အခွင့်အလမ်းများ တိုက်ရိုက်လုပ်ငန်းခွင်ကို ဝင်နိုင်ခြင်းဝင်နိုင်ပါတယ်။ အခြေခံပညာ အထက်တန်း Grade-12 အောင်မြင်ပြီးသည်နှင့် မိမိတို့လေ့လာထားတဲ့ ဘာသာရပ် အလိုက် ဥပမာ လျှပ်စစ်၊ မော်တော်ယာဉ် ပြုပြင် ထိန်းသိမ်းမှု၊ သီးနှံစိုက်ပျိုးရေး၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းခွင်များမှာ ကျွမ်းကျင်လုပ်သားများ (သို့မဟုတ်) ကျွမ်းကျင်အကူ လုပ်သားများအဖြစ် ချက်ချင်း ဝင်ရောက်လုပ်ကိုင်ခွင့် ရရှိမှာဖြစ်ပါတယ်။ သို့မဟုတ်ပါကလည်း မိမိတို့အိမ်၊ မိမိတို့ဒေသအတွင်းမှာ စနစ်ကျတဲ့စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဒါမှမဟုတ်ရင် စက်မှု လက်မှုပြင်ဆင်ရေးလုပ်ငန်းများကို ကိုယ်ပိုင်လုပ်ငန်းအဖြစ် စတင်နိုင်မဲ့ အခြေခံကောင်းများရရှိသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးအနေနဲ့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်းများကို မုံရွာမြို့၊ စစ်ကိုင်းမြို့၊ ရွှေဘိုမြို့၊ ကလေးမြို့၊ နန်းယွန်းမြို့နှင့် လဟယ်မြို့တို့မှာ ဖွင့်လှစ်ထားကြောင်း တင်ပြအပ်ပါတယ်။ ငင်းကျောင်းတွေမှာ သင်တန်းတက်ရောက်ခွင့်ရရှိရေး အတွက်လည်း ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်စက်မှုဌာနဆိုင်ရာ အသီးသီမှ ဝန်ထမ်းများပူးပေါင်းပြီးတော့ Grade-9 တက်ရောက်နေတဲ့ကလေးများ၊ Grade-9 အောင်မြင်ပြီးတဲ့ ကျောင်းသူ၊ ကျောင်းသားများနှင့် မိဘများကိုလည်း အထက်ပါအခွင့်အရေးများရရှိနိုင်ကြောင်း ရှင်းလင်းတင်ပြ စည်းရုံးဆောင်ရွက်လျက် ထားရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးကျောင်း (၆)ကျောင်းဖွင့်လှစ်ထားပြီးဖြစ်ပါတယ်။ တိုင်းဒေသကြီးအတွင်းမှာ ကျောင်းသား/ကျောင်းသူစု စုပေါင်း(၈၅၈)ဦး တက်ရောက်လျက်ရှိပြီး ကျွမ်းကျင်ဆရာ/ဆရာမ(၁၃၃)ဦးဖြင့် သင်ကြားဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ဦးရဲမိုးနိုင်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ကျွန်တော်မေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော်သမီးဖြစ်သူ ခွဲစိတ်ကုသမှုခံယူနေရာမှာ ပြုစု

စောင့်ရှောက်နေရတဲ့အတွက် မေးခွန်းကို မစီစစ်နိုင်ဖြစ်ခဲ့ရပါတယ်။ အလားတူ မေးခွန်းများလည်း မေးမြန်းပြီးဖြစ်တဲ့အတွက် ကျွန်တော်ရဲ့မေးခွန်းကို ပြန်လည် ရုပ်သိမ်းခွင့်ပြုပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ခွင့်ပြုပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင်မင်းထွဋ်အား ခွင့်ပြုမေးခွန်း(၂)ခုကို တစ်ဆက် တစ်စပ်တည်း မေးမြန်းဖို့ဖိတ်ခေါ်ပါတယ်။

ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးတင်မင်းထွဋ်ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်း(၂)ခုကို တစ်ဆက်တစ်စပ်တည်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မေးမြန်းလိုတဲ့မေးခွန်းကတော့ နံပါတ်(၁) တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေနဲ့ ဖောင်းပြင်မြို့၊ နန်းပန်ကျေးရွာ အထက(ခွဲ) နန်းပန်ကျောင်းဆောင်သစ် ထိခိုက်ပျက်စီးမှုများအား ပြုပြင်ဆောင်ရွက်ပေးရန်နှင့် အန္တရာယ်ရှိကျောင်းဆောင် အဟောင်းအား ဖျက်သိမ်းခွင့်ပြုနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်းမေးခွန်း။

နံပါတ်(၂) ဖောင်းပြင်မြို့ရှိ သာသနာရေးဦးစီးဌာနရုံးရှိမြေနေရာမှာ သာသနာ ရေးဦးစီးဌာနရုံးအဆောက်အဦး ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ ဝန်ထမ်းခန့်အပ် ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းအနေနဲ့ ဖောင်းပြင်မြို့နယ်၊ နန်းပန်အုပ်စု၊ နန်းပန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှာ (၁၄၀ ပေ × ၃၀ ပေ) Steel Structure နှစ်ထပ်ကျောင်းဆောင်ကို အပြီးသတ်ဆောက်လုပ်ဆဲအချိန်မှာ (PDF)အကြမ်းဖက်တွေ ဝင်ရောက်သိမ်းပိုက်ပြီး စာသင်ကျောင်းမှာ စခန်းချနေထိုင်ခဲ့ပါတယ်။ (PDF)များ

ဖျက်ဆီးထားသဖြင့်လည်းကောင်း၊ နှစ်ဖက်ပစ်ခတ်မှုကြောင့် ကျည်ထိမှန်ခဲ့သဖြင့်လည်းကောင်း၊ အမိုးနှင့်အမိုးပါမျက်နှာကျက်များမှာ ထိခိုက်ပျက်စီးလျက်ရှိပါတယ်။ ယခင်ကျောင်းဆောင်ဟောင်းမှာလည်း ဟောင်းနွမ်းပျက်စီးနေပြီး အန္တရာယ်အလွန်များပြားတဲ့ အဆောက်အဦးဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ အထက(ခွဲ)နန်းပန်ကျောင်းဆောင်သစ်အား အပြီးသတ်ဆောက်လုပ်ပေးနိုင်ရန်နှင့် ထိခိုက်ပျက်စီးမှုများအား ပြုပြင်ပေးခြင်းရှိ/မရှိနှင့် အန္တရာယ်ရှိ ကျောင်းဆောင်အားဖျက်သိမ်းခွင့်ပြုနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း ပထမမေးခွန်းအနေနဲ့ မေးမြန်းအပ်ပါတယ်။

ဒုတိယမေးမြန်းလိုတဲ့ မေးခွန်းကတော့ ဖောင်းပြင်မြို့နယ်ဟာ ဗုဒ္ဓသာသနာထွန်းကားပြီး ဘာသာရေးပွဲတော်တွေလည်း ကျင်းပတဲ့မြို့နယ် နှစ်စဉ်၊ လစဉ် ကျင်းပနေတဲ့ မြို့နယ်ဖြစ်ပါတယ်။ ပဋ္ဌာန်းရွတ်ဖတ်ပွဲများ၊ ပဋ္ဌာန်းရွတ်ဆို ပြိုင်ပွဲများ၊ သံဃာစာမေးပွဲ စာစစ်ဌာနရှိပြီး၊ စာသင်တိုက်များလည်းရှိခြင်း၊ တရားစခန်းများစွာရှိခြင်းနှင့်အတူ သာသနာရေးဦးစားပေးဆောင်ရွက်နေတဲ့ မြို့နယ်ဖြစ်ပါတယ်။

ဖောင်းပြင်မြို့နယ်မှာ လဝကဦးစီးမှူးက ဘာသာရေးကိစ္စတွေမှာ တွဲဖက်ဆောင်ရွက်နေရပါတယ်။ လဝကဦးစီးမှူးဟာ မှတ်ပုံတင်ကိစ္စ၊ အိမ်ထောင်စုဇယားကိစ္စတွေကို လက်ရှိဝန်ထမ်း(၃)ဦးတည်းနဲ့ လည်ပတ်ဆောင်ရွက်နေရတာဖြစ်ပါတယ်။ လုပ်ငန်းဆောင်ရွက်ရာမှာ ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းအင်အားမရှိဘဲ လူပ်ရှားဆောင်ရွက်နေရတဲ့အပြင် များစွာသောဘာသာရေးကိစ္စတွေကို ပူးတွဲဆောင်ရွက်နေရတဲ့အတွက် အခက်အခဲတွေ ကြုံတွေ့နေရပါတယ်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်မှာ သာသနာရေးဦးစီးဌာန အဆောက်အဦးရုံးအတွက် မြေနေရာသတ်မှတ်ထားရှိပြီးဖြစ်သော်လည်း သာသနာရေးဝန်ထမ်းခန့်အပ်ထားခြင်းလည်းမရှိ။ သာသနာရေးရုံး ဖွင့်လှစ်ထားခြင်းလည်းမရှိသဖြင့် သာသနာရေးရုံးဆောင်လုပ်ပေးနိုင်ရန်နှင့် ဝန်ထမ်းခန့်အပ်ပေးနိုင်ရန် အစီစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း လွတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက မေးခွန်း(၂)ခုကိုတစ်ဆက်တစ်စပ်တည်း ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာပါစေကြောင်း ဦးစွာမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး၊ ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖောင်းပြင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးတင်မင်းထွဋ်၏ တိုင်းဒေသကြီးလွတ်တော်အစည်းအဝေးသို့ မေးမြန်းသော မေးခွန်းများအပေါ် တစ်စပ်တစ်စပ်တည်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ဖောင်းပြင်မြို့ အ.ထ.က(ခွဲ) နန်းပန်ကျောင်းအတွက် (ပေ ၁၄၀ x ပေ ၃၀) နှစ်ထပ်ကျောင်းဆောင်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ၂၀၂၁-၂၀၂၂ မိနီဘဏ္ဍာရေးနှစ်တွေမှာ MPEC ကုမ္ပဏီကတာဝန်ယူဆောက်လုပ်ခဲ့ခြင်းဖြစ်ပါတယ်။ အဆိုပါနှစ်ထပ်ကျောင်းဆောင်ဟာဆိုရင် (၁၀၀)ရာခိုင်နှုန်းလုပ်ငန်းပြီးစီးခဲ့ပြီး လုပ်ငန်းလွှဲပြောင်း လက်ခံခြင်းများလည်း ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ယခုမြေပြင်အခြေအနေမှာ သောင်းကျန်းသူအဖျက်သမားများ၏ ဖျက်ဆီးမှုကြောင့် ကျောင်းဆောင်များပျက်စီးသွားတဲ့အကြောင်း သိရှိရပါတယ်။ ကျောင်းဆောင်ရဲ့ ပျက်စီးသွားသည့် အကြောင်းအရင်းအား ဖောင်းပြင်မြို့နယ်၊ ပညာရေးမှူးရုံးသို့ ဆက်သွယ်မေးမြန်းထားရှိပြီး ရန်ပုံငွေရရှိရေး တင်ပြဆောင်ရွက်ရန် အကြောင်းကြားထားပြီးဖြစ်ကြောင်း တင်ပြ အပ်ပါတယ်။ အန္တရာယ်ရှိကျောင်းဆောင်ဟောင်းများ ဖျက်သိမ်းလိုပါက ဌာနမှသတ်မှတ်ထားတဲ့ ညွှန်ကြားချက်နှင့်အညီ ဖျက်သိမ်းခွင့်တင်ပြတောင်းခံရမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယင်းသို့ ဖျက်သိမ်းခွင့်များ တင်ပြတဲ့အခါ အခြေခံပညာဦးစီးဌာနရုံးချုပ်သို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပြီး

ခွင့်ပြုချက်ရရှိပါက ဖျက်သိမ်းခွင့်အား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ဒုတိယမေးခွန်းအနေဖြင့် မော်လိုက်ခရိုင်၊ ဖောင်းပြင်မြို့မှာ သာသနာရေးဦးစီးဌာနအတွက် ရုံးမြေနေရာမရှိသေးကြောင်းနှင့် ဖောင်းပြင်မြို့အတွက် လိုအပ်သောသာသနာရေးဆိုင်ရာကိစ္စရပ်များကို မော်လိုက်ခရိုင်သာသနာရေးမှူးရုံးမှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဖောင်းပြင်မြို့နယ်ရုံးအတွက် ဖွဲ့စည်းပုံအသစ်တင်ပြထားမှုမရှိသေးတဲ့အတွက် ဝန်ထမ်းခန့်အပ်ခြင်းနှင့် ရုံးအဆောက်အဦများဆောက်လုပ်နိုင်ခြင်းများကိုလည်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးရဲနောင်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးရဲနောင်၊ ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်အကြီးအမှူးနှင့် လွတ်တော်ရုံးဝန်ထမ်းများ၊ လွတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးရဲနောင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းကို ဆွေးနွေးမေးမြန်းသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ နောင်ပေါင်ကျေးရွာအတွင်းရှိ နောင်တိန်အင်း ရေထွက်ပေါက်၊ ချောင်းကူးသံကူကွန်ကရစ်တံတားဟာ (၁၀-၈-၂၀၂၅)ရက်နေ့မှာ တံတားအောက်ခံ စလစ်ပြင်ကို ရေတိုက်စားမှုကြောင့် တံတားနိမ့်ကျပျက်စီးမှု ဖြစ်ပေါ်ခဲ့ပါတယ်။ နောင်တိန်းအင်း

ရေထွက်ပေါက်သံကူကွန်ကရစ်တံတားဟာ မဟာဗျူဟာလမ်း သက္ကယ်ကျင်း၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီးလမ်းပိုင်းပေါ်တွင် တည်ရှိပါတယ်။ မဟာဗျူဟာလမ်းပေါ်တွင်ရှိသော နောင်တိန်အင်းရေထွက်ပေါက် ချောင်းကူးသံကူကွန်ကရစ်တံတားဟာ နိမ့်ကျပျက်စီးမှုကြောင့် မော်တော်ယာဉ်များ၊ ပြည်သူလူထုများ ဖြတ်သန်းသွားလာခြင်း မပြုနိုင်တော့သည့်အတွက် လမ်းလွဲမှသွားလာနေရသောကြောင့် ယာဉ်ကြောပိတ်စို့မှုများ ကုန်စည်သယ်ယူ ပို့ဆောင်ရေးခက်ခဲမှုများ၊ ကျန်းမာရေး၊ ပညာရေးသွားလာရန် ခက်ခဲမှုများဖြစ်နေ၍ ယာဉ်မတော်တဆမှုများလည်းဖြစ်ပေါ်လာနိုင်ပါတယ်။ နောင်တိန်းအင်း ရေထွက်ပေါက် ချောင်းကူးသံကူကွန်ကရစ်တံတားသည် မုံရွာမှ ဟုမ္မလင်း၊ ခန္တီး၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသများသို့ ကုန်စည်သယ်ယူပို့ဆောင်ရေး မဟာဗျူဟာလမ်းမကြီးပေါ်တွင်တည်ရှိပြီး အသုံးပြုနေရသည့်အတွက် ယင်းတံတားကို သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အမြန်ဆုံးပြန်လည် တည်ဆောက်ပေးနိုင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အစီစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စားမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးခင်မောင်အေး ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေး တက်ရောက်သူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီကလေးဝမြို့နယ်၊ မဲဆန္ဒနယ်က ဦးရဲနောင်ရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားသွားပါ့မယ်။

ကျွန်တော်တို့ ဒီနောင်တိန်အင်းတံတားဟာ တိုင်းဒေသကြီးရဲ့ စီမံခန့်ခွဲမှု လမ်းစာရင်းမှာပါတဲ့ သက္ကယ်ကျင်း၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီးလမ်း မိုင်တိုင် အမှတ်(၁၈၅/၀)ကနေပြီး (၁၈၅/၁)အတွင်းမှာရှိတဲ့ တံတားအမှတ်(၁/၁၈၆) (၁၅)ပေ၊ (၂၄)ပေ ကွန်ကရစ်တံတားဖြစ်ပါတယ်။ လက်ရှိတံတားရဲ့အခြေနေကတော့ ရေလမ်းကြောင်းရေတိုက်စားခံရမှုကြောင့် တံတားရဲ့ညာဘက်ခြမ်းကမ်းကပ်ခုံနှစ်ခုလုံး နိမ့်ကျပြီးတော့ ယာဉ်သွားလမ်းလည်း နိမ့်ကျနေခြင်းဖြစ်ပါတယ်။ အဲ့တော့ကျွန်တော်တို့က တံတားကိုပြုပြင်ထိန်းသိမ်းဖို့ (သို့မဟုတ်) အသစ်ပြန်လည်တည်ဆောက်ဖို့အတွက် လုံခြုံရေးအခြေအနေ မပေးတဲ့အတွက် နယ်မြေအခြေအနေမပေးတဲ့အတွက်ကြောင့် ကျွန်တော်တို့ရဲ့ ဝန်ထမ်းတွေ သွားရောက်ဆောင်ရွက်နိုင်ခြင်း မရှိပါဘူး။ ဒါကြောင့် နယ်မြေအခြေအနေပေးပြီးတော့ လုံခြုံရေးအခြေအနေကောင်းမွန်လို့ရှိရင်တော့ ကျွန်တော်တို့ရဲ့ဝန်ထမ်းတွေ သွားရောက်ပြီးတော့ တိုင်းတာဆောင်ရွက်နိုင်ပြီးတော့ ရန်ပုံငွေ တင်ပြလျာထားပြီးတာနဲ့ ကျွန်တော်တို့ဟာ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန်အား ခွင့်ပြုမေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ မင်္ဂလာပါရှင် လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန်

ဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း(၁)ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

မုံရွာမြို့၊ မြဝတီလမ်းသည် ခန့်မှန်းပေ(၂၈၀၀)ခန့် ရှည်လျားပြီး ပေ(၁၈၀၀)ခန့်မှာ နိုင်လွန်ကတ္တရာလမ်း အဆင့်မြှင့်တင်ပြီးဖြစ်ပြီး ကျန်ရှိသော ပေ(၁၀၀၀)ခန့်အား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် အစီစဉ်ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မုံရွာမြို့၊ သလွာအမှတ်(၁၁)ရပ်ကွက်နှင့် မြဝတီနယ်မြေ(၁)ရပ်ကွက် (၂)ခုအကြားရှိ မြဝတီလမ်းသည် ဓမ္မစိတ္တသုခရန်မျိုးအောင် အရှေ့ကျောင်းတိုက်၊ သလွာဦးရန်မျိုးအောင် အနောက်ကျောင်းတိုက်၊ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၊ မန်ကျည်းပင်စျေးတို့တည်ရှိပြီး ရဟန်းသံဃာများ၊ ကျောင်းသား/ကျောင်းသူများ၊ ပြည်သူလူထုများ နေ့စဉ်အသုံးပြုလျက် ရှိသောအသုံးများသည့်လမ်း(၁)လမ်းဖြစ်ပါတယ်။ လမ်းသည် ကျောက်ကြမ်းလမ်းဖြစ်သောကြောင့် သွားလာရေးအဆင် မပြေဖြစ်ခြင်း၊ မိုးရာသီတွင် ရေစီးရေလာကောင်းမွန်မှု မရှိခြင်း၊ လူနေအိမ်အချို့နှင့် ဘုန်းကြီးကျောင်းဝန်းအတွင်း ရေများဝပ်ခြင်း တို့ကြောင့် အများပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်နိုင်ခြင်းများ ကြုံတွေ့နေရပါတယ်။

သို့ဖြစ်ပါ၍ သလွာအမှတ်(၁၁)ရပ်ကွက်နှင့် မြဝတီနယ်မြေ(၁)ရပ်ကွက် (၂)ခုအကြားရှိ မြဝတီလမ်း၏ ကျန်ရှိနေသော ပေ(၁၀၀၀)ခန့်အား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးမည် ဆိုပါက မည်သည့်အချိန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း သလွာရပ်ကွက်နှင့် မြဝတီရပ်ကွက်နေ ပြည်သူများကိုယ်စား လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေး ဝန်ကြီးဒေါက်တာသောင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မုံရွာမြို့၊ သလွာအမှတ်(၁၁)ရပ်ကွက်နှင့် မြဝတီနယ်မြေ(၁) ရပ်ကွက်နှစ်ခုကြားမှာ ရှိတဲ့ ကျန်ရှိနေသော ခန့်မှန်းပေ(၁၀၀၀)ခန့်အား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန်နှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်အချိန်၊ မည်သည့်ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးမည်ကိုသိရှိလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန်ရဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

မုံရွာမြို့ သလွာရပ်ကွက်ရှိ မြဝတီလမ်းဟာ အရှည်ပေ(၂၅၇၀)ပေရှိပါတယ်။ ဗိုလ်တစ်ထောင်လမ်းနှင့် ပေရှစ်ဆယ်လမ်းကြားမှာ တည်ရှိပါတယ်။ အဆိုပါလမ်းဟာဆိုရင် ပေရှစ်ဆယ်လမ်းနှင့် မိုးကောင်းလမ်းကြားမှာ(၁၅၇၀)ပေ၊ (၁၈)ပေအကျယ်ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ပြီးတော့မှ ကျန်ရှိတဲ့အပိုင်းဖြစ်တဲ့ မိုးကောင်းလမ်းနှင့် ဗိုလ်တစ်ထောင်လမ်းကြား ပေ(၁၀၀၀)၊ (၁၈)ပေအကျယ်အား ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် လျှောထားပြီးတော့မှ ကျွန်တော်တို့ (၉-၅-၂၀၂၆)မှာ မြဝတီသတင်းစာမှာ လည်းကောင်း၊ (၁၀-၅-၂၀၂၆)မှာ ကြေးမုံသတင်းသတင်းစာမှာလည်းကောင်း

အိတ်ပိတ်တင်ဒါအဖွဲ့ခေါ်ယူခဲ့တဲ့နေရာမှာ လာရောက်လျှောက်ထားခြင်းမရှိတဲ့ အတွက်ကြောင့်မို့ (၁၈-၆-၂၀၂၆)ရက်နေ့မှာ မြန်မာ့အလင်း သတင်းစာနှင့် ကြေးမုံသတင်းစာမှာ ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါခေါ်ယူပြီးတော့မှ ဆောင်ရွက် ပေးမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမင်းဇော်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ် ပါတယ်။

ဦးမင်းဇော်၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ ကလေးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမင်းဇော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော် ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြအမှတ်အသား မေးခွန်း(၁)ခု တင်ပြ သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကလေးမြို့ဥပုဒ်ချောင်းတံတားဟာ မြို့ရဲ့အလယ်ခေါင်မှာ အနောက်မှ အရှေ့သို့ ဖြတ်သန်းစီးဆင်းသည့်အတွက် ကလေးမြို့မှာ တံတားအကြီးအသေး အစင်း(၃၀)ခန့်ရှိပါတယ်။ ယခုတံတားမှာ မြို့ရဲ့အရှေ့ဘက်မှာတည်ရှိပြီး ပြည်သူ များအတွက် အလွန်အရေးပါသော တံတားဖြစ်ပါတယ်။ ကျွန်တော်တို့ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်နှင့် မင်္ဂလာဥယျာဉ် ရပ်ကွက်နယ်မြေ(၁)ရှိ ဥပုဒ်ချောင်းကူး တံတားကို ၂၀၁၈ ခုနှစ်တွင် ရပ်ကွက်နေ ပြည်သူလူထုများမှ ကိုယ်ထူကိုယ်ထ စနစ်ဖြင့် (၇၁ ပေ x ၁၂ပေ)ရှိ သစ်သားတံတားအား ဆောက်လုပ်ခဲ့ကြပြီး အဆိုပါ သစ်သားတံတားကို မင်္ဂလာဥယျာဉ်ရပ်ကွက်မှ အိမ်ခြေ(၁၄၉၂)အိမ်၊ ညောင်ပင်သာ ရပ်ကွက်မှ အိမ်ခြေ(၈၂၀)အိမ်အပြင် ရဟန်း၊ သံဃာတော်များနှင့် သာရေးနာရေး ကိစ္စရပ်များအပြင် ထိုတံတားသည် ကလေးဝလမ်းဘေး မိုးလေဝသလမ်းနှင့် တိုက်ရိုက်သွားလာလို့ရ၍ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများအတွက်

ကုန်ထုတ်လမ်းအဖြစ် အသုံးပြုသော တံတားဖြစ်ပြီး ယခုအချိန်တွင် အဆိုပါ တံတားသည် တံတားယက်မဘောင်များနှင့် ကြမ်းခင်းများမှာ ဟောင်းနွမ်းဆွေးမြေ့ နေပြီဖြစ်ပါတယ်။ ပြည်သူလူထုများအနေဖြင့် ရဟန်း၊ သံဃာတော်များနှင့် ကျောင်းသား/သူများအတွက် အလွန်ပဲအန္တရာယ် များပြားလှပါတယ် ခင်ဗျာ။

သို့ဖြစ်ပါ၍ (၇၁ ပေ x ၁၂ ပေ)ရှိ အဆိုပါတံတားအား ဖျက်သိမ်းပြီး ဘေလီ တံတား သို့မဟုတ် သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ မဲဆန္ဒရှင် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များနှင့် ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာ ရေးဝန်ကြီး ဒေါက်တာသောင်းနိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်နှင့် မင်္ဂလာဥယျာဉ်ရပ်ကွက်နယ်မြေ(၁)မှာရှိတဲ့ ၂၀၁၈ခုနှစ် ကတည်းက တည်ဆောက်ထားတဲ့ ဥပုဒ်ချောင်းတံတား (၇၁ ပေ x ၁၂ ပေ)ရှိ သစ်သားတံတားဟာ ဖြတ်သန်းသွားလာရာမှာ အန္တရာယ်များတဲ့ အတွက်ကြောင့်မို့ သစ်သားတံတားဖျက်သိမ်းပြီး ဘေလီသစ်သားတံတား သို့မဟုတ် သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း လွှတ်တော် ကိုယ်စားလှယ် ဦးမင်းဇော်ရဲ့ မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။

ကလေးမြို့မှာဆိုလို့ရှိရင် ဥပုဒ်ချောင်းကူးတံတားဟာ (၆)စင်းရှိပြီးတော့မှ (၃)စင်းကတော့ လက်ရှိအနေအထားမှာ ကောင်းမွန်ပါတယ်။ (၃)စင်းကတော့ ပျက်စီးနေတယ်ဆိုပြီးတော့ အရင်လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့်ဖောင်းပြင်၊ မဲဆန္ဒနယ်(၂)ကလည်း (၁၁)ရက်နေ့မှာ မေးထားတာ တစ်ခုရှိပါတယ်။ နောက်တစ်ခါ ဦးတင်မင်းထွဋ်၊ ဖောင်းပြင်(၁) မနေ့က(၁၆)ရက်၊ (၆)လပိုင်းမှာ တံတား(၁)စင်းအတွက် မေးထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ ကျန်တံတား(၃)စင်းဖြစ်တဲ့ ဝေဇယန္တာလမ်း၊ ဘုရားသုံးဆူလမ်းပေါ်မှာရှိတဲ့ တံတားမှာ ကြုံခိုင်မှုအားနည်းနေတဲ့အတွက်ကြောင့်မို့ (ပေ ၆၀ x ၁၄ ပေ အကျယ်) သံကူကွန်ကရစ်တည်ဆောက်ရန်အတွက် ပထမဦးစားပေးအဖြစ်လည်းကောင်း၊ ဩဘာလမ်းပေါ်မှာရှိတဲ့တံတားမှာ ချောင်း၏မြောက်ဘက် ကမ်းကပ်ခုံမှာ ပျက်ပြီးတော့မှ ချောင်းတွင်းကိုလျှောကျပြီး နိမ့်ဝင်သွားတဲ့အတွက်ကြောင့်မို့ တံတားကြမ်းခင်းတစ်ဖက် နိမ့်ကျတဲ့အတွက်ကြောင့်မို့ (၄၁ ပေ x ၁၆ ပေ) သံကူကွန်ကရစ်တံတားတည်ဆောက်ရန်ကို ဒုတိယဦးစားပေးအဖြစ်လည်းကောင်း၊ နွားတောင်လမ်းပေါ်မှာရှိတဲ့ တံတားဟာဆိုရင် ယက်မနှင့် ကြမ်းခင်းများ နှစ်ကာလကြာမြင့်ပြီးတော့ ဆွေးမြေ့ပျက်စီးနေတဲ့အတွက်ကြောင့်မို့ (ပေ ၆၀ x ၁၂ ပေ) အကျယ်ရှိတဲ့ သံကူကွန်ကရစ်တံတား တည်ဆောက်ရန်အတွက် တတိယဦးစားပေးအဖြစ်လည်းကောင်း ဒေသန္တရစီမံကိန်းထဲမှာ ထည့်သွင်းလျာထားပြီးတော့မှ ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီးတော့မှ အကောင်ထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ မေးခွန်းမေးမြန်းခဲ့သည့် ကိုယ်စားလှယ်ကြီးခင်ဗျာ။ ဝန်ကြီးရဲ့အဖြေပေါ်မှာ ရှင်းလင်းနားလည်မှုရှိ/မရှိ သိရှိလိုပါတယ်။

ဦးမင်းဇော်၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂)။ ဟုတ်ကဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ယခုဝန်ကြီးဖြေကြားသွားတဲ့အဖြေပေါ်မှာ ကျွန်တော့်အနေနဲ့ အနည်းငယ်မရှင်းလင်းပါဘူးခင်ဗျ။ ကျွန်တော်

မေးတာက ယခု တံတားဟာ ကျွန်တော်တို့ (၇၁ ပေ x ၁၂ ပေ)ရှိ ဘေလီတံတားကို မည်သည့်အချိန်၊ မည်သည့်ကာလတွင် ဆောက်လုပ်ပေးနိုင်မည်လည်းဟု ကျွန်တော် မေးခြင်းဖြစ်ပါတယ်။ အဲ့တာလေးကိုလည်း ဝန်ကြီးအနေနဲ့ ဖြေကြား ပေးစေချင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ဝန်ကြီးရဲ့အဖြေမှာ အဲ့ဒီတံတားအမည် ပါသွား/မသွား သိရှိလိုပါ တယ်။

ဦးမင်းဇော်၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ် (၂)။ မပါပါဘူးခင်ဗျာ။

ဥက္ကဋ္ဌ။ ဝန်ကြီးအနေနဲ့ အဲ့ဒါလေး ချက်ချင်းဖြေကြားလို့ရမယ်ဆိုရင် ဖြေကြားပေးစေလိုပါတယ်။ အဆင်သင့်မဖြစ်ပါကလည်း နောက်ရက်များမှာ ဆက်လက်ဖြေကြားနိုင်ပါကြောင်း ပြောကြားလိုပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး ။ ဒီဒေသရဲ့စည်ပင်(EO)အဖွဲ့ရဲ့ ပြောကြားချက်အရ တံတား(၆)စင်းပဲရှိတယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်ဗျ။ ဒီတံတားဟာ ဖြေကြားခဲ့တဲ့တံတား(၆)စင်းထဲမှာ မပါဘူးဆိုတဲ့ အဓိပ္ပာယ်ဖြစ်နေပါတယ်။ ကျွန်တော်တို့သိတာ ဒီကလေးမြို့ထဲမှာ ရှိတဲ့ ဥပုဒ်ချောင်းကြီးကိုဖြတ်သွားတဲ့ တံတား(၆)စင်းပဲရှိတယ်လို့ ကျွန်တော်တို့ ဒေသ(EO)တွေရဲ့ ပြောပြချက်ချက်ပဲ ဖြစ်ပါတယ်။ ဒီ(၆)စင်းထဲမှာ မပါတာလား မသိဘူးခင်ဗျာ။

ဦးမင်းဇော်၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ် (၂)။ ဟုတ်ကဲ့ဝန်ကြီးခင်ဗျာ။ ယခုတံတားဟာ အခုတံတား(၆)စင်းမှာတော့ မပါဘူးနဲ့ တူပါတယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ကိုယ်ထူကိုယ်ထစနစ်နဲ့ ဆောက်လုပ်ထားတဲ့အတွက် ဖြစ်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ မေးမြန်းရခြင်းဖြစ်ပါတယ်ခင်ဗျာ။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ ဒီတံတားရဲ့နေရာကို ပြန်လည်စိစစ်ပြီးမှ ဖြေကြားပေးပါ့မယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးအား ကျေးဇူးအထူးတင်ရှိပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ပြီးဆုံးပြီဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ကိုဆက်လက်ဆောင်ရွက်ပါ့မယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

လွှတ်တော်အစည်းအဝေးအဋ္ဌမနေ့မှာ လွှတ်တော်ဥက္ကဋ္ဌမှ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာ ကော်မတီမှာပါဝင်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်၌ ရှင်းလင်းဖတ်ကြားတင်ပြခဲ့ပြီးဖြစ်ပါတယ်။ အဆိုပါကော်မတီဖွဲ့စည်း တာဝန်ပေးအပ်မှုနှင့် ပတ်သက်ပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၂၆ခုနှစ်၊ ဇွန်(၁၆)ရက်၊ ညနေ(၁၆း၀၀)နာရီအချိန် နောက်ဆုံးထား၍ အမည်စာရင်းတင်ပြရန် အကြောင်းကြားခဲ့သော်လည်း ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မျှ တင်ပြလာခြင်း မရှိတာတွေ့ရပါတယ်။

သို့ဖြစ်ပါ၍ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က ဘောတူပါသလား ခင်ဗျာ။ (သုံးကြိမ်မေးသည်။)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွှတ်တော်ကသဘောတူတဲ့အတွက် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)နှင့် အတွင်းရေးမှူး(၁)အဖြစ် ဒေါ်အေးအေးသန်း၊ ကသာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)၊ အတွင်းရေးမှူး(၂)အဖြစ် ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁) ဦးကျော်လွင်ဦး၊ ကသာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ် (၁)

(၃) ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးမြင့်လေး၊ မြင်းမူမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၅) ဦးသက်လွင်၊ အင်းတော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးခင်မောင်လွင်၊ တမူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၇) ကြည်း-၅၁၆၄၀၊ ဗိုလ်မှူးနေလင်းထွန်း၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်

(၈) ကြည်း-၇၄၄၅၀၊ ဗိုလ်ကြီးထက်အောင်ရှိုင်း၊ တပ်မတော်သား

လွှတ်တော်ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့်စည်ပင်သာယာ ရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(တူထုသည်)

လွတ်တော်ဥက္ကဋ္ဌမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၇)ကိုဆက်လက်ဆောင်ရွက်ပါမယ်။

လွတ်တော်ကိုယ်စားလှယ်စားလှယ်များခင်ဗျာ။

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ ၊ နည်းဥပဒေခွဲ (က)အရ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခြင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွတ်တော်က သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ကော်မတီမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးအပါအဝင် ကော်မတီဝင်ဦးရေ (၁၁)ဦးဖြင့်ဖွဲ့စည်းမှာဖြစ်ပြီး ပေးပို့လာတဲ့ စာရင်းပေါ်မူတည်ပြီး တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌက နည်းဥပဒေ၆၂၊ နည်းဥပဒေခွဲ(ခ)အရ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ရွေးချယ်သတ်မှတ်ပေးသွားရမှာ ဖြစ်ပါတယ်။ ကော်မတီအနေနဲ့ လွတ်တော်ကျင်းပချိန်မှာ လွတ်တော်ကိုတာဝန်ခံရမှာဖြစ်ပြီး၊ လွတ်တော်ကျင်းပချိန်မဟုတ်လျှင် လွတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမှာဖြစ်ပါတယ်။ ဒါ့အပြင်ကော်မတီရဲ့ သက်တမ်းဟာ လွတ်တော်ရဲ့ သက်တမ်းနှင့်အညီ (၅)နှစ်ဖြစ်ပြီး လွတ်တော်ဥက္ကဋ္ဌအနေနဲ့ ကော်မတီ၏သက်တမ်း (၁)နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်ရမှာဖြစ်ပါတယ်။

လွတ်တော်ဒုတိယဥက္ကဋ္ဌမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း

ယခုစိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းမှာ ဖြစ်ပါတယ်။ ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့် စပ်လျဉ်းပြီး လွတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားပေးဖို့ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းနိုင်ရေးအတွက် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး ကျွန်တော် ဖတ်ကြားတင်ပြသွားပါ့မယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီဟာ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ) အရ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဖြစ်ပါတယ်။

ကော်မတီ၏သက်တမ်း

ကော်မတီ၏ သက်တမ်းသည် တိုင်းဒေသကြီးလွှတ်တော် သက်တမ်းနှင့် အညီဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီသက်တမ်း (၁)နှစ်ပြည့် မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို အစားထိုးလဲလှယ်တာဝန်ပေးအပ်နိုင်ပါတယ်။

ကော်မတီ၏ တာဝန်များ

ကော်မတီသည် -

(က) စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီ ဆောင်ရွက်ပေးရမည်။ မြို့နယ်အလိုက်ထူးခြားသော အခြေအနေ များရှိပါလျှင် လိုအပ်သည့်နေရာ ဒေသများသို့ သွားရောက် လေ့လာ၍ ကော်မတီတွင် အသေးစိပ်ဆွေးနွေးတင်ပြရမည်။

(ခ) သဘာဝသယံဇာတပစ္စည်းများကို စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေး အားပေးကူညီရမည်။

(ဂ) သဘာဝသယံဇာတပစ္စည်းများ ထုတ်လုပ်ရာတွင် ဂေဟစနစ် မပျက်သုန်းစေရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မပျက်ယွင်းစေ ရေးအတွက် စိစစ်ညှိနှိုင်း ကူညီဆောင်ရွက်ရမည်။

(ဃ) သက်ဆိုင်ရာဌာန အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း၊ ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး၊ ညီညွတ်ဆီလျော်မှုမရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိကူညီရမည်။

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို လေ့လာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

ကော်မတီသည် သက်ဆိုင်ရာဌာနအဖွဲ့ အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်မည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း၊ ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စဟုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ ပေါက်ကြားစေခြင်း မရှိစေရ၊ ကော်မတီအစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေး မှတ်တမ်းကို ဖြန့်ဝေခြင်းမပြုရ၊ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းနှင့်ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရမည်။ လွှတ်တော်ရုံးသို့ပေးပို့ရမည်။

ကော်မတီသည် ဆွေးနွေးရရှိသော မိမိကော်မတီဆိုင်ရာ လုပ်ငန်းများအတွက် လုပ်ဆောင်ဖွယ်ရာများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် လွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့တင်ပြရမည်။ လွှတ်တော်သို့ တင်ပြသင့်သော အခြေနေဖြစ်က ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော်သို့ တင်ပြရမည် သို့မဟုတ် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းနှင့် ပြည်ထောင်စုအဆင့်အဖွဲ့

အစည်းတို့ ဆောင်ရွက်ရန်၊ ပေးပို့ရန်လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌ၏ သဘော တူညီချက်ဖြင့် လွှတ်တော်က ဆက်လက်တင်ပြရမည်။ ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်က အခါအားလျော်စွာပေးအပ်သည့် တာဝန်များ ထမ်းဆောင်ရမည်။

ကော်မတီ၏လုပ်ပိုင်ခွင့်များ

ကော်မတီသည် အစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

ကော်မတီသည် ကော်မတီလုပ်ငန်းများနှင့်စပ်လျဉ်း၍-

(က) နိုင်ငံတော် တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်း စေမည့် အကြံပြုချက်များကို တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ နိုင်ခွင့်ရှိသည်။

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကိုစိစစ်၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဂ) လုပ်ငန်းဆောင်ရွက်နေမှု ဆောင်ရွက်ပြီးစီးမှုများအပေါ် ပြင်ဆင်ရန် လိုအပ်ပါက သုံးသပ်ချက်နှင့်တကွ အကြံပြုချက်များကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

ကော်မတီက အစီရင်ခံစာ တင်ပြခြင်းနှင့်စပ်လျဉ်း၍-

(က) ကော်မတီဥက္ကဋ္ဌက အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်း အဝေးတွင်တင်ပြရမည်။

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီကသဘောတူလျှင် ကော်မတီ ဥက္ကဋ္ဌသည် အစီရင်ခံစာကိုလက်မှတ်ရေးထိုး၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဂ) ကော်မတီဥက္ကဋ္ဌမရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် သဘာပတိတာဝန် ထမ်းဆောင်သော ကော်မတီဝင်တစ်ဦးက သော်လည်းကောင်း လက်မှတ်ရေးထိုးတင်ပြနိုင်သည်။

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ။

(င) လွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဆောင်ရွက် သောလုပ်ငန်းနှင့်စပ်လျဉ်းသော ကော်မတီ၏ အစီရင်ခံစာကို ပြုစု ပြီးစီးသည့်နေ့မှစ၍ (၇)ရက်အတွင်း ရုံးပိတ်များမပါ လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။

(စ) လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်းခံရသူသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်တွင်တင်ပြရမည်။

ကော်မတီဝင်များသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေး ခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

(ခ) လွှတ်တော်ကော်မတီအများဆုံး နှစ်ခုထိသာ ပါဝင်ဆောင်ရွက် နိုင်ခွင့်ရှိ သည်။

(ဂ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျှက် လွှတ်တော်ဥက္ကဋ္ဌ ထံတင်ပြနိုင်ခွင့် ရှိသည်။

ရပိုင်ခွင့်နှင့် အခွင့်အရေးများ

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေး တက်ရောက်ရန်နှင့် ကော်မတီရုံးစိုက်ရာ ဒေသတွင် ရှိနေစဉ်၌သော်လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့် ရှိသည့်အပြင် ပြည်ထောင်စုအစိုးရအဖွဲ့ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြား ဥပဒေတစ်ရပ်ရပ် အရ အရေးယူခံရခြင်းမှကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့် ရှိသည်။

ယခု ကျွန်တော်ဖတ်ကြားတင်ပြသွားတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းများဟာ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကောက်နုတ်ချက်များ ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင် ပါတယ်ခင်ဗျာ။

လွှတ်တော်ဥက္ကဋ္ဌမှ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာကော်မတီကို ယခုတင်ပြမည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၁၁)ဦးဖြင့် ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ပါဝင်ဖွဲ့စည်းရန်လျာထားတဲ့ လွှတ်တော် ကိုယ်စားလှယ်များကတော့-

(၁) ဦးမင်းဇော်၊ ကလေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊

(၂) ဦးတိုးမြင့်၊ ဒီပဲယင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးမင်းဆွေ၊ ကလေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးရဲမင်းအောင်၊ ပုလဲမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးအုံကျော်၊ ချောင်းဦးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးအောင်လင်းဆန်း၊ ရွှေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၈) ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၉) ဒေါ်ဆန်းစစ်ရှိုး၊ လေရှိုးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၁၀) ကြည်း-၅၃၇၂၈၊ ဗိုလ်မှူးငြိမ်းချမ်းကို တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၁၁) ကြည်း-၅၃၄၁၇၊ ဗိုလ်ကြီးရဲရန်နိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ဖြစ်ပါတယ်။

ယခုတင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးထဲမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဥက္ကဋ္ဌအဖြစ် ဦးမင်းဇော်၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး(၁)အဖြစ် ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး(၂)အဖြစ် ဒေါ်ဆန်းစစ်ရှိုး၊ လေးရှိုးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)တို့ကို တာဝန်ပေးအပ်သွားမှာဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၇)ရက် ယနေ့ညနေ(၁၆း၀၀)နာရီအချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံးအကြီးအမှူးထံ အမည်စာရင်း ပေးပို့ကြဖို့ဖြစ်ပါတယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက်ကျင်းမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခုတတိယအကြိမ် စစ်ကိုင်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရုပ်နားပါ့မယ်။

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၈)ရက်(ကြာသပတေးနေ့) နံနက်(၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျာ။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျာ။

{တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို (၁၁း၀၅)နာရီအချိန်တွင် ရုပ်နားပါသည်။}

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့မှတ်တမ်း
၁၃၈၈ ခု၊ ပထမဝါဆိုလဆန်း ၄ ရက်
(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၈ ရက်) (ကြာသပတေးနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို နံနက်(၁၀:၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

{အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌ တက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက်ပါသည်။}

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ အစီအစဉ်များကို စတင်ပါတော့မယ်ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျာ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထိုင်နိုင်ကြပါပြီခင်ဗျာ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့မှာ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးရှိသည့် အနက် (၇၉)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေ စုစုပေါင်းရဲ့ (၉၂.၉၄)ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

ဆိုင်ရာ နည်းဥပဒေ ၃၄(ခ)အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ နည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်းကြေညာပါတယ်။ (တူထုသည်)

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေးဒသမနေ့အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်တဲ့အတွက် အဆိုပါ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေး မတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက်
ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေး တက်ရောက်နိုင်မှု အခြေအနေအား
လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ် (၄)ကို ဆောင်ရွက်ပါမယ်။

တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များစီစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ယနေ့ ၂၀၂၆ခုနှစ်၊ ဇွန်လ(၁၈)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့ တက်ရောက်နိုင်ခြင်းမရှိသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှု အခြေအနေများအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစီစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ကျွန်မ ဒေါ်ကြူကြူစိန်မှ ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့ ခွင့်ပန်ကြားသည့် လွှတ်တော်ကိုယ်စားလှယ် မရှိပါကြောင်း တင်ပြအပ်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် ယခင်နေ့ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၈)ဦး၊ ယနေ့ အစည်းအဝေးသို့ ပြန်လည်တက်ရောက်သူ(၂)ဦး ယနေ့ခွင့်ပန်ကြား၍ ခွင့်ပြုထား သူမရှိပါ။ လွတ်တော်ကခွင့်ပြုထားသူ စုစုပေါင်း (၆)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွတ်တော်က သဘော တူပါသလား ခင်ဗျာ။ (သုံးကြိမ်မေးသည်)

လွတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များအားလုံး ကသဘောတူတဲ့အတွက် လွတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ဆက်လက်ပြီးအစီအစဉ်(၅)ကို ဆောင်ရွက်သွားပါမယ်။

လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပထမဦးစွာ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးအောင်မင်းကျော်သူအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်တော်များ၊ လွတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ၊ အစည်းအဝေးသို့ လေ့လာရေး

လာရောက်ကြတဲ့ မဲဆန္ဒရှင်ပြည်သူများနှင့် သတင်းမီဒီယာများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ ဘုတလင်မြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးအောင်မင်းကျော်သူ ဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်မေးမြန်းဆွေးနွေးမေးမြန်းလိုသည့် မေးခွန်းကတော့ ဒုတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး အစိုးရသက်တမ်းကာလမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြို့နယ်(၃၇)မြို့နယ်တွင် အသုံးပြုရန်အတွက် မြေသယ်ယာဥ်၊ မြေကော်ယာဥ်နဲ့ လမ်းကြိတ်စက်များ မြို့နယ်အခြေအနေပေါ်မူတည်ပြီး တစ်မြို့နယ်လျှင်(၂)စီး သို့မဟုတ် (၃)စီးချထားပေးပြီး အဆိုပါယာဥ်များထိန်းသိမ်းခြင်းကို ယခင်လွတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပြီး မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်းကောင်း၊ အခြားကုမ္ပဏီအဖွဲ့အစည်းများမှ ငှားရမ်းခဖြင့်လည်းကောင်း အသုံးပြုကြကြောင်း သိရှိခဲ့ရပါတယ်။ ၂၀၂၁ ခုနှစ်၊ နိုင်ငံရေးဖြစ်စဉ်ပြီး နောက်ပိုင်းမှာ လွတ်တော်ကိုယ်စားလှယ်များမှ ၎င်းတို့မြို့နယ်များတွင် နေထိုင်ခြင်း မရှိတော့သဖြင့် အဆိုပါယာဥ်များကို ယခုအခါမှာ ထိန်းသိမ်းစောင့်ရှောက်ထားပြီး ငှားရမ်းခများ မည်မျှရရှိထားသည်၊ မည်သူကထိန်းသိမ်းစောင့်ရှောက်ထားသည်၊ ငှားရမ်းခမည်မျှရရှိ၊ ကောက်ခံထားသည်များကို သိရှိလိုပါကြောင်း လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးအောင်ဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘုတလင်မြို့နယ်မဲဆန္ဒနယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၊ ဦးအောင်မင်းကျော်သူရဲ့ ကြယ်ပွင့်ပြမေးခွန်းအားလွှတ်တော် ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်ဖြင့် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ဒုတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရသက်တမ်းကာလတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ မြို့နယ်(၃၇)မြို့နယ်မှာ အသုံးပြုရန်အတွက် မြေသယ်ယာဥ်၊ မြေကော်ယာဥ်နှင့် လမ်းကြိတ်စက်ယာဥ်များ မြို့နယ်အခြေအနေပေါ်မူတည်၍ တစ်မြို့နယ်လျှင်(၂)စီး၊ (၃)စီး ချထားပေးပြီးတော့ အဆိုပါယာဥ်များ ထိန်းသိမ်းထားခြင်းကို ယခင် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ကာ မြို့နယ်ဖွံ့ဖြိုးရေး လုပ်ငန်းများတွင်လည်းကောင်း၊ အခြားကုမ္ပဏီအဖွဲ့အစည်းများမှ ငှားရမ်းခဖြင့်လည်းကောင်း အသုံးပြုခဲ့ကြကြောင်း သိရှိရပါတယ်။ ၂၀၂၁ ခုနှစ်၊ နိုင်ငံရေး ဖြစ်စဉ်ဖြစ်ပြီးတဲ့ နောက်ပိုင်းမှာ ယာဥ်နှင့် ယန္တရားများကြီးကြပ်ရေးကော်မတီအဖွဲ့၏ ဥက္ကဋ္ဌအဖြစ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးအဖြစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ပါဝင်သည့် အဖွဲ့ဝင်(၈)ဦးဖြင့် မြို့နယ်အလိုက် ပြန်လည်ဖွဲ့စည်းထားရှိပါတယ်။ ကော်မတီအနေဖြင့် ယာဥ်နှင့်ယန္တရားများကို လုပ်ငန်းဆောင်ရွက်ရာတွင် ကော်မတီဝင်များမှ တွေ့ဆုံညှိနှိုင်း မှတ်တမ်းဖြင့် ဦးစားပေးလုပ်ငန်းများအလိုက် ဆောင်ရွက်စေခဲ့ပါတယ်။ ယာဥ်နှင့် ယန္တရားများ လုပ်ငန်းဆောင်ရွက်ရာတွင် ရန်ပုံငွေကောက်ခံမှုနှင့်ပတ်သက်ပြီး ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ငှားရမ်းခြင်းအတွက် စက်မောင်းတစ်နာရီ (၁၀၀၀/-)ကျပ်အပါအဝင် Back Hole (၈)နာရီ (၁)ဂျူတီအတွက် (၇၅၀၀၀/–)ကျပ် လမ်းကြိတ်စက် (၈)နာရီ (၁)ဂျူတီအတွက်(၅၀၀၀၀/–)ကျပ်၊ မြေသယ်ယာဥ် (၈)နာရီ(၁)ဂျူတီအတွက် (၄၀၀၀၀/–)ကျပ်ဖြင့် ငှားရမ်းဆောင်ရွက်ရန် ဆုံးဖြတ်ထားပါတယ်။ ဌာနဆိုင်ရာများနှင့် ကုမ္ပဏီများမှ ငှားရမ်းခြင်းအတွက် စက်ပေါင်းတစ်နာရီ (၁၀၀၀/–)ကျပ် အပါအဝင် Back Hole (၈)နာရီ (၁)ဂျူတီအတွက် (၁၅၀၀၀/–)ကျပ်၊ လမ်းကြိတ်စက် (၈)နာရီ(၁)ဂျူတီအတွက် ၊ (၁၀၀၀၀/–)ကျပ်၊ မြေသယ်ယာဥ်

(၈)နာရီ (၁)ဂျူတီအတွက် (၈၀၀၀၀/–)ကျပ်နှုန်းဖြင့် သတ်မှတ်ထားပြီး ငှားရမ်းခြင်းအတွက် ဌာနအဖွဲ့အစည်းများမှ စက်မောင်းခကျခံရန်နှင့် ယာဉ်ယန္တရားများကို လာရောက်သယ်ဆောင်ရမှာ ဖြစ်ပါတယ်။ ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့်ပတ်သက်၍ ရရှိလာသော ရန်ပုံငွေများကို သက်ဆိုင်ရာမြို့နယ်မှာ ရှိတဲ့ သင့်လျော်သောဘဏ်မှာ (၃)ဦးကော်မတီဖြင့် အကောင့်ဖွင့်လှစ်၍ ငွေသွင်း/ငွေထုတ်ဆောင်ရွက်ရန်နှင့် ဘဏ်စာရင်းစာအုပ်များကို မြို့နယ်ပြည်တွင်းအခွန်ဦးစီးမှူးမှ ထိန်းသိမ်းထားရှိခြင်း၊ ယာဉ်နှင့်ယန္တရား သာမန် ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရန် လိုအပ်ပါက ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်း၊ ယာဉ်နှင့်ယန္တရားအကြီးစား ပြုပြင်ခြင်းလုပ်ငန်းများ ဌာနဆိုင်ရာနှင့် ကုမ္ပဏီမှ လုပ်ငန်းများ ဆောင်ရွက်လိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ခွင့်ပြုချက်တောင်းခံခြင်း၊ အမှန်တကယ်ဆောင်ရွက်ရန် လိုအပ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ(ဂျူတီမဲ့) ဆောင်ရွက်လိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ခွင့်ပြုချက်တောင်းခံပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ငွေစာရင်း၊ လချုပ်စာရင်းများ၏ လစဉ်အစီရင်ခံစာများကို မြို့နယ်စီမံကိန်းတာဝန်ခံမှပြုစု၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်များသို့ ဖြန့်ဝေထောက်ပံ့ပေးအပ်ခဲ့သည့် ယာဉ်ယန္တရားများနှင့်ပတ်သက်၍ ကြီးကြပ်မှုကော်မတီ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းဆောင်ရွက်အသုံးပြုမှု၊ ရန်ပုံငွေစာရင်းများကို သက်ဆိုင်ရာမြို့နယ်များရှိ ဘဏ်များတွင် Bank Account များဖွင့်လှစ်ထားရှိပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးစိုင်းစံလှစိုးအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ရုံးအဖွဲ့များအားလုံး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ် လွတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးစိုင်းစံလှစိုး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို ဆွေးနွေးမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်အတွင်းမှာ ပါဝင်တဲ့ နမ့်တောကျေးရွာအုပ်စုကို မိုင်းကိုင်းကျေးရွာ၊ နမ့်တောစံပြကျေးရွာ၊ ကြို့ပင်ကျေးရွာ၊ သက္ကယ်တောင်ကျေးရွာ၊ အထက်တောင်ပေါ်ကျေးရွာ၊ အောက်တောင်ပေါ်ကျေးရွာ၊ နောင်မိုးကျေးရွာ၊ နောင်သဲကျေးရွာ၊ သပြေကုန်းကျေးရွာစတဲ့ ကျေးရွာ(၉)ရွာနှင့် ဖွဲ့စည်းထားပြီး ကျေးရွာအုပ်စုတစ်အုပ်စုလုံးမှာ အိမ်ခြေပေါင်း(၃၁၈၀)၊ လူဦးရေပေါင်း(၁၈၉၈၃)ဦးခန့် နေထိုင်လျက် ရှိပါတယ်။

မိုင်းကိုင်းကျေးရွာအုပ်စုအတွင်းမှာပါဝင်တဲ့ နမ့်တောစံပြကျေးရွာဟာ ဥရုချောင်းဘေးမှာ တည်ရှိပြီး အခြေခံပညာအထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ပြည်သူ့ရဲစခန်း စသည်ဖြင့် ပြည့်စုံစွာရှိတဲ့ မြို့အသွင်ဖွံ့ဖြိုးတိုးတက်မှုရှိတဲ့ စံပြကျေးရွာကြီးတစ်ရွာ ဖြစ်ပါတယ်။

နမ့်တောစံပြကျေးရွာမှာရှိတဲ့ တိုက်နယ်ဆေးရုံဟာ မိုင်းကိုင်းကျေးရွာအုပ်စုနဲ့ ပတ်ဝန်းကျင်ရှိ ပြည်သူများ၊ စစ်ဘေးရှောင်များမှ ကျန်းမာရေးအတွက် အဓိကအားထားရတဲ့ ဆေးရုံဖြစ်တာကြောင့် (၁၆)ကုတင်ဆံ့ တိုက်နယ်ဆေးရုံဖြစ်ပေမဲ့လည်း သတ်မှတ်လူနာထက် ပိုမို လက်ခံကုသပေးနေရပါတယ်။

နမ့်တောတိုက်နယ်ဆေးရုံမှာ လူနာကုသရေးအတွက် ဓာတ်မှန် လိုအပ်လျက်ရှိပြီး ကလေးများ ကာကွယ်ဆေးထိုးနှံရာမှာလည်း ဆေးသိုလှောင်ရန် ရေခဲသေတ္တာမရှိတဲ့အတွက် နေ့ချင်းပြီး ဆေးထိုးနိုင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြရပါတယ်။ ကလေးကာကွယ်ဆေးထိုးလုပ်ငန်းကို ပိုမိုဆောင်ရွက်ပေးနိုင်ရန် အတွက် EPI Cold Change အမျိုးအစား ရေခဲသေတ္တာ(၁)လုံး လိုအပ်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ ဒေသတွင်းနေ ပြည်သူများနှင့် စစ်ဘေးရှောင်ပြည်သူများ အားထားရာ နမ့်တောတိုက်နယ်ဆေးရုံမှာ လိုအပ်လျက်ရှိတဲ့ ဓာတ်မှန်နှင့် EPI Cold Change အမျိုးအစား ရေခဲသေတ္တာ(၁)လုံးကို သက်ဆိုင်ရာဝန်ကြီးဌာနမှ

အမြန်ဆုံးထောက်ပံ့ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟုမ္မလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံလှစိုး၏ တိုင်းဒေသကြီး အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

နမ့်တော တိုက်နယ်ဆေးရုံဟာဆိုရင် (၁၆)ကုတင်ဆံ့ ဆေးရုံတစ်ရုံဖြစ်ပါတယ်။ ၎င်းတိုက်နယ်ဆေးရုံတွင် အသုံးပြုရန်အတွက် ဟုမ္မလင်းမြို့နယ်ပြည်သူ့ဆေးရုံ ကနေပြီးတော့ ၁၀၀ MA X-Ray စက်ကို (၂၀.၁၀.၂၀၂၄) ရက်နေ့မှာ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာ အသုံးပြု၍ မရပါသဖြင့် ပြုပြင်ရန် လိုအပ်လျက်ရှိကြောင်း သိရပါတယ်။ ၎င်းကိစ္စအတွက် သက်ဆိုင်ရာ ကုမ္ပဏီဖြင့် ချိတ်ဆက်ဆောင်ရွက်ရန် စီစဉ်ထားရှိပါကြောင်း တင်ပြအပ်ပါတယ်။ အကယ်၍ ကုမ္ပဏီကနေပြီးတော့ သွားရောက်စစ်ဆေးပြီး ပြင်ဆင်၍မရဘူး၊ မရနိုင်တော့ပါဟုပြန်ကြားလာပါက ကုသရေးဦးစီးဌာနရုံးချုပ်သို့ ဆက်လက်တင်ပြ တောင်းခံပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ၎င်းအပြင် ကာကွယ်ဆေးထိုးလုပ်ငန်းများမှာ အသုံးပြုနိုင်ဖို့အတွက် ရေခဲသေတ္တာအတွက်လည်း (၂၁.၅.၂၀၂၆)ရက်နေ့မှာ ဆိုလာစနစ်ဖြင့် တိုက်ရိုက်မောင်းနှင်နိုင်သည့် ရေခဲသေတ္တာ (Solar Direct Drive)ကို တင်ပြတောင်းခံထား ပြီးဖြစ်ပါတယ်။ လတ်တလော ရေခဲသေတ္တာ မရောက်ရှိမီမှာ ကာကွယ်ဆေးထိုးလုပ်ငန်းများ လစ်ဟင်းမှု မရှိစေရေးအတွက် ဟုမ္မလင်း

မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကနေပြီးတော့ နမ့်တောတိုက်နယ် ဆေးရုံသို့ ကာကွယ်ဆေးများ ဖြန့်ဝေပြီးတော့ ထိုးနှံပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လေရှိုးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ဒေါ်ဆန်းစစ်ရှိုးအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်ဆန်းစစ်ရှိုး၊ လေရှိုးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စစ်ကိုင်းတိုင်း ဒေသကြီး လွှတ်တော်ရုံးအကြီးအမှူးနှင့် ရုံးအဖွဲ့များအားလုံး မင်္ဂလာပါလို့ ဦးစွာ ဆုတောင်း မေတ္တာပို့သပါတယ်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှိုးမြို့နယ်၊ ကိုယ်စားလှယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဆန်းစစ်ရှိုး ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။

ကျွန်မတို့ လေရှိုးမြို့ပေါ်ရှိ အ.မ.က-မြို့မကျောင်းဆောင်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေ (၁၄၃.၀၁)ကျပ်သန်းဖြင့် အတိုင်းအတာ (၉၀' × ၃၀') ပေ RC နှစ်ထပ်အမျိုးအစား ကျောင်းဆောင်ဆောက်လုပ်ရန် လင်းထွဋ်ဖြိုး ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ လုပ်ငန်း၏ (၅၀%)သာ ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်းမရှိတော့ပါ။ အဆိုပါ ဆောင်ရွက်ခဲ့သည့် လုပ်ငန်း(၅၀%)မှာလည်း အရည်အသွေး ပြည့်မီမှုမရှိခြင်းတို့ကြောင့် ပထမထပ်ကြမ်းခင်းမှ မိုးယိုစိမ့်မှုများဖြစ်ပေါ်လျက်ရှိခြင်းနဲ့ အကာမရှိ၍ စာသင်ခန်းအတွင်းသို့ မိုးရေပတ်ဝင်ခြင်းများကြောင့် ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားရာတွင် ကျန်းမာရေးထိခိုက်မှုများ နှစ်စဉ်ရင်ဆိုင်နေရပါတယ်။ ဤမူလတန်းကလေးများဟာ ကျောင်းသားတစ်ယောက်အတွက် အရေးကြီးဆုံး Foundation ယူရသော အပိုင်းဖြစ်ပြီး ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ လုံခြုံနွေးထွေးစွာ ပညာသင်ကြားခွင့် ရရှိခွင့်ရှိပါတယ်။ ဤကျောင်းသား/ကျောင်းသူများ ရုပ်ပိုင်း ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံနွေးထွေးစွာ ပညာသင်ကြားခွင့် ရရှိရေးဟာ

အစိုးရရဲ့ ကြီးလေးသော တာဝန်တစ်ရပ်လည်းဖြစ်ပြီး မဖြစ်မနေဆောင်ရွက်ပေးရမဲ့ လုပ်ငန်းလည်းဖြစ်ပါတယ်။

ဤကျောင်းတွင် တက်ရောက်နေကြသော ကျောင်းသား/ကျောင်းသူ အယောက်(၂၀၀)ကျော်သည် ၂၀၂၀ ခုနှစ်မှ ယနေ့အထိ မိုးလေမလုံသော အန္တရာယ်ရှိ အဆောက်အဦတွင် ပညာသင်ကြားနေရခြင်းကြောင့် နှစ်စဉ် ကျောင်းသား/ကျောင်းသူများ၏ ကျန်းမာရေးထိခိုက်မှုများပြီး ပညာသင်ကြားရေးတွင် အခက်အခဲများစွာ ကြုံတွေ့နေရပါတယ်။(ဥက္ကဋ္ဌကြီးရှင့် ကျွန်မကို Power Point အသုံးခွင့်ပြုပေးပါရှင့်။)

ကျောင်းသား/ ကျောင်းသူများ မိုးလုံလေလုံ အန္တရာယ်ကင်းစွာ ပညာသင်ကြားနိုင်ရေးအတွက် အဆိုပါ အန္တရာယ်ရှိ အဆောက်အဦအား ဖျက်သိမ်းပြီး (၉၀' x ၃၀')ပေ RC (၂) ထပ် အမျိုးအစား ကျောင်းဆောင်သစ်အား အရေးတကြီး အထူးလိုအပ်လျက်ရှိပါတယ်ရှင်။

သို့ဖြစ်ပါ၍ လေရှီးမြို့ အမက-မြို့မ (၉၀' x ၃၀') ပေ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် လေးရှီးမြို့နေ ပြည်သူလူထုကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းအပ်ပါတယ်။

ကြယ်ပွင့်ပြမေးခွန်း(က) အန္တရာယ်ရှိ အမက-မြို့မကျောင်းဆောင်ဟောင်းအား ဖျက်သိမ်းပြီး (၉၀' x ၃၀') ပေ RC (၂)ထပ် အမျိုးအစား ကျောင်းဆောင်သစ် အမြန်ဆုံးအစားထိုး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာ ချမ်းသာပါစေလို့ ဦးစွာမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး၊ ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လေရှီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဆန်းစစ်ရှိုး၏

တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

လေရှိုးမြို့နယ် အမက-မြို့မ ကျောင်းဆောင်၏ လက်ရှိအခြေအနေကို ဌာနဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ပေးပို့တင်ပြစေဖို့အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ် ပညာရေးမှူးရုံးများသို့ ဆက်သွယ်အကြောင်းကြားထားရှိကြောင်း တင်ပြအပ်ပါတယ်။ ၎င်းတို့၏ တင်ပြပေးပို့မှုများ ရောက်ရှိလာပါက သင့်တော်သည့် ဘဏ္ဍာရေးနှစ်တွင် အခြေခံပညာဦးစီးဌာန(ရုံးချုပ်)သို့ ဆက်လက် တင်ပြပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးတင်မောင်မြင့်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ အားလုံး မင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်း(၁)ခု တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကလေးမြို့ အ.ထ.က(၆)သည် အောင်ဇေယျရပ်ကွက်၊ နယ်မြေ(၂)တွင် တည်ရှိပါသည်။ ကျောင်းအကျယ်အဝန်းမှာ (၁.၆)ဧကရှိပါသည်။ ယခင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသားစာရင်းအရ မူလတန်း အဆင့်(၉၉၈)ဦး၊ အလယ်တန်းအဆင့်(၃၆၃)ဦး၊ အထက်တန်းအဆင့်(၁၀၅)ဦး၊ စုစုပေါင်းကျောင်းသားဦးရေ (၁၄၆၆)ဦးရှိခဲ့ပါသည်။ အထက(၆)တွင်ကျောင်း ဆောင်(၆)ဆောင်ရှိသည့်အနက် တောင်ဂူဆောင် (100'×40'×30'×23')ပေ

အပေါ်ထပ်ပျဉ်ကာ၊ အောက်ထပ်အုတ်ကာ(၂)ထပ်ကျောင်းဆောင်သည် ၁၉၈၆ ခုနှစ်ကတည်းက တည်ဆောက်ခဲ့၍ နှစ်ပေါင်း(၄၀)ကြာခဲ့ပြီဖြစ်ပါသည်။ အင်းဝဆောင် (100'x25'×30'×23')ပေသည် သွပ်မိုးအုတ်ညှပ်၊ ပျဉ်ကာအုတ်ခင်း(၂)ထပ် ကျောင်းဆောင် ၁၉၈၅ခုနှစ် ကတည်းက တည်ဆောက်ခဲ့၍ နှစ်ပေါင်း(၃၉)နှစ် ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။ ၎င်း တောင်ငူဆောင်နှင့် အင်းဝဆောင်တို့သည် သက်တမ်းလွန် အန္တရာယ်ရှိကျောင်းဆောင်များဖြစ်ပါသည်။

ကျောင်း၏စာသင်ခန်းလိုအပ်ချက်အရ ယနေ့အချိန်ထိ တောင်ငူဆောင်တွင် သူငယ်တန်း(၂)ခန်း၊ အင်းဝဆောင်တွင် ပထမတန်း(၃)ခန်း၊ ဒုတိယတန်း(၄)ခန်း၊ တတိယခန်း(၂)ခန်း၊ စုစုပေါင်းစာသင်ခန်း(၉)ခန်းကို ထိုအန္တရာယ်ရှိ အဆောင်(၂) ဆောင်တွင် ကျောင်းသား/ကျောင်းသူများကို ပညာသင်ကြားနေရဆဲဖြစ်ပါသည်။ ထို့ကြောင့် ၎င်းအန္တရာယ်ရှိ ကျောင်းဆောင်(၂)ဆောင်ကို ဖျက်သိမ်းခွင့်ပြုကာ (150'×30'×23')(၂)ထပ် RCကျောင်းဆောင် ဟောခန်းအပါအဝင်ကျောင်းဆောင် (၁)ဆောင် ဆောက်လုပ်ပေးနိုင်မှု ရှိ/မရှိကို လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစား အပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာ ချမ်းသာပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာ ဝန်ကြီး၊ ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဖောင်းပြင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့်၏ တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကလေးမြို့ အ.ထ.က(၆)၏ ကျောင်းဆောင်(၂)ဆောင် ဖျက်သိမ်းခွင့်ကို ဌာနသတ်မှတ် ညွှန်ကြားချက်များနှင့်အညီစိစစ်၍ တင်ပြပေးပို့ရေး သက်ဆိုင်ရာ

ကျောင်းအုပ်ကြီး၊ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးသို့ အကြောင်းကြား ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ (150'×30'×23')(၂)ထပ် RC ကျောင်းဆောင်ဟောခန်းအပါအဝင် ကျောင်းဆောင်(၁)ဆောင် အသစ်ဆောက် လုပ်နိုင်ရေးအတွက် သင့်တော်သော လာမည့်ဘဏ္ဍာရေးနှစ်များတွင် အဆင့်ဆင့် တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင်မင်းထွဋ်အား ခွင့်ပြုမေးခွန်း(၂)ခုကို တစ်ဆက် တစ်စပ်တည်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစား အပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးတင်မင်းထွဋ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ် အသားပြမေးခွန်း(၂)ခု တစ်ဆက်တစ်စပ်တည်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းကတော့ ဖောင်းပြင်မြို့ရှိ ပင်သာ(အ.မ.က)ကျောင်းကို မူလတန်း(လွန်) ကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ အစီ အစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်းနှင့် စပ်လျဉ်းပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျာ။

ဖောင်းပြင်မြို့နယ် အ.မ.က(ပင်သာ)ကျောင်းဟာ (၁၉၉၅)ခုနှစ်ကစပြီး မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါတယ်။ မူလတန်းကျောင်းသက်တမ်း (၆၆)နှစ်ကျော်ရှိပြီး Covid ကပ်ရောဂါကြောင့် ပိတ်ထားရတဲ့ အချိန်ကလွဲပြီး ယခုအချိန်အထိ ပုံမှန်ကျောင်းဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ယခုအခါ ဒေသခံကျောင်းသား/ ကျောင်းသူဦးရေများပြားလာခြင်း စစ်ဘေးရှောင်ပြည်သူများ၏ သား/သမီးများ

ပင်သာကျောင်းတွင် အပ်နှံခြင်းတို့ကြောင့် တစ်နှစ်ထက်တစ်နှစ် ကျောင်းသားဦးရေ များပြားလာ ပါတယ်။

ပင်သာ(အ.မ.က)တွင် စာသင်ဆောင်၊ ပရိဘောဂပစ္စည်း၊ သောက်သုံးရေနှင့် သန့်စင်ခန်းများ လုံလောက်အောင်ထားရှိပြီး အဆောင်(၂)ကို (၂၀၂၄-၂၀၂၅) ပညာသင်နှစ်မှာ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားပါတယ်။ ပညာရေးဌာနရဲ့ လမ်းညွှန်ချက်များနှင့်အညီ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်၊ ကျောင်းကောင်စီအသင်းတို့ ဖွဲ့စည်းထားရှိပြီး ပညာရေးပြက္ခဒိန်ပါ လုပ်ငန်းစဉ် များအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

(Grade-6၊ Grade-7၊ Grade-8)ကျောင်းသား/ကျောင်းသူတွေ အဆင့် တိုးမြှင့် ကျောင်းဖြစ်တဲ့ အ.လ.က(တပ်နယ်)ကျောင်းသို့ သွားရောက်ရတဲ့အခါမှာ တောင်တက်ခရီးသွားရခြင်း၊ စက်ဘီးတွန်းတက်ရခြင်း အခက်အခဲတွေနဲ့၊ မိုးရာသီတွင် တောင်ကျရေများ စီးဆင်းမှုများကြောင့် မူလတန်းဆင့်ပြီးမြောက်တဲ့အခါ ကျောင်းသား တွေဟာ အလယ်တန်းအဆင့် ပညာဆက်လက်သင်ယူဖို့ အခက်အခဲ ကြုံတွေ့နေ ကြရပါသည်။

သို့ဖြစ်ပါ၍ ပညာရေးဖြင့် ခေတ်မှီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး ကို မျှော်တွေးပြီး အနာဂတ်လူတော်လူကောင်းများ ပေါ်ပေါက် လာစေရန်အတွက် ပင်သာ(အမက)ကျောင်းကို မူလတန်း(လွန်) ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မည်သို့ဆောင်ရွက်ပေးနိုင် မည်နှင့် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပထမမေးခွန်း မေးမြန်းအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ဖောင်းပြင်မြို့ ၊အုန်းသာအုပ်စု ချောင်းခွကျေးရွာ အခြေခံမူလတန်းလွန်ကျောင်းဟာ ပျက်စီးနေတဲ့ စာသင်ကျောင်း အပေါ်ထပ် နှင့် ကျောင်းသား/ ကျောင်းသူလေးများ ပညာသင်ကြားရန် အန္တရာယ်ရှိတဲ့အတွက် ၎င်းကျောင်းဆောင် ကို ပြန်လည် ပြုပြင်မွမ်းမံပေးရန် အစီအစဉ်ရှိ/မရှိ နှင့် စပ်လျဉ်း တဲ့မေးခွန်း ဖြစ်ပါတယ်။ အုန်းသာအုပ်စု ချောင်းခွကျေးရွာ အခြေခံပညာမူလတန်း လွန်ကျောင်းဟာ စာသင်ဆောင်မှာ အကြမ်းဖက် PDF တွေရဲ့ ပစ်ခတ်မှုကြောင့် အမိုးအကာတွေ ပျက်စီးနေတယ်။ ပြီးတော့ စတင်ဆောက်စဉ်ကတည်းက အသားတွေက သစ်နုသားတွေပါတဲ့အတွက် ကြမ်းခင်းတွေ ပိုးစားပြီး ပျက်စီးနေတဲ့

အတွက် ကျောင်းရဲ့ အပေါ်ထပ်မှာ ကျောင်းသား/ကျောင်းသူတွေ ပညာသင်ကြားဖို့ အန္တရာယ်ရှိနေ ပါတယ်။

သို့ဖြစ်ပါ၍ ၎င်းကျောင်းဆောင်ကို ပြန်လည်ပြုပြင် မွမ်းမံပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက မေးခွန်း(၂)ခုကို တစ်ဆက်တစ်စပ်တည်း ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစား အပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာ မေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာ ဝန်ကြီး၊ ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖောင်းပြင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မင်းထွဋ်၏ တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးသို့ မေးမြန်းထားမှုများအပေါ် တစ်ဆက် တစ်စပ်တည်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ဖောင်းပြင်မြို့နယ် အမက-ပင်သာကျောင်းသည် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာ မူလတန်းအဆင့် ကျောင်းသူ/ ကျောင်းသား (၂၂၃)ဦးဖြင့် ပညာသင် ကြားလျက်ရှိသော ကျောင်းတစ်ကျောင်း ဖြစ်ပါတယ်။၎င်းကျောင်းရဲ့ အကျယ်အဝန်း ဟာဆိုရင် ကျောင်းမြေက (၀.၉၁၁)ကေခန့်သာ ရှိပါတယ်။ ၂၀၂၆ခုနှစ် ၊ ဧပြီလ ၂၇ရက်နေ့မှ ၂၈ ရက်နေ့အထိ အခြေခံပညာဦးစီးဌာန နေပြည်တော်မှာ ကျင်းပတဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်းအရ မူလတန်းကျောင်း တစ်ကျောင်း ဟာဆိုရင် ကျောင်းမြေရိယာ ဧကအနည်းဆုံး(၃)ဧက ၊ အလယ်တန်းကျောင်း တစ်ကျောင်း ဖွင့်ရန်အတွက် ကျောင်းမြေရိယာ မြေက (၅)ဧက၊ အထက်တန်း ကျောင်းအတွက် မြေက(၇)ဧက ရှိရမယ်လို့ စံသတ်မှတ်ချက်များ သတ်မှတ်ထား ပါတယ်။ ၎င်းအပြင် အလယ်တန်းကျောင်း တစ်ကျောင်း ဖွင့်ရန်အတွက် မူလတန်း အဆင့်အသင် ကျောင်းသား/ကျောင်းသူ (၂၅၀)ဦး ပြည့်မီမှု ရှိရမှာဖြစ်ပါတယ်။

သို့ဖြစ်၍ အမက-ပင်သာကျောင်းဟာဆိုရင် ကျောင်းမြေ အကျယ် အဝန်းအရ မြေဧကအရ လိုအပ်ချက်များ ရှိပါတယ်။ မူဆင့်သင် ကျောင်းသူ/ ကျောင်းသား အနေဖြင့်လည်း အနည်းငယ်လိုအပ်ချက် ရှိကြောင်း တွေ့ရှိရပါ တယ်။ ၎င်းအပြင် အမက- ပင်သာကျောင်းနှင့် အနီးဆုံး အလယ်တန်း -အလက တပ်နယ် ကျောင်းနဲ့ဆိုရင်းလည်း (၂)မိုင်ခန့်သာ ကွာဝေးခြင်းရှိပါတယ်။

အထက်ပါအချက်များကြောင့် အ.မ.က(ပင်သာ)ကျောင်း၏ မူလတန်းလွန် ကျောင်းအဆင့် တိုးမြှင့်နိုင်ရေးအတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်၍ ဖောင်းပြင်မြို့နယ်၊ အုန်းသာအုပ်စု၊ ချောင်းခွကျေးရွာ အခြေခံ မူလတန်းလွန်ကျောင်းရှိ စာသင်ဆောင်များကို အကြမ်းဖက် PDF များ၏ ဖျက်စီးမှု ကြောင့် အမိုးအကာများ ပျက်စီးခြင်းနှင့်ပတ်သက်၍ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ၎င်း ဖောင်းပြင်မြို့နယ်၊ အုန်းသာအုပ်စု ချောင်းခွကျေးရွာ အခြေခံမူလတန်းလွန် ကျောင်းဟာဆိုရင် မကြာခင်ကမှ အသစ်ဆောက်လုပ်ထားသော ကျောင်းတစ် ကျောင်းဖြစ်ကြောင်း သိရှိရပါတယ်။ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် အမိုးအကာများပျက်စီးခြင်း၊ သစ်နုများပါရှိမှုကြောင့် ကြမ်းခင်းများပိုးစားပျက်စီးမှု များနှင့်ပတ်သက်၍ သက်ဆိုင်ရာကျောင်းအုပ်ကြီး၊ သက်ဆိုင်ရာမြို့နယ် ပညာရေး မှူးရုံးတို့မှတစ်ဆင့် ပျက်စီးမှုများမှ ပြန်လည်ပြုပြင်ရမည့်အမိုး/အကာ/အခင်းတို့၏ ကုန်ကျစရိတ်များကိုတွက်ချက်ပြီး အဆင့်ဆင့်တင်ပြပေးပို့ရေး ခရိုင်/ မြို့နယ်ရုံး များသို့ ဆက်သွယ်အကြောင်းကြား ဆောင်ရွက်ထားရှိပါတယ်။ တင်ပြပေးပို့လာ မှုများ ရရှိလာပါက ပြန်လည်ပြုပြင်နိုင်ရေးအတွက် အခြေခံပညာဦးစီးဌာန (ရုံးချုပ်)သို့ ဆက်လက်တင်ပြ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂)မှ ဦးအောင်ဇော်မင်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်ဇော်မင်း၊ ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော် ကိုယ်စားလှယ်များအားလုံး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ရုံး

အကြီးအမှူးနှင့် ဝန်ထမ်းများအား ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်း မေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ ဝန်းသိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးအောင်ဇော်မင်း ဖြစ်ပါတယ်။ ကျွန်တော် မေးခွန်းမေးမြန်းလိုတာကတော့ ကသာခရိုင်အတွင်းရှိ က.ည.နရုံးများသည် ကိုဗစ်ကာလ ၂၀၁၉ ခုနှစ်မှစ၍ ယနေ့အချိန်ထိ (၈)နှစ်တာ ကာလအတွင်း မော်တော်ယာဉ်လိုင်စင် သက်တမ်းတိုးခြင်း လုပ်ငန်းများအား လာရောက် လုပ်ပေးနိုင်ခြင်းမရှိပါ။ ၂၀၁၉ ခုနှစ် မှ ၂၀၂၆ ခုနှစ်အထိ (၈)နှစ်တာ ကာလရှိပြီဖြစ်သဖြင့် (၅)နှစ်အထက် သက်တမ်းလွန် ကုန်ဆုံးသွားသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကားလိုင်စင်များ၊ ယာဉ်မောင်း လိုင်စင်များအား သက်တမ်းတိုး ဆောင်ရွက်ခြင်းလုပ်ငန်းများအား ပြန်လည် ဆောင်ရွက်ပေးရန်ရှိ/မရှိ သိရှိမေးမြန်းအပ်ပါတယ်ခင်ဗျာ။ ဆောင်ရွက်ပေး ရန်ရှိပါက မည်သည့်ရုံးဖြင့် ဆက်သွယ်ဆောင်ရွက်ရမည်ကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးခင်မောင်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နှင့်တကွ အစည်းအဝေးတက်ရောက်သူများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံ ပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝန်းသိုမြို့နယ်မဲဆန္ဒနယ်က ဦးအောင်ဇော်မင်းရဲ့ မေးခွန်းကို ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကသာခရိုင်အတွင်းမှာရှိတဲ့ မော်တော်ယာဉ်တွေဟာ မော်တော်ယာဉ် သက်တမ်းတိုးလိုပါက ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာန စစ်ကိုင်း ခရိုင်ရုံး၊ စစ်ကိုင်းမြို့သို့ ဆက်သွယ်သွားရောက် သက်တမ်းတိုးကြရပါတယ်။ အရင်ကတော့ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ရုံး(စစ်ကိုင်း) အနေနဲ့ ကသာခရိုင်အတွင်းရှိတဲ့ မော်တော်ယာဉ်ပိုင်ရှင်များ မော်တော်ယာဉ်

လိုင်စင်သက်တမ်းတိုးကိစ္စ အဆင်ပြေဖို့အတွက် တစ်နှစ်ကိုနှစ်ကြိမ် ကသာခရိုင် အတွင်းသို့ နယ်လှည့်ကွင်းဆင်းပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပေးခဲ့ပါတယ်။ ကသာခရိုင်၊ ထီးချိုင့် ၊ ဗန်းမော် ၊အင်းတော်၊ ကသာမြို့နယ်များကို (၇.၁၂.၂၀၁၉) ရက်နေ့ကနေပြီးတော့ (၁၅.၁၂.၂၀၁၉)အထိ နယ်လှည့်ကွင်းဆင်းစစ်ဆေးခြင်းကို နောက်ဆုံးအကြိမ် ဆောင်ရွက်ပေးခဲ့ဖူးပါတယ်။၂၀၁၉ ခုနှစ်မှာ ဒီ Covid 19 ဖြစ်ပေါ်လာပြီးတော့ ရောဂါမကူးစက်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနရဲ့ အသွားအလာ ကန့်သတ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ပြန်ခဲ့တဲ့အတွက် ကျွန်တော်တို့ နယ်လှည့် ကွင်းဆင်းတဲ့လုပ်ငန်းကို ရပ်နားခဲ့ပါတယ်။ ကိုဗစ်ရောဂါ ကြောင့် ၂၀၂၀ ပြည့်အတွင်းမှာ ရုံးဝန်ဆောင်မှုလုပ်ငန်းတွေ ခေတ္တရပ်ဆိုင်းခဲ့ရပြီး ဝန်ဆောင်မှုလုပ်ငန်းတွေ ပြန်လည် စတင်တဲ့အချိန်မှာ သက်တမ်းလွန် ဒဏ်ကြေး တွေကို ကောက်ခံခြင်းမပြုဘဲ ဖြေလျှော့ ဆောင်ရွက်ပေးခဲ့ပါတယ်။ မော်တော် ယာဉ်မှတ်ပုံတင်သက်တမ်းတိုးဖို့ ပျက်ကွက်ခြင်း တစ်ဆက်တည်း (၅)နှစ်ကျော် ပြီးတော့ မှတ်ပုံတင်ဖျက်သိမ်းရတော့မယ့် ယာဉ်တွေကိုလည်း ဝန်ဆောင်မှု ရပ်ဆိုင်းတဲ့ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုဘဲ ကျွန်တော်တို့ ဆောင်ရွက် ပေးခဲ့ပါတယ်။ ဒီကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေနဲ့ ရောဂါမကူး စက်စေရေးနဲ့ မော်တော်ယာဉ်ပိုင်ရှင်တွေ အဆင်ပြေစေရေးအတွက် ဖြေလျှော့ ပြီးတော့ ရုံးကို မော်တော်ယာဉ်တွေ လာရောက်စစ်ဆေးရန်မလိုဘဲနဲ့ (အုံနာဘုတ်) တင်ပြပါက သက်တမ်းတိုးဆောင်ရွက် ပေးခဲ့ပါတယ်။ ကိုဗစ်ရောဂါ ပျံ့နှံ့မှု ထိန်းချုပ်သွားနိုင်ပြီးတော့ မော်တော်ယာဉ် သက်တမ်းတိုးရာမှာ ယာဉ်စစ်ဆေး ခြင်းလုပ်ငန်းကိုတော့ (၁.၁.၂၀၂၅)ကစပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ ကသာ ခရိုင်အတွင်းမှာရှိတဲ့ ယာဉ်ပိုင်ရှင်တွေအနေနဲ့ ၂၀၁၉ခုနှစ်မှ (၃၁.၁၂.၂၀၂၄)ရက် နေ့အထိ မော်တော်ယာဉ်တွေကို ယာဉ်စစ်ဆေးခြင်း ကင်းလွတ်ခွင့်နဲ့ သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး(စစ်ကိုင်း)မှာ ယာဉ်မှတ်ပုံတင်စာအုပ် (အုံနာဘုတ်)နှင့် ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ် အဝိုင်းတင်ပြပြီးတော့ ကျွန်တော်တို့ သက်တမ်းတိုးဆောင်ရွက်ခဲ့ကြပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်း မွန်လာရင်လည်း ကျွန်တော်တို့ ဒီစစ်ကိုင်းခရိုင် ရုံးကဝန်ထမ်းတွေဟာ ကသာခရိုင်မြို့နယ်များကို နယ်လှည့် ကွင်းဆင်းပြီးတော့

မော်တော်ယာဉ် သက်တမ်းတိုးတာတွေကို ကျွန်တော်တို့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် ၂၀၂၀ ပြည့်နှစ် ၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနဲ့ မော်တော်ယာဉ် မော်တော်ယာဉ်စီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၃၁၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၃) မှာ မော်တော်ယာဉ်တွေဟာမှတ်ပုံတင် သက်တမ်းကုန်ဆုံးပြီးနောက် ပုဒ်မ၂၈အရ သက်တမ်းတိုး မှတ်ပုံတင်ခြင်းဆောင်ရွက်ရန် တစ်ဆက်တည်း(၅)နှစ် ပျက်ကွက်မှု ဖြစ်ပွားနေလျှင် မော်တော်ယာဉ် မှတ်ပုံတင်ခြင်းကို ဖျက်သိမ်းရမယ်လို့ ပြဋ္ဌာန်း ထားပါတယ်။ ဒါပေမဲ့လို့ နယ်မြေဒေသ လုံခြုံရေးနဲ့ လမ်းပန်းဆက်သွယ်မှု အခက် အခဲတွေကြောင့် မှတ်ပုံတင်သက်တမ်း (၅)နှစ်ကျော်လွန်နေတဲ့ မော်တော်ယာဉ် တွေကို မော်တော်ယာဉ်သက်တမ်းတိုး လုပ်ငန်းပြန်လည် ဆောင်ရွက်နိုင်ချိန်မှာ တော့ စိစစ်ပြီးတော့ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ပြန်လည် ဆောင်ရွက်ချိန်မှာတော့ ခရိုင်ရုံး(စစ်ကိုင်း)နဲ့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ်အမှတ်(၂)မှ ဦးအောင်ဇော်ဝင်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ် ပါတယ်။

ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ လေးစားရပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ မဲဆန္ဒနယ်အသီးသီးမှ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်း မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်တင်ပြတောင်းခံမှာကတော့ ဟုမ္မလင်းမြို့နယ်၊ ကက်သာ စံပြကျေးရွာမှာ ရွာအဝင် တောင်တက်တောင်ဆင်းလမ်းအား အမာခံ ကွန်ကရစ် လမ်းခင်းခြင်း ကိစ္စနှင့်ပတ်သက်တဲ့ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကက်သာစံပြကျေးရွာဟာ ဟုမ္မလင်းမြို့ရဲ့ တစ်ဖက်ကမ်း ချင်းတွင်းမြစ်ဘေးမှာ တည်ရှိနေတာဖြစ်ပြီး ကက်သာကျေးရွာတွင် အိမ်ခြေ (၁၁၃၉)အိမ်ရှိပြီး အိမ်ထောင်စုပေါင်း (၁၁၃၉)စုရှိလျက် နေထိုင်သူဦးရေ (၇၅၆၂)ဦး နေထိုင်လျက်ရှိပါတယ်။ ရပ်ကွက်အပိုင်းလိုက်အားဖြင့် ရွာဦးပိုင်း၊ ရွာလယ်ပိုင်း၊ ရွာမှီးပိုင်း၊ တောင်ယာတောရပ်ကွက်၊ တောင်တန်းပြာရပ်ကွက်၊ ရွှေချောင်းသာ ရပ်ကွက်စတဲ့ (၆)ရပ်ကွက်ကြီးဖြင့် စုပေါင်းနေထိုင်ကြခြင်းဖြစ်ပါတယ်။ ရွာသူ ရွာသားများဟာ လယ်၊ ယာ၊ ကိုင်း၊ ကျွန်း စိုက်ပျိုးရေးလုပ်ငန်းများဖြင့် လုပ်ကိုင် စားသောက်သော တောင်သူများဖြစ်ပါတယ်။ ကက်သာကျေးရွာမှ ဟုမ္မလင်းမြို့သို့ သွားရောက်ရန်အတွက် ၎င်းလမ်းအား အသုံးပြုနေရပြီး တောင်တက် တောင်ဆင်း လမ်းဖြစ်သည့်အတွက် မိုးတွင်းကာလမှာ တောင်ကုန်းပေါ်မှမိုးရေများ စီးဆင်းနေ သည့်အတွက် လမ်းများမှာ ရေတိုက်စားမှုကြောင့် ရေမြောင်းများ ဖြစ်ပေါ်လျက် ရှိပြီး ဆိုင်ကယ်ကားများ သွားလာရန် ခက်ခဲနေပါတယ်။ တောင်ကုန်းအမြင့်မှာ ပေ(၄၀၀)ခန့် ရှိနေသည့်အတွက် မိုးရေတိုက်စားမှုကြောင့် ရေမြောင်းများဟာ နှစ်စဉ် ပြုပြင်နေရသည့်အတွက် အမာခံကွန်ကရစ်လမ်းခင်းပြီး ရေနုတ်မြောင်း များ ဆောက်လုပ်ပေးနိုင်ပါက သွားလာရန် အဆင်ပြေမည်ဖြစ်ပြီး နှစ်စဉ်ပြုပြင် ရသည့်ဒုက္ခမှ ကင်းဝေးမှာဖြစ်ပါတယ်။ ၎င်းလမ်းအား အသုံးပြုနေသောရွာများမှာ ကက်သာကျေးရွာအတွင်း ရွာများဖြစ်သော ထုံမာတဲကျေးရွာ၊ လိုင်မဆန်ကျေးရွာ၊ ဟူနောင်ကျေးရွာစသည့် ကျေးရွာများမှလည်း ၎င်းလမ်းအား နေ့စဉ်အသုံးပြုကာ ဟုမ္မလင်းမြို့သို့ သွားရောက်နိုင်သော လမ်းဖြစ်ပါတယ်။ အနီးရှိကျေးရွာများမှ ကျောင်းသူ/ကျောင်းသားများဟာ ကက်သာ အထက်တန်းကျောင်းသို့ လာရောက် ပညာသင်ယူရာမှာလည်း ၎င်းလမ်းကို အသုံးပြုသွားလာရသော လမ်းဖြစ်ပါတယ်။ ဘာသာရေး အဆောက်အဦများဖြစ်တဲ့ ဘုရားကျောင်း ကန်စေတီပုထိုးများနှင့် အနီးကပ်တည်ရှိနေတဲ့ လမ်းဖြစ်ပြီး တောင်ထိပ်မှနေ၍ တောင်ခြေအရောက် ပေ(၁၀၀၀)ခန့်ရှိပြီး ချဉ်းကပ်လမ်း အနေဖြင့် ပေ(၂၀၀)ရှိသောကြောင့် စုစုပေါင်း ပေ(၁၂၀၀)ရှိပါတယ်။ လမ်းဘေးဝဲယာ ရေနုတ်မြောင်းပြုလုပ်နိုင်ပါက ရေတိုက်စားခြင်းမှ ကာကွယ်နိုင်မည် ဖြစ်ပါတယ်။

လေးစားရပါသော လွတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျာ။

ဟုမ္မလင်းမြို့နယ်ရှိ အများပြည်သူများ၏ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအရ ကုန်စည်စီးဆင်းမှု မှန်ကန် မြန်ဆန်နိုင်ရေးအတွက် ကက်သာကျေးရွာအဝင် တောင်တက်တောင်ဆင်းလမ်းဟာ ဒေသဖွံ့ဖြိုးတိုးတက်ရေးအရ အမှန်တကယ် အမြန်ဆုံးလိုအပ်နေသော လမ်းတစ်ခုဖြစ်ကြောင်း တင်ပြတောင်းဆိုရခြင်းဖြစ်ပါတယ်။

ဒါကြောင့် လေးစားရပါသော လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဟုမ္မလင်းမြို့နယ်၊ ကက်သာကျေးရွာအဝင်-တောင်တက်၊ တောင်ဆင်းလမ်း ပေ(၁၂၀၀) လမ်းကို အမာခံကွန်ကရစ်လမ်းနှင့် ရေနုတ်မြောင်းအား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါတယ်။ တည်ဆောက်ပေးရန် အစီအစဉ်ရှိပါက လာမည့်ဘဏ္ဍာနှစ်တွင် ခွင့်ပြုဘတ်ဂျက်ဖြင့် ပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြတောင်းခံအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးဆန်းဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။ အားလုံးမင်္ဂလာပါခင်ဗျာ။

ယနေ့ စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော် ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်အကြီးအမှူးနှင့် လွတ်တော်ရုံးဝန်ထမ်းများ ၊ တက်ရောက် လာကြသူများအားလုံး စိတ္တသုခ ကာယသုခနှစ်ဖြာသော သုခနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟုမ္မလင်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂) ဦးအောင်ဇော်ဝင်းရဲ့ ဟုမ္မလင်းမြို့နယ် ကက်သာ စံပြကျေးရွာ ရွာအဝင် တောင်တက်တောင်ဆင်းလမ်းအား ကွန်ကရစ်လမ်းခင်းခြင်းနှင့် ရေနုတ်မြောင်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ဟုမ္မလင်းမြို့နယ်၊ ကက်သာစံပြကျေးရွာ ရွာအဝင် တောင်တက်တောင်ဆင်းလမ်းအပိုင်းဟာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ကက်သာ-မိုဘိုင်းလွတ်လမ်းမှတစ်ဆင့် ကက်သာကျေးရွာ စူလာမဏိကောင်းမှုတော်စေတီဘေးမှ ကက်သာကျေးရွာအတွင်းသို့ ဆက်သွယ်တဲ့ လမ်းပိုင်းတစ်ခုဖြစ်ပါတယ်။ အဲဒီလမ်းပိုင်းဟာ (၃.၅ဖာလုံ)ခန့် ရှည်လျားပြီး ရွာအဝင် (၁ဖာလုံ)ခန့်ဟာ အတက်/အဆင်းကြီးမားသော လမ်းပိုင်းဖြစ်နေပါတယ်။ ကက်သာကျေးရွာဟာ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် ကက်သာ-ထုံမာတဲလမ်း(ကက်သာရွာအဝင်လမ်းပိုင်း)မှတစ်ဆင့် လမ်းဦးစီးဌာနပိုင် ကက်သာ- အောင်ဇေယျလမ်းပိုင်းတို့ကို အသုံးပြုပြီးတော့မှ ဟုမ္မလင်းမြို့ကို ရာသီမရွေးဆက်သွယ်သွားလာနိုင်ပါတယ်။ ယခုလမ်းပိုင်းဟာလည်း ကက်သာကျေးရွာမှ ဟုမ္မလင်းမြို့သို့ ဆက်သွယ်သွားလာရာမှာ အကျိုးပြုတဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ ကက်သာကျေးရွာ ရွာအဝင် တောင်တက် တောင်ဆင်းလမ်းဟာ အိမ်ခြေ(၁၁၃၉)အိမ်၊ လူဦးရေ(၇၅၆၂)ဦး နေထိုင်တဲ့ ကက်သာကျေးရွာဟာ ကက်သာစံပြကျေးရွာရဲ့ အကျိုးပြုတဲ့ လမ်းတစ်လမ်းလည်း ဖြစ်ပါတယ်။ အဆိုပါလမ်းဟာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ကက်သာ-မိုဘိုင်းလွတ်လမ်းနှင့် ချိတ်ဆက်နေသော်လည်း ကက်သာရွာအဝင်လမ်းပိုင်းအရှည် (၃.၅ ဖာလုံ) ခန့်အား ကွန်ကရစ်လမ်းခင်းခြင်းနှင့် အတက်အဆင်းကြီးမားတဲ့ ရွာအဝင် လမ်းပိုင်း(၁ဖာလုံ)ကို ကွန်ကရစ်ရေမြောင်း ဆောက်လုပ်ရန်အတွက် ခွင့်ပြုလျာထားငွေတင်ပြတောင်းခံသွားမှာဖြစ်ပါတယ်။ ဘဏ္ဍာငွေရရှိပါက တိုင်းဒေသကြီးရန်ပုံငွေသို့မဟုတ် ပြည်ထောင်စု ရန်ပုံငွေများဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ချောင်းဦးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးသောင်းထိုက်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ လွတ်တော်

ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးနှင့်တကွ ဝန်ထမ်းများ အားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ လွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးသောင်းထိုက်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက် အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို ဆွေးနွေးမေးမြန်းသွားမှာဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်မှာ စိုက်ပျိုးမြေဧက(၆၀၀၀၀) ကျော်ရှိသည့်အနက် ချင်းတွင်းမြစ်ရေသောက် လယ်မြေဧက(၃၀၀၀၀)ကျော် ရှိပါသည်။ မိုးတွင်းကာလမှာ ချင်းတွင်းမြစ် ရေဝင်ရောက်သည့်အချိန်တွင် လယ်ယာမြေများ စိုက်ပျိုးရေရရှိနိုင်ရန်အတွက် တောကျောင်းကြီးကျေးရွာ (၁၄)ပေါက်၊ (၄)ပေါက်ရေတံခါးများ၊ ချင်းတွင်းမြစ်ကမ်းနံဘေးရှိ ရွှေလှေ၊ ရွှေကူး၊ အမြင့်၊ ဆူးလေကုန်း ရေဝင်ပေါက်တံခါးများ၊ မုံရွာမြို့နယ်၊ တောင်ပုံကျေးရွာနှင့် နဂါးတွင်းကျေးရွာရှိ ရေထိန်းခါးများ ဖွင့်လှစ်ပေးပါရန် ဆည်မြောင်းဦးစီးဌာန၏ ဆောင်ရွက်မှုအခြေအနေနှင့် မြစ်ရေဝင်ချောင်းများ တိမ်ကောလာကာ ရေစီး ကြောင်းပိတ်ဆို့နေမှုများအား လိုက်လံစစ်ဆေးပြီး တူးဖော်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးဆန်းဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး။ အားလုံး မင်္ဂလာပါခင်ဗျာ။ ယနေ့ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချောင်းဦးမြို့နယ်၊ မဲဆန္ဒနယ်ကိုယ်စားလှယ်အမှတ်(၁) ဦးသောင်းထိုက်ရဲ့ ဆည်မြောင်းဦးစီးဌာနအနေဖြင့် မြစ်ရေဝင်ချောင်းများ တိမ်ကော၍ ရေကြောင်း ပိတ်ဆို့နေမှုများအား တူးဖော်ပေးရန်နဲ့ ချောင်းဦးမြို့နယ်အတွင်းမှာရှိတဲ့ လယ်မြေ

ဧက(၃၀၀၀၀)ကျော် စိုက်ပျိုးရေရရှိရေးအတွက် မုံရွာမြို့နယ်၊ တောင်ပုံကျေးရွာနဲ့ နဂါးတွင်းကျေးရွာရှိတဲ့ ရေထိန်းတံခါးများအား ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း စပ်လျဉ်းတဲ့ မေးခွန်းနှင့်ပတ်သက်လို့ ပြန်လည် ဖြေကြားသွားမှာဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးသောင်းထိုက်ရဲ့ မေးခွန်းဖြစ်တဲ့ ချောင်းဦးမြို့နယ်မှာ စိုက်ပျိုးမြေဧက (၆၀၀၀၀)ကျော်ရှိတဲ့အနက် ချင်းတွင်းမြစ်ရေသောက် လယ်မြေဧက(၃၀၀၀၀)ကျော် ရှိပါတယ်။ မိုးတွင်းကာလမှာ ချင်းတွင်းမြစ် ရေဝင်ရောက်တဲ့အချိန်မှာ လယ်ယာမြေများ စိုက်ပျိုးရေ ရရှိရန်အတွက် တောကျောင်းကြီး ကျေးရွာမှာရှိတဲ့ ရေပေါက် (၁၄)ပေါက်တံခါးနဲ့ (၄)ပေါက်တံခါးများ ချင်းတွင်းမြစ်ကမ်းနံဘေး ရွှေလှေ၊ ရွှေကူး၊ အမြင့်၊ ဆူးလေကုန်း ရေဝင်တံခါးများရှိပါတယ်။ ချောင်းဦးမြို့နယ်၊ တောကျောင်းကြီးကျေးရွာ အနီးမှာရှိတဲ့ ပေါက်အင်းတာမှာ (၄)ပေအကျယ်၊ (၄)ပေအမြင့် အရွယ်အစားရှိတဲ့ ပေါက်အင်းအမှတ်(၁)ရေတံခါးမှာ (၁၄)ပေါက် ရှိပါတယ်။ အမှတ်(၂) ရေတံခါးမှာတော့ ရေတံခါးပေါက် (၄)ပေါက်ရှိပါတယ်။ ချင်းတွင်းမြစ်ရေ (၇၄၀)စင်တီမီတာကို ရောက်ရှိလာတဲ့အချိန်မှာ မြစ်ရေများအဲ့ဒီရေတံခါးမှ စတင်ဝင်ရောက်လာမှာ ဖြစ်ပါတယ်။ ချင်းတွင်းမြစ်ရေ(၇၄၀) စင်တီမီတာနဲ့အထက် မြစ်ရေတက်တဲ့အချိန်မှာ ရေတံခါးများပွင့်ပြီးတော့မှ နှစ်စဉ် စိုက်ပျိုးရေ ပေးဝေလျက်ရှိပါတယ်။ ယနေ့(၁၈.၆.၂၀၂၆)နေ့မှာဆိုရင် ချင်းတွင်းမြစ်ရေဟာ (၆၃၈)စင်တီမီတာကို ရောက်ရှိနေပြီဖြစ်ပါတယ်။ ချောင်းဦးမြို့နယ်၊ ချင်းတွင်းမြစ်ကမ်းနံဘေးမှာရှိတဲ့ ကျေးရွာများဖြစ်တဲ့ ရွှေလှေ၊ ရွှေကူးကျေးရွာ၊ အမြင့်ကျေးရွာနဲ့ ဆူးလေးကုန်းကျေးရွာ အနီးမှာရှိတဲ့ ချင်းတွင်းမြစ်ရေတက်ချိန်မှာ ချင်းတွင်းမြစ်မှ တိုက်ရိုက်ရေသွင်းယူတဲ့ ရေတံခါးများ ရှိပါတယ်။ ဆူးလေကုန်း ကျေးရွာ အနီးမှာရှိတဲ့ ဆူးလေကုန်း ရေတံခါးဟာ ချင်းတွင်းမြစ်ရေ (၅၂၇)စင်တီမီတာ ရောက်ရှိချိန်မှာ မြစ်ရေ စတင်ဝင်ရောက်နေပြီဖြစ်ပါတယ်။ ယနေ့အချိန်မှာ မြစ်ရေ စတင်ဝင်ရောက်နေပြီဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ယနေ့ဆိုရင် အမြင့်ကျေးရွာအနီးမှာရှိတဲ့ အမြင့်ရေတံခါးမှ ချင်းတွင်းမြစ်ရေ ရေတက်ချိန်မှာ ရေအရင်းမြစ်ဦးစီးဌာနမှ မြစ်ရေတင်စနစ်နဲ့ ရေပေးဝေတဲ့

မြောင်းလည်းရှိပါတယ်။ ရွှေကူးကျေးရွာအနီးမှာရှိတဲ့ ရွှေကူးရေတံခါးကနေပြီး တော့မှ ချင်းတွင်းမြစ်ရေအမှတ် (၅၆၃)စင်တီမီတာ ရောက်ရှိချိန်မှာ ရေစတင်ဝင်ရောက်ပါတယ်။ ချင်းတွင်းမြစ်ရေ အတက်အကျပေါ်မူတည်ပြီး ရေသွင်းယူရတဲ့ ရေမြောင်းများဖြစ်ပြီး ယခုလက်ရှိမှာတော့ ရေတံခါးများ ကြံ့ခိုင်မှု ဆောင်ရွက်ထားရှိပြီး ချင်းတွင်းမြစ်ရေအမှတ် မြင့်တက်လာချိန်မှာ ရေသွင်းယူနိုင်အောင် ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ယနေ့ဆိုရင် ရေတံခါးတွေဟာ ရေဝင်ရောက်နေပြီ ဖြစ်ပါတယ်။ မုံရွာမြို့နယ်၊ တောင်ပုံကျေးရွာဟာ တောင်ပုံတာ(၅) ပေါက်တွဲရေတံခါးနှင့် တောင်ပုံ(၁၀)ပေါက်တွဲ ရေတံခါးများမှာ ယခုလက်ရှိ အချိန်မှာ ရေတံခါးများ ဖွင့်လှစ်ထားရှိပါတယ်။ တောင်ပုံ(၁၀)ပေါက်တွဲ ရေတံခါးနဲ့ အောက်ဖက် (၂)မိုင်ခန့်အကွာမှာရှိတဲ့ (၂၀၂၀-၂၀၂၁)ဘဏ္ဍာရေးနှစ်က တည်ဆောက်ခဲ့တဲ့ (၉)တွဲပေါက် ရေတံခါးတည်ရှိပါတယ်။ ယခုလက်ရှိအချိန်မှာ ရေတံခါးများ ဖွင့်လှစ်ထားရှိပြီးဖြစ်ပါတယ်။ တောင်ပုံ(၅)ပေါက်တွဲ ရေတံခါးမှာ ချင်းတွင်းမြစ်ရေ (၉၂၈)စင်တီမီတာ ရောက်ရှိချိန်ရောက်မှပဲ ရေကစတင်ဝင်ရောက်လာတာ ဖြစ်ပါတယ်။ အလားတူ တောင်ပုံ(၁၀)ပေါက်တွဲ ရေတံခါးနဲ့ (၉)တွဲပေါက် (၅)ပေါက်တွဲ ရေတံခါးများဟာလည်း ချင်းတွင်းမြစ်ရေ ရေတက်ချိန် (၉၈၀)စင်တီမီတာ ကျော်တဲ့အချိန်မှသာ ရေစတင်ဝင်ရောက်တာဖြစ်ပါတယ်။ ၎င်းရေ တံခါးများမှ တစ်ဆင့် ချောင်းဦးမြို့နယ်မှာရှိတဲ့ အောင်ချမ်းသာကျေးရွာ အနီးမှာရှိတဲ့ အောင်တံခွန်ပင်မရေတံခါးသို့ မြစ်ရေ စတင်ဝင်ရောက်ရှိပါတယ်။ ချင်းတွင်းမြစ်ရေ အမှတ် (၉၈၀)စင်တီမီတာအထက်ရောက်ရှိချိန် ကြာမြင့်မှသာ တောင်ပုံတာအတွင်းမှာ ရေဝင်ရောက်မှုက များပြားပြီး ရေပေးဝေမှုက လွယ်ကူစေပါတယ်။ ရေဝင်ရောက်တဲ့အချိန်ကြာလေ ကျွန်တော်တို့က ရေဝင်ရောက်မှု အားကောင်းလေဖြစ်ပါတယ်။ ရေဝင်ရောက်မှု ကြာချိန်နည်းပါက ရေထိန်းညှိကွပ်ကဲရန် ခက်ခဲပါတယ်။ ဒါကျွန်တော်တို့ရဲ့ မုံရွာမြို့ရဲ့ဟာ စိုးရိမ်ရေအမှတ်အားလုံး သိပြီးသားဖြစ်တဲ့ စင်တီမီတာ(၁၀၀၀) ဖြစ်ပါတယ်။ ၁၀၀၀ဆိုတော့ (၉၈၀)စင်တီမီတာ ရောက်မှဝင်တာဖြစ်တဲ့အတွက် စိုးရိမ်ရေအမှတ်နားနီးမှ ဒီတာရိုးဟာ ရေဝင်တဲ့ သဘောဖြစ်နေပါတယ်။ ချောင်းဦးမြို့နယ်၊ ဆူးလေကုန်းရေတံခါးနှင့် ရွှေကူရေတံခါး ရေသွင်းမြောင်းတွေဟာ (၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးတင်ဒါရန်ပုံငွေနဲ့ သဲနုန်းတူးဖော်ရေးလုပ်ငန်းများကို ဆောက်ရွက်ခဲ့ပါတယ်။

မြင်သာကျေးရွာအနီးမှာ တောင်ပုံရေခေါ်မြောင်းဟာ သဲနုန်းတင်ပြီးတော့မှ မြောင်းများ ပိတ်ဆို့နေပါတယ်။ မြောင်းအလျားဟာ(၁၆၈၉၆)ပေ အကျယ်က(၄၀) ပျမ်းမျှအနက် (၁၀)ပေလောက် တူးဖော်နိုင်တယ်ဆိုပါက (၉၂၄)စင်တီမီတာကို မြစ်ရေရောက်လာတာနဲ့ တစ်ပြိုင်နက် မြောင်းထဲကိုရေဝင်မှာ ဖြစ်ပါတယ်။ အဆိုပါရေနုတ်မြောင်း တူးဖော်ပေးပါက မြစ်ရေများ လျင်မြန်စွာ စီးဝင်လာပြီး မုံရွာ၊ ချောင်းဦး တောင်သူများ ချင်းတွင်းမြစ်ရေရဲ့ ရေလုံလောက်စွာ ရရှိပြီး စိုက်ပျိုးရေ ပိုမိုရရှိကာ ချောင်းဦးမြို့နယ်၊ ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ချင်းတွင်းမြစ်ရေ ရေတက်ချိန်မှာ ပေါက်အင်း တာမှာရှိတဲ့ ရေတံခါးနှင့်ချင်းတွင်းတာမှာရှိတဲ့ ရေတံခါးများမှာ ရေသွင်းပြီး နှစ်စဉ် လယ်ယာမြေများ ရေရရှိရေးအတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မုံရွာမြို့ တောင်ပုံရေတံခါးမှ ရေရရှိရေးအတွက်လည်း မုံရွာမြို့နယ် ဆည်မြောင်းနဲ့ ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီဌာနအနေဖြင့်လည်း ချိတ်ဆက်ပြီး ချောင်းဦးမြို့ လယ်ယာမြေယာမြေများရေရရှိရေးအတွက် နှစ်စဉ် ဆောင်ရွက်လျက်ရှိပါကြောင်းနဲ့ မြစ်ရေဝင်ချောင်းများ တိမ်ကောပါက ရေစီးကြောင်း ပိတ်ဆို့နေမှုကို ကွင်းဆင်းစစ်ဆေးပြီး ရေခေါ်မြောင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်ရေးနှစ်မှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ သို့မဟုတ် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှာ တင်ပြတောင်းခံသွားပြီး ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီး လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးတင်မောင်မြင့်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ အားလုံး မင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးတင်မောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့် အနေဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်း(၁)ခု တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်တို့ ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်အတွင်းရှိ မင်္ဂလာဥယျာဉ်ကွင်း၊ ညောင်ပင်သာကွင်း၊ အောင်မင်္ဂလာကွင်းရှိ လယ်ယာမြေ (၁၄၇၃)ကေသည် သံတံတားချောင်းပိတ်ဆို့မှုကြောင့် လယ်ယာမြေ စိုက်ပျိုးနိုင်ခြင်း မရှိဘဲ တောင်သူများ အခက်အခဲများဖြင့် ရင်ဆိုင်နေရပါတယ်။ အဆိုပါ သံတံတား ချောင်းမှ ရေမြောင်းပိတ်ဆို့မှုမှာ မင်္ဂလာဥယျာဉ်ရပ်ကွက်အတွင်းတွင် (၁)မိုင်ခန့် ရှည်လျားပြီး၊ ထိုရေမြောင်းမှာ ၂၀၁၅ ခုနှစ်၊ ကလေးမြို့ ရေကြီးရေလျှံမှု ဖြစ်ပြီးနောက်ပိုင်း ပိတ်ဆို့သွားခြင်းဖြစ်ပါသည်။ ယခုအချိန်ထိ ထိုမြောင်းပိတ်ဆို့ မှုကြောင့် မိုးတွင်းအခါတွင် ရပ်ကွက်အတွင်းသို့ ရေကြီးရေလျှံမှုများဖြစ်ခြင်း၊ တောင်သူများ လယ်ယာမြေစိုက်ပျိုးနိုင်ခြင်းမရှိခြင်းတို့ကြောင့် မြို့သာယာလှပ ရေးနှင့် ရေစီးရေလာကောင်းမွန်ရေး၊ တောင်သူလယ်သမားများ လယ်ယာမြေ စိုက်ပျိုးနိုင်မှုရှိစေရန်အတွက် အဆိုပါရေမြောင်းကို တူးဖော်ခြင်းလုပ်ငန်း လုပ်ဆောင်ပေးနိုင်မှုရှိ/မရှိကို ရပ်ကွက်နေပြည်သူများနှင့် တောင်သူလယ်သမား များ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးဆန်းဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး။ အားလုံး မင်္ဂလာပါခင်ဗျာ။ ယနေ့ အခမ်းအနားသို့ ကြွရောက်လာကြတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီး များနှင့် တက်ရောက်လာကြသူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ် ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့

ဖောင်းပြင်မြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးတင်မောင်မြင့်ရဲ့ မေးခွန်းဖြစ်တဲ့ ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်အတွင်းရှိ မင်္ဂလာဥယျာဉ်ကွင်း၊ ညောင်ပင်သာကွင်း၊ အောင်မင်္ဂလာကွင်းရှိ လယ်ယာမြေ(၁၄၇၃)ဧကဟာ သံတံတားချောင်းပိတ်ဆို့မှုကြောင့် လယ်ယာမြေစိုက်ပျိုးနိုင်ခြင်းမရှိဘဲ တောင်သူများအခက်အခဲ ဖြစ်နေရတဲ့အပေါ်မှာ အဆိုပါသံတံတားချောင်းမှ ရေမြောင်းပိတ်ဆို့မှုဟာ မင်္ဂလာဥယျာဉ်ရပ်ကွက်အတွင်း (၁)မိုင်ခန့်ရှည်လျားပြီး၊ ထိုရေမြောင်းမှာ ၂၀၁၅ ခုနှစ်၊ ကလေးမြို့ ရေကြီးရေလျှံမှုဖြစ်တဲ့နောက်ပိုင်း ပိတ်ဆို့သွားခြင်းဖြစ်ပြီး ယခု အချိန်ထိထိုရေမြောင်း ပိတ်ဆို့နေမှုကြောင့် ရပ်ကွက်အတွင်းသို့ ရေကြီးရေလျှံမှုများဖြစ်ခြင်း တောင်သူများ လယ်ယာမြေစိုက်ပျိုးနိုင်မှုမရှိခြင်းတို့ကြောင့် မြို့သာယာလှပရေးနဲ့ ရေစီးရေလာကောင်းမွန်ရေး၊ တောင်သူလယ်သမားများ လယ်ယာမြေစိုက်ပျိုးနိုင်မှု ရရှိစေရန်အတွက် ထိုရေမြောင်းကို တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့မှာ ကလေးမြို့အတွင်းမှာရှိတဲ့ သံတံတားချောင်းဟာ ကလေးမြို့ပေါ် ရပ်ကွက်များအတွင်းမှ ဖြတ်သန်းစီးဆင်းပြီး မင်္ဂလာဥယျာဉ်ရပ်ကွက်အတွင်းရှိ လယ်ယာမြေများအကြားကို ကျော်ဖြတ်ကာ မြစ်သာမြစ်အတွင်းသို့ စီးဝင်သွားတဲ့ အဓိကရေနုတ်မြောင်း၊ ရေဆင်းချောင်းတစ်ခု ဖြစ်ပါတယ်။ ယခုအခါ မင်္ဂလာဥယျာဉ်ကျောင်းတိုက်အဝင် လမ်းတံတားအနီးမှ မြစ်သာမြစ်ဝအထိ စုစုပေါင်းအလျားပေ(၂၄၂၀)ရှိတဲ့ သံတံတားချောင်းအပိုင်းဟာ မြို့တွင်းမှ စွန့်ပစ်လိုက်တဲ့ အမှိုက်သရိုက်များနှင့် သဲနုံးအဆမတန် ပို့ချလာမှုကြောင့် ချောင်းမြောင်းများ တိမ်ကောပိတ်ဆို့လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထိုသို့ သံတံတားချောင်းရေစီးရေလာ ပိတ်ဆို့မှုကြောင့် ကလေးမြို့၊ မင်္ဂလာဥယျာဉ်ရပ်ကွက်အတွင်းမှာရှိတဲ့ မင်္ဂလာဥယျာဉ်ကွင်း၊ ညောင်ပင်သာကွင်းနှင့် အောင်မင်္ဂလာကွင်းတို့မှာရှိတဲ့ စုစုပေါင်းလယ်မြေ(၁၄၇၃)ဧကအား စိုက်ပျိုးတဲ့အချိန်မှာ ရေလျှံခြင်း၊ ရေနုတ်မြောင်းများမှ ရေကျော်ခြင်းတို့ကြောင့် ရာသီအလိုက် သီးနှံများ စိုက်ပျိုးနိုင်ခြင်းမရှိကြောင်း၊ ဒေသခံတောင်သူများရဲ့ တင်ပြချက်အရ သိရှိရပါတယ်။ ဒါကြောင့်မို့လို ဒေသခံတောင်သူများရဲ့ လူမှုစီးပွားဘဝအခက်အခဲ

များလည်း များစွာကြုံတွေ့နေရကြောင်း မြေပြင်ကွင်းဆင်းစစ်ဆေးချက်များအရ သိရှိရပါတယ်။ ထိုကဲ့သို့ ကလေးမြို့ရဲ့ မြို့တွင်းရေစီးရေလာကောင်းမွန်စေရေးနှင့် အဓိကကြုံတွေ့နေရတဲ့ တောင်သူလယ်သမားများရဲ့ လယ်ယာမြေများ ပြန်လည် စိုက်ပျိုးနိုင်ရေးတို့အတွက် အဆိုပါ တိမ်ကောလျက်ရှိတဲ့ သံတံတားချောင်းအပိုင်း အလျားပေ(၂၄၂၀၀)အား အောက်ခြေအကျယ်(၇)ပေ၊ ထိပ်ဝအကျယ်(၁၅)ပေနဲ့ သဲနုံးတူးဖော်ရမယ့်အနက်(၄)ပေ သတ်မှတ်ကာ စနစ်တကျ သဲနုံးတူးဖော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုအပ်လျက်ရှိပါတယ်။ ယနေ့အချိန်အခါမှာတော့ သက်ဆိုင်ရာဌာန ကနေပြီးတော့မှ အသေးစိတ်တွက်ချက်မှုပုံစံနဲ့ကို ကျပ်သန်း(၉၇.၇၅)သန်းနဲ့ တွက်ချက်တင်ပြထားပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို နီးစပ်ရာရန်ပုံငွေမှာ တင်ပြပြီးတော့ ရန်ပုံငွေ ခွဲဝေချထားမှုရရှိပါက ဒီသံတံတားချောင်း အမြန်ဖော်ထုတ်ရေးကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ခန္တီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ဦးမြတ်ကိုအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးမြတ်ကို၊ ခန္တီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ကို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

အမှတ်(၃)ကျောင်းဘေး ခတ္တာလမ်း၊ နောင်ရိုးလမ်း၊ ပေါမိုင်း-သာစည်ကွန်ကရစ်လမ်းဆုံအထိ ပေ(၁၅၅၅)ပေအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/ မရှိကို ကြယ်ပွင့်ပြအနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ခန္တီးမြို့နယ်ဟာ ခက်ခဲတဲ့မြို့ဖြစ်ပါတယ်။ လမ်းအပိုင်းမှာ ဆိုရင်လည်း မပြည့်စုံတဲ့ မြို့ဖြစ်ပါတယ်။ မြို့ပေါ်မှာရော၊ ကျေးလက်တွေမှာပါ လိုအပ်ချက်တွေအများကြီးရှိနေတဲ့ မြို့ဖြစ်ပါတယ်။

ယခုတင်ပြတဲ့ နောင်ရိုးလမ်းဟာဆိုရင်လည်း နေ့စဉ် ရဟန်း၊ သံဃာတွေ ပြီးရင်ကျောင်းသား/ကျောင်းသူတွေ ပြီးရင် ပြည်သူလူထုတွေ နေ့စဉ်သွားနေတဲ့ လမ်းဖြစ်ပါတယ်။ ဒီလမ်းဟာ ကွန်ကရစ်ခင်းဖို့ရာ ကျန်နေပါတယ်။ ကျန်တာလည်း အများကြီးကျန်တာမဟုတ်ပါဘူး။ ခတ္တာလမ်းမှာဆိုရင် (၄၄၀)ပေလောက်ကျန်တယ်။ နောင်ရိုးလမ်းမှာဆိုရင် (၁၁၁၅)ပေ ကျန်ပါတယ်။ အဲလိုကျန်နေလို့ တင်ပြရခြင်း ဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်သူတွေရဲ့ အခွန်အခနဲ့ ဆောင်ရွက်မှာဆိုတာလည်း သိပါတယ်။ ပြည်သူ့ရဲ့ အခွန်အခနဲ့ ခန္တီးမြို့ရဲ့ ဝင်ငွေနဲ့ မတက်နိုင်တဲ့အတွက် တင်ပြအကူအညီတောင်းခံရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။

နေ့စဉ်အမြဲအသုံးပြုနေသော အမှတ်(၃)ကျောင်း ခတ္တာလမ်း၊ နောင်ရိုးလမ်းမပေါ် ပေါမိုင်း-သာစည် ကွန်ကရစ်လမ်းဆုံအထိပေ (၁၅၅၅)ပေအား ကွန်ကရစ်လမ်းခင်းခြင်း ပြုလုပ်ပေးသွားရန် အစီအစဉ်ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်။ ကျေးဇူး တင်ပါတယ် ။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာ ရေးဝန်ကြီး၊ ဒေါက်တာသောင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီခန္တီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးမြတ်ကိုရဲ့ မေးခွန်းဖြစ်တဲ့ အမှတ်(၃)ကျောင်း ခတ္တာလမ်းနဲ့ နောင်ရိုးလမ်း ပေါမိုင်း-သာစည်ကွန်ကရစ်လမ်းအထိ

ပေ(၁၅၅၅)ပေအား ကွန်ကရစ်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အပေါင်းခင်ဗျာ။

ခန္ဓီးမြို့ အ.ထ.က(၃) အနီးမှာဆိုရင် ခတ္တာလမ်းဟာ ပေ(၁၆၅၀)ပေရှိပြီးတော့မှ လက်ရှိမှာဆိုရင် ပေ(၄၉၅)ပေ ကွန်ကရစ်ခင်းထားပြီးဖြစ်ပါတယ်။ ကျန်တာကတော့ ရှိပါသေးတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ (၄၄၀)ပေ ကွန်ကရစ်လမ်းခင်းဖို့ရာအတွက် စီမံထားပါတယ်ခင်ဗျ။ နောက်တစ်ချက်ကတော့ နောင်ရိုးလမ်းဟာ စုစုပေါင်းလမ်းအရှည်ကတော့ (၈၁၀၅)ပေရှိပါတယ်။ (၆၉၉၀)ပေကတော့ ကွန်ကရစ်လမ်းခင်းပြီးဖြစ်ပါတယ်။ (၁၁၁၅)ပေဟာ ကွန်ကရစ်လမ်းခင်းရန်အတွက် ကျန်ရှိတဲ့အတွက်ကြောင့် ခတ္တာလမ်းနဲ့ တစ်ဆက်တစ်စပ်တည်း ကွန်ကရစ်လမ်းအဖြစ် စုစုပေါင်းပေ(၁၅၅၅)ပေကို ခင်းဖို့ရာအတွက် စီမံထားပါတယ်ခင်ဗျာ့။ ခတ္တာလမ်းနဲ့ နောင်ရိုးလမ်းဟာဆိုရင် အ.ထ.က(၃)ကျောင်းရဲ့ မြောက်ဘက်မှာရှိပြီးတော့မှ ကျောင်းသား/ကျောင်းသူတွေသွားလာရေး လွယ်ကူ ချောမွေ့စေရန်နဲ့ မြို့တွင်းအဓိက အသုံးပြုနေတဲ့ လမ်းပိုင်းဖြစ်တဲ့အတွက်ကြောင့် အဆိုပါလမ်း(၂)လမ်း ခင်းရန်ကျန်ရှိတဲ့ ပေ(၁၅၅၅)ပေကို အကျယ်(၁၄)ပေ၊ ထု (၉)လက်မရှိတဲ့ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရေး ဒေသန္တရစီမံကိန်းထဲမှာ ထည့်သွင်းလျာထားပြီးတော့မှ ရန်ပုံငွေရရှိတဲ့အပေါ်မှာမူတည်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးသက်အောင်ဇော်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားရပါသော တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌနှင့်တကွ မဲဆန္ဒနယ်အသီးသီးမှ တက်ရောက်လာကြတဲ့ လွတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်၊ ဦးသက်အောင်ဇော်

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရမေးခွန်း တစ်ခုကို မေးမြန်းသွားမည်ဖြစ်ပါတယ်။

စစ်ကိုင်းမြို့၊ ထုံးဘိုရပ်ကွက်၊ ရွှေဒုံးနယ်မြေအတွင်း လမ်းအရှည်(၅၈၀)ပေ၊ အကျယ်(၁၀)ပေရှိ ရွာလယ်လမ်းမကြီးသည် ရဟန်းသံဃာတော်များနှင့် ပြည်သူများနေ့စဉ်သွားလာနေရသော လမ်းမကြီးဖြစ်ပြီး ရာသီဥတုနှင့် သဘာဝဘေးအခြေအနေကြောင့် ပျက်စီးယိုယွင်းနေပါသဖြင့် ပြုပြင်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း မေးမြန်းအပ်ပါသည်။ အားလုံး လေးစားပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီး၊ ဒေါက်တာသောင်းနိုင် ဖြစ်ပါတယ်။ စစ်ကိုင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးသက်အောင်ဇော်ရဲ့ မေးခွန်းဖြစ်တဲ့ စစ်ကိုင်းမြို့၊ ထုံးဘိုရပ်ကွက်၊ ရွှေဒုံးနယ်မြေအတွင်းလမ်းမကြီး (၅၈၀)အရှည်၊ (၁၀)ပေအကျယ်ရှိတဲ့ ရဟန်းသံဃာတော်များနှင့် ပြည်သူများနေ့စဉ် သွားလာနေရသော လမ်းမကြီးဖြစ်ပြီးတော့မှ ရာသီဥတုနဲ့ သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးယိုယွင်းနေတဲ့အတွက် ပြုပြင်ပေးနိုင်ပါရန်ရှိ/မရှိ မေးခွန်းနဲ့ပတ်သက်ပြီးတော့မှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

စစ်ကိုင်းမြို့၊ ထုံးဘိုရပ်ကွက်၊ ရွှေဒုံးနယ်မြေအတွင်းမှာ ရွာလယ်လမ်းမကြီးလို့ခေါ်ပါတယ်။ စစ်ကိုင်းမြို့နယ်၊ စည်ပင်သာယာရေးအဖွဲ့ကနေပြီးတော့မှ မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့တဲ့နေရာမှာ စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကနေပြီးတော့မှ ၂၀၁၉ ခုနှစ်မှာဆိုရင် ဒီလမ်းဟာ ကိုယ့်အား

ကိုယ်ကိုးလမ်းဖြစ်တဲ့အတွက်ကြောင့်မို့ ဘိလပ်မြေထောက်ပံ့ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အရှည်(၈၂၀)၊ အကျယ်(၁၀)ပေ ကွန်ကရစ်လမ်းဖြစ်ပါတယ်။ ကွင်းဆင်းစစ်ဆေးချက်တွေအရ လမ်းပိုင်းပထမပိုင်း လမ်းအရှည်ပေ(၃၇၀)မှာ ဆိုရင် ကွန်ကရစ်လမ်းသား ကောင်းမွန်ပြီးတော့မှ ဒုတိယပိုင်းဖြစ်တဲ့လမ်း အရှည် (၄၅၀)ဟာဆိုရင် ရေဝပ်ဧရိယာ(၃)နေရာခန့် ရှိနေတာကို တွေ့ရှိရပါတယ်။ လမ်းနယ်ရဲ့အကျယ်ဟာ (၁၂)ပေခန့်သာရှိတဲ့အတွက် ရေမြောင်းတွေ ဆောင်ရွက်ပေးနိုင်ခြင်း မရှိဘူးဖြစ်နေပါတယ်။ နောက်တစ်ခုက အိမ်ဝန်းခြံစည်းရိုးများဟာလည်း လမ်းနယ်ကုန်တွင် တည်ရှိနေတဲ့အတွက်ကြောင့် Box Culvert တွေလည်း ဆောင်ရွက်နိုင်ခြင်း မရှိတဲ့အတွက်ကြောင့် လမ်းဟာဆိုရင် ရေဝပ်နေကြောင်း တွေ့ရှိရပါတယ်။ လက်ရှိလမ်းဟာဆိုရင် Level မှာလည်း လမ်းဘေးဝဲယာရဲ့ နေအိမ်များရဲ့ Ground level ရဲ့အောက်မှာ နိမ့်ကျနေတဲ့အတွက်ကြောင့် ဧရာဝတီမြစ်ရေတက်ချိန်မှာ ဆိုရင် လမ်းတစ်လျှောက် ရေကြီးနစ်မြုပ်တဲ့အချိန်ကာလ ကြာမြင့်ကြောင်း တွေ့ရှိရပါတယ်။ ပြည်သူများနေ့စဉ်သွားလာ အသုံးပြုနေတဲ့အတွက်ကြောင့် ကွန်ကရစ်လမ်းသားအား Level ညှိပြီးတော့မှ ဖြည့်ခင်းတဲ့ပြုပြင်ဆောင်ရန်အတွက်လည်း ဒေသန္တရစီမံကိန်းထဲမှာ ထည့်သွင်းလျာထားပြီးတော့မှ ရန်ပုံငွေရရှိတဲ့အပေါ်မှာ မူတည်ပြီးတော့မှ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

တစ်ဆက်တစ်စပ်တည်းအနေနဲ့ လွတ်တော်ဥက္ကဋ္ဌကြီးကို ခွင့်ပန်ကြားပါတယ်ခင်ဗျ။ မနေ့က ဦးမင်းဇော်ရဲ့မေးခွန်း ကျွန်တော်တို့ အဲဒါလေးနဲ့ ပတ်သက်ပြီးတော့ ပြန်လည်ဖြေကြားလိုတဲ့အတွက်ကြောင့်မို့ ခွင့်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဝန်ကြီးခင်ဗျား။ ကျွန်တော်တို့က ဆွေးနွေးချက်များကို သက်ဆိုင်ရာမေးမြန်းတဲ့သူနဲ့ ထပ်မံဆွေးနွေးလိုတဲ့သူတွေကို ကျွန်တော်တို့ အချိန်ပေးထားခြင်းဖြစ်ပါတယ်။ မနေ့ကတည်းက ဝန်ကြီးအတွက်လည်း အဆင်ပြေအောင် ကျွန်တော်တို့က ထပ်မံပြီး ရက်ချိန်းပေးထားတဲ့အတွက် နောက်ဆုံးရက် အစီအစဉ်များရဲ့ နောက်ဆုံးမှာ ထည့်သွင်းထားပါကြောင်း ပြောကြားလိုပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။

ဟုတ်ကဲ့ပါ ကျေးဇူးတင်ပါတယ် ခင်ဗျာ။

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပြီ ဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းမှုနှင့်ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့် ၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၆)ကိုဆောင်ရွက်ပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

လွှတ်တော်အစည်းအဝေး နဝမနေ့မှာ လွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီမှာ ပါဝင်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များရဲ့ အမည်စာရင်း ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ကော်မတီ၏ တာဝန် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့နှင့်စပ်လျဉ်းပြီး လွှတ်တော်၌ ရှင်းလင်းဖတ်ကြား တင်ပြခဲ့ပြီးဖြစ်ပါတယ်။

အဆိုပါကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနဲ့ပတ်သက်ပြီး ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်ရှိပါက ၂၀၂၆ခုနှစ်၊ ဇွန်လ(၁၇)ရက်(ဗုဒ္ဓဟူးနေ့) ညနေ(၁၅:၀၀)နာရီ အချိန်အရောက် အမည်စာရင်းတင်ပြရန် အကြောင်းကြားခဲ့သော်လည်း ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မျှ တင်ပြလာခြင်းမရှိတာ တွေ့ရပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် ကော်မတီရဲ့တာဝန် လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။(သုံးကြိမ်မေးသည်)

လွတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။ (သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွတ်တော်က သဘောတူတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီမှာ ဥက္ကဋ္ဌအဖြစ် ဦးမင်းဇော်၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)နှင့် အတွင်းရေးမှူး(၁)အဖြစ် ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်၊ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး(၂)အဖြစ် ဒေါ်ဆန်းစစ်ရှိုး၊ လေးရှိုးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁)အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁) ဦးတိုးမြင့်၊ ဒီပဲယင်းမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၃) ဦးမင်းဆွေ၊ ကလေးမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးရဲမင်းအောင်၊ ပုလဲမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၅) ဦးအံ့ကျော်၊ ချောင်းဦးမြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၇) ကြည်း-၅၃၇၂၈၊ ဗိုလ်မှူးငြိမ်းချမ်းကို၊ တပ်မတော်သားလွတ်တော် ကိုယ်စားလှယ်၊

(၈) ကြည်း-၅၃၄၁၇၊ ဗိုလ်ကြီးရဲရန်နိုင် တပ်မတော်သားလွတ်တော် ကိုယ်စားလှယ်တို့ကို တာဝန်ပေးဖွဲ့စည်းကြောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(တူထုသည်)

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ ရုပ်နားကြောင်းနှင့် အစည်းအဝေး (၁၁)မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခု တတိယအကြိမ် စစ်ကိုင်တိုင်းဒေသကြီးလွတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒသမနေ့ကို ရုပ်နားပါမယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၉)ရက်(သောကြာနေ့) နံနက် (၁၀း၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျာ။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျာ။

{တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို (၁၁း၁၀)နာရီအချိန်တွင် ရုပ်နားပါသည်။}

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှတ်တမ်း
၁၃၈၈ ခု၊ ပထမဝါဆိုလဆန်း ၅ ရက်
(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက်) (သောကြာနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက် နေ့ကို နံနက် (၁၀:၀၀)နာရီ အချိန်၌ စတင်ကျင်းပပါသည်။

{အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌ တက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ကိုင်းတိုင်း ဒေသကြီး လွှတ်တော်ရုံး)က ဆောင်ရွက်ပါသည်။}

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ်များကို စတင်ပါတော့မယ်ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာ ပါပြီခင်ဗျာ။ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ထိုင်နိုင်ကြပါပြီခင်ဗျာ။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၁၁)ရက်မြောက်နေ့မှာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးတက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးရှိသည့်အနက် (၇၇)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ (၉၀.၅၉)ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ်

စုစုပေါင်းဦးရေ သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄ (ခ)အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ နည်းဥပဒေ ၃၅(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အဆိုပါ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန် ကြားခြင်းနှင့် အစည်းအဝေး တက်ရောက်နိုင်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူ၍မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ကို ဆောင်ရွက်ပါမယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ)အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီမှ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ယနေ့ ၂၀၂၆ခုနှစ်၊ ဇွန်လ(၁၉)ရက် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့သို့ တက်ရောက်နိုင်ခြင်း မရှိသည့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှု အခြေအနေအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးနှင့်လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီ၊ ရေဦးမြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ကျွန်တော် ဦးအောင်လင်းဆန်းမှ အောက်ဖော်ပြပါ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားသွားမည်ဖြစ်ပါတယ်-

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

(၁) ဦးအောင်ဇော်ဦး၊ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး၊

(၂) ဦးဆန်းဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး တို့သည် ကိုယ်တိုင်ဆောင်ရွက်ရမည့် ကိစ္စရပ်များ ဆောင်ရွက်ရန်ရှိသဖြင့် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်ရန် ပျက်ကွက်ခြင်းကို ၎င်းတို့၏ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ် ခင်ဗျာ။

ဥက္ကဋ္ဌ။ ခွင့်ပန်ကြားသူ အားလုံးကို ခွင့်ပြုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် ယခင်နေ့က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၆)ဦး၊ ယနေ့ အစည်းအဝေးသို့ ပြန်လည်တက်ရောက်သူ မရှိပါ။ ယနေ့ခွင့်ပန်ကြား၍ ခွင့်ပြု ထားသူ (၂)ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၈)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

ဥက္ကဋ္ဌ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါ့မယ်။ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုနိုင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျာ။ (သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။ (သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူတဲ့အတွက် လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၅)ကို ဆက်လက်ဆောင်ရွက်သွားပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပထမဦးစွာ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင်မင်းထွဋ်အား ခွင့်ပြုမေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။

လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ လွတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးတင်မင်းထွဋ် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လွတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြမေးခွန်း(၁)ခု မေးမြန်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဖောင်းပြင်မြို့နယ်အတွင်းရှိ စစ်ဘေးရှောင်မိသားစုများကို စစ်ဘေးရှောင် ထောက်ပံ့ကြေးများပေးအပ်ရာတွင် မိဘပြည်သူများရဲ့တင်ပြချက်အရ လူဦးရေ (၃၀၀)ခန့်ဟာ ကျွန်တော်တို့ဆီ စာရင်းပေးလာပါတယ်။ စစ်ဘေးရှောင် (၅)နှစ်လောက်ကို လုံးဝ မရရှိသေးတဲ့အကြောင်း သိရှိရပါတယ်။ စစ်ဘေးရှောင်များဟာ အားကစားရုံ၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံနှင့် ဘုန်းကြီးကျောင်းဇရပ်များတွင် နေထိုင်ကြရပြီး စစ်ဘေးရှောင်မိသားစုများမှာ လူဦးရေများသည့်အတွက် (လွင်ကြီးအုပ်စု၊ သညစ်အုပ်စု၊ နန်းဘုန်းအုပ်စု) အုပ်စုလိုက် ရွှေ့ပြောင်းလာခဲ့တာ ဖြစ်သည့်အတွက် လူဦးရေ များပြားလာတာ ဖြစ်ပါတယ်။ သူတို့အတွက် သောက်သုံးရေအခက်အခဲ ဖြစ်ခြင်း၊ မိုးတွင်းကာလမှာ ချင်းတွင်းမြစ်ရေလျှံရင် ရေနစ်တဲ့နေရာတွေမှာ ဘုရားစောင်းတန်းများတွင် တက်ပြီးနေကြရသည့်အတွက် ခက်ခက်ခဲခဲ ဆင်းဆင်းရဲရဲ ဖြစ်ကြရပါတယ်။

ဒါ့အပြင် စစ်ဘေးရှောင်မိသားစုများ၏ စားဝတ်နေရေးအတွက် ပင်ပန်းဆင်းရဲစွာ ရုန်းကန်ရှာဖွေနေရသည့်အတွက် ၎င်းတို့ရဲ့ရင်သွေး သားသမီးများကို ကျောင်းမထားနိုင်ခြင်း အခက်အခဲများနဲ့ ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ စစ်ဘေးရှောင်မိသားစုပြည်သူများအားလုံး စစ်ဘေးရှောင် ထောက်ပံ့ကြေး ထောက်ပံ့ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ၊ စစ်ဘေးရှောင် ကလေး များအား ပညာသင်စရိတ်များ ထောက်ပံ့ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် စစ်ဘေးရှောင်ပြည်သူများကို စစ်ဘေးရှောင်စခန်းများ စနစ်တကျ ဆောက်လုပ် နေရာချထားပေးရန် အစီအစဉ်ရှိ/မရှိ မိဘပြည်သူများကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစား အပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံ ပါစေလို့ ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာ ဝန်ကြီး၊ ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဖောင်းပြင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဦးတင်မင်းထွဋ်၏ ဖောင်းပြင် မြို့နယ်စစ်ဘေးရှောင်ပြည်သူများအားလုံး စစ်ဘေးရှောင်ထောက်ပံ့ ကြေးနှင့် စစ်ဘေးရှောင်ကလေးများ ပညာတော်သင်စရိတ် ထောက်ပံ့ ပံ့ပိုးပေးရန်၊ စစ်ဘေးရှောင်စခန်းများ စနစ်တကျ ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ သိလို ပါကြောင်း မေးခွန်းနဲ့ ပတ်သက်၍ ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။

ဖောင်းပြင်မြို့နယ်အတွင်း လာရောက်တိမ်းရှောင်နေသော တိုက်ပွဲရှောင် ပြည်သူများအား တစ်လလျှင် လူတစ်ဦးကို(၂)သောင်းကျပ်နှုန်းဖြင့် ၂၀၂၅ခုနှစ်၊ ဧနနဝါရီလအတွက် လူဦးရေ(၃၄၈၇)ဦးအတွက် ပထမအကြိမ်ငွေကျပ် (ခြောက်ရာ ကိုးဆယ့်ခုနစ်သိန်းလေးသောင်း)ကျပ်၊ ဒုတိယအကြိမ် ၂၀၂၅ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လ(၂)လအတွက် လူဦးရေ(၃၄၈၇)ဦးအတွက် ငွေကျပ် (တစ်ထောင်သုံးရာ ကိုးဆယ့်လေးသိန်းရှစ်သောင်း)ကျပ်၊ တတိယအကြိမ် ၂၀၂၅ခုနှစ်၊ ဧပြီ၊ မေ၊ ဇွန်လ (၃)လစာအတွက် လူဦးရေ(၃၄၈၇)ဦးအတွက် ငွေကျပ် (နှစ်ထောင်ကိုးဆယ့် နှစ်သိန်းနှစ်သောင်း)ကျပ်၊ စတုတ္ထအကြိမ် ၂၀၂၅ ခုနှစ်၊ ဇူလိုင်၊ သြဂုတ်၊

စက်တင်ဘာလ (၃)လစာအတွက် လူဦးရေ(၃၄၅၁)ဦးအတွက် ငွေကျပ် (နှစ်ထောင်ခုနစ်ဆယ်ခြောက်သောင်း)ကျပ် ထောက်ပံ့ပေးခဲ့ပြီး မိမိဒေသသို့ ပြန်လည်ထွက်ခွာသွားသည့် လူဦးရေ(၃၆)ဦးအတွက် (၃)လစာ ပိုလျှံငွေ (နှစ်ဆယ့်တစ်သိန်းခြောက်သောင်း)အား အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီသို့ ပြန်လည်အပ်နှံခဲ့ပြီးဖြစ်ပါတယ်။ ပဉ္စမအကြိမ် ၂၀၂၅ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလ (၃)လအတွက် လူဦးရေ(၃၄၅၁)ဦး အတွက် (နှစ်ထောင့်ခုနစ်ဆယ်သိန်းခြောက်သောင်းကျပ်)တို့ကို အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ပေးခဲ့ပြီးကြောင်း တင်ပြ အပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။

ယခင်ပညာသင်နှစ်များတွင်လည်း စစ်ဘေးရှောင်ကျောင်းသား၊ ကျောင်းသူများ အတွက်တော့ သီးသန့်ပညာသင်စရိတ် ထောက်ပံ့ပေးအပ်နိုင်ခြင်း မရှိပါကြောင်းနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် တိုက်ပွဲရှောင်စခန်းများ ဆောက်လုပ်ပေးထားခြင်း မရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ခန္တီးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးမြတ်ကိုအား ခွင့်ပြုမေးခွန်း(၂)ခုကို တစ်ဆက် တစ်စပ်တည်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးမြတ်ကို၊ ခန္တီးမြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ် ပါသော လွတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါ စေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်အမှတ်(၁) စစ်ကိုင်း တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးမြတ်ကို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းအနေနဲ့ လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ခန္တီးမြို့နယ်၊ စိန်နန်းကျေးရွာ၊ သာယာကုန်းကျေးရွာ၊ ကတိုးကြီးကျေးရွာ၊ လုံတုံကျေးရွာ (၄)ရွာဟာဆိုရင် စိန်နန်းကျေးရွာမှာ ကျွန်တော်တို့ သွားပြီးတော့မှ (၉)တန်းအထိသင်ကြားဖို့ ကြိုးစားနေပါတယ်။ စိန်နန်းကျေးရွာဆိုရင် အိမ်ခြေ(၇၀)ရှိပြီး

လူဦးရေ(၄၂၈)ဦးရှိပါတယ်။ ပတ်ဝန်းကျင်ကျေးရွာက ကျောင်းသားဦးတွေကလည်း အဲဒီမှာ ဘဲ ပညာသင်ဖို့ ဖြစ်ပါတယ်။ မြို့ကိုသွားပြီးတော့မှ ပညာသင်တဲ့အခါမှာ မြို့နဲ့ အလှမ်းကွာဝေးတဲ့အတွက် ဒီရွာလေးမှာပဲ ကျွန်တော်တို့က သင်ရတာ ဖြစ်ပါတယ်။ ခုချိန်မှာ မြို့ပေါ်ကို သွားဖို့ဆိုရင် ကျွန်တော်တို့ အခက်အခဲ အမျိုးမျိုးရှိပါတယ်။ အခက်အခဲအမျိုးမျိုးကို မိဘတွေကကိုယ်တိုင် လိုက်မပို့နိုင်တာတွေ၊ သားသမီးကလည်း ခြေလျင်လျှောက်ပြီးမသွားနိုင်တာတွေ ဒါမျိုးအခက်အခဲတွေလည်းရှိပါတယ်။ ကုန်ကျစရိတ်လည်း မတတ်နိုင်ပါဘူး။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ဆရာ၊ ဆရာမတွေ လုံလောက်စွာ ချပေးနိုင်တဲ့ တွဲဖက်အလယ်တန်းကျောင်းကနေ ပတ်ကားအလယ်တန်းကျောင်း ရချင်တာဖြစ်ပါတယ်။ ဒါကြောင့်မို့

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ခန္ဓီးမြို့နယ်၊ စိန်နန်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)မှ ဆရာ/ဆရာမ အပြည့်ရရှိနိုင်တဲ့ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်အစီအစဉ်ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးရွာနေပြည်သူများကိုယ်စား လေးစားစွာ တင်ပြ မေးမြန်းအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းကို ကျွန်တော် ဆက်လက်မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ခန္ဓီးမြို့နယ်၊ နန်မုံကျေးရွာ၊ အနောက်ကောက်တောင်းကျေးရွာ၊ လုံတုံကျေးရွာ(၃)ရွာဟာဆိုလျှင် ကျွန်တော်တို့ ဆရာ/ဆရာမတွေနေဖို့ အိမ်ဆောက်လုပ်ပေးဖို့ တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ကျေးရွာတွေမှာ ပညာသင်ကြားပေးနေတဲ့ ဆရာ/ဆရာမတွေဟာ အနေခက်၊ အစားခက်နဲ့ နေနေရတဲ့ ဘဝတွေဖြစ်ပါတယ်။ ကျွန်တော်တို့ ရွာတွေက ဆောက်ပေးတဲ့ တောထန်းအမိုး၊ ထရံကာ၊ ဝါးကြမ်းခင်း ဒါမျိုးတွေနဲ့ပဲ ဆောက်ပေးနိုင်တာ ဖြစ်ပါတယ်။ ဆရာ/ဆရာမတွေဟာ လုံခြုံမှုမရှိဘူးလို့ ခံစားကောင်းခံစားနိုင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသခံအနေနဲ့ကတော့ အမြဲတမ်းနေတာဖြစ်တဲ့အတွက် နေသားကျပြီဖြစ်ပါတယ်။ အောက်ပြည်၊ အောက်ရွာကနေလာပြီးတော့မှ ပညာသင်ကြားပေးတဲ့ ဆရာ၊ ဆရာမတွေဟာ ဒီလိုနေရာမျိုးတွေမှာ နေရမယ်ဆိုရင်တော့ အခက်တွေ့စေမှာဖြစ်ပါတယ်။ ကျေးရွာတွေအနေနဲ့ နှစ်စဉ်

ကြိုးစားပြီးတော့ ဆောက်ပေးတာ ပင်ပန်းနေပြီဖြစ်ပါတယ်။ တတ်နိုင်သလောက်တော့ ကြိုးစားရုန်းကန်ပြီး ဆောက်ပေးနေ လျက်ရှိပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။

နန်မုံကျေးရွာ ဆရာ၊ ဆရာမနေအိမ်၊ အနောက်ကောက်တောင်းကျေးရွာ ဆရာ၊ ဆရာမ နေအိမ်၊ လုံတုံကျေးရွာဆရာ၊ဆရာမနေအိမ်များကို ဆောက်လုပ်ကူညီပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများ၏ကိုယ်စားလေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက မေးခွန်း(၂)ခုကို တစ်ဆက်တစ်စပ်တည်း ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌကြီးနှင့် လွတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာချမ်းသာပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး၊ ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ခန္ဓီးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ စစ်ကိုင်းတိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်၊ ဦးမြတ်ကို၏ တိုင်းဒေသကြီး လွတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမမေးခွန်းအနေနဲ့ ခန္ဓီးမြို့နယ်၊ စိန်နန်းကျေးရွာ အလယ်တန်းကျောင်း(ခွဲ)ကို အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါကြောင်းနှင့်စပ်လျဉ်း၍ ဖြေကြားရမည်ဆိုရင် ခန္ဓီးမြို့နယ်၊ (အ.လ.က)ခွဲ စိန်နန်းကျောင်းဟာဆိုရင် (၂၀၂၅-၂၀၂၆)ပညာသင်နှစ်မှာ အလယ်တန်းအဆင့် ကျောင်းသား(၃၃)ဦးသာရှိပြီး၊ (၂၀၂၆-၂၀၂၇)ခုနှစ် ပညာသင်နှစ်မှာ အလယ်တန်းအဆင့်ကျောင်းသား (၄၆)ဦးသာရှိပါတယ်။ ကျောင်းအဆင့်တိုးမြှင့်ခြင်းဆိုင်ရာ သတ်မှတ်ချက်အရ အလယ်တန်းအဆင့် ကျောင်းသား(၂၄၀)ဦး ပြည့်မီဖို့လိုအပ်ပါတယ်။ ကျောင်းရဲ့ပိုင်ဆိုင်မှု မြေအကျယ်အဝန်းဟာဆိုလည်း (၀.၅)ဧကသာရှိပါတယ်။ အခြေခံပညာဦးစီးဌာန၊ နေပြည်တော်မှာ ကျင်းပပြုလုပ်သော လုပ်ငန်းညှိနှိုင်းအစည်းအဝေး သတ်မှတ်ချက်အရ မူလတန်းအဆင့်ကျောင်း တစ်ကျောင်းဟာ

မြေဧက(၃)ဧကရှိရမည်၊ အလယ်တန်းအဆင့် ကျောင်းတစ်ကျောင်းဟာ မြေဧက (၅)ဧက၊ အထက်တန်းအဆင့်ကျောင်း တစ်ကျောင်းဟာ မြေဧက(၇)ဧက ရှိရ မည်ဆိုတဲ့ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါတယ်။ အလယ်တန်းကျောင်း(ခွဲ)ဖြစ်တဲ့အတွက် ၎င်းကျောင်းဟာဆိုလျှင်လည်း KG to Grade-9 အထိ ပညာသင်ပေးနိုင်ခွင့်ရှိသော ကျောင်းတစ်ကျောင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အလယ်တန်းကျောင်းခွဲအဖြစ် ပညာသင်ကြားရရှိမှုဟာ ဆိုရင်လည်း အတူတူပဲဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

အ.လ.က(ခွဲ) စိန်နန်းကျောင်းနှင့် အနီးဆုံးကျောင်းဟာဆိုရင် အ.ထ.က ဆင်သေနှင့် (၁၂)မိုင်ခန့်ကွာဝေးကြောင်း တွေ့ရှိရပါတယ်။ အ.လ.က(ခွဲ) စိန်နန်း ကျောင်းမှာရှိတဲ့ ကျောင်းသူ၊ ကျောင်းသားတွေဟာ အခုအချိန်မှာ အလယ်တန်း အဆင့်ပညာရေးကို သင်ယူသင်ကြားခွင့် ရှိနေပြီ ဖြစ်ပါတယ်။ သို့ဖြစ်ပါကြောင့် အလက(ခွဲ) စိန်နန်းကျောင်းအား အလယ်တန်းကျောင်းအဆင့် တိုးမြှင့်နိုင်ရေး အတွက် လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း ဖြေကြား အပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ ခန္ဓီးမြို့၊ နန်မုံကျေးရွာ၊ အနောက်ကောက်တောင်း ကျေးရွာ၊ လုံတုံကျေးရွာ(၃)ရွာရှိ ဆရာ၊ ဆရာမများနေထိုင်နိုင်ရန် နေအိမ် ဆောက်လုပ်ပေးရေး အစီအစဉ်ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ဆက်လက်ဖြေကြား သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။

ခန္ဓီးမြို့၊ ပညာရေးဝန်ကြီးဌာနမှ ပညာရေးဝန်ထမ်းများ နေထိုင်ရန်အတွက် နေအိမ်များကိုလည်း ဆောက်လုပ်ပေးနေတာတွေလည်း ရှိပါတယ်။ သို့သော် ဆရာ၊ ဆရာမများနေထိုင်ရန် နေအိမ်ဆောက်လုပ်ပေးရန်အတွက် အောက်ပါ အချက်တွေနဲ့ ကိုက်ညီရန် လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။

ပထမအချက်ကတော့ ပညာရေးဝန်ကြီးဌာနပိုင် လုံလောက်သော မြေနေရာ အကျယ်အဝန်းရှိရန် လိုအပ်ပါတယ်။ နောက် နေထိုင်မည့် ပညာရေး ဝန်ထမ်း အစုအဖွဲ့ရှိဖို့ လိုအပ်ပါတယ်။ ၎င်းပညာရေးဝန်ထမ်းများဟာဆိုရင်လည်း ဒေသခံမဟုတ်ဘဲနဲ့ တခြားအရပ်ဒေသများမှ လာရောက်တာဝန်ထမ်းဆောင် နေသူများဖြစ်ရန် လိုအပ်ကြောင်း သိရှိရပါတယ်။ တင်ပြပါ ခန္ဓီးမြို့နယ်၊ နန်မုံ

ကျေးရွာ၊ အနောက်ကောက်တောင်း ကျေးရွာ၊ လုံတုံကျေးရွာရှိ ဆရာ၊ ဆရာမများ နေအိမ်ဆောက်လုပ်ပေးရန်အတွက် လက်ရှိနေထိုင်မည့် ဆရာ၊ ဆရာမများ နေထိုင်မည့် အရေအတွက်နဲ့ မြေအနေအထား၊ မြေပိုင်ဆိုင်မှုအရ ဆောက်လုပ် သင့်သည့် အတိုင်းအတာတို့ကို သက်ဆိုင်ရာ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးများသို့ ဆက်သွယ်ပြီး အမြန်ပေးပို့ရေး ဆောင်ရွက်ထားရှိပြီး ရရှိပါက ပညာရေး ဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနသို့ သင့်လျော်သော ဘဏ္ဍာရေးနှစ်တွင် တင်ပြ တောင်းခံ ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

နိုင်ငံတော်မှ ကလေးပျော်ကျောင်း၊ ဆရာပျော်ကျောင်းများဖြစ်အောင် ဆောင်ရွက်ပေးသကဲ့သို့ ရပ်ရွာအနေဖြင့်လည်း ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက် ပေးစေလိုပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး လေရှိုးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်ဆန်းစစ်ရှိုးအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ် ပါတယ်။

ဒေါ်ဆန်းစစ်ရှိုး၊ လေရှိုးမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ရုံး အကြီးအမှူးနှင့် ရုံးအဖွဲ့များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ အပ်ပါတယ်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှိုးမြို့နယ်၊ ကိုယ်စားလှယ် အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဆန်းစစ်ရှိုး ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။

ကျွန်မအနေနဲ့ လေရှိုးမြို့၊ နန်ဝယ်ချောင်း(ခ) ရွှေလုံချောင်းတွင် အသေးစားရေအားလျှပ်စစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ စပ်လျဉ်းသည့် မေးခွန်းအား မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်မတို့ လေရှိုးမြို့နယ်၊ ပြည်သူလူထုမှာ လျှပ်စစ်ဓာတ်အား လုံလောက်မှု မရှိသောကြောင့် နေ့စဉ် လူနေမှုဘဝများ တိုးတက်မှု နှောင့်နှေးလျက်ရှိပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲမှ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှိုးမြို့နယ် နန်ဝယ်ချောင်း(ခ) ရွှေဇလုံချောင်း အသေးစားရေအားလျှပ်စစ်အရင်းအမြစ် ပဏာမစူးစမ်းတိုင်းတာခြင်းကို (၁၈-၁-၂၀၂၆)ရက်နေ့မှ (၃၁-၁-၂၀၂၆)ရက်နေ့ အတွင်း ဆောင်ရွက်ပြီးစီးပြီး လေ့လာတွေ့ရှိချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့ပြီးဖြစ်ပါတယ်။ ၎င်းအပြင် ဤရေအားလျှပ်စစ်စီမံကိန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ပေးပို့ပြီး ဖြစ်ပါတယ်။ ၎င်းအပြင် ဤရေအားလျှပ်စစ်စီမံကိန်းဖော်နိုင်ရေးအတွက် ယခင် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကောင်မရှင်ဥက္ကဋ္ဌ၊ လက်ရှိ သမ္မတကြီး ဦးမင်းအောင်လှိုင်၏ (၁၈-၂-၂၀၂၆)ရက်နေ့ လေရှိုးခရိုးစဉ်တွင် ထိုရေအား လျှပ်စစ်စီမံကိန်းအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် တင်ပြ တောင်းဆိုခဲ့ပြီး ဖြစ်ပါတယ်။ ကွင်းဆင်းသုတေသနပြုချက်များအရ နန်ဝယ်ချောင်း(ခ)ရွှေဇလုံချောင်း အသေးစား ရေအားလျှပ်စစ်မှ ဓာတ်အား(၃)မဂ္ဂါဝပ် ထွက်ရှိနိုင်မည်ဖြစ်ပြီး လေရှိုးမြို့နှင့် မြို့နယ်အတွင်းရှိ အိမ်ခြေ(၅၀%)ခန့်အား (၂၄)နာရီလုံး လျှပ်စစ်ဓာတ်အား လုံလောက်စွာ ဖြန့်ဝေပေးနိုင်မှာဖြစ်ပါတယ်။ ဤလျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိနိုင်ပါက ကျွန်မတို့ မြို့နယ်အတွင်း တစ်ပိုင်တစ်နိုင် ဒေသထုတ်ကုန် ထုတ်လုပ်ခြင်း (MSME) လုပ်ငန်းများလည်း တိုးတက်လာမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ နန်ဝယ်ချောင်း (ခ)ရွှေဇလုံချောင်း၊ အသေးစားရေအားလျှပ်စစ် ထုတ်လုပ်နိုင်ရေးအတွက် လေရှိုးမြို့နေ ပြည်သူလူထုကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အောက်ပါကြွယ်ပွင့်ပြ မေးခွန်းအား မေးမြန်းအပ်ပါတယ်-

(က) (၃)မဂ္ဂါဝပ်ထွက်ရှိနိုင်မည့် နန်ဝယ်ချောင်း(ခ) ရွှေဇလုံချောင်း အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် ပူးတွဲပါအဖြစ် သုတေသနကွင်းဆင်း စိစစ်ချက်အစီရင်ခံစာ(၁)စုံအား နောက်ဆက်တွဲအနေဖြင့် ဝန်ကြီးဌာနသို့ ပူးတွဲတင်ပြထားပြီး ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးခင်မောင်အေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အစည်းအဝေးတက်ရောက်သူများ အားလုံး မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခင်မောင်အေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လေရှိုးလွတ်တော်ကိုယ်စားလှယ်၊ ဒေါ်ဆန်းစစ်ရှိုးရဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ လေရှိုးက (၄)မိုင်ခန့်အကွာ နန့်ဝယ်ချောင်း(ခ) ရွှေဇလုံချောင်းကနေပြီးတော့ ရေအားလျှပ်စစ်ဖြစ်မြောက်နိုင်ရေးအခြေအနေကို (၁၈-၁-၂၀၂၆)ကနေပြီးတော့ (၃၁-၁-၂၀၂၆)ရက်နေ့အထိ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနက မြေပြင်ကွင်းဆင်းပြီးတော့ ပဏာမ စူးစမ်းတိုင်းတာခြင်း၊ လုပ်ငန်းဆောင်ရွက်မည့်နေရာ ရွေးချယ်ခြင်း၊ ရွေးချယ်ထားတဲ့ ရေလွှဲဆည်နေရာ၊ ရေသွယ်မြောင်းနေရာ၊ ရေထိန်းကန်နေရာ၊ အင်အားမြင့် ပိုက်လိုင်းနေရာ၊ ဓာတ်အားပေးစက်ရုံနေရာတို့ရဲ့ ရေမျက်နှာသွင်ပြင်အခြေ အနေနှင့် ဘူမိဗေဒအခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးပြီးတော့ တိုင်းတာခြင်း၊ ရေထုစီးနှုန်းတိုင်းတာခြင်း၊ လေရှိုးမြို့ရဲ့ မိုးလေဝသနှင့် ဇလဗေဒအချက် အလက်နှင့် လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ စုဆောင်းခြင်းတို့ကို ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။ နန့်ဝယ်ချောင်း(ခ)ရွှေဇလုံချောင်း အသေးစား ရေလျှပ်စစ် အရင်းအမြစ်ပဏာမ စူးစမ်းတိုင်းတာခြင်း အစီရင်ခံစာကို ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီတွင် ပြုစုခဲ့ပြီးတော့ အစီရင်ခံစာအရဆိုလျှင်တော့ ခန္ဓီးခရိုင်၊ လေရှိုးမြို့ရဲ့ အနောက်တောင်ဘက် (၉)မိုင်ခွဲအကွာ ချင်းတွင်းမြစ်အတွင်းကို စီးဝင်တဲ့ ရွှေဇလုံ ချောင်းပေါ်မှာ ရေလွှဲဆည်တည်ဆောက်ဖို့ လျာထားပါတယ်။ ရေလွှဲဆည်ရဲ့ အောက်ဘက်ချောင်းရဲ့ လက်ဝဲဘက်၊ (၆၅၀)မီတာခန့်အကွာမှာ မတ်စောက်တဲ့ တောင်စောင်းတွေရှိခြင်း၊ ချောင်းရဲ့ လက်ယာဘက်မှာလည်း မတ်စောက်တဲ့ တောင်စောင်းတွေဖြစ်တဲ့အတွက် မြေမျက်နှာသွင်ပြင်အနေအထား၊ ရေသွယ်မြောင်း၊

ရေထိန်းကန်နှင့် ဓာတ်အားပေးစက်ရုံတို့ တည်ဆောက်ဖို့အတွက် သင့်လျော်မှု ရှိကြောင်းနှင့် ရေသွယ်မြောင်းကိုတော့ ချောင်းရဲ့ လက်ဝဲဘက်ကမ်းမှာ တည်ဆောက်ရန် လျာထားကြောင်း သိရှိရပါတယ်။ ကျွန်တော်တို့ ဒီဟာနဲ့ ပတ်သက်ပြီးတော့ ထွက်ရှိနိုင်တဲ့ ဓာတ်အားခန့်မှန်းပမာဏကလည်း (၃.၁၈)မဂ္ဂါဝပ် ထွက်ရှိမှာကိုလည်း သိရှိရပါတယ်။ အခုဟာက ကျွန်တော်တို့ ဒါပဏ္ဍာမ စူးစမ်း လေ့လာတိုင်းတာခြင်းဖြစ်ပြီးတော့ အသေးစိတ်လေ့လာတိုင်းတာမှုများ ဆက်လက် ဆောင်ရွက်သွားရမှာဖြစ်ပြီးတော့ ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာ ကျွန်တော်တို့ ပြုစုပါမည် ဖြစ်ပါတယ်။ ပြီးတော့မှ ဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာအရ ကျွန်တော်တို့ စီစဉ်ဆောင်ရွက် ပေးသွားနိုင်မှာဖြစ်ပါကြောင်း ဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး နန်းယွန်းမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးနောက်တွန်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ် ပါတယ်။

ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၁)။ လေးစားရပါသော လွတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ လွတ်တော် ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမြို့နယ်၊ လွတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးနောက်တွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း(၁)ခုကို မေးမြန်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

နန်းယွန်းမြို့၊ မြို့မရပ်ကွက်နှင့် ရော့ကော့ရပ်ကွက် (အိုးအိမ်ဝန်ထမ်း အိမ်ရာ)သို့ ဆက်သွယ်ထားသည့် သံမဏိကြိုးတံတားအသစ် တည်နေရာပြောင်း တည်ဆောက်မည့် အစီအစဉ်နှင့်ပတ်သက်၍ မေးမြန်းလိုပါတယ်။

လေးစားအပ်ပါသော လွတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။

နန်းယွန်းမြို့၊ မြို့မ၊ ရှရ၊ ရော့ကော့ရပ်ကွက် (အိုးအိမ်ဝန်ထမ်းအိမ်ရာ) ဆက်သွယ်သည့် ရပ်ကွက်ချင်းဆက် သံမဏိကြိုးတံတား (အရှည် ၂၆၀ ပေ၊ အကျယ် ၆ ပေ)သည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုလွတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ကျပ်သန်း(၅.၀၀)ဖြင့် မတည်ပြီး၊ ဒေသခံကုမ္ပဏီများ၊ ဌာန

ဆိုင်ရာများ၊ ဒေသခံပြည်သူများ၏ ထည့်ဝင်ငွေကျပ်သိန်း(၁၀၀)၊ စုစုပေါင်း ကျပ်သိန်း(၁၅၀)ဖြင့် ဌာနဆိုင်ရာနှင့် ပြည်သူများ၏ စုပေါင်းအားဖြင့် တည်ဆောက်ခဲ့ပါတယ်။

အဆိုပါတံတားသည် (၂၈-၅-၂၀၂၄)ရက်နေ့တွင် ထပ်မံဖြစ်ပေါ်ခဲ့သော ထူးခြားရေကြီးလျှံမှုကြောင့် သံမဏိကြိုး၊ အခင်းနှင့် ဘေးသံဇကာများအားလုံး ပျက်စီးသွားခဲ့ပါသည်။ ထို့ကြောင့် (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး အစိုးရ ရန်ပုံငွေကျပ်သန်း(၆၆.၁)ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အကြီးစား ပြုပြင်မှု ၏များ ဆောင်ရွက်ခဲ့ပါတယ်။ သို့သော်လည်း (၃၁.၅.၂၀၂၅)ရက်နေ့တွင် ထပ်မံဖြစ်ပေါ်ခဲ့သော ထူးခြားသည့် ရေကြီးရေလျှံမှုကြောင့် ရော့ကော့ရပ်ကွက် (အိုးအိမ်ဝန်ထမ်းအိမ်ရာ)ဘက်အခြမ်းရှိ သံမဏိဆိုင်းကြိုး တင်ထားသည့် တာဝါခုံလုံးတိုင်မှာ ရေတိုက်စားပြီး မျှောပါသွားခဲ့သဖြင့် တံတားမှာ ထပ်မံပျက်စီး ခဲ့ရပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးပါ။ (Power Pointဖြင့် တင်ပြသွားပါသည်။)

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။

နန်းယွန်းမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများသည် မြို့မရပ်ကွက်နှင့် ရှရ ရပ်ကွက်တွင် တည်ရှိပြီး ဝန်ထမ်းအိမ်ရာသည် ရော့ကော့ရပ်ကွက်တွင် တည်ရှိ နေသည့်အတွက် အဆိုပါတံတားမရှိပါက မိုးတွင်းကာလတွင် ဌာနဆိုင်ရာ ဝန်ထမ်းများ ရုံးတက် ရုံးဆင်းခြင်း၊ ပြည်သူလူထုတောင်ယာစိုက်ခင်းသို့ သွားလာ ခြင်းနှင့် ကျောင်းသူ၊ ကျောင်းသားများ ကျောင်းသို့သွားလာရာ ခက်ခဲခြင်းတို့အပြင် ကျန်းမာရေးကိစ္စနှင့် အခြားအရေးပေါ်ကိစ္စများ ဖြစ်ပေါ်လာပါက အခက်အခဲ များစွာရှိနေပါသဖြင့် မဖြစ်မနေ အမြန်ဆုံး တည်ဆောက်ပေးရန် လိုအပ်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ နန်းယွန်းမြို့၊ မြို့မရပ်ကွက်နှင့် ရော့ကော့ရပ်ကွက်ကြားရှိ အလျားပေ(၃၀၀)နှင့် အကျယ်(၆)ပေရှိ သံမဏိကြိုးတံတားအား နေရာအသစ် ပြောင်း၍ ပြန်လည်တည်ဆောက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့်

နန်းယွန်း မြို့နယ်၏ ပြည်သူလူထုကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့မှ ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်မြောက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီး၊ ဒေါက်တာသောင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နန်းယွန်းမြို့၊ မြို့မ၊ ရှရ၊ ရောကော့ရပ်ကွက် ၊ အိုးအိမ်ဝန်ထမ်းအိမ်ရာတွေနဲ့ဆက်သွယ်ထားတဲ့ ရပ်ကွက်ချင်းဆက် လမ်းပေါ်မှာရှိတဲ့ သံမဏိကြိုးတံတား အရှည်(၁၆၀)ပေ၊ အကျယ်(၆)ပေဟာဆိုလို့ရှိလျှင် (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်မှာ စတင်ဆောက်လုပ်ပြီးတော့မှ (၂၈-၅-၂၀၂၄)ရက်နေ့မှာ ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားတဲ့အတွက်ကြောင့်မို့ (၂၀၂၄-၂၀၂၅) ဘဏ္ဍာရေးနှစ်မှာ တိုင်းဒေသကြီးရန်ပုံငွေကျပ်(၆၆.၁)သန်းဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အကြီးစားပြင်ဆင်ဆောက်လုပ်ပေးခဲ့ပါတယ်။ (၃၁-၅-၂၀၂၅)ရက်နေ့မှာဆိုလို့ရှိလျှင် ရေကြီးရေလျှံမှုကြောင့် သံမဏိကြိုးတင်ထားတဲ့ ကြိုးတာဝါလုံးတိုင်ဟာ ရေတိုက်စားမှုကြောင့် ထပ်မံပျက်စီးခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ သံမဏိတံတားအား ထပ်မံ တည်နေရာပြောင်းခဲ့ရာ အရှည်(၃၀၀)ပေရှိတဲ့ အကျယ်(၆)ပေဖြင့် ပြန်လည် တည်ဆောက်နိုင်မှုရှိ/မရှိ သိလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးနောက်တွန်းရဲ့ မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ နန်းယွန်းမြို့၊ မြို့မ၊ ရှရ၊ ရောကောရပ်ကွက်အတွင်းမှာရှိတဲ့ ရပ်ကွက်ချင်းဆက်လမ်းပေါ်မှာရှိတဲ့ သံမဏိကြိုးတံတားဟာ အရှည်(၁၆၀)ပေ၊ အကျယ်(၆)ပေအား (၂၀၁၈-၂၀၁၉)ဘဏ္ဍာရေးနှစ်မှာဆိုလို့ရှိရင် စတင်ဆောက်လုပ်ခဲ့ပါတယ်။ (၂၈-၅-၂၀၂၄)ရက်နေ့မှာဆိုလျှင် ရေကြီးရေလျှံမှုကြောင့် အဆိုပါတံတား

ပျက်စီးသွားခဲ့ရတဲ့အတွက်ကြောင့်မို့ (၂၀၂၄-၂၀၂၅)ဘဏ္ဍာရေးနှစ်မှာဆိုရင် တိုင်းဒေသကြီးရန်ပုံငွေ (၆၆.၁)သန်းနဲ့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ကနေ ပြီးတော့မှ အကြီးစားပြင်ဆင် ဆောက်လုပ်ပေးပြီးဖြစ်ပါတယ်။ ထပ်မံပြီးတော့မှ (၃၁-၅-၂၀၂၅)ရက်နေ့မှာ ရေကြီးရေလျှံမှုကြောင့် သံမဏိကြိုးတင်ထားတဲ့ တာဝါခုံလုံးတိုင် အောက်ခြေ ရေတိုက်စားမှုကြောင့် ပျက်စီးသွားခဲ့ပြီးတော့မှ လက်ရှိမှာဆိုလျှင် အသုံးပြုမှုမရှိကြောင်း တွေ့ရှိရပါတယ်။ အဆိုပါတံတားအား ပြန်လည်တည်ဆောက်ပေးရန်အတွက် စည်ပင်သာယာရေးအဖွဲ့အနေနဲ့ မြေပြင်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့တဲ့နေရာမှာ လက်ရှိတည်နေရာမှာဆိုရင် တည်ရှိနေတဲ့နေရာမှာဘဲ ပြန်လည်တည်ဆောက်သင့်ကြောင်းနှင့် တံတားအရှည် ပေ(၃၀၀)၊ အကျယ်(၆)ပေဖြင့် အသစ်ပြန်လည် တည်ဆောက်သင့်ပါကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့်မို့ ပေ(၃၀၀)အရှည်တံတားအသစ် တည်ဆောက်ခြင်းအတွက် ဆိုလို့ရှိလျှင် ကျွန်တော်တို့ တံတားအထူးအဖွဲ့မှ ဆောင်ရွက်ပေးပြီးတော့ စည်ပင်သာယာရေးအဖွဲ့အနေနဲ့ကတော့ အကြီးစားပြင်ဆင်မှု ဆောင်ရွက်ပေးနိုင်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးအောင်ဇော်ဝင်းအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်ဇော်ဝင်း၊ ဟုမ္မလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားရပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ မဲဆန္ဒနယ်အသီးသီးမှ တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ ဦးအောင်ဇော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟုမ္မလင်းမြို့နယ်၊ ညောင်ပင်သာကျေးရွာ၊ နမ့်မီးလူးချောင်းကူး သံဘောင်ကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် ကိစ္စနှင့်ပတ်သက်တဲ့ မေးခွန်းကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်ဟာ ချင်းတွင်းမြစ်ကမ်းဘေးမှာ တည်နေတာ ဖြစ်ပါတယ်။ ချင်းတွင်းမြစ်ရဲ့ မြစ်လက်တက်များဟာ ဒေသစိုက်ပျိုးရေးနဲ့ သယ်ယူ ပို့ဆောင်ရေးကို အထောက်အကူပြုသလို၊ တခါတလေမှာ လမ်းပန်းဆက်သွယ် ရေးကို အဟန့်အတားဖြစ်စေပါတယ်။

ဟုမ္မလင်းမြို့ပေါ် နောင်ပကျစ်ရပ်ကွက်မှ စတင်ထွက်ခွာလာသောအခါမှာ မှန်ပင် -ရေလဲ -ညောင်ပင်သာ-မြောက်ကုန်းစတဲ့ ကျေးရွာများကို ဖြတ်ပြီးတော့မှ ဟုမ္မလင်း-နောင်ပိုအောင်/နမ့်တောလမ်းမပေါ်ရှိ အောင်သာငြိမ်း ရွာဦးထိပ်ကို ပေါက်တဲ့ ကျေးရွာချင်းဆက်လမ်းတစ်ခုဖြစ်ပါတယ်။ ဟုမ္မလင်း-နောင်ပိုအောင် လမ်းနှင့် နှိုင်းယှဉ်လိုက်ရင် ခရီးလမ်းတစ်ဝက်လောက် သက်သာတဲ့လမ်း ဖြစ်ပြီးတော့ ပွင့်လင်းရာသီမှာ ဒေသအခေါ် အောက်လမ်း၊ ဖြတ်လမ်းဖြစ်တဲ့ (ဟုမ္မလင်း-မှန်ပင်-ညောင်ပင်သာ-အောင်သာငြိမ်း) လမ်းကိုအဓိကထား သွားလာ အသုံးပြုနေကြရပါတယ်။ ညောင်ပင်သာကျေးရွာအတွင်း ဖြတ်သန်းစီးစင်းနေတဲ့ နမ့်မီးလူးချောင်းအား တည်ဆောက်ထားတဲ့ အများပြည်သူ သွားလာရာတွင် အဓိကကျသော တံတားတစ်စင်းဖြစ်လာပါတယ်။ ဒေသလိုအပ်ချက်အရ အလျား (၁၉၀')၊ အနံ(၅')ရှိသော သစ်သားတံတားတစ်စင်းကို ကျေးရွာလူထုကနေပြီးမှ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ကာ အသုံးပြုနေသည်မှာ နှစ်ကာလကြာ သစ်သားတံတား ဖြစ်တဲ့အတွက် နှစ်စဉ်ပြုပြင်ထိန်းသိမ်းရပြီးတော့မှ ယခုအခါ တံတားဟာ တိုင်များ၊ ယက်မများ၊ ကြမ်းခင်းများမှာ ခိုင်ခန့်မှုအားနည်းပြီး ဆွေးမြေ့ ပျက်စီးလာသည့်အတွက် ခိုင်မာမှုရှိသည့် သံဘောင်ကွန်ကရစ်တံတားဆောက်လုပ်ရန် လိုအပ်လျက်ရှိပါတယ်။ ၎င်းညောင်ပင်သာကျေးရွာ နန်းမီးလူချောင်းကူးတံတားဟာ ကျေးရွာပေါင်း(၅)ရွာ၊ အိမ်ခြေပေါင်း(၃၄၂၆)အိမ်၊ လူဦးရေပေါင်း(၁၆၉၉၈)ဦးနှင့် သက်ဆိုင်၍ နေ့စဉ် သွားလာဖြတ်သန်း အသုံးပြုသွားမှာဖြစ်ပါတယ်။ ၎င်း တံတားကို ဥရုချောင်းအတွင်းတည်ရှိသော ရွှေပြည်မြင့်ကျေးရွာအုပ်စု၊ နမ့်တော ကျေးရွာအုပ်စု၊ နောင်ပိုအောင်ကျေးရွာအုပ်စုများမှ အများပြည်သူများသည် ဟုမ္မလင်းမြို့သို့ လာရောက်ရာတွင်လည်း ၎င်းတံတားအား အသုံးပြုနေသည့် အတွက် ကားများဖြတ်သန်းသွားလာနိုင်ရန် ခိုင်မာတောင့်တင်းသော သံကူကွန်ကရစ် တံတားတစ်စင်းကို အမြန်ဆုံး လိုအပ်လျက်ရှိနေပါသည်။

ဆက်လက်၍ လမ်းပိုင်းအနေဖြင့်လည်း ညောင်ပင်သာရွာ ဘုန်းကြီးကျောင်းမှ အောင်သာငြိမ်းရွာ လမ်းဆုံအထိ(ဟုမ္မလင်း-နောင်ပိုအောင်)လမ်းကို ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မြေသားလမ်း(၄)မိုင်နှင့် အမာခံလမ်း(၁/၂)မိုင်ကို ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ကျန်ရှိနေသောလမ်းအပိုင်းကိုလည်း ဘဏ္ဍာရေးနှစ်အလိုက် လမ်းအဆင့်တိုးမြှင့်ကာ ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်သင့်ကြောင်း တွေ့မြင်ရပါတယ်ခင်ဗျား။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ဟုမ္မလင်းမြို့နယ်ရှိ အများပြည်သူလူထု၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအရ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်နိုင်ရေးအတွက် ညောင်ပင်သာရွာ၊ နန့်မီးလူးချောင်းကူးတံတားဟာ ဒေသဖွံ့ဖြိုးရေးအရ အမှန်တကယ်လိုအပ်၍ အမြန်ဆုံးလိုအပ်နေသော တံတားတစ်စင်းဖြစ်ကြောင်း တင်ပြတောင်းဆိုရခြင်း ဖြစ်ပါတယ်ခင်ဗျား။

ဒါကြောင့် လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဟုမ္မလင်းမြို့နယ်၊ ညောင်ပင်သာကျေးရွာ၊ နမ့်မီးလူးချောင်းကူး သံဘောင်ကွန်ကရစ်တံတားဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ညောင်ပင်သာရွာ မြောက်ကုန်းရွာ-အောင်သာငြိမ်းရွာတို့အား ကျေးရွာချင်းဆက်လမ်းကို ဘဏ္ဍာနှစ်အလိုက် ကွန်ကရစ်လမ်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး(ကိုယ်စား)၊ ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့မှ ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီး၊ ဒေါက်တာသောင်းနိုင် ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်း

ဝန်ကြီး၊ ဒေါက်တာဆန်းဝင်းဟာ ကိုယ်တိုင်ဆောင်ရွက်ရမည့် လုပ်ငန်းများရှိသဖြင့် ၎င်း၏ကိုယ်စား မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဟုမ္မလင်းမြို့နယ်၊ မဲဆန္နနယ်အမှတ်(၂) လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်းရဲ့ မေးခွန်းဖြစ်တဲ့ ဟုမ္မလင်းမြို့နယ်၊ ညောင်ပင်သာကျေးရွာ၊ နမ့်မီးလူးချောင်းကူးတံတား သံဘောင်ကွန်ကရစ်တံတား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ညောင်ပင်သာရွာ- အောင်သာငြိမ်းရွာ- မြောက်ကုန်းရွာတို့အား ကျေးရွာချင်းဆက်လမ်းကို ဘဏ္ဍာရေးနှစ်အလိုက် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိကို သိလိုကြောင်း မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဟုမ္မလင်းမြို့နယ်၊ ညောင်ပင်သာရွာ နမ့်မီးလူးချောင်းကူးတံတားဟာဆိုလို့ ရှိလျှင် ကွန်ကရစ်တံတား ဆောက်လုပ်ပေးရန်မှာ ၎င်းတံတားအား ဟုမ္မလင်းမြို့နယ်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနကနေပြီးတော့မှ တာဝန်ယူစီမံခန့်ခွဲသော Class-A အဆင့်ရှိတဲ့ ဟုမ္မလင်း-ညောင်ပင်သာ-မြောက်ကုန်း ကျေးရွာချင်းဆက်လမ်း(၅/၀)မိုင်ရှိတဲ့ လမ်းပေါ်မှာတည်ရှိပါတယ်။ ၎င်းလမ်းပိုင်ဟာဆိုလို့ ရှိရင် ဟုမ္မလင်းမြို့နဲ့ တိုက်ရိုက်ဆက်သွယ်ထားပြီးတော့မှ ရေလဲ-မှန်ပင်-ညောင်ပင်သာ-မြောက်ကုန်းရွာများနှင့် အောင်သာငြိမ်းကျေးရွာများကို အကျိုးပြုပြီးတော့မှ ဟုမ္မလင်းမြို့ရဲ့တောင်ဘက် နောင်ပိုအောင်-နမ့်တောကျေးရွာနှင့် ဖောင်းပြင်မြို့နယ်၊ ဗန်းမောက်မြို့နယ်များကို ဆက်သွယ်ပေးထားတဲ့ အဓိကကျေးလက်လမ်းဖြစ်ပါတယ်။ နမ့်မီးလူး ချောင်းတံတားဟာဆိုလို့ရှိလျှင် ညောင်ပင်သာရွာမြောက်ဘက်၊ ညောင်ပင်သာရွာအောက်ဘက် နမ့်မီးလူးချောင်းအား ဖြတ်သန်းတည်ဆောက်ထားပြီးတော့ အရှည်(၁၉၀)ပေ၊ အကျယ်(၁၀)ပေရှိတဲ့ သစ်သားတိုင်၊ သစ်သားယက်မ၊ သစ်သားကြမ်းခင်းတံတားဖြစ်ပြီး ၎င်းလမ်းပိုင်းပေါ်မှာပဲ ကျေးရွာအစီအစဉ်နဲ့ တည်ဆောက်ထားတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ ၎င်းတံတား တည်ဆောက်ထားသည်မှာ နှစ်ကာလကြာမြင့်ပြီးတော့မှ နှစ်စဉ်သွားလာရန်အတွက် ပြုပြင်ထိန်းသိမ်း ဆောင်ရွက်နေရပြီးတော့မှ လက်ရှိအခြေအနေမှာဆိုလို့ရှိရင် (၃)တန်အောက်ယာဉ်ငယ်များသာ ဖြတ်သန်းသွားလာနိုင်တဲ့ သစ်သားတံတား ဖြစ်ပါတယ်။ ၎င်းတံတားကို ပြုပြင်တည်ဆောက်ပြီးပါက ကျေးရွာပေါင်း(၅)ရွာ၊ အိမ်ခြေပေါင်း(၃၄၁၆)ဦး၊ ဦးရေ(၁၆၉၉၈)ဦးတို့ အကျိုးပြု

နိုင်ပါတယ်။ ဒါကြောင့်မို့ နမ့်မီးလူးချောင်းတံတားအဖြစ် ရေရှည်ဆက်သွယ်သွားလာနိုင်ရေး သံကူကွန်ကရစ်တံတားပေ(၂၀၀) တည်ဆောက်နိုင်ရန် ရန်ပုံငွေရရှိမှုအပေါ်မှာ မူတည်ပြီးတော့မှ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ခင်ဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးကျော်စိုးဦးအား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အဖွဲ့ဝင် ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကျန်းမာချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးဦး ဖြစ်ပါတယ်ခင်ဗျာ။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကျွန်တော်မေးခွန်းတစ်ခုကို တင်သွင်းမေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျာ။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော် မေးမြန်းလိုတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကို အဓိကထား၍ တိုင်းပြည်၏စားနပ်ရိက္ခာဖူလုံပြီး နိုင်ငံခြားဝင်ငွေ အများဆုံးရှာပေးနိုင်သော တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ အသက်သခင်ကျေးဇူးရှင်များဟု တင်စားခေါ်ဆိုခံရသော မြန်မာနိုင်ငံလူဦးရေရဲ့ (၇၅)ရာခိုင်နှုန်းရှိတဲ့ တောင်သူလယ်သမားများအတွက် ရည်ရွယ်ခြင်းဖြစ်ပါတယ်ခင်ဗျာ။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျွန်တော်တို့ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား၍ ဆောင်ရွက်နေရသော နိုင်ငံဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရအဆက်ဆက်များမှာလည်း တောင်သူလယ်သမားများအတွက် ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ခဲ့ကြရာ (၃၀-၃-၂၀၁၂)ရက်နေ့မှာ (၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်

ဥပဒေအမှတ်-၁၁)ဖြင့် လယ်ယာမြေဥပဒေကိုလည်းကောင်း၊ (၃၀.၈.၂၀၁၂)ရက်နေ့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၂)ဖြင့် လယ်ယာမြေနည်းဥပဒေကိုလည်းကောင်း အသီးသီးထုတ်ပြန်ခဲ့ကြပြီး ယနေ့အချိန်ထိ အစိုးရနှင့် တောင်သူလယ်သမားများ လိုက်နာဆောင်ရွက်လျက်ရှိကြပါသည်။ ဒါ့ပြင် တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကိုလည်း (၈-၁၀-၂၀၁၃) ရက်နေ့တွင် (၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်-၃၂)ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ဤဥပဒေတွင် အခန်း(၈)ခန်း ပါဝင်နေပြီး အခန်း(၁) အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ရည်ရွယ်ချက်၊ အခန်း(၃) တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ၊ အခန်း(၄) တောင်သူလယ်သမား အခွင့်အရေးကာကွယ်ခြင်းနှင့် အကျိုးစီးပွားမြှင့်တင်ခြင်း၊ အခန်း(၅) ချေးငွေနှင့် အကူအညီများပေးခြင်း၊ အခန်း(၆) နည်းပညာ၊ သွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းဆိုင်ရာပံ့ပိုးကူညီခြင်း၊ အခန်း(၇) လယ်ယာထုတ်ကုန်များ သင့်တင့်မျှတသည့် ဈေးနှုန်းနှင့် ဈေးကွက်ရရှိရန် ဆောင်ရွက်ခြင်းနှင့် အခန်း(၈) အထွေထွေဟူ၍ ပါရှိပါတယ်။

သို့ဖြစ်ပါ၍ “လယ်သမားမရှိလျှင် အစားအစာမရှိ၊ အစားအစာမရှိလျှင် အနာဂါတ်မရှိ”ဟုဆိုသကဲ့သို့ တောင်သူလယ်သမားများဘဝ တိုးတက်မြင့်မားလာစေပြီး ပြည်သူလူထုစားနပ်ရိက္ခာဖူလုံစေရန်အတွက် အခန်း(၁)၊ အပိုဒ်(၂) အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဖွဲ့စည်းသွားမည်ကို တောင်သူလယ်သမားများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများကို လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး(ကိုယ်စား)၊ ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသောအစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီး၊ ဒေါက်တာသောင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာဆန်းဝင်း(ကိုယ်စား) ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ခင်ဦးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ဦးကျော်စိုးဦးရဲ့မေးခွန်းဖြစ်တဲ့ တောင်သူလယ်သမားများ၏ ဘဝများ တိုးတက်မြင့်မားလာပြီးတော့မှ ပြည်သူလူထုရဲ့ စားနပ်ရိက္ခာ ဖူလုံစေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအနေနဲ့ တောင်သူလယ်သမားများ အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအဖွဲ့ ဖွဲ့စည်းရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဖွဲ့စည်းသွားမည်ကို သိရှိလိုပါကြောင်း မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို (၈-၁၀-၂၀၁၃)ရက်နေ့ ရက်စွဲဖြင့် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၃၂ နှင့် ထုတ်ပြန်ခဲ့ပြီး တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကို (၁၉-၁၁-၂၀၁၄)ရက် ရက်စွဲနဲ့ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၄၇)တို့ကို ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့၏ (၁၆-၆-၂၀၂၁)ရက်စွဲပါ၊ အမိန့်ကြေငြာစာအမှတ်(၈/၂၀၂၁)အရ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဥပဒေနှင့် နည်းဥပဒေများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့အား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ (၂၅-၈-၂၀၂၁)ရက်စွဲပါစာအမှတ်၊ ၃/ဖ-၃-၁၁(ဖ၅၉)မူဝါဒဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီဖြစ်ပါတယ်။ တောင်သူလယ်သမားအခွင့်အရေး

ကာကွယ်ရေးနှင့် အကျိုးဖြစ်ထွန်းရေး လုပ်ငန်းအဖွဲ့ဟာဆိုလျှင် တောင်သူလယ်သမားများရဲ့ အခွင့်အရေးရရှိစေရေး ရသင့်ရထိုက်တဲ့ အခွင့်အရေးများနှင့် အကျိုးစီးပွားကို ဆောင်ရွက်ရာတွင် ချေးငွေနှင့် အကူအညီများပေးရေး၊ နည်းပညာသွင်းအားစုနှင့် ထုတ်လုပ်မှုလုပ်ငန်းများဆိုင်ရာ ပံ့ပိုး ကူညီပေးရေး၊ လယ်ယာထုတ်ကုန်များ သင့်တင်မျှတသည့် ဈေးနှုန်းဖြင့် ဈေးကွက်ရရှိရန် ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးရေ ရရှိရေးနှင့် လက်မှုလယ်စနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးတို့အတွက် ဆောင်ရွက်ပေးရေး၊ သွင်းအားစုများအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများကို အကူအညီပေးရေး၊ တန်ဖိုးမြင့်ထုတ်ကုန်များ ပေါ်ထွက်လာရေးတို့အား ဆောင်ရွက်ပေးရေး စသည်တို့ကို လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဦးဆောင်အဖွဲ့ဝင်များအနေနဲ့ အဖွဲ့ခေါင်းဆောင်ရဲ့ လမ်းညွှန်ချက်နှင့်အညီ တောင်သူလယ်သမားများရဲ့ အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးရဲနောင်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးရဲနောင်၊ ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးရဲနောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြ မေးခွန်းကို ဆွေးနွေးမေးမြန်းသွားမှာဖြစ်ပါသည်။

ကလေးဝမြို့တွင် မိုးတွင်းမိုးရွာစဉ် ရေစီးရေလာကောင်းမွန်စေရန် မြို့လယ်ကိုဖြတ်၍ ပေ(၄၀၀၀)ခန့်ရှည်လျားသော ရေမြောင်းကိုဖောက်လုပ်ထားပါတယ်။ ရေမြောင်းအကျယ်မှာ နေရာကိုလိုက်၍ (၅)ပေ မှ (၈)ပေခန့်အထိ ကျယ်ပါတယ်။ အနက်မှာ(၃)ပေမှ (၇)ပေအထိရှိပါတယ်။ ၎င်းရေမြောင်းမှာ အကွေ့အကောက်

များဖြင့် စီးဆင်းနေသည့်အပြင် တောင်ကုန်းထူထပ်နေသည့်ကြားမှ ဖြတ်သန်းခဲ့ရပါတယ်။ မြောင်းအထက်ဖက်ရှိ တောင်ကုန်းအချို့ကိုဖြို၍ အဆောက်အဦး ဆောက်လုပ်ကြလို့ ဖြို့ထားသည့်မြေများက မြောင်းကိုတိမ်ကောလာစေပါတယ်။ တချို့နေရာများမှာ အပင်များပေါက်နေတာကိုလည်း တွေ့ရပါတယ်။ မြောင်းဘေးနေအိမ်အချို့က မြောင်းအတွင်း အမှိုက်များပစ်ကြသည့်အတွက် မြောင်းကို ပိတ်ဆို့စေပါတယ်။ လက်ရှိအခြေအနေအရ မြောင်းတိမ်ကောလာပါသဖြင့် မြောင်းဘေးနေအိမ်များ ရေလျှံသည့်ဒဏ်ကို ခံစားနေကြရပါတယ်။

ဒါကြောင့် မြောင်းကိုပြန်လည်ဖော်ရန် လိုအပ်နေပြီဖြစ်ပါတယ်။ မူလက အနက်(၅)ပေခန့်ရှိသော်လည်း ယခုအခါ အချို့နေရာများတွင် မြေပြင်နှင့် တစ်ညီတည်းဖြစ်နေပါတယ်။ ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့်လည်း အခွန်ငွေနည်းပါးသည့် မြို့နယ်ဖြစ်သည့်အတွက် တိုင်းဒေသကြီးရန်ပုံငွေမှ ပါဝင်ကူညီပေးဖို့ လိုအပ်နေပါတယ်။ မြောင်းကြီးရေစီးရေလာကောင်းမွန်စေရေးအတွက် ပြန်လည်တူးဖော်ရေးလုပ်ငန်းအပြင် ရေရှည်ခိုင်မာရေးအတွက် ကျောက်စီရေမြောင်းပြုလုပ်ရန် လိုအပ်နေပါတယ်။ ရေမြောင်းပြုပြင်ရာတွင် တစ်နှစ်တည်းမဟုတ်ဘဲ ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေ၍ပြုပြင်ဆောင်ရွက်ပါက ဘဏ္ဍာရေးအခက်အခဲ မရှိနိုင်ဘူးဟု ထင်မြင်ပါတယ်။ သို့ဖြစ်ပါ၍ ကလေးဝမြို့ မြို့လယ်ရေမြောင်းကြီး ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စားမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီး၊ ဒေါက်တာသောင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကလေးဝမြို့၊ မိုးတွင်းမိုးရွာစဉ်မှာ ရေစီးရေလာ ကောင်းမွန်စေရန် မြို့လယ်ကို

ဖြတ်ပြီးတော့မှ ပေ(၄၀၀၀)ခန့်ရှိသော ရေမြောင်းရှိပြီးတော့မှ ရေမြောင်း အကျယ်မှာ နေရာအလိုက်(၅)ပေမှ (၈)ပေအထိ ကျယ်ဝန်းပြီး အနက်မှ (၃)ပေမှ (၇)ပေအထိ ရှိပါတယ်။ ၎င်းရေမြောင်းမှာ အကွေ့အကောက်များဖြင့် စီးဆင်း နေရသည့်အတွက်ကြောင့် တောင်ကုန်းထူထပ်တဲ့ကြားကနေ ဖြတ်သန်းစီးဆင်း လာရသဖြင့် လက်ရှိအချိန်မှာ ရေမြောင်းများ တိမ်ကောလာပြီး နေအိမ်များမှာ ရေလျှံမှုများဖြစ်ပေါ်နေတဲ့အတွက် အဆိုပါမြောင်းအား ပြန်လည်တူးဖော်၍ ကျောက်စီရေမြောင်းပြုလုပ်ပေးနိုင်ရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေ၍ ပြန်လည်ဆောင်ရွက်ပေးနိုင်မှုရှိ/မရှိ သိလိုကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးရဲနောင်ရဲ့ မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စား လှယ်များ ခင်ဗျား။

ကလေးဝမြို့၊ မြို့လယ်ကိုဖြတ်ပြီးတော့ ရေကြောင်းအရှည်မှာ ပေ(၄၀၀၀) ခန့်ရှိပြီး အရှည်ပေ(၁၅၀၀)၊ အကျယ်(၆)ပေနှင့် (၅)ပေသည် ကျောက်စီရေမြောင်း ဖြစ်ပြီး အရှည်ပေ(၂၅၀၀)၊ အကျယ်(၆)ပေ၊ အနက်(၅)ပေဟာဆိုလျှင် မြေသားမြောင်း ဖြစ်ပါတယ်။ လက်ရှိမှာ ရေမြောင်းထွက်ပေါက် ဗိုလ်ချုပ်လမ်းတံတားအောက်မှာ ဆိုရင် (၂)ပေအရှည်၊ အရှည်(၆၀)ပေရှိတဲ့ ရေပြွန်(၄)ခုဟာ ပိတ်ဆို့ပြီး ရေမြောင်း တစ်လျှောက်မှာဆိုရင်လည်း အနက်(၂)ပေခန့်ရှိတဲ့ နုံးမြေရေတင်လျက်ရှိတဲ့ အတွက်ကြောင့်မို့ ရေစီးရေလာကောင်းမွန်ရေး၊ နုံးမြေများကို ရှင်းလင်းဆယ်ယူ လျက်ရှိပါတယ်။ စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ကွင်းဆင်းစစ်ဆေးတဲ့နေရာမှာ ပိတ်ဆို့နေသော ရေပြွန်(၄)ခုကို ဖယ်ရှားပြီးတော့မှ ရေမြောင်းကို တိုးမြှင့်တူးဖော် ပြုပြင်တဲ့လုပ်ငန်းများနဲ့ ကျန်ရှိနေသည့် အရှည်(၂၅၀၀)၊ အကျယ်(၆)ပေ၊ အနက်(၅)ပေရှိတဲ့ မြေသားမြောင်းကိုလည်း ကျောက်စီရေမြောင်းအဖြစ် အဆင့် မြှင့်တင်ရေးလုပ်ငန်းများကို ဒေသန္တရစီမံကိန်းမှာ ထည့်သွင်းလျာထားပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဒေါ်ကြူကြူစိန်အား ခွင့်ပြုမေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင်။

ကျွန်မကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကြူကြူစိန် ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မုံရွာမြို့၊ ရွှေဇလုပ်ရပ်ကွက်အတွင်း အလျား(၁၁၃၀)ပေ၊ အနံ(၂၅)ပေရှိ ရတနာလမ်းအား အကျယ်(၁၈)ပေ၊ အမြင့်(၁၉)ပေထု ကွန်ကရစ်လမ်းခင်းရန် လိုအပ်လျက်ရှိသော ဘိလပ်မြေအား သက်ဆိုင်ရာဌာနမှ ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင့်။ မုံရွာမြို့၊ ရွှေဇလုပ်ရပ်ကွက်၊ လမ်းဖြစ်မြောက်ရေးကော်မတီမှ ရတနာလမ်းအား ကိုယ်ထူကိုယ်ထ ဆောင်ရွက်လျက်ရှိပြီး မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော သဲကျောက်များကို စုဆောင်းထားရှိပြီးဖြစ်သော်လည်း ဘိလပ်မြေအတွက် အခက်အခဲဖြစ်နေသည်ကို ရပ်ကွက်နေပြည်သူများနှင့်တွေ့ဆုံရာတွင် တွေ့ရှိခဲ့ရပါတယ်။

သို့ဖြစ်ပါ၍ မုံရွာမြို့၊ ရွှေဇလုပ်ရပ်ကွက်အတွင်း အလျား(၁၁၃၀)ပေ၊ အနံ(၂၅)ပေရှိသည့် ရတနာလမ်းအား အကျယ်(၁၈)ပေ၊ အမြင့်(၉)ပေထု ၊ ကွန်ကရစ်လမ်းခင်းပေးရန်အတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေအား သက်ဆိုင်ရာဌာနအနေဖြင့် ထောက်ပံ့ပေးနိုင်ခြင်း ရှိ/မရှိနှင့် ထောက်ပံ့ပေးမည်ဆိုပါက မည်သည့်အချိန်၊ မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ရွှေဇလုပ်ရပ်ကွက်နေ ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားရပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး

လွတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီး ဒေါက်တာသောင်းနိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မုံရွာမြို့၊ ရွှေဇလုပ်ရပ်ကွက်အတွင်း အလျား(၁၁၃၀)ပေ၊ အနံ(၂၅)ပေရှိသည့် ရတနာလမ်းအား အကျယ်(၁၈)ပေ ၊ အမြင့်(၉)လက်မထုရှိတဲ့ ကွန်ကရစ်လမ်းခင်းရာတွင် လိုအပ်လျက်ရှိတဲ့ ဘိလပ်မြေအား တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ထောက်ပံ့ပေးနိုင်မှုရှိ/မရှိနှင့် ထောက်ပံ့ပေးနိုင်မည်ဆိုပါက မည်သည့်အချိန် မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုပါကြောင်း လွှတ်တော် ကိုယ်စားလှယ် ဒေါ်ကြူကြူစိန်ရဲ့ မေးခွန်းအား ဖြေကြားသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မုံရွာမြို့၊ ရွှေဇလုပ်ရပ်ကွက်အတွင်းမှာ အရှည်(၁၁၃၀)ပေ၊ အကျယ်(၂၅)ပေရှိသည့် ရတနာလမ်းဟာဆိုလျှင် လက်ရှိမြေသားလမ်းဖြစ်ပြီးတော့ ရပ်ကွက်မှနေပြီး ဆောင်ရွက်စဉ်အချိန်ကတည်းကပင် မြေသားလမ်းအဖြစ် တည်ရှိနေသည့် ရတနာလမ်းမှာ(၁၁၃၀)ပေ၊ အကျယ်(၁၈)ပေ ထု(၉)လက်မရှိတဲ့ ကွန်ကရစ်အချိုးအစားဟာ(၁း၃း၆)နဲ့ ကွန်ကရစ်လမ်းခင်းရန်အတွက် တွက်ချက်မှုအရဆိုရင် ဘိလပ်မြေ(၁၉၆၀)အိတ် လိုအပ်မှာဖြစ်ပါတယ်။ အဆိုပါလမ်းအား ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်း ပြုလုပ်ဆောင်ရွက်မှာလို့ သိရှိရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့အနေဖြင့် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းပြီး ကိုယ့်အားကိုယ်ကိုး လမ်းတံတားလုပ်ငန်းများ ဆောင်ရွက်အကောင်အထည်ဖော်တဲ့နေရာမှာ စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ဘိလပ်မြေလိုအပ်ချက်များ၊ အလုပ်လုပ်မည့်နေရာမှာ နည်းပညာကြီးကြပ်မှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်သူများကနေပြီးတော့မှ လုပ်သား၊ လုပ်အားခများကို ကျခံဆောင်ရွက်ပေးကြပါတယ်။ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့အနေနဲ့ ၂၀၂၆-၂၀၂၇ဘဏ္ဍာရေးနှစ်မှာဆိုရင် ဘိလပ်မြေအိတ်များကို ထောက်ပံ့ပေးနိုင်ရေးအတွက် အိတ်(၂၀၀၀၀)လျာထားပေးရန် တင်ဒါခေါ်ယူဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ယခုမေးမြန်းထားတဲ့ ရွှေဇလုပ်ရပ်ကွက်အတွင်းမှာရှိတဲ့ ရတနာလမ်းအတွက် ဘိလပ်မြေ(၁၉၆၀)အိတ်ကို ထောက်ပံ့ပေး

နိုင်ရေး ဦးစားပေးဆောင်ရွက်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပြီ ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌမှ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၆) ကိုဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျာ။

၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၂ ၊ နည်းဥပဒေခွဲ က အရ ပညာရေး၊ ကျန်းမာရေး၊ အားကစား နှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် များဖြင့် ဖွဲ့စည်းခြင်း၊ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့ကို တိုင်းဒေသကြီး လွှတ်တော်က သတ်မှတ်ပေးရမှာ ဖြစ်ပါတယ်။ ကော်မတီမှာ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး အပါအဝင် ကော်မတီဝင်ဦးရေ(၁၁)ဦးဖြင့် ဖွဲ့စည်းမှာဖြစ်ပြီး ပေးပို့လာသည့် စာရင်းပေါ်မူတည်ပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက နည်းဥပဒေ ၆၂၊ နည်းဥပဒေခွဲ (ခ)အရ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား ရွေးချယ်သတ်မှတ်ပေးသွားရမှာ ဖြစ်ပါတယ်။ ကော်မတီအနေနဲ့ လွှတ်တော်ကျင်းပချိန်မှာ လွှတ်တော်ကို တာဝန်ခံရမှာဖြစ်ပြီး လွှတ်တော် ကျင်းပချိန်မဟုတ်လျှင် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံရမှာ ဖြစ်ပါတယ်။ ထို့အပြင် ကော်မတီ၏ သက်တမ်းဟာ လွှတ်တော်ရဲ့သက်တမ်းနှင့်အညီ (၅)နှစ်ဖြစ်ပြီး လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကော်မတီရဲ့သက်တမ်း (၁)နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို လဲလှယ် အစားထိုး တာဝန်ပေးအပ်ရမှာ ဖြစ်ပါတယ်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း

ဥက္ကဋ္ဌ။ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီကို ဖွဲ့စည်းမှာဖြစ်ပါတယ်။ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း တို့နှင့်စပ်လျဉ်းပြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌက ရှင်းလင်းပြောကြားပေးဖို့ဖြစ်ပါတယ်။

ဒုတိယဥက္ကဋ္ဌ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌနှင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဖွဲ့စည်းနိုင်ရန်အတွက် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့်စပ်လျဉ်းပြီး ကျွန်တော်က ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီဟာ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ ၈ အရ တိုင်းဒေသကြီးအဆင့် ကော်မတီအဖွဲ့အစည်း ဖြစ်ပါတယ်။

ကော်မတီ၏သက်တမ်း

ကော်မတီ၏ သက်တမ်းသည် တိုင်းဒေသကြီးလွှတ်တော်၏ သက်တမ်းနှင့် အညီ ဖြစ်ပါတယ်။ လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ ကော်မတီရဲ့သက်တမ်း (၁)နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်တော်သလို အစားထိုးတာဝန်ပေးအပ်နိုင်ပါတယ်။

ကော်မတီ၏ တာဝန်များ

ကော်မတီသည်-

(က) ပညာရေး၊ ကျန်းမာရေးမြှင့်တင်မှုဆိုင်ရာ လုပ်ငန်းများ၊ အားကစား နှင့်ယဉ်ကျေးမှု တိုးတက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ကူညီဆောင်ရွက်ပေးရမည်၊

(ခ) ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး တိုးတက်စေရေး၊ အားကစား၊ အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ခိုင်မာရေးနှင့် စောင့်ရှောက် ထိန်းသိမ်းရေးအတွက် အလေးထား ကူညီဆောင်ရွက်ရမည်၊

(ဂ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာန/အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန်၊ အသစ် ပြဋ္ဌာန်းရန်များတွေ့ရှိရပါက လွှတ်တော်သို့ တင်ပြရမည်၊

(ဃ) သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြား ချက်နှင့် လုပ်ထုံးလုပ်နည်းများသည် တည်ဆဲဥပဒေများနှင့် လည်း ကောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းလိုက်သည့် ဥပဒေများနှင့်လည်းကောင်း ညီညွတ်ဆီလျော်အောင် ဆောင်ရွက်စေပြီး ညီညွတ်ဆီလျော်မှုရှိပါက လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်ထိန်းညှိ ကူညီရမည်၊

(င) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို လေ့လာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

ကော်မတီသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းတို့နှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ်များအားလည်းကောင်း၊ လုပ်ငန်းနှင့်ဆက်စပ်သော အကြောင်းအရာများကို သိရှိနားလည်သည်ဟု ယူဆသူများအားလည်းကောင်း ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်း အစည်းအဝေး မှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်ရုံးသို့ ပေးပို့ရမည်။

ကော်မတီသည် ဆွေးနွေးရရှိသော မိမိကော်မတီဆိုင်ရာ လုပ်ငန်းများအတွက် လုပ်ဆောင်ဖွယ်ရာများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်

လွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့တင်ပြရမည်။ လွှတ်တော်သို့ တင်ပြသင့်သော အခြေအနေဖြစ်က ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော်သို့ တင်ပြရမည် သို့မဟုတ် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတို့ ဆောင်ရွက်ရန်၊ ပေးပို့ရန်လိုအပ်ပါက လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် လွှတ်တော်က ဆက်လက်တင်ပြရမည်။

ကော်မတီသည် တိုင်းဒေသကြီးလွှတ်တော်က အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

ကော်မတီ၏ လုပ်ပိုင်ခွင့်များ

ကော်မတီသည် အစည်းအဝေးများကို ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ဖြစ်ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ကျင်းပရမည်။

ကော်မတီသည် ကော်မတီလုပ်ငန်းများနှင့် စပ်လျဉ်း၍ –

(က) နိုင်ငံတော်၊ တိုင်းဒေသကြီးနှင့် ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

(ခ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေအကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်၊

(ဂ) လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုများအပေါ်ပြင်ဆင်ရန်လိုအပ်ပါက သုံးသပ်ချက်နှင့်အတူ အကြံပြုချက်များကို တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

ကော်မတီက အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ –

(က) ကော်မတီဥက္ကဋ္ဌက အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်၊

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(ဂ) ကော်မတီဥက္ကဋ္ဌ မရှိလျှင် အတွင်းရေးမှူးကသော်လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးမရှိလျှင် သဘာပတိ တာဝန်ထမ်းဆောင်သော ကော်မတီဝင် တစ်ဦးကသော်လည်းကောင်း လက်မှတ်ရေးထိုး တင်ပြနိုင်သည်၊

(ဃ) အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်များ ပြုလုပ်ခွင့်မရှိ၊

(င) လွှတ်တော်ဥက္ကဋ္ဌ၏ သီးခြားညွှန်ကြားချက်မရှိလျှင် ဆောင်ရွက်သောလုပ်ငန်းနှင့်စပ်လျဉ်းသော ကော်မတီ၏ အစီရင်ခံစာကို ပြုစုပြီးသည့်နေ့မှစ၍ ခုနှစ်ရက်အတွင်း (ရုံးပိတ်ရက်များမပါ) လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်၊

(စ) လွှတ်တော်ဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ခြင်း ခံရသူသည် ကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်တွင် တင်ပြရမည်။

ကော်မတီဝင်များသည် –

(က) ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်၊

(ခ) လွှတ်တော်ကော်မတီ အများဆုံးနှစ်ခုအထိသာ ပါဝင်ဆောင်ရွက်နိုင်ခွင့် ရှိသည်၊

(ဂ) ကော်မတီဝင်အဖြစ်မှ နှုတ်ထွက်ခွင့်ပြုရန်အတွက် ခိုင်လုံသော အကျိုးအကြောင်းဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့် ရှိသည်။

ရပိုင်ခွင့်နှင့် အခွင့်အရေးများ

ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးအပ်ချက်အရ ခရီးသွားရာ၌လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့်

ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် ပြည်ထောင်စု အစိုးအဖွဲ့က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

ကော်မတီဝင်များသည်–

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲ အခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီ အစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

ယခု ကျွန်တော် ဖတ်ကြားတင်ပြသွားတဲ့ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းများဟာ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကောက်နုတ်ချက်များဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

လွှတ်တော်ဥက္ကဋ္ဌမှ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီကို ယခု တင်ပြမည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးဖြင့် ဖွဲ့စည်းသွားမှာဖြစ်ပါတယ်။ ဖွဲ့စည်းရန်လျာထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များကတော့-

(၁) ဦးတင်ဝင်း၊ အရာတော်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၂) ဦးကျော်သူ၊ကောလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးဇေယျာစိုး၊ မြင်းမူမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၆) ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)

(၇) ဦးအောင်ဇော်မင်း၊ ဝန်းသိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၈) ဦးအောင်နိုင်သူ၊ ခန္ဓီးမြို့နယ် ကိုယ်စား လှယ်အမှတ်(၂)

(၉) ဦးမင်းဆွေ၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၁၀) ကြည်း-၄၇၉၄၅၅၊ ဗိုလ်မှူးဝေဖြိုးသာ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၁၁) ကြည်း-၆၇၅၃၀၊ ဗိုလ်ကြီးဒေါ်သီရိဟန်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ဖြစ်ပါတယ်။

ယခုတင်ပြထားသည့် ကိုယ်စားလှယ်(၁၁)ဦးထဲမှ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီကို ဥက္ကဋ္ဌအဖြစ် ဦးတင်ဝင်း၊ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူး(၁)အဖြစ် ဦးအောင်နိုင်သူ၊ ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး(၂)အဖြစ် ဦးမင်းဆွေ၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)တို့ကို တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၉)ရက်၊ (သောကြာနေ့) ညနေ(၁၅း၀၀)နာရီအချိန် နောက်ဆုံးထား၍ လွှတ်တော်ရုံးအကြီးအမှူးထံ အမည်စာရင်းပေးပို့ကြဖို့ ဖြစ်ပါတယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၂)ရက်မြောက်နေ့ ဆက်လက်ကျင်းမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ယခု တတိယအကြိမ်စစ်ကိုင်တိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို ရပ်နားပါမယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ၂၀၂၆ခုနှစ်၊ ဇွန်လ(၂၂)ရက် (တနလင်္ဘာနေ့) နံနက် (၁၀:၀၀)နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျာ။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များ ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျာ။

{တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို (၁၁း၀၉)နာရီအချိန်တွင် ရုပ်နားပါသည်။}

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှတ်တမ်း

၁၃၈၈ ခု၊ ပထမဝါဆိုလဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်)(တနလင်္ဂာနေ့)

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမတွင် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက် နေ့ကို နံနက်(၁၀:၀၀)နာရီအချိန်၌ စတင်ကျင်းပပါသည်။

{အစည်းအဝေးတွင် ဦးတင့်လှိုင်မြင့်၊ လွှတ်တော်ဥက္ကဋ္ဌတက်ရောက်၍ အခမ်းအနားမှူးအဖြစ် ဦးကျော်သူရ(ဒုတိယညွှန်ကြားရေးမှူးချုပ်) လွှတ်တော်ရုံးဝန်ထမ်းအကြီးအမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရုံး)က ဆောင်ရွက်ပါသည်။}

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

အစည်းအဝေးမကြာမီစတင်တော့မှာဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးများ မိမိတို့၏ သတ်မှတ်နေရာများမှာ နေရာယူပေးကြပါရန်နှင့် လက်ကိုင်ဖုန်းများကို (Silent) ပြုလုပ်ပေးပါရန် မေတ္တာရပ်ခံပါတယ်ခင်ဗျား။

အခမ်းအနားမှူး။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ (၁၂)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။

အခမ်းအနားမှူး။ အားလုံးထိုင်နိုင်ကြပါပြီ ခင်ဗျား။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့မှာ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးရှိသည့်အနက် (၇၈)ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ (၉၁.၇၆)ရာခိုင်နှုန်းရှိပြီး လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ သုံးပုံတစ်ပုံကျော် တက်ရောက်တဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၄(ခ) အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ နည်းဥပဒေ ၃၅(ဂ) အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (တူထုသည်)

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ခ)အရ အစည်းအဝေး အစီအစဉ်များကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်တဲ့အတွက် အဆိုပါ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အစည်းအဝေးမတက်ရောက်နိုင်သော လွှတ်တော်ကိုယ်စားလှယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာ ကော်မတီမှ ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှုအခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၄)ကို ဆောင်ရွက်ပါမယ်။

တိုင်းဒေသကြီးလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄(ဂ) အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် တိုင်းဒေသကြီးလွှတ်တော်

ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီမှ ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

ဒေါ်သန်းအေး၊ မြောင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။

ယနေ့ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၂)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ တက်ရောက်နိုင်ခြင်းမရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအခြေအနေအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးနှင့် လွှတ်တော်အခွင့်အရေးဆိုင်ရာကော်မတီအဖွဲ့ဝင်၊ မြောင်မြို့နယ်၊တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ် (၂)မှ ကျွန်မ ဒေါ်သန်းအေးမှ အောက်ဖော်ပြပါ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားပေးသွားမှာဖြစ်ပါ တယ်ရှင့်-

ယနေ့ ၂၀၂၆ ခုနှစ်၊ ဧပြီလ(၂၂)ရက် တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ မရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ရှင့်။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျာ။

ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် (၈၅)ဦး ရှိသည့်အနက် ယခင်နေ့က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ(၈)ဦး၊ ယနေ့ အစည်းအဝေးသို့ ပြန်လည်တက်ရောက်သူ(၁)ဦး၊ ယနေ့ ခွင့်ပန်ကြား၍ ခွင့်ပြုထားသူမရှိပါ။ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း(၇)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

ဥက္ကဋ္ဌ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါ့မယ်။ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။ (သုံးကြိမ်မေးသည်)

လွှတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များအားလုံးက သဘောတူတဲ့အတွက် လွတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (တူထုသည်)

ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ဆက်လက်ပြီးအစီအစဉ်(၅)ကို ဆောင်ရွက်ပါမယ်။

လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ပထမဦးစွာ ခန္တီးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးအောင်နိုင်သူအား ခွင့်ပြု မေးခွန်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်နိုင်သူ၊ ခန္တီးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။

လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ အဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွတ်တော်ကိုယ်စားလှယ်များ၊ လွတ်တော်ရုံးအကြီးအမှူးနှင့် ရုံးအဖွဲ့များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်း ဆက်သလိုပါတယ်။

ကျွန်တော်ကတော့ ခန္တီးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂) တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်သူ ဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်း (၁)ခုကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ ခန္တီးမြို့နယ်ဟာ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ အထက်ပိုင်း ချင်းတွင်းဒေသမှာ တည်ရှိပြီးတော့ တောတောင်လျှိုမြောင်ချိုင့်ဝှမ်းတွေ ပေါများတဲ့အရပ်ဒေသ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခန္တီးမြို့နယ်ဟာဆိုရင် ကျောက်စိမ်း၊ ရွှေ၊ ပယင်းနဲ့ သရောင်းကျောက်စတဲ့ သဘာဝသယံဇာတ ပေါကြွယ်ဝစွာ ထွက်ရှိတဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ သို့ပါသော်လည်း မြို့နယ်ရဲ့ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းကို ကြည့်မယ်ဆိုလျှင် အင်မတန်ကိုမှ နည်းပါးလွန်းနေတာကို တွေ့ရပါ တယ်။ ဒါကြောင့် ဒေသဖွံ့ဖြိုးမှုနှုန်း နည်းပါးနှုန်းပြောရမည်ဆိုရင် ကျွန်တော်တို့

ခန္တီးမြို့နယ်နဲ့ ဆက်စပ်နေတဲ့ မြို့နယ်ချင်းထိစပ်နေတဲ့ လေရှိုး၊ လဟယ်၊ ဟုမ္မလင်း စတဲ့ မြို့နယ်တွေမှာရှိတဲ့ ခြေလျင်သွားရတဲ့ ကျေးရွာလမ်းဆိုတာ မရှိသလောက် နီးပါး လမ်းတွေဖောက်လုပ်ပြီးသားဖြစ်ပါတယ်။ ကျွန်တော်တို့ ခန္တီးမြို့နယ်မှာ ကတော့ ခန္တီးမြို့ရဲ့အနီးပတ်ဝန်းကျင်ကလွဲလို့ မြို့နဲ့အလှမ်းဝေးတဲ့ ကျေးရွာ တော်တော်များများဟာဆိုလို့ရှိရင် "ကားလမ်း" မရှိသေးပါဘူး။ ကားလမ်းမပေါက် သေးတဲ့အတွက် ယနေ့တိုင် ကျွန်တော်တို့ အခဲ့ဒေသမှာရှိတဲ့ ပြည်သူတွေဟာဆိုလို့ ရှိရင် ခြေလျင်နဲ့ပဲ သွားလာနေရပါသေးတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့မှုမရှိတဲ့အတွက် အခဲ့ဒေသမှာနေထိုင်တဲ့ ပြည်သူတွေဟာဆိုလို့ရှိရင် သူတို့ရဲ့ လူမှုစီးပွားဘဝဟာ ဆိုလို့ရှိရင် အမျိုးမျိုးအဖုံဖုံ ယနေ့တိုင် နိမ့်ကျလျက်ရှိနေပါတယ်။

သို့ပါသောကြောင့် ခန္တီးမြို့နယ်အတွင်းရှိ လမ်းပန်းဆက်သွယ်ရေး အလွန် ခက်ခဲနေတဲ့ ကားလမ်းမပေါက်သေးတဲ့ ချင်းတွင်းမြစ် အနောက်ဖက်ကမ်း၊ ခန္တီးမြို့နယ်နှင့် လေရှိုးမြို့နယ်ချင်းဆက်လမ်းဖြစ်တဲ့ ရပ်နား-နန့်ပေါက်ပေါက်-ဂိုကာဖိုင်- ဖိုင်လင်း- နားတပ်- ဝါးတောလမ်း (၂၈)မိုင်ခန့်အား ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုကြောင်း အဆိုပါဒေသများရှိ ပြည်သူများ၏ အခြေခံ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်လာစေရေး ရှေးရှုပြီးတော့ ပြည်သူလူထု၏ ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဗိုလ်မှူးကြီးဝင်းတင်စိုး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ "မင်္ဂလာပါ"လို့ နှုတ်ခွန်းဆက်သ အပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့နယ်၊ လွတ်တော်ကိုယ်စားလှယ်အမှတ်(၂) တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်သူရဲ့ မေးမြန်းချက်များကို လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ခန္တီးမြို့နယ်နှင့် လေရှိုးမြို့နယ်ချင်းဆက်လမ်း ရပ်နား-နန့်ပေါက်ပေါက်-ဂိုကာဖိုင်-ဖိုင်လင်း-နားတပ်-ဝါးတောလမ်း (၂၈)မိုင်နှင့်ပတ်သက်ပြီးတော့ (၅)နှစ်စီမံကိန်းပါ ထည့်သွင်းလျာထားနိုင်ရေးအတွက် ပြည်သူ့လွတ်တော်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်များနှင့်အတူ ခန္တီးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဦးစီးအရာရှိ ဦးကိုင်က ဦးဆောင်သောအဖွဲ့ လိုက်ပါပြီးတော့မှ ၂၀၂၆ခုနှစ်၊ မေလ (၈)ရက်နေ့မှ (၁၁)ရက်နေ့အထိ မြေပြင်ကွင်းဆင်းခြင်း ဆောင်ရွက်ခဲ့ပါတယ်။ ၎င်းလမ်းဘေးအား (၅)နှစ်စီမံကိန်းပါ လျာထားဆောင်ရွက်ပြီးလည်း ဖြစ်ပါတယ်။ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစပြီးတော့ ရန်ပုံငွေရရှိမှုပေါ်မူတည်ပြီး လုပ်ငန်းအလိုက် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဗန်းမောက်မြို့နယ် တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးကျော်စိုးအား ခွင့်ပြုမေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌနှင့် လွတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ် လွတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတာကတော့ ပြည်သူ့အိုးအိမ်များ ပြန်လည်တည်ဆောက်ရေးအတွက် မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျာ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီး နာဂဒေသအပါ (၁၄)ခရိုင်၊ မြို့နယ် (၃၇)မြို့နယ်ဖြင့် ဖွဲ့စည်းထားတဲ့ တိုင်းတစ်တိုင်းဖြစ်ပါတယ်။ နိုင်ငံရေးအကြောင်းအမျိုးမျိုးကြောင့် ဘာသာရေး အဆောက်အဦများ၊ ပညာရေး အဆောက်အဦများ၊ ကျန်းမာရေး အဆောက်အဦများ၊ ဌာနဆိုင်ရာအဆောက်အဦများနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ အဆိုးဆုံး အခြေအနေအရ ပြောရရင် ကျွန်တော်တို့ တိုင်းဒေသကြီးပဲဆိုတာ အားလုံးအသိပဲ ဖြစ်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌကြီးခင်ဗျား။

မည်သို့ပင်ဆိုစေကာမူ ကသာမြို့ တစ်မြို့တည်းကို ဥပမာထားပြောရမယ်ဆိုရင် ကသာမြို့ဟာ ရပ်ကွက်(၁၀)ရက်ကွက်၊ ကျေးရွာအုပ်စု (၃၂)အုပ်စု၊ ကျေးရွာပေါင်း(၁၄၄)ရွာဖြင့် ဖွဲ့စည်းထားတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကသာမြို့မှာ ရွှေးကောက်ပွဲကာလအတွင်း လုံခြုံရေးတပ်ဖွဲ့များနဲ့ KIA/PDF ပူးပေါင်းတပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။ တိုက်ပွဲကာလအတွင်း ရှောတိုက်ဗုံးများအကြိမ်ကြိမ်ကျရောက်ခဲ့တဲ့အတွက် ကျေးရွာအုပ်စု(၄၂)အုပ်စုအနက် မြို့ပေါ် (၁၀)ရပ်ကွက်နဲ့ မြို့အနီးအနားရှိတဲ့ ကျေးရွာအုပ်စု(၂)အုပ်စုရဲ့ ပျက်စီးဆုံးရှုံးမှုကို ပြောရမယ်ဆိုရင် လူနေအိမ်(၁၁၆၄)အိမ်၊ ဘုန်းတော်ကြီး ကျောင်း(၁၁)ကျောင်း၊ ကရင်ဘုရားကျောင်း(၁)ကျောင်း၊ လီဆူးဘုရားကျောင်း(၁)ကျောင်း၊ ဓမ္မာရုံ(၁)ရုံ၊ ကသာခရိုင်ပြည်သူ့ဆေးရုံကြီး(၁)ခု (ရ.ယ.က)ရုံး (၂)ရုံးတို့ ပျက်စီးဆုံးရှုံးခဲ့ရပါတယ်။

ဒါကြောင့် အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရတဲ့ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့အိုးအိမ်များ၊ ဘာသာရေးအဆောက်အဦများ၊ ကျန်းမာရေးအဆောက်အဦများ၊ ပညာရေးအဆောက်အဦများအတွက် ရေတို/ရေရှည်စီမံကိန်းဖြင့် ပြန်လည်တည်ထောင်ပေးနိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ထားသည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူလူထုကိုယ်စား သက်ဆိုင်ရာဝန်ကြီးသို့ လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ စီးပွားရေးနှင့်ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ဦးအောင်ဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဗန်းမောက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးကျော်စိုး၏ ကြယ်ပွင့်ပြမေးခွန်းအား လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်ဖြင့် ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

စစ်ကိုင်းတိုင်းဒေသကြီးမှာ နာဂဒေသနှင့် ခရိုင်(၁၃)ခရိုင်၊ မြို့နယ်(၃၇)မြို့နယ်ရှိသည့်အနက် စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ထားသည့်မြို့နယ်(၈)မြို့နယ်၊ အမိန့်ထုတ်ပြန်ထားခြင်းမရှိသည့် မြို့နယ်(၁၆)မြို့နယ်နှင့် ပုဒ်မ(၁၄၄)ထုတ်ပြန်ထားရှိသည့်မြို့နယ် (၁၃)မြို့နယ်ရှိပါတယ်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင်လည်း မြို့နယ်(၂၅)မြို့နယ်က ကျင်းပနိုင်ခဲ့ပြီး (၁၂)မြို့နယ် ကျင်းပနိုင်ခြင်းမရှိသေးကြောင်း ကိုယ်စားလှယ်များအားလုံးလည်း သိရှိပြီးဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးအရ တင်ပြရမယ်ဆိုလျှင် မုံရွာ-မန္တလေးကားလမ်းမကြီးဟာ ကျွန်တော်တို့ အစိုးရလက်ထက်မှာ လုံခြုံရေးတိုးတက်ကောင်းမွန်လာတာဖြစ်ပါတယ်။ ကျန်တဲ့တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အခြားလမ်းမကြီးများကိုလည်း လုံခြုံရေးတိုးတက်ကောင်းမွန်စေရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ချင်းတွင်းရေကြောင်းလမ်းမှာဖြစ်တဲ့ မုံရွာမှ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ခန္တီးအထိ ရေယာဉ်များလည်း လုံခြုံရေးကောင်းမွန်စွာနဲ့ သွားလာနိုင်ဖို့ မရှိသေးတာကိုလည်း အားလုံးလည်းသိရှိပြီးဖြစ်ပါတယ်။ အကြမ်းဖက်လက်နက်ကိုင်များ ဖျက်ဆီးခဲ့တဲ့အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့ရွာများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ဒေသခံပြည်သူများ မိမိဒေသမှာ စွန့်ခွာထွက်ပြေး တိမ်းရှောင်နေရသည်မှာလည်း အများအပြားရှိပါတယ်။

ဒါကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုး တက်လာရေးအတွက် ပြန်လည်ထူထောင်ပေးရမယ့် ရေတို/ရေရှည် အစီအမံများကို အဆင့်လိုက် အဆင့်လိုက် ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမှာဖြစ်ပါတယ်။ အကြမ်းဖက်လက်နက်ကိုင်များ စွန့်ခွာသွားသည့်နောက်ပိုင်း တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ၎င်းနောက် ကုန်းလမ်းနှင့် ရေကြောင်းလမ်းများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ဆက်လက်ကြိုးစား ဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များအပြင် ကျောင်းသူ၊ ကျောင်းသားများ လုံခြုံအေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ၂၀၂၆-၂၀၂၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ပညာရေးဝန်ကြီးဌာန၏ စစ်ကိုင်းတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမှုကို တင်ပြရမယ်ဆိုလျှင် အဆင့်မြင့် ပညာဦးစီးဌာနအတွက် (၂၀၂၇၄.၈၁၉)ကျပ်သန်း၊ အခြေခံပညာဦးစီးဌာနအတွက် (၁၁၅၉၃.၀၈)ကျပ်သန်း၊ ဆရာအတတ်သင်ပညာ ဦးစီးဌာနအတွက် (၁၃၃၁.၇၃၀)သန်းဖြင့် အဆောက်အဦနှင့် အခြားလိုအပ်ချက်များ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကလေးငယ်များ ကာကွယ်ဆေးထိုးခြင်းနှင့် ပြည်သူလူထုအတွက် ကျန်းမာရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက်လည်း လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ အလားတူ ကျန်းမာရေးဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၆-၂၀၂၇ မှာ ရင်းနှီးမြှုပ်နှံမှုများကို တင်ပြရမယ်ဆိုလျှင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအတွက် (၂၃၃၀.၀၀)ကျပ်သန်း၊ ကုသရေးဦးစီးဌာနအတွက် (၇၄၀၆.၆၅၀)ကျပ်သန်း၊ ကျန်းမာရေး၊ လူစွမ်းအားအရင်းအမြစ်ဌာနအတွက် (၉၂.၉၂၃)ကျပ်သန်း၊ တိုင်းရင်းဆေးပညာဦးစီးဌာနအတွက် (၁၂၃.၈)ကျပ်သန်းဖြင့် အဆောက်အဦးနှင့် အခြားလိုအပ်ချက်များ ရင်းနှီး မြှုပ်နှံထားပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ကြိုးစားဆောင်ရွက်သွားမှာဖြစ်ကြောင်း လေးစားစွာဖြင့် ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးတင်မောင်မြင့်အား ခွင့်ပြုမေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)။ အားလုံး မင်္ဂလာပါခင်ဗျာ။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်း ဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ် လွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးတင်မောင်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်းတစ်ခု တင်သွင်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဖောင်းပြင်မြို့နယ်၊ နန်းပန်ကျေးရွာအုပ်စု၊ ဇော်ဂျီကျေးရွာ အစိုးရအလယ်တန်းကျောင်းအား ကျောင်းဆောင်သစ် ဆောက်လုပ်နေဆဲတွင် PDF အကြမ်းဖက်များ၏ နှောင့်ယှက်ဖျက်စီးမှုကြောင့် ဆောက်လုပ်ရေးလုပ်ငန်း များ ရပ်တန့်သွားခဲ့ရပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျာ။

ယခုအချိန်တွင် ဖောင်းပြင်မြို့နယ်၊ နန်းပန်ကျေးရွာအုပ်စု၊ ဇော်ဂျီ ကျေးရွာသည် ဒေသခံပြည်သူ့စစ်များဖြင့် ရပ်ရွာအေးချမ်းသာယာရေးကို ဆောင်ရွက် နိုင်ခဲ့သဖြင့် ၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖောင်းပြင်မြို့နယ်၊ နန်းပန်ကျေးရွာအုပ်စု၊ ဇော်ဂျီကျေးရွာ အစိုးရအလယ်တန်းကျောင်းဆောင်သစ်ဆောက်လုပ်မှုအား ဆက်လက် အပြီးသတ် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိကို ဇော်ဂျီကျေးရွာ၊ ကျောင်းသား၊ ကျောင်းသူများ၏ မိဘများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါ တယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး၊ ဦးညွန့်ဝင်းအောင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖောင်းပြင်မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်မြင့်၏ တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ဖောင်းပြင်မြို့နယ်၊ နန့်ပန်ကျေးရွာအုပ်စု၊ အ.လ.က ဇော်ဂျီကျေးရွာမှာဆိုရင် ၎င်းကျေးရွာမှာရှိတဲ့ (၉၀ ပေ × ၃၀ ပေ) steel structure ကျောင်းအဆောက်အဦဟာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ မာယုသာကုမွဏီမှ တာဝန်ယူဆောက်လုပ်ခဲ့ပါတယ်။ လုပ်ငန်း၏ ၅၀% ပြီးစီးပြီးဖြစ်ပါတယ်။ ထိုသို့ လုပ်ငန်းများဆောင်ရွက်နေစဉ်အတွင်း နယ်မြေဒေသအခြေအနေကြောင့် လုပ်ငန်းများဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ လုပ်ငန်းများအား ရပ်နားခဲ့ရကြောင်း သိရှိရပါတယ်။

၎င်းကျောင်းဟာဆိုရင် ယခုပညာသင်နှစ်မှာလည်း ဖွင့်လှစ်နိုင်သော ကျောင်းဖြစ်ပြီး နယ်မြေဒေသအခြေအနေအရ ဆောင်ရွက်နိုင်ပါက ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှာ ကျောင်းဆောင်များ အပြီးသတ်ဆောက်လုပ်နိုင်ရန်အတွက် ရန်ပုံငွေရရှိရေး တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖောင်းပြင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင်မင်းထွဋ်အား ခွင့်ပြုမေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊

လွတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ် လွတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးတင်မင်းထွဋ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ်အသားပြ မေးခွန်းတစ်ခုကို တင်သွင်းဆွေးနွေး မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ဖောင်းပြင်မြို့နယ်၊ ပိုးစာကုန်းကျေးရွာအုပ်စု၊ ပိုးစာကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှာ အလျား(၉၀)ပေ × အနံ (၃၀)ပေ Steel Structure တစ်ထပ်ကျောင်းဆောင်ကို ဆောက်လုပ်ရန်ဌာနမှ ခန့်မှန်းကုန်ကျသင့်ငွေ (၆၃၀၀၀၀၀၀/–)(ကျပ်သိန်းခြောက်ရာ့သုံးဆယ်)တိတိကို အတည်ပြုခဲ့ပြီး ၂၀၁၉-၂၀၂၀ဘဏ္ဍာနှစ်မှာ (၅၀%)ဖြစ်တဲ့ (၃၁၅၀၀၀၀၀/–) (သုံးရာတစ်ဆယ့်ငါးသိန်းကျပ်) တိတိကို ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ လုပ်ငန်းဆက်လက်လုပ်ကိုင်ရန် ကျန်ရှိနေတဲ့ လုပ်ငန်းတွေကတော့ နံကပ်အချောတပ်ခြင်း၊ တံခါးမတပ်ခြင်း၊ မျက်နှာကျက်တပ်ခြင်း၊ ကျည်းဘောင်ခွေခြင်း၊ ပြတင်းတပ်ခြင်း၊ ဆေးသုတ်ခြင်းတို့ ကျန်ရှိနေပါတယ်။

ပိုးစားကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ မူလတန်းအဆင့်(၄၈)ဦး၊ အလယ်တန်းအဆင့်(၁၇၀)ဦး၊ အထက်တန်းအဆင့် (၁၃၅)ဦး စုစုပေါင်း(၇၈၃)ဦး ပညာသင်ကြားလျက်ရှိတဲ့အတွက် ကျောင်းသားဦးရေများပြားနေသောကြောင့် ကျောင်းသား/ကျောင်းသူများ မိုးဒဏ်၊ လေဒဏ်၊ နေဒဏ်မခံရဘဲ လုံခြုံစိတ်ချစွာ ပညာသင်ကြားနိုင်ရေးအတွက် ယခင်ကျောင်းဆောင်ဟောင်းဖြင့် စာသင်ခန်းများ လုံလောက်မှုမရှိသည်ကို တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ဌာနမှ ထပ်မံချထားရန် ကျန်ငွေ(၅၀%)ငွေကျပ် (၃၁၅၀၀၀၀၀/–) (ကျပ်သုံးရာတစ်ဆယ့်ငါးသိန်း)တိတိကို ထပ်မံခွင့်ပြုပေးပြီး အပြီးသတ်ဆောက်လုပ်နိုင်ရန်အတွက် ဖောင်းပြင်မြို့နယ်၊ ပညာရေးမှူးရုံးမှတစ်ဆင့် (၁၃-၈-၂၀၂၃) ရက်စွဲပါစာဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းဒေသကြီးပညာရေးမှူးရုံး

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ကို လိပ်မူပြီး တင်ပြတောင်းခံခဲ့သော်လည်း ယနေ့အထိ ခွင့်ပြုပေးခဲ့ခြင်းမရှိကြောင်း တွေ့ရှိ ရပါတယ်။

သို့ဖြစ်ပါ၍ အ.ထ.က(ခွဲ)ပိုးစာကုန်းကျေးရွာ မပြီးပြတ်သေးသည့် (အလျား ၉၀ပေ × အနံ ၃၀ပေ) (၁)ထပ်ကျောင်းဆောင်ကို အပြီးသတ်ဆောက်လုပ်နိုင်ရေး အတွက် တိုင်းဒေသကြီးအစိုးရမှ မည်သို့ဆောင်ရွက်ပေးမည်နှင့် မည်သည့်အချိန် တွင် အပြီးသတ်ဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း မိဘပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျာ။ အားလုံး ကျေးဇူး တင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာ၊ ချမ်းသာပါစေလို့ ဦးစွာမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး၊ ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖောင်းပြင် မြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးတင်မင်းထွဋ်၏ လွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ဖောင်းပြင်မြို့နယ်၊ အ.ထ.က(ခွဲ) ပိုးစာကုန်းမှာရှိတဲ့ (အလျား ပေ၉၀ × အနံ ပေ၃၀) Steel Structure ကျောင်းဆောင်ဟာဆိုရင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး နှစ်မှာ မာယုသာ ကုမ္ပဏီကနေပြီးတော့ တာဝန်ယူဆောက်လုပ်ခဲ့တဲ့ အဆောက် အဦဖြစ်ပါတယ်။ ၎င်းအဆောက်အဦဟာဆိုရင်လည်း နယ်မြေဒေသအခြေအနေ အရ လုပ်ငန်းများရပ်တန့်ခဲ့ရပါတယ်။ ယခုပညာသင်နှစ်မှာလည်း ကျောင်းဟာ ဖွင့်လှစ်လျက်ရှိသော ကျောင်း(၁)ကျောင်းဖြစ်ပါတယ်။ ၎င်းကျောင်းအဆောက်အဦ ပြီးစီးရေးအတွက် နယ်မြေဒေသအခြေအနေပေါ်မှာ မူတည်ပါတယ်။ နယ်မြေဒေသ အခြေအနေအရ လုပ်ငန်းများဆောင်ရွက်နိုင်ပါက လုပ်ငန်းများပြီးပြတ်အောင်

ဆောင်ရွက်ရေးအတွက် ရန်ပုံငွေရရှိရေး တင်ပြတောင်းခံ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ကန့်ဘလူမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးသက်ကိုကိုကျော်အား ခွင့်ပြုမေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွတ်တော် ကိုယ်စားလှယ်များ၊ လွတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ် ပါတယ်။

ကျွန်တော်ကတော့ ကန့်ဘလူမြို့နယ်တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးသက်ကိုကိုကျော် ဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ မေးခွန်း(၂)ခု မေးမြန်းသွားမှာ ဖြစ်ပါတယ်။

(က) ကန့်ဘလူမြို့နယ်အတွင်းတွင် အခြေခံပညာကျောင်းပေါင်း (၃၀၀) ကျောင်းသို့ အခြေခံပညာဦးစီးဌာနမှ ထောက်ပံ့ပေးသည့်ပုံနှိပ် စာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းသုံးဝတ်စုံများအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တို့တွင် မည်ကဲ့သို့ ထောက်ပံ့ပေးခဲ့သည်ကို သိရှိ လိုပါကြောင်းနှင့်

(ခ) မြို့နယ်၊ ခရိုင်၊ တိုင်းအခြေခံပညာဦးစီးဌာနရုံးများအား မြို့နယ်၊ ခရိုင်၊ တိုင်းစာရင်းရုံးများ၏ စစ်ဆေးချက်အစီရင်ခံစာတွင် မည်ကဲ့သို့ ဖော်ပြထားသည်ကို သိရှိလိုပါကြောင်း ကြယ်ပွင့်အမှတ်အသားပြု မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကန့်ဘလူမြို့နယ်အတွင်းတွင် ကျောင်းပေါင်း(၃၀၀)ရှိပြီး အ.ထ.က ကျောင်း(၃၀)ကျောင်း၊ အ.လ.ကကျောင်း(၈၇)ကျောင်း၊ မူလတန်း ကျောင်း(၁၈၃)ကျောင်း ရှိပါတယ်။ အမှန်တကယ် ကျောင်းဖွင့်နိုင်တဲ့ ကျောင်းပေါင်းမှာ အ.ထ.က ကျောင်း(၁၀)ကျောင်း၊ အ.လ.ကကျောင်း(၃၅)ကျောင်း၊ အ.မ.က

ကျောင်း(၃၀)ကျောင်း စုစုပေါင်း(၇၅)ကျောင်းရှိပြီး ကျောင်းသား/ကျောင်းသူ စုစုပေါင်း (၁၉၇၈၇)ဦး တက်ရောက်ပညာ သင်ကြားလျက်ရှိပါတယ်။

ကျွန်တော် မေးမြန်းလိုသည်မှာ အမှန်တကယ်ကျောင်းဖွင့်လှစ်နိုင်တဲ့ ကျောင်းမှာ (၇၅)ကျောင်းရှိပြီး ကျောင်းသား/ကျောင်းသူဦးရေ စုစုပေါင်း(၁၉၇၈၇) ဦးအား နိုင်ငံတော်မှ ထောက်ပံ့ပေးသည့် ပုံနှိပ်စာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို အခြေခံပညာဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် (၄)နှစ်အတွက် ထောက်ပံ့ပေးမှု အခြေအနေကို စာရင်းဇယားများနှင့်တကွ မည်သို့ထောက်ပံ့ပေးခဲ့သည်ကို သိရှိလိုပါကြောင်း မေးမြန်းရခြင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်ယခုတင်ပြတဲ့ ဘဏ္ဍာရေးနှစ်များမှာ ကန့်ဘလူမြို့၊ အမှတ်(၂) ရပ်ကွက်တွင် ကျွန်တော်ကိုယ်တိုင် နေထိုင်ခဲ့ပြီး ကန့်ဘလူမြို့ပေါ် ကျောင်းများတွင် ကျောင်းတက်လျက်ရှိသော ကျောင်းသား၊ ကျောင်းသူများမှာ ယခုမေးမြန်းသည့် ဘဏ္ဍာရေးနှစ်များတွင် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသည့် ပုံနှိပ်စာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းသုံးဝတ်စုံများကို ထုတ်ယူရရှိခြင်းမရှိသည့် အတွက် ကျောင်းသား၊ ကျောင်းသူများမှာ ကျောင်းဝတ်စုံများအပြင် ပြင်ပ ပုဂ္ဂလိကဆိုင်များမှ ဝယ်ယူသုံးစွဲခဲ့ရပါတယ်။

ကျွန်တော်ထပ်မံ တင်ပြလိုသည်မှာ အဆိုပါ ဝယ်ယူသုံးစွဲခဲ့ရတဲ့ ပုံနှိပ်စာအုပ်များကို နှစ်ကုန် အတန်းတင်ဆောင်ရွက်ပြီးသည့်ချိန်တွင် ကျောင်းသား၊ ကျောင်းသူများမှ ဝယ်ယူထားသော ပုံနှိပ်စာအုပ်များကို သက်ဆိုင်ရာအတန်းပိုင် ဆရာ၊ဆရာမများတွင် အပ်နှံခဲ့ရသဖြင့် ကျောင်းသား၊ ကျောင်းသူမိဘများမှာ နိုင်ငံတော်မှ ထောက်ပံ့ပေးခဲ့သည့် ပုံနှိပ်စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ မရရှိခဲ့သည်မှာ နှစ်အတန်ကြာ နှစ်စဉ်ဖြစ်ပေါ်နေပါသဖြင့်

(က) မြို့နယ်စာရင်းစစ်ရုံးမှ မြို့နယ်ပညာရေးမှူးရုံး၏ နိုင်ငံတော်မှ ထောက်ပံ့ပေးမှုများအပေါ်တွင် နှစ်စဉ်မည်ကဲ့သို့ ဖော်ပြထားသည်ကို သိရှိလိုပါကြောင်းနှင့်

(ခ) မြို့နယ်၊ ခရိုင်၊ တိုင်းအခြေခံပညာဦးစီးဌာနရုံးမှ မြို့နယ်၊ ခရိုင်၊ တိုင်းစာရင်းရုံးများ၏ စစ်ဆေးချက်အစီရင်ခံစာတွင် မည်ကဲ့သို့ ဖော်ပြထားသည်ကို သိရှိလိုပါကြောင်း

ကန့်ဘလူမြို့နယ်အတွင်းရှိ မိဘပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနအား မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာဝန်ကြီး၊ ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသက်ကိုကိုကျော်၏ လွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ ကန့်ဘလူမြို့နယ်မှာ ဖွင့်တဲ့ကျောင်း(၉၈) ကျောင်းရှိပြီး ကျောင်းသူ၊ ကျောင်းသား(၁၉၉၉၅)ဦးအတွက် ကျောင်းသုံးပုံနှိပ်စာအုပ် (၁၉၉၉၅)စုံ၊ ဗလာစာအုပ် (၁၆၆၇၃)ဒါဇင်၊ ဘောပင်(၃၂၈၇)ဒါဇင်၊ ခဲတံ (၉၅၁၂)ဒါဇင်၊ ကျောင်းဝတ်စုံ(၁၃၆၉၃)စုံ ခွဲဝေရရှိခဲ့ပါတယ်။ ခွဲဝေရရှိသော ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံများကို ကန့်ဘလူသို့ ထုတ်ယူရရှိခဲ့ပြီးဖြန့်ဝေခဲ့ရာ ဘောပင်(၂၂၅၀)ဒါဇင်၊ ခဲတံ (၃၇၀၈)ဒါဇင်၊ ကျောင်းဝတ်စုံ (၂၀၄၅)စုံ ကျန်ရှိခဲ့ပါတယ်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ ကန့်ဘလူမြို့နယ်အတွင်း ဖွင့်လှစ်နိုင်ခဲ့သောကျောင်း(၇၅)ကျောင်းရှိပြီးတော့ ကျောင်းသား၊ ကျောင်းသူ(၁၉၀၇၀)ဦးရှိပါတယ်။ ယင်းကျောင်းသား၊ ကျောင်းသူများအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လက်ကျန်ဖြစ်သော ဘောပင်(၂၂၅၀)ဒါဇင်၊

ခဲတံ(၃၇၀၈)ဒါဇင်၊ ကျောင်းဝတ်စုံ(၂၀၄၅)စုံအား ဖြန့်ဝေပေးနိုင်ခဲ့ ပါတယ်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ ကန့်ဘလူမြို့နယ်အတွက် ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံများ သယ်ယူထုတ်ယူနိုင်ခြင်း မရှိခဲ့ပါဘူး။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်နိုင်သောကျောင်းပေါင်း (၇၅)ကျောင်းရှိပြီး ကျောင်းသူ/ကျောင်းသား (၁၇၉၀၉)ဦးရှိပါတယ်။ ကန့်ဘလူမြို့နယ်သို့ စနစ်သစ် ဖြစ်သော ကျောင်းသုံး ပုံနှိပ်၊ G-5 အတန်းအတွက် (၁၄၂၉)စုံ၊ G-9 အတန်းအတွက် (၉၅၈)စုံ၊ G-12 အတန်းအတွက် (၃၁၆)စုံ ထုတ်ယူဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျန်အတန်းများအတွက် ထုတ်ယူနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူး။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ထုတ်ယူရန်ကျန်ရှိသော ကျောင်းသုံး ပုံနှိပ်၊ ဗလာ စာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရွှေဘိုကတစ်ဆင့် ထုတ်ယူထားရှိပြီး ဖြစ်ပါတယ်။၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သောကျောင်းပေါင်း (၇၅)ကျောင်းရှိပြီး ကျောင်းသူ/ကျောင်းသား (၁၈၃၉၄)ဦးရှိပါတယ်။ တပ်မတော်ရဟတ်ယာဉ်ဖြင့် ကျောင်းသုံး ပုံနှိပ်(၂၄၀)စုံသာလျှင် ရောက်ရှိခဲ့ပါတယ်။ ရောက်ရှိလာသော(၂၄၀)စုံကို ကျောင်းသား များ၏လက်ဝယ်သို့ ဖြန့်ဝေပေးပြီးဖြစ်ပါတယ်။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ထုတ်ယူရန်ကျန်ရှိသော ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံများနှင့် ၂၀၂၅-၂၀၂၆ ကန့်ဘလူ မြို့နယ်အတွက် ကျောင်းသုံးပုံနှိပ်၊ ဗလာစာအုပ်၊ ဘောပင်၊ ခဲတံ၊ ကျောင်းဝတ်စုံ များကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ အသုံးပြုဖို့ ကျောင်းသုံး ဗလာစာအုပ် (၄၀၀)ဒါဇင်အား တပ်မတော်ရဟတ်ယာဉ် (ပ)ယာဉ်ဖြင့် (၂၅-၃-၂၀၂၆)ရက်နေ့မှာ ပေးပို့နိုင်ခဲ့ပါ တယ်။ အလားတူကျောင်းသုံးပုံနှိပ်စာအုပ် အိတ်(၄၀၀)ကိုလည်း (၂၅-၅-၂၀၂၆)မှာ ကန့်ဘလူခရိုင်၊ ပညာရေးမှူးရုံးသို့ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ပေးပို့ရန် ကျန်ရှိသော ပစ္စည်းများအား မန္တလေးသိုလှောင်ရုံမှာရှိနေပြီးတော့ ပေးပို့ဖြန့်ဝေ နိုင်ရေး စီစဉ်ဆောင်ရွက်ဆဲဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လမ်းခရီးအခြေ အနေကောင်းမွန်ပါက ပေးပို့ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း တင်ပြအပ် ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။

ကျောင်းသုံးပုံနှိပ်စာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဝန်ကြီးဌာနအစီအစဉ်ဖြင့် ဝယ်ယူပြီးတော့ တစ်နိုင်ငံလုံးကို နှစ်စဉ်ဖြန့်ဝေပေးလျက်ရှိပါတယ်။ ဝန်ကြီးရုံးများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စစ်ဆေးလျက်ရှိပါတယ်။ တိုင်းနှင့် ပြည်နယ်အလိုက် ဖြန့်ဝေမှုတွေကိုတော့ သက်ဆိုင်ရာတိုင်းဒေသကြီး ပြည်နယ်စာရင်းစစ်ချုပ်ရုံးများက တာဝန်ပေးစစ်ဆေးစေပါတယ်။ အစီအရင်ခံစာများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ စုစည်းအစီရင်ခံစာထုတ်ပြန်ပြီးတော့ ထူးခြားသောတွေ့ရှိချက်များကို ပြည်သူ့လွှတ်တော်သို့ နှစ်စဉ်(၂)ကြိမ်အတိ တင်ပြအစီရင်ခံရပါတယ်။ မြို့နယ်စာရင်းစစ်ရုံးတွေက တိုင်းနှင့်ပြည်နယ်ခွဲတမ်းများမှ ရရှိဖြန့်ဝေမှုများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးမှတစ်ဆင့် မြို့နယ်စာရင်းစစ်ချုပ်ရုံးများကို တာဝန်ပေးစစ်ဆေးစေပြီး စုစည်းအစီရင်ခံစာကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကို ပေးပို့လျက်ရှိပါတယ်။ မြို့နယ်ပညာရေးမှူးရုံးများ၏ ဘဏ္ဍာငွေရရှိမှု၊ သုံးစွဲမှုကိုသာ မြို့နယ်စာရင်းစစ်ချုပ်ရုံးများမှ စစ်ဆေးပြီးတော့ အစီရင်ခံစာ ထုတ်ပြန်လျက်ရှိပါတယ်။ တာဝန်ပေး အစီရင်ခံစာများကိုတော့ သက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများကိုသာ ပေးပို့ပြီး သီးခြားအစီရင်ခံစာ ထုတ်ပြန်ခြင်းမရှိ ပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး ဖောင်းပြင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင်မင်းထွဋ်အား ခွင့်ပြုမေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးအကြီးအမှူးနှင့် ဝန်ထမ်းများအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းရင်း နူတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးတင်မင်းထွဋ် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ လွတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်အမှတ် အသားပြ မေးခွန်းတစ်ခု မေးမြန်းဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဖောင်းပြင်မြို့နယ်၊ အုန်းသာအုပ်စု၊ ချောင်းခွကျေးရွာနှင့် ရွှေညောင်ပင် ကျေးရွာအုပ်စု ပုဂံတောင်ကျေးရွာအကြားမှာ နမ့်မခွင်ချောင်း ချောင်းရေ တိုက်စားမှုကြောင့် ရွာချင်းဆက်လမ်းဟာ နှစ်စဉ်လိုလို ပျက်စီးခဲ့ရပါတယ်။ ထို့ပြင် ချောင်းရေတိုက်စားမှုကြောင့် နေအိမ်များ ပြောင်းရွှေ့ခဲ့ရသည်အထိ ဒုက္ခရောက်ရှိ ခဲ့ကြရပါတယ်။ ချောင်းခွကျေးရွာမှ ကျောင်းသူ/ကျောင်းသားများဟာ ရွှေညောင်ပင် အလယ်တန်းကျောင်းကို ကျောင်းတက်ရောက်ကြရတဲ့အတွက် အခက်အခဲများစွာ ကြုံတွေ့နေကြရပါတယ်။ ပညာရေးအပြင် အခြားစီးပွားရေး၊ လူမှုရေး၊ စီးပွားရေး မှစပြီး အစစအရာရာ အခက်အခဲများစွာ ကြုံတွေ့နေကြရတာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျေးရွာနှစ်ရွာအကြားရှိ နမ့်မခွင်ချောင်းရေတိုက်စားနေသော ချောင်းကမ်းပါးကို ရေလွှဲမြေထိန်းနံရံ တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိနှင့် ချောင်းခွရွာနှင့် ပုဂံတောင်ကျေးရွာအကြား ရွာချင်းဆက်လမ်းကို ကျောက်ချော လမ်းခင်းပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း လွတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး(ကိုယ်စား)၊ ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။ လေးစား အပ်ပါသော တိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ဦးအောင်ဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးတင်မင်းထွဋ်ရဲ့ မေးခွန်းကို **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးရဲ့(ကိုယ်စား)** ပြန်လည်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ဖောင်းပြင်မြို့နယ်၊ အုန်းသာအုပ်စု၊ ချောင်းခွကျေးရွာနှင့် ညောင်ပင်သာကျေးရွာအုပ်စု ပုဂံတောင်ရွာအကြား နမ့်မခွင်ချောင်း ချောင်းရေတိုက်စားနေသောနေရာမှာ အလျား(၆၀၀)ပေခန့်ရှိကြောင်း သိရှိရပါတယ်။ လက်ရှိအခြေအနေအရ နယ်မြေလုံခြုံမှု အားနည်းနေသည့်အတွက် ကွင်းဆင်းတိုင်းတာမှုဆောင်ရွက်၍ ရသည့်အချိန်တွင် အသေးစိတ်တွက်ချက်မှုများ စစ်ဆေးတိုင်းတာတွက်ချက်ပြီး ရန်ပုံငွေတောင်းခံတင်ပြကာ ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း မေးခွန်း(၁)အား ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ချောင်းခွရွာနှင့် ပုဂံတောင်ရွာအကြား ရွာချင်းဆက်လမ်းဖြစ်သည့် လက်ရှိမြေသားလမ်း (၂)မိုင် (၃)ဖာလုံ ရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲလျက်ရှိသောလမ်း ဖြစ်ပါတယ်။ ကျေးရွာ(၈)ရွာ၊ အိမ်ခြေ(၅၄၀)၊ လူဦးရေ(၂၁၀၀) အကျိုးပြုသည့်လမ်း ဖြစ်ပါတယ်။ နယ်မြေအေးချမ်းပြီး ကွင်းဆင်းဆောင်ရွက်၍ ရသည့်အချိန်တွင် ပညာရှင်များစေလွှတ်ပြီး ကွင်းဆင်းတိုင်းတာကာ ရန်ပုံငွေတွက်ချက် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားအပ်ပါတယ်ခင်ဗျာ။

ဥက္ကဋ္ဌ။ ဆက်လက်ပြီး မင်းကင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမြင့်ကျော်အား ခွင့်ပြုမေးခွန်းမေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့် လွှတ်တော်ရုံးဝန်ထမ်းများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ် ခင်ဗျာ။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မင်းကင်းမြို့နယ်အမှတ်(၂)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ကျော် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီး၏ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို ဆွေးနွေးမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းကင်းမြို့နယ်ဟာ လုံခြုံရေးအခြေအနေဆိုးဝါးတဲ့ မြို့နယ်တွေထဲမှာ ပါ ပါတယ်။ မြို့နယ်အတွက်

ဖွံ့ဖြိုးရေးလုပ်ငန်းမလုပ်ရတာလည်း ကြာမြင့်ပြီဖြစ်သလို မြို့နယ်အတွင်းရှိ လမ်းတံတားများမှာလည်း အခြေအနေဆိုးဝါးစွာ ပျက်စီးနေပါတယ်။ ပျက်စီးနေတဲ့ လမ်းတွေထဲက လုံခြုံရေးကောင်းမွန်တဲ့ မြို့အတွင်းနှင့် အနီးအပါးကျေးရွာတွေမှာ ဆက်သွယ်ထားတဲ့လမ်းတွေလည်း ပါဝင်ပါတယ်။ အဲဒီလမ်းတွေထဲက အနောက်ဘက်ဒေသနဲ့ မင်းကင်းမြို့ ဆက်သွယ်ထားတဲ့ မင်းကင်း-သလဲဘာကျေးရွာလမ်းဆုံ၊ ဦးကျော်ဆန်းနေအိမ်မှ အုံ့စရာရွာအထိ တစ်မိုင်ခန့်မှာ သွားရေးလာရေးခက်ခဲပြီး ပျက်စီးနေတာဖြစ်ပါတယ်။ အဲဒီလမ်းကို ကွန်ကရစ်ခင်းပေးရန်လည်း လိုအပ်လျက်ရှိပါတယ်ခင်ဗျား။

သို့ဖြစ်ပါ၍ မင်းကင်း-သလဲဘာလမ်းဆုံမှ အုံ့စရာရွာအထိ လမ်းအရှည် (၁)မိုင်ခန့်အား သွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက် ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူများကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး(ကိုယ်စား)၊ ဦးအောင်ဇော်ဦး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။ လေးစားအပ်ပါသော တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး၊ ဦးအောင်ဇော်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းကင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးမြင့်ကျော်၏ မေးခွန်းကို **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးရဲ့(ကိုယ်စား)** ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

မင်းကင်း-အုံ့စရာ-မအိုးကိုင်း-တုမရ-အင်ကြင်းတောင်လမ်းရဲ့ လက်ရှိအခြေအနေမှာ အမာခံကျင်းလမ်း (၃မိုင် ၂ဖာလုံ)နဲ့ မြေလမ်း(၁မိုင် ၂ဖာလုံ) စုစုပေါင်း (၄မိုင် ၄ဖာလုံ)ရှိပြီး ကျေးရွာ(၄)ရွာ၊ အိမ်ခြေ (၃၆၄)၊ လူဦးရေ(၁၇၈၄)ဦးအား အကျိုးပြုသည့် တိုင်းဒေသကြီးမှ စီမံခန့်ခွဲမှုရှိသော Class space လမ်း

အမျိုးအစားဖြစ်ပါတယ်။ ယခုတင်ပြပါလမ်းမှာ မင်းကင်း-သလဲဘာလမ်းမှ တစ်ဆင့် အုံစရာရွာသို့သွားရသောလမ်းဖြစ်ပါတယ်။ ယခု၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှာလည်း အုံစရာရွာတွင်းလမ်း (၄)ဖာလုံအရှည်ကို ကွန်ကရစ်လမ်းခင်းရန် ခွင့်ပြုငွေကျပ်(၂၄၈.၀၆)သန်း ခွင့်ပြုထားပြီးဖြစ်ပါတယ်။ ယခုကျန်ရှိနေသော အုံစရာရွာအဝင်လမ်း (၁)မိုင်ခန့်ကို ဦးစီးဌာနမှ အသေးစိတ်ကွင်းဆင်း တိုင်းတာ တွက်ချက်ပြီး ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်နိုင်ရေးအတွက် ဘဏ္ဍာငွေ တင်ပြတောင်းခံပြီး ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ခန္တီးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးအောင်နိုင်သူအား ခန္တီးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးမြတ်ကို မေးခွန်းမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းတို့နှင့်အတူ ပေါင်း၍ မေးခွန်းကိုမေးမြန်းသွားဖို့ ဖိတ်ခေါ်ပါတယ်။

ဦးအောင်နိုင်သူ၊ ခန္တီးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ မဲဆန္ဒနယ်အသီးသီးမှ တက်ရောက်လာတဲ့ လွတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွတ်တော် ကိုယ်စားလှယ်၊ လွတ်တော်ရုံးအကြီးအမှူးနှင့် ရုံးအဖွဲ့များအားလုံး မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ ခန္တီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်သူ ဖြစ်ပါတယ်။ လွတ်တော်ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို တင်ပြဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ ခန္တီးမြို့ဟာဆိုလို့ရှိရင် ရပ်ကွက်(၃)ရပ်ကွက်နဲ့ ဖွဲ့စည်း တည်ရှိပြီးတော့ မြို့မြေရေိယာ(၇၈၈)ကော၊ စတုရန်းမိုင်အားဖြင့်(၁.၂၂)မိုင်ကျယ်ဝန်းပြီး ချင်းတွင်းမြစ်ကမ်းနဖူးမှာ တည်ရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ချင်းတွင်းမြစ် ကမ်းနံဖူးမှာတည်ရှိတဲ့ မြို့ဖြစ်တဲ့အားလျော်စွာပဲ မိုးတွင်းကာလ မြစ်ရေကြီးချိန် တွေမှာ မြို့တွင်းမှာမြစ်ရေကြီးပြီးတော့ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်ပြီး ပြည်သူ တွေဟာဆိုလို့ရှိရင် ရေဘေးသင့်ခြင်းနှင့် အခြားမလိုလားအပ်တဲ့ ရေဘေးဒုက္ခ

တွေကို နှစ်စဉ် ကြုံတွေ့ခံစားနေရပါတယ်။ ၂၀၂၃ခုနှစ်မှာ ဆိုလို့ရှိရင် ခန္တီးမြို့မှာ ရေကြီးရေလျှံမှု ဖြစ်ပွားမှုကြောင့် ကျွန်တော်တို့ ကျွဲ၊ နွား၊ တိရစ္ဆာန်တွေနှင့် အခြားစားသုံးကုန်၊ လူသုံးကုန်နှင့် အဝတ်အထည်စတဲ့ ပြည်သူ့ဘဏ္ဍာငွေ ကျပ်သန်းပေါင်းများစွာ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့တဲ့ သာဓကလည်း ရှိခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။

ခန္တီးမြို့တွင်းမှာ ရေကြီးရေလျှံမှုဖြစ်ပေါ်နေတဲ့ အဓိက အကြောင်းအရင်းကတော့ ရေနုတ်မြောင်းတွေကို ရေစီးရေလာကောင်းမွန်စေရေး ပီပီပြင်ပြင် ဆောင်ရွက်ထားရှိမှု မရှိခြင်းကြောင့်ဘဲ ဖြစ်ပါတယ်။ ရေစီးရေလာကောင်းမွန်စေဖို့အတွက် ရေနုတ်မြောင်းတွေ ဆောင်ရွက်ပေးမယ်ဆိုပါက ပြည်သူတွေ နှစ်စဉ် ကြုံတွေ့နေရတဲ့ ရေဘေးဒုက္ခမှလည်း ကင်းဝေးနိုင်မှာဖြစ်ပါတယ်။ အဲ့ဒါကြောင့် ကျွန်တော်တို့ ခန္တီးမြို့မှာ ဦးစွာပေးရေနုတ်မြောင်း ဆောင်ရွက်ပေးစေလိုတဲ့ နေရာတွေကို အပိုင်း(၂)ပိုင်းနဲ့ တင်ပြသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်တို့ အပိုင်း(၁)အနေနဲ့ ပေါမိုင်းရပ်ကွက် ပင်မ ရေနုတ်မြောင်းအနေနဲ့ အောင်သီရိစျေးလမ်းတံတားမှ လားရှိုးဆီဆိုင်တံတားအထိ (၂၄၁)ပေ၊ လားရှိုးဆီဆိုင်တံတားကနေပြီးတော့ မီးသတ်ရုံးအထိ(၃၅၀)ပေ၊ မီးသတ်ရုံးတံတားမှ တောကျောင်းတံတားအထိ (၁၁၃၃)ပေ၊ တောကျောင်းတံတားမှ သုသာန်ဇရပ်အထိ (၇၉၀)ပေ၊ သုသာန်ဇရပ်မှ သာစည်တံတား အမှတ်(၁)အထိ (၁၃၃၃)ပေ၊ သာစည်တံတားအမှတ်(၁)ကနေပြီးတော့ သာစည်တံတားအမှတ်(၂)အထိ (၆၉၅)ပေ၊ သာစည်တံတားအမှတ်(၂)ကနေပြီးတော့ သစ်သားတံတားအထိ (၅၄၄)ပေ၊ သစ်သားတံတားမှ သာစည်အမှတ်(၃)တံတားအထိ (၇၂၁)ပေ၊ သာစည်တံတား အမှတ်(၃)ကနေပြီးတော့မှ သာစည်ရေထိန်းတံတားအထိကတော့(၃၁၀)ပေ စုစုပေါင်းအမှတ်(၁)ရဲ့အရှည်ကတော့ (၆၁၁၇)ပေဖြစ်ပြီးတော့ အပိုင်း(၂)ဖြစ်တဲ့ ဇီးဖြူကုန်း ပင်မရေနုတ်မြောင်းအနေနဲ့ စိုက်ပျိုးရေးတံတားမှ လူကူးကွန်ကရစ်တံတားအထိ(၃၃၅)ပေ၊ လူကူးကွန်ကရစ်တံတားကနေပြီးတော့ အေးချမ်းသာယာ တံတားအထိ(၈၀၀)ပေ၊ အေးချမ်းသာယာတံတားကနေပြီးတော့ ရွှေညောင်ပင်တံတားအထိ (၆၃၀)ပေ၊ ရွှေညောင်ပင်တံတားကနေပြီးတော့ အောင်သပြေတံတားအထိ (၂၅၅)ပေ၊ အောင်သပြေတံတားကနေ

ပြီးတော့ ဝန်ထမ်းအိမ်ရာအထိ (၆၆၅)ပေရှိပြီးတော့ ဇီးဖြူကုန်းပင်မ ရေနုတ်မြောင်း စုစုပေါင်းအရှည်ဟာဆိုလို့ရှိရင် (၂၆၈၅)ပေ ဖြစ်ပါတယ်။

သို့ပါသောကြောင့် ကျွန်တော်တို့ ခန္တီးမြို့ပေါ်နှင့် အနီးဝန်းကျင်ကျေးရွာရှိ ပြည်သူတွေ ရေကြီးရေလျှံမှုနှင့် ရေဘေးဒုက္ခများမှ ကင်းလွတ်နိုင်ရေးအတွက် အထက်ဖော်ပြပါ အပိုင်း(၁) ပေါမိုင်းရပ်ကွက် ရေနုတ်မြောင်း စုစုပေါင်းအရှည် (၆၁၁၇)ပေနဲ့ အပိုင်း(၂)ဖြစ်တဲ့ ဇီးဖြူကုန်းရပ်ကွက် ရေနုတ်မြောင်း(၂၆၈၅)ပေ တို့အား ကွန်ကရစ်ရေမြောင်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို အစီအစဉ်ရှိပါက အနီးဆုံးဘဏ္ဍာရေးနှစ်တွင် ဦးစားပေးဆောင်ရွက်ပေးသွားရန် ခန္တီးမြို့နယ် ပြည်သူလူထု(ကိုယ်စား) ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင် ဝန်ကြီးက ဖြေကြားရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စည်ပင်သာယာရေးဝန်ကြီး၊ ဒေါက်တာသောင်းနိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ခန္တီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်မှာဆိုလို့ရှိရင် စုစုပေါင်းပေ(၂၆၈၅)ပေရှိတဲ့ စိုက်ပျိုးရေးတံတားမှ အောင်သပြေတံတားအထိ ပင်မရေနုတ်မြောင်း အပိုင်း(၅)ခုနဲ့ ခန္တီးမြို့ ပေါမိုင်းရပ်ကွက်မှာရှိတဲ့ စုစုပေါင်းပေ(၆၁၁၇)ပေရှိတဲ့ အောင်သီရိစျေးလမ်းတံတားက နေပြီးတော့မှ သာစည်ရေတံခါးအထိ ပင်မရေနုတ်မြောင်း အပိုင်း(၉)ပိုင်းဖြစ်တဲ့ ဒီဟာတွေကို အပိုင်းလိုက်ကွန်ကရစ် ရေမြောင်းဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ကိုနဲ့ ဦးအောင်နိုင်သူတို့ရဲ့မေးခွန်းကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေကြီး ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ဒါ ခန္ဓီးမြို့ ဇီးဖြူကုန်းရပ်ကွက်မှာ ဦးမြတ်ကိုရဲ့မေးခွန်းအပိုင်း(၁)ကတော့ စိုက်ပျိုးရေးတံတားကနေပြီးတော့မှ အောင်သပြေတံတားအထိ ပေအရှည် (၂၆၈၅)ပေနဲ့ ပေါမိုင်းရပ်ကွက်မှာရှိတဲ့ အောင်သီရိစျေးလမ်းတံတားမှ သာစည် ရေတံခါးအထိ အရှည်(၆၁၁၇)ပေရှိတဲ့ ရေနုတ်မြောင်း(၂)မြောင်းမှာဆိုလို့ရှိရင် ကျွန်တော်တို့ အခဲ့ဒီဟာကို ခန္ဓီးစည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာ ဦးကျော်စွာဝင်းကို ကျွန်တော် သူ့ရဲ့တင်ပြချက်အရဆိုရင် ကျောက်စီရေမြောင်း ပြုလုပ်တဲ့နေရာမှာဆိုရင် ကျောက်ကြီးရရှိရန် အခက်အခဲရှိတယ်ဆိုပြီးတော့ တင်ပြလာတာဖြစ်ပါတယ်။ အဲဒါကြောင့် ကျောက်ကြီးအစား ကွန်ကရစ်မြောင်း ဒါမှမဟုတ်ရင်လည်း အုတ်စီမြောင်းပြုလုပ်ခြင်းကိုသာ ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း တင်ပြထားတာ ဖြစ်ပါတယ်။ မြေပြင်ကွင်းဆင်း စစ်ဆေးချက်အရ ဆိုရင် ဇီးဖြူကုန်းရပ်ကွက်မှာရှိတဲ့ စိုက်ပျိုးရေးတံတားမှ အောင်သပြေအထိ ပေ(၂၆၈၅)ပေအနက် စိုက်ပျိုးရေးတံတားကနေပြီးတော့မှ အေးချမ်းသာယာ တံတားအထိ ပေအရှည်(၁၁၃၅)ပေကို ကျွန်တော်တို့က (အကျယ် ၆ပေ၊ အနက် ၆ပေ)ရှိတဲ့ ကွန်ကရစ်ရေမြောင်း ဒါပြုလုပ်ဖို့ရာအတွက်လည်းကောင်း နောက် အေးချမ်း သာယာတံတားကနေပြီးတော့မှ ဝန်ထမ်းအိမ်ရာတံတားအထိ ပေပေါင်း (၁၁၅၅)ပေကို (အကျယ် ၆ပေ၊ အနက် ၈ပေ) ကွန်ကရစ်ရေမြောင်းအဖြစ် လည်းကောင်း ကျွန်တော်တို့အပိုင်းလိုက် ဒီလိုတွေ ဆောင်ရွက်ဖို့ရာအတွက် ဒါသူ့ရဲ့ တိုင်းတာချက်အရ ဒီဇိုင်းဆောင်ရွက်ထားခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ဦးအောင်နိုင်သူရဲ့ ဒီရေနုတ်မြောင်းဖြစ်တဲ့ ပေါမိုင်း ရပ်ကွက်မှာရှိတဲ့ အောင်သီရိစျေးလမ်းတံတားကနေပြီးတော့မှ သာစည်ရေတံခါး အထိ အရှည်ပေ(၆၁၁၇) ပေရှိတဲ့အနက်မှ အောင်သီရိစျေးလမ်းတံတားကနေ ပြီးတော့မှ သုသာန်ဇရပ်အထိက ပေပေါင်း(၂၅၁၄)ပေကို (အကျယ် ၆ပေ၊ အနက် ၆ပေ)ရှိတဲ့ ကွန်ကရစ်ရေမြောင်းအဖြစ်လည်းကောင်း၊ သုသာန်ဇရပ်ကနေ ပြီးတော့မှ သာစည်ရေတံခါးအထိ အရှည် (၃၆၀၃)ပေကို (အကျယ် ၆ပေနဲ့ အနက် ၈ပေ)ကွန်ကရစ်ရေမြောင်းအဖြစ် ဒါပြုလုပ်ဖို့ရာအတွက် ဒါဒီဇိုင်း ဆောင်ရွက် ထားပြီး ဖြစ်ပါတယ်။ ဒါမဲ့အဆိုပါ ဒီရေနုတ်မြောင်း၊ ကွန်ကရစ် ရေနုတ်မြောင်း (၂)ခုကို ကျွန်တော်တို့ အပိုင်းလိုက်ဆောင်ရွက်နိုင်ဖို့ရာအတွက် ဒေသန္တရစီမံကိန်း

ထဲမှာ ထည့်သွင်းလျာထားပြီးတော့မှ ရန်ပုံငွေရရှိမှုအပေါ်မှာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တစ်ဆက်တည်းနဲ့ ကျွန်တော်တို့ ဒီ ဒီဇိုင်း ဆောင်ရွက်တဲ့အပေါ်မှာ ကျွန်တော်တို့ ခန့်မှန်းကုန်ကျ စရိတ်ကိုလည်း ကျွန်တော်တို့ တွက်ခိုင်ထားတဲ့အခါမှာ သူက ပေ(၁၀၀)မှာဆိုလို့ရှိရင် (၆ပေအကျယ်၊ ၆ပေ အနက်)ရှိတဲ့ ဒါကွန်ကရစ်ရေမြောင်းလုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့က သန်းပေါင်း (၁၁၈.၅၂) သန်းဖြစ်ရမယ်၊ နောက်တစ်ခုက (၆ပေအကျယ်၊ ၈ပေ အနက်)ရှိတဲ့ ကွန်ကရစ်ရေမြောင်း လုပ်မယ်ဆိုလို့ရှိရင် (ပေ၁၀၀)မှာဆိုလို့ရှိရင် (၁၅၆.၇)သန်း ရှိကြောင်း ဒါလေးပါ ပူးတွဲပြီးတော့မှ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

ဥက္ကဋ္ဌ။ ဆက်လက်ပြီးအစီအစဉ်(၆)ကို ဆောင်ရွက်ပါမယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

အစည်းအဝေးအဋ္ဌမနေ့ (၁၆-၆-၂၀၂၆)ရက်နေ့တွင် ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးမြတ်ကို မေးမြန်းခဲ့သော ခန္ဓီးမြို့နယ်အတွင်း ကျောင်းများတွင် ပညာရေးကဏ္ဍ မြှင့်တင်နိုင်ရေးအတွက် ကျောင်းဖွင့်ချိန်အမီ ဆရာ/ဆရာမများ ခန့်ထားနိုင်ရန် အစီအစဉ်ရှိ/မရှိ မေးခွန်း အပေါ် လူမှုရေးရာဝန်ကြီးမှ ထပ်မံရှင်းလင်းဖြေကြားရန် ဖြစ်ပါတယ်။

ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လူမှုရေးရာဝန်ကြီး။ လေးစားအပ် ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူမှုရေးရာ ဝန်ကြီး၊ ဦးညွန့်ဝင်းအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ခန္ဓီးမြို့နယ်၊ လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြတ်ကို၏ လွှတ်တော်အစည်းအဝေးသို့ မေးမြန်းမှုအပေါ် ထပ်မံဖြေကြား သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ခန္ဓီးမြို့နယ်အတွင်းမှာ အထက်တန်းအဆင့်သင် စာသင်ကျောင်း(၈)ကျောင်း၊ အလယ်တန်းအဆင့်သင် စာသင်ကျောင်း(၃၂)ကျောင်းနဲ့ မူလတန်းအဆင့်သင်

စာသင်ကျောင်း(၉၂)ကျောင်းရှိပါတယ်။ ၂၀၂၅-၂၀၂၆ပညာသင်နှစ်မှာ အထက်တန်းအဆင့်သင် ဆရာ/ဆရာမ(၄၅)ဦး၊ အလယ်တန်းအဆင့်သင် ဆရာ/ဆရာမ(၃ဖ)ဦး၊ မူလတန်းအဆင့်သင် ဆရာ/ဆရာမ(၁၅ဖ)ဦးဖြင့် ပညာသင်ကြားခဲ့ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ၎င်းအပြင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာလည်း ကျောင်းဖွင့်အမီ ဒီပညာရေးဝန်ကြီးဌာနမှ ဆရာ/ဆရာမများအား ရာထူးတိုး၊ ပြောင်းရွှေ့ခန့်ထားပြီးကြောင်းလည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ခန္တီးဒေသတစ်ခုလုံး ခြုံပြီးတော့ တင်ပြရရင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှာ အပ်နှံကျောင်းသား အထက်တန်းအဆင့်(၄၄၃)ဦး၊ အလယ်တန်းအဆင့်(၁၇၀ဖ)ဦး၊ မူလတန်းအဆင့်(၃၄၂၅)ဦးရှိပြီး အထက်တန်းအဆင့်သင် ဆရာ(၅၉)ဦး၊ အလယ်တန်းအဆင့်သင်(၃၈)ဦး၊ မူလတန်းအဆင့်သင် (၁၉၈)ဦးဖြစ်သဖြင့် ဒေသတစ်ခုလုံးနဲ့ ခြုံကြည့်မယ်ဆိုရင်တော့ အထက်တန်းအဆင့်သင် ကျောင်းသူ၊ ကျောင်းသားနဲ့ ဆရာအချိုးဟာ (၁း၈)၊ အလယ်တန်းအဆင့်သင် ကျောင်းဆရာ၊ ဆရာမအချိုးဟာဆိုရင် (၁း၄၅)၊ မူလတန်းအဆင့်သင် ကျောင်းဆရာ၊ ဆရာမအချိုး(၁း၁၇)ဦး၊ ဒေသတစ်ခုလုံးနဲ့ ခြုံကြည့်မယ်ဆိုရင်ရှိပြီးတော့ အသင့်အတင့် လုံလောက်မှုရှိကြောင်း တင်ပြခဲ့ပြီးဖြစ်ပါတယ်ခင်ဗျာ။

လွတ်တော်ကိုယ်စားလှယ်ကြီးမှ ကျောင်းဆရာ/ဆရာမ မရှိသော စာသင်ကျောင်း(၂၄)ကျောင်းအား ကျောင်းဖွင့်အမီ ဆရာ/ဆရာမများ ခန့်အပ်ပေးနိုင်ခြင်းရှိ/မရှိ ထပ်ဆင့်မေးမြန်းမှုအပေါ် ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ခန္တီးခရိုင်၊ ခန္တီးမြို့နယ်အတွင်း ဆရာ/ဆရာမများခန့်အပ်ထားနိုင်ခြင်း မရှိတဲ့စာသင်ကျောင်း (၂၄)ကျောင်းနဲ့ ပတ်သက်ပြီးတော့ တင်ပြရရင် ခန္တီးမြို့နယ်အတွက် ကျွန်တော်တို့ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွင်းမှာ သတင်းစာမှ ခေါ်ယူပြီးတော့ အသစ်လက်ထောက်မူလတန်းပြ ဆရာ၊ ဆရာမများခေါ်ယူပြီးတော့ ခန့်အပ်ထားခဲ့ပါတယ်။ ဆရာ၊ ဆရာမများ အင်အားအပြည့် ခန့်အပ်ပေးနိုင်ခဲ့ကြောင်း သိရှိရပါတယ်။ သို့သော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ စားဝတ်နေရေး အခက်အခဲများအပြင် ၎င်းဆရာ၊ ဆရာမများကို (၁)နှစ်တာဝန်ထမ်းဆောင်ရမှာဆိုတဲ့ ဒေသအတွင်း(၁)နှစ်တာဝန်ထမ်းဆောင်ပြီးပါက အပြောင်းအရွှေ့ ဆောင်ရွက်နိုင်တဲ့မူအရ ပြောင်းရွှေ့လျောက်ထားသူများပြားပြီး ပြောင်းရွှေ့

သွားတဲ့အတွက်ကြောင့် ဆရာ/ဆရာမများ လျော့နည်းသွားရခြင်းဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပညာရေးကောလိပ် သင်တန်းဆင်းနှင့် လက်ထောက်မူလတန်းပြ ဆရာ၊ ဆရာမ အသစ်များကိုလည်း ခန့်ထား၊ ခွင့်ပြုစေလွှတ်ခဲ့ရာမှာလည်း မြို့၏ C-အဆင့်၊ D-အဆင့်၊ E-အဆင့် ရှိတဲ့ကျောင်းများတွေကိုသာ ခန့်ထားရန် ညွှန်ကြားခဲ့တဲ့အတွက် ခန္တီးမြို့နယ်အတွင်းမှ စေလွှတ်တဲ့ သင်တန်းသား ကျောင်းဆရာ၊ ဆရာမအဖြစ် လျောက်ထားတဲ့ အဆင့်မီ သင်တန်းသားစေလွှတ်မှု အလွန်နည်းပါးပါတယ်။ ပုံမှန် အပြောင်း၊အတိုး ဆောင်ရွက်ချိန်တွေမှာလည်း ခန္တီးမြို့နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ဖို့ ဆန္ဒပြုလျောက်ထားတဲ့သူ နည်းပါးခြင်းတို့ကြောင့် လိုအပ်သည့်ဝန်ထမ်းအင်အားအတိုင်း အပြည့်အဝခန့်ထားနိုင်ခဲ့ခြင်း မရှိခဲ့ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ခန္တီးမြို့နယ်၏ ဆရာ လိုအပ်ချက်အား အယူခံဝင်ပြီးတော့ ပြန်ခန့်ထားဝန်ထမ်းများ တာဝန်ပေးအပ်ခြင်းဖြင့် ဖြည့်ဆည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပိတ်ကျောင်းများမှ မြို့နယ်အတွင်း ဖွင့်ကျောင်းများသို့ တွဲဖက်ပေးပြီးတော့ ပိုလျှံသောဝန်ထမ်းများကိုလည်း ဆန္ဒပြုခေါ်ယူပြီး ယာယီတွဲဖက်ပေးခြင်းအားဖြင့် ၎င်းခန္တီးခရိုင်၊ ပညာရေးမှူး၊ ခန္တီးမြို့နယ်ပညာရေးမှူးတို့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး ခန္တီးမြို့နယ်အတွင်းမှာရှိတဲ့ ဆရာ/ဆရာမအင်အားများသော ကျောင်းများမှ ဝန်ထမ်းများဖြင့် ကျောင်းအုပ်စုအလိုက် ဖြည့်ဆည်းပေးခြင်းဖြင့် လည်းကောင်း၊ နောက်တစ်ခုကတော့ ပညာရေးတက္ကသိုလ်ဆင်း အသစ်ခန့်အပ်မယ့် အထက်တန်းပြများနှင့် ပညာရေးကောလိပ်ဆင်း လက်ထောက်မူလတန်းပြ အသစ်များကို ဖြည့်ဆည်းပေးခြင်းဖြင့်လည်းကောင်း၊ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ခန္တီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးမြတ်ကို အနေဖြင့် သက်ဆိုင်ရာဝန်ကြီး၏ ဖြေကြားချက်အပေါ် သဘောတူကျေနပ်မှုရှိ/မရှိ သဘောထားဖြေကြားပေးရန် ဖြစ်ပါတယ်။

ဦးမြတ်ကို၊ ခန္တီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ အခုတော့ ကျွန်တော်တို့

အဖြေကို ခန့်ထားပေးမယ်လို့ ဖြေတဲ့အတွက် လက်ခံလို့ရပါတယ်။ ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ အစီအစဉ်(၇) ဆက်လက်ဆောင်ရွက်ပါမယ်။

စည်ပင်သာယာရေးဝန်ကြီးခင်ဗျား။ အစည်းအဝေးနဝမနေ့ (၁၇-၆-၂၀၂၆) ရက်နေ့တွင် ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးမင်းဇော် မေးမြန်းခဲ့သော ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်နှင့် မင်္ဂလာဥယျာဉ်ရပ်ကွက်၊ နယ်မြေ(၁)ရှိ ၂၀၁၈ ခုနှစ်က တည်ဆောက်ထားသည့် ဥပုဒ်ချောင်းကူး (၇၁ ပေ × ၁၂ ပေ)ရှိ သစ်သားတံတားမှာ အန္တရာယ်များလှသောကြောင့် ၎င်းတံတားအား ဖျက်သိမ်းပေးပြီး ဘေလီသစ်သားတံတား သို့မဟုတ် သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းအပေါ် ထပ်မံရှင်းလင်းဖြေကြားပေးရန် ဖြစ်ပါတယ်။

ဒေါက်တာသောင်းနိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီး။ လေးစားအပ်ပါသော စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ဦးမင်းဇော်၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)ရဲ့ အစည်းအဝေး နဝမနေ့ (၁၇-၆-၂၀၂၆)ရက်နေ့မှာ မေးမြန်းခဲ့တဲ့ ကလေးမြို့၊ ညောင်ပင်သာရပ်ကွက်နှင့် မင်္ဂလာဥယျာဉ်ရပ်ကွက်၊ နယ်မြေ(၁)ရှိ ၂၀၁၈ ခုနှစ်က တည်ဆောက်ခဲ့တဲ့ ဥပုဒ်ချောင်းတံတား (၇၁ ပေ × ၁၂ ပေ)ရှိတဲ့ သစ်သားတံတားမှာ အန္တရာယ်များပြားလှသောကြောင့် ၎င်းတံတားအား ဖျက်သိမ်းပြီးတော့မှ ဘေလီတံတား သို့မဟုတ် ကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ မေးခွန်းအား ထပ်မံပြီးတော့မှ ကျွန်တော့်အနေနဲ့ ရှင်းလင်းသွားမှာ ဖြစ်ပါတယ်။

ယခင်နေ့က ရှင်းခဲ့တဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်ကြီးကနေပြီးတော့မှ မိမိရဲ့ဖြေကြားချက်အား ဒါလွဲမှားနေတယ်လို့ ကျွန်တော် ယူဆမိလို့ ထပ်မံ ဖြေကြားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဖြေကြားတဲ့ထဲမှာဆိုရင် ကလေးမြို့တွင်းမှာဆိုရင် ဥပုဒ်ချောင်းတံတားများဟာ အဓိက လမ်းမကြီးတွေဖြစ်တဲ့ ဗိုလ်ချုပ်လမ်းမ၊ နောက် ဘုရင့်နောင်လမ်းမ၊ ဆိပ်ကမ်းသာလမ်း၊ သြဘာလမ်း၊ ဝေဇယန္တာလမ်း၊ နွားတောင်လမ်း ဒီလမ်းမကြီးတွေပေါ်မှာ (၆)စင်းရှိတယ်ဆိုတာကို ဖြေခဲ့တယ်။ တခြားလမ်းသွယ်တွေမှာလည်း ဒါကိုယ်ထူ၊

ကိုယ်ထနဲ့လုပ်ထားတဲ့ တံတားတွေလည်း ရှိပါတယ်။ ဥပမာပြောမယ်ဆိုလို့ရှိရင် ကိုယ်ထူကိုယ်ထနဲ့ဆိုရင် ဦးဗန်ထူးကျော် ဆိုလို့ရှိရင် သံကူကွန်ကရစ်တံတား၊ ဒါ အင်းလျားလမ်းပေါ်မှာ (ပေ ၃၀ × ၁၅ ပေ × ၁၃ ပေ) ရှိတဲ့ တံတား လုပ်ထားပါတယ်။ သူကလည်း သူရဲ့(၆၁.၉)သန်း ကုန်ကျခံခဲ့ပါတယ်။ အဲ့တော့ ကျွန်တော်ပြောချင်တာက ဒီတံတားတွေရှိပါတယ်။ ဖောင်းပြင် ကိုယ်စားလှယ် အမှတ်(၂) ကနေပြီးတော့ ဦးတင်မောင်မြင့်ကလည်း ကျွန်တော်တို့ (၁၁-၆-၂၀၂၆)ရက် နေ့မှာဆိုရင် ဝေဇယန္တာလမ်းမှာရှိတဲ့ (ပေ ၆၀ × ၁၄ ပေ) ဒါကွန်ကရစ် တံတားတစ်ခု၊ နောက်တစ်ခုကတော့ ဩဘာလမ်းပေါ်မှာဆိုလို့ရှိရင် ကျွန်တော်တို့ (ပေ ၄၁ × ၁၆ ပေ) ရှိတဲ့ကွန်ကရစ်တံတား ဒါတွေကိုလည်း ကျွန်တော်တို့ စီမံကိန်းရရှိတဲ့အပေါ်မှာ လုပ်တာဖြစ်ပါတယ်။ ဒေသန္တရစီမံကိန်း လျာထား ပြီးတော့မှ ရန်ပုံငွေရရှိတဲ့ပေါ်မှာ မူတည်ပြီး ကျွန်တော်တို့က အကောင်အထည် ဖော်ဆောင်ရွက်သွားမယ်လို့ ဖြေကြားပါတယ်။

အခု ဦးမင်းဇော်ရဲ့မေးခွန်းကတော့ ကျွန်တော်တို့ ဒီမှာညောင်ပင်သာ ရပ်ကွက်နှင့် မင်္ဂလာဥယျာဉ်ရပ်ကွက် (၇၁ ပေ × ၁၂ ပေ) ဆိုတာရှိပါတယ်။ အဲ့ဒီရဲ့ တံတားဟာလည်း ကျွန်တော် အခု ဒီတံတားကြီး(၆)စင်းထဲမှာဆိုရင် နွားတောင် လမ်းပေါ်မှာရှိတဲ့လမ်းတစ်ခု၊ (ပေ ၆၀ × ၁၂ ပေ) ဒါကွန်ကရစ်တံတားအဖြစ် ရန်ပုံငွေရရှိတဲ့ပေါ်မှာ လျာထားမယ်ဆိုရင် တတိယမြောက်တံတား တစ်ခုဖြစ်ပါ တယ်။ အဲ့ဒါ ကျွန်တော်လည်း အဲ့တုန်းကဖြေခဲ့ပါတယ် ခင်ဗျာ။ ဒါပေမဲ့ လွဲမှားနေတယ်ဆိုပြီးတော့ ထင်ရလို့ ထပ်မံပြီးတော့ ဖြေကြားရခြင်းဖြစ်ပါတယ်။ တံတား(၃)စင်း၊ အဲ့တံတား(၃)စင်းဟာဆိုရင် တကယ်တမ်းတော့ ပျက်စီးနေတဲ့ တံတား(၃)စင်း ဖြစ်တဲ့အတွက်ကြောင့်မို့ စီမံကိန်း၊ ဘဏ္ဍာငွေရရှိတဲ့ပေါ် မူတည် ပြီးတော့မှ ပျက်စီးနေတဲ့ တံတား(၃)စင်းကို ဦးစားပေး ၁၊ ၂၊ ၃ နဲ့ ဆောင်ရွက် သွားမယ်ဆိုတဲ့အကြောင်း ထပ်မံပြီးတော့မှ ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် အမှတ်(၂)မှ ဦးမင်းဇော်အနေဖြင့် ဝန်ကြီးဌာန၏ ဖြေကြားချက်အပေါ် သဘောတူ ကျေနပ်မှု ရှိ/မရှိ သဘောထားဖြေကြားပေးရန် ဖြစ်ပါတယ်။

ဦးမင်းဇော်၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ်အမှတ်(၂)။ လေးစားအပ်ပါသော လွတ်တော်ဥက္ကဋ္ဌကြီးခင်ဗျာ။ ဝန်ကြီးဌာနဖြေကြားချက်အား ကျွန်တော့်အနေနဲ့ သဘောတူကျေနပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးဆုံးပြီ ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွတ်တော်ဥက္ကဋ္ဌမှ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၈)ကို ဆက်လက်ဆောင်ရွက်ပါမယ်။

လွတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လွတ်တော်အစည်းအဝေး (၁၁)ရက်မြောက်နေ့မှာ လွတ်တော်ဥက္ကဋ္ဌမှ ပညာရေး၊ ကျန်းမားရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီမှာ ပါဝင်တဲ့ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များရဲ့ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့၏ အမည်စာရင်းနှင့် လွတ်တော်ဒုတိယဥက္ကဋ္ဌမှ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို စပ်လျဉ်းပြီး လွတ်တော်၌ ရှင်းလင်းဖတ်ကြား တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

အဆိုပါ ကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့်ပတ်သက်ပြီး ဆွေးနွေးလိုသော လွတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀၂၆ ခုနှစ်၊ ဇွန်လ(၁၉)ရက် (သောကြာနေ့)(၁၅း၀၀)နာရီအချိန်အရောက် အမည်စာရင်းတင်ပြရန် အကြောင်းကြားခဲ့သော်လည်း ကိုယ်စားလှယ်တစ်ဦးတစ်ယောက်မျှ တင်ပြလာခြင်းမရှိတာတွေ့ရပါတယ်။

ဒါကြောင့် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်မှုနှင့် ကော်မတီရဲ့တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွတ်တော်ရဲ့ အတည်ပြုချက်ရယူမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌ။ လွတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် ကော်မတီရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အတည်ပြုနိုင်ရန် လွတ်တော်က သဘောတူပါသလား ခင်ဗျား။ (သုံးကြိမ်မေးသည်)

လွတ်တော်ကိုယ်စားလှယ်များ။ သဘောတူပါတယ်။(သုံးကြိမ်ဖြေသည်)

ဥက္ကဋ္ဌ။ လွတ်တော်က သဘောတူတဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီမှာဥက္ကဋ္ဌအဖြစ် ဦးတင်ဝင်း၊ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူး(၁)အဖြစ် ဦးအောင်နိုင်သူ၊ ခန္တီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ အတွင်းရေးမှူး(၂)အဖြစ် ဦးမင်းဆွေ၊ ကလေးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)တို့အားလည်းကောင်း၊ အဖွဲ့ဝင်များအဖြစ်-

(၁) ဦးကျော်သူ၊ ကောလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးဇေယျာစိုး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၆) ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ကြည်း-၄၇၉၄၅၊ ဗိုလ်မှူးဝေဖြိုးသာ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၈) ကြည်း-၆၇၅၃၀၊ ဗိုလ်ကြီး ဒေါ်သီရိဟန်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်ကအတည်ပြုကြောင်း ကြေညာပါတယ်။ (တူထုသည်)

လွှတ်တော်ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်အမှာစကားပြောကြားခြင်း

အခမ်းအနားမှူး။ လွှတ်တော်ဥက္ကဋ္ဌကြီးမှ လွှတ်တော်သို့ နှုတ်ခွန်းဆက်စကား ပြောကြားပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို (၄-၆-၂၀၂၆)မှ (၂၂-၆-၂၀၂၆)ရက်နေ့အထိ (၁၂)ရက်အကြာ ကျင်းပပြုလုပ်ခဲ့ရာမှာ မကြာမီအချိန်အတွင်းမှာ ရပ်နားပါတော့မယ်။ လွှတ်တော်ကာလမှာ ကိုယ်စားလှယ်များ ပေးပို့လာတဲ့ အဆို(၃)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၃၇)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၇)ခုတို့ကိုစိစစ်ပြီး ကိုယ်စားလှယ်(၃၃)ဦးရဲ့ အဆို

(၂)ခု၊ ကြယ်ပွင့်ပြမေးခွန်း(၁၀၁)ခု၊ ကြယ်ပွင့်မပြမေးခွန်း(၈)ခုတို့ကို မေးမြန်းခွင့်ပြုပေးခဲ့ပြီး အဆို(၂)ခုကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။ စိစစ်ချက်အရ ကျန်ရှိနေခဲ့တဲ့ မေးခွန်းအချို့ကိုတော့ မိမိတို့ရဲ့မြို့နယ်ရဲ့ နယ်မြေဒေသအခြေအနေအရ မေးမြန်းရန် မသင့်တော်သေးတဲ့အတွက် ခေတ္တဆိုင်းငံ့ထားပြီး အခြေအနေပေးလာတဲ့အချိန်ကြရင် နီးစပ်ရာလွှတ်တော်အစည်းအဝေး တစ်ရပ်ရပ်မှာ ထည့်သွင်းမေးမြန်းစေမှာဖြစ်ပါတယ်။ အချို့မေးခွန်းများကိုတော့ မေးမြန်းမှုအကြောင်းအရာဆင်တူနေတဲ့အတွက် မေးခွန်းမှပယ်ခဲ့ခြင်း၊ ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းရန် မသင့်တော်တဲ့အတွက် သက်ဆိုင်ရာ ကိုယ်စားလှယ်ရဲ့သဘောတူညီမှုနဲ့ ကြယ်ပွင့်မပြမေးခွန်းအဖြစ် ပြောင်းလဲ မေးမြန်းစေခဲ့ရပါတယ်။ ဒီအစည်းအဝေးမှာ ထူးခြားမှုအနေနဲ့ အစည်းအဝေးတတိယနေ့ (၈-၆-၂၀၂၆)ရက်နေ့၌ စစ်ကိုင်းမြို့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနရုံးတွင် အကြမ်းဖက်အဖွဲ့များကထောင်ထားသော ချိန်ကိုက်မိုင်း ပေါက်ကွဲမှုကြောင့် ဝန်ထမ်း(၆)ဦး၊ အပြစ်မဲ့ပြည်သူ(၁၃)ဦး ထိခိုက်ဒဏ်ရာရခဲ့မှုအတွက် ဝမ်းနည်းကြောင်းနှင့် အကြမ်းဖက်အဖွဲ့များကို ကန့်ကွက်ရှုတ်ချကြောင်း အဆိုကို လွှတ်တော်၌ မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ယခုကျင်းပခဲ့တဲ့ ဒုတိယအကြိမ်ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကိုယ်စားလှယ်များဖြင့်သာ ပါဝင်ဖွဲ့စည်းထားတဲ့ လွှတ်တော်ရေးရာကော်မတီ(၅)ခုနဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်များမှ မြို့မိ၊ မြို့ဖများ၊ လုပ်ငန်းရှင်များပါဝင်တဲ့ အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့(၁)ခုတို့ကို ဖွဲ့စည်းအတည်ပြုနိုင်ခဲ့ပါတယ်။ ဒါကြောင့် ပထမပုံမှန်အစည်းအဝေးမှာ အတည်ပြုဖွဲ့စည်းခဲ့တဲ့ လွှတ်တော်ရေးရာ ကော်မတီ(၆)ခုနဲ့ ယခုအစည်းအဝေးမှာ အတည်ပြုဖွဲ့စည်းခဲ့တဲ့ လွှတ်တော်ရေးရာ ကော်မတီ(၅)ခု၊ အဖွဲ့(၁)ခုစုစုပေါင်းလွှတ်တော်ရေးရာကော်မတီ(၁၁)ခုနဲ့ အဖွဲ့(၁)ခုတို့ကို အတည်ပြု ဖွဲ့စည်းပေးနိုင်ခဲ့ပါတယ်။ ဖွဲ့စည်းပေးထားပြီးဖြစ်တဲ့ လွှတ်တော်ရေးရာကော်မတီများအနေနဲ့ မိမိတို့အစီအစဉ်ဖြင့် လွှတ်တော်ရုံးမှာ အစည်းအဝေးများပြုလုပ်ခြင်း၊ ကော်မတီနဲ့ အဖွဲ့တို့ရဲ့ ဖွဲ့စည်းအမိန့်မှာပါရှိတဲ့ မိမိတို့ကို ပေးအပ်ထားတဲ့ တာဝန်များအတိုင်း တိုင်းဒေသကြီးအတွင်း ပြည်သူလူထုများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုး

တိုးတက်ရေးနဲ့ ပြည်သူလူထု တွေ့ကြုံခံစားနေရတဲ့ အခက်အခဲ ဒုက္ခများကို ကွင်းဆင်းလေ့လာပြီး ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြဖို့ကိုလည်း အထူး အလေးအနက်ထား တိုက်တွန်းလိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ကျွန်တော်တို့ လွှတ်တော်အနေနဲ့ အခုကျင်းပခဲ့တဲ့ ဒုတိယပုံမှန်အစည်းအဝေး ကစပြီး ကိုယ်စားလှယ်များကို လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားစေရန်အတွက် သင်တန်းတစ်ခုဖွင့်လှစ်နိုင်ရေး မုံရွာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်များနဲ့ တိုင်ပင်ညှိနှိုင်းပြီး မိမိတို့ဆောင်ရွက်နေတဲ့ လွှတ်တော်လုပ်ငန်းများအတွက် အမှန်တကယ် အထောက်အကူပြု အကျိုးရှိနိုင်မဲ့ ဘာသာရပ်များကို ရွေးချယ်ခြင်း အချိန်ဇယားရေးဆွဲခြင်းတို့ ဆောင်ရွက်ခဲ့ပြီး (၄-၆-၂၀၂၆)မှ (၂၂-၆-၂၀၂၆)ထိ ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ နောင်တွင်လည်း အခြေအနေပေးပါက ကိုယ်စားလှယ်များနဲ့ ကိုက်ညီသင့်တော်မဲ့သင်တန်းများကို ထပ်မံဖွင့်လှစ်ပေးသွားဦးမှာဖြစ်ပါကြောင်းနဲ့ ယခုတက်ရောက်ခဲ့တဲ့ သင်တန်းအတွက် အသိအမှတ်ပြု Certificateများကိုလည်း တက္ကသိုလ်ပါမောက္ခချုပ်ကြီးများမှ ပေးအပ်သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။

ယခုကျင်းပပြီးစီးခဲ့တဲ့ ဒုတိယပုံမှန်အစည်းအဝေးမှာ မေးခွန်းမေးမြန်းခဲ့တဲ့ ကိုယ်စားလှယ်တော်ကြီးအချို့အနေနဲ့ မိမိတို့ မေးမြန်းတဲ့မေးခွန်းအပေါ် တစ်ဖက် တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားရာမှာ မိမိတို့ သိလိုတဲ့ အချက်အလက်များ ပြည့်စုံစွာ မပါရှိမှုများကြောင့် ဆက်စပ်မေးခွန်းများ ထပ်မံမေးမြန်းလိုသော်လည်း ဖြေကြားသူ အခက်တွေ့မည်ကို ငဲ့ညှာပြီး အားမလို အားမရ ဖြစ်နေသည်ကိုလည်း ကြားသိရပါတယ်။ မေးခွန်းများမေးမြန်းမှု၊ ဖြေကြားမှုအပေါ် သုံးသပ်ကြည့်ရာမှာ အချို့မေးခွန်းများမှာ မေးမြန်းသူနှင့် ဖြေကြားသူ(၂)ဦးစလုံးမှာ လိုအပ်ချက်၊ အားနည်းချက်များရှိနေတာကို တွေ့ရှိနေရ ပါတယ်။ ဒါကြောင့် လာမည့်တတိယပုံမှန်အစည်းအဝေးတွင် မေးခွန်းမေးမြန်းမည့်

ကိုယ်စားလှယ်များအနေဖြင့် မိမိတို့မေးမြန်းလိုသည့် အဓိကကိစ္စများကို တစ်ဖက်က ပြန်လည်ဖြေကြားမည့်သူ ကွက်ကွက်ကွင်းကွင်း သိရှိနားလည်သဘောပေါက်အောင် ထည့်သွင်းမေးမြန်းဖို့လိုသလို ပြန်လည်ဖြေကြားမည့် တိုင်းဒေသကြီးအဖွဲ့အစည်းဝင် များအနေဖြင့်လည်း မေးခွန်းမေးမြန်းသူများမှ ဆက်စပ်မေးခွန်း ထပ်မံမေးမြန်းခြင်း မပြုရအောင် ပြည့်စုံစွာဖြေကြားပေးရန် မေတ္တာရပ်ခံအပ်ပါတယ်။ ဆက်စပ်မေးခွန်းသည် တစ်ဖက်က ဖြေကြားမည့်သူအတွက် ချက်ချင်းပြန်လည်ဖြေကြားဖို့ အဆင်သင့် မဖြစ်နိုင်တဲ့အတွက် ကျေနပ်အားရဖွယ်မရှိတဲ့ မပြည့်မစုံဖြေကြားသော မေးခွန်းများ အတွက် နောင်လာမည့် အစည်းအဝေးများတွင် အဆိုများအဖြစ် ပြန်လည်တင်သွင်း လာနိုင်တာကြောင့် အဖွဲ့အစည်းဝင် ဝန်ကြီးများအနေဖြင့် မေးခွန်းများဖြေကြားမှု အပေါ် အချက်အလက် ပြည့်စုံစွာပါရှိရေး အလေးထားပေးဖို့ အထူးမေတ္တာရပ်ခံ လိုပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခုကျင်းပခဲ့တဲ့ ဒုတိယပုံမှန်အစည်းအဝေးမှာ ကိုယ်စားလှယ်တော်ကြီး များက မေးခွန်းများ၊ အဆိုများ တက်တက်ကြွကြွ တင်သွင်းမေးမြန်းခဲ့ကြတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌအနေနဲ့ များစွာ ဂုဏ်ယူဝမ်းမြောက် ကျေးဇူးတင်ရှိပါကြောင်းနဲ့ လွှတ်တော်တွင် မှတ်တမ်းတင်ကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီ မိမိအလုပ်အပေါ် စိတ်ပါဝင်စားမှု၊ လုပ်ငန်းစွမ်းဆောင်ရည်ပြည့်ဝမှု တို့ကို ယခုလို မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေများ ပြင်ဆင်ဖြည့်စွက် ရေးဆွဲတင်သွင်းခြင်းတို့ဖြင့် တိုင်းတာမှတ်ကျောက်တင်တာ ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးချင်းစီရဲ့ မေးခွန်းမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်း၊ ဥပဒေများ ပြင်ဆင်ဖြည့်စွက် အသစ်ရေးဆွဲခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ထားရှိသွားမှာဖြစ်ပါတယ်။ လိုအပ်တဲ့အချိန်မှာ တစ်ဦးချင်းစီရဲ့ ဆောင်ရွက်ချက်များကို ထုတ်ပြန်ပေးသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

လွှတ်တော်အစည်းအဝေးကာလ(၁၂)ရက်အတွင်းမှာ အကြောင်းမဲ့ပျက်ကွက်သူ မရှိဘဲ လွှတ်တော်ကိုယ်စားလှယ်များထဲမှ ကျန်းမာရေးမကောင်း၍ အစည်းအဝေး

အစအဆုံး ခွင့်ပန်ကြားသူ(၁)ဦး၊ တာဝန်အရ ခွင့်ပန်ကြားသူ(၁)ဦး၊ တာဝန်အရ (၁၀)ရက်မတက်နိုင်၍ ခွင့်ပန်ကြားသူ(၁)ဦး၊ တာဝန်အရ (၉)ရက်မတက်နိုင်၍ ခွင့်ပန်ကြားသူ(၄)ဦး၊ တာဝန်အရ (၅)ရက်မတက်နိုင်၍ ခွင့်ပန်ကြားသူ(၁)ဦး၊ တာဝန်အရ (၄)ရက်မတက်နိုင်၍ ခွင့်ပန်ကြားသူ(၁)ဦး၊ တာဝန်အရ (၃)ရက်မတက်နိုင်၍ ခွင့်ပန်ကြားသူ(၂)ဦး၊ တာဝန်အရ (၂)ရက်မတက်နိုင်၍ ခွင့်ပန်ကြားသူ(၂)ဦး၊ တာဝန်အရ (၁)ရက် မတက်နိုင်၍ ခွင့်ပန်ကြားသူ (၂)ဦးရှိကြောင်း မှတ်တမ်းအရ တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူကရွေးချယ်ပေးလိုက်တဲ့ ပုဂ္ဂိုလ်များ ဖြစ်တာနဲ့အညီ ပြည်သူကို မျက်နှာမူ ကိုယ်စားပြုနိုင်ဖို့အတွက် လွှတ်တော်ရဲ့ ဆောင်ပုဒ်ဖြစ်တဲ့ **“ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက်၊ လွှတ်တော်က ဖော်ဆောင်ရွက်”** ဟူသော ဆောင်ပုဒ်နှင့်အညီ ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ကြိုးစားပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ဖို့ ဝိုင်းဝန်းကူညီ လုပ်ကိုင်ဆောင်ရွက်ကြဖို့ လိုပါတယ်။ နိဂုံးချုပ်အနေနဲ့ ယခုလာမည့် တတိယပုံမှန်အစည်းအဝေးကို ခန့်မှန်းအားဖြင့် သြဂုတ်လ ပထမပတ်ထဲမှာ ပြန်လည်ခေါ်ယူမှာဖြစ်ကြောင်းနှင့် အဆိုပါအစည်းအဝေးသို့ ကိုယ်စားလှယ်တော်ကြီးများအားလုံး စုံစုံညီညီ၊ ကျန်းကျန်းမာမာ ချမ်းသာစွာနဲ့ စုံညီစွာ တက်ရောက်နိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းရင်း နိဂုံးချုပ်ပါတယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ အစီအစဉ်(၉)ကို ဆက်လက်ဆောင်ရွက်မှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။

ယခု တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ရပ်နားပါ့မယ်။

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာပါတယ်။(တူထုသည်)

အခမ်းအနားမှူး။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

အခမ်းအနားမှူး။ ကိုယ်စားလှယ်တော်ကြီးများအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။

{တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို (၁၁း၁၀)နာရီအချိန်တွင် အောင်မြင်စွာ ပြီးစီးခဲ့ပါသည်။}

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၅ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၄ ရက် (ကြာသာပတေးနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)က အောက်ပါအတိုင်း ဆုံးဖြတ် လိုက်သည်-

“မှတ်တမ်းတင်ခြင်း”

မှတ်တမ်းတင်ခြင်းအမှတ်(၁၁/၂၀၂၆)။ တတိယအကြိမ် စစ်ကိုင်းတိုင်း ဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် တက်ရောက် ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်း အဝေး တက်ရောက်သူဦးရေ (၈၃)ဦးဖြစ်သည့်အတွက် ၉၇.၆၅% အစည်းအဝေး တက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်း တင်သည်။

“အဆိုတင်သွင်းခြင်း”

အဆိုတင်သွင်းခြင်းအမှတ်(၁/၂၀၂၆)။ ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ **“ချင်းတွင်းမြစ်အထက် ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှု လုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှုနှင့် ဆိုင်ယာနိုက် ဓာတုပစ္စည်းများ ဘေးအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရေး”**တိုက်တွန်းကြောင်း အဆိုတင်သွင်းခဲ့ပြီး ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁)မှ ထောက်ခံ ဆွေးနွေးခဲ့ပါသည်။

“ဆုံးဖြတ်ခြင်း”

ဆုံးဖြတ်ခြင်းအမှတ်(၁/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ တင်သွင်းသည့် **“ချင်းတွင်းမြစ် အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှုလုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်းနှင့် ပြဒါးညစ်ငြမ်းမှုနှင့် ဆိုင်ယာနိုက် ဓာတုပစ္စည်းများ ဘေးအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရေး”** တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့် အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါသည်။

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၆ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၅ ရက် (သောကြာနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

“မှတ်တမ်းတင်ခြင်း”

မှတ်တမ်းတင်ခြင်းအမှတ်(၁၂/၂၀၂၆)။ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေး တက်ရောက်သူဦးရေ (၈၁)ဦးဖြစ်သည့်အတွက် ၉၅.၂၉% အစည်းအဝေး တက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

“အဆိုတင်သွင်းခြင်း”

အဆိုတင်သွင်းခြင်းအမှတ် (၂/၂၀၂၆)။ ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ **“စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)နှင့် Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်းပညာရေး(NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသား မိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန်”** တိုက်တွန်းကြောင်း အဆိုတင်သွင်းခဲ့ပြီး ဦးတင်ဝင်း၊ အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ထောက်ခံဆွေးနွေးခဲ့ပါသည်။

“ဆုံးဖြတ်ခြင်း”

ဆုံးဖြတ်ခြင်းအမှတ် (၂/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌမှ ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ တင်သွင်းသည့် **“စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE)နှင့် Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်း ပညာရေး (NFME) စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန်”** တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်ကိုယ်စားလှယ်အားလုံးက သဘောတူသည့် အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါသည်။

“အဆိုပြုခြင်း”

အဆိုပြုခြင်းအမှတ် (၂၀/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီကို အဖွဲ့ဝင်(၁၁)ဦးဖြင့် အောက်ပါ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန် အဆိုပြုသည်-

(၁) ဒေါ်ဆန်းစစ်ရှိုး၊ လဟယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၂) ဦးထွန်းလွင်၊ ကနီမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၃) ဦးမင်းဇော်၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၆) ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၇) ဦးအောင်ဇော်မင်း၊ ဝန်းသိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၈) ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၉) ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၁၀) ကြည်း ၃၃၆၈၈၊ ဗိုလ်မှူး မင်းဇော်၊ တပ်မတော်သားလွတ်တော်
ကိုယ်စားလှယ်

(၁၁) ကြည်း ၅၁၄၂၂၊ ဗိုလ်ကြီး သန်းနိုင်ထွန်း တပ်မတော်သားလွတ်တော်
ကိုယ်စားလှယ်

အဆိုပြုခြင်းအမှတ်(၂၁/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ ဥက္ကဋ္ဌအဖြစ် ဖောင်းပြင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင်မင်းထွဋ်၊ အတွင်းရေးမှူးအဖြစ် ကလေးဝမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးထွန်းထွန်းတို့အား အဆိုပြုသည်။

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက် (တနလာ်နေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့)က အောက်ပါအတိုင်းဆုံးဖြတ်လိုက်သည်-

"မှတ်တမ်းတင်ခြင်း"

မှတ်တမ်းတင်ခြင်းအမှတ်(၁၃/၂၀၂၆)။ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေး တက်ရောက်သူ ဦးရေ (၈၀)ဦး ဖြစ်သည့်အတွက် (၉၄.၁၂) % အစည်းအဝေး တက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

"အဆိုတင်သွင်းခြင်း"

အဆိုတင်သွင်းခြင်းအမှတ်(၃/၂၀၂၆)။ ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ **"(၅-၆-၂၀၂၆)ရက်နေ့ (၁၀း၃၀)အချိန် စစ်ကိုင်းမြို့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနရုံး ဝင်ပေါက်ဝဲဘက်ဘေးတွင် ချိန်ကိုက်မိုင်းဟု ယူဆရသော ဗုံးပေါက်ကွဲမှုကြောင့် နိုင်ငံ့ဝန်ထမ်း(၆)ဦး၊ အပြစ်မဲ့ပြည်သူ(၁၃)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့မှုအပေါ် ဝမ်းနည်းကြောင်းနှင့် ဗုံးထောင်ဖောက်ခွဲခဲ့သော အကြမ်းဖက်သမားများ၏ လုပ်ရပ်အား ကန့်ကွက်ရှုံ့ချကြောင်း၊ အလားတူဖြစ်စဉ်မျိုး တစထက်တစ လျော့နည်းကျဆင်းလာစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိဌာနများအနေဖြင့် ပြည်သူလူထု၏ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးကို ပြည်သူလူထု ပူးပေါင်းပါဝင်သော လုံခြုံရေးစနစ်ဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်ပေးရန်"** အရေးကြီး အဆိုကို ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အပိုဒ် ၁၂၁(က)အရ တင်သွင်းခဲ့ပြီး အောက်ပါ လွှတ်တော် ကိုယ်စားလှယ်(၆)ဦးက ထောက်ခံဆွေးနွေးခဲ့ကြပါသည်-

(၁) ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊

(၂) ဦးသိန်းသန်းစိုး၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၂)၊

(၃) ဦးမင်းဇော်၊ ကလေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊

(၄) ဦးတင်မောင်မြင့်၊ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊

(၅) ဦးရဲမင်းအောင်၊ ပုလဲမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊

(၆) ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)

“မှတ်တမ်းတင်ခြင်း”

မှတ်တမ်းတင်ခြင်းအမှတ်(၁၄/၂၀၂၆)။ ဦးထိန်မင်း၊ ဝန်းသိုမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ တင်သွင်းသော **“(၅-၆-၂၀၂၆)ရက်နေ့(၁၀း၃၀)အချိန် စစ်ကိုင်းမြို့၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံး ဝင်ပေါက်ဝဲဘက်ဘေးတွင် ချိန်ကိုက်မိုင်းဟု ယူဆရသော ဗုံးပေါက်ကွဲမှုကြောင့် နိုင်ငံဝန်ထမ်း(၆)ဦးနှင့် အပြစ်မဲ့ပြည်သူ(၁၃)ဦး ထိခိုက် ဒဏ်ရာရရှိမှုအပေါ် ဝမ်းနည်းကြောင်းနှင့် ဗုံးထောင်ဖောက်ခွဲခဲ့သော အကြမ်းဖက်သမားများ၏ လုပ်ရပ်များအား ကန့်ကွက်ရှုံ့ချကြောင်း၊ အလားတူ ဖြစ်စဉ်မျိုး တစထက်တစ လျော့နည်းကျဆင်းလာစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိ ဌာနများအနေဖြင့် ပြည်သူလူထု၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပြည်သူလူထု ပူးပေါင်းပါဝင်သော လုံခြုံရေးစနစ်ဖြင့် အရှိန်မြှင့်တင် ဆောင်ရွက်ပေးရန်”** အရေးကြီးအဆိုနှင့်စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အပိုဒ် ၁၂၇ (က)အရ လွှတ်တော်၏ သဘောထားရယူကာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါသည်။

“အတည်ပြုခြင်း”

အတည်ပြုခြင်းအမှတ်(၁၇/၂၀၂၆)။ ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ တင်သွင်းသော **“ချင်းတွင်းမြစ်အထက်ပိုင်းရှိ အဆင်ခြင်မဲ့ ရွှေတူးဖော်မှုလုပ်ငန်းများကြောင့် မြစ်ကြောင်းပျက်စီးခြင်းနှင့် ပြဒါးညစ်ညမ်းမှုနှင့် ဆိုင်ယာနိုက် ဓာတုပစ္စည်းများ ဘေးအန္တရာယ်များမှ**

ကာကွယ်တားဆီးနိုင်ရေး” တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော် ကိုယ်စားလှယ်(၆)ဦး၏ ဆွေးနွေးခဲ့မှုအပေါ် သက်ဆိုင်ရာ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး၊ ဦးတင်သန်းဝင်းမှ ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ခြင်း၊ လွှတ်တော်ဥက္ကဋ္ဌမှ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အပိုဒ် ၁၂၇(က)အရ လွှတ်တော်၏ သဘောထား ရယူကာ အတည်ပြုကြောင်း ကြေညာပါသည်။

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၉ ရက် (အင်္ဂါနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသော တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

“မှတ်တမ်းတင်ခြင်း”

မှတ်တမ်းတင်ခြင်းအမှတ် (၁၅/၂၀၂၆)။ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေး တက်ရောက်သူ ဦးရေ (၇၉)ဦး ဖြစ်သည့်အတွက် (၉၂.၉၄) % အစည်းအဝေး တက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

“အတည်ပြုခြင်း”

အတည်ပြုခြင်းအမှတ်(၁၈/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေးဒုတိယနေ့ (၅-၆-၂၀၂၆)ရက်နေ့တွင် အဆိုပြု တင်ပြထားသည့် တရားဥပဒေစိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီတွင် ပါဝင်သည့် အောက်ဖော်ပြပါ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊

ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား လွှတ်တော်ကိုယ်စားလှယ်များက သဘောတူသဖြင့် လွှတ်တော်က အတည်ပြုကြောင်းနှင့် တရားဥပဒေ စိုးမိုးရေး၊ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုသည်-

(၁)	ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	ဥက္ကဋ္ဌ
(၂)	ဒေါ်ဆန်းစစ်ရှိုး၊ လဟယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	အဖွဲ့ဝင်
(၃)	ဦးထွန်းလွင်၊ ကနီမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	အဖွဲ့ဝင်
(၄)	ဦးမင်းဇော်၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၅)	ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)	
(၆)	ဦးအောင်ဇော်မင်း၊ ဝန်းသိုမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)	အဖွဲ့ဝင်
(၇)	ဦးထိန်ဝင်းအောင်၊ ကနီမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၈)	ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)	အဖွဲ့ဝင်
(၉)	ကြည်း ၃၃၆၈၈၊ ဗိုလ်မှူးမင်းဇော်၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၀)	ကြည်း ၅၁၄၂၂၊ ဗိုလ်ကြီး သန်းနိုင်ထွန်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၁)	ဦးထွန်းထွန်း၊ ကလေးဝမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	အတွင်းရေးမှူး

အတည်ပြုခြင်းအမှတ်(၁၉/၂၀၂၆)။ ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ တင်သွင်းသော **"စစ်ကိုင်းတိုင်းဒေသကြီးအတွင်း Non-Formal Primary Education ကျောင်းပြင်ပ မူလတန်းပညာရေး (NFPE) နှင့် Non-Formal Middle Education ကျောင်းပြင်ပ အလယ်တန်းပညာရေး(NFME)စနစ်ကို ပြည်သူများ၊ ကျောင်းသားမိဘများ ကျယ်ကျယ် ပြန့်ပြန့် သိရှိနိုင်ရေး ဆောင်ရွက်ပေးရန်"** တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်(၉)ဦး၏ ဆွေးနွေးခဲ့မှုအပေါ် လူမှုရေးရာဝန်ကြီး၊ ဦးညွန့်ဝင်းအောင်မှ ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ပြီး၊ လွှတ်တော်ဥက္ကဋ္ဌမှ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ အပိုဒ် ၁၂၇(က)အရ လွှတ်တော်၏ သဘောထားရယူကာ အတည်ပြုကြောင်း ကြေညာပါသည်။

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၁ ရက် (ကြာသပတေးနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ပဉ္စမနေ့)က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

"မှတ်တမ်းတင်ခြင်း"

မှတ်တမ်းတင်ခြင်းအမှတ်(၁၆/၂၀၂၆)။ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်း အဝေးတက်ရောက်သူ ဦးရေ (၇၉)ဦးဖြစ်သည့်အတွက် (၉၂.၉၄)% အစည်းအဝေးတက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

“အဆိုပြုခြင်း”

အဆိုပြုခြင်းအမှတ်(၂၂/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ကို အဖွဲ့ဝင်(၂၅)ဦးဖြင့် အောက်ပါတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၄)ဦးနှင့် မြို့မိမြို့ဖလုပ်ငန်းရှင်(၂၁)ဦးတို့ဖြင့် ဖွဲ့စည်းရန် အဆိုပြုသည်-

(၁) ဦးမင်းမင်းဇေယျာမြင့်၊ စစ်ကိုင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၂) ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးဌေးအောင်၊ ကလေးမြို့

(၅) ဦးသန်းအေး၊ ကလေးမြို့

(၆) ဦးတင်ဝင်း၊ ကသာမြို့

(၇) ဦးစိန်ထွန်း၊ ကသာမြို့

(၈) ဦးစိုးနိုင်၊ စစ်ကိုင်းမြို့

(၉) ဦးရဲမြင့်အောင်၊ စစ်ကိုင်းမြို့

(၁၀) ဦးဟန်ဇော်ထွန်း၊ မုံရွာမြို့

(၁၁) ဦးမျိုးဝင်းကြီး၊ မုံရွာမြို့

(၁၂) ဦးထွန်းထွန်းဦး၊ မုံရွာမြို့

(၁၃) ဦးကျော်စိုး၊ မုံရွာမြို့

(၁၄) ဦးသိန်းဇော်၊ မော်လိုက်မြို့

(၁၅) ဦးခင်မောင်ဆွေ၊ ဟုမ္မလင်းမြို့

(၁၆) ဦးမောင်ဆွေ၊ ယင်းမာပင်မြို့

(၁၇) ဦးစိုးမြင့်၊ ရွှေဘိုမြို့

(၁၈) ဦးကျော်ဝင်း၊ ကောလင်းမြို့

(၁၉) ဦးတင်မြင့်၊ တန့်ဆည်မြို့

(၂၀) ဦးရှိသီး၊ လေရှိုးမြို့

(၂၁) ဦးခင်မောင်ရွှေ၊ တမူးမြို့

(၂၂) ဦးသန်းစိန်၊ ကန့်ဘလူမြို့

(၂၃) ဦးဥာဏ်တင့်၊ ကန့်ဘလူမြို့

(၂၄) ဦးစိန်သောင်း၊ ထီးချိုင့်မြို့

(၂၅) ကြည်း-၄၁၂၇၂၊ ဗိုလ်မှူးကြည်သာအောင်၊ တပ်မတော်သားလွတ်တော်ကိုယ်စားလှယ်

အဆိုပြုခြင်းအမှတ်(၂၃/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာအဖွဲ့ ဥက္ကဋ္ဌအဖြစ် စစ်ကိုင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးမင်းမင်းဇေယျာမြင့်၊ အတွင်းရေးမှူး(၁)ကို တန့်ဆည်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးသော်နိုင်ဦးနှင့် အတွင်းရေးမှူး(၂)ကို အရာတော်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးနိုင်သန်းထွန်းတို့အား အဆိုပြုသည်။

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၂ ရက် (သောကြာနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသော တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့)က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

"မှတ်တမ်းတင်ခြင်း"

မှတ်တမ်းတင်ခြင်းအမှတ် (၁၇/၂၀၂၆)။ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေး တက်ရောက်သူ ဦးရေ (၇၅)ဦး ဖြစ်သည့်အတွက် (၈၈.၂၄) % အစည်းအဝေး တက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

"အဆိုပြုခြင်း"

အဆိုပြုခြင်းအမှတ် (၂၄/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၁၃)ဦးဖြင့် အောက်ပါတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန် အဆိုပြုသည်-

(၁) ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၂) ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဒေါ်ခင်ဝင်းကြည်၊ ထီးချိုင့်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၅) ဦးမော်လိပ်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၈) ဦးကျော်သူ၊ ကောလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၉) ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၁၀) ကြည်း-၅၁၆၄၀၊ ဗိုလ်မှူး နေလင်းထွန်း၊ တပ်မတော်သား
လွှတ်တော်ကိုယ်စားလှယ်

(၁၁) ကြည်း-၅၃၄၁၇၊ ဗိုလ်ကြီးရဲရန်နိုင်၊ တပ်မတော်သား
လွှတ်တော်ကိုယ်စားလှယ်

အဆိုပြုခြင်းအမှတ်(၂၅/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် မော်လိုက်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်စန္ဒာသိန်း၊ အတွင်းရေးမှူး(၁)အဖြစ် ကောလင်းမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးကျော်သူနှင့် အတွင်းရေးမှူး(၂)အဖြစ် ဖောင်းပြင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးတင်မောင်မြင့်တို့အား အဆိုပြုသည်။

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက် (တနလၤာနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (သတ္တမနေ့)က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

"မှတ်တမ်းတင်ခြင်း"

မှတ်တမ်းတင်ခြင်းအမှတ်(၁၈/၂၀၂၆)။ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး သတ္တမနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေးတက်ရောက်သူဦးရေ (၇၆)ဦးဖြစ်သည့်အတွက် (၈၉.၄၁)% အစည်းအဝေးတက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

"အတည်ပြုခြင်း"

အတည်ပြုခြင်းအမှတ်(၂၀/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး ပဉ္စမနေ့ (၁၁-၆-၂၀၂၆)ရက်နေ့တွင် အဆိုပြု တင်ပြထားသည့် အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့် သုတေသနပြုရေးဆိုင်ရာ အဖွဲ့တွင် ဘုတလင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၊ ဦးအောင်မင်းကျော်သူမှ မြို့မိ/မြို့ဖ၊ လုပ်ငန်းရှင် ဦးမင်းဆန်း(မုံရွာ)ကိုလည်းကောင်း၊ ဘုတလင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၊ ဦးသိန်းသန်းစိုးမှ မြို့မိ/မြို့ဖ၊ လုပ်ငန်းရှင် ဦးတင်မောင်ဦး (ဟုမ္မလင်း)ကိုလည်းကောင်း အဖွဲ့ဝင်အဖြစ် ထည့်သွင်းနိုင်ရေး ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များနှင့်အတူ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြလာသည့်အတွက် ၎င်းတို့ကို အဖွဲ့ဝင်အဖြစ် ထပ်မံ ထည့်သွင်းဖွဲ့စည်းပြီး အောက်ဖော်ပြပါ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည် စာရင်း၊ အဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး(၁)၊(၂)တို့အား လွှတ်တော်က သဘောတူ အတည်ပြုကြောင်းနှင့် အထူးကိစ္စရပ်များ လေ့လာစုံစမ်းစိစစ်ရေးနှင့်

သုတေသနပြုရေးဆိုင်ရာအဖွဲ့၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုသည်-

(၁)	ဦးမင်းမင်းဇေယျာမြင့်၊ စစ်ကိုင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)	ဥက္ကဋ္ဌ
(၂)	ဦးဌေးအောင်၊ ကလေးမြို့	အဖွဲ့ဝင်
(၃)	ဦးသန်းအေး၊ ကလေးမြို့	အဖွဲ့ဝင်
(၄)	ဦးတင်ဝင်း၊ ကသာမြို့	အဖွဲ့ဝင်
(၅)	ဦးစိန်ထွန်း၊ ကသာမြို့	အဖွဲ့ဝင်
(၆)	ဦးစိုးနိုင်၊ စစ်ကိုင်းမြို့	အဖွဲ့ဝင်
(၇)	ဦးရဲမြင့်အောင်၊ စစ်ကိုင်းမြို့	အဖွဲ့ဝင်
(၈)	ဦးဟန်ဇော်ထွန်း၊ မုံရွာမြို့	အဖွဲ့ဝင်
(၉)	ဦးမျိုးဝင်းကြီး၊ မုံရွာမြို့	အဖွဲ့ဝင်
(၁၀)	ဦးထွန်းထွန်းဦး၊ မုံရွာမြို့	အဖွဲ့ဝင်
(၁၁)	ဦးကျော်စိုး၊ မုံရွာမြို့	အဖွဲ့ဝင်
(၁၂)	ဦးမင်းဆန်း၊ မုံရွာမြို့	အဖွဲ့ဝင်
(၁၃)	ဦးသိန်းဇော်၊ မော်လိုက်မြို့	အဖွဲ့ဝင်
(၁၄)	ဦးခင်မောင်ဆွေ၊ ဟုမ္မလင်းမြို့	အဖွဲ့ဝင်
(၁၅)	ဦးတင်မောင်ဦး၊ ဟုမ္မလင်းမြို့	အဖွဲ့ဝင်
(၁၆)	ဦးမောင်ဆွေ၊ ယင်းမာပင်မြို့	အဖွဲ့ဝင်
(၁၇)	ဦးစိုးမြင့်၊ ရွှေဘိုမြို့	အဖွဲ့ဝင်
(၁၈)	ဦးကျော်ဝင်း၊ ကောလင်းမြို့	အဖွဲ့ဝင်
(၁၉)	ဦးတင်မြင့်၊ တန့်ဆည်မြို့	အဖွဲ့ဝင်

(၂၀) ဦးရှိသီး၊ လေရှိုးမြို့ အဖွဲ့ဝင်

(၂၁) ဦးခင်မောင်ရွှေ၊ တမူးမြို့ အဖွဲ့ဝင်

(၂၂) ဦးသန်းစိန်၊ ကန့်ဘလူမြို့ အဖွဲ့ဝင်

(၂၃) ဦးဥာဏ်တင့်၊ ကန့်ဘလူမြို့ အဖွဲ့ဝင်

(၂၄) ဦးစိန်သောင်း၊ ထီးချိုင့်မြို့ အဖွဲ့ဝင်

(၂၅) ကြည်း- ၄၁၂၇၂ ၊ ဗိုလ်မှူး ကြည်သာအောင် အဖွဲ့ဝင်
တပ်မတော်သားလွတ်တော်ကိုယ်စားလှယ်

(၂၆) ဦးသော်နိုင်ဦး၊ တန့်ဆည်မြို့နယ် အတွင်းရေးမှူး(၁)
ကိုယ်စားလှယ်အမှတ်(၂)

(၂၇) ဦးနိုင်သန်းထွန်း၊ အရာတော်မြို့နယ် အတွင်းရေးမှူး(၂)
ကိုယ်စားလှယ်အမှတ်(၂)

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၆ ရက် (အင်္ဂါနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေး ခန်းမ၌ ကျင်းပသော တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (အဋ္ဌမနေ့)က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

“မှတ်တမ်းတင်ခြင်း”

မှတ်တမ်းတင်ခြင်းအမှတ်(၁၉/၂၀၂၆)။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေးတက်ရောက်သူဦးရေ (၇၅)ဦးဖြစ်သည့်အတွက် (၈၈.၂၄)% အစည်းအဝေးတက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

“အတည်ပြုခြင်း”

အတည်ပြုခြင်းအမှတ်(၂၁/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး ဆဋ္ဌမနေ့ (၁၂-၆-၂၀၂၆)ရက်နေ့တွင် အဆိုပြု တင်ပြထားသည့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီတွင် ပါဝင်သည့် အောက်ဖော်ပြပါ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး(၁)၊(၂)တို့အား လွှတ်တော်က သဘောတူ အတည်ပြုကြောင်းနှင့် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီး လွှတ်တော်က အတည်ပြုသည်-

(၁)	ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)	ဥက္ကဋ္ဌ
(၂)	ဦးကျော်စိုး၊ ဗန်းမောက်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၃)	ဒေါ်ခင်ဝင်းကြည်၊ ထီးချိုင့်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၄)	ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၅)	ဦးမော်လိပ်၊ တမူးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၆)	ဦးသက်အောင်ဇော်၊ စစ်ကိုင်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၇)	ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)	အဖွဲ့ဝင်
(၈)	ကြည်း ၅၁၄၆၀၊ ဗိုလ်မှူး နေလင်းထွန်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်	အဖွဲ့ဝင်
(၉)	ကြည်း ၅၃၄၁၇၊ ဗိုလ်ကြီး ရဲရန်နိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၀)	ဦးကျော်သူ၊ ကောလင်းမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)	အတွင်းရေးမှူး(၁)
(၁၁)	ဦးတင်မောင်မြင့်၊ ဖောင်းပြင်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂)	အတွင်းရေးမှူး(၂)

“အဆိုပြုခြင်း”

အဆိုပြုခြင်းအမှတ် (၂၆/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၁၁)ဦးဖြင့် အောက်ပါတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန် အဆိုပြုသည်-

(၁) ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၂) ဦးကျော်လွင်ဦး၊ ကသာမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးမြင့်လေး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးသက်လွင်၊ အင်းတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးခင်မောင်လွင်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၈) ဒေါ်အေးအေးသန်း၊ ကသာမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၉) ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၁၀) ကြည်း ၅၁၆၄၀၊ ဗိုလ်မှူး နေလင်းထွန်း၊
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၁၁) ကြည်း ၇၄၄၅၀၊ ဗိုလ်ကြီး ထက်အောင်ရှိုင်း၊
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

အဆိုပြုခြင်းအမှတ်(၂၇/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် ကန့်ဘလူမြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးသက်ကိုကိုကျော်၊ အတွင်းရေးမှူး(၁)အဖြစ် ကသာမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်အေးအေးသန်းနှင့် အတွင်းရေးမှူး(၂)အဖြစ် ဟုမ္မလင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ စိုင်းစံလှစိုးတို့အား အဆိုပြုသည်။

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၇ ရက် (ဗုဒ္ဓဟူးနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (နဝမနေ့)က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

“မှတ်တမ်းတင်ခြင်း”

မှတ်တမ်းတင်ခြင်းအမှတ်(၁၉/၂၀၂၆)။ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေးတက်ရောက်သူဦးရေ (၇၇)ဦးဖြစ်သည့်အတွက် (၉၀.၅၉)% အစည်းအဝေးတက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

“အတည်ပြုခြင်း”

အတည်ပြုခြင်းအမှတ်(၂၂/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး အဋ္ဌမနေ့ (၁၆-၆-၂၀၂၆)ရက်နေ့တွင် အဆိုပြု တင်ပြထားသည့် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီတွင် ပါဝင်သည့် အောက်ဖော်ပြပါ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊

ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး(၁)၊ (၂)တို့အား လွှတ်တော်က သဘောတူ အတည်ပြုကြောင်းနှင့် စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေး ဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီး လွှတ်တော်က အတည်ပြုသည်-

(၁)	ဦးသက်ကိုကိုကျော်၊ ကန့်ဘလူမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)	ဥက္ကဋ္ဌ
(၂)	ဦးကျော်လွင်ဦး၊ ကသာမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)	အဖွဲ့ဝင်
(၃)	ဦးနောက်တွန်း၊ နန်းယွန်းမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)	အဖွဲ့ဝင်
(၄)	ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	အဖွဲ့ဝင်
(၅)	ဦးမြင့်လေး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၆)	ဦးသက်လွင်၊ အင်းတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၇)	ဦးခင်မောင်လွင်၊ တမူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	အဖွဲ့ဝင်
(၈)	ကြည်း-၅၁၆၄၀၊ ဗိုလ်မှူးနေလင်းထွန်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်	အဖွဲ့ဝင်
(၉)	ကြည်း-၇၄၄၅၀၊ ဗိုလ်ကြီး ထက်အောင်ရှိုင်း၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၀)	ဒေါ်အေးအေးသန်း၊ကသာမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)	အတွင်းရေးမှူး(၁)
(၁၁)	ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)	အတွင်းရေးမှူး(၂)

“အဆိုပြုခြင်း”

အဆိုပြုခြင်းအမှတ်(၂၈/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီကို အဖွဲ့ဝင် (၁၁)ဦးဖြင့် အောက်ပါတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန် အဆိုပြုသည်-

(၁) ဦးမင်းဇော်၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၂) ဦးတိုးမြင့်၊ ဒီပဲယင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၄) ဦးမင်းဆွေ၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးရဲမင်းအောင်၊ ပုလဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၆) ဦးအံ့ကျော်၊ ချောင်းဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၇) ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၈) ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၉) ဒေါ်ဆန်းစစ်ရှိုး၊ လေရှိုးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၁၀) ကြည်း ၅၃၇၂၈၊ ဗိုလ်မှူး ငြိမ်းချမ်းကို၊
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

(၁၁) ကြည်း ၅၃၄၁၇၊ ဗိုလ်ကြီး ရဲရန်နိုင်၊
တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်

အဆိုပြုခြင်းအမှတ်(၂၉/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် ကလေးမြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးမင်းဇော်၊ အတွင်းရေးမှူး(၁)အဖြစ် ယင်းမာပင်မြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)မှ ဦးကျော်နိုင်ဝင်းနှင့် အတွင်းရေးမှူး(၂)အဖြစ် လေရှိုးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဆန်းစစ်ရှိုးတို့အား အဆိုပြုသည်။

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၈ ရက် (ကြာသပတေးနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒသမနေ့)က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

"မှတ်တမ်းတင်ခြင်း"

မှတ်တမ်းတင်ခြင်းအမှတ်(၂၁/၂၀၂၆)။ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေးတက်ရောက်သူဦးရေ (၇၉)ဦးဖြစ်သည့်အတွက် (၉၂.၉၄)% အစည်းအဝေးတက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

“အတည်ပြုခြင်း”

အတည်ပြုခြင်းအမှတ်(၂၃/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး နဝမနေ့ (၁၇-၆-၂၀၂၆)ရက်နေ့တွင် အဆိုပြု တင်ပြထားသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီတွင် ပါဝင်သည့် အောက်ဖော်ပြပါ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး(၁)၊ (၂)တို့အား လွှတ်တော်က သဘောတူ အတည်ပြုကြောင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီး လွှတ်တော်က အတည်ပြုသည်-

(၁)	ဦးမင်းဇော်၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	ဥက္ကဋ္ဌ
(၂)	ဦးတိုးမြင့်၊ဒီပဲယင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၃)	ဦးထွန်းထွန်း၊ ကလေးဝမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	အဖွဲ့ဝင်
(၄)	ဦးမင်းဆွေ၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	အဖွဲ့ဝင်
(၅)	ဦးရဲမင်းအောင်၊ ပုလဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၆)	ဦးအံ့ကျော်၊ ချောင်းဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၇)	ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၈)	ကြည်း ၅၃၇၂၈၊ ဗိုလ်မှူး ငြိမ်းချမ်းကို၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်	အဖွဲ့ဝင်
(၉)	ကြည်း ၅၃၄၁၇၊ ဗိုလ်ကြီး ရဲရန်နိုင်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၀)	ဦးကျော်နိုင်ဝင်း၊ ယင်းမာပင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	အတွင်းရေးမှူး(၁)
(၁၁)	ဒေါ်ဆန်းစစ်ရှိုး၊ လေရှိုးမြို့နယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	အတွင်းရေးမှူး(၂)

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၉ ရက် (သောကြာနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

"မှတ်တမ်းတင်ခြင်း"

မှတ်တမ်းတင်ခြင်းအမှတ်(၂၂/၂၀၂၆)။ တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေး တက်ရောက်သူဦးရေ (၇၇)ဦးဖြစ်သည့်အတွက် (၉၀.၅၉)% အစည်းအဝေး တက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

"အဆိုပြုခြင်း"

အဆိုပြုခြင်းအမှတ်(၃၀/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီကို အဖွဲ့ဝင်(၁၁)ဦးဖြင့် အောက်ပါတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရန် အဆိုပြုသည်-

(၁) ဦးတင်ဝင်း၊ အရာတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၂) ဦးကျော်သူ၊ ကောလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၃) ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၄) ဦးဇေယျာစိုး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၅) ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၆) ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၇) ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၈) ဦးအောင်နိုင်သူ၊ ခန္ဓီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)

(၉) ဦးမင်းဆွေ၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)

(၁၀) ကြည်း ၄၇၉၄၅၊ ဗိုလ်မှူး ဝေဖြိုးသာ၊
တပ်မတော်သားလွတ်တော်ကိုယ်စားလှယ်

(၁၁) ကြည်း ၆၇၅၃၀၊ ဗိုလ်ကြီး ဒေါ်သီရိဟန်၊
တပ်မတော်သားလွတ်တော်ကိုယ်စားလှယ်

အဆိုပြုခြင်းအမှတ်(၃၁/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဥက္ကဋ္ဌအဖြစ် အရာတော်မြို့နယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးတင်ဝင်း၊ အတွင်းရေးမှူး(၁)အဖြစ် ခန္ဓီးမြို့နယ်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးအောင်နိုင်သူနှင့် အတွင်းရေးမှူး(၂)အဖြစ် ကလေးမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)မှ ဦးမင်းဆွေတို့အား အဆိုပြုသည်။

မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်၊ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက် (တနလၤာနေ့)တွင် မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသော တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့က အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

"မှတ်တမ်းတင်ခြင်း"

မှတ်တမ်းတင်ခြင်းအမှတ်(၂၃/၂၀၂၆)။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့တွင် တက်ရောက်ခွင့်ရှိသည့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် (၈၅)ဦးဖြစ်ပြီး အစည်းအဝေး တက်ရောက်သူဦးရေ (၇၈)ဦးဖြစ်သည့်အတွက် (၉၁.၇၆)% အစည်းအဝေး တက်ရောက်ကြောင်း အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်သည်။

“အတည်ပြုခြင်း”

အတည်ပြုခြင်းအမှတ်(၂၄/၂၀၂၆)။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး (၁၁)ရက်မြောက်နေ့ (၁၉-၆-၂၀၂၆)ရက်နေ့တွင် အဆိုပြု တင်ပြထားသည့် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီတွင် ပါဝင်သည့် အောက်ဖော်ပြပါ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး(၁)၊ (၂)တို့အား လွှတ်တော်က သဘောတူ အတည်ပြုကြောင်းနှင့် ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို တိုင်းဒေသကြီး လွှတ်တော်က အတည်ပြုသည်-

(၁)	ဦးတင်ဝင်း၊ အရာတော်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	ဥက္ကဋ္ဌ
(၂)	ဦးကျော်သူ၊ ကောလင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၃)	ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	အဖွဲ့ဝင်
(၄)	ဦးဇေယျာစိုး၊ မြင်းမူမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	အဖွဲ့ဝင်
(၅)	ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	အဖွဲ့ဝင်
(၆)	ဦးသောင်းထိုက်၊ ချောင်းဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	အဖွဲ့ဝင်
(၇)	ဦးကျော်စိုးဦး၊ ခင်ဦးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	အဖွဲ့ဝင်
(၈)	ကြည်း ၄၇၉၄၅၅၊ ဗိုလ်မှူး ဝေဖြိုးသာ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်	အဖွဲ့ဝင်
(၉)	ကြည်း ၆၇၅၃၀၊ ဗိုလ်ကြီး ဒေါ်သီရိဟန်၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်	အဖွဲ့ဝင်
(၁၀)	ဦးအောင်နိုင်သူ၊ ခန္ဓီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂)	အတွင်းရေးမှူး(၁)
(၁၁)	ဦးမင်းဆွေ၊ ကလေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)	အတွင်းရေးမှူး(၂)

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

ဒုတိယပုံမှန်အစည်းအဝေး

ဆောင်ရွက်ချက်အကျဉ်းချုပ်

အစည်းအဝေးကာလ(၄.၆.၂၀၂၆)မှ (၂၂.၆.၂၀၂၆)ထိ

အစည်းအဝေးကျင်းပသည့်ရက်ပေါင်း(၁၂)ရက်

စဉ်	အစည်းအဝေးကျင်းပသည့်ရက်/နေ့	အစည်းအဝေးအချိန်		ကိုယ်စားလှယ်ရှိရင်း	အစည်းအဝေးတက်ရောက်သည့်			ဆောင်ရွက်ချက်များ
		မှ	ထိ		ဦးရေ	ရာခိုင်နှုန်း	ပျက်ကွက်	
၁	၄.၆.၂၀၂၆ ကြာသပတေးနေ့	၁၀း၀၀	၁၁း၁၂	၈၅	၈၃	၉၇.၆၅	၂	မှတ်တမ်းတင်ခြင်း(၁)ရပ် အဆိုတင်သွင်းခြင်း(၁)ရပ် ဆုံးဖြတ်ခြင်း(၁)ရပ်
၂	၅.၆.၂၀၂၆ သောကြာနေ့	၁၀း၀၀	၁၁း၀၅	၈၅	၈၁	၉၅.၂၉	၄	မှတ်တမ်းတင်ခြင်း(၁)ရပ် အဆိုတင်သွင်းခြင်း(၁)ရပ် ဆုံးဖြတ်ခြင်း(၁)ရပ် အဆိုပြုခြင်း(၂)ရပ်
၃	၈.၆.၂၀၂၆ တနလ်္ဂာနေ့	၁၀း၀၀	၁၀း၃၂	၈၅	၈၀	၉၄.၁၂	၅	မှတ်တမ်းတင်ခြင်း(၂)ရပ် အဆိုတင်သွင်းခြင်း(၁)ရပ် အတည်ပြုခြင်း(၁)ရပ်
၄	၉.၆.၂၀၂၆ အင်္ဂါနေ့	၁၀း၀၀	၁၁း၅၄	၈၅	၇၉	၉၂.၉၄	၆	မှတ်တမ်းတင်ခြင်း(၁)ရပ် အတည်ပြုခြင်း(၂)ရပ်
၅	၁၁.၆.၂၀၂၆ ကြာသပတေး	၁၀း၀၀	၁၁း၀၇	၈၅	၇၉	၉၂.၉၄	၆	မှတ်တမ်းတင်ခြင်း(၁)ရပ် အဆိုပြုခြင်း(၂)ရပ်
၆	၁၂.၆.၂၀၂၆ သောကြာ	၁၀း၀၀	၁၁း၁၅	၈၅	၇၅	၈၈.၂၄	၁၀	မှတ်တမ်းတင်ခြင်း(၁)ရပ် အဆိုပြုခြင်း(၂)ရပ်
၇	၁၅.၆.၂၀၂၆ တနလ်္ဂာနေ့	၁၀း၀၀	၁၁း၀၅	၈၅	၇၆	၈၉.၄၁	၉	မှတ်တမ်းတင်ခြင်း(၁)ရပ် အတည်ပြုခြင်း(၁)ရပ်
၈	၁၆.၆.၂၀၂၆ အင်္ဂါနေ့	၁၀း၀၀	၁၁း၃၀	၈၅	၇၅	၈၈.၂၄	၁၀	မှတ်တမ်းတင်ခြင်း(၁)ရပ် အတည်ပြုခြင်း(၁)ရပ် အဆိုပြုခြင်း(၂)ရပ်
၉	၁၇.၆.၂၀၂၆ ဗုဒ္ဓဟူးနေ့	၁၀း၀၀	၁၁း၀၅	၈၅	၇၇	၉၀.၅၉	၈	မှတ်တမ်းတင်ခြင်း(၁)ရပ် အတည်ပြုခြင်း(၁)ရပ် အဆိုပြုခြင်း(၂)ရပ်
၁၀	၁၈.၆.၂၀၂၆ ကြာသပတေးနေ့	၁၀း၀၀	၁၁း၁၀	၈၅	၇၉	၉၂.၉၄	၆	မှတ်တမ်းတင်ခြင်း(၁)ရပ် အတည်ပြုခြင်း(၁)ရပ်

စဉ်	အစည်းအဝေး ကျင်းပသည့် ရက်/နေ့	အစည်း အဝေး အချိန်		ကိုယ်စား လှယ် ရှိရင်း	အစည်းအဝေး တက်ရောက်သည့်			ဆောင်ရွက်ချက်များ
		မှ	ထိ		ဦး ရေ	ရာခိုင် နှုန်း	ပျက် ကွက်	
၁၁	၁၉.၆.၂၀၂၆ သောကြာနေ့	၁၀း၀၀	၁၁း၀၉	၈၅	၇၇	၉၀.၅၉	၈	မှတ်တမ်းတင်ခြင်း(၁)ရပ် အဆိုပြုခြင်း(၂)ရပ်
၁၂	၂၂.၆.၂၀၂၆ တနလ်ာနေ့	၁၀း၀၀	၁၁း၁၀	၈၅	၇၈	၉၁.၇၆	၇	မှတ်တမ်းတင်ခြင်း(၁)ရပ် အတည်ပြုခြင်း(၁)ရပ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

တတိယအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ဒုတိယပုံမှန်အစည်းအဝေးမှတ်တမ်း

၁၃၈၈ ခု၊ နယုန်လပြည့်ကျော်(၅)ရက်နေ့မှ

၁၃၈၈ခု၊ ပထမဝါဆိုလဆန်း(၈)ရက်နေ့အထိ

{ ၂၀၂၆ ခုနှစ်၊ ဇွန်လ(၄)ရက်နေ့မှ ဇွန်လ(၂၂)ရက်နေ့ထိ }

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်
ပထမပုံမှန်အစည်းအဝေးမှတ်တမ်း

၁၃၈၈ ခု၊ နယုန်လပြည့်ကျော်(၅)ရက်နေ့မှ

၁၃၈၈ခု၊ ပထမဝါဆိုလဆန်း(၈)ရက်နေ့အထိ

၂၀၂၆ ခုနှစ်၊ ဇွန်လ(၄)ရက်နေ့မှ ဇွန်လ(၂၂)ရက်နေ့ထိ


စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်